
# ပေါင်နှင်းဒေ

## ပင်လယ်နတ်သမီးဖါသံဘေသဘား



မောင်နှင်းဆွေ

# ပင်လယ်နတ်သမီး၏ သံသေတား

(ပထမပိုင်း)

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး – ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး – ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး – ဒို့အရေး

---

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန် ဖြစ်သည်။

---

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စီစဉ်သူ
လွင်နှင်းဆွေ ၊ စိန်နှင်းဆွေ

ဖြန့်ချီရေး
ပန်းလက်ဆောင်စာပေ
အမှတ်(၁၉/၂၁) ကျောင်းလမ်း
မင်္ဂလာတောင်ညွန့်
ရန်ကုန်မြို့။

| | |
|---|---|
| စာမူခွင့်ပြုချက် | ၅၃၃/၉၈(၁၀) |
| မျက်နှာဖုံးခွင့်ပြုချက် | ၄၈၇/၉၈(၁၁) |
| ပထမအကြိမ် | ၁၉၉၉ ခုနှစ် |
| တန်ဖိုး | ၂၀၀/- |
| အုပ်ရေ | ၅၀၀ |
| မျက်နှာဖုံးဒီဇိုင်း | ဝင်းကျော်စိုး |
| မျက်နှာဖုံးနှင့်အတွင်းရိုက် | ဦးကျော်စိန်(မြ-၀၂၉၀၉) ကျောက်စိမ်းအော့ဖ်ဆက် အမှတ် ၁၇၁/၃၃ လမ်း။ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ဦးနှင်းဆွေ(မြ-၀၉၈၇) ပန်းလက်ဆောင်စာပေ ၅၁၆/ခ၊ ပုလဲ(၄)လမ်း။ (၅)ရပ်ကွက်၊ မြောက်ဥက္ကလာ။ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | ပန်းလက်ဆောင်စာပေ |




## အခန်း (၁)

### အဲဒီးအဲ့နှင့် မြင်းလှည်းတစ်စီး

အရှက်ဦး. . .

အနီရောင်ယှက်သန်းဖြာနေသော အရှေ့မိုးကောင်းကင်။

အလွန်လှပသော၊ အလွန်စိမ့်အေးသော အလွန်ဆိတ်ငြိမ်သော၊ အာရုဏ်ဦး နံနက်ဆည်းဆာ. . .

သည်အချိန်ကာလ. . .

ပင်လယ်ပြင်ကို နောက်ခံပြုလျက် မွန်ကိုမျိုးနွယ်စုများ အသုံးပြုတတ်သော မြင်းလှည်းတစ်စီးသည်ကား တရွေ့ရွေ့. . .

"ခလောက်ခွပ်. . ."

"ခလောက်ခွပ်. . ."

"ကျွီး. . . ကျွီ"

"ကျွီး. . . ကျွီ"

မြင်းလှည်းသည် ပေါင်းမိုးပါသော ခန့်ရှည်သွား မြင်းလှည်း ဖြစ်သည်။

၂

မြင်းလှည်းဘေးမှာ နောက်မြီးမှာ တိုလီမြုတ်စခြင်းတော
များကိုချိတ်ဆွဲထားလေရကား၊ ထိုအရာများကား မြင်းလှည်း လှု
လေတိုင်း အချင်းချင်း ရိုက်ခတ်၍နေ၏။

"ဂလုံး. . . ဂလွမ်း. . ." "ဂလုံး. . . ဂလွမ်း. . ."

မြင်းလှည်းနောက်တွင် ခါးကြောရှည်ခွေးတစ်ကောင်သည်
မောရပမ်းရမှန်း သိလေဟန်မတူ၊ တကောက်ကောက်နှင့်. . .

မြင်းလှည်းပေါ်တွင် အသက်ခြောက်ဆယ်ကျော် အဘိုးအို
တစ်ဦး၊ သူသည်မွန်ဂိုမျိုးနွယ်စု အဘိုးအိုတစ်ဦးဖြစ်သည်၊

သူကမြင်းဇက်ကြိုးကို ဆုပ်ကိုင်၍မြင်းလှည်းပေါင်းမိုးတ
မှီလျှက်။ အတိတ်ဘဝများကို တမ်းတမျှော်ငေးနေဟန်ဖြင့် မွန်
ရှေးဟောင်းတေးတစ်ပုဒ်ကို ငြီး၍နေလေသည်။

- အရှေ့ဘက်မှာပင်လယ်ဝါ။
လှိုင်းတွေကဖြူ
ပင်လယ်ပြာဟိုအဝေး
အလှမ်းကွာလှသေး။
- ငါးတွေကပျံ
အလို. . . ဘာသံတွေပါလိမ့်
အမြီးခတ်တဲ့အသံ
လှိုင်းပုတ်လေဟန်
ဆူးဒုသံ။
- ပင်လယ်ဝါ လှိုင်းကဖွေး
ဟိုအဝေး. . . ဟိုအဝေး. . . ဟိုအဝေး. . .





၃

အဘိုးအိုသည် သူငြီးနေကျတေးတစ်ပုဒ်ကို ငြီးလိုက်ရ
သဖြင့် အတော်လေး ကျေနပ်၍သွားလေသည်။

"ခလောက်ခွပ်. . ."

"ခလောက်ခွပ်. . ."

မြင်းလှည်းကို ဆွဲခေါ်နေရသော မြင်းသည် မြင်းကောင်း
မြင်းသန့်ပင် ဖြစ်သော်လည်း ခရီးက ခရီးရှည်ဖြစ်နေခြင်းကြောင့်
ခပ်မှန်မှန်ပင်။

အဘိုးအိုမှာ ငေါ်ကေ့ချမ်းအမည်ရှိ မွန်ဂိုလူမျိုးအဘိုးအို
တစ်ဦးဖြစ်သည်။

ငေါ်ကေ့ချမ်းတို့မျိုးနွယ်စုမှာ အုပ်စုဖွဲ့၍ နေတတ်သည်။
ထိုအုပ်စုသည် ဆွေရိပ်မျိုးရိပ်မကင်းတွေဖြစ်ကြပြီး ရေကြည်ရာမြက်
နုရာ အစုတစုကွ သွားလာနေတတ်ကြသည်။

အချို့ကား အဘိုးအိုငေါ်ကေ့ချမ်းလို တစ်ဦးတည်းသွားလာ
နေတတ်သည်။ သူတို့ရောက်ရှိရာအရပ်က ထူးထွေဆန်းပြားသော
အရာများကို ရှာဖွေစုဆောင်းလာတတ်ပြီး ထိုအရာများကို ရောက်
ရာအရပ်တွင် ရောင်းချကြသည်။

ဤမျှမက သူတို့သည် ရှေ့ဖြစ်နောက်ဖြစ်များကိုလည်း
ဟောပြောပေးနိုင်စွမ်းရှိသူများဖြစ်သည်။

အချို့ကမူ ကြောက်ကြလန့်ကြသည်။

ခပ်ကင်းကင်းနေတတ်သည်။ အကြောင်းမှုကား ဤသူများ
သည် လူတွေကိုပြုစားတတ်သည်။

ချက်ချင်းပင် အော့အန်စေခြင်း၊ ရူးသွပ်စေခြင်း စသော
အရက်တကွဲအကျိုးနည်း အဖြစ်များဖန်တီးတတ်ကြသည်ဟု ယုံကြည်

၄

လက်ခံထားကြသည်။

သူတို့ကိုလည်း ရန်မပြုဝံ့ကြ၊ သူတို့အားလုံးလိုလို လျှို့ဝှက်သိုင်းပညာရှင်များ ဖြစ်သည်ဟု ယုံကြည်ထားကြသည်။

ဤသို့ ရောက်ရှိရာ အရပ်ကတွေးထင်ယုံကြည်ထားကြသဖြင့် သူတို့အတွက် ကောင်းသည်ဟုလည်း မှတ်ယူနိုင်သလို မကောင်းဟုလည်း မှတ်ယူနိုင်လေသည်။

ကောင်းသည်မှာ. . .

သူတို့ကို ကြောက်လန့်ကြခြင်းဖြစ်၍ ကြောက်လန့်ခြင်းသည် တစ်နည်းအားဖြင့် လေးစားခြင်းဟုလည်း မှတ်ယူနိုင်သဖြင့် စော်ကားမော်ကားဝံ့သူ မတရားလုပ်လိုသူများရန်မှကင်း၏။

မကောင်းသည်မှာကား. . .

ရောက်ရာအရပ်က လူကောင်းသူကောင်းများ၏ အကူအညီကို ရယူရာ၌ အခက်အခဲဖြစ်ကြရခြင်းပင်။

မည်သို့ဆိုစေ အဘိုးအို ငေါ်ကေ့ချမ်းအဖို့မှာမူ ဤကဲ့သို့သော ဘဝဖြင့် နှစ်ပေါင်းများစွာကို ဖြတ်ကျော်လာခဲ့ရပြီဖြစ်၍ အသားကျနေသည်။

ရပ်ထဲရွာထဲ အသိုင်းအဝိုင်းနှင့် ဆူဆူညံညံရှုတ်ရှုတ်ထွေးထွေးနေရမည်ကိုပင် မလိုလားတော့ပြီ။

ငေါ်ကေ့ချမ်းသည်ကား ဤအရှေ့ပင်လယ်ကမ်းခြေသို့ လာခဲ့ရခြင်းမှာ သမီးငေါ်ကေ့ဝမ်၏ အုတ်ဂူသင်္ချိုင်းသို့ လာရောက်၍ ဆုတောင်းမေတ္တာပို့သခြင်းဖြစ်သည်။

ဤသို့ အဘိုးအို ငေါ်ကေ့ချမ်း ပြုလုပ်ခဲ့သည်မှာ ဆယ်နှစ်တင်းတင်းပင် ပြည့်လာခဲ့ပြီ. . .





၅

ဟိုယခင်အခါက မိမိတို့သားအဖ မွန်ဂိုခရီးရှည်သွားမျိုးနွယ်စုနှင့်အတူရှိခဲ့ဖူးသည်။

သည်စဉ်က အဘိုးအို ငေါ်ကေ့ချမ်းကမြင်းလှည်းတစ်စီး သမီး ငေါ်ကေ့ဝမ်က မြင်းလှည်းတစ်စီး. . .

တစ်နေ့မှာ မိမိတို့တရုတ်ပြည်မက ချမ်းမျိုးနွယ်လူရွယ်တစ်ဦးရောက်ရှိလာခဲ့သည်။

သူ့အမည်က ချမ်းမိန်ဟူ၍ဖြစ်သည် သူသည် အဆင့်မြင့်သိုင်းသမားတစ်ဦးလည်းဖြစ်သည်။

ဟန်မင်းဆက် နန်းတွင်းအရေးတစ်ခုနှင့် ကြုံကြိုက်ပတ်သက်နေသဖြင့် မိမိတို့ထံ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ချမ်းမိန်က မိမိတို့ထံတွင် အလကားမနေ သူကျွမ်းကျင်သော သိုင်းပညာကိုသင်ပေးသည်။

မိမိတို့ထံမှ လျှို့ဝှက်သိုင်းပညာကိုလည်း သင်ယူသည်။

သူ့ကို မိမိတို့က "စွန်ရဲချမ်းမိန်" ဟုခေါ်သည်။

စွန်ရဲချမ်းမိန်နှင့် ငေါ်ကေ့ဝမ်တို့ လူငယ်သဘာဝ မေတ္တာမျှ သက်ဝင်ကြသောအခါ ဖခင်ကြီး ငေါ်ကေ့ချမ်းက မကန့်ကွက်ခဲ့ပေ။

မျိုးနွယ်မတူသော်လည်း လူသားချင်းဟူသောအသိဖြင့် လက်ထပ် ပေးခဲ့သည်။

သို့သော် သမီး ငေါ်ကေ့ဝမ် ကံမကောင်းရှာ. . .

သားယောက်ျားလေး မွေးစဉ်မှာပင် လူ့ဘဝကိုစွန့်ခွာ သွားလေတော့သည်။

စွန်ရဲချမ်းမိန်သည် သားငယ်ကို ပိုက်လျက် မျက်ရည်သွယ်

ခဲ့ရသည်မှာ ညပေါင်းများစွာ၊ နေ့ပေါင်းများစွာပင်။

ကြာတော့ သူက အဘိုးအိုငေါ်ကေ့ချမ်းအား

"ပြည်မ ပြန်ခွင့်ပြုပါ အဘချမ်း" ဟူသော စကားကို ပြော လာပြီး ပြည်မသို့ပြန်သွားလေတော့သည်။

သားငယ်လေးကို ငေါ်ချမ်းလီဟူသော အမည်ကိုပေးခဲ့ သည်။ အဘိုးအို ငေါ်ကေ့ချမ်းက ရွေးပေးခဲ့သော အမည်ဖြစ်သည်။

အခုတော့လည်း အဘိုးအို ငေါ်ကေ့ချမ်းသည် ဟိုတုန်းက ထက်ပင် မျက်နှာနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများပေါ်တွင် ဇရာ၏ အရေးအကြောင်းတွေ ပို၍ လာချေပြီတကား။

မိမိတို့ မျိုးနွယ်ဝင်အုပ်စုများနှင့်အတူ ပျော်ပျော်ပါးပါး နေခဲ့ကြသောဘဝပုံရိပ်များ. . .

ညဘက်မြင်းပျံညီးတွေ ဝိုင်းဖွဲ့ကာမီးပုံများဖြင့် တေးဂီတ များ တီးမှုတ်သီဆို၍ တသော့သော တည်ည် ကခုန်မြူးတူးခဲ့ကြသော ပုံရိပ်များ. . . တေးသံများ. . . ဂီတသံစဥ်များ. . .

ထိုအရာအားလုံးအခုတော့ ဟိုအဝေး အတိတ်မှာပဲ ကျန်ရှိ နေပါပကောလား။

ပင်လယ်ဝါ လှိုင်းကဖွေး
ဟိုအဝေး. . . ဟိုအဝေး. . . ဟိုအဝေး. . .
အဘိုးအိုငေါ်ကေ့ချမ်းကား တေးသီချင်းကိုငြီးနေပြန်ပါ၏။

❋ ⦿ ❋ ⦿ ❋





# အခန်း (၂)

## ပင်လယ်ပြင်၏ လျှို့ဝှက်ချက်

ကျောက်တုံးစီ ဟုတ်ဂူသချိုင်းပေါ်သို့ ပန်းစည်းတစ်စည်း ဘင်လိုက်သည်။ တောပန်းတောင်ပန်းတွေပဲဖြစ်သည်။

အဖြူပွင့်နှင့် ခရမ်းရောင်ပွင့်တို့က ထုံသင်းသောရနံ့နှင့် စိတ်ကြည်နူးစေသောအလှကိုဆောင်လျှက်. . .

အဘိုးအိုငေါ်ကေ့ချမ်းသည် သမီး ငေါ်ကေ့ဝမ်၏ အုတ်ဂူ သချိုင်းကိုငေးစိုက်၍ကြည့်နေသည်။

ငေါ်ကေ့ဝမ်
အသက် (၂၅) နှစ်

ကမ္ပည်းတိုင်မှာ ကျောက်ချပ်တစ်ချပ်ပေါ်တွင် မားချွန် ချွန်ဖြင့် ထွင်းထိုးထားသော ကမ္ပည်းတိုင်ဖြစ်သည်။

ဆယ်နှစ်တာကာလ လေတွေ၊ မိုးတွေကြားမှာ ကြံ့ကြံ့ ခံခဲ့ပြီးချေပြီတကား။

ဤကမ္ဘည်းတိုင်ကို စွန်ရဲချမ်းမိန်ကြီးစား ပမ်းစားထွင်းတို ပြုလုပ်ခဲ့သည်ကိုကား အဘိုးအို ငေါ်ကေ့ချမ်း ကောင်းစွာ မှတ်မိ သည်။

ငေါ်ကေ့ချမ်းသည် မျက်နှာပေါ်တွင် တင်ကျန်သော နှင် ပွင့်များကို လက်ဖြင့် သုတ်သပ်ချလိုက်ပြီး

" သမီး ငေါ်ကေ့ဝမ် ကျွန်ုပ်၏ ဆုတောင်းမေတ္တာ ပို့သခြင်း ဖြင့် ကောင်းရာဘုံဗိမာန်မှာ အေးချမ်းတည်ငြိမ်စွာ နေပါတော့. . . ဤလောက သံသရာအတွင်းက အရှုပ်အထွေးများနှင့် ဝေးရာအ ၌သာနေပါလော့။ ကျွန်ုပ် ယခုလို နှစ်စဉ် ဤနေရာသို့ လာရောက် ကြောဝင္ဘာအနံ့ ပို့သသောဆုတောင်းမေတ္တာကို ခံယူပါလော့ "

အဘိုးအိုငေါ်ကေ့ချမ်း ဆုတောင်မေတ္တာ ပို့သပြီးသည်နှ ပင်လယ်ရေနက်ကျွန်းဆွယ်ပေါ်သို့ အချိန်အခါမဟုတ်ပါပဲ မိုးတိမ် လွှာများ အချပ်လိုက်ရွေ့လျားလာပြီး အရာခပ်သိမ်း မှိုင်းပျပျဖြ မှောင်၍သွားပါလေတော့၏။

အဘိုးအို ငေါ်ကေ့ချမ်းသည် အရင်ရောက်ခဲ့စဉ် အခ် များက ဤသို့မကြုံဖူးသည်နှင့် ကောင်းကင်သို့မော်၍ကြည့်ရင်း . . .

" ဘယ်လိုကြောင့်များ အခုလိုဖြစ်သွားပါလိမ့် "

ဟုတွေးလိုက်မိလေသည်။

အလင်းရောင်ဆို၍ ခပ်ပျပျ ခပ်ရေးရေးမျှသာရှိပါလေ တော့သည်။

အရာခပ်သိမ်း ခဲပုတ်ရောင်သမ်းနေသည်။







"ဒါဟာဝိညာဉ်တစ်ခုရဲ့ အပြောင်းအလဲမျိုး ဖြစ်နိုင်တယ်"

"ဘယ်လို ဝိညာဉ်ကများ ပြောင်းလဲသွားပါလိမ့်"

အဘိုးအိုငေါ်ကေ့ချမ်းသည် တစ်ယောက်တည်း မိမိကိုယ် မိမိပြောနေသလို ပြောပြီး ကောင်းကင်ကိုမော့ကြည့်လိုက်လေသည်။

ဒိုးရိပ်တိမ်လွှာများသည် ငှမ်းဆိုင်များလို အလိပ်လိုက် အချပ်လိုက် အချို့လည်း အမျှင်သွယ်သွယ် ရှည်တန်းကာ ပင်လယ် နက်ဆီမှ လွင့်တက်၍လာလျှက်ရှိသည်။

"မိုးရွာတဲ့ အချိန်လည်းမဟုတ်ပါဘူး အခုလွင့်လာတာ နှင်းချပ်နှင်းဆိုင်တွေနဲ့တူပါတယ်"

ပြောပြောဆိုဆိုနှင့်ပင် အဘိုးအိုငေါ်ကေ့ချမ်းသည် ငေါ်ကေ့ဝမ်၏ အုတ်ဂူသချိုင်းမှ ခွဲခွာလာခဲ့လေသည်။

ဤနေရာတစ်ဝိုက်တွင် ကျောက်စလစ်ကျောက်များဖြင့် တည်ရှိနေသည်ကို ခုမှ အဘိုးအိုငေါ်ကေ့ချမ်းပိုပြီး သတိထားလိုက် မိ၏။

ကျောက်ပန်း ကျောက်ခက်တွေကြားမှ ထွက်လာသောအခါ ပင်လယ်လှိုင်းလုံးတွေ ကမ်းခြေကျောက်ဆောင်ကို ရိုက်ပုတ်နေသည့် အသံက ပို၍ကျယ်လောင်၍လာလေသည်။

"ဝုန်း . . . ဝုန်း . . . . ဝုန်း . . . "

အဘိုးအို ငေါ်ကေ့ချမ်းသည် ကျောက်ပန်းကျောက်ခက် တွေ ကြားလှမ်းလျှောက်နေရင်းမှာပဲ

အိပ်ချင်လာပြီး ဝါးခနဲတစ်ချက်သန်းဝေလိုက်လေသည်။

"ဝါး . . . "

"ဘယ်လိုဖြစ်ပါလိမ့် အိပ်ချင်လိုက်တာ လွန်ပါရောလား"

အိပ်ချင်လှပါသည်ဆိုကာမှ အိပ်ချင်စရာ ကျောက်ချပ်ပြောင်ပြောင် တစ်နေရာကိုတွေ့သည်။

အပေါ်တွင်လည်း အမိုးအကာသဖွယ် ကျောက်ချပ်အစွန်းတစ်ခု။

"ဒီလောက်တောင်ဖြစ်တာ ဒီနေရာမှာ တမှေးလောက်မှေးလိုက်ဦးမယ်"

ဟုပြောပြီး အဘိုးအို ငေါ်ကေ့ချမ်းသည် ရှတ်ချည်းပင်ထိုင်၍ ကျောက်ချပ်ပေါ်တွင် အမှိုက်သရိုက်များ ခါလိုက်သည်။

ထို့နောက် အသာလှဲချလိုက်သည်။

လေကလေး တဟူးဟူးနှင့် အလွန်အိပ်၍ကောင်းမည်ပင်။

" ဝုန်း . . . ဝုန်း "

လှိုင်းပုတ်သံများက မှန်မှန်ပေါ်ထွက်၍နေလေသည်။

အဘိုးအို ငေါ်ကေ့ချမ်းသည် အိပ်ပျော်နေသည်လား၊ အိပ်မပျော်ဘူးလား မိမိကိုယ်မိမိပင်မသိ။

မှိုင်းပျပျ မိုးကောင်းကင်ကြီးအောက်မှ မြင်းဟီသံတစ်သံပေါ်ထွက်၍လာသည်ကို အဘိုးအိုကြားလိုက်ရလေသည်။

" ဟီး . . . ဟီး . . . ဟီး . . "

မြင်းဟီသံကြား၍ အဘိုးအိုငေါ်ကေ့ချမ်းသည် မိမိ၏ မြင်းလှည်းမှ မြင်းဟီလေသလားအထင်ဖြင့် အသံကြားရာဘက်သို့ လှည့်၍ ကြည့်လိုက်သည်။

တွေ့လာရသည်မှာ ဆန်း၏။

ပင်လယ်နက် . . .

(ဤနေရာတွင် ပင်လယ်ရေသည်အနက်ရောင်ဖြစ်၏။)





ရေပြင်ကြီးအတွင်းမှ ဖြူဖွေးပြီး ပါးလွှာသော ပိုးသားဝတ်
ံနှင့် နတ်သမီးတစ်ပါးအလား လှပသော အမျိုးသမီးတစ်ဦးသည်
ြင်းဖြူကြီးတစ်စီးကို စီးလျက် ပင်လယ်ရေလှိုင်းလုံးများကို တွန်းကန်
ိုးဖောက်၍ ပေါ်ထွက်လာလေသည်။

"ဘယ်လိုများပါလိမ့်"

"ပင်လယ်နက်ထဲက ပေါ်ထွက်လာတဲ့မြင်းဖြူတစ်စီးနဲ့
တ်သမီးတစ်ပါးများလား"

"ငါအိပ်မက်မက်နေတာပဲလား"

အဘိုးအို ငေါ်ကေ့ချမ်း အတွေးစများကြားမှ မြင်းဖြူ
ာစ်စီး စီးလာသော နတ်သမီးက . . .

"ရော့ . . . အဲဒါ ကျုပ် ပင်လယ်နတ်သမီးက ပေးတဲ့
သံသေတ္တာပဲ မကောင်းသူကိုပယ် ကောင်းသူကိုကယ်ပေတော့ . .
ြီးတော့ ချမ်းလီ လက်ကိုအပ်လိုက်"

ဟုပြောပြီး ပစ်ပေးလိုက်လေသည်။

" ဝုစ် . . . ဝိုး . . . "

သံသေတ္တာကို အဘိုးအိုငေါ်ကေ့ချမ်းက လှမ်းယူလိုက်ပြီး
ာကိုကြည့်နေစဉ် ပင်လယ်နတ်သမီးက

"ကျုပ်ဟာ အဖေ့သမီး ငေါ်ကေ့ဝမ်ပါပဲ ဒီဓားကို အဖေရဲ့
ဆုတောင်းမေတ္တာပို့သခြင်းအတွက် အထက်ကပေးခိုင်းလိုက်တာပါ"
ဟုပြောပြီး မြင်းဖြူစီးလာသော ပင်လယ်နတ်သမီးသည် ပင်လယ်
နက် အတွင်းသို့ ပြန်လည်ဆင်းသွားပါလေတော့သည်။

" ဗွမ်း . . ဗွမ်း . . "

"ဝုန်း . . ဝုန်း . . "

ပင်လယ် လှိုင်းလုံးကြီးတစ်လုံးက အဘိုးအို ငေါ်ကေ့ချမ်း၏ ခန္ဓာကိုယ်ပေါ်သို့ အုပ်မိုးလွှမ်းခဲ့သွားလေရကား...

အဘိုးအို ငေါ်ကေ့ချမ်းမှာအရာရာကို မမြင်စွမ်းနိုင်တော့ပဲ လဲပြိုကျသွားလေသည်။

အမှန်စင်စစ် အဘိုးအို ငေါ်ကေ့ချမ်းသည် ပင်လယ်ရေစပ်သို့ လာရောက်ရပ်နေခြင်းပင်။ လှိုင်းလုံးကြီးတစ်လုံးက ရိုက်ပုတ်၍ ကမ်းခြေအမြင့် သဲသောင်ခုံပေါ်သို့ တွန်းတင်လိုက်သည်ရှိရာ အဘိုးအိုငေါ်ကေ့ချမ်း သည်လည်း မြောက်တက်၍ပါသွားပါလေတော့၏။

ခြေနင်းခံနိုင်လောက်သော သဲသောင်ခုံပေါ်သို့ ကျရောက်သွားသောအခါ ပင်လယ်ရေလှိုင်းလုံးကပြန်လည်၍ လျောပြေဆင်းသွားလေ၏။

အဘိုးအို ငေါ်ကေ့ချမ်းနှင့်အတူ ကြွင်းကျန်ခဲ့သောအရာမှာကား ...

" ဓားတစ်လက် "

အနီရောင်ဓားအိမ်နှင့် ဓားတစ်လက်

လှိုင်းလုံးပုတ်ရိုက် တင်လိုက်သော အရာဝတ္ထုတစ်ခု ဟုလည်း ဆိုနိုင်ပါ၏။

သို့သော် ...

" **ပင်လယ်နတ်သမီး ပေးတဲ့သံသေတ္တာပဲဖြစ်ရမယ်** "

အဘိုးအို ငေါ်ကေ့ချမ်းမှာ ရေရွတ်လိုက်လေသည်။

❄ ◉ ❄ ◉ ❄





## အခန်း (၃)

## ပြည်မရောက်သားသမီးများ

အရှေ့ပင်လယ်မှ ပြန်လာခဲ့သော အဘိုးအို ငေါ်ကေ့ချမ်းသည် လောလောဆယ် မိမိတို့မျိုးနွယ်စုများရှိရာ အရပ်ဒေသသို့ အရင်ဆုံး ပြန်လာခဲ့လေသည်။

မိမိတို့မျိုးနွယ်စုများကား အုပ်စုလိုက်ပင် ရောက်ရာအရပ်တွင် မြင်းလှည်းများကို နေအိမ်လုပ်၍နေကြလေရကား

နေရာဒေသမှာ အမြဲအစွဲရှိလှသည်မဟုတ် အချို့သောအရပ်ဒေသတွေမှာက ရေရှားသည်။

အချို့သောအရပ်ဒေသများကျပြန်တော့ ရေမရှားသော်လည်း ရောင်းဝယ်ဖောက်ကားမှုအတွက် အဆင်မပြေ။

နောက်ဆုံးစခန်းချခဲ့သော မြောက်ပိုင်း နှင်းဖုံးတောင် အနီးကျိုချင်းနယ်ပယ် ပက်ဝန်ကျင်မှာကား -

အစစအဆင်ပြေသည်နှင့် ခရီးရှည်သည်မွန်ဂိုများ ကာလကြာရှည် စခန်းချထားခဲ့လေသည်။

## ၁၄

အဘိုးအိုငေါ်ကေ့ချမ်းသည်လည်း ကျိုချင်းနယ်သို့ ဦးတည်လာခဲ့ခြင်းပင်။

သည်တစ်ညတော့ဖြင့် သူသည် မိုးကလည်းချုပ် မြင်းကလည်း ပမ်းနေသဖြင့် ခရီးကိုမဆက်တော့ ရောက်ရာအရပ်မှာပဲ ရပ်လိုက်သည်။

မြို့နှစ်မြို့၏ တောင်ကြားတောအုပ်တစ်နေရာဖြစ်သည်။ လူသွားလူလာကင်းပြတ်သည်။

ငေါ်ကေ့ချမ်းအဖို့ကတော့ လူဆိုးဓားပြကိုမကြောက်သရဲတစ္ဆေကိုလည်းမမှု သူက သားရဲတိရိစ္ဆာန်ကိုပဲ စိုးရိမ်မကင်းရှိသည်။

ဆောင်းရာသီသို့ ကျရောက်လာပြီဖြစ်သဖြင့် နှင်းဖုံးတောင်တန်း၏ ဟိုမှာဖက်ရေခဲနှင်းတောင်မှ နှင်းဝံပုလွေများ အုပ်လိုက် ကျလာတတ်သည် မဟုတ်ပါလား။

ထို့ကြောင့် ငေါ်ကေ့ချမ်းသည် တစ်နေရာတွင် ညအိပ်စခန်းချတော့ မည်ဆိုသည်နှင့် ထင်းမီးဖိုကို အမြန်ဆုံးပြုလုပ်ရလေသည်။

ထင်းမီးဖိုတစ်ခုကို ရေနွေးတည်ရုံ၊ ချက်ပြုတ်ရုံမဟုတ်ပဲ ညလုံးပေါက်ထားရန်အတွက် လိုအပ်သည်ဖြစ်၍ လောင်စာထင်းချောက်များကို အချိန်မှီရှာဖွေ စုဆောင်းထားရသည်။

" ဖြောက် . . ဖြောက်. . ဖြောက် "

ထင်းမီးဖိုမှ မီးတောက်မီးလျှံသည် တဖြောက်ဖြောက်အသံကိုပေါ်ထွက်လာစေသည်။

ထင်းမီးဖိုပေါ်တွင် သစ်ကိုင်းသုံးခုကို သုံးချောင်းထောက်





## ၁၅

၍ အလယ်တွင် သံချိတ်တွယ်ကာ ရေနွေးအိုးတစ်လုံးကို ကြိုချက်ထားလေသည်။

ရေနွေးမှာ ပွက်ပွက်ဆူ၍နေသဖြင့် အငွေ့ တထောင်းထောင်း. . .

ငေါ်ကေ့ချမ်းသည် မိမိအား တစ်စုံတစ်ယောက်က လာရောက်ချောင်းမြောင်းသည်ဟု ထင်မိ၏။

ထို့ကြောင့် သံသေဓားကိုထုတ်ကာ အနီးချထားလိုက်လေသည်။

အချိန်မှာကား အလင်းရောင် ကျန်ရှိနေသည့်အချိန်။

အဘိုးအို ငေါ်ကေ့ချမ်းက ပတ်ဝန်းကျင်ကိုအကဲခတ်လိုက်သည်။

ခပ်လှမ်းလှမ်းတွင် မြက်ရိုင်းပင်ကြီးများ ရှည်လျားစွာပေါက်ရောက်နေသည်။

တသုန်သုန် တိုက်ခတ်နေသော လေအဟုန်တွင် မြက်ရိုင်းပင်များသည် ဟိုယိမ်းသည်နွဲ့ဖြင့်လှုပ်ရှားလျက်

ထိုစဉ် အဘိုးအို ငေါ်ကေ့ချမ်း၏ အသိအာရုံသည် မြက်ရိုင်းပင်များ၏ တစ်နေရာဆီသို့ ရောက်သွားသည်။

မြက်ရိုင်းပင်ယိမ်းလှုပ်နေပုံမှာ ထူးခြားနေသည်။ လေဖြင့်ယိမ်းလှုပ်ရသည့်ပုံမျိုးမဟုတ်။

တစ်စုံတစ်ခုကြောင့်လှုပ်ရှားသွားသည့် လှုပ်ရှားမှုမျိုး ဒါကို အဘိုးအို ငေါ်ကေ့ချမ်း ရိပ်စားလိုက်မိသည်။

ထိုအခိုက် မြက်ရိုင်းပင်များကြားမှ ဝင်းခနဲအရောင်တစ်ချက် ဝင်းလက်သွားသည်။

" ဝှစ် . . . "　　" ဟူး . . "

လေတိုးသံနှင့်အတူ ငွေရောင်အလင်းတန်းတစ်ခုသည် လေ၏လျင်မြန်ခြင်းမျိုးဖြင့် အဘိုးအို ငေါ်ကေ့ချမ်းဆီသို့ တန်းတန်းမတ်မတ် ပြေးဝင်လာသည်။

အဘိုးအို ငေါ်ကေ့ချမ်းက မိမိထံ ပြေးဝင်လာနေသော သေမင်းတမန် အလင်းတန်းကိုတွေ့မြင်လိုက်ရသည်။

သူကား လုံးဝတ္တုန်လှုပ်မပျက်။

ပကတိ အေးဆေးတည်ငြိမ်လှပါဘိ။

သေမင်းတမန် အလင်းတန်း သူ၏လည်မျိုဆီသို့ တိုးဝင်လုမတတ် နီးကပ်လာတော့မှပင် သူကသံသေတ္တာကို လျှပ်တပြက် ဆွဲကိုင်၍ ဆွဲထုတ်ပြီး ခတ်ထုတ်လိုက်လေသည်။

" ထန်း "

ကောင်းလိုက်သည့်သံသေတ္တာ။

အသုံးပြုရာတွင် စိတ်သွားတိုင်း ကိုယ်ပါသည်။

အဆိပ်လက်နက်ပုန်းသည် ထန်းကနဲအသံနှင့်အတူ မြက်ရိုင်းပင်များကြားသို့ ပြန်လည်လွင့်စင်သွားလေသည်။

လျှပ်တပြက် တိုက်ခိုက်လိုက်သော လက်နက်ပုန်းကို အလွယ်တကူပင် ခတ်ထုတ်နိုင်ခြင်းသည် အလေ့အကျင့်ရှိဖို့လိုသည်။ အတွင်းအားပြည့်ရန်လည်း လိုသည်။

အဘိုးအိုငေါ်ကေ့ချမ်းက တစ်ချက်ပြုံးလိုက်လေသည်။

ထိုစဉ်မှာပင် မြက်ရိုင်းပင်များက လှုပ်ရှားလာပြန်၏။

" ဝှစ် . . ဝှစ် . . ဝှစ် "

ရုတ်ခြည်းပင် ဝင်းခနဲလက်ခနဲအရောင်များ လင်းလက်





ပြန်၏။

အလင်းတန်းသုံးခုမှာ အရှိန်ပြင်းစွာဖြင့် အဘိုးအို ငေါ် ေ့ချမ်းထံ ပြေးဝင်လာသည်။

အဆိပ်ဓားပျံများပါကလား။

ဦးတည်ပျံသန်း၍လာသည့် တူရူအရပ်မှာ အဘိုးအို ငေါ် ေ့ချမ်း၏ ခန္ဓာကိုယ် သုံးနေရာသို့ပါလေ။

လည်မျို၊ ရင်ဘတ် ပြီးတော့ အောက်ပိုင်း

လေ၏လျင်မြန်ခြင်းမျိုးဖြင့် အဆိပ်ဓားပျံများ ပြေးဝင်၍ ာနေသည်။

အဘိုးအို ငေါ်ကေ့ချမ်းက လုံးဝမမှု အသင့်ကိုင်ထားသော ံသေတ္တာဖြင့် တပြိုင်တည်း ဆီး၍ခတ်ထုတ်လိုက်ပြန်၏။

" ဝှစ် . . ဝှစ် . . ဝှစ် . . "

" ထန် . . . ထန် . . ထန် "

သံသေတ္တာကိုယ်၌က အစွမ်းထက်နေသလားဟုပင် တွေး ်ရလောက်အောင် လိုသလိုရနေသည်။

ထန်းခနဲ ထန်းခနဲ တစ်ခုပြီးတစ်ခု ခတ်ထုတ်လိုက်ဟန်မှာ ပလို့နေ၏။

အဆိပ်ဓားပျံသုံးစင်းသည်လည်း မထိုးဖောက်နိုင် မြက်ရိုင်း ာအတွင်းသို့ပြန်လည် လွင့်စင်သွားပါလေတော့၏။

ထို့နောက် အဘိုးအို ငေါ်ကေ့ချမ်းသည် မီးပုံဘေးတွင် ်နေရာမှ မြက်ရိုင်းတောအပေါ်သို့ ငှက်တစ်ကောင်လို ခုန်ပျံ ရောက်ရှိသွား၏။

ကိုယ်ဖော့ သိုင်းပညာကို အသုံးပြုလိုက်ခြင်းပင်။

" ဝှစ် .. ဟူး "

သူ၏ဟန်ပန်မှာ သားကောင်ကိုမြင်၍ သုတ်ချီရန် ခုန်ဝင်လာသောကျားတစ်ကောင်နှယ် ကြောက်မက်စရာကောင်း၏။

သည်တော့ . . .

" ပြေး . . . ပြေး . . . ရင်းမဆိုင်နဲ့ ပြေးဟေ့ "

အသံတစ်သံပေါ်ထွက်လာသည်။

သည်အသံကို ထောက်ချင့်လေသော် အဆိပ်မြားပျံဝင်လာသူများမှာ တစ်ယောက်မကရှိမည်။

သတိပေးသံနှင့် မရှေးမနှောင်းမှာပင် မည်းမည်းလူရိပ်တစ်ရိပ် မြက်ရိုင်းတောထဲမှ လေထဲသို့ခုန်တက်လိုက်သည်။

လေထဲတွင် ဆက်လက်၍ ဂျွမ်းနှစ်ပတ်ဆက်ပစ်သည်။

" ဟိတ် .. ဝှစ် .. ဝှစ် "

ဝါးတစ်ပြန်လောက်အရောက်တွင် ချုံနွယ်ပိတ်ပေါင်းတွေအပေါ်သို့ကျရောက်သွားလေသည်။

နောက်ထပ်လူရိပ်နှစ်ရိပ်တို့သည်လည်း ·

ရှေ့က လူရိပ်လိုပင် ရိတ်ခနဲ ရိတ်ခနဲခုန်တက်ပြီး အဘိုးအိုငေါ်ကျော့ချမ်းနှင့် ဝေးရာသို့ ဂျွမ်းပစ်၍ ချုံနွယ်ပိတ်ပေါင်းများ နောက်သို့ရောက်ရှိရာ ထွက်ပြေးသွားကြလေ၏။

အဘိုးအိုငေါ်ကျော့ချမ်းသည် သံသေတ္တာ၏အစွမ်းအစကို သိလိုက်သည်။

သံသေတ္တာကို ဓားအိမ်ထဲပြန်ထည့်လိုက်ပြီး မူလအတိုင်း ပြန်ချကာ မီးပုံဘေးတွင် ပြန်ထိုင်သည်။

" ဘယ်ကလင်းမားပြ အစုတ်အပြတ်တွေလဲမသိဘူး





. . . သေးတာပေါ့ ထွက်ပြေးသွားကြလို့ "

ထို့နောက် မီးပုံနား ပြန်ထိုင်လိုက်သည်။ မြေးငေါ်ချမ်းလီ၏ . . . နှာကို မြင်ယောင်ကြည့်နေသည်။

" အခုလောက်ဆိုရင် မြေးကလေး ချမ်းလီပြည်မကိုရောက် . . . ပြီထင်ပါရဲ့ "

အဘိုးအိုငေါ်ကျော့ချမ်းက တစ်ချက်ငြီးတွားပြောဆိုလိုက် . . . သည်။

❋ ◉ ❋ ◉ ❋

## အခန်း (၄)

## ကိုယ့်အသိုက်၊ ကိုယ့်အခန်း

" ဂလုံး .. ဂလွမ်း "

" ဂလုံး .. ဂလွမ်း "

" ခလောက်ခွပ် " " ခလောက်ခွပ် "

အဘိုးအို ငေါ်ကျော့ချမ်း၏ မြင်းလှည်းသည် တိုလီမြုတ်စ . . . ပြုတ်စခြင်းတောင်းများလှုပ်ခတ်သံနှင့်အတူ

လှုပ်ရှားယိမ်းထိုးလျက် မိမိတို့ကဲ့သို့သော မြင်းလှည်းများ ဝိုင်းဖွဲ့လျက်ရှိသော မြေကွက်ကြီးအတွင်းသို့ မောင်းနှင့်ရောက်ရှိလာလေ၏။

" ဟေး " " ဟေး "

" ဘေးကိုဖယ် "

" ဘေးကိုဖယ် "

" ဟဲ့ ကလေးတွေ ဘေးကိုဖယ်ပေးကြလေ "

" ခလောက်ခွပ် "

" ခလောက်ခွပ် "

ခလေးတွေ အော်ဟစ်သံများနှင့်အတူ အဘိုးအို ငေါ်ကေ့ချမ်း၏ မြင်းလှည်းသည် တစ်နေရာတွင် ထိုးရပ်လိုက်လေသည်။

ခလေးတွေက ဘာရယ်မဟုတ်၊ မြင်လှည်းနားဝိုင်းအုံလာကြသည်၊ အနီးဆုံးနေရာကိုတော့ မလာကြ။

ခါးလျားရှည်ခွေးက လျှာတန်းလန်းနှင့် အမောဖြေလျှက်ရှိနေသည်မဟုတ်ပါလား။

ထို့နောက် အဘိုးအို ငေါ်ကေ့ချမ်းကို ဒေသခံတွေက ကြိုဆိုနှုတ်ဆက်ကြသည်။

အဘိုးအိုငေါ်ကေ့ချမ်းမှာ မြင်းကိုမြင်းလှည်းကဖြုတ်ရင်းနှုတ်ဆက်လာသူတွေကို နှုတ်ဆက်၍ -

မေးသူမြန်းသူများကို ပြန်လည်ဖြေကြားနေသည်။

ဒေသခံတွေအားလုံးက အဘိုးအို ငေါ်ကေ့ချမ်း၏ ခံစားချက်ကို နားလည်ထားကြသဖြင့် နှုတ်ဆက်ရုံ ကြိုဆိုရုံမျှသာ။

ခလေးတွေကပြန်လည်ရှုသွားကြသလို လူကြီးတွေကလည်း





ိုယ့်အလုပ်ကိုယ် ပြန်လုပ်လျက်ပင်။

မှော်တွေပြည့်နေသော ရေကန်ထဲ ခဲလုံးကလေးတစ်လုံးကျသည်သို့ပင် ခဏမျှသာ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ခဏမျှအကြာတွင် မူလအတိုင်းရှိနေကြသည်။

ထိုအခါ အဘိုးအို ငေါ်ကေ့ချမ်းက ညာဘက်ခပ်လှမ်းလှမ်းသို့ မျက်လုံးကစား၍ ကြည့်လိုက်သည်။

မှန်သည်။

အားလုံးက ဆက်လက်ထားဦးမည်ဆိုလျှင် မိမိသမီး ငေါ်ကေ့ဝမ်၏ မြင်းလှည်းသည်ရှိနေဦးမည် မဟုတ်ပါလား။

ပေါင်းမိုးအနီနှင့် မြင်းလှည်းကို အဘိုးအို ငေါ်ကေ့ချမ်းင်လိုက်သည်။

သည်တော့လည်း . .

အဘိုးအို ငေါ်ကေ့ချမ်းမှာ ရင်ထဲနင့်ခနဲခံစားလိုက်ရလေသည်။

" ဩော် . . . သမီးရယ် "

ဤမျှရေရွတ်လိုက်လေသည်။

ခြေသံကြား၍တစ်ဘက်သို့ လှည့်လိုက်သောအခါ လူရွယ်တစ်ယောက်။

အအေးခံ ဝတ်စုံပွကြီးတွေကို ဝတ်၍ထားသဖြင့် မျက်နှာသည်ပင် သေးသွားသယောင်ရှိသည်။

အဘိုးအို ငေါ်ကေ့ချမ်းက လူရွယ်ကိုလှည့်၍ကြည့်လိုက်ြီး လက်ညှိုးထိုး၍

" ဟာ . . တဝေဖုန်းပါလား၊ ငါက မင်းကိုခရီးထွက်

နေသလားလို့ " ဟု ပြုံးပြုံးရွှင်ရွှင်ပြောလိုက်လေသည်။

တဝေဖုန်းက မြင်းလှည်းဘေး၌ပင် ကြိုးချည်ထား
မြင်းခေါင်းကို ပွတ်သပ်ပေးရင်း -

" ခရီးထွက်သွားသေးတယ်၊ ပြန်ရောက်တာမကြာ
ဘူး၊ ဘာဘမြေး ချမ်းလီနဲ့တောင် တွေ့ခဲ့ပါသေးတယ် "

ဟုပြောလေရာ -

အဘိုးအို ငေါ်ကေ့ချမ်းမှာ ရေငတ်တုန်းရေတွင်းထဲ
သကဲ့သို့ အလွန်ဝမ်းသာသွားလေသည်။

အမှန်မှာ မိမိ၏ ကိုယ့်အသိုင်းအဝန်းသို့ ပြန်လာ
*အကြောင်းကိုက သားမက်နှင့်မြေးတို့ကို တွေ့လိုသော*
မဟုတ်လား။

အဘိုးအို ငေါ်ကေ့ချမ်းသည် ခရီးပန်းပြီး နွမ်းနယ်
နှင့်ပင်မတူတော့။

ချက်ချင်း တက်တက်ကြွကြွဖြစ်လာကာ -

" ငါ့မြေးနဲ့တွေ့ခဲ့တယ်၊ ဟုတ်လား၊ သူတို့အခုဘယ်မှာ
ပြေပြေလည်လည်ရှိရဲ့လား " ဟုမေးလိုက်လေသည်။

"သူတို့သားအဖကို ဟန်ကျူးမြို့မှာ တွေ့ခဲ့တာ၊ ကြည့်
ကတော့ အဲဒီမြို့မှာ ဆက်လက်နေသွားမယ့်ပုံပဲ "

"ချမ်းမိန်ကရော. . . မင်းအမှုထမ်း ပြန်လုပ်မယ်ဆို၊
နေပြီလား. . . "

"ကျွန်တော်တွေ့တဲ့အချိန်မှာ မင်းမှုထမ်းမလုပ်သေး
ပေသေးဘူး အမှန်ပါပဲအဘ၊ သူတို့ကြည့်ရတာ သူ့ဘဝကို သိသိဝ
ကလေးနေတဲ့ပုံမျိုးပဲ"







"သူ့မှာ ရည်ရွယ်ချက် တစ်ခုခုရှိနေလို့ နေမှာပေါ့လေ၊
ဘာပဲ ပြောပြော အဲဒီမြို့ကို ငါလိုက်သွားရင် ငါ့မြေးနဲ့ တွေ့ရမှာပေါ့
နော်"

အဘိုးအို ငေါ်ကေ့ချမ်းက ဝမ်းသာအားရမေးလိုက်လေ
သည်။

ထိုအခါ. . . တဝေဖုန်းက အဘိုးအို ငေါ်ကေ့ချမ်းအား
အဲခတ်လိုက်ကာ

"နေစမ်းပါဦး၊ ဗဲဘာက ဘာဖြစ်လို့ ဒီမြေး ချမ်းလီကို
အငမ်းမရ တွေ့ချင်နေရတာလဲ"

ဟု မေးလိုက်စဉ်မှာတော့ တဝေဖုန်း၏ နှမကလေး ဝေရှင်း
သည် အနီးသို့ရောက်ရှိလာကာ. . .

"အစ်ကိုကလဲ မေးပဲမေးတတ်ရန်ကော၊ အဘရဲ့ မြေးဦး
မြေးချစ်ကလေးပဲဟာ မတွေ့တာကြာတော့လည်း တွေ့ချင်တာပေါ့"

ဟု စကားကိုဖြတ်၍ ပြောလိုက်တော့မှ

အဘိုးအို ငေါ်ကေ့ချမ်းကပါ ရယ်ကျဲကျဲလုပ်ကာ. . .

"ဒါပေါ့သမီးလေးရယ်၊ မင်းအစ်ကိုကို ပြောပြလိုက်စမ်း
ပါဦး၊ ဒီကောင်ကိုယ်ချင်းမစာတတ်သေးဘူး၊ အေးလေ အသက်က
လဲ ငယ်သေးတယ်မဟုတ်လား"

ဟု စကားကို ပြေပြေ့လိုက်လေသည်။

တဝေရှင်းမိန်းကလေးမှာ ဆွေမကင်း မျိုးမကင်းထဲကပင်
ဖြစ်သည်။

ထိုစဉ်က မိမိတို့မွန်ဂိုခရီးရှည်သွား အုပ်စုထဲသို့ ချမ်းမိန်
ရောက်ရှိ လာစဉ်မှာ သူမသည်လည်း ချမ်းမိန်အပေါ်တွင် စိတ်ဝင်

စားသည်လား၊ မဝင်စားသည် လားတော့ဖြင့် တဝေရှင်း မသိ
ရှိသည်။

မကြာမီ. . .

ချမ်းမိန်နှင့် ငေါ်ကျင့်ဝမ်တို့ကို အုပ်စုအကြီးအကဲများ
လက်ထပ်ပေးဖို့ သဘောတူလိုက်သောအခါ တဝေရှင်းမှာ ကွယ်
မှာပဲ မျက်ရည်ဝဲခဲ့ရလေသည်။

အမှန်တော့. . .

သည်တုန်းက တဝေရှင်းသည် သစ်ရွက်လှုပ်သည်ကို
ရယ်မောစရာအဖြစ် ခံစားနေတတ်သောအရွယ်တော်၊ တက်
အပျိုပေါက်ကလေး မဟုတ်လား။

ငေါ်ကျင့်ဝမ်တို့က အရွယ်ရောက်နေပြီ၊ အုပ်စုအဖွဲ့မှာ
အချောဆုံး၊ အလှဆုံး၊ သူတို့အတွဲကို ဘယ်သူကမှ မကန့်ကွက်ခဲ့

ကန့်ကွက်ခဲ့သည်ကတော့ ကံအကြောင်းတရားပင်

သည်မှာ. . . အဘိုးအို ငေါ်ကေ့ချမ်းက တဝေရှင်းအား

"သမီးရယ် အဘက သူတို့သားအဖကို ဒီမှာပဲ အတူတစ်
လုပ်ကိုင်စားသောက်နေသွားကြမယ် စိတ်ကူးခဲ့တာ မဟုတ်လား"

"မြေးကလေးချမ်းလီကိုလည်း သိုင်းပညာတွေ သင်ပေး
သေးတာ၊ အင်းအခုတော့လဲ ဘဝကံအကြောင်းတရားက မပေးခဲ့
ဘူးလေ" ဟုရှည်လျားစွာ ပြောပြလေသည်။

ကဝေဖုန်းနှင့် ကဝေရှင်းတို့မောင်နှမမှာမူကား -

အဘိုးအို ငေါ်ကေ့ချမ်းအား ကြည့်ကာ စိတ်မကောင်း
ဖြစ်၍နေလေသည်။

အဘိုးအို ငေါ်ကေ့ချမ်းသည် တစ်ညသာအိပ်သည်၊ နံနက်





မိုးအရုဏ်သစ်သည်နှင့် မြင်းလှည်းဖြင့် ထွက်ခွာသွားလေ၏။

ခါးလျားရှည်ခွေးသည် မြင်းလှည်းနောက်တွင် တကောက်
ကောက်။

သူကအောက်က ဆင်းလိုက်ရသည့်ကို အလွန်သဘော
ကျသောခွေးဖြစ်သည်။

သို့သော် သည်ခွေး စိတ်သာရှိသည်၊ ဝေးဝေးမပြေးနိုင်၊
သူမို့ မပြေးနိုင်ရှိလာပြန်ပြီဆိုလျှင် -

တအင်းအင်းအသံပေးပါလေတော့သည်။

ထိုအခါ အဘိုးအို ငေါ်ကေ့ချမ်းသဘောပေါက်သည်။

" ကဲကဲ မင်းလှည်းပေါ်တက် "

ဟုပြောကာ သင်းကိုပွေ့ချီတင်ရပါတော့သည်။

ဤသို့ဖြင့် အဘိုးအို ငေါ်ကေ့ချမ်းသည် သားမက် စွန်ရဲ
ချမ်းမိန်နှင့် သားချမ်းလီတို့သားအဖရှိရာ ဟန်ကျုံးမြို့သို့ ရောက်ရှိခဲ့ရ
ပါလေတော့၏။

## အခန်း (၅)

### မြေးအတွက် အဘိုးလက်ဆောင်

တွေ့မည့်တွေ့တော့လည်း မြေးချစ် ငေါ်ချမ်းလီကို ဆိုး တိုက်ဆိုင်ဆိုင်ပင် တွေ့ခဲ့ရသည်။

ချမ်းလီကို ဟန်ကျူးမြို့ထဲတွင် တွေ့သည်မဟုတ်၊

မြို့အဝင် တောအုပ်အတွင်းမှာ အဘိုးအို ငေါ်ကျေချမ်း ချမ်းလီကိုတွေ့ခဲ့ရခြင်းပင်။

" အဘိုးမြင်းလှည်းခေါင်မိုးအစိမ်းကို တွေ့လိုက်ရကတည်းက ကျွပ်ကအဘိုးလာနေပြီဆိုတာသိနေတာ "

ဟုချမ်းလီက ဝမ်းသာအားရပြောလေသည်။

မိမိတို့မှန်ကိုခရီးရှည် အုပ်စုဝင်များသည် မိမိတို့မြင်းလှည်း ပေါင်းမိုးတွေကိုမြင်လိုက်ရသည်နှင့် -

မည်သူမည်ဝါ၏ မြင်းလှည်းမှန်းသိရလေအောင် မြင်း လှည်းခေါင်မိုး အရောင်ပုံစံများဖြင့် ခွဲခြားထားမြဲဖြစ်သည်။

အဘိုးအို ငေါ်ကျေချမ်း၏ မြင်းလှည်းခေါင်မိုးမှာ အစိမ်း





ရောင်ခံ ချူးပန်းနွယ်ခက်ပုံ ရေးချယ်ထားသည်။

ရာသီဥတုဒဏ်နှင့် မိုးတွေလေတွေဒဏ်ကြောင့် ခုတော့လည်း ဆေးရောင်မှာခပ်မှုန်မှုန်။

ချူးနွယ်ပန်းခက်ပုံမှာလည်း မှိန်တာမှိန်၊ ဆေးပျက်တာပျက် နှင့်မသဲကွဲတော့ပြီ။

ချမ်းလီအဖေ ငေါ်ကျေဝမ်၏ မြင်းလှည်းခေါင်မိုးကိုတော့ ဖြင့်အနီရောင်ခံအဖြူရောင်း ပန်းခိုင်ပန်းခက်ပုံ ရေးဆွဲထားသည်။

သည်ဆေးသည်ရုပ်ပုံတွေလည်း ဒလမိုးဒဏ်ကို နှစ်အလီလီ ခံလာခဲ့ပြီမို့ အနီရောင်သည် -

အနီရောင်ပါဟု ပြောရမည့် အခြေအနေမှာရှိသည်။

" မင်းက ဒီတောအုပ်ထဲမှာ တစ်ယောက်ထဲဘာလာလုပ်နေတာလဲ ".

" အိုး အဘိုးကလဲ၊ အဘိုးလဲသိုင်းပညာတွေတတ်ခဲ့တယ်၊ အဖေကျတော့လဲ စွန့်ရဲတဲ့ခံ သိုင်းသမားတစ်ယောက်မဟုတ်လား"

" ဘာလဲကွ မင်းကမျိုးရိုးဗီဇလိုက်လို့ သိုင်းပညာကိုတတ်ထားရမယ်ဆိုတဲ့သဘောလား"

"သဘောမဟုတ်ဘူး အဘိုးရေ၊ ကျွပ်က အဆင့်မြင့်သိုင်းသမား တစ်ဦးဘဝကို ရောက်ရမယ်ဆိုပြီး လေ့ကျင့်နေတာ၊ ခုဆိုငါးနှစ်ရှိသွားပြီ အဘိုးရ"

"ကြည့်စမ်း၊ မင်းအဘိုးကို ဘာဖြစ်လို့ အသိမပေးတာလဲ၊ အဘိုးက အဘိုးမှာ တတ်ထားတဲ့သိုင်းပညာတွေ မင်းကို အကုန်သင်ပေးမှာပေါ့"

"အဖေက အဆင့်မြင့်သိုင်းပညာတွေကို သင်ပေးနေလို့

ပါ အဘိုးရဲ့ အဖေကလဲ ကျွန်တော့ကိုပြောပါတယ်"

"မင်းအဖေက ဘာတွေများ ပြောထားလို့လဲ"

"မင်း ငါ့သိုင်းပညာတွေကို အရင်သင်ရမယ်တဲ့ ငါ့သိုင်းပညာကလဲ နန်းတွင်းသိုင်းပညာရပ်တွေလို့ ပြောပါတယ်"

"နန်းတွင်းသိုင်းပညာရပ်ဆိုတာ မှန်ပါတယ်"

"ဟုတ်တယ် အဘိုးရဲ့ ဒါ့ကြောင့်လဲအဖေက သူ့သိုင်းပညာကို သင်ပြီးတော့မှ အဘိုးဆီကို လွှတ်ပြီး အဘိုးရဲ့ သိုင်းပညာကို သင်ခိုင်းမယ်တဲ့"

"မင်းအဖေက စိတ်ကူးလွဲတာ အဘိုးက အသက်ကြီးနေပြီပဲ အသက်ကြီးတဲ့လူဆီက သိုင်းပညာကို အရင်သင်ယူဖို့ကောင်းတာပေါ့"

"အေးလေ အဘိုးသာအသက်မရှည်ဘူးဆိုရင် မခက်ဘူးလား ကဲ အဘိုးဒီနေရာမှာ စကားပြောရတာ မကောင်းဘူး လာလာ.. ကျွန်တော်တို့ သားအဖ သိုင်းပညာလေ့ကျင့်တဲ့ ဇရပ်ကို သွားမယ်"

ဟု ပြောကာ ချမ်းလီက အဘိုးဖြစ်သူအား ဦးဆောင်၍ ခေါ်သွားသည်။

အဘိုးဖြစ်သူမှာ မြင်းလှည်းကြီး တျို့ကျို့ ဂလုံးဂလွမ်းနှင့် မောင်း၍ လိုက်သွားရလေသည်။

တောအုပ်အတွင်း တစ်နေရာသို့ ရောက်သောအခါ ဇရပ်တစ်ဆောင်ကို တွေ့ရသည်။ အလွန်ဟောင်းလွန်းအိုလွန်းသော ဇရပ်တစ်ဆောင်တော့ မဟုတ်ပေ၊

အမိုးအကာ အဆင့် အားလုံး အခြေအနေကောင်းသည်







တောအုပ်အတွင်း ဘယ်သူတွေက အပင်ပန်းခံပြီး ဆောက်လုပ်ခဲ့သည်မသိ။

မည်သို့ဆိုစေ. . .

သည် ဇရပ်က ချမ်းလီတို့ သားအဖ သိုင်းပညာသင်ကြားရေးအတွက်စခန်းကောင်း တစ်ခုဖြစ်သည်။

"ဇရပ်ပေါ် တက်ထိုင်ပါဦး အဘိုး၊ ရေအိတ်ပါတယ်၊ ပေါက်စီတွေလဲ ဟိုအိတ်ထဲမှာ ရှိသေးတယ် အဘိုး"

ဟု ပြောကာ ချမ်းလီက အဘိုးဖြစ်သူကို ဧည့်ဝတ်ပျူငှာပြုသည်။

ရေအိတ်ထဲတွင် သောက်ရေတစ်ဝက်လောက် ကျန်သေးသည်။ ပေါက်စီတော့ သုံးလုံးပါလာသည် တစ်လုံးကို စားပြီးပြီမို့ အခု ပေါက်စီနှစ်လုံးသာ ကျန်တော့သည်။ ဒါကိုပဲ ချမ်းလီက

"ဒီပေါက်စီနှစ်လုံး အဖိုးပဲ အကုန်စားလိုက်"

ဟုပြောသည်။

အဘိုးမှာ မြေးအတွက်စားစရာဘာမျှမပါဘဲ မြေးစားဖို့ယူလာသော ပေါက်စီနှစ်လုံးကို နှစ်လုံးစလုံးမစားရက်။

" တစ်ယောက်တစ်လုံးစားကြတာပေါ့ကွာ "

ဟုပြောပြီး ပေါက်စီတစ်ယောက်တစ်လုံးစားကြသည်။

အဘိုးအို ငေါ်ကေ့ချမ်းက မြေးချမ်းလီအားကြည့်ပြီး

" မင်းအဖေ အခုဘယ်သွားနေလဲ သူဘာတွေလုပ်နေသလဲ " ဟုမေး၏။

" အဖေလား အဖေကအရင် ရောက်ရောက်ချင်းဘာမှ လုပ်ဘူး ဘာမှမလုပ်ဘူးဆိုလို့ ကျွန်တော့်ကိုတော့ သိုင်းပညာတွေ

သင်ပေးနေပါတယ် "

" နောက် နေပြည်တော်ကိုတက်သွားတယ် နေပြည်တော်ကအပြန်မှာ ဘုရင့်အထောက်တော်အလုပ်ကိုလုပ်နေပါတယ် အဘိုး၊ ဒါကြောင့် အဖေဟာညအိပ်မှာကပ်ရတယ်ကိုမရှိပါဘူး "

" ကောင်းတယ် အဲဒါသူ့ဘဝအမှန်ပဲ လူဆိုတာထိုင်မနေရဘူး အိပ်မနေရဘူး၊ အလုပ်ကိုလုပ်နေရတယ် ဒါမှလူဖြစ်တယ် လူပီသတယ် မင်းအဖေဟာ လူတော်လူကောင်းတစ်ယောက်ပါ "

ထို့နောက် အဘိုးအို ငေါ်ကေ့ချမ်းက မြေးချမ်းလီ အနီးတိုးကပ်လိုက်ကာ

" အဘိုးဒီကိုလာတာ မင်းနဲ့တွေ့ရအောင် တမင်လာခဲ့တာ" ပြော၏။

အဘိုး၏ အမူအရာကော စကားသံမှာ ပြောင်းလဲသွားသဖြင့် ချမ်းလီသည်လည်း အဘိုးဖြစ်သူအပေါ် ပို၍ စိတ်ဝင်စားသွားပါလေတော့သည်။

" အဘိုးက ကျွန်တော်ကိုပဲ တွေ့ချင်သလား အဖေ့ကိုရော မတွေ့ချင်ဘူးလား "

" မင်းအဖေကိုလဲ တွေ့ချင်တာပါပဲ ဒါပေမယ့်အဘိုးအခုတပင်တပမ်းလာခဲ့တာကတော့ အဘိုး မင်းကို လိမ်မပြောချင်ဘူး မင်းကို တွေ့ရအောင်လာခဲ့တာပါ မင်းကိုအဘိုးက လက်ဆောင်တစ်ခု ပေးချင်လို့ပါ "

လက်ဆောင်တစ်ခုကို အခုလိုခရီးအလှမ်းကွာဝေးလှသောအရပ်မှ တကူးတက ကုန်းတတန် ရေတတန်လာပြီးပေးရသည်ဆိုတော့ ဒီလက်ဆောင်သည် တန်ရုံလက်ဆောင်မျိုး မဖြစ်နိုင်ဟု



ချမ်းလီ သိထားလိုက်လေသည်။

ထိုစဉ် အဘိုးအို ငေါ်ကေ့ချမ်းနှင့် မြေးချမ်းလီတို့အနီးချုံအကွယ်တွင် လူတစ်ဦးတိတ်တဆိတ်ရောက်နေသည်။

ထိုလူက ခြေသံလုံလွန်းသဖြင့် အဘိုးအိုငေါ်ကေ့ချမ်းသည် ...င်လျှင် မသိလိုက်။

ဒါကလည်း အဘိုးသည် မြေးချစ်အပေါ်တွင် အချစ်တွေ ...လွန်းပြီး အရာရာကိုမေ့လျော့နေသောကြောင့်ပါပေ။

ထို့နောက် အဘိုးအို ငေါ်ကေ့ချမ်းက အဝတ်ထုပ်တစ်ထုပ်ကို ဖြေလိုက်သည်။

ပင်လက်နတ်သမီးပေးသော သံသေဓားတစ်လက်

" ဟာ ကောင်းလိုက်တဲ့ဓား အဘိုး ဒီဓားဘာဓားလဲဟင် ဘယ်ကရလာတဲ့ဓားလဲဟင် "

ချမ်းလီက အငမ်းမရမေးလိုက်လေသည်။

သည်တော့ မျက်နှာပေါ်တွင် အပြုံးမတွေ ဝေချင်တိုင်းဝေနေသော အဘိုးအို ငေါ်ကေ့ချမ်းက ဓား၏အကြောင်းကို မြေးချစ်ချမ်းလီအား ပြောပြလိုက်လေရကား။

ချုံအကွယ်တွင် ချောင်းမြောင်းနားထောင်နေသောလူသည် ဓားအကြောင်းကို ကောင်းစွာသိရှိသွားပါလေတော့သည်။

" ဟာ ဒါဆိုရင် ဒီဓားဟာကျွန်တော့်အမေ ပင်လယ်နတ်သမီးပေးတဲ့ဓားတစ်လက်ပဲ "

ဟုပြောပြီး ချမ်းလီက ဓားကိုဓားအိမ်ကထုတ်၍ ဆကြည့်ဝေ့ရမ်းကြည့်၏။

" ရွှမ်း "

" ရွှမ်း "      " ရွှမ်း "

" ကောင်းလိုက်တဲ့စားပဲ အဘိုးရယ် ဒီလိုစားမျိုး ကျွန်တော်ဖြင့် တစ်ခါမှ မတွေ့ဖူးခဲ့ပါဘူး ကြားလဲမကြားဖူးပါဘူး "

" အခုတော့ တွေ့ဖူးမြင်ဖူးရုံတင်မကဘူး ပိုင်ဆိုနေရပြီ မဟုတ်လား ဘယ်လောက်ဝမ်းသာစရာကောင်းသလဲ "

မြေးအဘိုး ကြည်နူးမဆုံးတော့ပြီ။

❄ ◉ ❄ ◉ ❄

## အခန်း (၆)

---

## လူရှုပ်လူခွမ္ပတော့ရန် ~

" ဟား ဟား ဟား ဟား "

" ဟီး ဟီး ဟီး ဟီး "

" ဘယ်ရမလဲ ဒီအရက်လောက်နဲ့မရသေးဘူး "

" အု "

" မရသေးဘူးသာပြောတယ် မင်းကအရင်ကျွတ်ထိုးနေပြီ"





" မဆိုင်ပါဘူးကွာ "

" ဟော့ အရက်တစ်အိုးထပ်ယူခဲ့ပါဦး "

" ဝက်ခေါက်ကင် အသုပ်တစ်ပွဲ "

" ကြက်ဥကြော် "

ဤအသံများမှာ -

စားသုံးလက် စားသောက်ဆိုင်အတွင်းမှ လျှံထွက်လာ... အရက်သမားများ၏ အသံဗလံများပါပေ။

စားသုံးလက်စားသောက်ဆိုင်တွင် ဤနေ့အဖို့ကတော့ ...က်ရှုံတို့ အရက်ဝိုင်းသည် အဆူညံဆုံးနှင့် အသောက်အစား ...ားဆုံးဟု ဆိုရမည်ဖြစ်သည်။

အကြောင်းမှုကား ထိုစားပွဲဝိုင်းတွင် လောက်ရှုံ၊ ချွန်းနီ ...ာစန်းတို့က ဦးဆောင်နေသောကြောင့်ပင်။

သူတို့ကား ဟန်ကျူးမြို့ရှိ ဒုစရိုက်လောကသား အနေတော် ...များများက မယှဉ်ဝံ့သူများဖြစ်သည်။

မှန်သည်။

သူတို့သည် ဤနယ်ပယ်တွင် ရှိရှိသမျှသောဂိုဏ်းများတွင် ...ာအများဆုံး သိုင်းလောကတစ်ခုလုံးက ဖိန့်ဖိန့်တုန် လန့်နေရ ...ာ မိုးတိမ်နီဂိုဏ်းကြီးမှ လက်ရွေးစင် အဆင့်ရှိ ဂိုဏ်းဝင်များ ...နေသောကြောင့်ပါပေ။

ဟန်ကျူးမြို့သည် ဘုရင်မင်းမြတ်၏ အုပ်ချုပ်ရေးမှုနှင့် ...ှမ်းမဝေးသဖြင့် ဒုစရိုက်လောကသားများမှာ -

သိသိသာသာ ပေါ်ပေါ်ထင်ထင်တော့ဖြင့် ရမ်းကားစော် ...ားခြင်းမပြုလုပ်ဝံ့ကြ။

မည်သို့ဆိုစေ။

ဒုစရိုက်လောကသားတွေဆိုတာကတော့ သူ့နေရာနှင့် ကျက်စားရာ နေရာများတွင် လူတွင်ကျယ်လုပ်နေကြမြဲပင်။

လောက်ရှံတို့ အရက်ဝိုင်းအရှိန်ကောင်းနေဆဲ ဆိုင်ခန်း သို့ အဝတ်အစား ခပ်မှုန်မှုန်လူတစ်ယောက် မြေခွေး တစ်ကောင် လို ဟန်ဖြင့် ဝင်၍လာလေသည်။

မြေခွေးဆိုတာမျိုးက ကိုယ်ပိုင်သတ္တိရှိသောသတ္တဝါမျိုး မဟုတ်။ အင်ချောင်ရိုက်ဖို့သာ အလစ်ဆွဲရန်သာ အမြဲတမ်းစိတ် ရှိနေတတ်သော သတ္တဝါမျိုးပါပေ။

အခုလည်း ထိုလူသည် ဆိုင်ခန်းထဲသို့ ဝင်ဝင်ချင်း အ စားပွဲဝိုင်းတွင် ဘယ်သူရှိနေသည်ဆိုတာကို မျက်စိကစား၍ ကြည့် သည်။ ဒါကိုပဲ လောက်ရှံက လှမ်းမြင်လိုက်သည်။

သို့နှင့် လောက်ရှံသည် မြွေမြွေခြင်း ခြေမြင်သည်မှ ရုတ်ခြည်း ထိုင်ရာမှထ၍ သွား၏။

ချွန်းနီက...

"ဘယ်လဲ..." မေးသည်ကိုပင် သူက လက်ကာပြ အသိအမှတ်ပြုနိုင်သည်။

လောက်ရှံသည် အမူးသမားလမ်းလျှောက်ခြင်းမျိုး ဒယီးဒယိုင်လျှောက်သွား၏။

လောက်ရှံလျှောက်လှမ်းလာနေသည်ကို တွေ့မြင်ပါလျှင် အဝတ်အစား ခပ်မှုန်မှုန်နှင့်လူက သူ့ထံလာသည်မထင်။

အနီးရောက်ကာမှ လောက်ရှံက အဝတ်အစားခပ်မှုန်မှု လူ၏ ဂုတ်ကအင်္ကျီစကို ဆွဲလိုက်၏။





"ဟေ့ကောင်၊ ကော့ရန်၊ မင်းဘယ်သူ့ကို ချောင်းနေတာလဲ၊ လုပ်မလို့လဲ၊ မင်းကိုကြည့်ရတာ တစ်မျိုးပဲ၊ ငါ့ကို မှန်မှန်ပြော း" ဟု မေးလိုက်လေသည်။

သည်တော့မှ လူရှုတ်လူပွေ ကော့ရန်က လောက်ရှံအား လွန် အရေးကြီးသောအကြောင်းအရာကို ပြောပြသည့်ဟန်ဖြင့် သံကို တိုးတိမ်လိုက်ကာ

"သိပ်အရေးကြီးတဲ့စကားပါ ဆရာရှံ၊ ဒါပေမယ့် ဒီမှာပြော ဖြစ်ဘူးထင်တယ်" ဟု ပြောလိုက်လေသည်။

လောက်ရှံက ပထမတော့ အမှုမဲ့၊ အမှတ်မဲ့ပင်၊ နောက်မှ ရှုတ်လူပွေ ကော့ရန်သည် တစ်ခါတစ်ခါ မထင်မှတ်နိုင်လောက် သော အကြောင်းအရာများကိုပင်လျှင် ပြောပြနိုင်စွမ်းသူ ဖြစ်သည် သတိပြုလိုက်မိသဖြင့်...

"လာ ငါ့နောက်လိုက်ခဲ့" ဟု ပြောပြီး လောက်ရှံက...

လူရှုတ်လူပွေ ကော့ရန်ကို ခေါ်၍သွားလေသည်။

လောက်ရှံက ကော့ရန်ကို ဆိုင်အပြင်သို့ ခေါ်သွားသည် ဟုတ်၊ ဆိုင်အနောက်သို့ ခေါ်သွားခြင်းပင်။

ဆိုင်အနောက် အတွင်းခန်းတွင် စားဖိုမှူးများ၊ ချွေးတလုံး းနှင့် ချက်ပြုတ်နေကြသည့် စားပွဲထိုးအလုပ်သမားများကား င်သွားလိုက်၊ ဝင်သွားလိုက်နှင့်...

စားသောက်ဖွယ်ရာများ ချက်ပြုတ်နေရာဟုသာ ဆိုသည် ပ်ခန်းလုံးမီးအပူရှိန်က ဟပ်လွှန်းသည်။

စင်တွေပေါ်မှာ စားပွဲခုံတွေပေါ်မှာ ပြီးတော့ အောက် ကြမ်းပြင်တွေပေါ်မှာ ရစရာမရှိ ရေတွေ၊ ဟင်းကြွင်းဟင်းကျန်

တွေ အရွက်စနှင့် ကြက်ဥခွံ၊ ဘဲဥခွံတွေ စုံနေသည်။

ထိုချက်ပြုတ်ခန်းကို လောက်ရှုံက ဖြတ်လျှောက်သွားသဖြင့် ကော့ရန်လည်း နောက်မှဒရောသောပါး လိုက်ပါသွားလေသည်။

စားဖိုမှူးများက လောက်ရှုံကို သိထားကြသဖြင့် နောက်မှ ကပ်လိုက်လာသော ကော့ရန်ကို ပြောရန်ခက်နေသည်။ ပါးစပ်က ပြောချင်နေတာ ယားနေသည်မှာ မှန်ပါလျက် မပြောရဲပဲ ငြိမ်နေလိုက်ကြသည်။

ကိုမှန်တော ကော့ရန်ကိုတော့ဖြင့်

"ဒင်း တစ်ယောက်ထဲ ရောက်လာလို့ကတော့ သိကြသေးတာပေါ့" ဟူ သော အကြည့်မျိုးဖြင့်ကြည့်ရင်း ကျန်ရစ်ခဲ့ကြသည်။

နောက်ဘက်အပြင်ရောက်တော့မှ လောက်ရှုံက ရပ်လိုက်သည်။

"ကဲ...ဒီလောက်တောင် အရေးကြီးတယ်ဆိုတဲ့ အကြောင်း ပြောစမ်း၊ ဒီနားမှာ ဘယ်သူမှ မရှိဘူး" ဟု ပြောလိုက်သည်။

လူရှုတ်ကော့ရန်က ဟိုဟိုသည်သည် လျှောက်ကြည့်နေသည်။

ညဖက်မို့ ဘာကိုမျှ မမြင်ရ။ မှောင်ရိပ်တွေသာ လွှမ်းမိုးနေသည်။

"ပြောမှာသာ ပြောစမ်းပါကွာ အိမ်သာစော်နံရတဲ့အထဲ"

ဟု လောက်ရှုံက ပြောလိုက်တော့မှ ကော့ရန်သည် အနီးရှိ ထိုအိမ်သာကို သတိပြုမိလိုက်ပြီး

"ဆရာလောက်ရှုံ အိမ်သာထဲမှာ လူရှိနေရင် ခက်မယ်" ပြော၏။







"မရှိပါဘူးကွာ ငါအာမခံပါတယ် ပြောမှာသာပြောစမ်းပါ" ဟု ပြောလိုက်ပြန်သည်။

သည်တွင် လူရှုတ်ကော့ရန်သည် သူတွေ့မြင်သိကြားခဲ့ရသော ပင်လယ်နတ်သမီးပေးသော သံသေတ္တာအကြောင်းကို ပြောပြလိုက်လေသည်။

ကော့ရန်စကားဆုံးသည်နှင့် လောက်ရှုံက ခွက်ထိုးခွက်လန် ရယ်ပါလေတော့၏။

"ဟော့ကောင် ကော့ရန် မင်းစိတ်တွေမှန်သေးရဲ့လား" ဟု မေးလိုက်ပြီး ဆက်လက် ရယ်မောနေပြန်၏။

ထိုအချိန်တွင် လောက်ရှုံက အိမ်သာထဲတွင် လူမရှိဘူးဟု ပြောသော်လည်း စင်စစ် လူတစ်ယောက်ရှိနေလေသည်။

ထိုလူက ကော့ရန်ပြောပြသမျှအကြောင်းများကို သိထားလိုက်သည်။

အိမ်သာထဲက ထွက်ချိန်ကျန်ပါလျက် အနံ့အစော်ခံပြီး ဆက်ထိုင်နေသည်။ အကြောင်းမှကား လောက်ရှုံနှင့် ကော့ရန်တို့ ပြန်မသွားသေးသောကြောင့်ပင်။

"ကျွန်တော်က စိတ်ကူးယဉ်ပြီး ပြောနေတာမဟုတ်ပါဘူး ဆရာရှုံ၊ တကယ်ပြောတာပါ ဆရာရှုံ မယုံရင် လိုက်ကြည့်ပါလား" ဟု ဆက်ပြောသည်။

ထိုအခါ... လောက်ရှုံမှာ တွေဝေသွား၏။

ကော့ရန်က တကယ်ခံစားပြီး ပြောနေသည်။ ပြောနေပုံမှာလည်း လိမ်ဆင်တစ်ခုကို ပြောနေသည်နှင့် မတူ။

တကယ့်အဖြစ် မှန်တစ်ခုကို ပြောပြနေပုံမျိုး...

"ဟုတ်ရဲ့လားကွာ. . ."

"တကယ် ဟုတ်တာပေါ့ဆရာရဲ့ တစ်ခုတော့ ရှိတယ်. . ."

"ဘာလဲကော့ရန် မင်းကတောလုပ်ပြီ ငါ့ကိုတော့ တစ်ပတ် ရိုက်မယ် မကြံနဲ့နော် ငါ့အကြောင်း မင်းသိပါတယ်"

"ဒီလိုပါ ဆံရာရဲ့ အခု သံသေတားရှိနေတဲ့လူက အထောက်တော် စွန်ရဲ ချမ်းမိန်ရဲ့သား ဖြစ်နေပါတယ်၊ ဒီတော့ စွန်ရဲချမ်းမိန်ရဲ့ လက်ထဲကို မရောက်ဘူးလို့ ပြောမရဘူး"

"အေး မင်းပြောတဲ့ ဇာတ်လမ်း တကယ်သာဆိုရင်ပေါ့ ကွာ"

"ဆရာရှုံကလဲဗျာ တကယ်ပါ ဆရာရဲ့ အဲဒီကောင်လေး ချမ်းလီဆီမှာ သွားကြည့်ပါလား"

"ပေါ်ဘင် ကြည့်လို့ ဘယ်ရမလဲ"

လောက်ရှံမှာ ပြောရင်းဆိုရင်းကပင် ရှူရှုတ်ကော့ရန် စကားကို လက်ခံမိလျက်သား ဖြစ်၍ သွားပါလေတော့၏။

"ကျို"

"ဟော အိမ်သာခန်းထဲက လူတစ်ယောက် ထွက်သွားတာ မဟုတ်လား၊ ခက်တာပဲ ကျွန်တော်ပြောတာတွေ ကြားသွားပြီလား မသိဘူး"

"မကြားပါဘူးကွာ ကဲ ပြောစမ်းပါဦး၊ ဒီသံသေတားက ဘာတွေ ကောင်းသလဲဆိုတာ"

"သံသေတားအကြောင်း ကျွန်တော်လို အနုပညာရှင် တစ်ယောက်ထက် ဆရာရှုံတို့လို သိုင်းအကျော်အမော်တွေက ပိုသိမှာပေါ့ ဆရာရှုံရယ်"





"အေး မင်းပြောတာ စိတ်ဝင်စားစရာပဲ ငါစဉ်းစားမယ် ကလာ ဆိုင်ခန်းထဲ ပြန်ဝင်ကြစို့"

ထို့နောက် နှစ်ယောက်သား ဆိုဖ်ခန်းထဲသို့ အနောက်ဘက် ဘားဖိုမှူးအခန်းမှ ပြန်ဝင်ခဲ့ကြလေတော့သည်။

❋ ◉ ❋ ◉ ❋

## အခန်း (၇)

## မိုးဓာဒ်မ်နီနှင့် စွန်ရဲချမ်းမိန်

အချိန်မှာ အကာလ ညတစ်ည။

ပြီးတော့. . . လကွယ်နေ့ည။

လောကတစ်ခုလုံး အမှောင်ရိပ်အောက်တွင် ကျရောက်နေသည်။

နှင်းမြူတွေက ဝေဆိုင်းနေသဖြင့် အရာခပ်သိမ်း ထိမိသည်နှင့် အသဲအေးခဲသွားမတတ် အေးလွန်းလှ၏။

သည်ညက အဖိုးငေါ်ကေ့ချမ်း ပြန်လည်ထွက်ခွာ သွားသောနေ့ လွန်မြောက်ပြီး တစ်ညဖြစ်သည်။

အဘိုးအိုငေါ်ကေ့ချမ်းမှာ သူ့သားမက် စွန်ရဲချမ်းမိန်နှင့်
အချိန်ကြာကြာ မတွေ့လိုက်ရ စွန်ရဲချမ်းမိန်က သူ့အလုပ်နှင့်
ရှုတ်နေသည်။

တရားဥပဒေ ဘက်တော်သားတွေ ဆိုတာကလည်း ကို
ပိုင်အချိန် ကိုယ်ပိုင်ဘဝဆိုတာ အလွန်ရှားပါးလွန်းလှသည်။

ထို့ကြောင့်လည်း အဘိုးအိုငေါ်ကေ့ချမ်းက သားမက် ဖြ
သူ စွန်ရဲချမ်းမိန်ကိုကျ သံသေဓားအကြောင်းကို အကျယ်ချဲ့မပြော
သာမန်ဓားတစ်လက်အနေနှင့်သာ ပြောပြခဲ့သည်။

ထို့ကြောင့် စွန်ရဲချမ်းမိန်သည် သားဖြစ်သူ ချမ်းလီလက်
သံသေဓားတစ်လက် ရောက်ရှိနေကြောင်း မသိခဲ့သည်မှာအမှန်
သူသိထားသည်မှာ သာမန်ဓားတစ်လက်။

အဖိုးအို ငေါ်ကေ့ချမ်းက ရောက်တုန်းပေါက်တုန်း သူ့မြေး
ချမ်းလီအား ဓားတစ်လက်ပေးခဲ့သည်။

အဖိုးပေးသော လက်ဆောင်ဓားတစ်လက်ကို ချမ်းလီက
တော့ အလွန်သဘောကျနေသည်။

တစ်ချိန်လုံး လက်က မချ။

ဘခင်စွန်ရဲချမ်းမိန်မှာ အိမ်တွင် မရှိ သူ့အလုပ်က အိမ်မှာ
ရှိခဲသည်။ အပြင်မှာပဲ အချိန်တွေ ကုန်ခဲ့ရသည်။

ချမ်းလီသည် သံသေဓားကို တသသကိုင်လျက်. . .

အဖိုးအို ငေါ်ကေ့ချမ်း လောလောလတ်လတ် သင်ပေး
သွားသော "သိန်းငှက် မာန်ဟုန်" သိုင်းကွက်များကို လေ့ကျင့်၍
နေသည်။

"ဝှစ်"







"ဝှစ်"

"ဟိတ်" "ဗိုး"

"ထန်း"

ချမ်းလီသည် အိမ်ခြံဝင်းအတွင်း မြေကွက်လပ်တွင် တစ်
ယောက်တည်း သိုင်းလေ့ကျင့်လျက်ရှိသည်။

အမှန်မှာ လရောင်ဖြာသော ညများ၌သာ သိုင်းလေ့ကျင့်
ရန်သင့်၏။

အခုလို အမှောင်နှင့်မည်းမည်းညမျိုးတွင်ကား သိုင်းလေ့
ကျင့်ရန် မသင့်။

သို့သော်. . .

ချမ်းလီကတော့ လသာသည် မသာသည် နားမလည်
သိုင်းလေ့ကျင့်ရန်ကိုပဲ နားလည်သည်။

ချမ်းလီ သိုင်းလေ့ကျင့်သည့်အချိန်များတွင် လာရောက်
အကူအညီပေးတတ်သူမှာ ကွာဖုန်းယု ဖြစ်သည်။

သည်ည. . . ကွာဖုန်းယုလည်း ပေါ်မလာခဲ့. . .

ညဥ့်နက်လာသောအခါ ချမ်းလီသည် သိုင်းလေ့ကျင့်ခန်း
ကို ရုတ်သိမ်းလိုက်သည်။

ထို့နောက် သံသေဓားကို အသေအချာသိမ်းပြီး အိပ်ယာ
ဝင်ခဲ့သည်။

ချမ်းလီသည် အိပ်ယာဝင်သည့်အချိန်တွင် ပန်းတစ်မျိုး၏
အနံ့ကို ရှူရှိုက်မိသည် ထင်၏။

"ဆောင်တော်ကူး ပန်းရနံ့များလား. . ."

ဟု တွေးထင်မိသေးသည်။ နောက်မှ ဆောင်တော်ကူးပန်း

ရန့် မဟုတ်မှန်း ချမ်းလီ သိလိုက်သည်။

"ရှပ်. . ."

"ရှပ်. . . .   ရှပ်. . ."

ခြေသံတစ်သံကို ကြားသည်နှင့် ချမ်းလီသည် အိပ်ယာမှ ဖျပ်ခနဲနိုးထလိုက်သည်။

လက်တစ်ဘက်က ရုတ်ချည်း မိမိ၏သံသေဓားဆီသို့ လှမ်း၍ဆုပ်ကိုင်မိလျက်သား ဖြစ်သွားသည်။

ဝေ့လာရသူကား မျက်နှာကို အဝတ်နက်စည်းထားပြီး ဝတ်စုံနီဝတ်ထားသော သိုင်းသမားတစ်ယောက် ဖြစ်နေသည်။

ချမ်းလီက သံသေဓားကို ဆွဲမထုတ်သေးဘဲ ဝုန်းခနဲ ခုန်၍ထရပ်လိုက်ပြီး

"ဟိတ်. . . ခင်ဗျား ဘယ်သူလဲ" ဟု မေးလိုက်သည်။

မျက်နှာအဝတ်နက်စည်းထားသူမှာ မိမိထက် အသက်ကြီးနေသဖြင့် "ခင်ဗျား" ဟု လေးစားသမှုဖြင့် သုံးနှုန်း၍ မေးလိုက်ခြင်းပင်။

"ငါ ဘယ်သူလဲ မေးစရာ မလိုဘူး မင်းလက်ထဲက ဓားကိုသာ ငါ့ကို အပ်ဖို့ စဉ်းစားပေတော့"

ထိုစကားကို ကြားလိုက်ရသောအခါ ချမ်းလီက တဟားဟားရယ်လိုက်သည်။

"ဟား. . . ဟား. . . ဟား. . . ကျုပ်လက်ထဲက ဓားကို အပ်ရမယ် ဟုတ်လား၊ ဘာဓားမို့ ကျုပ်က ခင်ဗျားလက်ထဲ အပ်ရမှာလဲ ဒီဓားက ခင်ဗျားဓား မို့လား"

"စကားမရှည်နဲ့ မင်းလက်ထဲက ဓားဟာ ပင်လယ်နတ်





သမီးပေးတဲ့ သံသေဓားမဟုတ်လား ဒီလိုဓားဟာ မင်းလို သိုင်းလောကသားမဟုတ်တဲ့ မလောက်လေး မလောက်စားရဲ့ လက်ထဲမှာ မရှိသင့်ဘူးလေ"

သည်တော့မှ ချမ်းလီ တုန်လှုပ်သွားသည်။

မိမိသာ သိသောအကြောင်းကို မျက်နှာတွင် အဝတ်နက်စည်းထားသူက မည်သို့ မည်ပုံ သိရှိသွားရပါသနည်း။

ချမ်းလီ တွေသွား၏။

"ဘာလဲ ငါပြောတဲ့စကား မှန်နေလို့ မင်းဘာပြန်ပြောရမှန်း မသိတော့ဘူး မဟုတ်လား"

ထိုစဉ်. . .

"ဝုန်း. . ."

နောက်ဘက်မှ တံခါးသည် ဝုန်းခနဲ ပွင့်၍သွားပါလေတော့၏၊ တံခါးကို ဝုန်းခနဲတွန်းဖွင့်၍ ဝင်လာသူမှာ အခြားသူမဟုတ် ချမ်းလီ၏ ဖခင် စွန်ရဲ ချမ်းမိန်ပင် ဖြစ်သည်။

ချမ်းမိန်က. . .

"မင်းဘယ်သူလဲ၊ ဘာ့ကြောင့် ငါ့သားရဲ့ ဓားကို တောင်းနေတာလဲ" ဟု မေးလိုက်ရာ. . .

မျက်နှာအဝတ်နက်စည်းထားသူက. . .

"သံသေဓားကို တောင်းနေတာလေ"

"ဘာကွ သံသေဓား ဟုတ်လား၊ သံသေဓားတော့ မရဘူး၊ မင်းရှာ ဒီဓားပဲရမယ်"

စွန်ရဲချမ်းမိန်က ပြောပြောဆိုဆို မျက်နှာ အဝတ်နက်စည်းထားသူ သိုင်းသမားအား ခုန်ဝင်တိုက်ခိုက်ပါလေတော့၏။

"ဝှစ်. . ."   "ဝှစ်. . ."

"ချွင်. . . ချွင်. . . ချွမ်"

"ထန်း. . ."

ဓား ဓားချင်းထိခတ်မိရာမှ မီးပွင့်များ ဖွာခနဲ ဖွာခနဲ

မျက်နှာအဝတ်နက်စည်းထားသူမှာ အဆင့်မြင့် သိုင်းပညာရှင် တစ်ဦးဖြစ်သော်လည်း စွန်ရဲချမ်းမိန်၏ သိုင်းကွက်များကို မယှဉ်နိုင်ပဲ ရှိနေသည်။

ထို့ကြောင့် ချမ်းလီက ဝင်ရောက်မတိုက်ခိုက်ပဲ ရပ်၍ ကြည့်နေလိုက်လေသည်။

"ထန်း. . ."

"ထန်း. . ."

စွန်ရဲ ချမ်းမိန်သည် သိုင်းကွက် ဆယ်ကွက်အရောက်တွင် မျက်နှာအဝတ်နက် စည်းထားသူ၏ ဓားကို ခတ်ထုတ်နိုင်ခဲ့၏။

"ချွမ်း"

ထို့နောက် သူ၏ လည်မျိုကို စွန်ရဲ ချမ်းမိန်က ဓားနှင့် ထောက်ထားလိုက်ပြန်၏။

"ကဲ. . . မင်းဘယ်သူလဲ"

စွန်ရဲ ချမ်းမိန်က ပြောပြောဆိုဆို မျက်နှာပေါ်က အဝတ်နက်ကို ဆွဲချွတ်ချလိုက်၏။

"လောက်ရှုံပါလား၊ ဘာလဲ မင်းတို့ မိုးတိမ်နီဂိုဏ်းချုပ်က ခိုင်းလိုက်တာလား"

"မဟုတ်ပါဘူး၊ ကျုပ်ဖာသာ ကြံစည်မိတဲ့အကြံပါ၊ ကျုပ်ကို ခွင့်လွှတ်ပါ"



"ကောင်းပြီလေ၊ ကျုပ်က. . . ဥပဒေဘက်တော်သားမို့ လူသတ်ချင်ဘူး၊ သွားတော့. . ."

စွန်ရဲ ချမ်းမိန်က လောက်ရှုံအား လွှတ်လိုက်သည်နှင့် လောက်ရှုံသည်လည်း သူ့ဓားကိုပင် မကောက်အားတော့ပဲ ထွက်ပြေး ပျောက်ကွယ်သွားပါလေတော့၏။

သည်တော့မှ ပြဿနာကအစပြုသည်ထင်၏။

ချမ်းလီက ဓားကို ဓားအိမ်ထဲက ဆွဲထုတ်လိုက်သည်။

"ဟင်. . ."

အာမေဋိတ်သံ တစ်သံပြုလိုက်လေသည်။

စွန်ရဲ ချမ်းမိန်က

"ဘာဖြစ်လို့လဲ သား"

ဟု မေးလိုက်သောအခါ သားချမ်းလီက

"အဖိုး ပေးခဲ့တဲ့ သံသေဓားမဟုတ်တော့ဘူး အဖေ၊ ဒါဟာ သာမန်ရိုးရိုးဓားတစ်လက်ပဲ" ဟု ပြောလိုက်လေ၏။

စွန်ရဲ ချမ်းမိန်မှာ သံသေဓားကိုလည်း တွေ့မြင်လိုက်ရသည် မဟုတ်သဖြင့် ငေးငိုင်၍နေ၏။

ချမ်းလီကမူ. . .

"တစ်ယောက်ယောက် ဓားလဲသွားတာတော့ အမှန်ပဲ အဖေ" ဟု ပြောလိုက်ပါတော့၏။

❋ ◉ ❋ ◉ ❋

## အခန်း (၈)

### သံသေတ္တာ ပျောက်ဆုံးခြင်း

တစ်ကယ်တမ်း မိမိသား ချမ်းလီမှာ သံသေတ္တာတစ်လက် ရှိနေသည်ကို သိလာရပြန်သောအခါ စွန်ရဲ ချမ်းမိန်သည်လည်း သားနှင့်အတူ ခံစားလာရသည်။

သူ့အဖိုးဖြစ်သူက လက်ဆောင်များ တစ်လက် ပေးခဲ့သည့် အကြောင်းကိုမူ စွန်ရဲ ချမ်းမိန့်မသိမဟုတ် သိသည်။

မသိလိုက်သည်မှာ သံသေတ္တာကိစ္စ။

ပြီးတော့...

"ပင်လယ်နတ်သမီးပေးသော သံသေတ္တာ" ကို သား ချမ်းလီက ပြောသည်။

နောက်ဆက်တွဲ...

ပင်လယ်နတ်သမီးသည် မိမိ၏ဇနီး ဝေါကျင့်ဝမ်ဖြစ်ခဲ့ သူ၊ ဟိုအက် တမလွန်ဘဝရောက်နေသော ဝေါကျင့်ဝမ်၊ အခုတော့ ပင်လယ်နတ်သမီးဟု ဆိုပြန်သည်။





သည်ဇာတ်လမ်း...

သည်အဖြစ်အပျက်ကို...

မိမိယုံကြည်တာ၊ မယုံကြည်တာ ထားတော့။

အဖိုးအိုဝေါကေ့ချမ်းသည် မွန်ဂိုလူမျိုး ခရီးရှည်သွား အုပ်စုဝင် တစ်ဦး ဖြစ်သည်မို့ စိတ်ကူးယဉ်သည်ပဲလား၊ သို့မဟုတ် အရှေ့ပင်လယ်ရေနက်ကျွန်းဆွယ်ရှိ သမီးအုတ်ဂူသချိုင်းသို့ နှစ်စဉ် သွားရောက်ရာမှ တိုက်ဆိုင်မှု တစ်ခုခုကြောင့် ပင်လယ် နတ်သမီးက သံသေတ္တာတစ်လက် ပေးသည်ဟု အဖိုးအို ဝေါကေ့ချမ်း ယူဆ မှတ်လေသလား...

ဒါကိုလည်း ချမ်းမိန် မသိနိုင်။

သားဖြစ်သူ ချမ်းလီထံမှ တစ်ဆင့်စကားအရဆိုပါမူ ဤမား သည် ပင်လယ်လှိုင်းလုံးများက ပင်လယ်ရေနက် ကျွန်းဆွယ်ပေါ်သို့ တ်ခတ်၍ တင်လိုက်သောအခါ လှိုင်းလုံးနှင့်အတူ ရောပါလာခဲ့ သည်ကား အမှန်။

ထို့ကြောင့်လည်း၊ ချမ်းမိန်က သားချမ်းလီအား

"ငါကတော့၊ မင်းအဘိုး ပြောတဲ့အထဲမှာ ဒီဓားဟာ ပင်လယ်လှိုင်းလုံး ရိုက်တင်လိုက်လို့ ကုန်းပေါ်ရောက်လာတဲ့ဓားတစ် သက်ဆိုတာကို ယုံကြည်တယ်" ဟု ပြောလိုက်လေသည်။

ထိုအခါ ချမ်းလီက

"သံသေတ္တာဆိုတာကရော အဖေဘယ်လို နားလည်ထား သလဲအဖေ..." ဟု မေးခွန်းထုတ်သည်။

"မင်းအဘိုးနဲ့ ငါ တွေ့လိုက်ရတဲ့အချိန်ကလဲ နည်းခဲ့ပြီး င်းကလဲ ဒီဓားကို ငါ့ကိုပြသေးတာမဟုတ်တော့ ငါက ဒီဓားဟာ

သံသေဓားပါလို့ အတပ်ပြောဖို့အတော်ခက်နေတယ်"

"ဒီဓားရဲ့ထူးခြားချက်ကတော့ အတော့ကို အံ့စရာပါပဲ အဖေ ကျွန်တော်ကိုင်ဖူးသမျှ ဘယ်ဓားနဲ့မှ မတူဘူး၊ ဘယ်လိုကောင်းတယ်ဆိုတာကိုလဲ ကျွန်တော်မပြောတတ်ဘူး၊ နှုတ်ပြောလိုက်တာ အဖေရယ်၊ ကျွန်တော်ဖြင့် ဘယ်လိုနှုတ်ပြောမှန်းမသိဘူး"

"အဖေ့သား ပြောနေမှတော့ အဖေလဲ ယုံရတော့မှာပေါ့ကွာ၊ ငါ့သားလဲ တစ်ကယ်တော့ အဆင့်မြင့် သိုင်းပညာရှင် တစ်ယောက်ဖြစ်နေပြီပဲ"

"ကျွန်တော်ဒီဓားကို အဖေ့လက် အပ်မလို့တောင် ဆုံးဖြတ်ထားတာပါ၊ ကျွန်တော်နဲ့ မထိုက်တန်သေးဘူးလို့ ထင်လို့ပါ"

"ဒီလိုလဲမဟုတ်သေးပါဘူး၊ မင်းအမေပင်လယ်နတ်ဓားက ဒီဓား မင်းကိုပဲ ပေးရမယ်ဆိုလို့ မင်းအဖိုးက မင်းကိုပေးခဲ့တာ မဟုတ်လား"

"ဘာပဲပြောပြော ခုတော့ ကျွန်တော်နဲ့ ဒီဓား မထိုက်တန်လို့သာ ခုလို ပျောက်ဆုံးသွားရတာပဲပေါ့"

"အေးကွ. . . သံသေဓားဆိုတာ သံကိုသေအောင်သတ်ပြီးမှ အဲဒီလို ထူးခြားတဲ့သံအမျိုးအစားကို ပြုလုပ်ထားတဲ့ဓားမျိုးပဲ၊ အလွန်ရှားပါးတဲ့ဓားမျိုးပဲ"

"ဟုတ်လားအဖေ၊ သံသေဓားနဲ့ ပတ်သက်လို့ ကျွန်တော့်ကို ပြောပြထားပါဦးအဖေ"

ခုမှ ချမ်းလီက သံသေဓားအကြောင်းကို ပို၍ စိတ်ဝင်စားလာခဲ့လေသည်။

အသက်ကလည်း ငယ်။ ဘဝအတွေ့အကြုံကလည်း မရှိ





သေးလေတော့ သူ့အဖို့ အမှားတွေကို အမှန်ဖြစ်အောင် ဘဝအတွေ့အကြုံနှင့် အတွေးအခေါ် ဝေဖန်သုံးသပ်ချက်တွေ လိုအပ်သေးသည်ပဲ။

ဒါကို ဖခင်ဖြစ်သူ စွန်ရဲ ချမ်းမိန်က ကောင်းကောင်းသိသည်။

"သံသေဓားဆိုတာ ရှေးခေတ် ဘုရင့်နန်းတွင်းမှာသာ ပေါ်ပေါက်ခဲ့ဖူးတဲ့ဓားမျိုးပဲ၊ တော်ဝင်ဓားအမျိုးအစားပေါ့၊ သူ့မှာက ကိုင်ဆောင်သူ သိုင်းပညာအဆင့်ထက် အယ်ဆထက်တတ်တဲ့ အစွမ်းသတ္တိမျိုး ရှိနေတယ်လို့ ပြောတယ်"

"အဖေပြောတော့မှ သံသေဓားရဲ့ အဖိုးထိုက်တန်ပုံကို ကျွန်တော်ပိုလို့ သိရတော့တယ်အဖေရယ်"

ချမ်းလီမှာ သံသေဓားအကြောင်း ဖခင်ဖြစ်သူ ချမ်းမိန်က အကျယ်ဝိတ္ထာရပြောပြလေလေ ဓားအပေါ် ထားခဲ့သော သံယောဇဉ်ကြီးလေလေ ဖြစ်လာလေတော့သည်။

ထို့ကြောင့်. . .

ချမ်းမိန်သည် သံသေဓားအကြောင်း သားဖြစ်သူ ချမ်းလီကို ဆက်ပြောရ ကောင်းမကောင်း စဉ်းစားလာသည်။

သို့သော်. . . သားချမ်းလီက. . .

"ပြောပါဦးအဖေ၊ ဒီဓားအကြောင်းကျွန်တော်သိထားရအောင်ပါ" ဟု သူ့ဓားအပေါ် မျှော်လင့်တကြီး ပြောလာသဖြင့် ချမ်းမိန်က သက်ပြင်းတစ်ချက်ချလိုက်ပြီး. . .

"ဒီလို ဓားမျိုးဟာ သိုင်းလောကမှာ တန်ဖိုးမဖြတ်နိုင်ကာကတော့ အမှန်ပါပဲ၊ ဒါကြောင့်လဲ အခုမှသာ အဖေကြားဖူးတာ၊

သိုင်းလောကမှာ မရှိသလောက်ပဲ အဖေတို့ ဆရာကြီးများ ပြောတာပြောပြရရင် သိုင်းလောကမှာ လွန်ခဲ့တဲ့ အနှစ်တစ်ရာကျော်လောက်က တစ်ကြိမ် တစ်ခါပဲပေါ်ဖူးတယ်တဲ့. . ."

"အဲဒီတုန်းက ပေါ်ခဲ့တဲ့ သံသေဓားက တစ်လက်ထဲ မဟုတ်ဖူး နှစ်လက်၊ ဘုရင်မင်းမြတ်က မင်မင်းဆက်ထဲကပဲ၊ သူဟာ သံသေစတစ်စကို ရရှိခဲ့တာနဲ့ သူ့လူယုံတော် စစ်သူကြီး တစ်ဦးကို အကောင်းဆုံး၊ အတော်ဆုံးပန်းပဲဆရာကြီး တစ်ဦးထံမှာ ဓားတစ်လက်ပြုလုပ်နိုင်းလိုက်တယ်တဲ့. . ."

သည်လို သည်အကြောင်း ဖခင်ချမ်းမိန်က ပြောပြလာသောအခါ ချမ်းလီသည် တုတ်တုတ်မျှမလှုပ်။

သံသေဓားအကြောင်းတွင် စိတ်ဝင်စားမှု အပြည့်ရှိနေသည်။

"အဲဒီလို သံသေစကို အကျွမ်းကျင်ဆုံး ပန်းပဲ ဆရာကြီးဆီမှာ အပ်တဲ့အချိန် ပြဿနာတစ်ခုက ဖြစ်ပေါ်လာပြန်တယ်"

"ဘယ်လို ပြဿနာမျိုးလဲအဖေ"

ချမ်းလီသည် သံသေဓားအကြောင်း အပေါ်တွင် အထူးပင် စိတ်ဝင်စား၍ နေလေရကား ဖခင်ချမ်းမိန် ပြောနေသမျှ မရှင်းတာ မလင်းတာတစ်ခု မကျန်စေချင်၊ နားမရှင်းတာ မှန်သမျှ မေးမြန်းသာ နေလေသည်။

"အဲဒီပြဿနာက ပန်းပဲဆရာကြီးက ဖန်တီးလိုက်တာပါ၊ သူက သံသေဓားကို ဓားတစ်လက် လုပ်ရမယ့်အစား သံသေဓား နှစ်လက်လုပ်လိုက်တယ်"

"အဲဒါကို စစ်သူကြီးက မသိဘူးလားအဖေ"





"သိတော့သိတယ်၊ ဒါပေမယ့် နောက်မှသိခဲ့တယ်၊ ဓားက အပ်တဲ့ အရွယ်အစား တူပေမယ့် အလေးချိန်မှာ ကွာနေတယ်၊ ဒါကို သိသိချင်းပဲ စစ်သူကြီးက ပန်းပဲဆရာကြီးဆီကို ပြန်သွားတဲ့ အခါမှာတော့ ပန်းပဲဆရာကြီး အသတ်ခံရတာကိုပဲ တွေ့လိုက်ရတော့တယ်"

"ဟာ. . . ဒီဓားက ကောင်းကျိုးပေးမပေးတော့မသိဘူး၊ ဆိုးကျိုး ပေးတာကတော့ အရင်ပဲနော်"

"လောကမှာ အလွန်အဖိုးထိုက်လာတဲ့အရာ အမှန်သမျှ ဒီလိုသဘောကို ဆောင်နေတတ်တယ်သားရဲ့"

"အခုကြည့် အဲဒီသံသေဓားနဲ့ ပတ်သက်လို့ စစ်သူကြီးလဲ ဘုရင်က မျက်လို့ ကွပ်မျက်ခံလိုက်ရရှာတယ်၊ ဒီလောက် အဖိုးထိုက်တန်တဲ့ ပစ္စည်းကို လက်လွှတ်စပယ် လုပ်ခဲ့ရမလားဆိုတဲ့ သဘောလဲပါပြီး စစ်သူကြီးအပေါ် မယုံကြည်တာလည်း ပါမှာပေါ့"

"အဲဒီနောက် ဘုရင်မင်းမြတ်က ပန်းပဲဆရာကြီးဆီက သံသေဓားပျောက်ဆုံးမှုနဲ့ပတ်သက်လို့ သီးသန့် အထူးအထောက်တော်တွေ စေလွှတ်ပြီး ရှာပုံတော် ဖွင့်ခဲ့တယ်"

"နောက်ဆုံး အဲဒီသံသေဓားကို ပြန်တွေ့ခဲ့သလား၊ အဖေ"

"မတွေ့တော့ပါဘူးသားရယ်၊ မင်းအဆက်ဆက် ဒီကိစ္စကို သတိရတိုင်း ရှာပုံတော်အလီလီဖွင့်ခဲ့ကြတယ်လို့သာ ပြောကြတယ်၊ ပြန်တွေ့တယ်လို့တော့ ပြောသံမကြားခဲ့ကြရဘူး၊ အဖေတောင် ဒီအကြောင်းကိုပြောရင်းစဉ်းစားမိတယ်"

"ဘာကို စဉ်းစားမိတာလဲ အဖေ"

"ငါ့သား လက်ထဲ ရောက်လာတဲ့သံသေဓားဟာ ခေတ်

အဆက်ဆက်ရှာဖွေခဲ့တဲ့ သံသေတ္တာများလားလို့ပါ"

"ဖြစ်နိုင်တယ် အဖေ"

"သတိတော့ ထားရမယ်သားရေ၊ ဒီသံသေတ္တာကို ငါ့သ

လက်ထဲ ရောက်လာတာကောင်းကျိုးလား၊ ဆိုးကျိုးလား ဆိုတာ

"ကျွန်တော်က မတရား ရယူဖို့ ကြိုးစားခဲ့တာမှ မဟု

တာပဲ အဖေရယ်၊ ကျွန်တော်နဲ့ ထိုက်တန်လို့ ကျွန်တော့်လက်

ရောက်လာတဲ့ ဥစ္စာပဲ"

"ခုတော့ ဘယ်မှာလဲ"

"ရှာရဦးမှာပေါ့အဖေ"

မှန်ပါသည်။

ဘာပဲ ပြောပြော ခုလို ပူပူနွေးနွေးအချိန်မှာ ခြေ

ကောက်လျှင် ရနိုင်ပါသေးသည်။







## နန်းတွင်းက သံသေတ္တာ

သည်ကနေ့ . . .

အဖေ စွန်ရဲ ချမ်းမိန်သည် အိမ်သို့ပြန်လာသည်။ သည်လို

အိမ်ပြန်ခွင့်မျိုးမှာ အဖေ စွန်ရဲချမ်းမိန်တို့လို တရားရေး ဝန်ထမ်း

များအဖို့ ရတောင့်ရခဲသော အခွင့်အလမ်းမျိုး ဖြစ်သည်။

ယခု လက်ရှိ ချမ်းမိန် စုံစမ်းထောက်လှမ်းနေရသော အမှု

အခင်းမှာ အမွေမှု တစ်မှုနှင့် လူသတ်မှုတစ်မှုဖြစ်သည်။ အမွေမှုမှာ

ကွယ်လွန်သွားသည့် သူကြွယ်ကြီး လင့်ဖန်ကျူး၏ ကြွင်းကျန်ရစ်သော

ဥစ္စာပစ္စည်းများကို နန်းတွင်းတရားရေးအဖွဲ့က ခေတ္တခဏထိန်းသိမ်း

ထားစဉ် သူကြွယ်ကြီးလင့်ဖန်ကျူး၏သား လင့်ဖန်ကွေးဆိုသူ လူ

တစ်ယောက်ပေါ်ပေါက်လာခြင်းအမှုပင် ဖြစ်သည်။ ဤအမှုတွင်

သူကြွယ်ကြီးလင့်ဖန်ကျူး၏ ဘဏ္ဍာထိန်းရှောက်ကျိဟူကမူ လင့်ဖန်

ကွေးမှာ သူကြွယ်ကြီးလင့်ဖန်ကျူး၏ သားမဟုတ်ဟု တိုင်ကြား-လာခဲ့

ပြန်သည်။

လင့်ဖန်ကွေးဆိုသူကလည်း မိမိသည် သူကြွယ်ကြီး လ... ဖန်ကျူး၏ သားအရင်းဖြစ်ပါကြောင်း-

မန်ချူးများကို သွားရောက်တိုက်ခိုက်စဉ်ကဘုရင့် မြင်းတ... တွင် မြင်းတပ်သားအဖြစ် အမှုထမ်းဆောင်စဉ် ရန်သူနယ်မြေတွ... ဒဏ်ရာ ရရှိခဲ့ကြောင်း -

ဒေသခံတစ်ဦး၏ ကယ်တင်မှုကြောင့်သာ အသက်ရှ... သာရာ ရခဲ့ကြောင်း -

နောက်ပိုင်း ထိုဒေသခံ မန်ချူးမျိုးနွယ်ဝင် တစ်ဦးနှ... အကြောင်းပါပြီး ဆယ်နှစ်ကျော်ကြာသည်အထိ ပြည်မသို့ ပြ... ရောက်ပဲ ယခုမှသာ မိမိဖခင် သူကြွယ်ကြီး လင့်ဖန်ကျူးကို တွေ့... လိုသည့်အတွက် ပြန်လည်ရောက်ရှိလာကြောင်း

အထောက်အထား နိုင်လုံစွာဖြင့် ပြင်းဆိုထားသည်။

သည်အမှုကို တရားရေးချုပ်ကြီး ထိန်ကွမ်းလျန်က အလ... စလို ဆုံးဖြတ်ခြင်းမပြုပဲ ဆိုင်းငံ့ထားသည်။

အထောက်တော် စွန်ရဲ ချမ်းမိန်အား ခေါ်ယူပြီး

"အခုကိုင်တွယ် ဖြေရှင်းနေရတဲ့ အမွေဆက်ခံပိုင်ဆိုင်မှ... မှာ ဘဏ္ဍာထိန်းကြီး ရှောက်ကျိဟူဘက်က ရှုံးမလိုဖြစ်နေတယ်။ လင့်ဖန်ကွေးက သူကြွယ်ကြီး လင့်ဖန်ကျူးရဲ့သားဖြစ်တဲ့အကြောင်း အထောက်အထား စုံလင်လို့ ဒီအမှုမှာ အနိုင်ရသွားပြီး သူကြွယ်ကြီး လင့်ဖန်ကျူးရဲ့ ကြွင်းကျန်ရစ်တဲ့ပစ္စည်းတွေ နိုင်ငံတော်ပိုင်မဖြစ်ပဲ လင့်ဖန်ကွေး ပိုင်ဆိုင်ခွင့် ရသွားတာက အကြောင်းမဟုတ်ဘူး တို့ ချမှတ်လိုက်တဲ့ ဆုံးဖြတ်ချက် မှားမသွားဖို့ပဲ အရေးကြီးတယ်"

အကြောင်းအကျိုး စုံလင်စွာ ရှင်းလင်းပြောပြပြီး လင့်ဖန်





...ကွေး၏ လွန်ခဲ့သော ဆယ်နှစ်ကျော်ကာလအတွင်း ဖြစ်ပျက်ခဲ့သမျှ အခြေအနေတွေကို လိုက်လံစုံစမ်း စစ်ဆေးစေခဲ့သည်။

သည်တော့. . .

စွန်ရဲ ချမ်းလီသည်လည်း မြောက်ပိုင်းရှိ မန်ချူးမျိုးနွယ်စု များ၏ ကျေးရွာများသို့ သွားရောက်ထောက်လှမ်းခဲ့ရသည်။

ထိုအခါ. . .

တရားရေးချုပ်ကြီး ထိန်ကွမ်းလျန်၏ တိကျမှန်ကန်သော တရားဥပဒေလမ်းကြောင်းပေါ်သို့ ဒီအမှုကြီးတစ်ခုလုံး ရောက်ရှိ သာတော့မည့် အရိပ်လက္ခဏာများ ပေါ်လာခဲ့သည်။

အကြောင်းမှုကား. . .

လင့်ဖန်ကွေးသည် တကယ့်လင့်ဖန်ကွေးမဟုတ်ပဲ လင့်ဖန် ကွေးအား ကယ်တင်လိုက်သော မိသားစုဝင်တစ်ဦးသာ ဖြစ်နေသော ကြောင့်ပင်။

သို့ဖြစ်လေရကား. . .

လင့်ဖန်ကွေးအတုက အဖမ်းခံရမည်စိုး၍ အချိန်မီ ထွက် ပြေးတိမ်းရှောင်သွားပြီ ဖြစ်သည်။

သို့သော်. . .

လင့်ဖန်ကွေးအစစ် သူကြွယ်ကြီး၏ သားကိုမူ စုံစမ်းရှာ ဖွေ၍ မရသေးပဲ ရှိနေလေသည်။

ထို့ကြောင့် သူကြွယ်ကြီးလင့်ဖန်ကျူး၏ ပစ္စည်းဥစ္စာများ အား အမွေဆက်ခံနိုင်ရေးအမှုမှာ ပြီးစီးတော့မလို ဖြစ်ပြီးကာမှ မပြီးပြတ်နိုင် ဖြစ်နေရပြန်သည်။

စွန်ရဲချမ်းမိန် ကိုယ်တိုင် လင့်ဖန်ကွေး အစစ်ရှိမည်ထင်ရ

သော အရပ်ဒေသများသို့ မကြာခဏ သွားနေရသည်။

လူသတ်မှု တစ်ခုကလည်း ခပ်ဆန်းဆန်းပင်. . .

သည်လူက နေပြည်တော်မှ အများသုံးဥယျာဉ်အတွင် ဆီးနှင်းတွေကြားတွင် လဲကျသေဆုံးနေသော အမှုဖြစ်သည်။

သူ့အား တစ်စုံတစ်ယောက်က အကြောပိတ်၍ သတ်သွ ခြင်း ဖြစ်ကြောင်း ထင်ရှားသော်လည်း အသိသက်သေ လုံးဝမ သော လူသတ်မှု တစ်ခု ဖြစ်နေသည်။

သည်အမှုအကြောင်းကို အဖေဖြစ်သူ အထောက်တော် စွန်ရဲ ချမ်းမိန် ပြောပြစဉ်က ချမ်းလီ စိတ်ဝင်တစား နားထောင် သည်။

"ဒီအမှုကိုလည်း တရားရေးချုပ်ကြီး ထိန်ကွမ်းလျန်က အဖေ့ကိုပဲ တာဝန်ပေးခဲ့တယ်၊ ခက်တာက ဒီအမှုကိုအဖေလိုက်နေ တယ်လို့သာ ပြောရတယ်၊ ဘယ်သူ့နောက်ကို လိုက်ရမလဲမသိဘူး ဖြစ်နေတယ်"

"ဒီအမှုနဲ့ ပတ်သက်ပြီး သဲလွန်စဆိုလို့ အချက်နှစ်ချက်တို့ ပဲ အဖေစုံစမ်းလို့ရတယ်၊ ပထမဆုံးအချက်ကတော့ လူသတ်သမား ဟာ သိုင်းလောကသားတစ်ယောက် ဖြစ်ရမယ်ဆိုတဲ့အချက်ပဲ"

သည်လိုနေရာမျိုးတွင် ဖခင်ချမ်းမိန်က သားချမ်းလီတို့ ပညာစမ်းလေ့ရှိသည်။

"အဖေက လူသတ်သမားကို သိုင်းလောကသားတစ် ယောက် ဖြစ်ရမယ်လို့ ဘာလို့ ပြောနိုင်ရတာလဲ သိလား. . ."

ချမ်းလီက

"အဖေကလဲ အသတ်ခံလိုက်ရတဲ့လူက အကြောပိတ်ခံ





ရပြီး သေသွားတယ်မဟုတ်လား အဖေရဲ့"

ဟု ပြောလိုက်သောအခါ အဖေချမ်းမိန်မှာ ကျေနပ်ပြုံး ပြုံးနိုင်ခဲ့သည်။

အမှန်တော့ အခုလို မိမိလိုက်လံစုံစမ်းထောက်လှမ်းနေ သော အမှုအခင်းများအကြောင်း သားဖြစ်သူ ချမ်းလီအား ပြောပြ နေသည်မှာ သည်သား တစ်နေ့နေ့ မိမိလို ဘုရင်မင်းမြတ်၏ အချီး ကျူးခံ အမှုထမ်းကောင်းဘဝမျိုး ရရှိခံစားစေလိုသောကြောင့်ပင် ဖြစ်သည်။

ချမ်းမိန်က လူသတ်မှုအကြောင်းကို ဆက်ပြောသည်။

"နောက် သဲလွန်စတစ်ခုကတော့ တခြားမဟုတ်ဘူး သားရဲ့ အဲဒီဥယျာဉ်ကြီးရဲ့ မြောက်ဘက်မှာ တစ်ညလုံးဖွင့်တဲ့ စားသောက် ဆိုင်တစ်ဆိုင်ရှိတယ်"

"အဲဒီ စားသောက်ဆိုင်ထဲကို လူနှစ်ယောက် ဝင်လာတယ် လို့ ဆိုင်ရှင်အဖိုးကြီး ချောင်တုံးက ပြောတယ်၊ သူက အိပ်ငိုက်နေလို့ အမှုမဲ့ အမှတ်မဲ့ ဖြစ်သွားပေမယ့် သူ့နားထဲမှာ အိပ်မက်လိုလို စကားသံတွေ ကြားနေရတယ်တဲ့၊ ကြားရတဲ့စကားသံတွေထဲက ချမ်စမ်း ဆိုတဲ့စကားလုံး တစ်လုံးကိုတော့ သူမှတ်မိလိုက်တယ်တဲ့"

"ငိုက်ရာက နိုးတဲ့အချိန်လဲရောက်ရော အဲဒီလူနှစ်ယောက် မရှိတော့ဘူးတဲ့ ဒီတော့ အဖေက ဒီလူနှစ်ယောက်ဟာ အသက်ခံ လိုက်ရတဲ့ လူနဲ့ လူသတ်သမားပဲ ဖြစ်မယ်လို့ သတ်မှတ်လိုက်တယ်"

"အဲဒီအချိန်မှာ ညလုံးပေါက် စားသောက်ဆိုင်ထဲမှာ သူတို့ နှစ်ယောက်ထဲ မဟုတ်လား ဆိုင်ရှင်အဖိုးကြီးပြောတဲ့ ချမ်စမ်းဆိုတဲ့ နာမည်ဟာ လူနာမည်လား၊ ဒါမှမဟုတ် နေရာဒေသတစ်ခုရဲ့

နာမည်လား ဆိုတာ ခွဲမရသေးဘူး"

"ဒီနေ့တော့. . . ဒီနာမည်မျိုးနဲ့ ကျေးရွာကလေးတစ်ရွာ မြောက်စွန်းပိုင်းမှာ ရှိနေတဲ့အကြောင်းသိလာရတယ်၊ အခု အဲဒီ အရပ်မသွားခင် အိမ်ကို ပြန်လာပြီး သားကိုလာတွေ့တာပဲ"

ဟု ပြောသည်။

သည်တော့လည်း သားဖြစ်သူ ချမ်းလီသည်

"အဖေခရီး ထွက်ရအုံးမှာပေါ့နော်" ဟု မေးလိုက်သည်။

ချမ်းမိန်က အပြင်က ဝယ်လာသော ပေါက်စီနှစ်လုံးအနက် တစ်လုံးကို သားဖြစ်သူ ချမ်းလီအား ပေးရင်း -

"မင်းကလဲ ငါအခုလို ခရီးထွက်တာများ အဆန်းလုပ်လို့ ကွာ ဘာဖြစ်လို့ မေးရတာလဲ" ဟု ပြန်မေးလိုက်ပြီး မိမိလက်ထဲမှ ပေါက်စီကို စက္ကူပတ်ခွာနေသည်။

ပေါက်စီမှာ ပဲပေါက်စီဖြစ်သည်။

သားဖြစ်သူ ချမ်းလီ အကြိုက် ဝယ်လာခြင်း ဖြစ်သည်။

ချမ်းလီက ပဲပေါက်စီကို မစားသေးပဲ ကိုင်ထားလျက်မှ

"ကျွန်တော့်စားကိစ္စလေ" ဟု ပြောလိုက်သည်။

"ကြော်. . . စားဆိုလို့ပြောရအုံးမယ်၊ မနေ့က တို့သားအဖ ဒီသံသေတ္တာအကြောင်းပြောမိကြလို့ အဖေလဲ တရားရေးချုပ်ကြီး ထိန်ကွမ်းလျန်နဲ့ တွေ့တော့ ဒီသံသေတ္တာအကြောင်းကို ဆက်ပြော ဖြစ်သေးတယ်"

"ဦးရိုးတော် ထိန်ကွမ်းလျန်က သံသေတ္တာနဲ့ပတ်သက်လို့ ဘာပြောလဲအဖေ"

ချမ်းလီသည် လက်ထဲက ပဲပေါက်စီကို တစ်ကိုက်ပဲ ကိုက်







စားရသေးသည်။

ဆက်မစားနိုင်တော့ပဲ ဖခင်ပြောလာမည့် စကားကို သာ ငံ့လင့်နေတော့သည်။

ချမ်းလီကတော့ အဖိုးလက်ဆောင်စားနှင့် ပတ်သက် သောလျှင် ထမင်းမေ့ ဟင်းမေ့အခြေအနေ ဖြစ်လာပြီ. . .

ဖခင်ဖြစ်သူ ချမ်းမိန်က သူ့စကားကို ပဲပေါက်စီစားရင်းက နေ ဆက်ပြောသည်။

"ဒီသံသေတ္တာအကြောင်းနဲ့ ပတ်သက်လို့ ဦးရိုးတော် ထိန်ကွမ်းလျန်က အတော့်ကိုသိနေတာပဲ သားရဲ့"

သည်လို ဖခင်ချမ်းမိန်က သံသေတ္တာအကြောင်း အစ် ကြောင်းပေးလိုက်သည်နှင့် ချမ်းလီမှာ အထူးပင် စိတ်ဝင်တစား ဖြစ်၍ သွားကာ လက်ထဲက ပေါက်စီကို လုံးဝ ဆက်မစားတော့ပေ။

ထိုစဉ်. . .

"မင်းကလဲ ပေါက်စီကို မစားပဲ တကိုင်ကိုင်နဲ့ ပေးစမ်းကွာ မင်းမစားရင် ငါပဲစားမယ်"

ဟု ပြောပြောဆိုဆို သူငယ်ချင်းဖြစ်သူ ကွာဖုန်းယုက ချမ်းလီ လက်ထဲက ပေါက်စီကို လှမ်းယူလိုက်သည်။

ကွာဖုန်းယုသည် အပြင်က ရုတ်တရက် ဝင်ရောက်လာပြီး သားအဖနှစ်ယောက် စကားဝိုင်းကို ဝင်၍ဖျက်လိုက်သည့်နှယ်. . .

အမှန်တော့လည်း ကွာဖုန်းယုသည် ချမ်းလီနှင့် ညီအကို ကဲ့သို့ တစ်ယောက်ကို တစ်ယောက် ချစ်ခင်ကြင်နာစွာ ပေါင်းသင်း နေခဲ့သည်မှာ ကြာပြီ. . .

သည်တော့ ဖခင်ချမ်းမိန်က ကွာဖုန်းယုကိုလည်း သားကို

ချစ်သည့်အတိုင်း ချစ်နေရသည်။

သံယောဇဉ်ဖြစ်နေရသည်။

သူ့အရေး ကိုယ့်အရေး ဘာမဆို ပွင့်ပွင့်လင်းလင်း ပြောကြ ဆိုကြသည်။

ဆုံးမဆရာ ရှိလျှင်လည်း ဆုံးမသည်။

"မင်းအတွက် ပေါက်စီ တစ်လုံး ငါချန်ထားပါတယ်ကွာ ဟောဟို စားပွဲခုံမှာ သွားယူ၊ သွားယူ. . ."

❉ ◉ ❉ ◉ ❉

## ရွှေနန်းတော်တွင်းမှာ

တရားသူကြီးချုပ် ထိန်ကွမ်းလျန် ပြောပြလိုက်သော နန်းတွင်းသံသေတ္တာအကြောင်း ဖခင်ချမ်းမိန်က တဆင့်ဖောက်သည် ချသည်။

ထိုအကြောင်းအရာမှာကား အောက်ပါအဖြစ်အပျက်များ ပင် ဖြစ်သည်။

ဘုရင်မင်းမြတ်သည်. . .

သူအလိုရှိသော သံသေတ္တာမျိုး ဖြစ်လာသော်လည်း





သံသေတ္တာတစ်လက်က နှစ်လက် ဖြစ်သွားသည်ကို မကျေနပ်ပဲ ဖြစ်နေလေသည်။

တာဝန်ခံအဖြစ် စေခိုင်းလိုက်သော စစ်သူကြီး ဟုန်ဈွေ့ပင်း ကို ပေးအပ်သောတာဝန် မကျေပွန်မှုကြောင့် ကွပ်မျက်လိုက်မိသည် ကိုမူ ဘုရင်မင်းမြတ်က နောင်တဖြစ်နေသည်။

ဟုန်ဈွေ့ပင်းအပေါ် သံသယစိတ်ရှိသဖြင့် ကွပ်မျက်ရန် အမိန့်ပေးမိသည်မှာ မှန်သော်လည်း နောက်ပိုင်းတွင် ဟုန်ဈွေ့ပင်း နှင့် ပန်းပဲဆရာကြီးတို့အကြားတွင် မည်သည့်ဆက်စပ်မှုမျိုးမှ မရှိ ကြောင်း စုံစမ်းသိရှိလာရသည်။

ခက်နေသည်မှာ ပန်းပဲဆရာကြီးအား သတ်ပြီး ၎င်းလက် ထဲတွင်ရှိနေသော ဘုရင်မင်းမြတ်၏ သံသေသံစမှ ပွားယူလိုက်သော သံသေတ္တာကိုပါ ယူဆောင်သွားသည့် လူအကြောင်းနှင့် ပတ်သက်ပြီး ည်သည့် သဲလွန်စမျိုးကိုမှ မရရှိပဲ ဖြစ်နေခြင်းပင်။

ထို့ကြောင့်. . . .

ဘုရင်မင်းမြတ်က ပန်းပဲဆရာကြီးထံမှ ပျောက်ဆုံးသွား သော သံသေတ္တာနှင့် ပတ်သက်၍ စုံစမ်းရှာဖွေရေး အဖွဲ့တစ်ဖွဲ့ကို ဖွဲ့ကာ ဆက်လက်ရှာဖွေစေခဲ့သည်။

နန်းတွင်းသံသေတ္တာကိုကား ဘုရင်မင်းမြတ်သည် အလွန် မြတ်နိုးနေသည်နှင့် သွားလေရာသို့ပင် ကိုယ်နှင့်မကွာ ကိုင်ဆောင် သွားခဲ့သည်။

နန်းတွင်း သိုင်းပညာရှင်ကြီး ကြယ်တံခွန် ခိုင်လန့်ရှင်း ကမူ. . .

"အရှင်မင်းမြတ် ဒီသံသေတ္တာမျိုးကို ယခုအတိုင်း ကိုင်

ဆောင်ခြစ်းထက် ဓား၏ မွေးဖွားသက္ကရာဇ်များဖြင့် ဇာတာကောင်း ပြုလုပ်ထားသင့်ကြောင်း၊ ဤသို့ ပြုလုပ်ခြင်းမှာ ဤဓားသည် အရှင်မင်းမြတ်၏ သားတော်တစ်ပါးဟူသော အစိပ္ပါယ်ကို ဆောင်စေလိုသည်က တစ်ကြောင်း၊ ဓား၏အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါး၌ ဖြစ်ပျက်သော အကြောင်းတရားများကိုလည်း သိစေလိုသည်ကတစ်ကြောင်းကြောင့် ဖြစ်ပါတယ်။ အရှင်မင်းတရား"

"တဖန် ဤဓားသည် အလွန်ထူးခြားဆန်းကြယ်သော ဓားများဖြစ်သည့် နဂါးနိုင်ဓား၊ တိမ်လွှာဓား၊ ကိမ်မီးခိုးဓားတို့ ကဲ့သို့သော ဓားများနည်းတူ အဆင့်မြင့်သော ဓားတစ်လက်ဖြစ်သည်နှင့် အညီ ဤဓားကို သက်ဆိုင်ရာ ရိုးရာနတ်မင်းကြီးများထံ အပ်နှံပြီး ဓားသိုက် တင်သင့်ကြောင်းပါ အရှင်မင်းတရား"

ဟု..လျှောက်ထားခဲ့လေသည်။

သို့ဖြင့် ဘုရင်မင်းမြတ်ကလည်း နန်းတွင်းသိုင်းပညာရှင်ကြီး ကြယ်တံခွန်နိုင်လန့်ရှင်း၏ လျှောက်တင် အကြံပြုထားချက်များအတိုင်း ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်များ ပြုလုပ်နေသည်။

ထိုအချိန်. . . တစ်ညတွင်မူ ဘုရင်မင်းမြတ်သည် အနိမ့်စားမိဖုရားတစ်ဦးဖြစ်သော ကျောင်းချူးအိမ်သခင်မလေး စံအိမ်တော်နန်းဆောင်သို့ ဆောင်တော်ကူးခဲ့လေသည်။

နံနက်မိုးသောက်ရောက်လေသော် ဘုရင်မင်းမြတ်သည် အမြန်ဆုံး ဆောင်ရွက်ရမည့် တိုင်းရေးပြည်ရွာ အရေးကိစ္စများကို သတိရသည်နှင့် နန်းမကြီးသို့ ပြန်လည်ကြွမြန်းခဲ့လေရာ သံသေဓားမှာ ဘုရင်မင်းမြတ်၏ ကိုင်ဆောင်နေကျဓား မဟုတ်ခြင်းကြောင့် သတိမရဖြစ်ကာ ကျောင်းချူးအိမ်သခင်မလေး၏ စံအိမ်တော် နန်း





ဆောင်တွင် ကျန်ရစ်ခဲ့လေသည်။

ကျောင်းချူးအိမ်သခင်မလေးသည် ဘုရင်မင်းမြတ် ပြန်လည်ကြွမြန်းသွားတော့မှ ဤသံသေဓားကို မိမိခမ်းဆောင်ရှိ ကြာ လပ်ပေါ်၌ ကန့်လန့်ဖြတ်တင်လျက် ရှိနေသည်ကို သိရှိလိုက်ရပါလေတော့သည်။

ထိုအခါ ကျောင်းချူးအိမ်သခင်မလေးမှာ အလွန်တုန်လှုပ်သွား၏။

အကြောင်းမူကား. . . .

ဘုရင်မင်းမြတ်ကိုယ်တော်တိုင်က မိမိအား ဤဓားသည် သာမညဓားမဟုတ် သံသေဓားတစ်လက်ဖြစ်ကြောင်း ထူးခြားပြီး အလွန်အစွမ်းထက်သော ဓားအမျိုးအစားဖြစ်ကြောင်း သံသေဓားကို ကိုင်စွဲ၍ တိုက်ခိုက်ပါက ကိုင်စွဲသူ သိုင်းသမား၏ သိုင်းပညာအဆင့်ထက် အဆများစွာ ကျော်လွန်သော သိုင်းပညာအစွမ်းအစမျိုးကို ဤဓားက ဦးဆောင်တိုက်ခိုက်သွားတက်သော သဘောရှိကြောင်း ပြောပြခဲ့သောကြောင့်ပါပေ။

ဤသို့ သံသေဓားနှင့် ပတ်သက်သော လျှို့ဝှက်ချက်များကို မကြွင်းမကျန်ဖွင့်ဟ ပြောကြားခဲ့ခြင်းမှာလည်း ဘုရင်မင်းမြတ်သည် ကျောင်းချူးအိမ်သခင်မလေးအပေါ်တွင် အလွန်ချစ်မြတ်နိုးသောကြောင့်ပင် ဖြစ်သည်။

"ခက်တာပဲ ကျွန့်အန်ရယ် ငါ့တော့ဒီဓား ငါ့အဆောင်တော်မှာ ကြွင်းကျန်ခဲ့တဲ့အတွက် သေမတတ်ခံစားရတော့တာပဲ ဘယ်လိုလုပ်ရင်ကောင်းမလဲ ကြံစမ်းပါအုံး ကျွန့်အန်ရယ် ကြံစမ်းပါအုံး"

ဟု ကျောင်းချူးအိမ် သခင်မလေးက အပျိုရုံမိန်းကလေး ကျွေ့အန်အား ပြောဆိုအကြံတောင်းလိုက်သည်။

အပျိုရုံ ကျွေ့အန်သည်လည်း မိမိသခင်မ ကျောင်းချူးအိမ်နှင့်အတူ စိုးရိမ်ထိတ်လန့်နေခြင်းကြောင့် လောလောဆယ် မည်သို့သော အကြံမျိုးပေးရမည် မသိဖြစ်နေသည်။

"ကျွန်မလဲ မကြံတတ်ပဲ ဖြစ်ပါတယ် သခင်မလေး လောလောဆယ် ဒီဓားကို ဘုရင်မင်းမြတ်ထံကို ဝင်ပေးဖို့ဆိုတာကတော့ လုံးဝမဖြစ်ဘူး မဖြစ်နိုင်တဲ့ အကြောင်းကြောင်းတွေက ရှိနေတာ မဟုတ်လား"

ဟု ကျွေ့အန်က မထူးခြားသော စကားကို ဆိုလိုက်သည်

ကျောင်းချူးအိမ်သခင်မလေးက အလွန်စိုးရိမ်ထိတ်လန့်နေသော အကြည့်ဖြင့် ကြာကလပ်ပေါ် တင်ထားသော သံသေတ္တာကို ကြည့်နေသည်။

ကိုင်ကြည့်ရန် ကြိုးစားမိပါသေးသည်။ ကိုင်ကြည့်ရန်ပင် မဝံ့သည့်အတွက် ကြည့်ရုံပဲ ကြည့်ဖြစ်သည်။

ကြာကလပ်ပေါ်တွင် တင်၍ထားသော သံသေတ္တာမှာ ဓားအိမ်နှင့် အတူတကွရှိနေသည် မှန်သော်လည်း-

ဤဓားရိုးမှာ ဆင်စွယ်ကို အရင်းခံ၍ ပြုလုပ်ထားပြီး ရတနာစီခြယ်ထားပြီး ဖြစ်သည်။ မြိတ်အစများကား အနီ အဝါ အပြာရောင် သုံးမျိုးရောယှက် ဖွဲ့စည်းထားသည် ဖြစ်လေရကား

အရောင်တို့ကား တောက်ပပြီး အလွန်လှပလှ၏။ ဓားအိမ်သည်ကားအနီခံ အနက်ကောက်ကြောင်းသွားလျက် ကောက်ကြောင်းတိုင်း အဖိုးတန်ကျောက်မျက်ရတနာမျိုးကွဲတို့ကို တန်းစီ၍





ယ်ပြုလုပ်ထားသည်။

စင်စစ်. . .

ဤဓားအိမ်သည် ဤသံသေတ္တာအရွယ်အစားကို သိရှိထား ဖြစ်သည့်အတိုင်း နန်းတွင်းသုံး ရွှေပန်းတိမ်ဆရာကျော် တစ်ဦး ဘွင် ကြိုတင်လုပ်ခိုင်ထားခဲ့သော ဓားအိမ်ပင်ဖြစ်သည်။

ထို့ကြောင့်. . . .

ရှေးသံသေတ္တာမပြောနှင့် သံသေတ္တာအိမ်သည်ပင်လျှင် လွန်ထူးခြားဆန်းကြယ်၍ နေပါလေတော့၏။

ကျောင်းချူးအိမ်သခင်မလေးနှင့် ကျွေ့အန် အပျိုရုံ မိန်း လေးတို့မှာ သံသေတ္တာကို ကြည့်လျက် အကြံထုတ်နေသည်။

ဘုရင်မင်းမြတ်ဆိုတာက မိမိတို့ တွေ့ချင်တိုင်း တွေ့၍ ခွင့်ရှိသော ပုဂ္ဂိုလ်မျိုးမဟုတ် သူ့ဘက်ကလည်း အခုလို မောင်းမ ဘ်သံ မင်းမိဖုရားသော်မှ ကြုံဆုံချင်တိုင်း ကြုံဆုံရသည်မဟုတ်။

သူ့မှာတာဝန်တွေကများလွန်းသည်။ မိမိကိုယ်ကို မိမိ ဆိုင်သည့် ပုဂ္ဂိုလ်မျိုးမဟုတ်။

တိုင်းပြည်နှင့်လူမျိုးအရေးကိစ္စ အဝဝက ဘုရင်မင်းမြတ်ကို ဆိုင်နေသည်သာ။ သည်တော့လည်း ဘုရင်မင်းမြတ်သည် သူ လွန် စိတ်ဝင်စားသော ဓားတစ်လက်ပင် ဖြစ်သော်လည်း မေ့ကျန် သည့် နောက်ပိုင်း သာမန်လူတွေကို

"ဟဲ့ ဘယ်သူဘယ်ဝါပြေးသွားစမ်း ယူခဲ့စမ်း" စသည်ဖြင့် ပ်၍မရနိုင် သတိရသည်ရှိသော်လည်း သတိမရရှိလေဟန် ရပေလိမ့်မည်။

တစ်ခုတော့ရှိသည်။

သူမေ့ကျန်ရစ်သောအရာမှာ သူကအလွန်တန်ဖိုးရှိသော သံသေတ္တာတစ်လက်ပင် ဖြစ်လင့်ကစား မေ့ကျန်ရစ်သော နန်း ဆောင်မှာ အလွန်မြတ်နိုးတော်မူသော မြောက်နန်းဆောင် ကြင်ယာ ဒေဝီမဟေသီ တစ်ပါးဖြစ်သော ကျောင်းချူးအိမ် ဖြစ်နေသဖြင့် ဘုရင်မင်းမြတ်ရင်ထဲ စိုးရိမ်စိတ်လျော့နည်းနိုင်ပါ၏။

ကျောင်းချူးအိမ်သခင်မလေး အဖို့မှာကား အလွန်ပူမြိုက် တောက်လောင်လျက်ရှိသော သံတွေသံခဲတစ်ခု မိမိလက်ဖဝါးပေါ် သို့ ရုတ်ချည်းကျရောက်လာသည်သို့ ခံစားနေရပါလေတော့၏။

"ဟဲ့... ကျွဲ့အန်... ဘာငိုင်နေတာလဲ ကြံစမ်းပါဦး"

ဟု ကျောင်းချူးအိမ်သခင်မလေးက နှိုးဆော်ပြောလိုက် တော့မှ....

ကျွဲ့အန်အပျိုရံက ငိုက်မြည်းသူ အလန့်ခံလိုက်ရသလို တုန်ရီသော လှုပ်ရှားမှုဖြင့် ကျောင်းချူးအိမ်သခင်မလေးကို ဆတ်ခနဲ လှည့်ကာ

"ဒီလို... ဒီလိုလုပ်ရင် မကောင်းဘူးလား သခင်မလေး"

ဟူသော စကားကို မရေမရာပြောလိုက်သည်။ အမှန် စင်စစ် သည်အကြံကို သူမသည် အတန်ကြာ ငြိမ်သက်နေစဉ်က ခေါင်းထဲတိုးဝင်လာသော အကြံဖြစ်သည်။

ကျောင်းချူးအိမ်သခင်မလေးက...

"ဘယ်လိုလဲ... ဘယ်လိုလဲ ပြောစမ်း မြန်မြန်" ဟု လောဆော်လိုက်လေသည်။

ကိုယ်ခန္ဓာကိုပင် ကျွဲ့အန်အနား ပြောင်းရွှေ့ တိုးကပ်လိုက် သည်။



ကျွဲ့အန်က...

"ဒီလိုပါ... ဒီကိစ္စကို ဦးရိုးတော် ကျိုးဟန့်ခင်းကို သွားပြီး ပြောကြားထားရင်ကောင်းမလားလို့ပါ"

ဟူသော စကားကို မဝံ့မရဲပြောလိုက်သည်။ ကျောင်းချူး အိမ်သခင်မလေးကား တစ်ချက်တွေ၍သွားသည်။

အတန်ကြာသွားသည်။ အဆောင်တော် အထက်မျက်နှာ ကြက်၌ အသိုက်ဖွဲ့နေသော ဆက်ရက်ငှက်များ၏ အော်မြည်သံက လေပြေလေညှင်းနှင့်အတူ အဝေးသို့ ပျံ့လွင့်သွားလေသည်။

ပြုံးတော့ပန်းဥယာဉ်အတွင်းက ပန်းရနံ့တွေ အဆောင် တွင်းသို့ ပျံ့လွင့်သွားလေသည်။

ကျောင်းချူးအိမ်သခင်မလေးက ကျွဲ့အန်ဘက် ဆတ်ခနဲ ပြန်လှည့်ကာ...

"ဟုတ်တယ်... ဟုတ်တယ်... ကျွဲ့အန်ရဲ့ အကြံ အကောင်းဆုံးပဲ"

ဟု ဝမ်းသာအားရပြောလိုက်လေတော့၏။

❋ ◉ ❋ ◉ ❋

## သူခိုးကျော် ရန်ရှောက်ပီ

သည်ညကျကာမှ သူခိုးကျော်ရန်ရှောက်ပီက ဤအရပ်ဒေသမှ ထွက်ခွာတော့မည့်အတွက် အချီကြီးခိုးရန် အကြံဖြင့် ရှမြောက်နန်းစံ ကြင်ယာတော် ဒေဝီမဟေသီ ကျောင်းချူးအိမ်၏ စံနန်းတော် အဆောင်ဝင်း အတွင်းသို့ ပျံကာ ရောက်ရှိ လာခဲ့လေသည်။

"ရှပ်" "ရှပ်" "ရှပ်"

သူခိုးကျော်ရန်ရှောက်ပီ၏ ခြေရှောက် သိုင်းကွက်မှာကား ကောင်းလိုက်သည့် ဖြစ်ခြင်း သူခိုးကျော်ရန်ရှောက်ပီကား နည်းနည်းရရ သူခိုးကျော်မဟုတ်။

အခုပဲကြည့်. . .

နန်းတွင်းကိုပင်လျှင် ကျူးကျူးကျော်ကျော်ဝင်ရောက် ခိုးသူရန် အကြံဖြင့် ဝင်ရောက်လာခဲ့သည်မဟုတ်ပါလား။

သည်လိုလာခဲ့ခြင်းအတွက်. . .



သူခိုးကျော်ရန်ရှောက်ပီသည် မြို့တော်၏ အနောက်မြောက် ထောင့်၌ရှိသော မြို့စောင့်နတ်မင်းကြီး၏ နတ်ကွန်းတွင် အသားပေါက်စီ သုံးလုံးကိုတင်မြှောက်ခဲ့ပြီးဖြစ်သည်။

ပေါက်စီတစ်လုံးမှာ မြို့စောင့်နတ်မင်းကြီးအတွက် ရည်ရွယ်၍ ကျန်ပေါက်စီနှစ်လုံးမှာ မြို့စောင့်နတ်မင်းကြီး၏ တပည့် နတ်ဘီလူးညီနောင်အတွက် ရည်ရွယ်ပါ၏။

ဤသို့သော အလေ့အကျင့်မှာ ဓားပြကျော်ကြီးများနှင့် သူခိုးကျော်ကြီးများသည်သာ ပြုလုပ်လေ့ရှိသော အစဉ်အလာများ ဖြစ်သည်။

သို့သော်လည်း. . .

ဤသူခိုးကျော်ရန်ရှောက်ပီကား မိမိအားခြေရာကောက်၍ မရနိုင်ရန် နတ်မင်းကြီးအား တင်မြှောက်ပသသော မုန့်ပဲသွားရည်စာနှင့်အမွှေးတိုင် စသည့်တို့ကို အမွဲအလန်းလုပ်မထား။ ဤနတ်ကွန်းတွင် ဤမုန့်ပဲသွားရည်စာနှင့် ဤအမွှေးတိုင်မျိုးကို တင်မြှောက်ပသသည်မှန်သော်လည်း အခြားနတ်ကွန်းတွင် အခြားမုန့်ပဲသွားရည်စာနှင့် အခြားအမွှေးတိုင်မျိုးကို တင်မြှောက်သည်။

သို့မှသာ လိုက်လံဖမ်းဆီးသူသည် ဘယ်အရပ်သူ၊ အရပ်သား ဆိုတာခန့်မှန်းမရ ဖြစ်ရမည်သာပင်။

တဖန်. . . မိမိလုပ်ဆောင်ချက်သည် အခြားသူတစ်ဦး၏ လုပ်ဆောင်ချက်သင်္ကေတမျိုးဖြစ်စေသော်. . .

ခြေရာကောက်သူများအဖို့ ဝေဝါးသွားနိုင်သည်။ သူခိုးကျော် ရန်ရှောက်ပီကား ဤသို့သော ထူးခြားချက်မျိုးရှိသူ သူခိုးကျော်မျိုးဖြစ်သည်။ ပြီးတော့. . . .

သူသည် တစ်ဦးတစ်ယောက်တည်း လှုပ်ရှားမြဲဖြစ်သည်။ တပည့်ကို မမွေး။ ဆရာကိုလည်းမထား။ သင်ဆရာထက် သူ့အ မြင်ဆရာ၊ ကြားဆရာကို ပို၍ ဆည်းကပ်သည်။ သင်ဆရာကို ဆည်း ကပ်ခြင်းမပြုသည်မှာ. . . .

ဆရာ၏ အဆိုးအကောင်း မလွှဲမသွေရှိလာမည်ဆိုရာ အဆိုးရှိခဲ့ပါမူ ဆရာအပေါ်တွင် ပြောမှားဆိုမှားဖြစ်မည် စိုးသော ကြောင့် ဖြစ်သည်။

တပည့်ကိုကား လုံးဝမမွေး။ တပည့်ဆိုသူများသည် ဆရာ အပေါ်တွင် သစ္စာရှိသည် မရှိသည်ထက် လုပ်ငန်းပေါ်တွင် နားလည် ရန်ခက်ခဲသောကြောင့် ဖြစ်သည်။ သူခိုးကျော်ရန်ရှောက်ပိက တပည့်မမွေးဖူးမဟုတ်။ တပည့်မွေးဖူးသည်။ တပည့်တစ်ယောက် မွေးပြီး ဘာမဆို တိုင်ပင်လုပ်ကိုင်မည် အတွေးမျိုး ဖြစ်သည်။

ထို့ကြောင့်. . . .

သူခိုးကျော်ရန်ရှောက်ပိက မြင်းပုဆိုသော တပည့်အား မွေးခဲ့စဉ်က . . .

"မြင်းပု မင်းသိထားဖို့က မဟုတ်တာလုပ်လို့ သစ္စာမရှိ လဲအကြောင်းမဟုတ်ဘူးလို့ မမှတ်နဲ့ သစ္စာရှိရတယ် ဘယ်သူ့ကို သစ္စာရှိရမလဲသိလား"

ဟုပြောသောအခါ. . . .

တပည့်မြင်းပုသည် အငေးသားရှိနေခဲ့သည်။

"မှတ်ထား သူခိုးအလုပ်အပေါ်မှာ သစ္စာရှိရတယ်။ ဝတ်စုံ ခိုးမယ်ဆိုရင် ဝတ်စုံကိုပဲ ခိုးရတယ်။ အစားအသောက်ခိုးမယ်ဆိုရင် အစားအသောက်ကိုပဲ ခိုးရတယ် အဲတွေ့တာတွေ အကုန်ခိုးလို့



...တော့ ဒီသူခိုး ချောင်ပိတ်ပြီသာ မှတ်ပေတော့"

"နောက်တစ်ခုပြောချင်တာက တို့ခိုးတာက ...

...ာ အဲ့ဒါကို အဆင်ပြေလို့ဆိုပြီး ကာမသူခိုးမဖြစ်ရဘူး၊ တို့သူခိုး ...ဟာ ကာမရာဂမီးတောက်လောက်နေတဲ့ မိန်းမမျိုးတွေကို မကြာ ...ာ တွေ့ရဖူးတယ်။ အဲဒီမျိုး မရှောင်လို့ ချောင်ပိတ်တဲ့ သူခိုး တွေလဲ ...ခဲ့ဒေးပဲ"

"သွားခိုးတဲ့ အိမ်မှာ အစားအသောက်တွေရင်လဲ မစားရ ...း ရေကအစ မသောက်ရဘူး။ သူ့အစားအစာ သူ့ရေကို စာမိ ...သောက်မိခဲ့ရင် သူ့ကျေးဇူးရှိသွားတဲ့သဘောကိုဆောင်တယ်။ ကျေးဇူး ...သူရဲ့ သစ္စာမရှိတာပဲ မဟုတ်လား"

"နောက်ပြီး သူခိုးဆိုတာ လိုက်ရင်ပြေး ရိုက်ရင်အော် ...ါ ရင်တော့ မလိုက်ရဘူး. . . ဒီလိုပြောလို့ သူခိုးကျင့်ဝတ်တွေ ...န်ပြီမမှတ်နဲ့ အများကြီးရှိသေးတယ်"

စသည်ဖြင့်. . .

သူခိုးကျော်ရန်ရှောက်ပိက တပည့်မြင်းပုကို သင်ကြား ...ားပါလျက်။

အိမ်တစ်အိမ်ကို ဝင်ရောက်ခိုးစဉ် တပည့်မြင်းပုသည် အရက်အိုးတအိုးထဲမှ လက်ကျန်အရက်ကို သောက်မိရာက မူးယစ် ...ာပြီး ပန်အိုးတစ်လုံးကို တိုက်မိခဲ့သည်။

သည့်တွင်. . .

အိမ်ရှင်များ အိပ်ယာမှ နိုးလာပြီး ဝိုင်းလိုက်ရာ ချောင်ပိတ် ...ခြင်း ခံရလေတော့သည်။

ထို့ကြောင့်. . . .

သူခိုးကျော်ရန်ရှောက်ပိသည် မိမိ၏ သူခိုးအလုပ်တွင် တပည့်ဆို၍ မြင်းပုသည် နောက်ဆုံးတံခါးပိတ် တပည့်ဖြစ်ခဲ့သည်။

သူခိုးကျော်ရန်ရှောက်ပိသည် ကျောင်းချူးအိမ် စံအိမ်တော် နန်းဆောင်ထဲသို့ ဝင်ရောက်မိသောအခါ အိပ်ဖန်စောင့်အမျိုးသမီးကြီးနှစ်ဦးသာ မီးလုံ့လျက် လှုပ်လှုပ်ရှားရှား ရှိနေကြသည်။

အဆောင်တွင်းရှိသူများ အားလုံးလိုလို အိပ်မောကျနေပြီ။

အိပ်ဖန်စောင့်မိန်းမကြီး နှစ်ဦးအနက် ခပ်ဝဝဖိုင့်ဖိုင့် မိန်းမကြီးက ပိန်ပိန်သွယ်သွယ် မိန်းမကြီးအား

"ကျွန်မတို့ နှစ်ယောက်အိပ်တာ အိပ်ပုံအိပ်နည်း မှန်လို့ဘဲပြဿနာမှ မပေါ်တာပါ။ သူခိုးသူဝှက်နဲ့မဟုတ်တာ အကြံအစီရှိတဲ့ လူတွေဟာ ဘယ်တော့မဆို ညဦးပိုင်းကို အသုံးမပြုဘူး သန်းကောင်ယံအချိန်ကိုလဲ ရှောင်တတ်ကြတယ်။ သူတို့ အများဆုံး အသုံးပြုတတ်တာက မနက်မိုးလင်းတော့မယ့်ဆဲဆဲ အလင်းရောင် မပျံ့နှံ့မီ အချိန်မျိုးကိုသာ အသုံးပြုတတ်ကြတာကလား"

ဟု ပြောလိုက်လေရကား...

သူတို့အနီး ရောက်ရှိနေသော သူခိုးကျော် ရန်ရှောက်ပိသည် ခေါင်းတညိတ်ညိတ် လုပ်ကာ...

"သြော်... ငါ့လို သူခိုးကျော်မျိုးရှိသလို သူတို့လို သူခိုးတွေအကြောင်းနားလည်သဘောပေါက်နေတဲ့ အိပ်ဖန်စောင့်တွေလဲ ရှိပါသေးကလား၊ ဒီအတိုင်းသာဆိုရင် သူတို့ဟာ ငါလှုပ်ရှားမယ့်အချိန်မှာ လုံးဝအိပ်တော့မှာ မဟုတ်ဘူး၊ ဒီတော့ ငါအခုပဲ လှုပ်ရှားရမယ်"

ဟု တွေးပြီး နောက်ဘက် ပြန်လှည့်ကာ စံအိမ်တော်





အဆောင်ဘေးဘက်ကို သွားပြီး အမိုးပေါ်သို့ ကိုယ်ဖော့ပညာကို အသုံးပြု၍ ခုန်ပျံတက်ခဲ့သည်။

"ဝှစ်"

"ဟူး"

သူခိုးကျော်မို့ ကိုယ်ဖော့ပညာမှာ ကျွမ်းကျင်အောင် လေ့ကျင့်ထားရသည်။ သိုင်းပညာကိုလည်း အတန်အသင့် သင်ထားရသည်။

သည်လိုမတတ်ထားလျှင် သာမန်လမ်းဘေး သူခိုးအဆင့်လောက်ပဲ ဖြစ်နေမည် မဟုတ်ပါလား။

ကျောင်းချူးအိမ်သခင်မလေး၏စံအိမ်တော် အခန်းဆောင် အမိုးပေါ်သို့ ရောက်သောအခါ မျက်နှာကြက်ပေါ်သို့ ပြန်ဆင်းပြီး အဆောင်တွင်း အခန်းတစ်ခန်းသို့ ရောက်ရှိလာသည်။

ထိုအခန်းတွင် အမျိုးသမီးသုံးဦး အိပ်မောကျနေကြသည်။ တစ်ဦးက အသက်လေးဆယ်ကျော် ကျန်နှစ်ဦးက အသက်နှစ်ဆယ်ကျော်ရုံပဲရှိသည်။

သူတို့အားလုံး အိပ်မပျော်မီက ကြွေးကြွေးကျွာတွေ ရှိနေသည် မှန်သော်လည်း အခုလို အိပ်မောကျနေစဉ်မှာတော့ ဝတ်စုံစားသည် လန်ပျံကာ နေပါလေတော့သည်။

"ခေါ... ခေါ... ခေါ... ခေါ..."

"ခူး... ခူး... ခူး... ခူး..."

ခေါသူက ခေါ၍ ခူးသူက ခူးနေသည်။

သူတို့ကို သူခိုး ကျော် ရန်ရှောက်ပိက ကျော်လွှားကာ သွားခဲ့သည်။

ကျောင်းချူးအိမ် သခင်မလေး၏ အဆောင်ခန်းသို့ ဝင်မိသည်နှင့် အခန်းဆောင် တောင့်တစ်နေရာရှိ ကြာကလပ်ပေါ်တွင် ကန့်လန့်ဖြတ် တင်ထားသော သံသေတ္တာကို ဘွားခနဲ တွေ့လိုက်သည်။

သည်တ္တာကို ဘုရင်မင်းမြတ်၏ တ္တာဟုမထင် ကျောင်းချူးအိမ် သခင်မလေးတ္တာဟုပင် ထင်သည်။

အထူးသဖြင့် သူခိုးကျော် ရန်ရှောက်ပိက. . .

"ဒီတ္တာဟာ အလှထားတဲ့တ္တာလား ဒါမှမဟုတ် နတ်ဆက်ထားတဲ့ တ္တာပဲ ဖြစ်မယ်၊ တ္တာအိမ်ပေါ်က ရတနာတွေဟာ အဖိုးတန်တွေချည်းပါပဲလား"

ဟု စိတ်ထဲက မှတ်ချက်ချလိုက်မိသည်။

သို့နှင့် ရန်ရှောက် ပိသည် ခြေကို ဖွဖွရှောက်ကာ အခန်းထဲဝင်လိုက်သည်။

"ချောက်"

အသံတစ်သံကို ရန်ရှောက်ပိ ကြားလိုက်၏။

လူတစ်ရပ်ခန့်မြင့်သော အပြာရောင်ပန်းခက်များဖြင့် လှပလွန်းသည့် ကြွေပန်းအိုးကြီးဘေးမှာ ခိုကပ်လိုက်သည်။

"ရှုပ်" "ရှုပ်"

"ရှုပ်" "ရှုပ်"

ကျောင်းချူးအိမ် သခင်မလေး ကိုယ်တိုင်ထလာခြင်းပင်၊ ဝတ်စုံမြိတ်စ မြိတ်နားတို့ ပွတ်ရှသံမှာ ည၏ တိတ်ဆိတ်မှုကိုပင် လွှမ်းမိုး၍ သွား၏။

သူမသည် အိပ်မှုန်စုံမွှား ထလာသောဟန်ပင်။







သံသေတ္တာ အနီးသို့သွားသည်။

တ္တာကို ရှိမရှိ စစ်ဆေးသည်။

ထို့နောက်. . .

သူမသည် သူမ၏ သလွန်ညောင်စောင်းဘက်သို့ ပြန်လည်လျှောက်လှမ်းသွားပါ၏။

သူခိုးကျော်ရန်ရှောက်ပိအနီးမှ သခင်မလေး ဖြတ်လျှောက်သွားခြင်းဖြစ်သည်။

ရန်ရှောက်ပိသည် ပန်းအိုးကြီးဘေးမှ အသာထရပ်လိုက်သည်။

ပြီးတော့ ခြေကိုဖွဖွလျှောက်ကာ သံသေတ္တာအနီးသို့ သွားပါလိုက်သည်။ ဘေးပတ်ဝန်းကျင်ကို တစ်ချက်ပဲ ကြည့်သည်။

"ဝှစ်"

"ဝှစ်"

သံသေတ္တာကို ကောက်ကိုင်လိုက်ပါလေတော့၏။

❋ ◉ ❋ ◉ ❋

## အစေးလမ်းမပေါ်မှာ

နေရောင်သည် ကြဲကြဲတောက်လျက်ရှိသည်။

ကြဲကြဲတောက် လျက်ရှိသော နေရောင်အောက် ကမ္ဘာမြေ ပြင်သည် နေရောင်ဖြင့် အပူရှိန် တံလျှပ်များကို ဖြစ်ပေါ် စေလျက် တရိုက်ရိုက် တရှိန်ရှိန် လှုပ်ခတ်၍နေလေသည်။

လေသည် ဤသို့သော လွင်တီးခေါင် ကန္တာရမျိုးတွင် တစ်နေရာမှ တစ်နေရာသို့ အစဉ်တစိုက် တိုက်ခတ်နေသည် မဟုတ်။

လေပွေ လေကတော့များအသွင်ကို ဆောင်ကာ ဟိုနေရာ၌ လေပွေ ဝေ့မှုတ်သွားကာ သည်နေရာ၌ လေကတော့ဖြစ်ကာ ရှိရှိ သမျှ အမှိုက်သရိုက်တွေ၊ သစ်ရွက်ခြောက်တွေကို စုပ်ယူသွားတတ် သည်။

လေဝဲကတော့သေးစဉ်မှာတော့ ကြည့်၍ ကောင်းပေမယ့် လေဝဲကတော့ ကြီးမားလာပြီဆိုသောအခါ မုန်တိုင်းဘဝသို့ ရောက် ခဲ့ရပြီမို့ ကြောက်စရာလန့်စရာပင်။ မည်သို့ဆိုစေ. . . . .





မြင်းလှည်းကုန်သည်တွေကတော့ သည်မြို့သည်ရွာက ည်ကုန်သည် ပစ္စည်းတွေကို ဟိုမြို့ဟိုရွာသို့ မပြစ်မနေပို့ဆောင် းရသည်။ ဟိုမြို့ဟိုရွာ ရောက်ရပြန်တော့လည်း ဟိုမြို့ဟိုရွာထွက် န်ပစ္စည်းတွေကို တဖန်တုံ့ သယ်ယူကာ သည်မြို့သည်ရွာသို့ းလူးတုံ့ခေါက် သယ်ယူပို့ဆောင် ပေးရသည်။

မိုးရွာလည်း မရှောင် နေပူတော့လည်း လုပ်ရမြဲ။ ကုန်သည် င်းလှည်းများသည် အစီးဆယ်စီးတန်းစီ၍ ရွေ့ရှားလျက် ရှိသည်။ င်းလှည်းတိုင်း ခေါင်မိုးများ တပ်ဆင်ထားသည်။

အဖော်ခေါ်လျှင် မြင်းလှည်းတစ်စီးတွင် အနည်းဆုံး လူပို စ်ဦးစ နှစ်ဦးစပဲ ခေါ်သည်။

သည်ထက်ပိုတင်၍မရ။ တင်လိုက်သည်နှင့် ကုန်ပစ္စည်း းတင်စဉ်အခါက ဟန်ချက်ညီညီ တင်ဆောင်ထားသည်ရှိရာ လူပို င်လိုက်သည်ရှိသော် ဟန်ချက်ပျက်ပြီး ဦးလေးခြင်း အမြီးပိုင်းလေး င်း စသော မလိုလားအပ်သည်များ ဖြစ်လာတတ်သည်။

သူခိုးကျော် ရန်ရှောက်ပို့သည်ကား မူလကတည်းက ကြို င်စီစဉ်ထားချက်အတိုင်း သံသေတားကို နန်းတွင်းမြောက်နန်းစံ ငြင်ယာတော် မဟေသီဒေဝီ ကျောင်းချုးအိမ် အဆောင်မှ ခိုးယူ ာပြီးကတည်းက သည်တေးကိုရောင်းချခြင်း လုံးဝမလုပ်၊ အိတ်ယာ ပ်ထဲထည့်ကာ ကုန်သည်လှည်းဆိပ်သို့ ထွက်လာခဲ့သည် ကုန်သည် ကြီး ဟောင်စစ်လွှေမှာ ခရီးဆက်ထွက်ရန် တာစူနေကြပြီ ဖြစ်သည်။

သူက ကုန်သည်ကြီးဟောင်စစ်လွှေထံ တိုက်ရိုက်မသွားပဲ င်းလှည်းသမား တစ်ယောက်ထံ အရင်သွားသည်။

"ကျွန်တော်ရွှေမြို့ကိုပဲ သွားမှာပါဗျာ မြင်းလှည်းစီးခ

တန်ရာတန်ကြေးပေးစီးမှာပါ။ ကျွန်တော်လိုက်ခဲ့လို့ မရဘူးလား"

ဟု ကပ်မေးသည်။

မေးရင်း အသားပေါက်စီတစ်လုံးကို မြင်းလှည်းသမားတို့ မိမိနှင့်အတူ စားသည့်သဘော ထုတ်ကျွေးသည်။

မိမိလည်း စားသည်။ သည်တော့ မြင်းလှည်းသမား လူရွယ်က ရန်ရှောက်ပိကို အားနာသွားပြီး. . .

"ကျုပ်တို့မြင်းလှည်းတွေဟာ ခရီးသည်တင်လို့မရဘူး ကုန်တွေကို အပြည့်တင်လာကြတာ"

ဟူသော စကားကို ပြောသည်။

အမှန်တော့လည်း. . .

သည်အကြောင်းကို ရန်ရှောက်ပိ မသိမဟုတ် သိသည်။ သိလျက်နှင့် အားနာမှုကို အရင်းတည်လိုက်ခြင်းပင်။ မြင်းလှည်းသမား လူရွယ်သည် ရန်ရှောက်ပိ ပေးကမ်းထားသော အသားပေါက်စီကို ဆာဆာနှင့် စားလိုက်ပြီးဖြစ်သဖြင့်. . . .

"တစ်ခုတော့ရှိတယ် ဟိုရှေ့က မြင်းလှည်းမှာ ကျွန်တော်တို့ ကုန်သည်ကြီး ဟောင်စစ်လေ့ ရှိတယ် သူ့ကိုပြောကြည့်လေ သူက သနားအောင်ပြောရင် အလွန်သနားတတ်တာ သွားပြောကြည့်ပါလား" ဟု အကြံပေးသည်။

ရန်ရှောက်ပိ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။ မိမိဆင်လိုက်သော အကွက်ကို အသားပေါက်စီတစ်လုံး အရင်းတည်လိုက်ရုံနှင့် ရရှိသွားသည် မဟုတ်ပါလား။

"ကျေးဇူးပါပဲဗျာ"

ပြောပြီး ကုန်သည်ကြီး ဟောင်စစ်လေ့ ထံသို့ ဆက်လက်



လျှောက်လှမ်းလာခဲ့လေသည်။ အိပ်ယာလိပ်တစ်လိပ်ကို လက်တွင်ဆွဲကိုင်လျက် ရန်ရှောက်ပိသည် နောက်ဘက် မြင်းလှည်းသမားပြောလိုက်သည့် ကုန်သည်ကြီး ဟောင်စစ်လေ့၏ သနားကြင်နာစိတ်ကို ဖော်တုတ်လိုက်သည်။

ဟောင်စစ်လေ့အား ဘာကိုမျှ မပြောသေး။ ဟောင်စစ်လေ့ မြင်သာသော နေရာတွင် အကြံအိုက်၍ ဟောင်စစ်လေ့အား ပါးစပ်မှ ထုတ်ပြောရမှာကို မဝံ့မရဲဖြစ်နေလေဟန် လုပ်ပြ၏။

ထိုအခါ. . .

ကုန်သည်ကြီးဟောင်စစ်လေ့က ရန်ရှောက်ပိ အား. . .

"မင်းက ဒီနားမှာ ဘာယောင်လည်လည် လုပ်နေတာလဲ"

ဟု မေးလိုက်သည်။

သည်တော့မှ ကိုယ်တော်ချောက လက်ထဲ မနိုင်မနင်းကိုင်ဆွဲထားသော အိပ်ယာလိပ်ကို မြေကြီးပေါ် ပစ်ချလိုက်ကာ. . .

"သူဌေးမင်းကို ပြောစရာစကား တစ်ခွန်းရှိနေလို့ပါ။ ကျွန်တော်က သူဌေးမင်းကို မပြောရဲလို့. . ."

ဟု ကြောက်ရွံ့လေဟန်နှင့် ပြော၏။

ကုန်သည်ကြီး ဟောင်စစ်လေ့က ရန်ရှောက်ပိ၏ အနီးသို့ လာရပ်သည်။ ရန်ရှောက်ပိမှာကား သူခိုးကျော် တစ်ဦးဖြစ်သဖြင့် သူက အဆင့်မြင့်သည်။ သာမန်သူခိုးနှင့် အညံ့စားတွေလို စုတ်စုတ်ပြတ်ပြတ် မဟုတ် သူကား သားသားနားနား ဖြစ်စေမည့် အဝတ်မျိုးကိုပဲ ဝတ်သည်။ စုတ်လျှင် ပြလျှင် ပြီးတော့ ဟောင်းလျှင် ချက်ချင်း အခြားဆင်းရဲ နွမ်းပါးသူကို ချက်ချင်းပေးလိုက်တတ်သည်။

ဟောင်စစ်လေ့က ရန်ရှောက်ပိအား ခြေဆုံးခေါင်းဆုံးကြည့်ရှု

အကဲခတ်လိုက်သည်။ သူသည် ရန်ရှောက်ပိအား သူခိုးကျော် တစ်ယောက်ဖြစ်ရလိမ့်မည်ဟု လုံးဝမရိပ်မိပေ။

မိကောင်းဖခင် သားသမီး တစ်ဦးတစ်ယောက်ဟုသာ အတွေးမျိုးကို တွေးလိုက်မိသည်။

"ငါက မင်းပြောသလိုသူဋ္ဌေးမင်း မဟုတ်ဘူးကွ ကုန်သည် ရိုးရိုးပါ။ ဦးကြီး ဦးလေးလို့တော့ ခေါ်နိုင်ပါတယ်။"

"ဟုတ်ကဲ့ပါ။ ဦးကြီးရယ်"

ရန်ရှောက်ပိက သူခိုးကျော်ပီပီ လူတွေအကြောင်းကို ကောင်းကောင်းကျွမ်းသည်။

"ပြောစမ်းပါအုံး ဘာကိစ္စလဲ" ဟု မေးလိုက်သည်။

ရန်ရှောက်ပိမှာ ပြောခွင့်ကြုံကာမှ ရွှေမြင်းလှည်းမှ မြင်းလှည်းသမားက. . .

"ဆရာကြီးဟောင်. . . မြင်းလှည်းတွေ ထွက်လို့ရပါပြီခင်ဗျာ. . ." ဟု အော်ဟစ် သတိပေးလေသည်။

ဟောင်စစ်လွေက ရန်ရှောက်ပိကို ဆက်မမေးပဲ မြင်းလှည်းတွေ ထွက်မည့်အရေးကို ပြန်ပြောတော့မည်အပြု ရန်ရှောက်ပိက မျက်နှာငယ်ကလေး လုပ်ပြကာ. . .

"ဦးကြီးရယ်. . . ဟိုရွှေက မြို့မှာ ကျွန်တော့်မိခင်ကြီး အသည်းအသန် ဖြစ်နေတာကို ညကမှ လူကြုံပြောလို့ သိလိုက်ရပါတယ်ခင်ဗျာ" ဟု ပြောလိုက်လေရကာ. . .

ဟောင်စစ်လွေမှာ သနားတတ်သည့်အလျှောက် ဘာကိုမျှ ဆက်မေးတော့ပဲ

"ကဲ. . . ငါ့တူ မြင်းလှည်းပေါ်သာ တတ်ပေတော့"



ဟု ပြောလိုက်သည်။

ရန်ရှောက်ပိ၏ အိပ်ယာလိပ်ကိုပင် ကူညီ၍ ဆွဲတင်နေရာချပေးသည်။ ရန်ရှောက်ပိ မြင်းလှည်းပေါ်သို့ ရောက်သည်နှင့်. . .

"မြင်းလှည်းတွေ ထွက်လို့ရပြီဟေ့" ဟု လှမ်းအော်ပြောလိုက်သည်။

ထိုအခါ . . .

အရုဏ်ဦးအလင်းရောင်အောက်တွင် ကုန်တင်မြင်း လှည်းတွေ ဆူဆူညံညံဖြင့် စတင်ထွက်ခွာပါလေတော့၏။

ယခုမူ. . . .

ခြစ်ခြစ်တောက် ပူလောင်သော နေရောင်ခြည်အောက် ကုန်သည်မြင်းလှည်း ဆယ်စီးသည် မြင်းခွာသံတွေ၊ မြင်းလှည်းဘီးလိမ့်သံတွေနှင့် မြင်းလှည်း ဘီးကျိုတ်သံများက တရုံမဆိတ် ဆူဆူညံညံ၊ ရန်ရှောက်ပိမှာ မနက်အရုဏ်တက် မြင်းလှည်းများ အထွက်တွင် တစ်စုံတစ်ခုသော အနှောက်အယှက် အတားအဆီး ဖြစ်လေမလားဟု အတွေးရောက်ခဲ့မိသေးသည်။

သူတွေးထင်သည့်အတိုင်းပင် မြို့တော်အထွက်၌ မြို့စောင့်ဘ်က မိမိတို့ ကုန်တင်မြင်းလှည်း ဆယ်စီးကို ရပ်ခိုင်းပြီး . . .

"ဘယ်သူ့ပစ္စည်းတွေလည်း ဘာပစ္စည်းတွေလည်း အခုဘယ်ကလာပြီး ဘယ်ကို သွားပို့မှာလဲ" ဟူသော ယေဘုယျ မေးနေကျမေးခွန်းများကို မေးသည်။

ရှေ့ဆုံးမြင်းလှည်းမောင်းသမားက ဒိုင်ခံဖြေလိုက်သည်။

ထို့နောက်. . . .

"သွားနိုင်ပြီ" ဟု ပြောသည်။

မိမိတို့ မြင်းလှည်းများလည်း ဆက်လက်ထွက်ခွာ၍ လ
ခဲ့သည်။

နေမြင့်သည်အထိ ကုန်သည်ကြီး ဟောင်စစ်လွေနှ
ရန်ရှောက်ပိ စကားမပြောဖြစ်ကြသေး. . , အကြောင်းမှုကား. . .

ဟောင်စစ်လွေသည် စောစောအိပ်ယာထသဖြင့် မြ
လှည်းပေါ်ရောက်သောအခါ မြင်းလှည်း အလှုပ်တွင် ချော့၍ သ
သလို ဖြစ်ပြီး ငိုက်မြည်းလိုက်၊ အိပ်ပျော်လိုက် ဖြစ်နေသောကြော
ပင် ဖြစ်သည်။

ရန်ရှောက်ပိမှာကား စကားပြောချင်ပါလျက် စကားမပြေ
နိုင် သို့နှင့် ဟောင်စစ်လွေကဲ့သို့ပင် ငိုက်မြည်းဟန်လုပ်၍ နေလို
သည်။

"ခလောက်. . . ခွပ်"

"ခလောက်. . . ခွပ်"

"ကျွီ" "ကျွီ"

မြင်းလှည်းများမှာ မြန်မြန်မောင်းနှင်ရသော မြင်းလှည်
များ မဟုတ်၍ လိုက်ပါရသူများမှာ အလွန်ပြင်းရိ ငြီးငွေ့ဖွယ်ရ
ကောင်းလှသည်။

သို့သော် ရန်ရှောက်ပိမှာကား. . .

မြင်းလှည်း တစ်စီးစီးဖြင့် လာလျှင်ဖြစ်သည်။

သို့သော်. . . စိတ်မချရ။

တစ်ယောက်တည်း မြင်းလှည်း တစ်စီးဆိုတော့ အစ
အဆေးရှိလျှင် မိမိနိုးယူလာသော တွေ့ရှိသွားမည် မဟုတ်ပါလာ

သံသေတ္တာကို ရန်ရှောက်ပိက သံသေတ္တာဟု သိထားသ



ဘုတ်၊ သူသိထားသည်မှာ ရတနာတွေ စီခြယ်ထားသော အလှပြ
းတစ်လက်ဟူ၍သာ သိထားသူ. . .

ထို့ကြောင့်လည်း. . . ရန်ရှောက်ပိက. . .

"ဟောင်စစ်လွေဆိုတဲ့ လူကြီးကို ငါ့ဓား အပြတ်ရောင်း
က်လျှင် ကောင်းမယ်။"

ဟု အတွေးမျိုး ဝင်လာပါတော့၏။

❄ ⊙ ❄ ⊙ ❄

## ရော့ပဏ္ဏမြား ရော့နဂါး

နေပြည်တော် နန်ကင်းမြို့တော်ကြီးမှ မြောက်ဘက်စူးစူး
 လာခဲ့ရာ၌ ပထမဆုံးရောက်ရမည့် မြို့မှာ ကျိူးလုံမြို့ဖြစ်သည်။

သို့သော်လည်း. . . နေပြည်တော်နှင့် ကျိူးလုံမြို့ အကြား
းကာမြို့ကလေးများတွင် မိမိတို့မြင်းလှည်းများကို ကုန်တင် ကုန်ချ
ပ်နေသဖြင့် ကျိူးလုံမြို့သို့ ဒီကနေ့ညနေ ရောက်တော့မည် မဟုတ်။

ထို့ကြောင့် ကုန်သည်ကြီး ဟောင်စစ်လွေက ရန်ရှောက်ပိ
ား. . .

"ငါတို့သွားမယ့်မြို့ကိုတော့ ဒီနေ့ရောက်မယ် မထင်...
ဒါထက်. . . မင်းအမေ အသည်းအသန် ဖြစ်နေတယ်ဆိုတဲ့ အ...
ကော အမှန်ပဲလား။ တကယ်လို့ မင်းအမေကို စိတ်မချဘူးဆို...
တို့မှာ မြင်းအပိုပါသားပဲ။ အဲဒီမြင်းနဲ့ သွားလေ. . . တို့မြင်းလှ...
တွေရောက်လာတော့မှ မြင်းလှည်းဆိပ်က ထွက်ကြိုနှင့်ပေါ့"

ဟု ပြောဆိုအကြံပေးသည်။

ရန်ရှောက်ပိက . . . .

"ကျွန်တော့်ကို ပြောတဲ့လူက ကျွန်တော့်ဦးလေးပါ ဦး...
သူက ကျွန်တော်ကို အိမ်ပြန်စေချင်ပုံရတယ်။ ဒါကြောင့် ကျွန်...
ကို အမေ အသည်းအသန် ဖြစ်နေတယ်လို့ ပိုပြောသွားတာ ဖြစ်...
မှာပါ၊ သူ့ အမူအယာက တစ်မျိုးပဲလေ၊ သိပ်စိုးရိမ်ပုံမရဘူး"

"ပြီးတော့ သူလဲမြို့ကို ပြန်လိုက်တာလဲ မဟုတ်ဘူး ခ...

ဟု ရန်ရှောက်ပိက ပြောလိုက်သဖြင့် ကုန်သည်ကြီး ဟော...
စစ်လွေသည်လည်း ရန်ရှောက်ပိအပေါ် အားနာစိတ် လျော့န...
သွားကာ. . .

"အေးလေ. . . ဒီလိုဆိုလည်း တို့နဲ့ပဲ အတူသွားကြတာ...
သိပ်လဲ နောက်ကျမှာ မဟုတ်ပါဘူး၊ မနက်ဆို ရောက်သွားမှာပ...

ဟု ပြောလိုက်သည်။ မကြာလှပေ. . .

မြင်းလှည်းများ အဝေးလမ်းမကြီးပေါ်တွင် တန်းစီ သွ...
နေစဉ် မိုးချုပ်သွားလေတော့သည်။

ခုလို လွင်တီးခေါင်တွင် မိုးချုပ်သည်မှာ အလင်းရောင်...
က ရုတ်ချည်းပျောင်သွားသည်မဟုတ်. . .

ကုန်သည်မြင်းလှည်းသမားများက အတွေ့အကြုံရှိသေ...



...သည်မြင်းလှည်းသမားတွေ ဖြစ်သည်။

ဟောင်စစ်လွေက အချက်ပေးလိုက်သည်နှင့် လမ်းဘေး
...ာအုပ်အနီးအထိ မောင်းနှင်ပြီး မြင်းလှည်းဆယ်စီးတို့ ဖင်ဆိုင်
...င်က ရပ်လိုက်သည်။ ရပ်တော့လည်း စက်ဝိုင်းပုံစံကြီး ပတ်လည်
...လိုက်သည်။

ထို့နောက်. . .

ညဘက်. . . အအေးဒဏ်ကိုလည်း အကာအကွယ်ရစေ၊
...လင်းရောင်ကိုလည်း အထူး ထွန်းညှိစရာမလို ဖြစ်စေရန် ထင်းမီး
...ပုံ မြှုလုပ်လိုက်သည်။

ဤအရပ်သည် နေ့ဘက် နေအခါ မည်မျှပင် ပူလောင်
...က်စပ်လင့်ကစား ညဘက်တွင် အအေးဓါတ်များက ရုတ်ချည်း
...ရာဝင်ယူလာတတ်သည်။

ခရီးလမ်းဘေးဆိုတော့လည်း မှည့်၊ ခြင်၊ ယင်တွေကပါ
...နှောင့်ယှက်ပေးလာမြဲ၊ ထို့ကြောင့်. . .

မိမိတို့ ခရီးသွားများအဖို့ ထင်းမီးပုံများကို မလုပ်မဖြစ်
...ပ်ကြရသည်။

ညစာကို ထင်းမီးပုံများဘေး၌ပင် စားကြသည်။

ကုန်သည်ကြီး ဟောင်စစ်လွေသည် ရန်ရှောက်ပိအား
...ခင်အတွက် စိုးရိမ်နေရရှာသော အပူသည်ဟု ယူဆကာ ညစာ
...မင်းကို ဒူးခပ်ကျွေးစေခဲ့သည်။

ရန်ရှောက်ပိကမူ အားနာနေဟန် ရှိသည်။ များများမစား
...ဆခံရုံလောက်သာ စားနေသည်။ ဟောင်စစ်လွေက. .

"ငါတို့က ကျုပ်တို့ကို အားနာနေသလား၊ စားစမ်းပါကွယ်

အဝသာ စား" ဟု ပြောကာ မြင်းလှည်းသမား တပည့်တဦးအား ခေါ်၍ ရန်ရှောက်ပိအတွက် ထမင်းနှင့်ဟင်းကို ထပ်မံ ယူဆောင်၍ ပေးစေ၏။

ညစာ စားပြီးသောအခါ ရန်ရှောက်ပိက မိမိ၏ စိတ်ကူးကို စတင်အကောင်အထည် ဖော်၏။

"ဦးကြီးကို ကျွန်တော် စကားတစ်ခွန်း ပြောပါရစေ ခင်ဗျာ" ဟု ပြောလိုက်သည်။

ဟောင်စစ်လွေသည် ထမင်းစားပြီး အချိုမုန့်တစ်ခုကို စားနေရာမှ အချိုမုန့်တစ်ခုကို ရန်ရှောက်ပိအား ပေးရင်း

"ရော့. . . ငါ့တူ အချိုမုန့်တွေ စားလိုက်ပါဦး"

ဟု ပြောလိုက်သည်။

မိမိတို့ ထင်းမီးပုံတွင် မီးလှုံနေကြသူဆို၍ ဟောင်စစ်လွေ ရန်ရှောက်ပိနှင့် မြင်းလှည်းသမား တပည့်နှစ်ဦး ပေါင်း လေးဦးတို့ ရှိသည်။

ကုန်သည်ကြီး ဟောင်စစ်လွေသည် ရှိနေသော လက်အောက်ငယ်သားများမှာ အလိုလို အနီး၌ မနေဝံ့သည့်ဟန် ရှိသည်။

ယခု အနီးတွင် ရှိနေသော မြင်းလှည်းသမား တပည့် နှစ်ဦးမှာ ဟောင်စစ်လွေနှင့် ဆိုးကောင်းတိုင်ပင်ဖော် တိုင်ပင်ဖက်များ ဖြစ်နိုင်ကြောင်း ရန်ရှောက်ပိ သိရှိထားသည်။

ထို့ကြောင့်. . . ရန်ရှောက်ပိက မိမိလုပ်ငန်းကို အစပြု လိုက်ခြင်းပင်။

ဟောင်စစ်လွေက

"ဘာများလဲ ငါ့တူ. . ." ဟု မေး၏။





"တစ်ဆိတ်တော့ဖြင့် ကျွန်တော်ပြောတဲ့အကြောင်းကို အရင်ဆုံး နားထောင်ပေးပါ ဦးကြီးခင်ဗျား. . ." ဟု စကားမှလွှင် ခဲ့လိုက်သည်။

ထိုအခါ. . . ဟောင်စစ်လွေက ရန်ရှောက်ပိကို ခေါင်း းထောင်၍ ကြည့်လိုက်သည်။

ထိုအချိန် မြင်းလှည်းသမားတပည့်နှစ်ဦး တစ်ဦးမျက်နှာ တစ်ဦး ကြည့်လိုက်ကြသည်။

စကားအရာဖြင့် တစ်ဦးကို တစ်ဦး မပြောကြသော်လည်း အမူအရာဖြင့်မူ တစ်ဦးကိုတစ်ဦး

"ဘယ်လိုများလဲ မသိဘူး" ဟူသော စကားတစ်လုံးကို င်းပြောလိုက်သည်သို့ ရှိသည်။

ဟောင်စစ်လွေက ခေါင်းတစ်ချက် ညိတ်ကာ

"အေး. . . ပြောစမ်းပါဦး" ဟု ဆိုသည်။

မြင်းလှည်းသမား တပည့်နှစ်ဦးအနက် တစ်ဦးက မီးလှုံနေ သည်။

ကျန်တစ်ဦးကမူ ထင်းမီးပုံကို သစ်ကိုင်းတုတ် တစ်ခုနှင့် ်းကျီများကို ထိုးဆွနေသည်။

"ကျွန်တော် မြို့က ထွက်လာတာ အမေကလွှတ်လိုက်လို့ပါ အမေဟာ အဖေမရှိတဲ့နောက်ပိုင်းမှာ ပိုးချည်လုပ်ငန်းကို မလုပ်တတ် လုပ်တတ် ဆက်လုပ်ခဲ့ပါတယ်၊ ဒါပေမယ့်လဲ ဒီလုပ်ငန်းဟာ အဖေ တစ်ယောက်ပဲ ကျွမ်းကျွမ်းကျင်ကျင် တတ်တဲ့လုပ်ငန်းဆိုတော့ အမေ ဘယ်လို ကြိုးစားလုပ်လုပ် မအောင်မြင်ခဲ့ပါဘူး"

"အလုပ်ဆိုတာ ကံကလည်း ပေးမှ မဟုတ်လား"

ဟောင်စစ်လွေက မနေနိုင်၊ ဝင်ထောက်လိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ. . . ကျွန်တော်တို့ သားအမိဟာ ဘယ်လိုပဲ ကြိုးစားခဲ့ပေမယ့်လဲ စီးပွားဟာ မဖြစ်တဲ့အပြင် ကျဆင်းခဲ့ရပါတယ်၊ ဒါကြောင့်လဲ အမေဟာ အခုလို မမာမကျန်း ဖြစ်လာရတာပါ"

"ကျွန်တော့်အမေက တစ်မျိုးခင်ဗျ၊ အလုပ်လုပ်လို့ အောင်မြင်နေရင် သူကျန်းမာတယ်၊ အလုပ်အကိုင် အဆင်မပြေဘူးဆိုရင် မကျန်းမမာ ဖြစ်တော့တာပါပဲ"

"အေး. . . မင်းအမေက တစ်မျိုးပါလား၊ ဒါလဲ ကောင်းတဲ့ အလေ့အကျင့်ပါပဲလေ"

အခုအချိန်ထိ ကုန်သည်ကြီးဟောင်စစ်လွေသည် ရန်ရှောက်ပိပြောသမျှကို ဘုမသိဘမသိ နားထောင်နေခြင်း ဖြစ်သည်။

မည်သို့ဆိုစေ. . . ရန်ရှောက်ပိကမူ ဆင်ကြံကြံစီနေသူ သူနိုးကျော်တစ်ဦးဖြစ်သဖြင့် အကွက်တွေကို စိတ်ကူးရုပ်ပုံတွင် အသင့် မိမိပြောနေသော အကြောင်းအရာကို ကုန်သည်ကြီး ဟောင်စစ်လွေ စိတ်ဝင်စားသွားပြီ ဆိုတာကိုလည်း သိလိုက်သည်။

သို့နှင့်. . . ရန်ရှောက်ပိက. . . .

"အဲဒါနဲ့ ကျွန်တော် နေပြည်တော်ကို မလာခင်တစ်နေ့မှာတော့ အမေ့က ကျွန်တော့်ကို သူကြွယ်ကြီးဝမ်ဆီကို လွှတ်လိုက်ပါတယ်။ ကိစ္စကတော့ အဖေ့လက်ထက်က အဘိုးအဘွားပိုင်ပစ္စည်း တစ်ခုကို ထုတ်ရောင်းဖို့ပါ"

"ဘာပစ္စည်းမို့လဲ"

"ကျွန်တော်ပြောပါ့မယ် ခင်ဗျာ. . . အမေက ဒီပစ္စည်း







ရောင်းရတဲ့ငွေနဲ့ သူ့ပိုးလုပ်ငန်းကို ပြန်ထူထောင်လုပ်မယ့်အကြံနဲ့ ဒီပစ္စည်းကို ရောင်းခိုင်းလိုက်တာပါ"

"ဘာပစ္စည်းလဲ"

"ဟုတ်ကဲ့. . . ကျွန်တော်ပြောတာကို နားထောင်ပါအုံး ခင်ဗျာ"

"ပစ္စည်းကို တစ်သိန်းနဲ့ ရောင်းဖို့ အမေက မှာလိုက်ပါတယ် ဝယ်တဲ့လူက မပေးဘူး၊ ဒါနဲ့ပဲ ကျွန်တော်လဲ ဒီပစ္စည်းကို ပြန်ယူလာခဲ့ပါတယ်"

ထိုအခါ. . . ကုန်သည်ကြီး ဟောင်စစ်လွေရော မြင်းလှည်းသမားတပည့်နှစ်ဦးတို့ပါ ရန်ရှောက်ပိ ပစ္စည်းကို အလွန်တွေ့ချင်မြင်ချင် နေပါလေတော့၏။

"အဲဒီပစ္စည်း ငါ့တူနဲ့အတူ ပါလာသလားကွဲ့"

ဟောင်စစ်လွေက သွယ်ဝိုက်သော စကားကို ဆိုသည်။ ရန်ရှောက်ပိက အိပ်ယာလိပ်ကို စတင်ဖြေပါလေတော့၏။

တစ်ခေါက်၊ နှစ်ခေါက်၊ အိပ်ယာလိပ် ပြေပြန့်သွားသောအခါ အားလုံး. . .

"ဟာ. . ." ဟူသော အာမေဋိတ်သံက လွှမ်းသွားပါလေတော့၏။

"ဟာ ရတနာစီခြယ်ဓား တစ်လက်ပါပဲလား၊ စီခြယ်ထားတဲ့ ရတနာတွေက အဖိုးတန် ရတနာတွေပဲ"

"ဒီပစ္စည်းမျိုးကို ငွေအသပြာ တစ်သိန်းမပေးဘူး ဆိုတော့ ကျွန်တော်လဲ ဘယ်လိုလုပ် လျှော့ပြီး ရောင်းရက်မှာလဲ ခင်ဗျာ အမေက သူ့ပိုးလုပ်ငန်းအတွက် အလွန်လိုအပ်လို့သာ ရောင်းချ

တာပါ"

ဟောင်စစ်လွေကား ရတနာများ အကြောင်းကို သိရှိနားလည်ထားသူ တစ်ဦးဖြစ်လေရကား. . . ဤသံသေတ္တာတွင် ပါရှိသော ရတနာများ၏ တန်ဖိုးကို သိနေသည်။

စိတ်ထဲ ခန့်မှန်းတွက် လိုက်ရာ၌ပင် ငွေအသပြာ ငါးသိန်းမက တန်နေသည်ကို ဟောင်စစ်လွေ ကောင်းစွာ သိရှိ၏။

မြင်းလှည်းသမား တပည့်နှစ်ဦးတို့မှာလည်း ရတနာအကြောင်းသိသူများ ဖြစ်နေ၍ သခင်ဖြစ်သူ ကုန်သည်ကြီး ဟောင်စစ်လွေက သံသေတ္တာမဝယ်ပဲ ပြန်သွားမည်ကို အတော်စိုးရိမ်နေသည်။

ဟောင်စစ်လွေက. . .

"ဒီဟာကို ကျုပ်ဝယ်မယ်" ဟု ပြောလိုက်သည်။

"ဘယ်လောက်ပေးမှာလဲ ခင်ဗျာ"

"တစ်သိန်းဆို"

ဤသို့ဖြင့် သံသေတ္တာ အရောင်းအဝယ်ကား ပြီးဆုံးသွားပါလေတော့၏။

❋ ◉ ❋ ◉ ❋



## မြေခွေးက တစ်ကောင်၊ ဝံပုလွေက တစ်အုပ်

ကျို့လုံမြို့သို့ ရောက်သောအခါ ရန်ရှောက်ပိက သူ့စကားအတိုင်း ဆင်းကျန်ရစ်သည်။

ကုန်သည်ကြီး ဟောင်စစ်လွေတို့၏ မြင်းလှည်းကမူ ဆက်လက် ထွက်ခွာလာခဲ့သည်။ ဟောင်စစ်လွေမှာ လူတစ်ဖက်သားအပေါ်တွင် သနားကြင်နာတတ်သော စိတ်ဓာတ်မျိုးရှိသူ ဖြစ်လေရကား. . . သူသည် ရန်ရှောက်ပိအား. . .

"ဦးတို့က အချိန်နဲ့ သွားရတာမို့ ငါ့တူရဲ့ မိခင်ကြီး မကျန်းမမာဖြစ်နေတာ လိုက်မကြည့်နိုင်တာပါကွာ၊ ဦးတို့ကို ခွင့်လွှတ်ပါ။ ပါပေမယ့်. . . ငါ့တူရဲ့ မိခင်အပေါ်ထားရှိတဲ့ စေတနာ အကျိုးတရားကြောင့် မင်းမိခင်ကြီး ကျန်းမာလာမှာပါ၊ ကဲ. . . ဦးတို့ သွားမယ်ဟေ့" ဟုပင် သံယောဇဉ်စကားမျိုးကို ပြောခဲ့ပါသေးသည်။

သို့သော်လည်း. . . မြေခွေးတို့မည်သည်မှာ ကောက်ကျစ်ဝဉ်းလဲတတ်သော သတ္တဝါတစ်မျိုး ဖြစ်သည်။

၄၂

မြေခွေးလို လိမ္မာအောင် ယဉ်ကျေး သိမ်မွေ့အောင် ကောက်ကျစ်စဉ်းလဲသည့် အကျင့်စရိုက်မျိုး မရှိအောင် မည်သို့သော သူမျိုးမှ မတတ်နိုင် ရှိသည်။

လူတို့သည် အလွန်ရက်စက် ကြမ်းကြုတ်လှပါသည်ဆိုသော အသားစားသည့် ကျားကိုဖမ်းပြီး လိမ္မာအောင် သင်ဖူးသည်၊ လိမ္မာသော ကျားကို လူက ခိုင်းစားခဲ့ဖူးသည်။

ထိုနည်းတူ အလွန်အားကြီးပြီး ကြောက်စရာကောင်းသော တောဧ၏ဘုရင် ခြင်္သေ့ဆိုသော အသားစားကြသည့် သတ္တဝါမျိုးကိုလည်း လူသည် ဖမ်းဆီး၍ လိုသလို သင်ကြားကာ ခိုင်းစေခဲ့ဖူးသည်။

မြေခွေးကိုကား လူသားသည် ဖမ်းဆီး သတ်ဖြတ်ရသည်သာ၊ သူ့ကို လိမ္မာအောင် သင်မရ၊ ယဉ်ကျေးအောင်လည်း မစွမ်းသာ၊ ကောက်ကျစ်စဉ်းလဲခြင်း စရိုက်ဆိုးကို ပယ်ရှား၍လည်း ရလိမ့်မည် မဟုတ်။

သူခိုးကျော် ရန်ရှောက်ပိကား မြေခွေးတစ်ကောင်ဟု ဆိုရပေလိမ့်မည်။

အကြောင်းမူကား. . .

ကုန်သည်ကြီး ဟောင်စစ်လွေအား နည်းတွင်ကာ အဖိုးတန် ပစ္စည်းကို မိမိပစ္စည်းဖြစ်လေဟန် အမျိုးမျိုးသော ဉာဏ်နိဉာဏ်နက်သုံးပြီး ငွေတစ်သိန်းဖြင့် ရောင်းချလိုက်သည်ကို သူက မကျေနပ်သေး။

ထို့ကြောင့်လည်း, . . .

ရန်ရှောက်ပိသည် ကျိုလုံမြို့သို့ ရောက်သည်နှင့် အသပြာ ငွေတစ်သိန်းကို လုံခြုံစိတ်ချရသော နေရာတစ်နေရာတွင် သိမ်းဆည်းခဲ့ပြီး တန်သလောက်ကိုသာယူပြီး တေလေဂိုဏ်းသို့ အရောက်သာခဲ့သည်။ တေလေဂိုဏ်းသည် ကျိုလုံမြို့ အနောက်ဘက်သချိုင်းဘေးတွင် စတည်းချလျက်ရှိသည်။ တေလေဂိုဏ်းချုပ်ကိုကား ရန်ရှောက်ပိ မတွေ့။ လက်ထောက်တေလေဂိုဏ်းချုပ် ဖုံကွေ့နှင့်သာ တွေ့သည်။ ဖုံကွေ့သည် တေလေဂိုဏ်းသားအချို့ကို သိုင်းကွက် တစ်ကွက် သင်ပြလျက်ရှိသည်။

၄၃

ထို့ကြောင့်. . . ရန်ရှောက်ပိကို တေလေဂိုဏ်းသား အချို့က တားဆည်းကာ. . .

"ဘယ်သူ့ကို တွေ့ချင်လို့လဲ ရန်ရှောက်ပိ"

ဟု မေးလိုက်သည်။

ရန်ရှောက်ပိလို သူခိုးကျော်တစ်ဦးမှာ လူကောင်း သူကောင်းများကသာ မသိနိုင်ရှိသည်။ ဒုစရိုက် လောကသားတွေက တော့ ကောင်းကောင်းသိထားသည်။

တေလေဂိုဏ်းမှာ စင်စစ် ဒုစရိုက်ဂိုဏ်း စာရင်းဝင်သည် မဟုတ်။ တေလေများ စုစည်းနေခြင်းကြောင့်သာ လူကောင်းများက တေလေများကို ဝိုင်းပယ်ထားခြင်းပင်။

ထို့ကြောင့်လည်း. . . တေလေဂိုဏ်းသားများက ကောင်းတာတွေလည်း လုပ်သလို မကောင်းတာတွေလည်း လုပ်လေ့လုပ်ထ ရှိခဲ့ရခြင်း ဖြစ်သည်။

ရန်ရှောက်ပိက. . .

"ကျုပ်လာတာ မင်းတို့ သိုင်းကွက်ကို ခိုးကြည့်ဖို့ လာတာ မဟုတ်ဘူး၊ သိုင်းကွက်ဘယ်လောက် ဆန်းဆန်း အဲဒီသိုင်းကွက်တွေကိုလဲ ကျုပ်စိတ်မဝင်စားဘူး" ဟု ပြော၏။

"အေး. . . မင်းက သူခိုးပဲ သူခိုးတစ်ယောက်က သိုင်း ပညာကို စိတ်ဝင်စားမလား"

"ဟုတ်တယ်၊ ဒါကြောင့် ကျွပ်ကိုလည်း ဖယ်ပေးပါ"

ဟု ပြော၏။

ထိုစကားသံတွေကို ကြားရသဖြင့် ဖုံကွေ့သည် သချိုင်း အုတ်ဂူပေါ် ရပ်နေရာမှ တစ်ဘက်သို့ လှည့်ကာ. . .

"လွှတ်လိုက်ဟေ့" ဟု အသံပေးလိုက်သည်။

တေလေဂိုဏ်းသားများက ရန်ရှောက်ပိကို လမ်းဖယ်ပေး လိုက်သည်။ ရန်ရှောက်ပိသည် ခုမှ ခါးကိုကော့၍ ခေါင်းကို မော့ကာ ဖုံကွေ့ထံသို့ ဆက်လက် လျှောက်လာသည်။ ဖုံကွေ့က. . .

'ဟေ့. . . ရန်ရှောက်ပိ မင်း တို့ကိုဘာဒုက္ခ ပေးအုံးမလို့လဲ"

ဟု ဆီးမေးလိုက်သည်။

"ဒုက္ခပေးမလို့ မဟုတ်ဘူး သတင်းကောင်းပေးမလို့"

"ဘာသတင်းကောင်းလဲ ဖားအော်ရင် မိုးရွာလိမ့်မယ် ဆိုတဲ့ သတင်းလား"

"ဆရာဖုံးကွေ့ရယ်. . . ကျုပ်က အတည်ပြောနေတာပါ။ နောက်ပြောင်နေတာ မဟုတ်ပါဘူး"

ရန်ရှောက်ပိက စကားအဆုံးတွင် ကျန်တေလေဂိုဏ်းသား များဘက် တစ်ချက်စောင်းငဲ့ကြည့်လိုက်လေရကာ. . .

ဖုံးကွေ့ ရန်ရှောက်ပိက လှုပ်ရှားမှုကို ကြည့်ပြီး ချက်ချင်း သဘောပေါက်လိုက်သည်။

"ကဲဟေ့. . . တို့လူတွေ ဒီနေ့တော့ ဒီလောက်ပဲ ကျေနပ် လိုက်အုံးဟေ့. . . တို့ ဒီမှာ စကားနည်းနည်း ပြောလိုက်အုံးမယ်"







ဟု ပြောလိုက်သည်။

တေလေဂိုဏ်းသား ဆယ်ယောက်လောက်ရှိမည်။ စုရုံးနေ သော ချွေးများကို သုတ်ရင်း အသီးသီး ထွက်ခွာသွားကြသည်။

"ထိုင်လေ. . . ရန်ရှောက်ပိ မင်းကိုကြည့်ရတာ တစ်မျိုးပဲ"

"မထိုင်တော့ဘူး၊ ထိုင်ဖို့ အချိန်မရှိဘူး ဆရာဖုံးကွေ့ရဲ့ နေပါအုံး၊ ကျွန်တော်က ဘယ်လိုတစ်မျိုး ဖြစ်နေရတာလဲ"

"မပြောတတ်ပါဘူး"

"ကျွန်တော် ဆရာဖုံးကွေ့ စိတ်ဝင်စားမယ့် အလုပ်တစ်ခု အကြောင်းပြောမလို့ပါ"

"ငါစိတ်ဝင်စားမယ့် အလုပ်ဟုတ်လား၊ မင်းဟာက ဘာများလဲကွာ"

"ဒီလိုပါ။ ကုန်သည်မြင်းလှည်း ဆယ်စီးမြောက်ဘက်ခရီး ကို စောစောကပဲ ဖြတ်သွားတယ်"

"အဲဒါ ဘာဖြစ်လဲ သူတို့တွေ ဒီခရီး ဒီလမ်းကို အမြဲ ဖြတ် သန်းသွားလာနေကြတာ ဆန်းလား"

"အဆန်းမို့ ကျွန်တော်ပြောနေရတာပေါ့၊ အခု ဖြတ်သန်း သွားတဲ့ ကုန်သည်မြင်းလှည်း ဆယ်စီးဟာ ကုန်သည်ကြီး ဟောင် စစ်လွေ့ရဲ့ ကုန်သည်မြင်းလှည်းတွေပဲ"

"အဲဒါကရော ဘာဆန်းသလဲ ရန်ရှောက်ပိရယ်. . . ကုန် တွေတင်လာတာကို သွားလုဖို့ပြောမှာလား ကုန်တွေကို ဘာသွား လုပ်မှာလဲ ငွေမှမဟုတ်တာ"

"ကျွန်တော်ပြောတာ နားထောင်စမ်းပါအုံး၊ အခု ကုန်သည် ကြီး ဟောင်စစ်လွေ့က ရတနာတွေပါလာလို့ ပြောနေတာ"

"ရတနာတွေပါလာတော့ရော ငါတို့က သူ့ကို လိုက်ပြီး မှားပြတိုက်ရမှာလား ငါတို့တေလေဂိုဏ်းသားတွေ အဲဒီလောက် အောက်တန်းကျလှတဲ့ အလုပ်မျိုး မလုပ်ပါဘူးကွာ"

"အခြေအနေအရ လုပ်သင့်ရင်လဲ လုပ်ရမှာပဲပေါ့"

ဖုံကွေ့သည် ရန်ရှောက်ပိ ဘယ်လိုပြောပြော နားမဝင်ဖြစ်နေသဖြင့် စိတ်ပျက်သွားလေသည်။

"ကောင်းပြီ. . . ရန်ရှောက်ပိ အဲဒီအကြောင်း မင်းငါတို့ ဆက်ပြောဖို့ မကြိုးစားနဲ့တော့"

"ဒီလိုဆိုလဲ နေဗျာ. . . ကျွန်တော်က ခင်ဗျားတို့ တေလေ ဂိုဏ်းသားတွေ တစ်ဦးတစ်မင်း စားရဝါးရအောင်လို့ ပြောပိတာပါ အေးလေ စိတ်မဝင်စားဘူး ဆိုတော့လဲ ကျွန်တော်လဲ ဘာတတ်နိုင် မှာလဲ" ဟု ပြောပြီးနောက်. . .

တေလေဂိုဏ်းသားတွေ စတည်းချသည့် နေရာမှ ရန် ရှောက်ပိ ပြန်လည်ထွက်ခွာလာခဲ့သည်။ သချိုင်းကို ကျော်လွန်၍ လာသောအခါ. . .

"ဝှစ်" "ဝှစ်"

"ဟူး. ."

အရိပ်သုံးရိပ် ရန်ရှောက်ပိရှေ့သို့ တဖြုတ်ဖြုတ် တဘုတ် ဘုတ် ကျရောက်လာသည်။ သူတို့သည် ဝတ်စုံနက်များကို ဝတ်ထား ပြီး မျက်နှာများကိုကား ဝံပုလွေ ရုပ်ပုံမျက်နှာဖုံးများကို တပ်ဆင် ၍ ထားကြသည်။

ဝံပုလွေဂိုဏ်းသားတွေဆိုတာမမေးပဲ ရန်ရှောက်ပိ သိလိုက် သည်။ ဝံပုလွေဂိုဏ်းသားများနှင့် ကျတော့ရန်ရှောက်ပိ မရင်းနှီးခဲ့





အလယ်တွင် ရပ်နေသော ဝံပုလွေဂိုဏ်းသားက သူတို့ ...းဦးအနက် ခေါင်းဆောင်အဖြစ် ဦးဆောင်လာဟန်တူသည်။

"ခင်ဗျားတို့ ကျုပ်ကို ဘာရန်ငြိုးရှိလို့ တိုက်ခိုက်ရတာလဲ"

အလယ်က ဝံပုလွေက. . .

"မင်းဟာ ရန်ရှောက်ပိ မဟုတ်လား"

"ဟုတ်တယ်"

"သူခိုး ရန်ရှောက်ပိဟာ မင်းပဲ မဟုတ်လား"

"ဟုတ်တယ်ဗျာ၊ ဘာပြောချင်လဲ ပြော. . ."

ခုနက တေလေဂိုဏ်းက ဖုံကွေ့ကို ဘာတွေ ပြောလိုက်တာ ...ဲ ရတနာဆိုတဲ့စကားတစ်ခွန်းလဲ ကြားလိုက်ရတယ်"

"လက်စသတ်တော့ ခင်ဗျားတို့က ကျုပ်တို့စကားပြောနေ ...ာကို တစ်နေရာက ချောင်းနားထောင်နေတာ မဟုတ်လား"

ရန်ရှောက်ပိက စကားကိုအစ်အောက်ပြောလိုက်ခြင်း ...ဖြစ်သည်။

"အေး. . . ဟုတ်တယ် အဲ့ဒီရတနာတွေ ဘယ်မှာလဲ"

"ခုနက ဒီမြို့ကို ဖြတ်သွားတဲ့ ကုန်သည်ကြီးဟောင်စစ်လေ ...့ မြင်းလှည်းပေါ်မှာ ရတနာစီခြယ်ထားတဲ့ အဖိုးတန်မား တစ်လက် ...ါသွားတာကိုပြောနေတာပါ"

ဝံပုလွေဂိုဏ်းသားများသည် ရန်ရှောက်ပိ၏ စကားကို ...အထူးစိတ်ဝင်စားသွားကြ၏။

"အေး တို့လဲ သံသယဖြစ်နေလို့ တမင်လာမေးရတာပဲ"

"ကျုပ်ပြောတဲ့ အတိုင်းမဟုတ်ရင် ကျုပ်ကိုပြောချင် ...သလိုပြော"

"အခုလိုက်သွားလို့ မှီပါ့မလား"

"ဖြတ်လမ်းက လိုက်သွားရင် မမှီနိုင်စရာ အကြောင်း[illegible] ပါဘူး၊ ကျောက်လှေကားတောင်ကုန်းအဆင်းက သွားစောင့်[illegible] အဲဒီမြင်းလှည်းတွေကို အုပ်မိလိမ့်မယ်လို့ ထင်ပါတယ်"

"ကဲ . . ဒီလိုဆို အခုပဲ အဲဒီကို သွားကြစို့၊ ဩော် . . .[illegible] ရှောက်ပီ မင်း တို့နဲ့လိုက်မလား"

"ကျွန်တော်လိုက်ချင်ပါတယ် ဒါပေမယ့် ကျွန်တော်လို[illegible] လို့ မဖြစ်ဘူး"

"ဒါဆိုလဲ ပြီးရော . . ကဲ . . တို့သွားကြမယ်"

ထို့နောက် မြင်းစီးသမားတို့သည်လည်း မြင်းတွေကို ခု[illegible] စိုင်း ပါလေတော့သည်။

❋ ◉ ❋ ◉ ❋







## ကျောက်လှေကားတောင်ကုန်းသို့အဝင်

ကျောက်လှေကား တောင်ကုန်းအဆင်းလမ်းသည် တော[illegible]အုပ်တစ်အုပ်ကို ဖြတ်သွားရသောလမ်း ဖြစ်သည်။

သည်နေရာ သည်လမ်းသည် တစ်ဖက်တစ်ချက် မြို့ဆက်[illegible]လွန်ဝေးသော နေရာတစ်နေရာ ဖြစ်သည်။

လမ်းကလည်း ကြမ်းတမ်းသည်။ ဘယ်လိုပဲ မြန်မြန်သွား[illegible]ချင်ပေမယ့် မြန်မြန်သွားမရသော လမ်းမျိုး။ သည်လိုနေရာမျိုးကို [illegible]နိုးသည် တင်ဆောင်လာသည့် မြင်းလှည်းတွေရော . . . ကုန်တင်[illegible]င်းလှည်းတွေပါ မနှစ်မြို့ကြ။

အထူးသဖြင့် . . .

ဤကျောက်လှေကား တောင်ကုန်း အဆင်းလမ်းသည် [illegible]ဆိုး ဓားပြတွေ တိုက်ခိုက်လုယက်တတ်သော အစဉ်အလာရှိသော [illegible]နေရာတစ်နေရာဖြစ်သည်။

ထို့ကြောင့် . . .

ကုန်သည်ကြီး ဟောင်စစ်လှေသည် ကျောက်လှေက
တောင်ကုန်းအတက်လမ်းမှာထက် အဆင်းလမ်းကို ဖြတ်ရမှာ စိုး
ထိတ်လန့်နေသည်။

မိမိတပည့်ကျော် လူယုံနှစ်ဦးဖြစ်သော ငှရှောင်နှင့် ရှော
ဖုန်းတို့ နှစ်ယောက်အား. . .

"ငှရှောင်နဲ့ ရှောင်ဖုန်း အခု တို့ဖြတ်ရမယ့် လမ်းဟာ ဘ
လမ်းလဲသိလား"

"ကျောက်လှေကား တောင်ကုန်းလေ၊ သခင်ကြီးရဲ့ ဘ
ဖြစ်လို့လဲ" ဟု ပေါ့ပေါ့ပဲ ဖြေသည်။

ဟောင်စစ်လှေသည် ရှောင်ဖုန်းခုလို ပေါ့ပေါ့တန်တ
အဖြေပေးလိုက်သည့် အတွက် အတော်လေး ဘဝင်မကျဖြစ်၍ သွ
လေသည်။

"မင်းကလဲ ဘာဖြစ်ရမလဲ ဒီနေရာဟာ လူဆိုးဓားပြတွေ
မကြာခဏတိုက်ခိုက်လုယက်တတ်တဲ့ နေရာတစ်နေရာ မဟုတ်လား

"သခင်လေးကလဲ ကျွန်တော်တို့ကုန်က ချက်ချင်းလက်ငင်
အသုံးချလို့ရတဲ့ ကုန်တွေမှမဟုတ်တာ ဘယ်လူဆိုးဓားပြတွေမှ စိတ်
မဝင်စားကြပါဘူး"

ရှောင်ဖုန်းပြောမည်ဆိုလည်း ပြောနိုင်လောက်သည်။ မိမိ
တို့ တင်ဆောင်လာသော ကုန်ပစ္စည်းများသည် ကြွေထည်ကြွေခွက်
များပင်တည်း။

သည်လိုပစ္စည်းမျိုးကို ထုခွဲရောင်းချ၍ရသည်။ သို့သော်
လည်း သည်လိုအလုပ်မျိုးကို ဘယ်လိုလူဆိုးဓားပြကမှ စိတ်မဝင်စ
သူတို့ အတွက် အန္တရာယ်သည်ပင် ကျရောက်လာနိုင်သည် မဟုတ်







ား။ သူတို့ကငွေဖြစ်စေ၊ ရတနာဖြစ်စေ၊ သည်လိုအရာမျိုးကိုသာ
ဘ်ဝင်စားကြသူများပင်။

ရှောင်ဖုန်းက သူ့စကားကို ပြန်ဆက်သည်။

"ကျွန်တော်တို့ ဘာကုန်တွေ တင်လာတယ် ဆိုတာရော
ထုပ်ပိုက်ပြီး မလာဘူးဆိုတာရော အဲဒီလူဆိုးဓားပြတွေက သိပြီး
ားပါ"

သည်မှာ. . . ငှရှောင်က ဝင်ပြောပြန်သည်။

"ဟုတ်ပါတယ်၊ သခင်ကြီး လူဆိုးဓားပြဆိုတဲ့ လူတွေဟာလဲ
ရမ်း ဘယ်တော့မှ မလုပ်ကြပါဘူး၊ စုံစမ်းမေးမြန်းပြီး ပိုင်မှလုပ်
ဘာပါ"

ရှောင်ဖုန်းက ဆက်၍. . .

"ဟုတ်ပါတယ်၊ သခင်ကြီးရဲ့ မစိုးရိမ်ပါနဲ့ သခင်ကြီးလိုက်တဲ့
ခေါက်တွေလဲ မနည်းတော့ပါဘူး၊ ဘယ်တုန်းက သူတို့ ကျွန်တော်
ကို အနှောက်အယှက်ပေးလို့လဲ"

ဟု ပြောလေသည်။

သည်တော့မှ ဟောင်စစ်လှေက အမျက်သိုသော အကြည့်
ကြည့်ကာ . . . .

"မင်းတို့ကလဲကွာ. . . ရှေ့နောက် အမြော်အမြင်မရှိလိုက်
ာလွန်ပါရော" ဟု ပြောလိုက်လေရာ. . .

ငှရှောက်နှင့် ရှောင်ဖုန်းတို့သည် စကားဆက်မပြောဝံ့တော့
ာစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မေးထိုး၍ မေးလာ
ါလေတော့သည်။

"အခုအခေါက်က အရင်အခေါက်နဲ့ မတူတော့ဘူးလေ

တို့မှာဘယ်လို ပစ္စည်းမျိုး ပါလာတယ် ဆိုတာ မင်းတို့နှစ်ယောက်
အသိပဲ မဟုတ်လား"

ဝူရှောက်နှင့် ရှောင်ဖုန်းတို့မှာ အခုလို အရိပ်မပြ
အကောင်လိုက်ပြတော့မှ ဘွားခနဲပေါ်လာသည်ကို မြင်တွေ့
လိုက်ရလေဟန် မျက်စိပျက် မျက်နှာပျက်ဖြစ်၍ သွားပါလေတော့၏

သို့သော်. . . ဝူရှောက်က. . .

"ဒါပေမယ့်. . . သခင်ကြီးရယ် ခုနက ကျွန်တော်တို့ ပြော
သလိုပါပဲ လူဆိုးဓားပြတွေဟာ အရမ်းမလုပ်ပါဘူး၊ စုံစမ်းလို့
သတင်းရမှ ပိုင်ပြီဆိုမှ တိုက်ခိုက်လုယက်ကြတာပါ။" ဟု ပြောသည်

ရှောင်ဖုန်းကလည်း. . .

"တကယ်လို့ ဒီပစ္စည်းကို ရောင်းသွားတဲ့ ရန်ရှောက်ပိဆိုတဲ့
လူကသာ လူဆိုးဓားပြတွေကို သတင်းမပေးရင် ဘယ်လူဆိုးဓားပြ
ကရော ဒီအကြောင်းသိနိုင်မှာတဲ့လဲ သခင်ကြီးရယ်"

ဟု ပြောလိုက်သည်။

"အေး. . . ဟုတ်တယ်၊ ရှောင်ဖုန်းပြောသလိုပဲ သူက ပြော
မှ တခြားလူတွေသိရမယ် ကိစ္စပဲ သူကမပြောလို့ကတော့ ဘယ်သူကမှ
သိမှာမဟုတ်ပါဘူး"

ဝူရှောက်က. . .

"စိတ်မပူပါနဲ့ သခင်ကြီးရယ် ရန်ရှောက်ပိကို ကြည့်ရတာ
လဲ ဒီလောက်ယုတ်မာလိမ့်မယ် မထင်ပါဘူး"

ဟု ပြောလိုက်လေသည်။

ထိုအခိုက် ကုန်သည်ကြီး ဟောင်စစ်လှေ့နှင့် တပည့်
နှစ်ယောက် စကားဝိုင်းအနီးမှ ဖြတ်လျှောက်သွားသော မြင်းလုည်





သမားလုကျန်ဆိုသူက သွားနေရာမှ ဆက်မသွားပဲ ပြန်လှည့်ကြည့်
နေသည်။

သူ့လက်ထဲမှာကား ရေပုံးတစ်ပုံးဆွဲလျက် ယခုအခြေအနေ
မှာ ခရီးလမ်းကြောင်းပေါ်တွင် မြင်းများမောလာသဖြင့် ရေ တွေ့
သော နေရာအရောက်တွင် ရပ်၍မြင်းများကိုပဲ ရေချိုးတိုက်ခြင်း
ရေပေးခြင်းအလုပ်ကို လုပ်နေကြသည့် အခြေအနေဖြစ်သည်။

မြင်းများကို ရေပေးခြင်းဆိုသည်မှာကား မြင်း၏ လည်တိုင်
ပေါင်တွင်းနှင့် ခြေတိုင်စသည့်နေရာများရှိ ကြွက်သားများကို ရေစို
အဝတ်ဖြင့် လည်းကောင်း၊ လက်ဖြင့်လည်းကောင်း ပွတ်တိုက်ပေး
ခြင်း၊ ဆုပ်နယ်ခြင်း အလုပ်တစ်ခုဖြစ်သည်။

ကုန်သည်ကြီး ဟောင်စစ်လှေ့က လုကျန်၏ အမူအယာ
ထူးခြားနေသဖြင့် လှမ်း၍ လက်ယပ်ခေါ်ကာ. . .

"ဟေ့ လုကျန် မင်းဘာပြောချင်လို့လဲ"

ဟု မေးလိုက်သည်။

လုကျန်သည် ရေပုံးကို အောက်တွင် ချလိုက်ပြီး ပြန်
လျှောက်လာကာ. . . .

"သခင်ကြီးတို့ပြောနေတဲ့ စကားတွေကို ကျွန်တော်ကြား
လို့တော့ မဟုတ်ပါဘူး၊ ဒါပေမယ့်. . . ရန်ရှောက်ပိဆိုတဲ့ နာမည်ကို
ကြားလိုက်မိလို့ပါ" ဟု ပြောလေရာ. . .

ကုန်သည်ကြီး ဟောင်စစ်လှေ့မှာ မျက်ခုံးများ တန်းယှက်
ငြင့်တက်၍ သွားလေတော့၏။

"အေး. . . ဟုတ်တယ်၊ ရန်ရှောက်ပိ အကြောင်း တို့ ပြော
နေတယ်"

"သူ့အကြောင်းကို ဘာဖြစ်လို့ ပြောတာလဲ သခင်ကြီး အဲဒီလူဟာ လူကောင်း တစ်ယောက်မဟုတ်ဘူး သခင်ကြီး၊ သူဟာ တကယ့်နာမည်ကြီး ထိပ်ထိပ်ကြဲ သူခိုးကျော် တစ်ယောက်လို့ ပြောတယ်"

လုကျန်၏ စကားကို ကြားလိုက်ရသောအခါ အားလုံး မျက်လုံးတွေ ပြူးကာ ပါးစပ်တွေ အဟောင်းသား ဖြစ်၍သွားပါလေတော့၏။

အတန်ကြာမှ ဟောင်စစ်လွေက...

"အဲဒီလို မင်းသိထားရင် အစက ဘာဖြစ်လို့ မပြောရတာလဲ လုကျန်" ဟု မေး၏။

"ကျွန်တော် ရန်ရှောက်ပိ ဆိုတဲ့ နာမည်ကြားကြားချင်း ပြောတာပဲလေ သခင်ကြီးရဲ့"

"နေပြည်တော်က လိုက်လာတဲ့လူကို မင်းမတွေ့ဘူးလား"

"သူ့ကိုတော့ တွေ့ပါတယ်၊ ဒါပေမယ့် သခင်ကြီးက သူ့ကို ငါ့တူ...ငါ့တူနဲ့ ခေါ်ခေါ်နေတော့ သခင်ကြီးတူလို့ပဲ ထင်ခဲ့မိတာပေါ့၊ တခြားလူတွေ မေးကြည့်တော့လဲ သူတို့ကပါ သခင်ကြီးတူမို့ သခင်ကြီး မြင်းလှည်းပေါ် တင်ခေါ်လာခဲ့တာပေါ့လို့ ပြောကြပါတယ်။"

ကုန်သည်ကြီး ဟောင်စစ်လွေမှာ ခေါင်းကိုမူးလောက် အောင်ခါရမ်း လိုက်ပါလေတော့သည်။

"သွားပြီ...သွားပြီ....အဲဒီလူဟာ ရန်ရှောက်ပိပဲကွ မင်းနှယ်ကွာ"

"ခင်ဗျာ...ရန်ရှောက်ပိဟာ ဒီလူလား...လူကတော့







သူခန့် လူသန့်တစ်ယောက်ပဲနော် ကျွန်တော်က နာမည်နဲ့ သူလုပ်ဘာကိုသာ ကြားဖူးခဲ့တာ မဟုတ်လား သခင်ကြီးရဲ့ လူကို အခုမှ တွေ့ဖူးတာပါ"

"သွားတော့...လုကျန်သွားတော့"

ဟောင်စစ်လွေက လုကျန်အား စိတ်ဆိုးမာန်ဆိုး နှင်လွှတ်လိုက်ပြီးမှ...

"နေအုံး...နေအုံး..."

ပြောလိုက်ပြန်သည်။

"ဟုတ်ကဲ့...ပြောပါ သခင်ကြီး"

"အခု...တို့ ဖြတ်ရမယ့်လမ်းဟာ ကျောက်လှေကား တောင်ကုန်းလမ်း မဟုတ်လား"

"ဟုတ်ပါတယ် သခင်ကြီး"

လုကျန် ပြန်လှည့်ထွက်သွားသည်။

ထို့နောက်ချထားသော ရေပုံးကို ကောက်ဆွဲ၍ ဆက်လက်ထွက်ခွာသွားလေသည်။

မကြာလှပေ။

ကုန်သည်ကြီး ဟောင်စစ်လွေ၏ မြင်းလှည်းသမားများ အချင်းချင်း တီးတိုး စကားများပြောကြဆိုကြ တိုင်ပင်လျက်ရှိ၏။

အခုတော့မူ... ဘာမျှမတတ်သာတော့ပြီ...

ရွေးရမည့် လမ်းမှာ နှစ်လမ်းပဲရှိသည်။

တစ်လမ်းက ဖွတ်တိုးရမည့်လမ်း၊

နောက်တစ်လမ်းက နောက်ဆုတ်ရမည့်လမ်း။

ရှေ့ တိုးမလား၊ နောက်ဆုတ်မလား။

အမုန်တော့လည်း ရွေးစရာလမ်း မရှိတော့၍ ရွေးနိုင်ကောင်းစေ စဉ်းစားကြည့်ခြင်းသာ ဖြစ်သည်။ အခုလောက် ခနိုးရှည်ကြီးကို ကျော်ဖြတ်လာပြီးတော့မှ. . . .

အဘယ်ကြောင့် ပြန်လှည့်နိုင်မည်နည်း။ နောက်ကြောင်းပြန်လှည့်ရသည်ဆိုသော အစဉ်အလာမျိုးလည်း ကုန်သည်ကြီးဟောင်စစ်လွေ၏ လုပ်ငန်းသဘာဝတွင် ဘယ်တုန်းကမှ မရှိခဲ့ပါပေ။

သို့ဖြင့်. . . .

"မြင်းလှည်းတွေ ဆက်ထွက်တော့မယ်ဟေ့"

ရှေ့ဆုံးက မြင်းလှည်းသမားက အလံဝါကလေးကို လှုပ်ရမ်းပြပြီး အသံကုန် အော်ဟစ်လိုက်ပါလေတော့၏။

❋ ◉ ❋ ◉ ❋





## တောင်ပေါ်ဝံပုလွေများ

"ဟေး. . . ဟေး. . . ဟေး. . . ဟေး. . ."

ကျောက်လှေကား တောင်ကုန်းအဆင်း တောအုပ်သို့အဝင်မှ ဝံပုလွေများ၏ ငင်သံပေးလာခြင်းကို ဟောင်စစ်လွေ၏ မြင်းလှည်းသမားများကြားသိလိုက်ရခြင်းပါပေ။

ဝံပုလွေများဟုဆိုသော်လည်း တိရိစ္ဆာန်ဝံပုလွေမဟုတ်။ လူတိရိစ္ဆာန်ဝံပုလွေများသာတည်း။

"တောင်ပေါ် ဝံပုလွေဂိုဏ်း"

မျက်နှာတွင် ရောင်စုံဆေးများ ခြယ်ထားသည့် ဝံပုလွေမျက်နှာပုံမျက်နှာဖုံးများစွပ်ထားသဖြင့် သူတို့ကို တောင်ပေါ်ဝံပုလွေများဟု သတ်မှတ်လိုက်ရခြင်းဖြစ်သည်။

တောင်အောက်ဝံပုလွေဂိုဏ်းသားများကား မျက်နှာဖုံးများမပါရှိပေ။

တောင်ပေါ်ဝံပုလွေဂိုဏ်းသားတို့သည် ညာဘက်တောင် ကြောဆင်ခြေလျှောအတိုင်း မြင်းများကို ကဆုန်စိုင်း၍ ဆင်းလာကြ ခြင်းပင်။

မြင်းစီးသမား တောင်ပေါ်ဝံပုလွေ ဂိုဏ်းသားများမှာ နှစ်ဆယ်ကျော်ရှိသည်။ အားလုံးဓားများကို ကိုင်ဆွဲလျက်လေမှာ ဝင့်ကာ ဝှေ့ရမ်းလာကြသည်။

"ဟေး . . . ဟေ့း . . . ဟေး . . . ."

သူတို့အသံများမှာ အရိုင်းအစိုင်းများ၏ အော်သံဟစ်သံ များနှင့် မခြား ဆူဆူ ညံ၍ နေသည်။

"သခင်ကြီး မြင်းလှည်းတွေကို ဆက်မောင်းရမှာလား ရပ် ပေးရမှာလား"

ရှေ့ဆုံးက မြင်းလှည်းသမား ဦးရှောက်က နောက်ဘက် သို့ လှမ်းအော်မေးလိုက်သည်။

ဦးရှောက်က မြင်းလှည်းနှင့် မြင်းလှည်းတစ်စီးခြားသော ရှောင်ဖုန်းမောင်းနှင်သည့် မြင်းလှည်းမှာ ကုန်သည်ကြီး ဟောင်စစ် လွေ စီးနင်းလိုက်ပါလာသော မြင်းလှည်းဖြစ်သည်။

ဟောင်စစ်ရှလွေသည် ခေါင်မိုးအတွင်းမှ ထွက်ရပ်ကာ . . .

"ဦးရှောက် ဆက်မောင်း . . . ဆက်မောင်း"

ဟု လှမ်းအော်လိုက်သည်။

ကုန်တင်မြင်းလှည်းများသည် လမ်းကြမ်းတွင် ဒုန်းစိုင်း၍ နှင်ကြပြီ။

"ဝုန်း . . . ဝုန်း . . . ဝုန်း . . . "

မြင်းများက နှင်တံတရွှမ်းရွှမ်း အရိုက်ခံရသဖြင့် ကြောက်





ာန့်ပြေး၏။ မြင်းလှည်းကို ဆွဲသည့် သဘောကို မဆောင်။ ကမူး ရှူးထိုးနှင့် ပြေးမိပြေးရာ ပြေးသည့် သဘော။

ထို့ကြောင့် . . .

မြင်းလှည်းစီးတွေက တွေ့ရာကြုံရာ ကမူလည်းမရှောင်၊ ချိုင့်ကိုလည်းမကွေ့၊ ကျွင်းကိုလည်းမခုန် ကျောက်တုံးကျတော့လည်း ဒိပ်တိုက် တိုက်၏။

မြင်းလှည်းပေါ်တွင် တင်ဆောင်လာသော ကြွေထည် ပစ္စည်းများမှာ အကွဲခံမြက်ခြောက်တွေ ကောက်ရိုးတွေ ဘယ်လိုပဲ ခံထားပါစေ။ ခုလိုအခြေအနေမျိုးကျတော့ မရတော့။

"ဂလုံ"

"ဂလွမ်"

"ဂွမ်း . . . ခွမ်း"

"ဂျွတ်"

ကွဲတာကွဲ အက်တာအက် ကျိုးတာကျိုး၍ ပုံတာတွေက သည်း ပဲကုန်၏။ အချို့ဆိုင်းကြိုးတွေ ပြေလျော့ကာ ပြုတ်ထွက်၏။ လွင့်စင်ကျ၏။

"ရပ် . . . ရပ်လိုက်စမ်း"

"ခဲပြောနေတာ မကြားဘူးလား"

"သေချင်လို့ ဆက်ပြေးနေတာလား သေနာကောင်တွေ"

"ပြေးလို့ လွတ်မယ်ထင်သလား"

တောင်ပေါ်ဝံပုလွေတွေက ဘေးတစ်ဘက်တစ်ချက်မှ ညှပ် လိုက်ရင်း မြင်းလှည်းခေါင်မိုးကို ဓားများဖြင့် လှမ်း၍ လှမ်း၍ ခုတ်ရင်း အမျိုးမျိုးအော်ကြဟစ်ကြပြီး မြင်းလှည်းများကို ရပ်ခိုင်း၏။

မြင်းလှည်းတွေအားလုံးမှာ ခုမှ ရပ်ချင်၍ မရတော့ပြီ။

မြင်းများမှာ လန့်မြင်းများ ပြန်သနားသဖြင့်. . .

ဇက်ကြိုးကို ဘယ်လောက်ဆွဲဆွဲ ဂရုမစိုက်တော့ ဆက်၍သာပြေးနေကြသည်။ ပြေးရာတွင် လမ်းအတိုင်း ပြေးနေသည်မှန်သော်လည်း. . . . ရှောင်ခြင်းတိမ်းခြင်း လုံးဝမရှိတော့ပြီ။

ထိုစဉ် ရှေ့ဆုံးက ဝူရှောက်၏မြင်း ညာဘက်လှည်းသည် ဝန်ရိုးကျိုးပြီး လန်ပြန်ကာ လိမ့်သွားပါလေတော့၏။ ဝူရှောင်လည်း ချောက်ဘက်သို့ စင်၍ကျသွား၏။

နောက်မှ ဆက်တိုက်ပြေးလိုက်လာသော မြင်းလှည်းများက ဝူရှောက်၏ တိမ်းမှောက်နေသော မြင်းလှည်းကို တိုးတိုက်ကာ ဆက်လက်မှောက်ကျသွား၏။

ထို့ပြင်. . .

နောက်တစ်စီး. . .

နောက်တစ်စီး. . .

"ဂျုံး. . . ဝုန်း. . . ဒုံး. . ."

မြင်းလှည်းများအားလုံးလိုလို ရစရာမရှိ လောကာအောင် ကျိုးကျေပျက်စီးသွားလေပြီ။

ကြွေထည် အိုးခွက်ပစ္စည်းများသည် လည်းနေရာအနှံ့ ကျိုးကျေ ပျက်စီးလျက် အမှုန့်တွေ ဖုံမှုန့်တွေက ဤပတ်ဝန်းကျင်တွင် မီးခိုးငွေ့တွေနှင့်မခြား တထောင်းထောင်း ထနေသည်။

ကုန်သည်ကြီး ပေါင်စစ်လွေမှာကား ရတနာစီခြယ်သော ဓားအိမ်တွင် ထည့်ထားသသည့် သံသေဓားကို ပိုက်လျက် အသက်ထွက်ခဲ့ရပြီ။



နောက်လှည်းတွေက သူ့ကို ဖြတ်ကျော်သွားသောကြောင့် ဖြစ်ပါ၏။

"အဲဒီလို အဖြစ်ဆိုးနဲ့ ကြုံကြရတယ် သားရဲ့၊ နန်းတွင်းသံသေဓားကတော့ ဒီလိုမျိုး ဒုက္ခပေးတာကလား"

"ဒါကြောင့်. . . အဘရသေ့ကြီး ပိုင်ဟွေ့ချမ်းက ပြောတာ သိပ်တန်ဖိုးကြီးရင် အန္တရာယ်လဲ အလွန်များတတ်တယ်တဲ့"

သားချပ်းလီဟ စကားထောက်လိုက်လေရာ ဖခင်ချမ်းမိန်က ဆက်လက်၍. . .

"ဟုတ်တယ် မှန်တယ်၊ နန်းတွင်းသံသေဓား ဖြစ်စဉ်ကိုပဲ ကြည့်၊ တောင်ပေါ်ဝံပုလွေဆီကို သံသေဓားရောက်လို့ အချိန်ပိုင်းပဲ ရှိသေးတယ်။ ဘုရင့်မြင်းတပ်နဲ့ တိုးလို့ တောင်ပေါ်ဝံပုလွေတွေလဲ အားလုံးသေရောမဟုတ်လား. . ."

"ဒါနဲ့ သံသေဓားဟာ ဘုရင်မင်းမြတ်ဆီကို ပြန်ရောက်သွားရောလား အဖေ"

"ရောက်တော့ ရောက်တယ် ဒါပေမယ့် မိဖုရားကျောင်းချူ အိမ်ကတော့ ကွပ်မျက်ခံရပြီးတဲ့နောက် ဘုရင်မင်းမြတ် တောလုပ်အထွက်မှာ မြစ်ထဲကျလို့ မြစ်စောင့်နတ်သမီးက လုပြေးသွားတယ် ပြောတာပဲ"

ဤတွင် ဖခင် စွန်ရဲချမ်းမိန်က နန်းတွင်းသံသေဓား အကြောင်းကို ရပ်နားလိုက်လေသည်။

* ◉ * ◉ *

ဖခင်စွန့်ရဲချမ်းမိန်မှာ မနက်ခရီးထွက်ရမည်ဖြစ်၍ အိ
ယာဝင်သွား၏။

ချမ်းလီနှင့် ကွာဖုန်းယုတို့နှစ်ဦးကား စကားဝိုင်း မပျ
သေး။ ဆက်လက်၍ ပြောနေသည်။

ကွာဖုန်းယုမှာ အဘိုးနှင့် နေသူဖြစ်ပြီး အဘိုးကလည်
မြေးဖြစ်သူမှာ ချမ်းလီတို့ အိမ်ကလွဲ၍ အခြားဘယ်အိမ်ကိုမျှ မသွ
မှန်း သိထားသဖြင့် မသိကျိုးကျွန် နေမြဲဖြစ်သည်။

ပြန်လာချင်မှ ဘယ်အချိန် ပြန်လာသည်ဖြစ်စေ တံခါး
ဖွင့်ပေးတတ်သည်။

ပြီးတော့. . . အဘိုးဖြစ်သူက. . . .

"ကွာဖုန်းယု မင်း အခုချမ်းလီတို့ အိမ်က ပြန်လာတာ
မဟုတ်လား" ဟု မေးမြဲ. . . .

ကွာဖုန်းယုကလည်း. . . .

"ဟုတ်တယ် အဘိုး" ဟုပြောမြဲပင်။





သို့သော်. . .

ကွာဖုန်းယုက ချမ်းလီနှင့် စကားထိုင်ပြောနေရင်း

"အဘိုးကတော့ မျှော်နေလောက်ပြီ" ဟု ပြောလိုက်ပါ
သေးသည်။

"မင်းအဘိုးက မင်းကိုချစ်ပါတယ်ကွာ၊ ပြီးတော့ မင်း ငါတို့
ား‌အဖဆီကို ရောက်နေတာကို သူကျေနပ်မှာပါ"

ကွာဖုန်းယုက ရေထသောက်ပြီး ပြန်လျှောက်လာကာ
ချမ်းလီဘေး ကွပ်ပစ်ပေါ်တွင် ထိုင်ချလိုက်၏။

ပြီးတော့သူက. . .

"အဘိုးမှာ ငါနဲ့ ပတ်သက်လို့ မျှော်လင့်ချက်တစ်ခုရှိတယ်၊
ူမျှော်လင့်တာက ငါ့ကို စာပေသမား တစ်ယောက်ဖြစ်ချင်ဖြစ်ရ
ယ်၊ ဒါမှမဟုတ် သိုင်းသမား အကျော်တစ်ယောက် ဖြစ်ရမယ်
ဲ့တဲ့ မျှော်လင့်ချက်ပဲ" ဟု ပြောလိုက်ရာ. . .

ကွပ်ပစ်ပေါ်တွင် ပက်လက်လန် လဲအိပ်ပြီး ဒူးတစ်ဘက်
ထောင်ထားသော ချမ်းလီသည်။

ဝုန်းခနဲ ထထိုင်လိုက်ကာ. . .

"ငါသိပြီ မင်းက အခုငါနဲ့ သိုင်းပညာတွေ သင်နေတော့
င်းအဘိုးလဲ သူ့မျှော်လင့်ချက်အတိုင်း ဖြစ်သွားတယ်ပေါ့. . .
ုတ်လား" ဟု မေးသည်။

"သူ့ မျှော်လင့်ချက် မဖြစ်သေးဘူး၊ သူငယ်ချင်းရ"

"ဘာဖြစ်လို့ မင်းအဘိုးမျှော်လင့်ချက်က မဖြစ်သေးတာလဲ"

"မင်းကလဲကွာ၊ ငါကသိုင်းအကျော်အမော်ဘဝကို ရောက်
သေးတာမှ မဟုတ်ပဲ"

"အလဲ. . . ဟုတ်တာပဲ ဒေးလေ ကြိုးစားပေါ့၊ ကြိုးစား
ဘာမဆို ဖြစ်နိုင်ပါတယ်"

ထို့နောက်. . .

စကားဝိုင်းမှာ ပြန်လည်ငြိမ်သက်၍ သွားလေသည်။

ပတ်ဝန်းကျင်သည် ညဏ်တိတ်ဆိတ်ခြင်းဖြင့် တိတ်ဆိ
ငြိမ်သက်၍ နေလေသည်။

အတန်ကြာလာမှ. . . ချမ်းလီက. . .

"ငါ့အဘိုးက ဘာဖြစ်လို့များ ဒီသံသေတ္တာကိုမှ ငါ့
လက်ဆောင်ပေးရသလဲ မသိပါဘူးကွာ" ဟု ပြောလိုက်လေသည်

ကွာဖုန်းယုက. . .

"မင်းနဲ့ ထိုက်လို့ပေါ့ကွာ၊ မင်းနဲ့မထိုက်ပဲ မင်းလက်
ရောက်လာပါ့မလား၊ မင်းစဉ်းစားကြည့်လေ"

ဟု ပြောလိုက်လေသည်။

"ငါနဲ့ ဒီသံသေတ္တာ ထိုက်တန်တယ် ဟုတ်လား၊ မင်း
တော့ ပြောနေတာပဲ၊ ငါနဲ့ ဒီဟာထိုက်တန်တယ်ဆိုရင် အခု ဘာ
လို့ အနိုးခံလိုက်ရတာလဲ"

"အခြေအနေအရ ပြန်ရမှာပါကွာ၊ ကြည့်နေ. . . ဒီ
တစ်နေ့မှာ မင်းလက်ထဲကို ပြန်ရောက်လာမှာပါ"

ချမ်းလီက လေပူသက်ပြင်း တစ်ချက်ကို ရှူသွင်းမှုတ်ထု
လိုက်လေသည်။ ချမ်းလီက ဆက်လက်၍. . .

"အဖေကတော့ မင်းအကြားပဲ၊ ဒီဟာငါ့လက်ထဲ ရော
လာတာ ကောင်းကျိုးလား၊ ဆိုးကျိုးလား သတိထားရမယ်တဲ့"

ဟု ပြောလိုက်လေရာ. . .



ကွာဖုန်းယုက. . .

"သတိဝီရိယ ဆိုတာကတော့ အမြဲထားရမှာပဲပေါ့ကွာ
မယ့် အကောင်းကိုပဲ တွေးစမ်းပါ။ ငါ့အဘိုးပြောတယ်။ ဘာ
အကောင်းဘက်ကပဲတွေး၊ အကောင်းကိုပဲ စဉ်းစားတဲ့ ကဲ. . .
တော့ ငါလဲပြန်လိုက်အုံးမယ်"

ဟု ပြောတာ ကွာဖုန်းယု ထပြန်သွားပါလေတော့၏။

## အခန်း (၉)

### ချမ်းလီ၏သံသေတ္တာရှာပုံတော်

သည်ကိစ္စနှင့်ပတ်သက်၍ကတော့ ချမ်းလီသည် သူငယ်
ကွာဖုန်းယုနှင့် မတိုင်ပင်၍မဖြစ် တိုင်ပင်ရလေသည်။

စင်စစ်. . .

ကွာဖုန်းယုတို့က ဒေသခံတွေဖြစ်သည်။

ဟန်ကျုံးမြို့အကြောင်းကိုလည်း ကွာဖုန်းယုက ချမ်းလီတို့
အဖထက် ပိုသိသည်။ ပိုပြီးနားလည်သည်။

ဒါက အချို့ အချို့သော ကိစ္စများမှာဖြစ်သည်။

ယခုကိစ္စတွင် ကွာဖုန်းယုက. . .

"ဒီမှာ ချမ်းလီ မင်းပြောတဲ့ သံသေတားနှင့်ပတ်သ
ငါလဲ မင်းလောက်နားလည်မှာမဟုတ်ဘူး၊ ဒါပေမယ့် မင်းပြေ
အရ အခုမားပျောက်ဆုံးသွားတဲ့ကိစ္စက ငါ့အဖို့ စိတ်ဝင်စာ
ဖြစ်နေတယ်"

နှစ်ယောက်သား မြို့ပတ်လမ်းတွင် စကားတပြောပြေ
လျှောက်လာခဲ့ကြသည်။

ညနေခင်း ဆည်းဆာလေညှင်းက တသုန်သုန်။

ဟိုးအနောက် မိုးကောင်းကင်မှာ တိမ်နီတိမ်ပြာနှင့်
တွေက တရိပ်ရိပ်. . .

လွမ်းတတ်သူတွေ လွမ်းမည်။

ဆွေးတတ်သူတွေ ဆွေးလိမ့်မည်။

ချမ်းလီနှင့် ကွာဖုန်းယုတို့မှာ လွမ်းရမှန်းလည်းမသိ၊
ရမှန်လည်း နားမလည်။

အသိထဲမှာ. . . .

သံသေတားပျောက်ဆုံးသွားသည့်ကိစ္စနှင့်ပဲ လွမ်း
နေသည်။

"ငါ မင်းကို မေးမယ် ဒီကိစ္စ မင်းဘယ်သူ့ကို ပြောပြ

ကွာဖုန်းယု တကယ်ပဲ အထောက်တော်ပုံစံမျိုးနှင့် မေ
ထုတ်လေသည်။

မှန်သည်။ သည်လိုပဲ မေးရလိမ့်မည်။

ချမ်းလီအဖို့ ကွာဖုန်းယုမေးခွန်းအတွက် ဖြေရန်
မခက်။







"ငါဘယ်သူ့ကိုမှမပြောမိဘူး အဖေကိုတောင် မပြောမိဘူး"

"ဒါက စဉ်းစားစရာလမ်းကြောင်းပိတ်သွားစေတဲ့ အဖြေပဲ"

"အဘိုး ဒီအကြောင်း ငါ့ကိုပြောပြတုန်းက အနောက်ဘက်
းတာထဲမှာ ငါတို့ သိုင်းလေ့ကျင့်တဲ့ နေရာမှာ ပြောပြတာ"

"ဒါဆိုရင်တော့ တစ်ယောက်ယောက်က ခိုးနားထောင်ပြီး
အကြောင်းသိသွားနိုင်တယ်"

"အဲဒီလိုထင်တယ် ကွာဖုန်းယု"

"အလွန်ဖြစ်နိုင်တဲ့ အချက်ပဲ၊ ဒါကြောင့် မိုးတိမ်နီဂိုဏ်း
လောက်ရှုံက ဒီမားကို လာခိုးခဲ့တာပဲပေါ့"

"သူ့ကို ပြန်မေးရင် အကြောင်းအရင်းကို သိနိုင်တယ်"

"ရှုတ်တရက်အမှန်ကို ပြောမယ်မဟုတ်ဘူး။ မားအခိုးခံ
သူမသိသေးဘူးနော် ခတ်တာက သူက အယောင်ပြပြီး သူလူ
ယောက်ယောက်က မားကို အရင်ယူသွားရင်ရော"

နှစ်ယောက်သားအဖြေကို ရလိုရငြား အဘက်ဘက်က
ည့်၍ စဉ်းစားပါသော်လည်း အဖြေက ထွက်မလာ။

ဦးနှောက်တွေသာ အတွေးစများဖြင့် ပွေရှုတ်နေပြီး လေပူ
က်ပြင်းအခါခါ မှုတ်ထုတ်နေရ လေတော့၏။

ညနေဆည်းဆာ၏ တသုန်သုန်လေညှင်းမှာ တစ်ချက်မှာ
ာ. . . တဟူးဟူး တဖြူးဖြူး. . .

အလင်းရောင်တန်းတွေက ကြည့်နေရင်း ဖျော့တော့ ရီဝေ
ဖြစ်၍လာလေသည်။

ကွာဖုန်းယု ခေါင်းငိုက်စိုက်ချကာ အဖြေမှန်ကို လမ်းပေါ်
ကောက်ရမတတ်ငုံ့၍ ကြည့်ရင်း လျှောက်လှမ်းနေရာမှ ရုတ်တ

ရက် တွံ့ရပ်လိုက်လေသည်။

“မင်းကို ငါမေးဖို့ စကားတစ်ခွန်းကျန်နေခဲ့တယ်”

ဟု ပြောလိုက်လေရာ ချမ်းလီက. . .

“ဘာလဲ” ဟု မေး၏။

“မင်းအိပ်ယာဝင်တဲ့ အချိန်မှာ ဆောင်တော်ကူးပန်း

လိုလို အနံ့တစ်မျိုးကို ရှူရှိုက်မိသေးတယ်ဆို”

“အေး. . . အဲဒါအမှန်ပဲ၊ ပထမတော့ ငါက ဆောင်

ကူးပန်းရနံ့ပဲ ထင်နေမိတာ နောက်မှ ဆောင်တော်ကူးပန်း

မဟုတ်မှန်း ငါသတိပြုလိုက်မိတယ်”

“ဒါဟာ. . . မင်းအဆိပ်ငွေ့သင့်ခဲ့တာပဲ အဆိပ်ငွေ့

အစွမ်းအာနိသင် မကောင်းတဲ့အတွက် မင်းဟာတစ်ခဏချင်း ပြ

သတိရလာတာဖြစ်မယ် မင်းအိပ်ပျော်သလိုမေ့မျောနေတဲ့ အချိန်

တစ်စုံတစ်ယောက်က မင်းဓားကို ခိုးယူသွားတာဖြစ်မယ်”

ကွာဖုန်းယု ရုတ်တရက် ဘာဖြေရမှန်းမသိ တွေသွားသည

နောက်မှ. . . .

“ဒါကတော့. . . သူ့ဓားနဲ့ မင်းဆီက ဓားကို လဲယူတဲ့ အ

မျိုး လုပ်ရင်း ဓားအိမ်ကို ယူဖို့ သတိမေ့သွားတာဖြစ်နိုင်တယ်”

မှန်သည်။

ဓားလာခိုးသူသည် ဓားချင်းလဲလှယ်ယူမည့်အတွက် သူ

ဓားကို ထုတ်ပြီး သံသေဓားအိမ်မှာ ထိုးသွားထားခဲ့ပေလိမ့်မည်

“ဓားအိမ်ဆိုလို့ အဲဒီဓားအိမ်ကိုရော မင်းစစ်ဆေးကြ

သေးလား လျှို့ဝှက်ချက် သင်္ကေတတွေများ ပါလာသေးလား”

“ဓားအိမ်ကို အဖေယူထားတယ် အနီရောင်ပေါ်မှ





ဒူးပန်းချီးနွယ်တစ်ခုကို တွေ့တာပဲ အသေအချာမလေ့လာရသေး

ါဘူး အမှတ်မှဲ့ပဲ မဟုတ်လား”

“ကောင်းပြီလေ ဒီကိစ္စအပေါ်မှာ တို့ဒီလောက်လေ့လာ

သားရုံနဲ့ ရှာဖွေလို့ လုံလောက်ပါပြီ အခုတို့ ဓားသုံးလက် စားသောက်

ဆိုင်ကို သွားကြမယ်”

“ဟေ့ ကွာဖုန်းယု စိတ်ကညစ်နေရတဲ့အထဲ၊ အဲဒီ ဓား

သုံးလက် စားသောက်ဆိုင်က နာမည်ကြီးမဟုတ်လား”

“မင်းကလဲကွာ အဲဒီလို နာမည်ကြီးမှ လူဆိုးသူခိုးတွေလာမှ

ါတို့ အခုစုံစမ်းဖို့ အဆင်ပြေမယ် မဟုတ်လား မင်းဓား ခိုးသွားတဲ့

ဲနဲ့ အောင်ပွဲခံနေတဲ့ အနေနဲ့ ဓားသုံးလက်ကို မရောက်ဘူးလို့

မင်းပြောနိုင်လား”

“တော်လိုက်တဲ့ သူငယ်ချင်းရာ ကဲ. . . လာ ဓားသုံးလက်

စားသောက်ဆိုင်ကို သွားကြစို့”

ထို့နောက်. . . .

နှစ်ယောက်သား ဓားသုံးလက် စားသောက်ဆိုင်သို့ ခြေဦး

လှည့်လိုက်ကြလေသည်။

အချိန်မှာ စောင့်စရာမလို အနေတော်ဖြစ်သွားသည်။

စားသောက်ဆိုင်တွင် စားသုံးသူ ဖောက်သည်တွေ အတော်

ပင် စုံစုံလင်လင် ရောက်ရှိနေလေပြီ။

ဆိုင်ခန်းအတွင်း ဝင်လာခဲ့လေသည်။

ချမ်းလီရော ကွာဖုန်းယုပါ ကြိုတင်ပြောထားကြသည့်

အတိုင်း မိမိတို့အား အထူးစိတ်ဝင်စားစွာ ကြည့်သောသူ ရှိမရှိ

အရင်ဆုံး လေ့လာရန် နှစ်ဦးစလုံး ဆိုင်ခန်းအတွင်းသို့ ဝေ့ဝိုက်၍.

ကြည့်လိုက်သည်။

ချမ်းလီက လူတစ်ယောက်ကို အရင်ဆုံး သတိပြုလိုက်မိလေသည်။

ထိုလူမှာ. . .

အခြားသူမဟုတ် လူရှုတ်လူပွေ ကော့ရန်ပင် ဖြစ်သည်။

လောက်ရှုံ ရှိမရှိ ချမ်းလီရော ကွာဖုန်းယုပါ ရှာကြည့်ပါသေးသည်။

လောက်ရှုံကို မတွေ့ သူတို့အဖွဲ့ထဲက ချွန်းနီနှင့် ဂုစန်းတို့ကိုသာ တွေ့သည် လူရှုတ်ကော့ရန်ကို တွေ့လိုက်ရသည်မှာလည်း ချွန်းနီတို့ စားပွဲဝိုင်းတွင် တွေ့လိုက်ရခြင်းဖြစ်သည်။

သည်လိုအောက်တန်းစား ဒုစရိုက်လောကသားဟု မှတ်ယူနိုင်သော လူရှုတ်ကော့ရန်လိုလူမျိုးကို တကယ့်ဝါရင့် သိုင်းလောကသားကြီးများဝိုင်းတွင် ဘာ့ကြောင့် တွေ့လာရပါသနည်း။

ချမ်းလီသည် တွေးရင်း ကွာဖုန်းယု နောက်သို့ လိုက်လာခဲ့သည်။ ထို့နောက် လူလွတ်နေသော စားပွဲခုံတွင် နေရာယူလိုက်ကြသည်။

စားပွဲထိုးလူရွယ်တစ်ယောက် ရောက်လာသည်။

အရက် မှာသည်။ အမြည်းကို မှာသည်။

ကွာဖုန်းယု အရက်တွေ အမြည်းတွေ မှာနေစဉ် ချမ်းလီက နောက်ဘက်တွင်ရှိသော ကော့ရန်ကို သမင်လည်ပြန်လှည့်၍ ကြည့်လိုက်မိ၏။

"ဟင်"

ချမ်းလီမှာ အံ့ဩသွားရလောက်အောင် ပြောင်းလဲမှု တစ်ခု





ပေါ်၍လာလေသည်။

ထိုပြောင်းလဲမှုမှာ အခြားမဟုတ်. . .

လူရှုတ်ကော့ရန် ချွန်းနီတို့ စားပွဲတွင်မရှိ တော့ခြင်းပင်။

"ဒါဟာ ထူးခြားချက်ပဲ"

ချမ်းလီသည် ကွာဖုန်းယုအား အကြိုးအကြောင်း ပြောပြ ီး စားသောက်ဆိုင်ရှေ့ အပေါက်ဝတံခါးသို့ ပြန်ထွက်၍ ဟိုသည် ်မ်းမျှော်၍ ကြည်သည်။

လူရှုတ်ကော့ရန်ကို အရိပ်အယောင်ပင် မတွေ့ရတော့ပြီ။

သည်လိုနေရာမျိုးတွင်မူ လူရှုတ်ကော့ရန်တို့က ဝါရင့် သိုင်း ာမားကြီးတွေထက် အကွက်မြင်သည်။

ကြိုသိသည်။

ပြီးတော့ ဉာဏ်နီဉာဏ်နက်များသည်။

အခု ကြည့် လူရှုတ်ကော့ရန်က ချမ်းလီတို့ကို တွေ့ရလိုက် ည်နှင့် မိမိအား ပြဿနာရှာတော့မည်အကြောင်း သူ ကောင်း ောင်းသိသည်။ ကောင်းကောင်းသဘောပေါက်သည်။

ထို့ကြောင့်. . . .

စားသောက်ဆိုင်ထဲက ခပ်သုတ်သုတ်ပင် စားသောက်ဆိုင် ပြင်သို့ ထွက်သည်။

သည်တော့လည်း. . . .

မိမိနောက်မှ ချမ်းလီ မလွဲမသွေ လိုက်လာမည်ဆိုတာ ကြို ်နေသည်နှင့် လမ်းအတိုင်းမသွားပဲ ပန်းချုံထဲ ဝင်ပုန်းနေသည်။

ချမ်းလီ စားသောက်ဆိုင်ထဲ ပြန်မဝင်မချင်း ငြိမ်၍ နေသည်။

ချမ်းလီကား ကော့ရန်ကို တွေ့လိုတွေငြား ရှာဖွေကြ[ည့်]
သည်။ မတွေ့ရ. . .

"တောက်"

ချမ်းလီသည် တောက်တစ်ချက်ခတ်လိုက်ပြီး စားသော[က်]
ဆိုင်ထဲ ပြန်ဝင်သွား၏။

❋ ◉ ❋ ◉ ❋

## အခန်း (၁၀)

## ဘယ်ပြေးမလဲ လူရှုတ်ကော့ရန်

မျက်စိအောက်က ပျောက်သွားသော ကော့ရန်ကို မတွေ့[ရ]
ကောင်းလား စိတ်ဖြင့်. . . .

ချမ်းလီက အမျက်ဒေါသထွက်နေသည်။

"ဘယ်လိုဖြစ်လာတာလဲ ချမ်းလီ" ဟုပင် ကွာဖုန်းယု[က]
မေးယူရသည်။

"မပြောချင်ပါဘူးကွာ. . . လူရှုတ်ငပွေကော့ရန်ကမျာ[း]
ငါ့ကို လှည့်စားသွားရတယ်လို့"





ကွာဖုန်းယု တစ်ချက်ပြုံးလိုက်သည်။

ပြီးတော့. . .

အရက်ခွက်ထဲ အရက်အိုးထဲက အရက်ကို ငှဲ့ထည့်လိုက်
ရင်း. . . .

"အသာ နှပ်ထားလိုက်စမ်းပါကွာ. . . ဒီလိုကောင်မျိုး
ဈေးနား ပတ်ရှာလိုက်ရင် မကြာပါဘူး။ အလကား ခြေထောက်ပါတဲ့
ကောင်တွေမဟုတ်ဘူး"

ကွာဖုန်းယု ပြောသည်မှာ မှန်သည်။

လူရှုတ်ကော့ရန်တို့သည် ဝေးဝေးပြေးနိုင်သော အစွမ်းအစ
မရှိသူများသာ. . .

"မင်းကိုတော့ ငါ့အတော့်ကို သဘောကျသွားပြီ"

ချမ်းလီက အရက်တစ်ငုံသောက်၍အပြီး ပြောလိုက်လေ
သည်။

"ဘာကြောင့် သဘောကျပြန်တာလဲ"

"မင်းကိုငါက သိုင်းပညာလေ့ကျင့်တဲ့ နေရာမှာသာ အားမ
ရတာ ခုလိုတွေးတောစဉ်းစားရတဲ့ နေရာမျိုးကျတော့ မင်းက
အတော်ဟုတ်တယ်"

"မင်းအဖေပြောပြောနေတယ်လေ လူဆိုတာအဖက်ဖက်
မှာ လူတော်တစ်ယောက် မဖြစ်နိုင်ဘူး ဆိုတာ"

"မင်းက ဒီလိုခေါင်းသုံးတဲ့ နေရာမှာတော်ကိုတော်တာပါ"

"မင်းလဲ တော်တာပါပဲကွာ အလေ့အကျင့်မလုပ်လို့ပါ. . .
အဲဒါအသာထားဦး အခုမင်းဟိုအကောင်တွေကို တစေ့တစောင်း
ကြည့်လိုက်ပါဦး"

၁၂၄

ကွာဖုန်းယုက ချမ်းလီကို စကားလမ်းကြောင်းလွှဲပေးလိုက်သည်။

ချမ်းလီက ချွန်းနီတို့ လူသိုက်ကို အစကတည်းက စိတ်ဝင်စားနေသည်နှင့် အချိန်ကို အကုန်ဆုံးမခံ ကွာဖုန်းယုပြောလိုက်သည့် အချိန်မှာပဲ. . . .

ချမ်းလီက ချွန်းနီတို့ စားပွဲဝိုင်းကိုလှည့်ကြည့်လိုက်သည်။

ချွန်းနီနှင့် ဂုာစန်းတို့ နှစ်ယောက်ခေါင်းချင်းဆိုင်လိုက် မဆိုင်လိုက် ရှိနေသည်။

ပြီးတော့ ချမ်းလီတို့ဘက်ကို မကြာမကြာလှည့်၍ ကြည့်နေတတ်သည်။

မားသုံးလက် စားသောက်ဆိုင်ထဲ မိမိတို့အား စိတ်ဝင်စားသူဆို၍ သင်းတို့ပဲ ရှိသည်မဟုတ်လား။

"သူတို့ဟာ မိုးတိမ်နီဂိုဏ်းသားတွေ မဟုတ်လား ကွာဖုန်းယု"

"ဟုတ်တယ်. . . . ဘာဖြစ်လို့လဲ"

"ငါ့မားကိစ္စ သူတို့ကို မေးကြည့်မလားလို့ သံသေမားလို့ တော့မမေးဘူးပေါ့"

"သူတို့က မိုးတိမ်နီဂိုဏ်းသားတွေ တော်တော်ကြာ သိုင်းလောက အရှုတ်အရှင်းထဲ တို့ပါ ပါဝင်ပတ်သက်နေဦးမယ်"

"အခြေအနေကတော့ သိုင်းလောကနဲ့ မပတ်သက်ပဲ နေလို့ မရမယ့် အခြေအနေပဲ ကွာဖုန်းယုရေ"

"ဒါလဲ ဟုတ်တာပါပဲ"

"မင်းစဉ်းစားကြည့်လေ ဒီကိစ္စကို တို့ကစပြီး ဖန်တီးလို့





၁၂၅

လား၊ သူတို့ကစပြီး ဖန်တီးလာတာ၊ အဖေက ညွှာလိုက်လို့သာပေါ့ မညွှာရင် လောက်ရဲ့ ပြဿနာတက်သွားနိုင်တာပဲ မဟုတ်လား"

မိမိတို့ အနေမှာက အခုလို တိုင်ပင်ညှိနှိုင်းတုန်းရှိသည်။

မိုးတိမ်နီဂိုဏ်းသားချွန်နီနှင့် ဂုာစန်းဦးဆောင်ထားသော အရက်ဝိုင်းက စတင်၍ စစ်မျက်နှာဖွင့်လာသည်။

ရှေးဦးစွာ မိမိတို့စားပွဲရှေ့သို့ ကျူးကျော်ရောက်ရှိလာ သူမှာ ချွန်းနီ. . .

သူ့ပုံမှာ အရက်အတော်မူးနေပြီ။

"မင်းတို့ကို အရင်က မားသုံးလက် စားသောက်ဆိုင်မှာ မတွေ့ခဲ့ပါဘူး။ အခုမှ ထူးထူးခြားခြား ဘာလာလုပ်ကြတာလဲ"

ချွန်းနီက ခေါင်းကဆံပင်ဘုတ်သိုက်ကို မျက်နှာပေါ် ကျနေလျက် မေးလာသည်။

ချမ်းလီနှင့်ကွာဖုန်းယုပြိုင်တူလို မော့၍ ကြည့်လိုက်ကြသည်။

မေးလာသော မေးခွန်းက လုံးဝ ဖခံချင်စရာ မေးခွန်း။ တစ်နည်း ရန်စမေးခွန်း။ ကွာဖုန်းယုကပဲ စတင်လိုက်သည်။

"ကျွန်တော်တို့ အရင်က မားသုံးလက် စားသောက်ဆိုင်ကို လာလာ မလာလာ ခင်ဗျားတို့နဲ့ ဘယ်လိုနည်းနဲ့မှ မပတ်သက်ဘူး"

ဟုပြောလိုက်သည်။

ချမ်းလီကပါ ဝင်၍. . . .

"ကျုပ်တို့ မားသုံးလက် စားသောက်ဆိုင်ကို လာတဲ့ကိစ္စ မေးနေစရာလိုသေးလား စားမယ် သောက်မယ် ဒီကိစ္စပဲပေါ့"

ထိုအခါ. . . .

## ၁၂၆

ချွန်းနီက အုံ. . . ဟု ကျွတ်တစ်ချက်ထိုးလိုက်ပြီး. . .

"ဟဲ. . . ဟဲ. . . ဟဲ. . . ဟဲ. . ."

ဟူ၍ သရော်သောဟန်ဖြင့် ရယ်ကျဲကျဲလုပ်လေသည်။

ထိုစဉ် ဗှာစန်း နောက်မှ ရောက်ရှိလာပြန်သည်။

"ဘာတွေလဲဟေ့ ပြဿနာဆိုရင် ရှင်းသာပစ်"

နောက်လာသည့် မောင်ပုလည်း ဒိုင်းဝန်ထက်ကဲနေသည်။

ချမ်းလီသည်လည်း မခံနိုင်သည့်အဆုံး ဝုန်းခနဲထရပ်လိုက်သည်။

သည်တော့ ချွမ်းနီနှင့် ဗှာစန်းကို ယှဉ်၍ရပ်လိုက်သည်။

"ဒီမှာ ကျုပ်တို့က ဒီမြို့သားတွေ ဒီမြေမှာ ဒီရေသောက်နေတာ အားလုံးအကြောင်း ကျုပ်တို့ကလဲ သိနေတာပဲ"

ချမ်းလီသည် အမျက်သို နေရာမှာ ပြောချလိုက်သည်။

ချွန်းနီက ချမ်းလီအား

"မင်းက အလာကြီးပဲ၊ အထောက်တော် စွန်ရဲချမ်းမိန်ရဲ့ သားဆိုတဲ့ ဂုဏ်နဲ့ပေါ့လေ" ဟု မခံချင်အောင်ပြော၏။

"စကားတွေရှည်မနေနဲ့ လူရှုတ်ကော့ရန်ကို ခင်ဗျားတို့ ဘယ်ကို လွှတ်လိုက်သလဲ ကျုပ်တို့ သိချင်တယ်ဒါပဲ"

ချွန်းနီက မျက်ခုံးနှစ်တန်း နှာဖူးပြင်ထဲမြှင့်တင်လိုက်သည်။

ပြီးတော့. . . ပခုံးနှစ်ဘက် တွန့်လိုက်သည်။

ထို့နောက်. . . ဗှာစန်းဘက်လှည့်ကြည့်သည်။

ဗှာစန်းက မျက်လုံးပြူး၍ ပြလိုက်သည်။ လက်နှစ်ဖက်ကို ခါ၍ ပြလိုက်သည်။

"ဟုတ်တယ် ကျုပ်တို့ ဓားသုံးလက်ကို အလယ်လာတာ

## ၁၂၇

ေကြာင်းကိစ္စတစ်ခုရှိလို့လာတာ၊ အခုတော့ ကော့ရန်ကို တွေ့ချင်ယ်"

"ကော့ရန်က လူရှုတ်ပဲ"

"သူရှုတ်တာ မရှုက်တာမေးနေတာ မဟုတ်ဘူး သူ့ကို ေတွ့ချင်တာ သူ ခင်ဗျားတို့ ဝိုင်းက ထွက်သွားတာ ကျုပ်မြင်တယ်"

"အလိုလေး. . . လေး. . . ကမ္ဘာကျော် မိုက်ခဲကြီးတွေပါ လား"

"ဘာလဲ ခင်ဗျားတို့က ဝါရင့်သမားကြီးတွေဆိုပြီး ကျုပ်တို့ ကို စော်ကားတာလား"

"မင်းက အထောက်တော် စွန်ရဲချမ်းမိန်ရဲ့ သားတစ် ယောက်ပဲ မင်းတို့ကို စော်ကားဝံ့မှာတဲ့လား"

"စကားရှည်တယ်ဗျာ. . . ကော့ရန်ဘယ်မှာလဲ သူနဲ့ကျုပ် တို့ တွေ့ချင်တယ်"

ထိုအခါ. . .

နောက်တွင် ကျန်နေခဲ့သော နောက်လိုက်များအားလုံးလိုလို ားပွဲမှထကာ မိမိတို့အနီးသို့ ရောက်ရှိလာကြသည်။

အားလုံးလိုလို ချမ်းလီတို့ကို ဝိုင်းထားလိုက်ကြသောအခါ ပြဿနာတစ်ခုခုဖြစ်ပြီဆိုသော အထင်နှင့် အခြားစားပွဲများမှ စား သောက်နေကြသူများက သူတို့ဝိုင်းကို စိတ်ဝင်တစားဖြစ်လာကြ သည်။

ခေါင်းထောင်ကြည့်ကြသည်။

နောက်ပြန်လှည့်ကြည့်သူက ကြည့်သည်။

သွားလာနေသူက ရပ်ကြည့်သွားကြသည်။

သို့သော်. . .

အထူးတလည် စိတ်ဝင်စားမှုမျိုး မဟုတ်သလိုရှိသည်။

စားသုံးလက် စားသောက်ဆိုင်မှာ အခါလို အဖြစ်မျိုး…
နှိုးနေပြီ၊ ဆိုင်ရှင်လူဝကြီးကသာ စိုးရိမ်စိတ်ဖြင့် ထလာသည်။

သူတို့နား ရောက်တော့လည်း မိုးတိမ်နီဂိုဏ်းသားများ…
ပြဿနာရှာနေမှန်းသိ၍ အသာခပ်လျှိုလျှိုနေလိုက်သည်။

ချွမ်းနီက ဟန်ပါပါဖြင့် ချမ်းလီအား. . .

"ဒီမှာ ငါ့ညီ မင်းတို့လဲ တက်သစ်စ သိုင်းသမားတွေ…
ခွေးအ တောထဲမှာ သိုင်းလေ့ကျင့်နေတာ တို့သိပါတယ်"

ဟု ပြောလေရာ. . .

ချမ်းလီက. . .

"ဘာဆိုင်လို့လဲ" ဟုပြော၏။

"နားထောင်ပါဦး အဲဒီတော့ကာ. . . မင်းတို့က လူ…
ကော့ရန်ကို တွေ့ချင်တယ်လို့ ပြောတယ်မဟုတ်လား တွေ့ရမယ်…

"ဒါဖြင့် ကော့ရန်ဘယ်မှာလဲ"

"နေစမ်းပါဦး. . . ကော့ရန်ကို တွေ့ဖို့မတွေ့ဖို့ကို ကြွေ…
ပစ်မယ် အဲဒါမှ မဟုတ်ရင် မင်းတို့ထဲက တစ်ယောက်နဲ့ တို့ထဲ…
တစ်ယောက် သိုင်းပညာဖလှယ်ကြမယ်"

ချမ်းလီနှင့် ကွာဖုန်းယုတို့ တစ်ယောက်မျက်နှာ တစ်…
ယောက် ကြည့်လိုက်သည်။

ချက်ချင်း တစ်ယောက်သဘောတစ်ယောက် နားလည်…
လိုက်သည်။

"ကြွေပခဲ့ပစ်ပြီး အရှုံးအနိုင်ကို ဖော်ထုတ်တာမျိုးကတော့…



…နိုးမဆန်တာပေါ့ သိုင်းပညာဖလှယ်ပြီး အနိုင်အရှုံးဖော်တာက
ပြောစရာမလိုပါဘူး ဟဲ. . . ဟဲ. . . ဟဲ. . . "

ချွန်းနီက စကားကို ရပ်ပြီးတဟဲဟဲရယ်သည်။

သရော်လိုက်သည့် ရယ်သံမျိုး။

"မင်းတို့ရှုံးရင် ကော့ရန်ကို တို့ရှာပေးစရာ မလိုတော့ဘူး
ပေါ့ အဲ. . . နိုင်ရင် နိုင်ခဲ့ရင်တော့ ကော့ရန်ကို ရှာပေးရတော့မှာ
ပေါ့ကွာ"

ထိုစဉ်. . . ဗာစန်းက ရှေ့ထွက်လာ၏။

❋ ◉ ❋ ◉ ❋

## အခန်း (၁၁)

## လူရှတ်ကော့ရန်အတွက် သတ်ကွင်း

"ကြွေအံကစားမှာလား" ဟု ဗာစန်းကမေး၏။

ချမ်းလီက ဘာမျှမပြော ကွာဖုန်းယုကမူ ချမ်းလီ မိမိကို
…စ်ချက်လှည့်ကြည့်လိုက်ကတည်းက. . .

ချမ်းလီ အရိပ်အခြေကို စောင့်ကြည့်နေသည်။

ဂုဏ်စန်း နောက်ရှိ နောက်လိုက်တစ်ယောက်

နှုတ်ခမ်းမွေး ပါးစပ် အုပ်ဖုံးနေသူက. . .

"ရော့. . . ကြွေအံ"

ဟု ပြောကာ ကြွေအံစာတုံးကလေးကို စားပွဲပေါ်တင်

လိုက်လေသည်။

ချမ်းလီက ကြွေအံစာတုံးကလေးကို ကောက်ယူပြီး လ

ညှိုးနှင့် လက်မကြားထည့်၍ အတွင်းအားများကို စုစည်းပြီး ဖိ

လျှက် အသာဖိညှပ်လိုက်လေသည်။

"ဂျွတ်"

ကြွေအံစာတုံးကလေးမှာ ဆင်နင်း၍ပင် ကျေမည်မဟု

သော်လည်း. . . ချမ်းလီ၏ လက်ညှိုးနှင့် လက်မကြားတွင် ကျေ

ပြီး ဘဝပြောင်းသွားပါလေတော့၏။

ထိုမြင်ကွင်းကို မြင်လိုက်ကြသူများထဲမှ

"ဟာ. . ."

"ဟင်. . ."

"ဟယ်. . ."

ဟူသော အာမေဋိတ်သံများ ပေါ်ထွက်လာလေ၏။

သည်လို အာမေဋိတ်သံမျိုးတွေ ထွက်လာသည်ကို. . .

ချွန်းနီတို့က မကျေမနပ်ဖြစ်ပြီး ထိုသူများကို လှည့်ကြ

လိုက်၏။ ပြီးတော့ သူက. . .

"မျက်လှည့်ပွဲ မှတ်နေလို့လားဟေ့"

ဟု ချွန်းနီတို့မခံချင်အောင် ပြောလိုက်သည်။

သည်တော့မှ. . .



ချမ်းလီက. . .

"သူပြောတာအမှန်ပဲ ဒီပွဲဟာ မျက်လှည့်ပွဲမဟုတ်ဘူး သိုင်း

ာဖလှယ်ပွဲ" ဟု ပြောလိုက်သည်။

ချွန်းနီတို့ လူစု စောစောကလောက် တက်တက်ကြွကြွ

တ်တော့ မသိမသာငြိမ်သွားကြသည်။

သည်အချိန်မှာ ချမ်းလီက. . .

"ကဲ. . . ပွဲစမယ် ခင်ဗျားတို့လူကို ကျုပ်သဘောကျ ခေါ်

တ်ရမှာလား" ဟု မေးလိုက်သောအခါ. . .

ချွန်းနီသည် ရုတ်တရက် အဖြေရ ခတ်သွားလေသည်။

မိမိတို့လူကို မိမိတို့ ခေါ်ထုတ်ပေးမည်ဆိုလျှင် ညှိရာ

တော့မည်။

သို့သော်လည်း. . .

အညံ့ခံမှုသာလျှင် မိမိတို့ဘက်က နိုင်ရဖွယ်ရှိသည် မိမိ

လူတွေက လက်ရည်ညီကြသည်မဟုတ်။

"ကဲ. . . ကြာတယ်"

စိန်ခေါ်နေသူကား ချမ်းလီပါပေ။

အတွင်းအားကိုပင် စုစည်းလိုက်ချေပြီတကား။

ချွန်းနီသည် အအေးခံအကျႌကြီးကို ဖြုန်းခနဲ ချွတ်လိုက်

သည်။

ဆိုလိုသည်က ချမ်းလီနှင့် ယှဉ်ပြိုင်တိုက်ခိုက်မည့်သူ တိုက်

်ရေးသမားသည် အခြားမဟုတ်။ မိမိချွန်းနီဟူ၏။

အအေးခံအကျႌကြီးကို ဂုဏ်စန်းအားပစ်ပေးလိုက်၏။

"ဝိုး. . ."

"ဖတ်..."

အတွင်းအားတွေစုစည်း၊ လက်တံတွေဆန့်ထုတ်၊ ခြေ
ရပ်၊ ပြီးတော့...ကျားတစ်ကောင်သားကောင်ကို ချော
အုပ်တော့မည့် ဟန်...

"ရှုပ်"

"ရှုပ်" "ရှုပ်"

ခြေကို ကျွမ်းပြင်မှာ အုပ်လျှက်သား တိုက်ကွင်း
အထား ပြောင်းယူ၏။

ချမ်းလီသည်လည်း သိုင်းသမားတို့၏ ကျင့်စဉ်များအ
ဘယ်ဘက်က လာလျှင် ညာဘက်ကလှုပ်ရှား၊ ညာဘက်ကလာ
ဘယ်ဘက်က လှုပ်ရှား၊ အပေးအယူ အသွားနှင့်အပြန် နည်း
လေးမျှ မိမိဘက်မှာ ဟန်ချက်မပျက်ဖို့သည် အဓိက တိုက်ခိုက်
သိုင်းကွက်အတွက် နေရာတော်ဝင်း တက်ရပေမည်။

ချက်ချင်းပင်...

ဓားသုံးလက် ဓားသောက်ဆိုင်ခန်းသည် လူသတ်
ဖြစ်သွားတော့သည်။

အားလုံးရှဲသွားကြ၏။

ဆိုင်ရှင်လူဝကြီး ကျွမ်းစွံ အတော်စိတ်ပျက်နေသည်။

အကွဲအရှ အပျက်အစီးအတွက် တခြားလူတွေဆို
မဆုံးရှုံး။ မိုးတိမ်နီဂိုဏ်းသားတွေဆိုလျှင် မဆုံးရှုံးမှာ လုံးဝစဉ်
စရာမလို။

ထိုစဉ်...ချွန်းနီက ခါးတွင် ပတ်ထားသော သံမဏိ
ကို ဖြုတ်၍ ကိုင်လိုက်သည်။



"ဝိုး..."

"ဝှစ်..."

ချွန်းနီက သံမဏိကြိုးထုတ်ကိုင်သည်နှင့်...

"ဝှစ်..."

"ဟူး..."

"ဖျတ်"

ချမ်းလီ၏ လက်ထဲ ဓားတစ်လက်ရောက်ရှိလာလေသည်။

ကွာဖုန်းယုက လှမ်းပစ်ပေးလိုက်ခြင်းပင်။

ချမ်းလီသည် ကွာဖုန်းယု၏ ဓားရှည်ကို လက်တွင် ကျစ်
ကျစ်ပါအောင်ဆုပ်ကိုင်လျက်...အသင့်...

ချွန်းနီ၏ သံမဏိကြိုးလက်နက်သည် လှုပ်လှဲလှုပ်လီ
ည်လို လက်နက်မျိုးကိုလည်း အတွင်းအားပြည့်ဝသူ မဟုတ်လျှင်
ကိုင်တွယ်ရန်မသင့်။

"ဝိုး..."

"ဝှစ်..."

ဓားသောက်ဆိုင် မျက်နှာကျက်လွတ်ရုံတစ်ချက်နှစ်ချက်
ဘွေ့ရမ်းပြလိုက်သော်လည်း...ချမ်းလီက မကြောက်

ရန်သူလက်နက်အား လက်လှမ်းမှီက်ခုတ်ရန် မှိုနိုင်သော
နေရာသို့ပင် နေရာယူလိုက်သည်။

"ဟိတ်..."

"ယား..."

တိုက်ပွဲကား စချေပြီ။ ချမ်းလီ၏ ဓားသည် သံမဏိကြိုးကို
အလယ်မှ ဖြတ်ချလိုက်သည်။

"ဖြောင်း. . ."

ချွန်းနီသည် ဝါရင့်သိုင်းသမားပီပီ ချမ်းလီ၏ တိုက်ကွက်
ကို၍ သိထားသည်။

"ဝှစ်. . ."

"ဟူး. . ."

နောက်သို့ ဆုတ်၍ ခုန်လိုက်သည်။

ချမ်းလီ၏ ဓားချက်သည် သံမဏိကြိုးကိုမထိ လေ
ပျံ့ဝဲ၍ သွားလေသည်။

ပြင်းလိုက်သည့် လေတိုးသံ။

ဤတိုက်ခိုက်ရေးသမားနှစ်ဦးတို့၏ အတွင်းအားက
အဆင့်မှီနေကြောင်း ခန့်မှန်းနိုင်ပါ၏။

"ဟိတ်. . ."

"ဗိုး. . ."

အလို သံမဏိကြိုးကလေးမှာ ငွေ့ရမ်းနေရာမှ အမှ
မထင် ချမ်းလီ၏ ခါးလယ်သို့တန်း၍ ဝင်လာသည်။

သည်တိုက်ကွက်ထိမှန်လျှင် နံရိုးအားလုံးကျိုးကျေသွား
ပါ၏။

သို့သော်. . .

ချမ်းလီက ဝါရင့်သိုင်းသမားနှင့်မခြား။

သံမဏိကြိုးရိုက်ချက် အကျပ်အတည်းအတွင်းမှ ခုန်ထွက်
နိုင်ခဲ့၏။

"ဟူး"

သည်မှာ. . .



ချမ်းလီ၏ ကိုယ်ဖော့ပညာကို မသုံးမဖြစ်သုံးရ၍ အားလုံး
၏ အမြင်တွင် ဟာခနဲဖြစ်စေပါ၏။

"ဟာ. . . ငှက်တစ်ကောင် ထသွားသလိုပါပဲလား"

ပြောသူရှိသည်။

ထိုနောက်. . . စားပွဲခုံပေါ်သို့ ဇွခနဲရောက်ရှိသွား၏။

ချွန်းနီသည်လည်း အားကျမခံ အခြားစားပွဲခုံပေါ်သို့ ခုန်
၍ တက်လိုက်သည်။

"ဝှစ်"

"ဟူး"

သို့သော်လည်း. . .

အကျမမှန် ဟန်ချက်လွဲသွားသဖြင့် ပြန်ထိန်းလိုက်ရသည်။

ချွန်းနီသည် ချမ်းလီလို လူငယ်တစ်ယောက်ကို ယှဉ်ရာတွင်
လွယ်မပြဖြစ်နေသဖြင့် အမျက်ထွက်လာသည်။

ချမ်းလီအား စားတော့ဝါးတော့မလို ကြည့်နေသည်။

"စွန်ရဲ့ချမ်းမိန်သားက မဆိုးပါပဲလား"

"ခင်ဗျားရဲ့ တိုက်ကွက်တွေကလဲ မဆိုးပါဘူး"

"ဒါပေမယ့် ဒီတစ်ခါတော့ မင်းရှောင်နိုင်အောင် ရှောင်
ပေတော့ပေါ့"

"ကျုပ်က ခင်ဗျားကို ပြောရမယ့် စကားပါ"

ချမ်းလီက ချွန်းနီ၏စကားကို ချက်ချင်းချေပလိုက်သည်။

စကားပြော၍ အဆုံးမှာမှ ချွန်းနီက သံမဏိကြိုးကို တဝိုး
ဝိုးဝှေ့ရမ်းပြီး ရှေ့သို့ တိုးကပ်လာလေသည်။

"ဗိုး"

"ဝိုး" "ဝိုး"

ပိတုန်း အကောင်တစ်ထောင် ပျံဝဲလာသည်သို့ပင် ချမ်း
က ရန်သူတိုက်ကွက်ကို မျက်ခြေမပြတ် စူးစူးစိုက်စိုက် အရှိန်အဟု
ပြင်းထန်နေပြီ ဖြစ်သော သံမဏိကြိုးသည် ချမ်းလီ၏ အောက်ပိုင်း
ပြေးဝင်လာ၏။

သည်တစ်ကြိမ်တွင် ချမ်းလီသည် စားပွဲခုံပေါ်မှာ အထ
သို့ ခုန်ပျံရုံမက တစ်ပတ်လျှမ်းပစ်ကာ ချွန်းနီ၏ နောက်မှ သံမဏိကြ
ကိုင်လက်ကို ဓား မကိုင်သောလက်ဝါးစောင်းဖြင့် ခုတ်ချလိုက်
တော့၏။

"ဖြောင်း"

❋ ◉ ❋ ◉ ❋



အခန်း (၁၂)

သတ်ကွင်းထဲမှာ ဖြောင်းဖြောင်းဆန်

"အွန့်. . ."

"ဝိုး. . ."

"ဖုန်း. . ."

ချမ်းလီ၏ လက်ဝါးစောင်းခုတ်ချက်က ဝါရင့်သိုင်းသမား
ကဲ့သို့ပင်. . . ခုတ်ချက်က ပိုင်သည်။ မြန်သည်။

ချွန်းနီ၏ လက်ထဲက သံမဏိကြိုးမှာ သူ၏ လက်အတွင်း
မှ လွတ်ထွက်ပြီး ဟို မျက်နှာကြက်အပေါက်ထဲ တန်းဝင်သွားသည်။

ချွန်းနီသည် လက်နက်မဲ့သွား ချေပြီတကား။

သို့သော်. . . ချွန်းနီက ဤသို့ အဖြစ်မခံ။

"ဝှစ်. . ." "ဝှစ်. . ."

သံကွင်းဆက်ကြိုးတစ်ချောင်းလက်ထဲ ရောက်လာပြန်၏။
မှန်သည်။

သူ၏ခါးတွင် အပေါ်မှာသံမဏိကြိုး အောက်မှာသံကွင်းဆက်ကြိုး. . .

ကြိုးနှစ်ကြိုးကို ခါးစည်းကြိုးနှယ် ရစ်ပတ်ထားခဲ့ခြင်းပင်

ချမ်းလီက. . .

ရပ်တန့်မနေ နောက်သို့ခုန်၍ ဆုတ်သည် ချွန်းနီက ခန္ဓာကိုယ်ကို တစ်ဝက်အထိ လှည့်ပြီး သံကွင်းဆက်ကြိုးကို ပစ်လွှတ်ရိုက်ချသည်။ ဓားနှင့်လှမ်းခံလိုက်သည်။

သံကွင်းဆက်ကြိုးက ဓားတွင်ရစ်ပတ်လျှက်

သည်မှာ. . .

တစ်ဘက်နှင့် တစ်ဘက်လွန်ဆွဲသကဲ့သို့ ဖြစ်နေပြီ။

ဆွဲအားချင်းမျှနေသည်။ ဘက်နှစ်ဘက် ဘယ်ဘက်ကိုမှ မပါ။ တန့်ရပ်နေသည်သို့ရှိ၏။

သည်တွင်. . .

ချမ်းလီက သိသိသာသာ လျှော့၍ ပေးလိုက်သည်။

"ကဲ. . . သွားပေတော့ရော့"

"အား. . ."

ချွန်းနီ နောက်သို့ ယိမ်းယိုင်သွားခြင်းဖြင့် ဟန်ချက်ပါပျက်သွားသည်။

ဤသို့ ပြုလုပ်ပြီးလျှင်ပြီးချင်း ချမ်းလီက ဟန်ချက်ပျက်သွားသော ချွန်းနီထံသို့ ခုန်ဝင်လိုက်သည်။ လွှားခနဲ. . .

ထို့နောက်. . .

ချမ်းလီသည် ချွန်းနီ၏ ခါးကြောရှိ အာရုံကြောကို လှမ်းရိုက်လိုက်ပြန်သည်။





"ဝိုး"

"ဝှစ်"

"ဖြောင်း"

အဖြစ်အပျက် လှုပ်ရှားမှုအစဉ်မှာ ကြည့်နေသူများ မျက်စေ့ပြပ်လောက်အောင်မြန်သည်။

လျင်သည်။ အရိပ်မျှသာ တွေ့မြင်နိုင်၏။

သို့သော်. . .

ချွန်းနီကလည်း မိုးတိမ်နီဂိုဏ်းဝင်တစ်ယောက်

လက်ရွေးစင် ဂိုဏ်းဝင်။ ခေသူမဟုတ်။

ပြီးတော့ သူ့တွင် အတွေ့အကြုံရှိသည်။ ဝါရင့်သည်။

အဆင့်မြင့်သိုင်းသမားလည်း ဖြစ်သည်။ တော်ရုံနှင့်မရ ချမ်းလီ၏ လက်ပြန်ရိုက်ချက်ကို အမိအရဖမ်းသည်။

"ဝှစ်"

"ဖြောင်း"

အားနှစ်အား အပြိုင်ရိုက်မိရာမှ ပေါ်ထွက်လာသော အသံမှာ ပြင်းသည်

ချမ်းလီမှာ. . .

လိုသလို တိုက်ခိုက်၍ လိုသလို ဖြစ်မလာသောအခါ နောက်သို့ တစ်လံကွာ အသာပြန်ဆုတ်ပေးလိုက်သည်။

အမှန်တော့. . . .

မိမိဖက်က တစ်ခုခုမှားယွင်းသွားခြင်း ဖြစ်သည်။ ဘယ်လိုမှားသလဲဆိုတာကိုမူ အသေအချာ မသိရသေး။

မှန်သည်။

အကြောတစ်ကြောကို ကပ်မိစဉ်မှာ လှမ်းထောက်၍ ပိတ်လိုက်ခြင်းပင်။

သိသိချင်း ချမ်းလီက အတွင်းအားကို စုစည်း၍ ဖွင့်သည် တော်သေးသည် မိမိအတွင်းအားက ပိတ်လိုက်သောအကြောကို ချက်ချင်း ပွင့်သွားပေသည်။

"တွေ့ကြသေးတာပေါ့"

ချမ်းလီကပြောပြောဆိုဆိုပြန်၍ ခုန်ဝင်လိုက်သည်။

ချွန်းနီက ပေါ့သွားသည် သူက ချမ်းလီကို အကြော တစ်ကြောကို ပိတ်ထားလိုက်နိုင်ပြီဟု တွေးထင်ထား၏။

သို့သော်. . . .

တကယ်တမ်း တန်ပြန်အကြောပိတ် ခံလိုက်ရသူမှာ ချွန်နီ ဖြစ်သွား၏။ ချွန်းနီသည် နောက်သို့ ဆုတ်သွားစဉ်မှာပဲ မျက်လုံးတွေက ဝိုင်းဝေ။

ထို့နောက်. . . ချက်ချင်းပင် ဒူးတွေ ညွတ်ခွေကျသွားသည်။ နောက်. . . .

ခန္ဓာကိုယ်သည် ကြမ်းပြင်ပေါ်သို့ ဘုန်းခနဲ လဲကျသွားပါလေတော့၏။

ချွန်းနီသည် မည်မျှကြာအောင် မေ့မျောနေသည်မသိ။

ချမ်းလီက ဂုာစန်းနှင့် မျက်နှာချင်းဆိုင်လိုက်သည်

"မင်းတို့ ရှုံးသွားပြီ"

ချမ်းလီ၏ အောင်နိုင်သူအသံက စားသုံးလက် စားသောက်ဆိုင်တစ်ဆိုင်လုံးကို လွှမ်းမိုးသွားလေသည်။

ကြည့်ရှုနေသူအားလုံးက ဘယ်သူရှုံးပြီး ဘယ်သူနိုင်ပြီဆို



တာ မျက်ဝါးထင်ထင်မြင်ကြရချေပြီ။

ဂုာစန်းက ချမ်းလီအား စိမ်းစိမ်းကြည့်လိုက်သည်။

စကားအရ ရှုတ်တုန့်မပြန်။

သူ့လူများဘက်ကိုလှည့်ကာ

"မင်းတို့ ချွန်းနီကို ဝိုင်းမပြီး ခေါ်ကြစမ်း"

ချမ်းလီနှင့် ကွာဖုန်းယုတို့က သူတို့ဘာတွေ ဆက်လုပ်မလဲ အသာကြည့်သည်။

ထို့နောက်. . . ဂုာစန်းက. . .

"ငါတို့ ကော့ရန်ကို မင်းဆီလွှတ်ပေးလိုက်မယ် စောင့်နေ"

ဟုပြောသည်။ ထို့နောက်. . .

မိုးတိမ်နီဂိုဏ်းသားတွေ ပြန်လည်ထွက်ခွာသွားသည်။

စားသောက်ဆိုင်အတွင်းရှိ စားသောက်နေသူများသည် ခုံမှာပြန်ထိုင်၍ စကားစမြည်ပြောကာ အစားအသောက်များကိုလည်း ပြန်လည်စားသောက်ကြလေသည်။

ချမ်းလီနှင့်ကွာဖုန်းယုတို့မှာ အားလုံး၏ ချီးကျူးခြင်းကို ခံနေရသည်။

ချမ်းလီကား ဘာမျှမထိခိုက်ဟု ဆိုသော်လည်း အနည်းအကျဉ်း ထိမိ ရှမိတာလေးများတော့ဖြင့် ဖြစ်သည်။

ဒဏ်ရာများကို အရက်နှင့် လောင်းချသည်။

"ကွာဖုန်းယု ကော့ရန်ကို လွှတ်လိုက်မယ်ဆိုတာဟုတ်ပါ့မလား"

ချမ်းလီက ကွာဖုန်းယုအား လှမ်းမေးသည်။

"လာမှာပါ ဟိုလူတွေ သူတို့ဂိုဏ်းသိက္ခာထိခိုက်တာ ခံနိုင်

မယ့်ပုံမရှိပါဘူး"

"ကော့ရန်ကလဲ မနေရဲပါဘူး"

ပြောနေဆဲမှာပင် လူရှုတ်ကော့ရန်သည် ဆိုင်အတွင်းသို့ ကုတ်ချောင်းချောင်းဖြင့် ဝင်လာလေသည်။

ကော့ရန်ကား ကိုယ့်အပြစ်ကို ကိုယ်သိထားသော စာသင်သားလို ခပ်ယို့ယို့ မျက်နှာ ချထားသည်။

မျက်နှာကိုလည်း ခတ်စိုက်စိုက်။ ကော့ရန်က ချမ်းလီတို့ စားပွဲသို့ တန်းရောက်လာသည်။

ချမ်းလီရှေ့သို့ ရောက်သည်နှင့် လှုပ်ရှားမှုကိုရပ်လိုက်သည်။

ချမ်းလီက. . .

"ကွာဖုန်းယု ပြောတာ မှန်သားပဲ"

ဟု စိတ်ထဲကကျိတ်၍ ကွာဖုန်းယုအား ချီးကျူးလိုက်ပြန်လေသည်။

"ညီလေးတို့ ကျုပ်ကို တွေ့ချင်တယ်ဆိုလို့"

ကော့ရန်သည် ပြောပြောဆိုဆို ထိုင်ခုံအလွတ် တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

ချမ်းလီက. . .

"ဟုတ်တယ် ခင်ဗျားကို တွေ့ရတာလဲ အတော့်ကို မလွယ်ပါလားဗျာ တွေ့ချင်တဲ့ ကိစ္စကတော့ ဒီလိုပါ"

ချမ်းလီက မိမိအားတစ်လက်ပျောက်ဆုံးသည့် ကိစ္စကို အတိုချုံး အရှင်းဆုံးပြောပြလိုက်လေသည်။ ပြီး. . . ဆက်လက်၍

"ဒီကိစ္စ ခင်ဗျားသိထားတယ်မဟုတ်လား ကျုပ်အပေါ်လက် မရောက်ချင်ဘူးဆိုရင် အမှန်ကို ထုတ်ပြောပါ"



ဟု ခြိမ်းချောက်လိုက်လေသည်။

လူရှုတ်ကော့ရန်မငြင်းသာ ရှင်းပြပါလေတော့၏။

ကော့ရန်ပြောပြသမျှ ချမ်းလီနှင့် ကွာဖုန်းယု အဖြေထုတ်ကြည့်လိုက်သောအခါ. . .

အရာရာစဉ်းစားတွေးခေါ်တတ်သော ကွာဖုန်းယုက. . .

"ခင်ဗျားနဲ့ လောက်ရှံ့တို့ ဒီအကြောင်းပြောတဲ့ အချိန် ကောက်ဖေးအိမ်သာထဲက လူတစ်ယောက်ထွက်သွားတယ်ဆို အဲဒီလူဟာ ဘယ်သူလဲ" ဟု မေးလိုက်လေသည်။

ထိုအခါ. . . ကော့ရန်မဖြေနိုင် ရှိသည်။

"အဲဒီလူ ဘယ်သူလဲဆိုတာ ကျုပ်လဲ ဘယ်သိပါ့မလဲ ငါ့ညီရာ" သည်တော့မှ. . . ချမ်းလီက. . .

"အဲဒီလူရဲ့ လက်ချက်ပဲ ဖြစ်ရမယ် ကျုပ်ကို အဆိပ်ငွေ့ကြင့်အောင်လုပ်ပြီး ကျုပ်ပစ္စည်းကို ခိုးသွားတာ"

ဟု ပြောလိုက်လေရာ. . . လူရှုတ်ကော့ရန်က ကြားဖြတ်၍

"အဆိပ်ငွေ့သုံးတဲ့ လူဆိုရင်တော့ အဆိပ်ပန်း ကြောင်နက်မများလား မသိဘူး" ဟု ပြောလိုက်လေသည်။

"အဆိပ်ပန်း ကြောင်နက်မ ဟုတ်လား"

သည့်နောက်တော့ ချမ်းလီ၊ ကွာဖုန်းယုနှင့် လူရှုတ်ကော့ရန်တို့ အားလုံး စကားကို ဆက်မပြောတော့။

အနီးစပ်ဆုံးအဖြေတစ်ခုကို ရလိုက်ပြီမဟုတ်ပါလား။

❄ ◉ ❄ ◉ ❄

## အခန်း (၁၃)

## မြောက်ပိုင်းစမ်းဟုံ ဆိုင်းမြိုင်ပွဲကြီး

ဖခင်ဖြစ်သူ အထောက်တော် စွန်ရဲချမ်းမိန်သည်လ
အခုတော့ သည်သား ချမ်းလီ ဓားပျောက်ဆုံးမှုအတွက် ဖျှဝေခံ
လာတတ်ပြီ။

သူ လိုက်လံစုံစမ်း အရေးယူဆောင်ရွက်နေရသော
အခင်း ကြီးငယ်များကြားကပင် သံသေတ္တား ခိုးပြေးသွားသူကို သ
မလစ် ရှာဖွေခဲ့သည်။

"အဖေလဲ ငါ့သားလေးလိုပါပဲ ဒီဓားလက်ထဲရောက်လာ
မှ ချက်ချင်း ပြန်ပျောက်ဆုံးသွားတဲ့အတွက် စိတ်မကောင်းဖြ
တာ အမှန်ပါပဲ သားရယ်"

ဟူသော စကားကိုပဲ ပြောနေသည်။

"ဒီဓားသူခိုးဟာ မိုးတိမ်နီဂိုဏ်းက လောက်ရှုံနဲ့ သူတို့ လ





မင်းသံသယမဖြစ်နဲ့ ဒီကောင်တွေ မဖြစ်နိုင်ဘူး အဖြစ်နိုင်ဆုံး
တော့ အဆိပ်ပန်းကြောင်နက်မပဲ"

"ခတ်တာက ဒီအဆိပ်ပန်း ကြောင်နက်မကို အဲဒီရက်
တွင်း က အဖေကိုယ်တိုင် တွေ့လိုက်ရပြီး အခု လုံးဝ ပျောက်သွား
အတွက်ပဲ"

"ဒီလိုဆိုရင် အဆိပ်ပန်း ကြောင်နက်မပဲ ဖြစ်နိုင်တယ်လို့
သသလား အဖေ"

"သားပြောပုံအရကတော့ သူလို့ ပြောနိုင်တာပဲ ကော့ရန်နဲ့
ာက်ရှုံပြောတဲ့ သံသေတ္တား အကြောင်းကို လူတစ်ယောက် ခိုး
ဆောင်သွားတာရယ်"

"သားကို ဆောင်တော်ကူးပန်းရနံ့မဟုတ်တဲ့ အနံ့တစ်မျိုး
ရှူမိလိုက်တာရယ် အဲဒီအချက်တွေဟာ အဆိပ်ပန်း ကြောင်နက်
ရဲ့ လက်ချက်ပဲလို့ ပြောနိုင်တဲ့ အချက်တွေပဲသားရဲ့"

"အဆိပ်ပန်း ကြောင်နက်မကို ဘယ်မှာသွားရှာရင် တွေ့
င်မလဲ အဖေ ကျုပ်တော့ ဒီကောင်မကြီးကို မြေလှန်ရှာချင်တော့
ာပဲ"

သားဖြစ်သူ ချမ်းလီမှာ မျောက်မီးခဲကိုင်မိသလို ထိုင်မရ
မရ ရင်ထဲမှာ နှမြောတသခြင်း၊ အမျက်ဒေါသထွက်ခြင်း၊ စွန့်စား
ဖွလိုခြင်း စသည်တို့ဖြင့် မွန်းကျပ်၍ နေလေသည်။

"ဒီအတွက် စိတ်အေးအေးထားလိုက်ပါသားရယ်။ ဘာဖြစ်
့လဲ ဆိုတော့ ဥစ္စာရင်းမှန်ရင် ဒီပစ္စည်း တစ်နေ့ငါ့သားရဲ့ လက်ထဲ
ွဲမသွေ ရောက်လာလိမ့်မယ်လို့ အဖေထင်ထားမိလို့ပါ"

မည်သို့ဆိုစေ. . .

ချမ်းလီကတော့ အမြဲလိုလိုပင် သံသေဓားအပေါ်တွ
စိတ်ရောက်နေမိလေသည်။

ထို့ကြောင့်လည်း. . . .

ဖခင်စွန့်ရဲချမ်းမိန် စစ်ဆေးပြီးသွားသော သံသေဓား
ကို ချမ်းလီက တစ်နေ့တစ်ကြိမ်လောက် ထုတ်မကြည့်ရလျှင် မနေ
ဖြစ်နေသည်။

အခုလည်း. . .

သံသေဓားအိမ်ကို ထုတ်၍ ကြည့်မိပြန်၏။

အနီရောင်အောက်ခံတွင် အဖြူရောင် ချူးပန်းနှ
တစ်ခက် ပတ်ထားလေဟန် ရေးခြယ်ထားသည်။

ဤပုံကိုပဲ တွေ့နေရသည်မို့ မိမိမျက်စိထဲ အလွတ်ကျ
မိသလောက်ပင်။

ခြေသံကြား၍ ချမ်းလီက နောက်ဖက်လှည့်ကြည့်လို
သောအခါ သူငယ်ချင်း ကွာဖုန်းယုကို တွေ့ရသည်။

ကွာဖုန်းယုမှာ သူ့မိဘ စိုက်ခင်းထဲ သွားရောက်၍ ကူ
လုပ်ကိုင်နေရသော အလုပ်တာဝန်ကလည်း အမိကကျနေသည်

သူသွားချင်သည့် နေရာကို ရုတ်တရက်မသွားနိုင်သ
သူလုပ်ချင်သည့် အလုပ်ကို လုပ်ရာတွင်လည်း အလွန်စဉ်းစာ
ရသည်။

သူ့မိသားစုမှာ ကွာဖုန်းယုက အကြီးဆုံးသား။ သားကြီ
ဖြစ်ရှုဆိုတာက မိဘကို အများဆုံး အထောက်အကူပြုရသည်
အငယ်ညီအစ်ကို မောင်နှမများကို ကျတော့လည်း ညှာရသည်
ကွာဖုန်းယု၊ ချမ်းလီနှင့် တွေ့ရသည်မှာမလွယ်။ အရင်ကတော





ချမ်းလီက ကွာဖုန်းယုတို့ အိမ်ကို မကြာခဏသွားသည်။

ခုတော့လည်း. . . .

သံသေဓားပျောက်ဆုံးသွားခဲ့ခြင်းနှင့် ပတ်သက်ပြီး ချမ်းလီ
ိတ်အနှောက်အယှက် အများအပြားဖြစ်နေသည်။

သူငယ်ချင်းကွာဖုန်းယုတို့ အိမ်ဘက်မပြောနှင့် အိမ်ထဲက
အိမ်ပြင်ကိုပင် မထွက်ပဲ အိမ်ထဲတွင် ငြိမ်နေခဲ့လေသည်။

သည်ကနေ့တော့. . . ကွာဖုန်းယု ရောက်လာလေသည်။

"မင်းကို ကြည့်ရတာ စိတ်မချမ်းသာစရာပါလားကွာ အစွဲ
အလမ်းသိပ်ထားလို့ ရူးသွားဦးမယ်နော် ငါက မင်းကို သတိပေးတာ"

ပြောပြီး. . . ကွာဖုန်းယုက ချမ်းလီဘေးမှာ ဝင်ထိုင်သည်။

ချမ်းလီကား အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင်ထိုင်ကာ သံသေဓား
ာ မားအိမ်ကို တစိမ့်စိမ့်စိုက်ကြည့်နေခြင်းပင်။

"ဘယ်လို ပြောလိုက်တာပါလိမ့် သူငယ်ချင်းရာ ဒီပစ္စည်း
ာ ငါ့အဘိုးက တကူးတကလာပေးတဲ့ အဘိုးလက်ဆောင်ဓားလေ
ပြီးတော့ သံသေဓား၊ ငါ့အမေ ပင်လယ်နတ်သမီး ဘဝကနေ ပေး
ိုက်တဲ့ ပစ္စည်းမဟုတ်လား"

ချမ်းလီက သူ့သံသေဓားနှင့် ပတ်သက်လာလျှင် လွမ်းမော
ယ် ကောင်းလောက်အောင် ပြောတတ်သည်။

"ကဲပါကွာ အဲဒီအကြောင်း အသာထားလိုက်စမ်းပါဦး
ဟာဒီမှာ မင်းကိုငါပြစရာရှိလို့" ဟု ပြောကာ ကွာဖုန်းယုက စာရွက်
တစ်ရွက်ကို ထုတ်ပြသည်။

စာရွက်ဆိုသော်လည်း အမှန်တော့ ခေါက်ထားသော
စာရွက်ခေါက်ဖြစ်သည်။

ချမ်းလီက စာရွက်ခေါက်ကို အခေါက်ဖြေကြည့်သည်။

"မြောက်ပိုင်းဝမ်းဟုံ သိုင်းပညာယှဉ်ပြိုင်ပွဲ ကြော်ငြာသဲ

ချမ်းလီက ကြော်ငြာစာရွက်ကို ဖတ်လိုက်ပြီး တဆတ်တည်း မှတ်ချက်ချလိုက်လေသည်။

ကွာဖုန်းယုက. . . .

"အေးလေ. . . အဲဒီသိုင်းပြိုင်ပွဲကို မင်းစိတ်ဝင်စားမလား လို့ပါ" ဟုပြောလိုက်သည်။

ချမ်းလီက. . .

"စိတ်မဝင်စားပါဘူးကွာ ငါ့မှာ အဖိုးထိုက်တန်တဲ့ သံသေတ္တာ ပျောက်ဆုံးသွားလို့ စိတ်ပျက်နေရတဲ့ အထဲ"

ဟု ပြောလိုက်ပြီး ကွပ်ပျစ်ပေါ်က ဆင်းလိုက်လေသည်။

"ဒီသိုင်းပြိုင်ပွဲအကြောင်းနဲ့ ပတ်သက်လို့ မင်းဘယ်လောက် နားလည်ထားသလဲ"

ကွာဖုန်းယုက. . . . ချမ်းလီ ချလိုက်သော သံသေတ္တာအိမ် ကို ကိုင်ရင်း မေးလိုက်ခြင်းပင်။

သည်တော့လည်း ချမ်းလီက. . .

"အဖေပြောပြတာကတော့ ဒီသိုင်းပြိုင်ပွဲဟာ မြောက်ပိုင်း မှာ ကျင်းပတဲ့ သိုင်းပြိုင်ပွဲတွေထက် ဝမ်းဟုံသိုင်းပြိုင်ပွဲဟာ သုံးနှစ် တစ်ကြိမ်ကျင်းပတဲ့ပွဲ တစ်ပွဲမို့ ထူးခြားတယ်တဲ့ ဒီလောက်ပဲငါသိ ထားတယ် ကွာဖုန်းယု"

"နောက်ရော"

"အဲဒီလောက်ပါပဲ"

"ငါမေးထားလို့ သိထားတာတွေ ပြောရရင် ဝမ်းဟုံသိုင်း







ပြိုင်ပွဲဟာ အဆင့်မြင့်သိုင်းပညာရှင်တွေ သုံးနှစ်တစ်ကြိမ် ပေါင်း ဆုံတဲ့ သိုင်းပြိုင်ပွဲလို့ သိထားရတယ်"

သည်တော့မှ. . .

ချမ်းလီက ကွာဖုန်းယုပြောသည်ကို အစကောက်မိသည်။

"ဩော်. . . မင်း ဘာဆိုလိုတယ်ဆိုတာကို ငါသိပြီ. . . မင်းက ဝမ်းဟုံသိုင်းပြိုင်းပွဲမှာ အဆိပ်ပန်း ကြောင်နက်မ လာလိမ့်မယ် လို့ တွက်ထားတယ် မဟုတ်လား"

"အမှန်ပဲ သူငယ်ချင်းချမ်းလီ ငါအဲဒီလို တွေးမိလို့ ဒီကြော် ငြာကို မင်းဆီလာပြတာပေါ့ ငါ့မှာမအားတဲ့ ကြားကလာခဲ့ရတာ"

"ကျေးဇူးပါပဲ ကွာဖုန်းယုရယ် မင်းကျေးဇူး ငါမမေ့ပါဘူး"

"ပြီးတော့ မြောက်ပိုင်း ဝမ်းဟုံသိုင်းပြိုင်ပွဲကျင်းပမယ့် နေ့စ်ဟာ အခုနှစ်ကျတယ်"

"ဟုတ်ပြီ. . . ဒီပွဲကို အဆိပ်ပန်း ကြောင်နက်မ မလွဲမသွေ လာမှာ သေချာတယ်"

"ဘယ်နှယ့် ပြောပါလိမ့်ကွာ"

ကွာဖုန်းယုသည် သံသေတ္တာအိမ်ကို ကိုင်ထားရင်းမှ ဆေး သားကို လက်သဲကလေးဖြင့် ထိုးကြည့်မိလျက်သား ဖြစ်သွားသည်။

ဆေးသားမှာ နှစ်ထပ်ဖြစ်နေသည်။

အပေါ်ဆေးသား ကွာသည်ကို သိရ၍ ဆက်လက်ထိုး ကြည့်ရာ. . . .

နောက်ထပ် အဝါရောင်ဆေးသားတစ်ထပ် ပေါ်ပေါက် လာပါလေတော့၏။

"အောက်မှာ ဆေးသားတစ်ထပ်ပါလား ချမ်းလီ"

"ဟုတ်ပါရဲ့ ဒါကို ငါသိမထားမိဘူး မတူးပါဘူး အပေါ်
ဆေးသားကို ဆက်ပြီး ခွာကြည့်စမ်း"

ထို့နောက်တော့. . .

ချမ်းလီပြောသမျှ ကွာဖုန်းယုက သံသေတ္တာအိမ်ပေါ်က
အပေါ်ယံ အနီရောင်ဆေးသားများကို ခြစ်ထုတ်ပစ်လိုက်သည်။

အလွန်လှပသော အဝါရောင်ဓားအိမ်တစ်ခု ဖြစ်လာ
သည်။

"ဘာထူးခြားသေးလဲ"

ချမ်းလီပြော၍ ကွာဖုန်းယုက ဓားအိမ်တွင် ထူးခြားမှုကို
ရှာသည်။ ဘာထူးခြားချက်ကိုမျှ မတွေ့။

"ဘာမှမတွေ့ပါဘူးကွာ"

ကွာဖုန်းယုက စိတ်ပျက်လက်ပျက်လေသံဖြင့် ပြောသည်။

ကွာဖုန်းယု ပြန်သွားပြီး အတန်ကြာသောအခါ ချမ်းလီက
သံသေတ္တာအိမ်ကို ထုံးစံအတိုင်း ကောက်ကိုင်၍ ကြည့်မြန်သည်။

"ဟင်. . .'စာလုံးတွေပါလား"

မှန်သည်။ ဆေးဖျက်စက မပေါ်သော စာများကား
ယခုတော့ ရေးရေး ပေါ်လာပါလေတော့၏။

"စာလုံးတွေပါလား"

အမှန်တော့ သံသေတ္တာ၏ အသုံးချနည်း လျှို့ဝှက်ချက်
ဖြစ်သည်။

❋ ◉ ❋ ◉ ❋





## သံသေတ္တာ၏ လျှို့ဝှက်ချက်

ခြေကုန်သုတ်၍ ပြေးလာခဲ့သည်။

ကိုယ်ဖော့ပညာကိုတော့ဖြင့် မသုံး။

ရပ်ထဲရွာထဲမှာ ကိုယ်ဖော့ပညာကို မသုံးသင့်ဟု အဘ
ဆရာရသေ့ကြီး ပိုင်ဖွေ့ချမ်းက ချမ်းလီကို ပြောဖူးသည်။

ထို့ကြောင့်. . . ခုလိုရပ်ထဲရွာထဲမှာ ကိုယ်ဖော့ပညာကို
ဘယ်တော့မှ အသုံးမပြုခဲ့။

မှန်သည်။

လူတွေဆိုတာ အမျိုးမျိုး။ မိမိကိုယ်ကိုသာ အထင်ကြီး
သည်။ ငါသာတတ်သည် ငါသာကျွမ်းကျင်သည်ဟု ပြောကြစမြဲ။
သူများတတ်တာ၊ သူများကျွမ်းကျင်တာ၊ သူများချမ်းသာကြွယ်ဝတာ
ဝတာမျိုးကို မြင်ချင်ကြသည်လည်းမဟုတ်၊ ကြားချင်ကြသည့် ဆန္ဒမျိုး
လည်း မရှိ။

ထို့ကြောင့် အဘဆရာရသေ့ကြီး ပိုင်ဖွေ့ချမ်းက မိမိ

ပညာကို ဖွင့်မပြပဲ ဝှက်ထားစေလိုဟန် တူသည်။

ချမ်းလီသည် သူငယ်ချင်းကွာဖုန်းယုတို့ အိမ်သို့ ပြေး[illegible] ခြင်းဖြစ်သည်။ ကွာဖုန်းယု ညက ညဥ့်နက်မှ သူ့အိမ်ပြန်သွား[illegible] ဖြစ်သည်။

ထို့ကြောင့်. . . ချမ်းလီက. . .

"ဒီကောင် ဒီအချိန် အိပ်ယာက ထအုံးမှာမဟုတ်ဘူး။ [illegible] ကောင်းကောင်းနဲ့ အိပ်နေမှာအမှန်ပဲ"

ဟု အတွေးရောက်လိုက်မိသည်။ ကွာဖုန်းယုတို့ အိမ်သ[illegible] မြို့အနောက်ပိုင်းတွင် ရှိသည်။ သူတို့ ယာခင်းတွေကတော့ မြို့[illegible] အတော်လေးလှမ်းသည်။

မြို့၏ အနောက်ဘက် တောင်ခြေအနီးလောက်မှာ [illegible] သည်။ ထို့ကြောင့်လည်း စိုက်ခင်း၌ အလုပ်ရှုပ်သော အချိန်များတွ[illegible] သူတို့ မိသားစုနေထိုင်သော အနောက်ပိုင်းရှိ အိမ်ဘက်တွင် ကွာဖု[illegible] ယု၏ အဖိုးတစ်ယောက်သာ ကျန်ရှိတတ်သည်။

သည်အချိန်. . . သည်ကာလမှာလည်း တောင်ယာပဲခင်း[illegible] လုပ်သူများ အလုပ်များသည့် အချိန်ဖြစ်သည်။ ဒါကို ချမ်းလီ တွေး[illegible] ပြန်တော့ ကွာဖုန်းယုကို သူ့အိမ်မှာရှိမှ ရှိပါ့မလား တွေးမိပြန်[illegible]

သည်ကနေ့ကျကာမှ. . .

ချမ်းလီက ကွာဖုန်းယုကို အလောတကြီး တွေ့ချင်[illegible] သည်မှာ သံသေမားအိမ်က လျှို့ဝှက်စာများ အကြောင်း ပြောကြ[illegible] တိုင်ပင်လို၍ ဖြစ်သည်။

သည်နေ့မနက်. . .

ဖခင် စွန်ရဲချမ်းမိန်ကို ပြောမည်ကြံကာ ရှိသေးသည်။



ဖခင်က မိမိကိုပင် မနိူး ဘယ်အချိန် အိပ်ယာကထသွားသည် မသိ။

ဖခင်၏ အထောက်တော်တစ်ယောက် လုပ်ကိုင်ဆောင် ရွက်နေရသော အလုပ်သဘာဝကတော့ ဤသို့ ဤပုံပဲ ဖြစ်သည်။

အခုကြည့်. . . သားဖြစ်သူကို နှုတ်မဆက်နိုင် အစောဆုံး ထ၍ အိပ်ယာက ထွက်သွားချေပြီ။ ဘာတွေဘယ်လောက် အရေးကြီး နေပြီလဲ ချမ်းလီမသိ။

သက်သေမရှိ အသတ်ခံလိုက်ရသော လူတစ်ယောက် သေဆုံးမှုနှင့် ပတ်သက်သော အချက်အလက် စုဆောင်းရန် အတွက် မနက်ခရီးထွက်ခွာသွားခြင်း ဖြစ်သည်။

ချမ်းလီမှာ တိုင်ပင်စရာဆို၍ အခြား ဘယ်သူရှိပါသေး သနည်း။

"အခုနေ အမေရှိရင် ဘယ်လောက်ကောင်းမလဲ အမေလဲ အဖေ့လို အဆင့်မြင့် သိုင်းသမားတစ်ဦးလို့ အဖေပြောဖူးတယ်။ ဪ. . . အမေရယ်၊ အမေဟာ. . . အခုတော့ ပင်လယ်နတ်သမီး ဘဝမှာဆိုတာ အဘိုးက ကျွန်တော့်ကို ပြောပါတယ်"

ချမ်းလီသည် သူငယ်ချင်း ကွာဖုန်းယုထံ ပြေးလာရင်း တွေးမိတွေးရာ တွေးလာခဲ့သည်။

သည်လို တွေးနေမိရာက အတွေး စိတ်ကူးတစ်စက အဘ ဆရာရသေ့ကြီး ပိုင်ဖေ့ချမ်းထံ ရောက်သွားပြန်သည်။

"အဘဆရာကြီးပိုင်ဖေ့ချမ်းလဲ မရှိဘူး၊ ခရီးထွက်တာ ခပ်ဆန်းဆန်းပဲ ဘာဖြစ်လို့လဲဆိုတော့ အထင်ကရနတ်ကျွန်းကြီး ဆယ်ခုရှေ့မှာ သမာဓိအတွင်းအားလေ့ကျင့်မယ်လို့ပြောတယ်"

"သူက ဘယ်နတ်ကျွန်းတွေမှာ ဘယ်နေ့ဘယ်အချိန် သူရှိ

နေမယ်လို့ပြောခဲ့ရင်လဲ သူ့နောက်ကို လိုက်သွားရင်ကောင်းသား ခုတော့ အဘဆရာကြီးကလဲ ဘာမှပြောမသွားဘူး"

ချမ်းလီသည် ကွာဖုန်းယုတို့ အိမ်ရှေ့သို့ရောက်လာသော အခါ ပိတ်ထားသောတံခါးရှေ့တွင် ခြေစုံရပ်ကာ အတွင်းဘက်သို့ ငုံ့ကာ ညွတ်ကာဖြင့်လှမ်းရှာရင်း. . .

"ကွာဖုန်းယု. . . ကွာဖုန်းယု. . "

"ကွာဖုန်းယု. . သူငယ်ချင်း" ဟု တစာစာခေါ်နေသည်။

ရှေ့တွင်အာရုံရောက်နေသဖြင့် ချမ်းလီသည် နောက်ဘက် မကြည့်အား။

"ဟဲ့. . ဒါ ချမ်းလီ မဟုတ်လား"

အသံကိုကြားလိုက်တော့မှပဲ မိမိနောက်တွင် ကွာဖုန်းယု အဘိုး ဘယ်အချိန်က ရောက်နေသည်မသိ။

အဘိုးသည်လည်း ယာခင်းထဲကပြန်လာပုံရသည်။ သူ၏ လက်ထဲတွင် အထုပ်တွေ၊ ဗူးတွေနှင့်၊ မျိုးစေ့များဖြစ်ဟန်တူသည်။

"ဩော်. . . အဘိုးရောက်နေတာကိုတောင် ကျွန်တော်မသိ လိုက်ဘူး၊ ကွာဖုန်းယုရော အဘိုး" အဘိုးကဆက်လျှောက်လာရင်း. .

"သူ ညက အတော်ညဥ့်နက်မှ အိမ်ပြန်ရောက်တာ" ဟုပြော၏။

"ဟုတ်တယ် အဘိုး၊ သူ ကျွန်တော်တို့အိမ်က ပြန်သွား တာပါ။ အဖေနဲ့စကားကောင်းနေတာပါ"

"အဘိုးလဲ ထင်ပါတယ်၊ သူသွားတတ်တာ မင်းတို့အိမ်ပဲ မဟုတ်လား၊ အဘိုးတို့က စိတ်ချပါတယ်၊ တစ်နေ့က အိမ်မှာ သူ့အဖေ ယာခင်းက အပြန် ကွာဖုန်းယုက တတ်ထားတဲ့ သိုင်းကွက်တွေထုတ်





ပြပါသေးတယ်"

"သူက ကြွားတာပေါ့"

"ကြွားလောက်ပါတယ်၊ သူပြတဲ့သိုင်းကွက်တွေက အဆင့် မြင့် သိုင်းကွက်တွေပဲ"

စကားပြောရင်း အိမ်တံစက်မြိတ်သို့ရောက်လာကြသည်။

ချမ်းလီက

"အခု ကွာဖုန်းယု အိမ်ထဲမှာ အိပ်နေတုန်းပဲလား အဘိုး" ဟုမေးလိုက်သည်။

မရှိဘူးကွဲ့ မနက်မိုးမလင်းခင် မင်းသူငယ်ချင်းကွာဖုန်း ယုကို သူ့အဖေ ယာခင်းထဲ ခေါ်သွားပါရောလား"

"ဒီလိုဆို သူ အခု ယာခင်းထဲမှာရှိမှာပေါ့နော်. . "

"ရှိမှာပေါ့. . သူ့အဖေလက်ထဲက ထွက်ပြေးမယ်မထင်ပါ ဘူး"

"ကျွန်တော် လိုက်သွားလိုက်အုံးမယ် အဘိ" ""

"အေး. . အေး"

ချမ်းလီသည် ပြောပြောပြေးပြေး ဒ်မှာရှိတာ၊ အခုမှ နက်ခင်းနေသည် အခုမှ" သူ့အမေကိုပဲပြောသွား

မြို့တွင်း လမ်းမကြီးမှ လက်ပျက်နှင့် ပြန်လာခဲ့သည်။

သစ်ရိပ်များကြားမှ ပျောက်တိ စ်ယောက်ထဲမနေချင်၊ တစ်ယောက် လမ်းဘေးမြက်ခင်

သိလျက်။

ခွပ်ခွပ်. . . ခွ ည်။ သည်။

ခွပ်ခွပ်. . .

နောက်ဘက်မှ မြင်းခွာသံများကို ကြားလိုက်သဖြင့် ချမ်းလီ
သည် အနီးဝန်းကျင်သို့ တိမ်းငဲ့ကြည့်လိုက်သည်။

မြင်းတင်းကုတ်တစ်ခုကိုတွေ့လိုက်ရလေသည်။ ချမ်းလီ
သည် မြင်းခွာသံများကို စိတ်ထဲသက်သာမကောင်းဖြစ်သည်နှင့် မြင်းတင်း
ကုတ်အတွင်း ပြေးဝင်ပုန်းခိုနေလိုက်သည်။

ခွပ် . . ခွပ် . . ခွပ် . . .

မြင်းခွာသံတွေ ပို၍ပို၍နီးကပ်လာသည်။

ချမ်းလီသည် မြင်းတင်းကုတ်အတွင်းမှ အပြင်ဘက်သို့
ချောင်းမြောင်း၍ကြည့်နေသည်။

သူတို့သည် ချောင်းကူး ကုန်းတံတားကို ဖြတ်ကျော်ပြီးမှ
ချမ်းလီရှိရာသို့ ရောက်မည်။ အားလုံး လူငါးဦးရှိမည်။ အဝေးထ
လှမ်းမြင်တွေ့ရသည်မှာ ခမောက်ဆောင်းဝတ်စုံနက်များဖြစ်သည်။

ဂိုဏ်းချုပ်လောက်ရှုံ၏ မိုးတိမ်နီနဂါးနက်ဂိုဏ်းသား
လက်ထဲတွင် •

"ဩော်. . ကိုး. .
လိုက်ဘူး၊ ကွာဖုန်းယုရေကြောင်နက်မ လူများလား၊ ချမ်းလီကွေး၍ မရ

"သူ ညက အတော်နက်မက တစ်ယောက်ထဲ မွှေနေတာ
ဟုပြော၏။ ဘူး"

"ဟုတ်တယ် အဘိုး။ သူ
တာပါ။ အဖေနဲ့စကားကောင်းနေတာ

"အဘိုးလဲ ထင်ပါတယ်၊ သူသဲဖြတ်ကြသောအခါ မြင်းခွာ
မဟုတ်လား၊ အဘိုးတို့က စိတ်ချပါတယ်၊ ‹
ယာခင်းက အပြန် ကွာဖုန်းယုက တတ်ညီးငယ်ကျဉ်းသည်။ လူသုံး





ောက်လောက် ယှဉ်သွားနိုင်ရုံပဲရှိသည်။

မြင်းတွေစီးလျက် ကျော်ဖြတ်သည့်အခါ မြင်းတွေကိုယှဉ်
ိုင်၍ ရင်ဘောင်တန်းပြီးစိုင်းနှင်မရ။

အရှေ့အနောက် တန်းစီလိုက်ရသည်။

ချမ်းလီအဖို့အဆင် ပြေသွားသည်။ မြင်းစီးသမားတွေကို
စ်ဦးချင်းမြင်ခွင့်ကြုံလာရ လေတော့သည်။

ခွပ်ခွပ် . . .

ခွပ်ခွပ် . . . ခွပ်ခွပ် . . .

မြင်းစီးသမားငါးဦးရှိသည်။ သူတို့အားလုံး ချမ်းလီရှိနေ
သော မြင်းတင်းကုတ်ရှေ့မှ ဖြတ်၍သွားသည်ကိုတွေ့လိုက်ရသည်။

"ဟင် . . လောက်ရှုံရဲ့မိုးတိမ်နီနဂါးနက်ဂိုဏ်းက လူတွေ
း မဟုတ်ပါလား"

ချမ်းလီစဉ်းစားရခက်ရချေပြီ။ အရေးထဲ ယာခင်းထဲသို့
ရောက်သွားသောအခါ ကွာဖုန်းယုကို မတွေ့ရပဲ ဖြစ်ရပြန်သည်။

ကွာဖုန်းယု ဖခင်က . .

"ဒီကောင် မနက်ပိုင်းတစ်ပိုင်းလုံး ဒီမှာရှိတာ၊ အခုမှ
ိန်သွားတာ ငါကိုတောင်ပြောမသွားဘူး၊ သူ့အမေကိုပဲပြောသွား
တယ်" ဟုပြောလေသည်။

ချမ်းလီသည် စိတ်ပျက်လက်ပျက်နှင့် ပြန်လာခဲ့သည်။
ခုလိုအချိန်မျိုးတွင် ချမ်းလီတစ်ယောက်ထဲမနေချင်၊ တစ်ယောက်
ည်းမသွားချင်။

အဖော်နှင့်နေချင်သည်။

ပြောဆိုတိုင်ပင်ချင်သည်။

ကိုယ့်အကြံ သူ့အကြံ၊ အကြံချင်း ဖလှယ်ချင်သည်။

"တောက်"

"အရေးထဲ ကိုယ်တော်ချောကလဲ ဘယ်ကိုသဝေထိုး‌ေ သလဲ မသိပါဘူး၊ ဒီကောင်ဘယ်ကိုများသွားနေပါလိမ့်"

ချမ်းလီသည် ယာခင်းမြန်လမ်းမှ မြို့ထဲသို့ ပြန်လည်ဝင် ရောက်လာခဲ့သည်။

ပိုးပင်ချုပ်တော့မည်။

❊ ⊙ ❊ ⊙ ❊

## ဘယ်သူ့လက်ချက်လဲ

ချမ်းလီသည် သူငယ်ချင်းကွာဖုန်းယုကို မတွေ့ရသဖြင့် စိတ်ပျက်လက်ပျက်ဖြင့် အိမ်ဘက်ကိုပဲ လျှောက်လာခဲ့လေသည်။

"ဟီး. . ဟီး. . ဟီး. . ဟီး"

မြင်းခွာသံကို ကြားလိုက်ရသဖြင့် ချမ်းလီခေါင်းထောင် လိုက်သည်။

သည်ကနေ့. . . ဘာရယ်မဟုတ်. . .

ဘယ်ဂိုဏ်းကမှန်းမသိသော ခမောက်ဆောင်းဝတ်စုံနက်



ြင်းစီးသမားငါးဦးနှင့် ပတ်သက်ပြီး သွေးလန့်နေသည်။

မိမိနှင့်များ ပတ်သက်နေမလား အတွေးစတစ်စက ဘယ် ့်နည်းနှင့် မိမိခေါင်းထဲရောက်လာသည်မသိ။

အခုလည်း. . .

"ဟီး. . ဟီး. . ဟီး. . ဟီး"

မြင်းဟီသံက ချမ်းလီကိုခြောက်လှန့်လိုက်သလိုရှိသည်။

သို့နှင့်. . ချမ်းလီသည် လမ်းဘေးဘက်သို့ ချက်ချင်း ပြေးကပ်လိုက်သည်။

"ဝှစ်" "ဝှစ်"

"ဟူး. . ."

ရှေ့သို့ အနည်းငယ် လျှောက်လာတာ ကြားလိုက်သည်။

"ဟော. . ငါတို့အိမ်ရှေ့မှာ မြင်းငါးကောင်ပါလား၊ မြင်း ျတစ်ကောင်လဲတွေ့လိုက်ရတယ်ဆိုတော့ ဒါဟာနေ့လည်ပိုင်းက ါမြင်လိုက်ရတဲ့ မြင်းစီးသမားအဖွဲ့ပဲဖြစ်ရမယ်"

ဤသို့တွေးမိပြီး. .

ချမ်းလီသည် ချက်ချင်းနောက်ဘက်ပြန်လျှောက်လာကာ ိမိအိမ်ခြံဝိုင်းကို အနောက်ဘက်က လှည့်ဝင်လာခဲ့သည်။

ညဘက်ရောက်နေပြီဖြစ်၍ မိမိ၏လှုပ်ရှားမှုကို အခြား ဘယ်သူမှ မတွေ့နိုင်ပေ။

ခြေသံလုံလုံလျှောက်လာသည်။

မြင်းစီးသမားငါးဦးအဖွဲ့သည် မိမိတို့အိမ်ထဲမှာပဲ ရှိနေသည် ာ အမှန်။

"ဝှစ်"

"ဝိုး"

"ရှုတ်"

ချမ်းလီသည် အမိုးပေါ်သို့ ခုန်ပျံ၍ တက်လိုက်သည်။ ကိုယ်ဖော့ပညာကို သည်လိုနေရာမျိုးမှာတော့ဖြင့် မလွဲမသွေအသုံးပြုရချေပြီ။

"ရှပ်"

"ရှပ်" "ရှပ်"

မိမိတို့အိမ်ခေါင်မိုးဖြစ်သဖြင့် ဘယ်နေရာမှာ အပေါက်ရှိသည် မရှိသည်ကို ချမ်းလီကသိနေသည်။

သို့သော်. .

ချမ်းလီ သတိလွတ်သွားသောအချက်တစ်ချက်မှာ မိုးရေလေဒဏ်ဖြင့်ဆွေးမြေ့နေပြီဖြစ်သော ပန်းဆွဲတစ်ခုကိုအမှတ်မဲ့ ဆွဲကိုင်လိုက်မိခြင်းပင်။

"ဂျွတ်"

အသံတစ်သံ။ ပျဉ်တစ်ချပ်ကျိုးသွားသည့်အသံဖြစ်သည်။

"အပေါ်မှာလူတစ်ယောက်ရောက်နေတယ်ဟေ့"

ခေါင်းဆောင်ဖြစ်ဟန်တူသော ဝတ်စုံနက်တစ်ဦးက သူ့ဘေးက ဝတ်စုံနက်ကိုလှမ်းပြောလိုက်သည်။

အပြောခံရသူက ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး အပြင်ပြေးထွက်သွားသည်။

မြန်လိုက်သည်ဖြစ်ခြင်း။

"ဝှစ်" "ဝှစ်"

"ကျွီး"





ချမ်းလီသည် အိမ်ခေါင်မိုးပေါ်သို့ တက်လာသော ဝတ်စုံနက် ခမောက်ဆောင်းသိုင်းသမားကိုစောင့်နေသည်။

ရန်သူသည်အသင့်ကိုင်စွဲထားသော ဓားနှင့်ချမ်းလီကိုလှမ်းခုတ်ချလိုက်သည်။ ချမ်းလီသည် အပေါ်စီးကို ရထားသဖြင့်. .

ပြေးဝင်လာသော ဓားချက်ကို ရှောင်တိမ်းကာ ညာခြေကန်ချက်တစ်ချက် ပစ်သွင်းလိုက်သည်။

"ဝှစ်"

"ဝိုး"

ညာခြေကန်ချက်ကို ပစ်သွင်းလိုက်စဉ်က မျက်နှာပိုင်းကို ကာကယ် ထိသွားသည်မှာကား ရင်ဘတ်။

"ဘုန်း"

"အွန့်"

ရန်သူ ခမောက်ဆောင်းဝတ်စုံနက်သည် နောက်ဘက်သို့ ယိုင်သည်ကာ ကျသွား၏။

ထို့နောက်ခေါင်မိုးအမြင့်မှ အနိမ့်ပိုင်းသို့ လိမ့်ကာ လိမ့်ကာ ဆင်းသွားသည်။

သူသည်လက်ထဲ၌လည်း ဓားလွတ်မည်စိုး၍ ဘယ်ဘက် ညာဘက်တစ်ဘက်တည်းဗွယ်၍ ရမည့်အရာမှန်သမျှကို လိုက်လံ၍ ဆွဲမိအရဆုပ်ကာ ကုတ်ကာရှိနေပါလျက် ခန္ဓာကိုယ်က လိမ့်၍ ကျသွားမြဲ ကျသွားသည်။

ထိုစဉ်. .

နောက်တစ်ဦးခေါင်မိုးပေါ်သို့ ရောက်ရှိလာပြန်သည်။

"ဝှစ်"

"ဝှစ်"

"ရွှတ်"

သူကလည်း ခမောက်ဆောင်းဝတ်စုံနက်နှင့်ပင်။ လက်[illegible] လည်း ဓားတစ်လက် အသင့်စွဲကိုင်လျက်။

"ဟိတ်"

"ယား"

သူက ရုတ်တရပ်အုပ်ဝင်ကာ ချမ်းလီကိုတိုက်ခိုက်သည်

"ချွင်. . ချွင်. . ချွင်"

"ချွင်. . ချွင်. . ချွင်"

"ထန်း"

ချမ်းလီသည် သိုင်းကွက်သုံးကွက်လောက် တိုက်ခိုက်လို[illegible] ရသည်နှင့် ဤသူသည် အဆင့်မြင့်သိုင်းသမားမဟုတ်။

တစ်ပွဲတိုး သိုင်းကွက်အချို့တတ်ထားသည့် သိုင်းသ[illegible] အဆင့်လောက်ပဲ ရှိမည်ဆိုတာ သိလိုက်သည်။

ထို့ကြောင့်. .

ချမ်းလီက ရန်သူ့ဓားကို တိမ်ခင်မိုးသား သိုင်းကွက်[illegible] အသုံးပြု၍ တစ်ချက်ပက်ထုတ်လိုက်သည်။

"ချွမ်း. . ထန်း"

ရန်သူ ခမောက်ဆောင်းဝတ်စုံနက်၏ ဓားသည် အထက်[illegible] လွင့်စင်ပြီး အောက်သို့ ကျရောက်သွားသည်။

ချမ်းလီသည် ဓားလွတ်သွားသော ခမောက်ဆောင်းဝတ်[illegible] နက်ထံသို့ ခုန်၍သွားပြီးလျှင် ရင်ဘတ်ပေါ် ခြေတစ်ဘက်ဖြင့် တက်[illegible] နင်းထားလိုက်စဉ်. .



"ဝှစ်"

"ဗွိုး"

စောစောက အိမ်ခေါင်မိုးတစက်ဖြိတ်၌ ချိတ်နေသော [illegible]သူ ခမောက်ဆောင်းဝတ်စုံနက်က တစ်စခန်းထလာသည်။

အပေါ်သို့ ဝပ်လျားထိုးကုတ်တက်လာရင်းက ခါးတွင်ချိတ် [illegible]လာသော ဓားမြှောင်ကိုချွတ်ပြီး ချမ်းလီ၏နောက်ကြောကိုတည့် [illegible]တည့်မတ်မတ်ပစ်သွင်းလိုက်၏။

"ဝှစ်"

"ဗွိုး"

ဓားပစ်တည့်သော ဓားသမားကောင်းတစ်လက်ဖြစ်နိုင် [illegible]သည်။ ချမ်းလီသည် မိမိနောက်ကြောမှဓားမြှောင် လေထုကို ခွဲလျက် [illegible]ဝင်လာနေသည်ကို သိသည်။ တစ်ဘက်သို့လှဲချလိုက်ရသည်။

"ဝှစ်"

"ဟူး"

ဓားမြှောင်သည် သူထိမှန်ရမည့် ချမ်းလီ၏နောက်ကို မထိ [illegible]သောအခါ ဆက်လက်ပျံသန်းသွားကာ အောက်သို့ထိုးဆင်း [illegible]ပါလေတော့၏။

ခြေအနင်းခံထားရသော ရန်သူ ခမောက်ဆောင်းဝတ်စုံ [illegible]သည် ခုတော့သူ့ခေါင်းမှာ ခမောက်လည်းမရှိ ဓားမရှိတော့။

နောက်တစ်ဦးမှာလည်း ထိုသို့ပင်ခမောက်လည်းမရှိ၊ ဓား [illegible]လည်းမရှိ။

ချမ်းလီသည် ပစ်လှဲလိုက်သဖြင့်လဲသွားရာမှ ဖျပ်ခနဲပြန် [illegible]ထိုက်သည်။

ထိုစဉ်..

"တွိ..."

"တွိ..."

ဟူသော အသံတစ်သံဆင့်ကာ ဆင့်ကာပေါ်ထွ
လာလေသည်။

ခေါင်မိုးပေါ်ရောက်နေသော ရန်သူနှစ်ဦးသည် တ
တွိ အချက်ပေးသံကိုကြားလိုက်ရသည်နှင့် တပြိုင်တည်း လဲပြိုနေ
သည့် နေရာမှ ကြုံသလို ဖြစ်သလို ကုန်းကျုံးထပြီး တဝှစ်ဝှ
ခုန်ပျံကာ အိမ်ခေါင်မိုးပေါ်မှ ဆင်းသွားကြ၏။

"ဒီကောင်တွေ ဘာသဘောနဲ့ ဆက်မတိုက်ခိုက်ပဲ
လည် ထွက်ပြေးသွားကြတာလဲ"

ချမ်းလီစဉ်းစားနေဆဲ..

ရန်သူတိုက်ခိုက်ရေးသမားတွေမြင်းကိုယ်စီဖြင့် ခုန်
၍ ပြန်သွားကြသည်။

မကြာလှပေ။ မြင်းတပ်တစ်တပ်ရောက်ရှိလာပြန်သ
မြို့စောင့်မြင်းတပ်မှ မြင်းစီးသမားအချို့တည်း။

သူတို့ကား မြို့ကြီးများတွင် အမြဲအစဉ်ထားရှိပေးရသ
သူတို့ ခုလို လှည့်ပတ်ကြည့်ရှုနေမှသာ ရပ်ရွာသည်လည်း အေး
သာယာမည် မဟုတ်ပါလား။

ချမ်းလီသည် မိမိအိမ်ခေါင်မိုးပေါ်တက်ရောက်နေသ
မှန်သော်လည်း အချိန်မှာ အချိန်တော်သော အချိန်မျိုးမဟုတ်

ထို့ကြောင့်

ချမ်းလီက မြင်းတပ်သားတွေ မြင်းစီးရင် ကြည့်လျှင်





သအောင် ဝပ်ချလိုက်ရပြန်သည်။

ရန်သူ ခမောက်ဆောင်းဝတ်စုံနက်တွေက အကွက်ကြိုမြင်
သည်။ သူတို့ထဲက အောက်တွင်ကျန်ရစ်သူတို့က အခြေအနေကို
သိပုံရသည်။

ချက်ချင်း သူလူတွေကို အချက်ပေး၍ ပြန်ခေါ်သည်။ သို့
တ်ပါကလည်း သူတို့သာမက ချမ်းလီသည်လည်း မြို့စောင့်မြင်း
က မသက်ာပဲ ဖမ်းဆီးသွားနိုင်သည်။

ချမ်းလီသည် အိမ်ခေါင်မိုးပေါ်က ပြန်ဆင်းသည်။ အိမ်
ကို ကတိုက်ကရိုက် ဝင်လိုက်သည်။

အိမ်ထဲမှာလည်း မျောက်တွေ ဝင်ပြီးသောင်းကျန်းသွား
သားထင်လိုက်ရသည်။ အိမ်တွင်ရှိရှိသမျှသော ပစ္စည်းတွေအား
နေရာအနှံ့ ပွစာကြဲလျက်။

"ဟာ.. ပွစာကြဲလို့ပါပဲလား"

"တောက်"

ချမ်းလီက တောက်တစ်ချက်ပင် ခေါက်လိုက်ပါသေးသည်။

"ဒီကောင်တွေ သံသေတ္တာကို လာရှာတာလား။ ဒါမှမဟုတ်
သေတ္တာအိမ်ကို လာရှာတာပဲလား"

"တော်သေးတာပေါ့ ငါ ဓားအိမ်ကို အိမ်မှာအလွယ်တကူ
ထားခဲ့မိတာ"

ထိုအခိုက်...

တစ်ဘက်ခြံဝင်းမှ အစောင့်ချထားသော လူကြီးတစ်ဦး
ရောက်ရှိလာကာ...

"ဩော်... မင်းပြန်ရောက်နေမှကိုး။ ငါက မင်းအဖေနဲ့

မင်း တစ်ယောက်ယောက် ရှိနေတယ် မှတ်တာ၊ ဘယ်ကလူရမ်း
တွေလဲ မသိဘူး"

"မသိပါဘူး ဦးလေးရေ တွေ့ရတဲ့အတိုင်းပဲ ဘယ်သူ
က စော်စော်ကားကား ဘာတွေ လုပ်သွားမှန်းကို မသိဘူး"

"တစ်ခုခုတော့ တစ်ခုခုပဲကွ မင်းအဖေကလဲ အဘော
တော်တစ်ယောက် မဟုတ်လား သတိဝီရိယနဲ့ နေဟေ့"

လူကြီးက စေတနာရှေ့ထားကာ လာရောက်စုံးစမ်း
ခြင်းပင် ဖြစ်ပါ၏။

❋ ◉ ❋ ◉ ❋

ဝံပုလွေလား မြေခွေးလား

ကွာဖုန်းယု တစ်နေ့လုံး ပျောက်နေသည်ကိုပဲ ချမ်း
မကျေနပ်နိုင်။

တစ်နေ့လုံး ပျောက်နေရလောက်အောင် ကွာဖုန်း
ဘယ်ကိုရောက်နေပါသလဲ. . .

ချမ်းလီသည် အိမ်က ပြန်ထွက်လာသည်။

အိမ်ထဲတွင် ပွစာကြဲနေသော ပစ္စည်းများကိုပင် ပြန်လ





မ်းဆည်းခြင်း မပြုပဲ ထားခဲ့သည်။

အခုကျတော့လည်း ကွာဖုန်းယုကို အိမ်ခြံဝင်းအထွက်မှာ
တွေ့လာရသည်။

"ဟေ့ ချမ်းလီ ဒါက ဘယ်လဲ"

တွေ့လိုက်ရသောအခါ ချမ်းလီက မမေးပဲ ကွာဖုန်းယုက
းနေသည်။

"အမယ်လေး ကွာဖုန်းယုရယ် မင်းကို ငါ လိုက်ရှာနေတာ
က်ကတည်းက ခုမှပဲ တွေ့ရတော့တယ် နေစမ်းပါအုံး မင်းက
စ်နေ့ကုန် တစ်နေခမ်း ဘယ်ကို ရောက်သွားနေတာလဲ"

"မနက်က အဖေ့ယာခင်းထဲမှာ သွား အလုပ်လုပ်ပေးတယ်
့လည်ကျတော့ ပြန်လာတယ်၊ လမ်းမှာ စိတ်ကူးရတာနဲ့ အလယ်
န်းပေါ်ကို လှေနဲ့ ကူးသွားပြီး သိုင်းလေ့ကျင့်နေလိုက်တာ ခုအချိန်
ောက်မှ ပြန်ခဲ့တယ်ပဲ ဆိုပါတော့"

"အေး မင်းပြောသလိုပဲ ငါလဲ ပြောပြမယ်၊ မင်းကို ပြောစ
ရှိလို့ ငါ မနက်အစောကြီး မင်းအိမ်ကို လာခဲ့တယ်၊ မင်းမရှိဘူး
င်းတို့ အဘိုးကိုပဲ တွေ့တယ်"

"မင်းတို့ အဘိုးက မင်း ယာခင်းထဲ လိုက်သွားတယ်ဆိုလို့
င်းတို့ ယာခင်းထဲရောက်တဲ့အထိ ငါ လိုက်ခဲ့တယ်"

သည်မှာ ကွာဖုန်းယုက ပြုံးလျက်. . .

"မင်းနဲ့ ငါ တော့လွဲ လွဲနေကြတာပဲကိုးကွ မင်းက ငါ့ကို
ပ်တွေ့ချင်နေလို့ ဖြစ်မယ်" ဟု ပြောရာ

ချမ်းလီက

"ဘာဆိုင်လို့လဲ" ပြော၏။

"သိပ်တွေ့ချင်ရင် ဒီလိုပဲ ဖြစ်တတ်တယ်ကွ၊ ဘာဖြစ်လို့ ဖြစ်ရသလဲဆိုတာကိုတော့ ငါလဲ မသိဘူး"

"အဓိပ္ပါယ်မရှိတဲ့ စကားတွေ မပြောစမ်းပါနဲ့ကွာ ဒီမှာ မောနေရတဲ့အထဲ"

"ကဲ ကဲ ပြောပါအုံး"

"မပြောခင် မင်း ငါနဲ့ အခု အိမ်ထဲကို ခဏလိုက်ခဲ့အုံး"

ချမ်းလီက ပြောပြောဆိုဆို ကွာဖုန်းယု၏ လက်တစ်ဘက်ကို ဆွဲခေါ်လာခဲ့သည်။ အိမ်ထဲသို့ ပြန်ရောက်လာကြသည်။

အိမ်၏ နေရာအနှံ့ရှိသမျှပစ္စည်းတွေ အားလုံး ဖွမ်းထိုးမှောက်ခုံ ဖြစ်လျက် ပွစာကြဲနေသည်ကို တွေ့လိုက်ရသောအခါ ကွာဖုန်းယုက တအံ့တသြဖြစ်နေသည်။

"ဒါက ဘယ်လို ဖြစ်တာလဲ မင်းတို့ အိမ်ထဲ မျောက်တွေများ ဝင်သွားလို့လားကွာ"

ကွာဖုန်းယုက မြင်ကွင်းကိုကြည့်ပြီး ပြုံးရယ်ပြောလိုက်သည်။ ချမ်းလီက ကွပ်ပျစ်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ကာ. . .

"ဒီလို ဘာဖြစ်လို့ ဖြစ်ရတာလဲ မေးရင် ငါက ဘယ်လို အဖြေပေးမလဲ မသိအောင်ပါပဲကွာ"

ကွာဖုန်းယုက ချမ်းလီဘက် လှည့်၍ကြည့်ကာ

"ဒီလောက်ပဲလား ချမ်းလီရာ"

"ဒီလောက်ပဲဟေ့. . . ငါ မင်းအိမ်ကို အလာမှာ တို့မြို့ထဲကို ခမောက်ဆောင်း ဝတ်စုံနက် မြင်းစီးသမား ငါးဦး မြင်းကိုယ်စီနဲ့ လာတာ ငါတွေ့ခဲ့တယ်"





"ဘယ်ဂိုဏ်းကလဲ မိုးတိမ်နီ ဂိုဏ်းကလား"

"ဘယ်ဂိုဏ်းကလဲဆိုတာကို ငါလဲ မသိဘူး၊ အားလုံး ငါးဦး၊ ငါ သူတို့ကို အသေအချာကြည့်လိုက်တယ်၊ မိုးတိမ်းနီဂိုဏ်းသားတွေ မဟုတ်တာ သေချာတယ်"

"အေး. . . ဒီလိုဆို ဘယ်ဂိုဏ်းကပါလိမ့် တေလေဂိုဏ်းက များလား"

"မင်းအဘ. . . တေလေဂိုဏ်းသားတွေက လွယ်အိတ်ကြီးတွေနဲ့ သွားကြလာကြတာ ခုလို မြင်းတွေနဲ့လာပါ့မလား"

ကွာဖုန်းယုသည် ရပ်၍ပြောနေရာမှ ခုတော့ ချမ်းလီ ထိုင်နေသော ကွပ်ပျစ်ပေါ်တွင် ထိုင်ချလိုက်သည်။

"ငါ အိမ်ပြန်ရောက်လို့ မြင်းဟီသံတွေ ကြားလို့ လှမ်းကြည့်လိုက်ပါတယ်၊ အဲဒီအုပ်စုကို ပြန်တွေ့တယ်၊ တွေ့မယ့်တွေ့တော့ ငါတို့ အိမ်ရှေ့မှာ ဒါနဲ့ ငါလဲ နောက်ဘက်က ပြန်လှည့်ချောင်းရတော့တာပေါ့. . ."

"ငါက ခေါင်မိုးပေါ်က တက်ကြည့်တော့ ဒီကောင်တွေ ငါ့ကို တွေ့သွားတယ်"

"ဒီလိုဆို မင်းနဲ့ တိုက်ခိုက်ကြရောလား"

"ဘယ်ပြောကောင်းမလဲ ကွာဖုန်းယုရာ ဒီကောင်တွေက နှစ်ယောက်တက်လာပြီး တိုက်ခိုက်ကြတာ"

"အေးကွာ အကြောင်းရှိကာမှ ငါက မရှိပဲ ဖြစ်ခဲ့ရတာ နာလိုက်တာ၊ ဒီလိုပွဲမျိုး ငါက နွှဲချင်နေတာ၊ ဒီကောင်တွေရဲ့ သိုင်းကွက်က ဘယ်လိုလဲ"

"သာမန်ပဲ. . . ငါ့ကို တိုက်ခိုက်သွားတာ ပဒေသာ သိုင်း

ကွက်တွေနဲ့ပဲ တိုက်ခိုက်သွားတယ်၊ အဆင့်မြင့် သိုင်းသမား
မဟုတ်မှန်း သိလိုက်ရတယ်၊ သူတို့နောက်မှာ ဘယ်သူပါသလဲဆိုတာ
ကိုတော့ ငါ မသိသေးဘူး"

"ဒါနဲ့ တိုက်ပွဲက ဘယ်လို အဆုံးသတ်သွားသလဲ ချမ်းလီ"

"တိုက်ပွဲ အဆုံးမသတ်ဘူးကွ. . ."

"ဘာဖြစ်လို့ တိုက်ပွဲ အဆုံးမသတ်ရတာလဲ ပြောစမ်းပါ
အုံး မင်းဟာက"

ပြောနေရင်းမှာပဲ ကွာဖုန်းယုမှာ ပို၍ စိတ်ဝင်စားလာပါ
လေတော့သည်။ ချမ်းလီက ပွစာကြဲနေသော ပစ္စည်းများကို
ငေးကြည့်နေရာမှ

"ငါတို့ ခေါင်မိုးပေါ်မှာ တိုက်ခိုက်နေတုန်း မြို့စောင့်တပ်
ဒီဘက်ကို လှည့်လာတယ်၊ ဒါနဲ့ ဒီကောင်တွေလဲ သုတ်ခြေတင် ပြေး
ကုန်ကြတော့တာပဲ"

"ဒီကိစ္စကို မင်းဘယ်လို မြင်သလဲ ချမ်းလီ"

"ရှင်းပါတယ်ကွာ ဒီကိစ္စကို ငါက အဖေနဲ့မင်းကို ပြောပြ
မလို့ အဖေကလဲ ငါ့ကိုတောင် မန္တီးဘူး အစောချည်း ထသွားတယ်"

"ဘယ်ကို သွားတာလဲ"

"ဘယ်သိမှာလဲကွာ သူ့အလုပ်သဘာဝကို မင်းလဲ အသိ
သားနဲ့"

"မင်းက ထူးထူးခြားခြား ဘာပြောချင် နေရတာလဲ"

ချမ်းလီသည် ဆက်လက် ပြောမည့် စကားကို ချက်ချင်း
မပြောသေးပဲ ပတ်ဝန်းကျင်ကို တောင်မြောက် လေးပါး အရင်ကြည့်
လိုက်သည်။





နောက် အသံကို အုပ်၍

"ညက မင်းလဲ ပြန်သွားရော ငါလဲ သံသေတ္တာအိမ်ကို
တသသလုပ်နေမိတယ်၊ အဲဒီမှာ ထူးခြားချက် တစ်ခုကို သွားတွေ့
တယ်. . ."

"ဘာလဲ"

"မားအိမ်ပေါ်မှာ မင်းကြည့်တုန်းက ဘာမှ မတွေ့ဘူးဆို"

"အေးလေ မင်းလဲ အမြင်ပဲ ဘာတွေ့လို့လဲ"

"ငါလဲ အစကတော့ ဘာမှ မတွေ့ပါဘူး၊ နောက် အပေါ်
က ဆေးတွေကို လက်သဲလေးနဲ့ ခွါရင်း စာတွေကို တွေ့တယ်"

"ဘာစာတွေလဲ"

ကွာဖုန်းယုက လောဆော်လိုက်ပြန်သည်။

"မသိလို့ ခက်နေတာပေါ့. . . စာလုံးတွေက ကျောက်စာ
တွေလိုလို မန်ချူးစာတွေလိုလိုပဲ ငါတော့ လုံးဝ ဖတ်လို့ မရဘူး"

"ဟုတ်ရဲ့လားကွာ. . . သစ်သားအောက်ခံမှာ တွေ့ရတတ်
တဲ့ အရေးအကြောင်းတွေများလား"

"မဖြစ်နိုင်ဘူး"

"အခု မားအိမ်က ဘယ်မှာလဲ ပြစမ်းပါအုံး"

ချမ်းလီက ကွာဖုန်းယုအား စကားသံ တိုးတိုးဖြင့် ပြောရန်
လက်ရိပ် လက်ဟန်ပြလိုက်သည်။

"ရှူး. . . တိုးတိုး. . . ကွာဖုန်းယု. . . တိုးတိုး. . ."

"ဘာဖြစ်လို့လဲ ရန်သူတွေ ရောက်လာပြန်ပြီလား"

"မပြောနိုင်ဘူး ငါထင်နေတာက အခု ဒီကောင်တွေ ငါတို့
အိမ်မှာ လာရှာတာဟာ အဲ့ဒီမားအိမ်ကို ရှာတာများလားလို့ ငါတွေး

မိတာ ပြောတာပါ"

"ဖြစ်နိုင်တာပဲ"

"ဒါကြောင့် မင်း အဲဒီစာကို နောက်မှကြည့်တော့ ငါ အဲဒီ ပစ္စည်းကို လုံခြုံတဲ့ တစ်နေရာမှာ ဝှက်ထားတယ်"

"အေး. . ကောင်းတယ်၊ ဝှက်ထားလိုက်မိလို့ တော်သေးတာပေါ့၊ နို့မို့ဆိုရင် အခုလောက်ဆို သံသေ့အပြင် သံသေ့အိမ်ပါ အဆုံးရှုံးခံလိုက်ရပြီပဲပေါ့"

ထို့နောက် ချမ်းလီနှင့် ကွာဖုန်းယုတို့ နှစ်ဦးသား တစ်အိမ်လုံးအနှံ့ ပွစာကြဲနေသော ပစ္စည်းများကို ပြန်လည် သိမ်းဆည်းကာ သူနေရာတွင်သူ ပြန်လည်သိမ်းပေးရသည်။

"ဒီကောင်တွေဟာ ကြီးကြီးမားမား ပစ္စည်းထည့်လို့ ရတဲ့ သေတ္တာတွေကို ဖွင့်ရှာတာတွေ့ရတယ်၊ မင်းပြောသလိုပဲ သံသေ့အိမ်ကို လာရှာတာပဲ ဖြစ်ရမယ်"

ဤကိစ္စကို ကွာဖုန်းယုက ချမ်းလီစကားကို ထောက်ခံ ပြောကြားလာ၏။

"ငါလဲ ဒီလိုပဲတွေးမိတယ်၊ ဒီအိမ်မှာ တွေ့ရတဲ့စာဟာ သံသေ့နဲ့ တစ်ခုမဟုတ် တစ်ခု ပတ်သက်နေနိုင်တယ်"

"ဟူး. . . မောလိုက်တာ၊ ပစ္စည်းတွေက ထုတ်တုန်းကသာ ပြန်သွင်းတော့ အနေအထား မကျတော့ဘူး"

"ပန်းအိုးတွေ ပန်းကန်တွေလဲ ကွဲကုန်ပြီ၊ အဖေသိမ်းထားတဲ့ အမှတ်တရပစ္စည်းတွေလေ. . . အဖေတော့ ဆွေးပြီပေါ့ကွာ"

"ချမ်းလီ. . ."

"ဘာလဲ. . . ကွာဖုန်းယု"





"အချိန်ရှိသေးတယ်"

"ဘာလုပ်မလို့လဲ"

"မားသုံးလက်စားသောက်ဆိုင်ကို သွားကြမလားလို့၊ စားချင် သောက်ချင်လို့တော့ မဟုတ်ပါဘူးကွာ၊ တစ်ခုခု ထူးခြားမှု ရှိမလားလို့ပါ"

ထိုအခါ ချမ်းလီက ကွပ်ပျစ်ပေါ်တွင် အနားယူရင်း ကွာဖုန်းယု ပြောသည်ကို စဉ်းစားနေသည်။

"အေးကွ မင်းအကြံပေးတာ မဆိုးဘူး၊ ဘာပဲ ပြောပြော ဒီကောင်တွေဟာ တို့မြို့က ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ တစ်ရပ်တစ်ကျေးက ရောက်လာတာပဲ ဖြစ်မယ်၊ ဒီတော့ စားသောက်ဆိုင် တစ်ဆိုင်မှာ သင်းတို့ တည်းနိုင်တယ်"

"မားသုံးလက် စားသောက်ဆိုင်မှာ တည်းခိုခန်း များတယ်၊ ဒါကြောင့် မင်းနဲ့ မိတ်ဆက်သွားတဲ့ကောင်တွေကို မားသုံးလက် စားသောက်ဆိုင်မှာ အများဆုံးတွေ့နိုင်မယ်လို့ ငါ ထင်တာပေါ့"

ထို့နောက် အိမ်တံခါးပိတ်ပြီး နှစ်ယောက်သား ထွက်လာခဲ့ကြသည်။

လမ်းပေါ်တွင် လမ်းသွား၊ လမ်းလာများ မရှိသလောက် ကင်းရှင်းသွားချေပြီ၊ ညဘက် အရေးကိစ္စရှိသူ အချို့သာ ခြေလျင် လျှောက်၍ လည်းကောင်း၊ မြင်းလှည်းဖြင့် စီးနင်း၍လည်းကောင်း၊ ဖြတ်သန်းသွားလာသည်ကို တွေ့နိုင်သည်။

"ချမ်းလီ တို့တွေ ဝမ်းဟုံ သိုင်းပြိုင်ပွဲကြီးအတွက်လဲ ကြိုတင် ပြင်ဆင်မှုတွေ လုပ်ထားအုံးနော်၊ သုံးနှစ်တစ်ကြိမ် ကျင်းပတဲ့သိုင်း ပြိုင်ပွဲကြီးဆိုတော့ ယှဉ်ပြိုင်မယ့် သိုင်းအကျော်အမော်တွေကလဲ

ထိပ်ထိပ်ကြဲတွေချည်း ဖြစ်နေမှာ"

"မင်းက လန့်နေလို့လား လန့်နေရင် ယှဉ်ပြိုင်ဖို့ မစဉ်းစားနဲ့တော့ သိုင်းလောကထဲကိုလဲ ဝင်ဖို့ မတွေးနဲ့တော့. . . မိန်းမတစ်ယောက် ယူပြီး စီးပွားရေးကိုသာ စောက်ချလုပ်ပေတော့ ကွာဖုန်းယုရေ"

ချမ်းလီက စကားအဆုံးတွင်

ရယ်မော လိုက်ပါလေတော့၏။

❋ ◉ ❋ ◉ ❋

အချိန်မှာ အတော်လေး နှောင်းနေပြီ. . .

ဓားသုံးလက် စားသောက်ဆိုင်မှာကား လူကျချိန်ဟု ဆိုနိုင်သည်။

သည်လို နေရာမျိုးကျတော့လည်း အေးဆေး တိတ်ဆိတ်နေပါက မလိုက်ဘက်ပဲ ရှိမည်။

တရားကျောင်း၊ ဘုရားကျောင်း မဟုတ်သည့်အတွက် သည်နေရာမျိုးကျတော့ အရက်အိုးသံ အရက်ဖန်ခွက်သံတွေအပြင် အရက်သေစာ သောက်ကြ၊ စားကြသူတွေ အော်ကာ ဟစ်ကာ တေးသီချင်းဆိုကာ၊ ရယ်မော ဟားတိုက်ကာ ရှိနေမှသာလျှင် သူ့နေရာနှင့်သူ စည်ကားသိုက်မြိုက်သည်။ ပျော်စရာရွှင်စရာ ကောင်းသည်။ သာယာစိုပြေသည်ဟု ဆိုနိုင်သည်။





ထို့ကြောင့် ဆိုင်ရှင် အဘိုးကြီး ဟူရှင်းမျက်နှာမှာ တပြုံးပြုံးရွှင်ရွှင်. . .

ချမ်းလီနှင့် ကွာဖုန်းယုတို့သည် စားသောက်ဆိုင် အတွင်းသို့ င်လာပြီး စားပွဲတစ်လုံးတွင် နေရာဝင်ယူလိုက်သည်။

အမှန်တော့ စားသောက်ဆိုင်ထဲတွင် စားပွဲခုံများ အားလုံး ပြည့်နေပြီ ဖြစ်သည်၊ အရှိန်တက်နေသော အချိန်ရောက်နေပြီမို့ ဘယ်သူတွေကမှ ထပြန်ဦးမည် မဟုတ်။

ချမ်းလီနှင့် ကွာဖုန်းယုတို့ကမူ လူငယ်လူရွယ်များလည်း ဖြစ်၊ ဒေသခံများလည်း ဖြစ်လေရကား အသိအကျွမ်းတွေ ပေါသည်။

ဘယ်စားပွဲမှာပဲ ဝင်ထိုင်ပါစေရသည်။ လက်မခံစရာ အကြောင်းမရှိ။ ပြီးတော့ နှစ်ယောက်တည်း မဟုတ်လား. . .

ထိုင်ခုံနှစ်လုံး ဆွဲယူ နေရာချလိုက်ရုံနှင့် ပြေလည်သွား ိုင်သည်။

"ထိုင်. . . သူငယ်ချင်း"

ယခု ချမ်းလီတို့ကို နေရာပေးသူများမှာ ကျောက်ချင်းတန် ို့ လူစု ဖြစ်သည်။ သူတို့က သုံးယောက်တည်းနှင့် စားပွဲတစ်လုံး ပြည့် ယူထားသည် ဖြစ်လေရကား ချမ်းလီတို့နှစ်ယောက် ဝင်ထိုင် ိုက်သောအခါ ပိုပြီး အဆင်ပြေသွား၏။

ကျောက်ချင်းတန်က အာလေးလျှာလေးဖြင့်

"မင်းတို့ အရက်သမားတွေ မဟုတ်ပါဘူး။ ဒီနေ့ကျမှ ဘယ့် ယ့်ကြောင့် အရက်သမားတွေ ဖြစ်လာရတာလဲ"

ဟု မေးလိုက်လေသည်။

ချမ်းလီက. . .

"ငါ့အဖေ မရှိတုန်းအရက်သောက်ရတာပါကွာ၊ ယောက်ျားပဲ တစ်ခါတစ်လေတော့လဲ အရက်သောက်ဦးမှပေါ့"

ဟု အကြိုက်ဆောင်၍ ပြောလိုက်လေရာ ကျောက်ချင်းတန်တို့ လူစုမှာ အတော် သဘောကျသွားလေတော့သည်။

ယုံတိုး ဆူသူက

"ဟား. . . ဟား. . . ဟား ဒါမှ ငါတို့အဖွဲ့သား စစ်တာယောက်ျားပဲကွ၊ ဟုတ်တာလဲ လုပ်ရဲရမယ်၊ မဟုတ်တာလဲ လုပ်ရဲရမယ်" ပြော၏။

အတန်ကြာ ငြိမ်ပြီး အမြည်းစားနေသော လျှောက်ကွေ့ဆိုသူကမူ ယုံတိုး၏ စကားကို ဘဝင်မကျသည့်ဟန်ဖြင့်

"ဟေ့ ယုံတိုး မင်းစကားကလဲ ဘာလဲဟ၊ အရက်သောက်တဲ့အလုပ်ကို မဟုတ်တဲ့အလုပ်လို့ ပြောချင်တာလား" ဟု မေး၏။

သူတို့ ဘာတွေ ဆက်လက်ပြောနေကြသည်ကို ချမ်းလီ အမှတ်မထားမိတော့၊ စိတ်အာရုံက မျက်နှာတူရူ စားပွဲခုံတစ်ခုံကျော်ရှိ စားပွဲဝိုင်းသို့ ရောက်ရှိသွားသည်။

ချမ်းလီကို သူတို့က မှတ်မိဟန်မတူ။

ချမ်းလီကတော့ သူတို့ကို စောင့်ချောင်းနေသူလည်း ဖြစ်ပြန်၊ တစ်ကြိမ်မက တွေ့ထားသူ ဖြစ်နေသဖြင့် ကောင်းကောင်းမှတ်မိနေသည်။ မေးစေ့တွင် မားဒက်ရာ အမာရွတ်ရှိနေသူ ဆိုပါက အိမ်ခေါင်မိုးပေါ်တွင် တိုက်နိုက်စဉ် ဦးစွာ တက်လာပြီး တိုက်နိုက်သူဖြစ်ကြောင်း ချမ်းလီ ကောင်းကောင်း မှတ်မိနေသည်။

ထိုစဉ် ကွာဖုန်းယုက ချမ်းလီအား သတိထားမိလိုက်သည်နှင့် ကျောက်ချင်းတန်တို့ စကားကြောကို ဖြတ်ကာ





"ချမ်းလီ. . . မင်းဘယ်သူ့ကို စိတ်ဝင်စားနေတာလဲ"

ဟု မေးလိုက်သည်။

ချမ်းလီက သူ၏ အကြည့်ကို နေရာမပြောင်းရွှေ့ပဲ ကွာဖုန်းယုအား လေသံအုပ်ကာ

"တွေ့ပြီ. . . ကွာဖုန်းယု၊ အိမ်ကိုလာသောင်းကျန်းသွားတဲ့သေနာကောင် နတ်ဆိုးသား ငါးကောင်စလုံးကို တွေ့ထားပြီ"

ဟု ပြောလိုက်သည်။

ကွာဖုန်းယုက

"ဘယ်မှာလဲ. . . ဘယ်ကောင်တွေလဲ"

ဟု မေးလိုက်သည်။

"ငါ့ ရှေ့ စားပွဲခုံ တစ်ခုံကျော်က ကောင်တွေပဲ ဒီကောင်တွေ ငါ့ကို မမှတ်မိဘူး ကြွေနွှေမပျက်နေ"

"အေးပါ စိတ်ချ"

ထိုအခိုက် ကျောက်ချင်းတန်က ချမ်းလီနှင့် ကွာဖုန်းယုတို့ တီးတိုး တီးတိုးလုပ်နေသည်ကို လှည့်ကြည့်လိုက်ပြီး

"ဒီမှာ စကားကောင်းနေရတဲ့အထဲ မင်းတို့နှစ်ယောက်က ဘာတွေများ တီးတိုးတီးတိုး လုပ်နေရတာလဲ" ဟု မေးလိုက်သည်။

"ပြောမယ်. . . ပြောမယ်"

ချမ်းလီက ပြောပြောဆိုဆို ထိုင်ရာမှ ထရပ်လိုက်ပြီး မေးစေ့ အမာရွတ်နှင့်လူထံသို့ လျှောက်လှမ်းသွားလေသည်။ ကွာဖုန်းယုသည်ပင် ရုတ်တရက် ဘာပြောရမည်မသိ ဖြစ်သွားသည်။

ချမ်းလီသည် မေးစေ့ အမာရွတ်နှင့်လူရှေ့သို့ အရောက်တွင် ရပ်လိုက်သည်ရှိရာ မေးစေ့အမာရွတ်နှင့်လူက ချမ်းလီကို မော့

ကြည့်လိုက်သည်။

ပြဿနာတစ်စုံတစ်ရာ မိမိအနီးသို့ ရောက်ရှိလာပြီဆို ကိုမူ သူသိရှိလိုက်ပုံရ၏။

"မင်းက ဒီဆိုင်က စားပွဲထိုးလား"

မေးစေ့အမာရွတ်နှင့်လူက ချမ်းလီကို စားပွဲထိုး မဟုတ် သိပါလျက် ချမ်းလီအား ကြည့်မရသည့်သဘောဖြင့် ကောက် လိုက်သည်။

သူ့လူ လေးယောက်က မော့၍ကြည့်လိုက်သည်။

"ကျုပ်ကပဲ စားပွဲထိုးနဲ့ တူသလား၊ ခင်ဗျားက စားပွဲထိုး ပိုတူသလားဆိုတာ ခင်ဗျားလူတွေကို မေးကြည့်ပါလား"

"မင်းက ဘာကောင်လဲ တို့ ဒီမှာ အေးအေးဆေး အရက်သောက်နေတာကို မကြည့်နိုင်လို့လား"

မျက်လုံးစွေစွေနှင့်လူက

"ဘာသဘောလဲ မင်းက ပွဲတောင်းတာလား"

ဟု မေးလိုက်သည်။

ထိုအချိန်တွင် ချမ်းလီဘေးသို့ ကွာဖုန်းယု ရောက်ရှိလာ သည်။

ချမ်းလီက မျက်လုံးစွေစွေနှင့်လူကို စိုက်ကြည့်လိုက်ရာ လက်က ဒဏ်ရာကို တွေ့လိုက်ရသည်နှင့်

"ပွဲတောင်းတာ၊ ပွဲမတောင်းတာ နောက်မှပြော လောလော ဆယ် ကျုပ်မေးတာကို ခင်ဗျားအရင်ပြော"

မျက်စိစွေစွေလူက အရက်အိုးကို ကောက်လိုက်သည်။ သူ၏ ဟန်ပန်မှာ အရက်အိုးနှင့် ချမ်းလီအား ခေါင်းရိုက်ခွဲမည့်ဟန်





သည်။

ကွာဖုန်းယုက မျက်စိစွေစွေလက်ထဲက အရက်အိုးကို လုမ်း လိုက်သည်။

ခုခံကာကွယ်ခြင်းမပြု။

သို့သော် သူက

"ဘာကောင်တွေလဲကွ" မေး၏။

"ကျုပ်မေးတာကို ဖြေနော် ခင်ဗျားလက်က ဒဏ်ရာဟာ ေါင်မိုးပေါ်ကို တက်လို့ ရလာတဲ့ ဒဏ်ရာမဟုတ်လား"

ချမ်းလီမေးလိုက်သော စကားကြောင့် အားလုံးမျက်နှာ က်သွားကြသည်။ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

"လက်စသတ်တော့ မင်းက အထောက်တော်ကြီး ချမ်းမိန် သား ချမ်းလီ ဖြစ်နေမှကိုး"

မေးစေ့အမာရွတ်နှင့်လူက ပြောလိုက်ပြီး ခတ်ပြုံးပြုံးလုပ် သည်။

ချမ်းလီက စိမ်းစိမ်းကြည့်ကာ

"ခင်ဗျားတို့ ဘယ်သူတွေလဲ ကျုပ်တို့အိမ်ကို ဘာဖြစ်လို့ ကျော်ကျော်ဝင်လာပြီး ပစ္စည်းတွေကို ထင်သလို ဖွသွားရ ာလဲ" မေးလိုက်သည်။

"အဲဒါ တို့လုပ်တာမဟုတ်ဘူး ငါတို့ဘာမှမသိဘူး၊ သူ့လက် ဒဏ်ရာဟာ ခွေးကိုက်လို့ရတဲ့ ဒဏ်ရာကွ"

ချမ်းလီက ဟတ်ခနဲ ရယ်မောလိုက်သည်။

"ဟား. . . ဟား. . . ဟား ယုတ္တိရှိအောင်လဲ ပြောရတယ် ဒါ လာမစမ်းနဲ့"

"ကောင်းပြီ၊ မင်းက ဘာလုပ်ချင်လို့လဲ ရှင်းရှင်းပြတ်ပြ
ပြော"

မေးစေ့အမာရွတ်နှင့်လူက မေးလိုက်သည်။

ချမ်းလီက မဲ့ပြုံးပြုံးရာမှ

"ကျုပ်လုပ်ချင်တာ ပြောရရင်တော့ အခု ကျုပ် စီး
အပြင်ဘက်မှာ စောင့်နေမယ်၊ ခင်ဗျားတို့ထဲက ကြိုက်တဲ့လူ ထွ
လာခဲ့"

ချမ်းလီသည် နောက်ထပ် ဘာစကားကိုမျှ မပြောတော့

နောက်ကိုလည်း လှည့်မကြည့် ဆိုင်အပြင်ဘက်သို့ ထွ
လာခဲ့သည်။

ကွာဖုန်းယုမှာ ချမ်းလီနောက်ကို မလိုက်နိုင်သေး။

အရက်ဖိုး ရှင်းပေးနေရပါသေးသည်။

စားသုံးလက် စားသောက်ဆိုင်အတွင်း၌ တစ်ခဏအေ
ဖြင့် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

အချို့က ပြဿနာတစ်ရပ်ပေါ်ပေါက်သွားသည်ကို ရု
ရုတ်သဲသဲ ဖြစ်လာကာမှ သိကြသည်။

စားသောက်ဆိုင်ဆိုတာမျိုးကတော့ အခုလို ပြဿနာ
မကြာခဏ ပေါ်ပေါက်တတ်သည်ရှိရာ စားသုံးသူ၊ အရက်သောက်
ဖောက်သည်များကား အတန်ငယ် ရှုံး၍ပင်နေပြီ။ သို့သော် အမြ
အပျက်တွေက တစ်ခုနှင့်တစ်ခု မတူ ခပ်ဆန်ဆန်သာရှိသည်။

ချမ်းလီသည် စားသောက်ဆိုင်အတွင်းမှ ပထမဆုံး ထွ
လာခဲ့သည်။

အပြင်ဘက်မှာ လထွက်နေပြီ။



လရောင်မှာကား မှုန်တေတေ. . .

အရာရာသည် လရောင်ထိတွေ့လာသည်ရှိရာ ဝင်းလက်
ပြ၍ နေသည်။

လေညှင်းသည်ကား တစ်ချက်တစ်ချက်မှသာ ငွေ့ရမ်းတိုက်
ာ်နေသည်။

ခုတော့ဖြင့် သာသာယာယာ. . .

ချမ်းလီက စားသောက်ဆိုင်ကို ကန့်လန့်ကာလျက် ခေါက်
ခေါက်ပြန် လမ်းလျှောက်နေသည်။

လမ်းလျှောက်ရင်း အတွင်း အားစုစည်းမှုကို လေ့ကျင့်ယူ
သည်။

စားသောက်ဆိုင်ထဲက အလင်းရောင်နှင့် စိန်ခေါ်ခြင်း
သားရသူများကား ငြိမ်ချက်သားကောင်းနေသည်။

## စိမ်ခေါ်တဲ့ပွဲ နွဲကြစို့လား

စားသောက်ဆိုင်အပြင်က စောင့်နေသော်လည်း ချမ်း
စိမ်ခေါ်ထားသူများကား ပေါ်မလာ။

ကျွီ. . . .

စားသောက်ဆိုင်အရှေ့တံခါးကျွီခနဲ ပွင့်လာပြီးနောက် ထွ
ထွက်လာသော လူရိပ်တစ်ရိပ်. . . . ချမ်းလီက တိမ်းငဲ့ကြည့်လို
သည်။ တွေ့လာရသူကား တိုက်ခိုက်လိုသူများ မဟုတ်။ ကွာဖုန်းယ
ဖြစ်နေသည်။

"ဟင်. . . ကွာဖုန်းယု ဟိုကောင်တွေရော"

"ပြေးပြီ. . . နောက်ဘက်က လစ်ပြေးသွားကြတယ်"

ချမ်းလီသည် ဘာမျှဆက်မပြောတော့ ကွာဖုန်းယုကိုပ
တွန်းဖယ်ကာ စားသောက်ဆိုင် အနောက်ဘက်သို့ တစ်ဟုန်ထိုး
ပြေးလိုက်သွားသည်။

"ဝှစ်"





"ဟူး"

သည်နေရာမှာတော့ ကိုယ်ဖော့ပညာကို အသုံးပြုပြီး ခုန်
ကိုက်သွားသည်။ စားသောက်ဆိုင်အနောက်ဘက်တွင် ခပ်ကြဲကြဲ
စ်ရိပ်တန်းတွေရှိသည်။

နေရာအချို့တွင် နာနတ်ပင်ကဲ့သို့သော လောင်းရိပ်အပင်
ကို စိုက်ထားသဖြင့် သွားလမ်းလာလမ်းကတော့ဖြင့် မကောင်း။

သတိထားပြီး ခုန်ပျံကျော်လွှားနိုင်မှသာ လိုရာသို့ ရောက်
မည်။ ချမ်းလီသည် သစ်ရိပ်တန်းအောက်သို့ ရောက်ရှိလာသော
ခါ လူရိပ်လူခြေ လုံးဝမတွေ့ရပဲ ဖြစ်သွားသည်။

ထို့ကြောင့် ချမ်းလီသည် ရှေ့မတိုးနောက်မဆုတ်ပဲ တစ်နေ
တည်းမှာ ငြိမ်သက်စွာ ရပ်နေလိုက်သည်။

"ဝှစ်"

"ရှပ်. . . ရှပ်"

ကွာဖုန်းယုပါ နောက်က လိုက်လာသည်။

သူက ချမ်းလီ အား. . . .

"တွေ့လား. . ." ဟု မေးသည်။

"မတွေ့ဘူး. . . ဒါပေမယ့် ဒီအနီးအနားမှာပဲ ရှိလိမ့်မယ်"

ချမ်းလီတွေးထင်သည့်အတိုင်းပင် သစ်ရိပ်တန်း သစ်ပင်
ပေါ်မှ ပုံရိပ်များ တဖြုတ်ဖြုတ်ကျရောက်လာ၏။

အနက်ရောင် သိုင်းသမားများက ချမ်းလီနှင့် ကွာဖုန်းယု
ကို လေးဘက်လေးတန် ဝိုင်းရံထားလိုက်သည်။

"ကြောက်လို့ ထွက်ပြေးသွားပြီးမှ မလွတ်သာလို့ ထွက်လာ
သဘောလား"

ချမ်းလီက မေးလိုက်သည်။ သူတို့အားလုံး ခမောက်တွေ
ကို ပြန်ဆောင်းထားသဖြင့် မျက်နှာကို လုံးဝမမြင်ရ။

"ဟင်း. . . ကြောက်လို့ ထွက်ပြေးတာမဟုတ်ဘူး။ မင်းတို့
ကို ထောင်ခြောက်ဆင်လိုက်တာ"

"ဘာထောင်ခြောက်လဲ. . . ရယ်စရာတောင် ကောင်း
သေးတော့. . . မင်းတို့ ဘယ်သူတွေလဲ"

"မင်းကငါတို့ကို သိချင်တယ်ပေါ့. . . သိရမယ်ဟေ့ ညီတစ်
ငါတို့ဘယ်သူတွေလဲဆိုတာ ပြောပြလိုက်စမ်း"

ထိုအခါ ညီတစ်ဆိုသူက ရှေ့ထွက်ရပ်လိုက်ပြီး သူဆောင်း
ထားသော ခမောက်ကို ချွတ်၍ သစ်ပင်တစ်ပင်သို့ ပစ်လွှတ်လိုက်
သည်။

"ဗိုး"

"ဝှစ်. . . ဒုတ်"

ခမောက်သည် ညီတစ်၏လက်မှ ဗိုးခနဲလည်ပတ်လျက်
ပြေးထွက်သွားပြီးနောက် သစ်ပင် ပင်စည်သို့ အရောက်၌ ဝှစ်ဒုတ်
ဟူသော အသံကို ထုတ်ကာ အတန်ငယ်စိုက်ဝင်သွားပါလေတော့၏။

ထိုနောက်. . . ညီတစ်ဆိုသူက. . .

"သံခမောက်စောင်းငါးဖော်ဆိုတာ ကျုပ်တို့ပဲ"

ဟု ပြောလိုက်သည်။

သံခမောက်စောင်းငါးဖော် ဟူသော အသံကို ကြားလိုက်
ရသောအခါ ကွာဖုန်းယု မျက်နှာကွက်ခနဲ ပျက်သွားသည်။

သူတို့သတင်းကို မိမိတို့ ကြားဖူးသည်။

မြောက်ပိုင်း သိုင်းလောကသားတွေ ဖြစ်သည်။ သူတို့



အလုပ်က ဒုစရိုက်အလုပ်မှန်သမျှ ဘာကိုပဲ လုပ်ရလုပ်ရ ငွေပေးလျှင်
လုပ်သည်။

သူတို့ခေါင်းတွင် စောင်းထားသော သံခမောက်သည်
သာမန် သံခမောက်မျိုးမဟုတ်။

တိုက်ခိုက်ရေးအတွက် လက်နက်ကောင်းတစ်ခုဖြစ်သည်။
ခေါင်းကို ဖြတ်မလားရသည်။ ဗိုက်ကိုခွဲမလား မခက်ခဲ။ ခြေလက်
ဖြတ်ရာ၌လည်း သံခမောက်တွေက အသုံးအလွန်ကျသည်။

မည်သို့ဆိုစေ. . .

ချမ်းလီကတော့ဖြင့် မမှု။

"သြော်. . . ခင်ဗျားတို့က သံခမောက်ငါးဖော်ကိုး ကြေးစား
လူမိုက်ကြီးတွေပေါ့"

ချမ်းလီက သံခမောက်ငါးဖော်ကို ရန်လိုစကားပြောကြား
လိုက်သောအခါ သံခမောက် အစ်ကိုကြီးက. . .

"မင်းသတ္တိကို ငါချီးကျူးတယ် ဒါပေမယ့် ငါတို့ကို မင်းစိမ်
ခေါ်လိုက်တာဟာ ကိုယ့်သေတွင်းတူးလိုက်သလို ဖြစ်သွားပြီ"

သံခမောက်ဆောင်း အစ်ကိုကြီးက ရယ်ကြဲကြဲလုပ်ကာ
ပြောလိုက်လေသည်။ ချမ်းလီက. . .

"အဲဒီလို သေတွင်းတူးတဲ့ လူဆိုတာ ဘယ်သူဘယ်ဝါ ပွဲသိမ်း
တော့သိရမှာပေါ့. . . အခုကျုပ်မေးချင်တာက ကျုပ်တို့အိမ်ထဲကို
ခင်ဗျားတို့ ဘာဝင်ရှာတာလဲ အဲဒါကို ကျုပ်သိချင်တယ်"

ပြောလိုက်သည်။ လေသံက မာလွန်းသည်။ ဘာမထီ
ဇာနည်ပုံမျိုး။

"ငါတို့အကြောင်းကို မင်းသိတယ် မဟုတ်လား။ ငွေရရင်

ဘာမဆိုလုပ်တဲ့ သံခမောက်ဆောင်း ငါးဖော်ဆိုတာ ငါတို့ မင်းတို့ အိမ်ထဲအကြောင်းမှ ဝင်တာမဟုတ်ဘူး။ ပစ္စည်းတစ်ခု လာရှာတာ။ ဘာပစ္စည်းလဲဆိုတာ မင်းသိတယ်"

"ဩော်. . . ဒီလိုလား ကျုပ်တို့ဆီမှာ ဘာပစ္စည်းမှ မရှိဘူး ခင်ဗျားတို့ကို ငွေပေးပြီး လှည့်စားလိုက်တာပဲ အဲဒီလူဟာ အဆိပ်မှန်း ကြောင်နက်မ မဟုတ်လား"

"တောက်. . . ပါးစပ်ကျယ်တဲ့ ကောင်ပဲ မင်းကိုတော့ ချေ သိပ်လို့မဖြစ်ဘူး"

သည်မှာ. . . သံခမောက်ဆောင်းညီတစ်က. . .

"ကျုပ်ကို ခေါင်းမိုးပေါ်မှာ ကျုပ်လက်တစ်ဘက်ကွဲအောင် လုပ်ထားတဲ့ အကောင် ကျုပ်ကိုယ်တိုင် သူ့လက်ကို ခွဲပြမယ်"

သံခမောက်ဆောင်းညီတစ်က ပြောပြောဆိုဆို သံခမောက် ကို ချွတ်လိုက်သည်။ ချမ်းလီက မာန်သွင်းထားသူ ဖြစ်သဖြင့် လုံးဝ ကြောက်စိတ်မရှိသော်လည်း ကွာဖုန်းယုမှာကား မျက်စိမျက်နှာပျက် နေသည်။

သိုင်းလောကအတွေ့အကြုံ မရှိရသည့်အထဲ ရှိမယ့်ရှိတော့ တကယ့်သိုင်းလောက၏ ဒုစရိုက်သမား သိုင်းထိပ်ခေါင်များနှင့်မှ လာတိုးနေသည် မဟုတ်ပါလား။

သို့သော်. . .

"ရှပ်. . . ရှပ်. . . ရှပ်"

တိုက်ကွင်းအနီးသို့ တစ်စုံတစ်ယောက် အချိန်မီရောက်ရှိ လာသည်။ အမှောင်ရိပ်အတွင်းမှ ငှက်တစ်ကောင်လို ခုန်ပျံလိုက်၊ ချေကြောင်ရိုင်းတစ်ကောင်လို ခြေလုံလုံလျှောက်လာလိုက်နှင့်



ထိုသူကား မည်သူနည်း။

အနက်ရောင် သိုင်းသမားလား. . .

အဖြူရောင် သိုင်းသမားလား. . .

ထိုအရိပ်မည်း သိုင်းသမားသည် သစ်ပင်တစ်ပင်ဘေးသို့ ချဉ်းကပ်၍ ပြေး၍အကပ်. . .

"ဝှစ်"

"ဟူး"

သံခမောက်ဆောင်း ညီတစ် လက်မှ သံခမောက်သည် ချမ်းလီ၏ ခေါင်းကို ဖြတ်ထုတ်ရန် ပြေးဝင်၍ သွားလေပြီ။

"ဒိုး"

"ဝှစ်. . . ဝှစ်. . . ဝှစ်"

"ချွမ်"

"ထန်"

ချမ်းလီနှင့် ကွာဖုန်းယုတို့နှစ်ဦးသည် ကြောချင်းယှဉ်ကပ်၍ ရပ်နေရာမှ ရှောင်ခွာမည်အလုပ် ချွမ်. . . ထန်. . . ဆိုသော အသံတစ်သံပေါ်ထွက်လာခြင်း ဖြစ်သည်။

ထိုနောက်. . .

"ခလွမ်း"

"ဂွမ်း"

သံခမောက်သည် အလယ်မှ ဟက်တက်ကွဲကာ ထက်ခြမ်း ဖြစ်သွားပါလေတော့သည်။

သံခမောက်စောင်း သိုင်းငါးဖော်သည် မိမိတို့ သံခမောက် ဟက်တက်ကွဲကာ ထက်ခြမ်းဖြစ်သွားသည်ကို တွေ့လိုက်ရသဖြင့်

အထူးပင် တုန်လှုပ်ခြောက်ခြား၍ သွားလေတော့၏။ သူတို့နှင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

တကယ်တော့လည်း...

မိမိတို့ သံခမောက်ဆောင်း သိုင်းငါးဖော်မှာ အမိကဂုဏ်ဆောင် အစွမ်းသတ္တိပြရာဆို၍ ဤသံခမောက်လက်နက်သုံး သိုင်းကွက်များပင် မဟုတ်လား။

သည်သံခမောက်လက်နက်သုံး သိုင်းကွက်များကို အညွန့်ချိုးပြလိုက်သောအခါ မိမိတို့မှာ မည်သို့ခရီးဆက်ရပါမည်နည်း။

သို့သော်...

ကျန် ညီလေးဖော်က ဆက်ချမည့်သဘော မေးထိုးပြလိုက်သည်။

"ယား..."

သံခမောက်စောင်း သိုင်းငါးဖော်တို့သည် လေးဘက်လေးတန်မှ ချမ်းလီနှင့် ကွာဖုန်းယုတို့ နှစ်ယောက်အား ဝင်ရောက်တိုက်ခိုက်ပါလေတော့၏။

အားလုံး ဓားလက်နက်ကိုမသုံး လက်နက်မဲ့ချည်း တိုက်ခိုက်၏။

"ဝုစ်...ဝုစ်...ဝုစ်"

"ဟူး...အိ...အု"

"ဖြောင်း"

တိုက်ပွဲစစ်စစ်က ယခုမှ စတင်ပြီဟု ဆိုရမည်။ တစ်ဘက်က ငါးဖော် ကျန်တစ်ဘက်မှာကား နှစ်ဖော်။ သံခမောက်စောင်း သိုင်းသမားငါးဖော်မှာ သံခမောက်တိုက်ကွက်များဖြင့် နာမည်ကြီး



နေသူများဖြစ်လေရကား။

ထိုတိုက်ကွက်ကို အသုံးမချရသောအခါ ယောင်တိယောင်ဝါးဖြစ်သွားသည်။ ထို့ကြောင့်...

ပဒေသာ သိုင်းကွက်တွေကိုပဲ အသုံးပြုတိုက်ခိုက်နေရသည်။ ချမ်းလီက အဘဆရာရသေ့ကြီး ပိုင်ဟွေ့ချမ်း သင်ပေးထားသော "နေမီးလျှံ" သိုင်းကွက်ကို အသုံးပြု၍ တိုက်ခိုက်၏။

"ဝုစ်...ဝုစ်...ဝုစ်"

"ဗိုး"

"ဖြောက်...ဖြောင်း"

ချမ်းလီး၏ တိုက်ကွက်များက အနုတ်အသိမ်း၊ အသွင်းအထုတ်၊ အခံအအုပ် အလွန်လှ၏။ ပယ်ပယ်နှယ်နှယ်ရှိ၏။

အတွင်းအားမှာ ရန်သူ၏ ထိမိသမျှသော လက်ခြေ အပိုင်းမှန်သမျှကို ထုံကျင်စေ၏။

ကွာဖုန်းယုသည်ပင် မိမိ၏ ဂိုဏ်းတူညီအစ်ကို ချမ်းလီအပေါ် အထင်မကြီးပဲ မနေနိုင်ဖြစ်ရ၏။

ကွာဖုန်းယုကား နေမီးလျှံသိုင်းကွက်ကို အခြေခံမျှသာ တတ်မြောက်သည်ဖြစ်၍ ချမ်းလီကို အကွက်ဆင်ပေးရုံ တိုက်ခိုက်ပေးနေသည်။

ဤသည်ကား လက်ဝါး။ ဤသည်ကား လက်စောင်း။

ခြေ၊ ခြေဖနှောင့်...

သိုင်းသမားတို့ကား ပူးတုံခွာတုံ

## နှံ့ကြတဲ့ စိမ်းဝေါ်ပွဲ တသဲသဲ

မှောင်ရိပ်၌ ခိုဝင်နားနေသော သူကား တိုက်ပွဲ၏ အခြေအနေကို စောင့်ကြည့်နေသည်။

သူက. . .

ပွဲဦးထွက် သံခမောက်လက်နက်သုံး သိုင်းကွက်ကိုသာ ဖျက်ထုတ်ပေးလိုက်သည်။

နောက်ပိုင်း. . .

သူသည် ဘာမျှဝင်မရှုတ် ချမ်းလီ၏ သိုင်းစွမ်းရည်ကို ကောင်းကောင်းသိနေရသဖြင့် ငြိမ်နေသည်။

ထိုစဉ်. . . လူသုံးယောက်ရောက်ရှိလာသည်ကို သူတွေ့လိုက်သည်။ သူတို့ကား အခြားသူမဟုတ်။ ချမ်းလီတို့၏ အပေါင်းအသင်းများဖြစ်ကြသော ကျောက်ချင်းတန် ယုံတိုးနှင့် လျှောက်ကွေ့တို့တည်း။

သူတို့အားလုံး သိုင်းသမားမဟုတ် အရက်သမားများသာ



ဖြစ်သည်။ ထို့ကြောင့် ကျောက်ချင်းတန်က ယုံထိုးအား ဂျိုင်းက ဆွဲမြှောက်ထားရသည်။

လျှောက်ကွေ့မှာကား ယိုင်တိုင်တိုင်. . .

"ငြိမ်ငြိမ်နေ ဟိုမှာ တိုက်ပွဲ"

"အေးပါ"

သုံးယောက်သား ဝပ်ချလိုက်၏။ ထိုစဉ်. . .

"ဖြောင်း" ဟူသော အသံနှင့်အတူ သံခမောက် အစ်ကိုကြီး နောက်ဘက်သို့ သွားပြီး သစ်ပင်နှစ်ပင်ကြား ခေါင်းစိုက်သွား၏။ ညီသုံးက အလျားခုန် ခုန်အုပ်ပြီး ချမ်းလီ၏ မေးဆစ်ကို ဖြုတ်သည်။

"ဖြောက်"

သို့သော်. . . ချမ်းလီက ညီသုံးကို အနားရောက်လာသည်အထိ ရပ်စောင့်ပြီးမှ နောက်သို့ ခြေတစ်လှမ်းဆုတ်ကာ ရန်သူ၏ ခေါင်းကို ကန်ထုတ်လိုက်ခြင်းပင်။

"အွန့်"

သွားပြန့်ပြီတစ်ယောက် ရေရှည်မှာ ခံနိုင်ရည်မရှိမှန်း သိသာသည်။ အခုသိုင်းကွက် အကွက်သုံးဆယ်ပဲ ရောက်သေးသည်။ ညီသုံး ဝုန်းခနဲ လဲကျချေပြီတကား။

ကောင်းလိုက်သည် တိုက်ကွက်. . .

ချမ်းလီသည် ညီသုံးကို ကန်ထုတ်လိုက်၍ ပြီးလျှင်ပြီးချင်း လေမှေ့ဖျွမ်းပစ်၍ ညီနှစ်ကို ဆက်လက်တိုက်ခိုက်သည်။

"မင်းက သိုင်းပညာစွမ်းရည် ရှိသားပဲ မင်းဆရာဘယ်သူလဲ"

ညီနှစ်က အနားယူလိုဟန်တူသည်။ စကားမရှိ စကားရှာ၏
"မင်းတို့လို ဒုစရိုက်သိုင်းသမားတွေ ငါ့ဆရာနာမည်သိစရာ မလိုဘူး"

ချမ်းလီက အတွင်းအားသွင်းထားသော လက်တံများကို ဖြန့်ထုတ်လိုက်ပြန်သည်။

"ဝှစ်"

"ဝိုး. . . ဟူး. . . . ဖြောင်း"

"ယီစ်"

ထိုစဉ်. . . ညီလေးက ကွာဖုန်းယုအား ခြေခတ်သိုင်းကွက် တစ်ကွက်ကို အသုံးပြု၍ ကွာဖုန်းယု၏ နံရိုးများကို ကန်ချိုး၏။

ကွာဖုန်းယုမှာ အဆင့်မြင့်သိုင်းသမား မဟုတ်ခြင်းကြောင့် အဆင့်မြင့်သိုင်းသမား ညီလေး၏ သေကွင်းသေကွက်ထဲ ကျရောက်သွား၏။

ဒါကို ချမ်းလီတွေသည်။ သို့သော် သွားရောက်မကူနိုင်။ မိမိရှေ့တွင် ညီနှစ်က ဖွဲကောင်းနေသည်။ တော်သေး၏။

"အား. . ."

ညီလေးသည် ခြေခတ်သိုင်းကွက်ကို တစ်ဝက်မျှသာ အစဖော်နိုင်သည်။

မားပျံတစ်လက် ပေါင်ကို လာစိုက်သဖြင့် အားခနဲ အော်ဟစ်ကာ နောက်ဘက်သို့ ဒယိမ်းဒယိုင် ဆုတ်သွားရလေသည်။

ကွာဖုန်းယုသည်ပင် အလွန်အံ့ဩ၍ သွား၏။ သံခမောက် တစ်လုံးဟက်တက်ကွဲသွားစဉ်က တစ်ကြိမ်. . . ယခု. . .

မိမိ၏ သေကွင်းသေကွက်တွင် မားပျံတစ်လက်ပြေးဝင်





လာပြီး ညီလေး၏ ပေါင်တွင်စူးစိုက်သွားစဉ် တစ်ကြိမ်. . .

ဤ နှစ်ကြိမ်နှစ်ခါကတော့ဖြင့် အံ့ဩစရာကောင်းနေသည်။ ကွာဖုန်းယုက အမှောင်ရိပ်ရှိ တစ်စုံတစ်ယောက်၏ ကူညီ ဘိုက်ခိုက်ပေးသည်ဟုမထင် ချမ်းလီ တိုက်ခိုက်နေရာမှ ပစ်လွှတ် လိုက်သော မားပျံတစ်လက်ဟု ထင်သည်။

ချမ်းလီမှာလည်း မားပျံတစ်လက် ဆောင်ထားသည်ပဲ။

ညီလေးကတော့ ကွာဖုန်းယု၏ အကွက်မြင်သည့် ခုခံတိုက် ခိုက်ခြင်းပေပဲဟု အတွေးရောက်သွားဟန်တူသည်။

မည်သို့ဆိုစေ. . .

ချမ်းလီဆိုသော သိုင်းသမားပေါက်စကို လွယ်လွယ်နှင့် ဘိုက်ခိုက်၍ မရမှန်း သိလာပြီ။

သည်တော့လည်း. . .

သိုင်းပြိုင်ပွဲ သိုင်းသမား အကျော်အမော် သိုင်းထိပ်သီး သိုင်းပဂေးကြီးများရှေ့မှောက်တွင် တိုက်ခိုက်နေရသည်မဟုတ် သော်လည်း . . . သံခမောက်ဆောင်း သိုင်းငါးဖော်မှ အရှက်ရနေပြီ။

လက်ရှိ အခြေအနေမှာ မိမိတို့ ငါးဖော်စလုံး နာနေပြီး သိုင်းကွက်တွေမှာလည်း ကုန်သလောက်ရှိနေပြီ။

တိုက်ခိုက်သည့် တိုက်ကွက်တိုင်း ပဒေသာသိုင်းကွက်တွေ ချည်းဖြစ်နေသည်ကိုက မိမိတို့၏ အရှက်ရဖွယ်ပင်။

သံခမောက်ဆောင်းငါးဖော် အစ်ကိုကြီးသည် သံခမောက် ကို ချွတ်လိုက်ပြန်သည်။ ဤသို့ ပြုမူသည်မှာ ပထမအကြိမ် ညီတစ် သံခမောက်လက်နက်သုံး သိုင်းကွက်သုံးခဲ့စဉ်က. . . မတော်တဆ တိုက်ဆိုင်မှုတစ်ခုကြောင့် ဤသို့ ဤပုံ ဖြစ် ပျက်ခဲ့ရခြင်းလေလား

အတွေးရောက်လိုက်သောကြောင့် ဖြစ်သည်။

ချမ်းလီ၏ သိုင်းပညာစွမ်းရည်ကို အသိအမှတ်မပြုလို သောကြောင့် ဖြစ်သည်။ အမှန်တော့လည်း. . .

သိုင်းလောကတွင် သံခမောက်စောင်းသိုင်းငါးဖော်သည် နေရာတစ်နေရာ ရထားသူတွေ ဖြစ်သည်။

သူတို့ငါးဖော်သည် ဘယ်တုန်းကမှ မခွဲအမြဲတွဲနေသည်။ သည်လိုတွဲနေခြင်းကပင်လျှင်. . .

သူတို့၏ သိုင်းစွမ်းရည်တစ်ခုဖြစ်နေသည်။ သံခမောက် သိုင်းကွက်ဖြင့် နာမည်ကြီးလှပါသည် ဆိုသော သိုင်း အကျော်အမော် အမြောက်အမြားကို မဟာပထဝီ မြေကြီးပေါ်ကို ခေါင်းမပါပဲ လှဲသိပ် ခဲ့ပေါင်းများခဲ့ပြီ။

"ဟေ့. . . ချမ်းလီ အကောင်စုတ် မင်းကို ငါသီးမခံနိုင် တော့ဘူး။ အခုငါကိုယ်တိုင် မင်းရဲ့ ခေါင်းမပါတဲ့ ခန္ဓာကိုယ်ကို မဟာပထဝီ မြေပြင်ပေါ်လှဲသိပ်ရတော့မယ်ကွ"

ဤသို့ သံခမောက်သိုင်းငါးဖော်အစ်ကိုကြီး ကြိမ်းဝါးလိုက် သည်မှာ သူအဖို့ မဟာအမှား ဖြစ်သွား၏။

အကြောင်းမှုကား. . .

အမှောင်ရိပ်၌ တိတ်တဆိတ်ခိုကပ်သူအား ကြိုတင် သတိ ပေးလိုက်သကဲ့သို့ ဖြစ်သွားသောကြောင့်ပါပေ။

ကွာဖုန်းယုကတော့ ချမ်းလီအတွက် စိတ်မကောင်း ဖြစ်နေသည်။

"မတော်တဆ တိုက်ဆိုင်မှု ဆိုတာ အမြဲတမ်းတော့ တိုက် ဆိုင်နေမှာမဟုတ်ဘူး" ဟု တွေးလိုက်မိပြီး. . .



ချမ်းလီဘက်လှည့်ကာ. . .

"ချမ်းလီ ညီလေးသတိထား"

ဟု လှမ်းအော်လိုက်သည်။ သည်လို အော်လိုက်ကာမှ ဖုန်းယုအနီးတွင် ရှိနေသော ညီလေးက နောက်ကြော၌ လွယ် းထားသော ဓားကို လျှပ်တပြက်ထုတ်လိုက်ပြီး ကွာဖုန်းယု ဗိုက် သို့တည့် ထိုးသွင်းလိုက်သည်။

"အင့်"

ဓားက ကွာဖုန်းယုဗိုက်ကို စိုက်ဝင်သွား၏။ ကွာဖုန်းယု သွတ်၍ ခွေခေါက်လဲအကျ. . . ချမ်းလီက. . .

"ကွာဖုန်းယု အစ်ကို" ဟု ငယ်သံပါအောင် အော်လိုက် သည်။

ထိုအချိန်. . . သံခမောက်စောင်းသိုင်းငါးဖော် အစ်ကိုကြီး သူ၏ လက်ထဲက သံခမောက်ကို ချမ်းလီ၏ ခေါင်းနှင့် ခန္ဓာကိုယ် ကြား လည်တိုင်တည့်တည့်သို့ ပစ်သွင်းလိုက်ပြန်ပါ၏။

"ဝှီး"

"ဝှီး. . . . ဝှီး. . . . ဝှီး. . . . ဝှီး"

"ဝှစ်"

ပစ်လွှတ်စဉ်က အတွင်းအားဖြင့် သံခမောက်သည် ဓား ြာတစ်ခုပမာ မွှတ်နေအောင်လည်ပတ်ခြင်းဖြင့် သူ၏ လမ်း ာင်းအတိုင်း တသွေမတိမ်း ပြေးဝင်လာ၏။

"အား. . ."

ဤသို့ပင်. . . ချမ်းလီက အမှတ်မထင် အော်လိုက်မိ၏။ ျက်စိများအတွင်းသို့ ပြေးဝင်လာသည်ကို ဘွားခနဲတွေ့လိုက်

ရပြီပဲ။

သို့သော်. . .

သို့သော်. . .

"ချွမ်း. . . ထန်း"

"ခလွမ်. . . ဝွမ်"

သံခမောက်သည် သည်တစ်ကြိမ် ချမ်းလီ၏ လည်ပင်း[illegible]
တစ်တောင်ခန့် အကွာသို့ အရောက်၌ ပထမ အကြိမ်က အတိုင်း
ဟက်တက်ပင် ကွဲ၍ ထက်ခြမ်းကြီးခြမ်းသွားပါတော့၏။

"ဟာ. . ."

"ဟင်. . ."

"ဟယ်"

သည်လိုဒုတိယအကြိမ် စမ်းသပ်တိုက်ခိုက်၍ မအောင်[illegible]
သောအခါ သံခမောက်စောင်း သိုင်းငါးဖော်မှာ ချမ်းလီအား ယုံ[illegible]
မယုံ၌ဝံ့တော့ လန့်၍ပင် သွားချေပြီ။

သို့နှင့်. . .

"ညီတစ်၊ ညီနှစ်၊ ညီသုံးနဲ့ ညီလေး အားလုံးဆုတ်ကြ[illegible]
ဟု ပြောလိုက်သည်။

"ဝုစ်. . . ဝုစ်. . . ဝုစ်"

"ဟူး"

"ရှပ်. . . ရှပ်. . . ရှပ်. . . ရှပ်"

သံခမောက်စောင်း သိုင်းငါးဖော်သည် ချက်ချင်းပင် တို[illegible]
ကွင်းအတွင်းမှ ရုတ်ချည်းပျောက်ကွယ် သွားပါလေတော့၏။

ကျောက်ချင်းတန်တို့ လူစုကား မရှိတော့. . . တိုက်ပွဲကြ[illegible]



[illegible]သည်နှင့် ထွက်ပြေးသွားကြချေပြီ။

ချမ်းလီသည် ကွာဖုန်းယုထံသို့ လွှားခနဲ ပျံလာကာ ကွာဖုန်း
[illegible]အား ပွေ့ထူလိုက်သည်။

"သူငယ်ချင်း ကွာဖုန်းယု"

"ရပါတယ်၊ ဘေးကို ရှပ်ထိသွားတာပါ၊ သွေးတိတ်ဆေး
[illegible]လုံးသာ ငါ့ကိုပေး"

"ဟာ. . . သွေးတိတ်ဆေးလုံးလဲ ပါမလာဘူး ဒုက္ခပဲ"

တိုစဉ်. . .

သွေးတိတ်ဆေးလုံး တစ်လုံးပါရှိသော လက်ဖဝါးတစ်ခု
[illegible]းလီတို့၏ ရှေ့မှောက်သို့ ရောက်ရှိလာပါလေတော့၏။

❋ ◉ ❋ ◉ ❋

## ပြန်လည်ရောက်ရှိလာသော ပုဂ္ဂိုလ်

ဆေးလုံးပေးလာသော လက်ပိုင်ရှင်ကိုကား ချမ်းလီတို့
[illegible]ကြည့်ပဲ မနေနိုင် မော့၍ ကြည့်လိုက်သည်။

"ဟင်. . ."

မှန်သည်။ ချမ်းလီရော ကွာဖုန်းယုပါ အလွန်အံ့ဩစရာ
[illegible]ကောင်းလောက်သော ပုဂ္ဂိုလ်ကြီး တစ်ဦးပါပေ။

"အဘဆရာရသေ့ကြီး ပိုင်ပေဟွ့ချမ်း"

မမျှော်လင့်သော နေရာ မမျှော်လင့်သော အချိန်၌ ဆရာရသေ့ကြီး ပိုင်ဖော့ချမ်းကို တွေ့လိုက်ရသောကြောင့် တို့မှာ အလွန်အမင်း ဝမ်းနည်းဝမ်းသာ ဖြစ်သွားလေသည်။

အဘဆရာရသေ့ကြီး ပိုင်ဖော့ချမ်းက ကွာဖုန်းယု သွေးတိတ်ဆေးတစ်လုံးကို တိုက်ကျွေးပြီး ဒဏ်ရာကို စမ်းသပ် ၏။

"ဟုတ်တယ်၊ ဟုတ်တယ် တော်ပါသေးရဲ့ ဗိုက်ကို တည့်တည့် မထိပဲ ဘေးက ရှပ်ထိသွားလို့ ကဲ အိမ်ကို အရင်သွား စို့"

ထို့နောက်. . .

ချမ်းလီက ဓားသုံးလက် စားသောက်ဆိုင် ပိုင်ရှင်ထံ သွားသည်။ ဆိုင်ရှင်နှင့် အလုပ်သမားများမှာ ဆိုင်သိမ်းပြီး အလုပ်ရှုပ်နေသည်။

သို့သော်. . .

ချမ်းလီက အကျိုးအကြောင်းပြောပြသောအခါ မြင်းလှည်း တစ်စီးထုတ်ပေးသည်။ ကွာဖုန်းယုကို သမားတော်ဝမ်းကုရယ်ထံ ချက်ချင်းပို့ပေးသည်။

သမားတော်ကြီး ဝမ်ကုရယ်က ကွာဖုန်းယု၏ ဗိုက်က ဒဏ်ရာကို အသေအချာစမ်းသပ်ပြီး အဘဆရာရသေ့ကြီး ပိုင် ချမ်းအား. . .

"ပေါ်ပေါ်ယေးတာပေါ့. . . အူနဲ့ လွတ်သွားလို့ အူမလွတ် သေတော့ မသေပါဘူး ဒါပေမယ့် ကုသရတာ အလုပ်ပိုတာ လူနာလဲ မူလပုံမှန်အတိုင်း ပြန်ဖြစ်ဖို့ မလွယ်ဘူး" ဟု ပြော



ချမ်းလီက. . .

"အခုရော ဆရာကြီးဝမ်" ဟု စိုးရိမ်တကြီး မေး၏။

"စိတ်ချပါ အခုအခြေအနေမှာ ဘာမှမဖြစ်ဘူး၊ အနာ ကျက်တာနဲ့ မူလအခြေအနေအတိုင်း ပြန်ဖြစ်စေရမယ် ဆရာကြီး တာဝန်ယူပါတယ်ကွယ်"

ထိုအခါ. . .

ကွာဖုန်းယု၏ ညှိုးငယ်နေသော မျက်နှာမှာ ပြန်လည်လန်း ဆန်း၍လာ၏။

အဘဆရာရသေ့ကြီးပိုင်ဖော့ချမ်းက သူ၏ ကျိုင်ကြားမှ လျှို့ဝှက်လွတ်အိတ်ကလေးကို ဆွဲထုတ်လိုက်သည်။

ထို့နောက်. . .

ငွေစအချို့ကို နှိုက်၍ သမားတော်ကြီး ဝမ်ကုရယ်အား ဘဏ်ပူဇော်ခ အဖြစ် ပေးကာ. . .

"သမားတော်ကြီးဝမ်ရဲ့ ဆေးပညာကို ဂုဏ်ပြုပါရစေ"

ဟု ပြောလိုက်လေသည်။

သမားတော်ကြီး ဝမ်ကုရယ်က အဘဆရာကြီးရသေ့ ပိုင် ဖော့ချမ်းထံမှ ငွေစကို ရယူရန် အားနာနေသော်လည်း အဘဆရာ ရသေ့ကြီး ပိုင်ဖော့ချမ်း၏ အပြောကောင်းသဖြင့် ခေါင်း တညိတ် ညိတ်လုပ်ကာ ငွေစကို လက်ခံလိုက်၏။

ချမ်းလီသည် ချက်ချင်းပင် ကွာဖုန်းယု၏ အဘိုးထံသွား ကာ အကြောင်းကြားပေးလိုက်သည်။

ကွာဖုန်းယု အဘိုးအား အလိမ္မာဆုံး ပြောခဲ့သော်လည်း သူ့အဘိုးကမူ မြေးအတွက် အလွန်စိတ်ပူကာ သမားတော်ကြီး ဝမ်ကု

ရယ်ထံသို့ လိုက်ပို့နိုင်းလေသည်။

ချမ်းလီမှာ မိုးစင်စင်လင်းသည်အထိ တစ်ရေးမှ မအိပ်ရသေးပေ။ အခုလည်း. . .

အဘဆရာရသေ့ကြီး ပိုင်ဖေ့ချမ်းနှင့် စကား မပြောမဖြစ် ပြောရပြန်ပါ၏။

"ကျွန်တော်က အဘဆရာရသေ့ကြီး ပိုင်ကို မျှော်နေတာ"

ဟုပြောလိုက်သည်။

ထို့နောက်. . .

"သံခမောက်သိုင်းငါးဖော်ရဲ့ သံခမောက်တစ်လုံးကွဲသွားတုန်းကတော့ ကျွန်တော်က ကျွန်တော်ကံဟာ သေကံမရောက်သေးပါလား၊ နတ်ကောင်းနတ်မြတ်က ကျွန်တော့်ကို ကယ်တင်လိုက်တာပဲလို့ ကျွန်တော်ထင်နေမိတာ"

"အေးလေ ဒီလိုပဲ တွေးမိတာပေါ့"

"နောက် သံခမောက်တစ်လုံး ထပ်ကွဲသွားတော့မှ အဘဆရာ ရသေ့ကြီးပိုင် တိုက်ကွင်းအနီးရောက်နေတာ ဒါလဲ သံသယဖြစ်ရှိသေးတယ်၊ အဘဆရာရသေ့ကြီးပိုင် သွေးတိတ်ဆေးလုံး ပေးလာတော့မှ အဘဆရာရသေ့ကြီး ပိုင်မှန်း သိရတော့တာပါပဲ ခင်ဗျာ"

"အမှန်တော့. . . ငါ့ ဂန္ဓာရီ ခရီးဟာဆုံးခမ်း တိုင်သေးတာမဟုတ်ဘူး ငါ့စိတ်အာရုံထဲမှာ မင်းဆီကို မပြန်မဖြစ် ပြန်ရမယ့်ပုံရိပ်တွေ မြင်နေမိတယ်၊ သင်္ကေတပုံရိပ်တွေပဲပေါ့ကွယ် အဲဒါကြောင့် အချိန်မှီ ဒီကို ပြန်လာတာ"

"ကျွန်တော်တို့ သံခမောက်သိုင်းငါးဖော်နဲ့ တိုက်ပွဲဆင်နွှဲနေတဲ့ နေရာကို ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ အဘဆရာ





ရသေ့ကြီး ပိုင်"

"ဒီလိုပဲပေါ့ တပည့်ရယ်၊ အကြောင်းအကျိုး တိုက်ဆိုင်မှုတွေဟာ လူသာမန်တွေရဲ့ အသိစိတ်နဲ့ မြင်တွေ့နိုင်တာမဟုတ်ဘူး ။ မင်းငါ့ကို တွေ့ချင်နေတယ်ဆိုတဲ့ စကားရဲ့ နောက်မှာ အနက်အဓိပ္ပါယ် တစ်ခုရှိနေတယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ အဘဆရာရသေ့ကြီး ပိုင် အဲ့ဒီကိစ္စကတော့ သံသေဓား အခိုးခံရပြီးတဲ့နောက် ကျွန်တော့်ဆီမှာ ကျန်နေခဲ့တဲ့ ဓားအိမ်က လျှို့ဝှက်ချက်စာကို ကျွန်တော်တွေ့လာရတဲ့ ကိစ္စပါ"

"အဲဒီဓားအိမ် အခုဘယ်မှာလဲ"

"ရှိပါတယ် ခင်ဗျာ ဒီဓားအိမ်ရဖို့ အဆိပ်ပန်း ကြောင်နက်မက သံခမောက်သိုင်းငါးဖော်ကို ငွေစပေးခိုင်းလိုက်တာလို့ ပြောပါတယ်။ ကျွန်တော်က အကွက်ကို ကြိုမြင်တာတော့ မဟုတ်ပါဘူး သို့လိုမယ်မယ် ဆိုပြီး နောက်ဖေးထင်းတဲအောက်မှာ ကျင်းတူးမြှုပ်ထားခဲ့ပါတယ်"

"ကဲ. . . ထင်းတဲကို သွားကြည့်ရအောင်"

ထို့နောက်. . .

အဘဆရာရသေ့ကြီး ပိုင်ဖေ့ချမ်းနှင့် ချမ်းလီတို့သည် နောက်ဖေးထင်းတဲသို့ သွားကြသည်။

ထင်းတဲမှာ အတန်ငယ်ကြီးသော ထင်းတဲဖြစ်သည်။ အမှန်တော့ ယခင်က ထင်းတဲမဟုတ်။ မြင်းတင်းကုတ်ဖြစ်သည်။

မြင်းတင်းကုတ်ကို အဆင့်ပြုလုပ်ကာ ထင်းတဲအဖြစ် ဖန်တီး ထားခြင်းဖြစ်သည်။

ချမ်းလီသည် ထင်းတဲအောက်သို့ ထိုင်လျက်သားခေါင်းငုံ့

၍ ဝင်ပြီး မိမိကျင်းတူးမြှုပ်ခဲ့သော နေရာကို ကြည့်လိုက်သည်။

အခြေအနေလုံးဝ မပျက်။

"တော်ပါသေးရဲ့. . ."

ဓားမြှောင်ကို ဆွဲထုတ်လိုက်ပြီး ဖို့မြေများကို စိုက်ထား စိုက်ကာတူးဆွလိုက်သည်။

"ဒုတ်"

"ဒုတ်. . . ဒုတ်"

မြေစာများကို လက်နှစ်ဘက်ဖြင့် အမြန်ဆုံး ယက်ထုတ်လိုက်သည်။ အဝတ်စတစ်စပေါ်လာ၏။

"ဟုတ်ပြီ"

ဓားအိမ်ကို အဝတ်နှင့် ရစ်ပတ်ထားခဲ့သည် မဟုတ်လား။

အဝတ်နှင့် ရစ်ပတ်ထားသော ဓားအိမ်ကို ဆွဲထုတ်လိုက်သည်။ ပေကပ်ငြိတွယ်နေသော မြေစာများကိုပင် ခါမချနိုင်အား. .

ချမ်းလီသည် ဓားအိမ်ကို ပိုက်ကာ ထင်းတဲဆင့်အောက်မှ ကုန်းကုန်းကွကွနှင့် ပြန်ထွက်လာ၏။

အဘဆရာရသေ့ကြီး ပိုင်ဖွေ့ချမ်းမှာ အနီးတွင်မရှိ ခပ်လှမ်းလှမ်းမှ ထင်းရှူးပင်ကြီးအောက်တွင် တင်ပြင်ခွေထိုင်လျက် ရှိနေသည်။

သူသည် အချိန်ရလျှင် ရသည့်အချိန်ကို အသုံးပြုသည့် အနေဖြင့် သမာဓိနည်းဖြင့် အတွင်းအားလေ့ကျင့်မှုကို ရယူနေခြင်း ဖြစ်သည်။

ဤကဲ့သို့သော အတွင်းအားကျင့်ခန်းကြောင့် အဘဆရာရသေ့ကြီး ပိုင်ဖွေ့ချမ်းသည် သိုင်းလောက၏ အကျော်အမော်





သံခမောက်စောင်း သိုင်းဝါးဖော်၏ သံခမောက်များကို ထက်ခြမ်း ခွဲနိုင်ခဲ့ခြင်းပင်။

ဤသို့သော အစွမ်းကို သံခမောက်စောင်း သိုင်းဝါးဖော် ထဘ္ဘ္ဘ္ဘ္ဂ ခံစားလိုက်ရခြင်းမှာ သူတို့အဖို့ သိုင်းလောကမှ အနည်းဆုံး ငါးနှစ်ဆယ်နှစ် တိမ်မြှုပ်ပျောက်ကွယ်သွားနိုင်သော အခြေအနေ မျိုးဖြစ်သည်။

အကြောင်းမှုကား. . .

သိုင်းလောကသားများသည် တစ်ကျောင်း တစ်ဂါထာ တစ်ရွာလျှင် တစ်ပုဒ်ဆန်း မိမိတို့ ကိုယ်ပိုင်သိုင်းကွက်များဖြင့် သိုင်း လောကတွင် နာမည်တစ်လုံးကို ခံကာ သိုင်းလောကသားတွေကို ယှဉ်ပြိုင်၍ ကျင်လည် လှုပ်ရှားနေကြသူချည်းပင် မဟုတ်ပါလား။

သူတို့၏ ကိုးကွယ်ရာ သူတို့၏ နာမည်ကို ဆောင်သော ဤသံခမောက်သိုင်းကွက်ကို အသုံးပြု မရတော့သောအခါ သိုင်း လောကမှ အပြီးအပိုင် နှုတ်ထွက်သွားမလား သို့မဟုတ် အခြားသော ပိုမိုစွမ်း ရည်ထက်မြက်သည့် သိုင်းကွက်တစ်မျိုး သို့တည်းမဟုတ် လျှို့ဝှက်သိုင်းကျမ်းတစ်ကျမ်းကို ပြန်လည်ရှာဖွေမလား. . .

လုပ်ရတော့မည်သာ ဖြစ်သည်။

မည်သို့ဆိုစေ. . .

သံခမောက်သိုင်းဝါးဖော်ကတော့ သိုင်းလောကမှ တိမ်မြှုပ် ပျောက်ကွယ်သွားဦးမည်မှာ အမှန်. . .

ချမ်းလီသည် အဘဆရာရသေ့ကြီး ပိုင်ဖွေ့ချမ်းရှေ့သို့ ရောက်သော်လည်း အဘဆရာရသေ့ကြီး ပိုင်ဖွေ့ချမ်း၏ မျက်လုံး အစုံမှာ ပိတ်ထားဆဲမို့ ဘာမျှမပြော ဓားအိမ်ကို အဝတ်များပင်

မခွာသေးပဲ ငြိမ်သက်စွာကိုင်နေလိုက်သည်။

အတန်ကြာတော့မှ. . .

အဘဆရာရသေ့ကြီး ပိုင်ဖွေ့ချမ်းက မျက်လုံးအစုံကို ဖွင့်ကာ . . .

"မှန်း. . . ပြစမ်း. . . မင်းဓားအိမ်" ဟု ပြောလိုက်သည်။

"ဟုတ်ကဲ့"

သည်တော့မှ. . . ချမ်းလီသည် အဝတ်များရစ်ပတ်ထားသည်ကို ခွာလိုက်သည်။ သံသေဓား၏ ဓားအိမ်သည် ပေါ်ထွက်၍ လာပါလေတော့၏။

ထိုဓားအိမ်ကို ချမ်းလီက အဘဆရာရသေ့ကြီး ပိုင်ဖွေ့ချမ်းလက်ဝါးပေါ်သို့ တရိုတသေ ပေးဆက်လိုက်သည်။

ဓားအိမ်ကို အဘဆရာရသေ့ကြီး ပိုင်ဖွေ့ချမ်းက လက်နှစ်ဘက်ဖြင့် အသေအချာ တရိုတသေကိုင်၍ စစ်ဆေး၏။

"ဟုတ်တယ်၊ ဒါ လျှို့ဝှက်စာတစ်ပိုဒ်ပဲ ကျောက်စာလဲ မဟုတ်ဘူး။ မန်ချူးစာ၊ မွန်ဂိုစာလဲ မဟုတ်ဘူး။ သိုင်းစာ သိုင်းသင်္ကေတတွေ ငါဖော်ထုတ်လို့ရတယ်။ မင်းအတွက် အကျိုးရှိ စရာပဲကွဲ့" ဟု ပြောလိုက်လေရာ ချမ်းလီ၏ မျက်လုံးများမှာ ဝင်းလဲ့၍ သွားပါလေတော့၏။

❋ ◉ ❋ ◉ ❋



## စမ်းဖဲ့သိုင်းပြိုင်ပွဲကြီးအတွက် ကြိုတင်မှုများ

မြို့၏ အနောက်ဘက် ဆင်ပုန်းတောင်ခြေ၏ အနီး ဝါးတောကြီးတစ်တော၏ အတွင်းပိုင်းတစ်နေရာဖြစ်သည်။

ထိုနေရာသည် လူသူအရောက်အပေါက်နည်းသော နေရာတစ်နေရာဖြစ်သည်။

အခုတော့. . .

လူသားသုံးဦး ထိုနေရာသို့ ရောက်ရှိနေပါ၏။

ထိုလူသား သုံးဦးတို့ကား အခြားသူများမဟုတ်။

အဘဆရာရသေ့ကြီး ပိုင်ကွေ့ချမ်း

ချမ်းလီ. . . ပြီးတော့. . . ကွာဖုန်းယုတို့ပင် ဖြစ်ပါ၏။

လောလောဆယ် စတည်းချ နားနေနိုင်ရန်အတွက် ဝါးဖြင့်ပြီးသော ဝါးအိမ်ကလေးတစ်အိမ်ကို ဆောက်လုပ်ရန် ထားလေသည်။

ထိုဝါးအိမ်ကလေးကို ဆောက်လုပ်သူကား ကွာဖုန်းယုပင်တည်း။

ကွာဖုန်းယုသည် ဖခင်လက်သမား အဘိုးလက်သမားတို့မှ ဆင်းသက်လာသူဖြစ်၍ သစ်သားတဲအိမ်ကိုပဲ ဆောက်ရဆောက်ရ ဝါးတဲကိုပဲ ထိုးရထိုးရ အလွန်လက်ရာမြောက်သူ ဖြစ်သည်။

အခု သူဆောက်ပေးသော ဝါးအိမ်မှာ သစ်သားဖြင့် တည်ဆောက်ဘိသကဲ့သို့သော ဝါးအိမ်တစ်အိမ် ဖြစ်သည်။

ဝါးတဲကား မဟုတ်ပေ။ သို့သော်...

သူက စတင်တည်ဆောက်ကတည်းက ...

"ချမ်းလီ ညီလေး မင်းကငါ့ကို အများဆုံး ကူညီနော် ငါ့မှာ ဗိုက်ကဒဏ်ရာက သိပ်ကျက်သေးတာမဟုတ်ဘူး"

ဟု ပြောခဲ့သည်။

သည်တော့ ချမ်းလီက...

"ကွာဖုန်းယု မင်းဘာမှမလုပ်နဲ့ ဝါးဆစ်ဝါးမြစ်ကြီးတွေပေါ် ထိုင်ပြီး ငါ့ကို ခိုင်းပေတော့ ငါမင်းပြောသလိုဘဲ အကုန်လုပ်ပေးမယ်"

ဟု ပြော၏။

သည်တော့ အဘဆရာရသေ့ကြီးပိုင်ဟွေ့ချမ်း က...

"အေးဒါလဲ သိုင်းပညာလေ့ကျင့်မှု တစ်ခုလို့ မှတ်ပြီး လုပ်စမ်း လေ့ကျင့်မှုဖြစ်အောင် သတ်မှတ်ချက်တစ်ခု သတ်မှတ်ဖို့တော့ လိုတယ်" ဟု ပြော၏။

ချမ်းလီက...

"အဘဆရာကြီးပိုင်... ဘယ်လိုသတ်မှတ်ချက်မျိုးပါလဲ ခင်ဗျာ" ဟု မေးလေရာ အဘဆရာရသေ့ကြီး ပိုင်ဟွေ့ချမ်း က...

"သတ်မှတ်ချက်တစ်ခုထားဖို့ပါ။ အခုဒီဝါးအိမ်ကို မင်းတို့ တည်ဆောက်ရင် အချိန် ဘယ်လောက်ကြာပလဲ" ဟု မေး၏။



ကွာဖုန်းယုက...

"ကျွန်တော်က အင်နဲ့အားနဲ့ ဝင်မလုပ်နိုင်တဲ့အတွက်"

ဟု ပြော၍ ချိန်ဆနေလေရာ...

အဘဆရာရသေ့ကြီး ပိုင်ဟွေ့ချမ်းက...

"တစ်ခုခု အပြတ်ပြောစမ်း"

ဟု အမိန့်ပေးသလို ပြောလိုက်၏။ ကွာဖုန်းယုက...

"လေးရက်နဲ့ အပြီး တည်ဆောက်နိုင်ပါတယ် အဘဆရာ
ကြီးပိုင် ခင်ဗျား" ဟု ယတိပြတ်ပြောလေ၏။

"ကောင်းပြီ ဒီလိုဆိုရင် မင်းတို့ ဒီဝါးအိမ်ကို နှစ်ရက်နဲ့
ပြီး လုပ်နိုင်ရမယ် ဒါဟာ သတ်မှတ်ချက်ပဲ၊ ဆိုလိုတာက အလုပ်
စ်ခုကို သတ်မှတ်ချက်ထက် အကွာအဝေး ပိုလျှောက်တဲ့ ကျင့်စဉ်
ွဲ့၊ ရှေးခေတ် သိုင်းပညာရှင်ကြီးတွေရဲ့ လျှို့ဝှက်ချက်ကျင့်စဉ်
စ်ခုပဲ ဆိုပါတော့ ဘယ်နှယ့်လဲ ဖြစ်ပါ့မလား"

ချမ်းလီက...

"ကြိုးစားပါ့မယ်" ဟု ဆိုသည်။ ထိုအခါ....

အဘဆရာရသေ့ကြီး ပိုင်ဟွေ့ချမ်းက တစ်ချက်ပြုံးလိုက်
ာ...

"ချမ်းလီ မင်းတို့နှစ်ယောက်ဟာ ငါ့ရဲ့ နောက်ဆုံးတံခါး
ာ်တပည့်တွေပဲ နောက်ထပ်တပည့်ကိုလဲ ငါမွေးတော့မှာ မဟုတ်
း ငါ့အသက်အရွယ်ကလဲ နောက်ထပ် တပည့်မွေးချိန်မပေးတော့
း" ဟု ပြောလေရာ... ချမ်းလီက...

"ဟုတ်ကဲ့ အဘဆရာကြီးပိုင် ဖြစ်စေချင်တာကို ပြောပါ"

ဟု ပြောလေ၏။

"အေး ငါဖြစ်စေချင်တာက မင်းတို့ကိုယ့်ကိုယ်ကို ယုံကြ စေချင်တဲ့ သဘောပါ။ ခုနက မင်းပြောတယ် မဟုတ်လား ကျွန်ေ ကြိုးစားပါ့မယ်ဆိုတဲ့ စကား ဒီစကားမျိုး နောက်ကို ဘယ်တေ မပြောနဲ့"

သည်တော့မှ ချမ်းလီသည်လည်း အဘဆရာရသေ့ကြီ ပိုင်ဟော့ချမ်း၏ သဘောသဘာဝကို နားလည်သွားကာ. . .

"ဟုတ်ကဲ့ ကျွန်တော်ဒီဝါးအိမ်ကို နှစ်ရက်နဲ့ အပြီးဆော လုပ်ပါ့မယ်။ ပြီးကိုပြီးစီးရပါမယ်" ဟု ပြောလိုက်၏။

"ကွာဖုန်းယုကရော"

"ဟုတ်ကဲ့ ကျွန်တော်လည်း ဒီဝါးအိမ်ကို နှစ်ရက်နဲ့ အပြီ ဆောက်လုပ်ပါ့မယ်" သည်တော့မှ. . .

အဘဆရာရသေ့ကြီး ပိုင်ဟော့ချမ်းသည် ခေါင်းတညိတ် ညိတ်လုပ်ကာ ကျေနပ်စွာ ကြည့်၍ နေသည်။

ထို့နောက်. . .

ကွာဖုန်းယုက စီစဉ်ညွှန်ကြား၍ ချမ်းလီက ဝါးအိမ်ကို စတင်ဆောက်လုပ်ပါလေတော့၏။

တိတ်ဆိတ်လျက် ကျေးငှက်သံ ဝါးရွက်တွေကြား လေတိုး ဝှေ့သံ ဝါးရွက်များပွတ်ရွှသံတို့မှာ ချမ်းလီတို့၏ ဝါးခုတ်သံ ဝါးတင်လ ချသံများဖြင့် ဆူဆူညံညံနေပါတော့၏။ သူတို့သည် အလုပ်က တစ်ရံတစ်ဆစ်မျှ မနားပေ။

ရေသောက်ချိန် အစာစားချိန်ကိုပင် အလုပ်လုပ်ယင်း ရေကို သောက်၏ အစာကိုစား၏။ ပြီး နေ့ညမဟူ ထလုပ်၏။ အိပ်ချိ မထားအိပ်ချင်သူကို တစ်ရေး တစ်မှေးမှေးစေသည်။





ဝါးအိမ်ကို ဆောက်လုပ်ရာတွင် ဝါးဝါးချင်း ပူးကပ် ့သီရာ၌ ဝါးနှီးကို အသုံးပြု၍မရ။

ထို့ကြောင့်. . .

ဝါးလုံးများကို အပေါက်ဖောက်ကာ စရွေးကိုက် အဖိုအမ ုလုပ်၍ ဝါးဝါးချင်းပူးကပ်ခြင်း တွဲသီခြင်းပြုလုပ်ရလေသည်။

ဝါးနှီးများကိုကား အခြားထရံကာခြင်း အမိုးမိုးခြင်း အလုပ်များတွင် အသုံးပြုကြလေသည်။

အမှန်စင်စစ်. . .

ဤသို့သော ခန့်ညားလှပသော သစ်ဝါးအိမ်တစ်အိမ်သည် ့မ်းလီတစ်ယောက်တည်း ကွာဖုန်းယုက စီစဉ်ညွှန်ကြားရုံနှင့် ာဖုန်းယုပြောသည့် အတိုင်းလေးရက်ကြာရမှာ အမှန်။ သို့သော်. .

ဤသည်ကိုပဲ သိုင်းလေ့ကျင့်မှုတစ်ခု အနေဖြင့် အစွမ်း ာန်ကြိုးစားပမ်းစား မနားမနေလုပ်လိုက်သောအခါ. . .

အလွန်လှ အလွန်ခန့်ညားပြီး သပ်ယပ်သေချာလှသော း အိမ်ကလေးတစ်လုံးကား နှစ်ရက်အတွင်း အချိန်သုံးမောင်း အလိုတွင် ပြီးစီး၍ သွားပါလေတော့၏။

"ဟုတ်ပြီ ဒါဟာ မင်းတို့ ဝမ်းဟုံသိုင်းပြိုင်ပွဲကြီးမှာ အောင် ြင်မှုရမယ့် ပထမဆုံး ခြေလှမ်းပဲ"

အဘဆရာရသေ့ကြီး ပိုင်ဟော့ချမ်း၏ ချီးကျူးစကားကို ြားလိုက်ရသောအခါ ချမ်းလီရော ကွာဖုန်းယုပါ အလွန်အမင်း ်းမြောက်ဝမ်းသာဖြစ်၍ သွားပါလေတော့၏။

"ကဲ သံသေမားအိမ်ပေါ်က စာအကြောင်းကို ငါပြောပြ ယ် ဒီစာဟာ သိုင်းစာကွဲ၊ သိုင်းစာဆိုတာ သိုင်းလောကရဲ့ သင်္ကေ

တတွေကို ဖွဲ့စည်းထားတာ သိုင်းလောကရဲ့ အတွေ့အကြုံအရ ထွက်မြောက်လာတဲ့ ဘာသာရပ်တစ်မျိုးပဲ ဆိုပါတော့"

"ဒီစာဟာ လက်သုံးပိုဒ်ဖွဲ့ထားတာ. . . ဘာလဲဆိုတာကို မပြောခင် မင်းတို့သိအောင် ငါပြောမယ်"

"ဟုတ်ကဲ့ ဆရာကြီးပိုင်"

"လောကမှာ အစွမ်းအထက်ဆုံး အရာတစ်ခုပေါ်ပေါက်လာရင် အဲဒီအစွမ်းအထက်ဆုံးအရာကို ကျော်လွန်နိုင်တဲ့ သူ့ကို အနိုင်ယူနိုင်မယ့်အရာတစ်ခု၊ စွမ်းအား တစ်ခုဟာ အမြဲပေါ်ပေါက်လာရတယ်"

"ဘာဖြစ်လို့ ပေါ်လာရတာလဲ အဘဆရာကြီးပိုင်"

သည်တစ်ခါတော့. . .

ကွာဖုန်းယုက မေးလိုက်ခြင်းဖြစ်သည်။

"အေး ကွာဖုန်းယု မင်းမေးတာ မေးသင့်တဲ့ အမေးပဲ. . . ဟုတ်တယ်။ ဘာဖြစ်လို့လဲဆိုရင် လောကကြီးကို မပျက်စီးသွားအောင်လောကကြီးကို လုပအောင်ပေါ်လာတဲ့ အကြောင်းတစ်ရားတစ်ခုပဲကွဲ့"

"ဒီလိုဖြစ်နေအောင် လောကကြီးက လောကကြီးအတွက် ဖန်တီးထားတာလို့ပဲ ပြောရမှာပေါ့ကွယ်"

ဝါးတောထဲတွင်ကား လေပြေလေညှင်းသည် သာယာငြိမ့်အေးစွာ စီးဆင်းလျက် ရှိနေလေသည်။

ကျေးငှက်တို့ ဘော်မြည်သံတို့သည်လည်း အခုမှ ပြန်လည်ငြိမ်းအေးစွာ ပေါ်ထွက်၍ လာပါလေတော့၏။

ဝါးရွက်တို့၏ ပွတ်ရှသံတို့မှာတော့ ဝါးရွက်ပုလွေကျူးရင့်



းသံနှင့်ပင် တူ၍နေပါ၏။

"အခုဒီလက်သုံးပိုဒ်ဟာ သံသေတ္တာရဲ့ အစွမ်းအစကို ပြန်ည်တဲ့ပြန်စေမယ့် သိုင်းကွက်သုံးကွက်ပဲ. . . သူ့ဟာနဲ့သူ တကယ်အပ်လို့ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က တီထွင်ပေးလိုက်တဲ့ င်းကွက်သုံးကွက်ပဲကွဲ့" ဟု ပြောပြီး. . .

သံသေတ္တာအိမ်ကို ရှေ့ချကာ သိုင်းစာသုံးပိုဒ်ကို ရွတ်ဖတ်၏။

"အဓိပ္ပါယ်က ဘယ်လိုဖော်ပြပါသလဲ အဘဆရာကြီးပိုင်"

"အဓိပ္ပါယ်က ကောင်းကင်သိုင်းကွက်၊ မြေကြီးသိုင်းကွက်၊ မြေတွင်းသိုင်းကွက်လို့ အဓိပ္ပါယ်ရတယ်။ ဒါကို အသေးစိတ်အဓိပ္ပါယ်ကြည့်လိုက်တော့ ကောင်းကင်သိုင်းကွက်က ဆယ်ကွက် မြေကြီးးကွက်က ဆယ့်တစ်ကွက်နဲ့ မြေတွင်းသိုင်းကွက်က ဆယ်ကွက်ဲ့ အချက်ကို တွေ့ရတယ်"

"အားလုံးပေါင်းသိုင်းကွက် သုံးဆယ့်တစ်ကွက်ရှိတာပေါ့" ချမ်းလီက မေးလိုက်သည်။

အဘဆရာရသေ့ကြီး ပိုင်ပေ့ချမ်းက ခေါင်းညိတ်သိက်ကာ. . .

"ဟုတ်တယ်"

"ဒီလိုဆိုရင် အဲဒီသိုင်းကွက်တွေရဲ့ အခြေခံကွက်တွေကို ယ်မှာ သွားကြည့်မှာလဲ အဘဆရာကြီးပိုင်"

ချမ်းလီမှာ မရှင်းမလင်းဖြစ်နေသည်။ မှန်သည်။

ဤမျှသော သိုင်းကွက်သုံးဆယ့်တစ်ကွက်လုံး ဤဓားအိမ်တွင် မည်ကဲ့သို့ ရှာဖွေတွေ့ရှိနိုင်မှာနည်း။

ချမ်းလီမှာ ကြောင်အမ်းအမ်း ဖြစ်၍ နေ၏။

အဘဆရာရသေ့ကြီး ပိုင်ဟွေ့ချမ်းက ပြုံးသည်ပြီး. . .

"ဒီမှာ သင်္ကေတတွေပါတယ်။ သိုင်းကွက်တွေကို ငါတို့သိမြသားကွဲ့ ပေါင်းစပ်ဖွဲ့စည်းပေးဖို့ပဲ လိုတယ်။ ကဲ ငါပြမယ်။ လုပ်ငန်းစကြပါစို့" ဟု ပြောလိုက်လေတော့၏။

❊ ❊ ❊ ❊ ❊

## အခန်း (၁၄)

### ဂိုဏ်းပေါင်းစုံလာသော ဝမ်းဟုံသိုင်းပြိုင်ပွဲကြီး

နေရာကား မြောက်ဘက်စွန်း ဝမ်းဟုံမြို့ကလေး

လူသူအရောက်အပေါက် အလွန်နည်းသော မြို့ကလေးတစ်မြို့မျှသာ ဖြစ်သည်။

သို့သော်. . .

သုံးနှစ်တစ်ကြိမ်ကျင်းပသော ဝမ်းဟုံသိုင်းပြိုင်ပွဲကြီးကို အကြောင်းပြု၍ ဝမ်းဟုံမြို့ကလေးသည်ကား. . .

သိုင်းလောကတွင် အထင်ကရ မြို့တစ်မြို့ပါပေ။



ပတ်ဝန်းကျင်တွင် ရေခဲတောင်တွေဝိုင်းရံလျက်ရှိသည်။

ဝမ်းဟုံသိုင်းပြိုင်ပွဲကြီးကား စပေတော့မည်။

ထို့ကြောင့် ဝမ်းဟုံ တောင်ကုန်းပေါ်သို့ ဂိုဏ်းအသီးသီးရောက်ရှိလာကြပြီ ဖြစ်သည်။

ဤအရပ်သို့ ဂိုဏ်းချုပ်နှင့် ဂိုဏ်းသူဂိုဏ်းသားများသာကျ်ရောက်ခွင့်ရှိသည်။

တစ်ကိုယ်တော်သိုင်းသမားများကလွဲ၍ သာမန်ဧည့်ခံမည့်လာမည့် ဧည့်သည်များကို လက်မခံ။

သူတို့၏ အသက်အန္တရာယ် ရှိမည်ကို စိုး၍ ဖြစ်သည်။

ဝမ်းဟုံသိုင်းပြိုင်ပွဲကြီး၏ နာယကအဖွဲ့ကို သုံးနှစ်တစ်ကြိမ်ပြောင်းလဲ၍ ကျင်းပကဲသည်။

ယခုနှစ်တွင်ကား. . . .

ကိုးနဂါးဂိုဏ်းချုပ်ယွမ်ချီ

အနောက်ဘက်လွင်ပြင်ဂမုန်းနီဂိုဏ်းချုပ် ဖူးမင်းသမီး

တိဗက်လားမားလိုတိရှား

တိမ်မိုးစွန် တောင်သုံးပါးသခင် ရသေ့ကြီး စွချဲ့ဝှမ်

နတ်မီးခိုးဘိုးဘိုး ကင်းရှစ်ထွာအန်

စသူတို့က တာဝန်ယူကျင်းပကဲလေသည်။

ဤပုဂ္ဂိုလ်ကြီးများအားလုံး လက်ရှိ သိုင်းလောကကြီး၏ ယကကြီးများဖြစ်ကြသည်။

ဝမ်းဟုံသိုင်းပြိုင်ပွဲမှာ ဤမျှလောက်ပင်ကြီးကျယ်ခန်းညားး၏။

ထို့ကြောင့်. . . .

တော်ရုံတန်ရုံဂိုက်များသည် ဝမ်းဟုံသိုင်းပြိုင်ပွဲကို မ...
ကြ။ သည်သိုင်းပြိုင်ပွဲကို ချမ်းလီနှင့် ကွာဖုန်းယုတို့နှစ်ယောက်...
မရောက်ရောက်အောင် လာခဲ့သည်။

မိမိတို့ အိစွမ်းအစသက်သက် မဟုတ်။ ဖခင် စွန်ရဲချမ်း...
က ဆောင်ရွက်ပေးလိုက်ခြင်းပင်။

စွန်ရဲချမ်းမိန်က သားချမ်းလီ၏ ဆန္ဒကို ကောင်းကော...
သိနေသည်။

ချမ်းလီသည် ဝမ်းဟုံသိုင်းပြိုင်ပွဲကြီးသို့ ဂိုဏ်းပေါင်းစုံ...
တစ်ကိုယ်တော်သိုင်းပညာရှင်ကြီးများ တတ်ရောက်လာရာတွင်...
အဆိပ်ပန်း ကြောင်နက်မသည် မလွဲမသွေတက်ရောက်လာလိမ့်မည်
ဟု တွေးထင်ထားသည်။

ထို့ကြောင့်. . .

ချမ်းမိန်က မိမိဆရာတစ်ဆူဖြစ်သော ရွှေတောင်ဝေ...
ရသေ့ကြီး ပိုင်ဖွေ့ချမ်း၏ ရွှေတောင်ဝေ့ဂိုဏ်းဝင်များအဖြစ် ထို...
သိုင်းပြိုင်ပွဲကို တက်ရောက်စေခဲ့ခြင်း ဖြစ်သည်။

လမ်းခရီးတလျှောက်လုံးမှာ ချမ်းလီသည် သံသေဘား...
ပါ သိုင်းကွက်သုံးဆယ့်တစ်ကွက်ကို သင်ယူခဲ့သည်။

ထိုသိုင်းကွက်သုံးဆယ့်တစ်ကွက်မှာ သုံးပါးလက်ာသိုင်း
ကွက်ဖြစ်သည်။

ဤသုံးပါးလက်ာသိုင်းကွက်များတွင် အပိုင်းသုံးပိုင်းပါဝင်
သည်။

ကောင်းကင်သိုင်းကွက် ဆယ်ကွက်
မြေကြီးသိုင်းကွက်ဆယ့်တစ်ကွက်





မြေတွင်းသိုင်းကွက်ဆယ်ကွက်
သိုင်းကွက်ပေါင်း သုံးဆယ့်တစ်ကွက် ဖြစ်သည်။

ဤသုံးပါးလက်ာ သိုင်းကွက်သည်သာ သံသေဘား ဂိုဏ်း
...ဆောင်သူကို အနိုင်တိုက်ခိုက်နိုင်သည်ဟူ၏။

ထို့ကြောင့်လည်း. . .

ချမ်းမိန်က မိမိသားချမ်းလီကို ရွှေတောင်ဝေ့ရသေ့ကြီး
...ပိုင်ဖွေ့ချမ်းနှင့် လိုက်ပါစေခဲ့ခြင်းပင်။

ချမ်းလီတို့ ဝမ်းဟုံမြို့သို့ အစောဆုံးရောက်လိုဇော်ဖြင့်
...လာခဲ့သော်လည်း အချို့ဂိုဏ်းသားများက ရောက်နှင့်နေကြပြီး ဖြစ်
...သည်။

ရောက်ရှိနေသော ဂိုဏ်းများမှာ ဂိုဏ်းချုပ် မဟူရာဓား
...ကွေ့လီကျိုး၏ မြေဟောက်ဂိုဏ်း

ဂိုဏ်းချုပ် အရိုးလက်ဝါး ဝူကွမ်းလီ၏ စိန့်လန်ဂိုဏ်းနှင့်
...ဂိုဏ်းချုပ်ဘွားဘွား ရွှေဂျိုင်းထောက်ကျူအင်းသင်၏ အနောက်ဘက်
...ဘိမ်မိုးကြိုးဂိုဏ်း တို့ဖြစ်သည်။

မိမိတို့ ဝမ်းဟုံမြို့သို့ရောက်ရှိပြီးနောက် ရောက်ရှိလာသော
...ဂိုဏ်းများကို စုံစမ်းကြည့်သောအခါ. . .

ဂိုဏ်းချုပ်နဂါးမျက်လုံးလောက်လီကျန်နှင့် သမန်းကျား
...ဂိုဏ်း

နောက်. . .

ရေခဲတောင်သခင်မရှင်းကျိဝေ၏ ကျားခြသေ့ဂိုဏ်းနှင့်
...မျက်လုံးစိမ်း ရှိကျန်းတောင်သခင်မ၏ မျက်လုံးစိမ်းဂိုဏ်း စသော
...ဂိုဏ်းများ ဖြစ်သည်။

"တစ်ကိုယ်တော်သိုင်းသမားတွေကရော ချမ်းလီ"

ကွာဖုန်းယုက အဆိပ်ပန်းကြောင်နက်မ နာမည်ကို မကြား မိသည်နှင့် တစ်ကိုယ်တော် သိုင်းသမားများဘက် လှည့်မေးလိုက်သေး သည်။

"တစ်ကိုယ်တော် သိုင်းသမားတွေကတော့ ပုဝါနီ မိန်းက လေးရယ် မိုးပျံဘီလူးမ ဂှာကုန်းရယ် အဆိပ်ဘုရင်မော်စီရယ်"

ဟုပြောကာ ရှိသေးသည်။

ကွာဖုန်းယုက. . .

"ဟာ. . . အဆိပ်ဘုရင်မော်စီလဲ ဒီကို ရောက်လာတယ် ဟုတ်လား. . ."

ဟု မေး၏။

"သူ့အကြောင်း မင်းသိနေလို့လား"

"မင်းအဖေပြောပြလို့ သိရတာဘဲလေ သူကမင်းအဖေနဲ့ မိတ်ဆွေတစ်ယောက်လို့ ပြောတယ်၊ သမားတော် သိုင်းသမားကြီး တစ်ဦးလို့ပြောတယ်"

"အဆိပ်ဘုရင်ဘွဲ့ကိုတောင်ခံထားတယ်ဆိုတော့ သူ့အဆိပ် လက်နက်တွေက အဆန်းအကြယ်တွေ ဖြစ်မှာပေါ့"

"ကဲ. . . ပြောစမ်းပါဦး ဝမ်းဟုံကို ရောက်လာတဲ့ နောက် ထပ် တစ်ကိုယ်တော်သိုင်းသမားတွေ"

ကွာဖုန်းယုက မူလစကားကို ပြန်ဆက်သည်။

သည်တော့. . .

ချမ်းလက တခဏစဉ်းစားလိုက်ပြီး. . .

"ဘီလူးတစ်ပိုင်း ကျားတစ်ပိုင်း ဟန်ကျိုနဲ့ သံမဏိလက်ညှိုး



ှတုံးတဲ့" ဟုပြောလိုက်လေရကား. . .

ကွာဖုန်းယုက သူမြော်လင့်နေသော အဆိပ်ပန်းကြောင် က်မ အမည်မပါရှိသေးသည်နှင့်. . .

"ဟင်. . ."

ဟူသော အာမေဋိတ်သံကို ပြုလိုက်လေတော့သည်။

"မင်းက ဘာဟင်တာလဲ ဟိုသူခိုးမ နာမည်မပါလို့ မဟုတ် သား. . ." ဟု ချမ်းလီက ပြန်မေးလိုက်သောအခါ. . .

ကွာဖုန်းယုက. . .

"အေး. . ." ဟု စိတ်ပျက်လက်ပျက် ဖြေလိုက်လေသည်။

"ငါလဲ အဆိပ်ပန်း ကြောင်နက်မ အခုထိမလာသေးလို့ ိတ်ပျက်နေတာ"

ချမ်းလီက မျှော်လင့်ချက် ကုန်ဆုံးသွားသည့်ဟန်ဖြင့် ပြောလိုက်စဉ်မှာ. . .

ရွှေတောင်ဝေ့ရသေ့ကြီး ပိုင်ဟွေ့ချမ်း ရောက်ရှိလာ လသည်။

ပိုင်ဟွေ့ချမ်းက ချမ်းလီနှင့် ကွာဖုန်းယုတို့ အပြန်အလှန် ပြောနေသော အကြောင်းအရာကို. . .

ကြားသိရပြီးဖြစ်သည်နှင့်. . .

"ပြိုင်ပွဲရက်က မနက်ဖြန်ဆိုတော့ အားလုံးဟာ ဒီကနေ့ ရောက်ကိုရောက်နေမှ ဖြစ်တော့မှာ မင်းတို့တွေချင်နေတဲ့ အဆိပ် ပန်း ကြောင်နက်မ ရောက်မလာဘူးဆိုတော့. . . စိတ်ပျက်မယ်ဆို လဲ စိတ်ပျက်စရာပါပဲလေ"

ဟု ပြောကာ ရွှေရောင်ဆေးခြယ်ထားသော တောင်ဝှေး

ကြီးက တဒေါက်ဒေါက်ထောက်၍ လျှောက်လာရာမှ တဲအရှေ့တွင် ရပ်လိုက်လေသည်။

မိမိတို့ ယခုစခန်းချထားသည့်နေရာမှာ ဝမ်းဟုံကုန်းမြင့်ရှိ တောအုပ်အတွင်း၌ ဖြစ်သည်။

သိုင်းပြိုင်ပွဲကြီးသို့ လာရောက်သူအားလုံးသည်ပင် ကိုယ့်အစုနှင့်ကိုယ် သင့်တင့်ရာနေရာများတွင် ယာယီတဲများထိုး၍ နေထိုင် စခန်းချခဲ့သည်။

ရသေ့ကြီးပိုင်ကွေ့ချမ်းကား တဲတွင် အနေနည်းသည်။ စခန်းနှင့် ဝေးရာသို့သွားပြီး သိုင်းပညာရပ်ဆိုင်ရာ ကျင့်စဉ်များကို ကျင့်ကြံအားထုတ်၍သာ နေလေ့ရှိသည်။ တစ်လှည့်တစ်ပတ်တော့ဖြင့် လာ၍ အခြေအနေကို မေးသည်။

"ဒီကိစ္စနဲ့ပတ်သက်လို့တော့ တစ်ခုတော့ရှိတယ် ချမ်းလီ"

ဟု ရသေ့ကြီးပိုင်ကွေ့ချမ်းက စကားစလိုက်သောအခါ..

ချမ်းလီ အထူးစိတ်ဝင်စား သွားလေသည်။

"ဟုတ်ကဲ့... အဘရသေ့ကြီး ပြောပြပါဦး ခင်ဗျား"

ဟုပင် ပြောလိုက်လေသည်။

ကွာဖုန်းယုသည်လည်း ချမ်းလီနည်းတူ ရသေ့ကြီး ပိုင်ဖွေ့ချမ်း ဘာပြောမလဲဟု မျှော်လင့်တကြီး ရှိနေသည်။

"အဆိပ်ပန်း ကြောင်နက်မဟာ သူ့နာမည်ရင်းဟုတ်မယ် မထင်ဘူး" ဟု ရသေ့ကြီးပိုင်ကွေ့ချမ်းက ပြောလာသောအခါ ချမ်းလီမျက်လုံးများဝင်းပ၍ လာလေ၏။

"အခု ဒီကို ရောက်နေတဲ့ သိုင်းပညာရှင်တွေထဲက မိုးပျံဘီလူးမကို ငါက မသိဘူး၊ သူဟာ နာမည်နှစ်မျိုးရှိတဲ့ သိုင်းသမား





လို့ ပြောသံကြားဖူးတယ်"

"မဟုတ်ကာမှလွဲရော အဆိပ်ပန်း ကြောင်နက်မဟာ မိုးပျံဘီလူးမ ဗာကုန်းရဲ့ နာမည်ခွဲလို့ ထင်တယ်"

ဟု ရသေ့ကြီးပိုင်ဖွေ့ချမ်းက ပြောပြီးခေါင်းတညိတ်ညိတ် လုပ်၍ နေလေသည်။ ချမ်းလီက...

"အဘရသေ့ကြီးပိုင် ခင်ဗျာ၊ ဒီကိစ္စကို ကျုပ်အမြန်ဆုံး စုံစမ်းလိုက်ပါ့မယ် ခွင့်ပြုပါ" ဟု အမိန့်တောင်းခံလိုက်သည်။

ရသေ့ကြီးပိုင်ကွေ့ချမ်းက ခေါင်းကို သာညိတ်ပြလိုက်လေသည်။

## အခန်း (၁၅)

### အောင်ပွဲခံမယ့် မိုးပျံဘီလူးမဗာကုန်း

ဤနေ့ ဤရက်ကား ဝမ်ဟုံမြို့အနေနှင့် ထူးခြားသော နေ့ရက်ဖြစ်သည်။

ဝမ်ဟုံသိုင်းပြိုင်ပွဲကြီး စတင်ဖွင့်လှစ်သောနေ့ပင် မဟုတ်ပါလား။ နံနက်မိုးလင်း၍...

အရှေ့မိုးကောင်းကင်၌ နေခြည်အလင်းတန်းများ အကြောင်းလိုက် ဖြောင့်တန်းစွာ ထိုးဖြာပွင့်လင်း၍ လာသည်နှင့် သိုင်း

ပြိုင်ပွဲ သတ်ကွင်း မြေကွက်ဆီမှ တဒူဒူ မောင်းတီးသံသည် အထက်အောက် နေရာအနှံ့မြည်ဟီးပြန့်လွင့်၍ နေလေသည်။

"ဒူ. . . ဟူ. . . ဟူ. . . ဟူ. . . "

"ဒူ. . . ဟူ. . . ဟူ. . . ဟူ. . . "

ဤသည်မှာ. . .

ပြိုင်ပွဲဝင်ဂိုဏ်းများနှင့် တစ်ကိုယ်တော် သိုင်းသမားအကျော်အမော်တို့ အားလုံးသတိရှိကြစေရန် တပ်လှန့်နှိုးဆော်လိုက်ခြင်းပင်. . .။

ရောင်စုံ အလံကြီး၊ အလံသေး၊ အလံတို၊ အလံရှည်၊ အလံချွန်၊ အလံဝိုင်း စသော အလံအမျိုးမျိုးတို့မှာ လေမှာ တလူးလူး တလွင့်လွင့်

ဤကဲ့သို့သော သိုင်းပြိုင်ပွဲကြီးမျိုးတွင် စည်းကမ်းထိန်းသိမ်းရေးမှာ အလွန်အရေးကြီးလှသည် ဖြစ်သည်။

ထို့ကြောင့်. . . .

နာယကကြီးများဖြစ်ကြသူများမှ ကိုးနဂါးဂိုဏ်းချုပ်ကြီး ယွမ်ချီ၊ တိဘက်လားမားလိုတ်ရှားနှင့် တိမ်မိုးစွန်တောင်ရသေ့ကြီး သုံးပါးသခင်စွချဲ့ဝှမ်စသည့် ပုဂ္ဂိုလ်ကြီးများက. . .

အရပ်ရပ်သော လုံခြုံရေးကို တာဝန်ယူရသည်။

အနောက်ဘက်လွင်ပြင် ဂမုန်းနီဂိုဏ်းချုပ် ဖူးမင်းသမီးနှင့် နတ်မီးခိုးဘိုးဘိုးတို့ကမူ သိုင်းပြိုင်ပွဲကြီးကို တာဝန်ယူရလေသည်။

ထို့ကြောင့်. . .

ပြိုင်ပွဲကျင်းပမည့် တိုက်ကွင်းတွင် ဖူးမင်းသမီးနှင့် နတ်မီးခိုးဘိုးဘိုးတို့က လှုပ်လှုပ်ရှားရှားရှိနေသည်။



လိုအပ်သည်များကို စီစဉ်ညွှန်ကြား၍နေသည်။

မည်မျှပင် ကြိုတင်စီစဉ်ထားသည်မှန်သော်လည်း တကယ်ဘန်း လုပ်ကြရသောအခါ အစီအစဉ်မှန်သမျှ လိုတာကလို ပိုတာက သည်တော့မှ. . .

"ဟဲ့. . လုပ်ကြစမ်း. . . ဒီကိစ္စက ခုထိမပြီးသေးဘူးလား"

"ဟော. . . ဒီနေရာမှာ ဒါတွေလိုလို့လား ငါမပြောပဲနဲ့ ဘယ်သူလုပ်ထားတာလဲ"

"တိုက်ကွင်းနဲ့ တီးဝိုင်းကမဝေးဘူးလား နီးမှပေါ့ဟဲ့ ဒီကိစ္စ အချိန်မီပြီးအောင်လုပ်ကြစမ်း"

စသည်ဖြင့်. . .

ဖူးမင်းသမီးရော နတ်မီးခိုးဘိုးဘိုးပါ ပါးစပ်စေ့ မနေရအောင် ခြေတွေလက်တွေကိုလည်း မနားရသေး။

စီမံကွပ်ကဲသည့် နေရာမှာ အလုပ်တွေ များလှပါသည်ဆိုသော်လည်း. . .

လုံခြုံရေးအပိုင်းတွင် ယူထားရသော တာဝန်မှာ မသေး အချို့ အချို့သောဂိုဏ်းတွေက အချင်းချင်းသင့်မြတ်အောင် လုပ်ကြသည်မဟုတ်။

တစ်နေရာမှာတည်း လာဆုံတုန်း ထားခဲ့သော အငြိုးတေးတွေကို ချေတတ်ကြသည်။

အချို့က တိုက်ကွင်းပေါ်မှာ အငြိုးအတေးကို ချေသည်။

တိုက်ကွင်းပေါ်မှာ ဂလဲ့စားချေကြသည့် အလုပ်ကို လုံခြုံရေး တာဝန်ယူထားသော သိုင်းလောက နာယကကြီးများက မပြောသာသော်လည်း. . .

သည်အဖြစ်မျိုးအပြင်မှာ ဖြစ်လာခဲ့ရင်တော့ ဝမ်ဟုံသိုင်းပြိုင်ပွဲလုံခြုံရေး တာဝန်ယူထားသော သိုင်းလောက နာယကကြီးများက အပ်နှင့်ထွင်းရမည့် အခြေအနေမှ ပုဆိန်တွေ ပေါက်ဆိန်တွေ မသုံးရလေအောင် ထိန်းသိမ်းကြရလေသည်။

ချမ်းလီက မိုးပျံဘီလူးမဂ္ဂာကုန်းနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရန် စာရင်းသွင်းထားလေသည်။

အကြောင်းမှုကား မိုးပျံဘီလူးမဂ္ဂာကုန်းကို စုံစမ်းကြည့်သောအခါ အဘရသေ့ကြီးပိုင်ဟွေ့ချမ်း ပြောသည့်အတိုင်း. . .

သူမတွင် အခြားဘွဲ့နာမည်တစ်ခုရှိသေးသည်ကို ချမ်းလီ သိလိုက်ရသောကြောင့်ပင်။

အဆိပ်ပန်း ကြောင်နက်မ ဟုတ်မဟုတ်ကား မည်သူမျှ မသိ၍ အတည်ပြုရန် ခက်နေသည်။

ဝမ်းဟုံသိုင်းပြိုင်ပွဲကြီးကို မြွေဟောက်ဂိုဏ်းမှ လီကျိဆိုသူ သိုင်းသမားနှင့်. . . စိန့်လန်ဂိုဏ်းမှ ဝမ်အင်းချိဆိုသူ သိုင်းသမားတို့ စိန်ခေါ်တိုက်ခိုက်ခြင်းဖြင့် ဝမ်းဟုံသိုင်းပွဲကြီးကို စတင်ဖွင့်လှစ်လိုက်လေသည်။

ပွဲစဉ်မှာ ပထမဦးဆုံးပွဲစဉ်ဖြစ်သော်လည်း အလွန်ပြင်းပြင်းထန်ထန် တိုက်ခိုက်သော ပွဲတစ်ပွဲဖြစ်နေသည်။

အကြောင်းမှုကား. . .

ဤဂိုဏ်းနှစ်ဂိုဏ်းသည် တစ်ဂိုဏ်းနှင့် တစ်ဂိုဏ်း ရန်ငြိုးရန်စများ ရှိခဲ့ဖူးသောကြောင့်ပင်။

ဤတိုက်ပွဲမှာ လက်နက်မဲ့တိုက်ပွဲမဟုတ် ဓားချင်းယှဉ်ပြိုင်တိုက်ခိုက်သည့် တိုက်ပွဲဖြစ်သည်။



"ဝိုး. . ."

"ဝှစ်. . ."

"ဝှစ်. . ."

"ချွင်. . ."

"ထန်. . ."

ဓားဓောင်များသည် တိုက်ကွင်းပေါ်တွင် ဖြိုးဖြိုးဖြက်ဖြက် သင်းလက်နေသည်။

တစ်ဖက်နှင့် တစ်ဖက် သိုင်းပညာစွမ်းရည်တူညီနေခြင်းကြောင့် တိုက်ပွဲမှာ ကြည့်နေရင်း ပို၍ပို၍ ပြင်းထန်လာလေသည် သင်၏။

ချမ်းလီနှင့် ကွာပုန်းယုတို့နှစ်ယောက်မှာ တိုက်ကွင်းပေါ်က ယှဉ်ပြိုင်တိုက်ခိုက်နေသူနှစ်ဦး၏ တိုက်ကွက်များကိုသာ ကြည့်နေသည်။ တစ်ခါခါ မိမိတို့ မျက်စိ အကြည့်က တစ်နေရာ၊ အတွေးစိတ်ကူးက အခြားတစ်နေရာမှာ. . .

သိုင်းကွက် တစ်ရာကျော်လာသည်။ အချိုက ဒုတိယအချီ အရှုံးအနိုင် မရှိသေး။

"ဒီပွဲကတော့ သရေပွဲနဲ့တူတယ်"

"လိုပါသေးတယ် စောင့်ကြည့်ပါဦး"

ကြည့်ရှုနေကြသည့် ပရိတ်သတ်ထဲက အမျိုးမျိုးသော မှတ်ချက်တွေ ပေးနေကြသည်။

သိုင်းကွက် တစ်ရာ့သုံးဆယ် အရောက်တွင် စိန့်လန့်ဂိုဏ်းသား ဝမ်အင်းချိက သူ့ဓားကို မိုးပေါ်မြှောက်တင်လိုက်သည်။

"ဝိုး. . ."

"ဝှစ်..."

ဓားက အထက်ဖက် ဝါးတစ်ပြန်ကျော်ကျော်မြောက်တက်သွားလေသည်။

ဓားမြောက်တက်သွားနေသည့်အချိန်တွင် ဝမ်အင်းချိန်သည် လက်နက်မဲ့ သိုင်းကွက်ဖြင့် မြွေဟောက်ဂိုဏ်းသား လီကျိုအပေါ်ပိုင်းကို ရိုက်ချလိုက်သည်။ မူလအနေအထား ပြန်ရောက်အောင် လှုပ်ရှားလိုက်သည်။

ကောင်းကင်တက်သွားသော ဓားသည် မိမိထံသို့ ပြန်လည်ကျရောက်လာသည်။ ဖမ်းသည်။ မိသည်။ ကောင်းလိုက်သည့် ဓားကွက် ပရိတ်သတ်မထင်မှတ်သော ခဲရာခဲဆစ်ဓားကွက်တစ်ကွက်ဖြစ်သည်။

မြွေဟောက်ဂိုဏ်းမှ လီကျိုသည် ဝမ်အင်းချိ၏ လက်နက်မဲ့တိုက်ခိုက်မှုကြောင့် နောက်သို့ လွင့်စင်သွားလေသည်။

"ဒါကတော့ ဓားဝိဇ္ဇာရဲ့ ရွှေလက်သံသိုင်းကွက်တစ်ကွက်ပဲ"

ဝမ်အင်းချိက အော်ပြောလိုက်ခြင်းပင်။

"ဝိုး...ဝိုး..."

"ချွင်...ချွင်..."

"ချွမ်း..."

"ထန်..."

သိုင်းကွက်များဖြင့် အထိုက်အလျောက် တီးမှုတ်ပေးနေသော တေးဂီတများနှင့်အတူ ပေါ်ထွက်လာသော ဓားသံများမှာ ဆူညံသွားလေသည်။





"ဝိုး...ဝိုး..."

"ဝှစ်..."

"ယား..."

ဓားသံများက အဆက်မပြတ်။

အငွေ့၊ အစိုက်၊ အသုတ်၊ အလှန်၊ အဖြန့် သူကား ဓား...များ ဝမ်အင်းချိ...

ထို့နောက်...

"အား..."

ငြီးတွားအော်ဟစ်သံတစ်သံ။

ညာဘက်လက်ကောက်ဝတ် ဓားထိသွားသူမှာ လီကျိုပါ...၊ မြွေဟောက်ဂိုဏ်းသားများ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

ဂိုဏ်းချုပ်ကြီး မဟူရာဓားကွေ့လီကျိုးကတော့ မလှုပ်မရှား။ ...သက်လျက်...

စိန့်လန်ဂိုဏ်းချုပ်အရိုးလက်ဝါး ဝူကွမ်းလီကတော့ အောင်...သူတို့၏ သဘောသဘာဝအတိုင်း ပြုံးလျက်ရှိသည်။

လီကျိုနောက်ပိုင်း တိုက်ကွက်များမှာ အားရကျေနပ်စရာ...က်ကွက်ဟူ၍ လုံးဝမပေါ်ပဲ ငုတ်သွားသဖြင့် ဆက်လက်တိုက်ခိုက်...ှင် သွေးအိုင်ထဲ မှောက်သွားစရာသာ ရှိနေသည်မို့ ပြိုင်ပွဲကွပ်ကဲ...ကြီးများမှ ဖူးမင်းသမီးက ပွဲသိမ်းမောင်းကို ထုလိုက်ပါလေတော့...

"ဒူ...ဝေ...ဝေ..."

ဤသို့ပွဲသိမ်းမောင်းကို ထုလိုက်ပြီး နောက်တွင် ယှဉ်ပြိုင်...က်ခိုက်သူများလုံးဝ ဆက်လက် တိုက်ခိုက်ပိုင်ခွင့် မရှိတော့ပြီ။

ဤပွဲတွင် အများပရိတ်သတ်တွေ့မြင်ကြရသည့်အတိုင်း စိန့်လန်ဂိုဏ်းမှ သိုင်းသမားဝမ်အင်းချိုသည် အနိုင်သိုင်းသမား။

မြွေဟောက်ဂိုဏ်းမှ လီကျိုမှာကား အရှုံးသိုင်းသမား။

ထို့နောက်...

ပွဲစဉ်မှာကား...

တစ်ကိုယ်တော်သိုင်းသမား အဆိပ်ဘုရင်မေ်ာစီနှင့် တစ်ကိုယ်တော်သိုင်းသမားပင်ဖြစ်သော မိုးပျံဘီလူးမ ဂုဏ်ကုန်း

"ဖြောင်း..."

"ဖြောင်း..."

"ဖြောင်း..."

"ဖြောင်း..."

လက်ခုပ်သံများဆူညံသွားပါပကောလား။





အခန်း (၁၆)

## သံသေစာကို တွေ့ပြီ

မိုးပျံဘီလူးမက တိုက်ကွင်းပေါ်သို့ ရောက်လာသည်နှင့် ...းလီက မျက်တောင်မခတ်ကြည့်နေသည်။

သည်အမျိုးသမီးဘယ်လိုဓားမျိုးကို ထုတ်သုံးလေမလဲ။

မိုးပျံဘီလူးမက ဓားကို မထုတ်သေးပဲ. သိုင်းကွက်များကို ...နေသည်။

အဆိပ်ဘုရင်မေ်ာစီက မည်သည့်သိုင်းကွက်ကိုမျှ မပြ။

နတ်မိုးခိုးဘိုးဘိုးနှင့် သိုင်းကွက်များကို ပြနေသော မိုးပျံ ...းမဂုဏ်ကုန်းအား စူးစူးစားစားကြည့်၍ နေလေသည်။

မိုးပျံဘီလူးမဂုဏ်ကုန်း၏ အလွတ်ပြနေသော အစမ်းသိုင်း ...များကပင်လျှင် ကြောက်ခမန်းလိလိ

"ဟိတ်..."

"ယား..."

"ဂွစ်..."

"ဝှစ်. . ."

"ဝှစ်. . ."

"ဟိတ်. . ."

"ယား. . ."

မိုးပျံဘီလူးမ ဓှာကုန်းဟု ဆိုသည့်အတိုင်းကိုယ်ဖော့ ပညာကလည်း အလွန်ကောင်း၏။

တစ်ချက်ချက် အထက်သို့ခုန်ပျံ၍ တက်တက်သွားသည်မှာ ဘကယ်ပဲ တောင်ပံရိုက်ခတ်၍ ပျံတက်သွားသော ငှက်တစ်ကောင်အလား. . .

လျှင်မြန်ဖျပ်လတ်၍ ပေါ့ပါးလှပါ၏။

ပရိတ်သတ်သိုင်းသမားများက. . .

သည်ပွဲတွင် အဆိပ်ဘုရင်မော်စီအတွက် စိတ်ပူနေကြသည်။ ယှဉ်မှယှဉ်နိုင်ပါ့မလား အတွေးစိတ်ဖြင့် အဆိပ်ဘုရင် မော်စီဘက်က စိတ်မကောင်း အမှန်တော့လည်း ခုလိုပွဲမျိုးတွင် အဆိပ်လက်နက်များဖြင့် ပစ်ခတ် တိုက်ခိုက်ခြင်းမျိုး လုပ်ပိုင်ခွင့်မရှိ သောကြောင့်ပါပေ။

တိုက်ပွဲကား စပေပြီ. . .

"ဒူ. . . ဝေ. . . ဝေ. . ."

နာယကကြီး နတ်မီးခိုးဘိုးဘိုး ကင်းရှစ်ထွာအနက်က တိုက်ခိုက်မည် ယှဉ်ပြိုင်သူများ စတင်တိုက်ခိုက်နိုင်ပြီ သဘော. . .

မောင်းသံပေါ်ထွက်လာသည်နှင့်. . .

"ရွှမ်း. . ."

မိုးပျံဘီလူးမဓားအိမ်ထဲမှာ ဓားကိုဆွဲထုတ်လိုက်လေသည်



"ဟာ. . . ကောင်းလိုက်တဲ့ဓါး"

"ကြည့်စမ်း ဘယ်လိုဓားပါလိမ့်"

"ဒီလိုဓားမျိုး တစ်ခါမှ မမြင်ဖူးဘူး"

ပရိတ်သတ်ထဲက ယှဉ်ပြိုင်တိုက်ခိုက်မည့် သိုင်းသမား မိုးပျံဘီလူးမ ဓှာကုန်းကို မမြင်၊ သူမလက်ထဲမှ ဓားကိုပဲ မြင်နေသည်။

"ဝှစ်. . ."

"ဝှစ်. . ."

မိုးပျံဘီလူးမဓှာကုန်းက. . .

ဓားကို လေမှာတစ်ချက် ဝှေ့ရမ်းလိုက်ကတည်းက အရိပ်လှိုင်းတွေက အရိပ်လှိုင်းများဖြစ်၍ ကြွင်းကျန်ရစ်၏။

ချမ်းလီကတော့ ပိမိအသေအချာကိုင်လိုက်ရသော ဓားဖြစ်သဖြင့် ကောင်းကောင်းမှတ်မိသည်။

စိတ်ထဲမှာ ဆုံးဖြတ်ချက်ချလိုက်လေပြီ။

"ဒီဓားဟာ. . . ငါ့ဓားမှ ဓားအစစ်ပဲ အဘိုးပေးခဲ့တဲ့ သံသေဓား ဒီဓားကို မဖြစ်ဖြစ်တဲ့ နည်းနဲ့ ငါ့ဓားကို ပြန်ယူမယ်"

"လတ်စသတ်တော့ မိုးပျံဘီလူးမ ဓှာကုန်းဟာ အဆိပ်ပန်းကြောင်နက်မပါပဲလား"

ထိုစဉ်. . .

ကွာဖုန်းယုက ချမ်းလီအား လက်တို့၍

"ဘယ်လိုလဲ" ဟုမေး၏။

"သေချာတယ် ကွာဖုန်းယု ဒီပစ္စည်းမှ ဒီပစ္စည်းပဲ"

ဟု ချမ်းလီက ဖြေသည်။

ထို့နောက်. . .

ချမ်းလီနှင့် ကွာဖုန်းယုတို့ ပရိတ်သတ်တွေကြားမှ အသ
လျှိုထွက်ခဲ့ကြသည်။

ချမ်းလီတို့လှုပ်ရှားနေသည်ကို တွေလိုက်သူမှာကား ရေ
ကြီး ပိုင်ဟွေ့ချမ်းဖြစ်သည်။

ရသေ့ကြီး ပိုင်ဟွေ့ချမ်းသည်လည်း သူရောက်ရှိနေသေ
နေရာမှာအသာထလာခဲ့သည်။

ချမ်းလီနှင့် ကွာဖုန်းယုတို့နှစ်ယောက်သည် မိမိတို့ ခေ
ချရာတဲရှိရာသို့ ပြန်လာခဲ့ကြသည်။

တဲအတွင်းဝင်လိုက်သောအခါ ချမ်းလီနှင့် ကွာဖုန်း
အလွန် အံ့အားသင့်၍သွားသည်။

အကြောင်းမှုကား...

အဘရသေ့ကြီးပိုင်ဟွေ့ချမ်းကို တွေ့လိုက်ရသောကြော
ပင်...

အဘရသေ့ကြီးပိုင်ဟွေ့ချမ်းက ချမ်းလီအား...

"မင်းတို့ စိတ်ထင်ရာ လျှောက်လုပ်နေကြမှာစိုးလို့ ငါလို
လာတာ"

"အခုမိုးပျံဘီလူးမဟာကုန်းဟာ တို့ရှာနေတဲ့ အဆိပ်ပ
ကြောင်နက်မ ဖြစ်နေပြီမဟုတ်လား..."

ဟု မေးလိုက်လေသည်။

"ဟုတ်ပါတယ် အဘရသေ့ကြီးပိုင်၊ သူလက်ထဲက ဓားမ
ကျွန်တော်ဆီက သူခိုးသွားတဲ့ သံသေဓားဖြစ်နေတဲ့အတွက် ဒီမိန်း
ဟာ မိုးပျံဘီလူးမဟာကုန်းဖြစ်သလို အဆိပ်ပန်းကြောင်နက်
ဖြစ်တယ်ဆိုတာ ငြင်းလို့မရတော့ပါဘူး"





"ဟုတ်ပြီ... ဒီလိုဆိုရင် အခုလောလောဆယ် ကွာဖုန်းယု
အပြင်ကိုထွက်ကြည့်စမ်း တစ်ယောက်ယောက် တို့နောက်က လိုက်
သာမလားလို့"

"ဟုတ်ကဲ့... အဘရသေ့ကြီး"

ဟု ပြောပြီး ကွာဖုန်းယုက တဲအပြင်သို့ ထွက်လာခဲ့သည်။

"ရှပ်..."

"ရှပ်..."

အဘရသေ့ကြီးပိုင်ဟွေ့ချမ်းကား အကွက်မြင်သည်ဟု ဆို
ရမည် မိမိတို့နောက် တစ်စုံတစ်ယောက်လိုက်လာလိမ့်မည်ဟု ထင်
သည့်အတိုင်း ကွာဖုန်းယုတဲအပြင်သို့ ရောက်လိုက်သည်နှင့် မသကာ
ရောလူရိပ်တစ်ရိပ်ကို ဖျတ်ကနဲ တွေ့လိုက်ရသည်။

"ဝှီး..."

"ဝှစ်..."

"ဝှီး..."

"ဝှစ်..."

ပြေးထွက်သွားသူမှာ ကိုယ်ဖော့သိုင်းပညာကို အသုံးပြု၍
ထွက်သွားခြင်းပင်။

ကွာဖုန်းယုသည်လည်း ကိုယ်ဖော့ပညာကိုပင် အသုံးပြု၍
လိုက်သွားလေသည်။

လမ်းတစ်လျှောက်ရေခဲတွေအချပ်လိုက် အချပ်လိုက်

အချို့နေရာမှာ ရေခဲချပ်သည် ပါး၏။ အချို့နေရာတွေ
ကတော့ ထူသည်။

ပါးလွှာသောရေခဲချပ်တွေပေါ်သို့ ခုန်ပျံရာမှ ခြေထောက်မိ

သောအခါ ရေခဲချပ်များ အက်ကွဲ၍ ကျန်ရစ်၏။ အောက်တွ
ရေအိုင်များကိုလည်းကောင်း မြက်ရိုင်းများကိုလည်းကောင်း တွေ့
၏။

"ဝုန်း. . ."

တစ်နေရာသို့ရောက်သောအခါ ရှေ့က ပြေးသွားသူ
ဆက်လက်ပြေးပါက ရှေ့တွင် ရေခဲတောင်ကုန်းကြီးတစ်ခုက ကာ
နေသည်နှင့် နောက်သို့ ပြန်လှည့်ကာ ပြေးဝင်လာသော ကွာဖုန်း
ကို ပြန်လည်၍ ခုခံတိုက်ခိုက်လေတော့၏။

မျက်နှာတစ်ခြမ်းတွင် ခရမ်းရောင်အမှတ်ကြီးပါသော
သိုင်းသမားတစ်ယောက်ဖြစ်သည်။

သူက အသွားဖျက်ကျယ်သောပုဆိန်ကို ထုတ်ကာ ကွာ
ယုအား တိုက်ခိုက်ပါလေတော့၏။

"ဝုစ်. . ."

"ဝုစ်. . ."

"ယား. . ."

"ဝှီး. . ."

ကွာဖုန်းယုကား ရုတ်တရက်အနေမှ တိုက်ခိုက်လာခြ
ကို ခံလိုက်ရသဖြင့်၊ သိုင်းကွက်အနေအထား မပြင်ဆင်ရသေး
ဖြစ်သွားသည်။

တိုက်ခိုက်လာသူမှာ အဆင့်မြင့်သိုင်းသမားတစ်ယော
ဖြစ်သည်။ အတွင်းအားမှာ ကွာဖုန်းယုထက်ပင် ကောင်းပုံရသည်

ကွာဖုန်းယုက. . .

"ခင်ဗျား. . . ဘယ်သူလဲ ဘာဖြစ်လို့ ကျုပ်တို့နောက်





လိုက် ချောင်းရတာလဲ" ဟု မေးလိုက်သည်။

သို့သော်. . .

မျက်နှာတစ်ခြမ်းခရမ်းရောင်မှတ်နှင့် လူသည်စကားပြော
တတ်ဟန်မတူ။

"ဝူး. . . ဝူး. . . ဝူး. . ."

"အူး. . . အူး. . ."

ဟူသော အသံသာ သူ့ပါးစပ်က ထွက်လာလေသည်။

"ခင်ဗျားက စကားမပြောတတ်တာလား တမင် စကားမ
ပြောတတ်ဟန်ဆောင်နေတာလား"

"ဝူး. . . ဝူး. . ."

စကားမပြောတက်သူက ဝူး. . . ဝူး. . . ဟု ပြောပြီး
ကွာဖုန်းယုအား ခုန်ဝင်၍ တိုက်ခိုက်ပါလေတော့၏။

တိုက်ကွက် ဆယ်ကွက်လောက်အရောက်တွင် ကွာဖုန်းယု
အဖို့ သက်သာမည်မဟုတ်။

ထိုသူမည်သူနည်း။ ဘာ့ကြောင့် နောက်ယောင်ခံလိုက်လာ
ရပါသနည်း။

## အခန်း (၁၇)

### သျှို့ဓာက်မျက်လုံးများကြားဝယ်

မိုးပျံဘီလူးမဝှာကုန်းကား အဆိပ်ဘုရင်မော်စီအား အပြတ်အသတ် အနိုင်တိုက်ခိုက်လိုက်လေသည်။

အဆိပ်ဘုရင်မော်စီသည်လည်း သိုင်းလောကတွင် နေရာတစ်နေရာရရှိထားသူဖြစ်သည်။

သည်လို သိုင်းအကျော်အမော်တစ်ဦးကို မိုးပျံဘီလူးမ ဝှာကုန်းက အပြတ်အသတ် အနိုင်တိုက်ခိုက်နိုင်ခဲ့ပြီ။

ဤသည်မှာ ဆန်းနေသည်။

မိုးပျံဘီလူးမ ဝှာကုန်း၏ လက်ချက်ကြောင့် အဆိပ်ဘုရင်မော်စီညာဘက်လက်ချောင်းကလေးတွေအားလုံး ပြတ်သွားသည်မှာ အဆိပ်ဘုရင်မော်စီအဖို့ သူ့ကိုအသေသတ်လိုက်သည်ထက် အသဲနာစရာကောင်းသည်။

အခုတော့ အဆိပ်ဘုရင်မော်စီသည် သိုင်းလောကသားများကို တစ်သက်လုံး မျက်နှာချင်း မဆိုင်ပံ့လောက်အောင် အရှက်





ရခဲ့ချေပြီ။

မိုးပျံဘီလူးမ ဝှာကုန်းနှင့် အဆိပ်ဘုရင်မော်စီတို့ အတွဲပွဲစဉ်အပြီးတွင် သိုင်းသမားနှစ်ယောက်တို့ကား ကွင်းပေါ်သို့ ဂျွမ်းပစ်၍ ရောက်ရှိလာကြသည်။

သူတို့ကား...

အနောက်ဘက်တိမ်မိုးကြိုးဂိုဏ်းမှ ဂိုဏ်းချုပ်ဘွားဘွားကျိုးသန်ယင်ခေါ် ရွှေကျိုင်းထောက်သခင်မ ရန်မင်း၏ လက်ရွေးစင်ဂိုဏ်းသား ဟန်နဲ့မော်နှင့် သမန်းကျားဂိုဏ်းမှ ဂိုဏ်းချုပ်နဂါးမျက်လုံးလောက်လိကျန်၏တပည့် ကျွမ်းရင်တို့၏ ပွဲစဉ်ဖြစ်သည်။

သည်ပွဲစဉ်ပြီးလျှင်

မိုးပျံဘီလူးမ ဝှာကုန်းနှင့် ချမ်းလီတို့ ယှဉ်ပြိုင်တိုက်ခိုက်ရမည့် ပွဲစဉ်ဖြစ်သည်။

ထိုအခါ...

ဟန်နဲ့မော်နှင့်ကျွမ်းရင်ပွဲကို ပရိတ်သတ်က စိတ်မဝင်စားမိုးပျံဘီလူးမ ဝှာကုန်းနှင့်ချမ်းလီပွဲကို ပို၍စိတ်ဝင်စားနေသည်။

အကြောင်းမှုကား...

ချမ်းလီကို တစ်ကိုယ်တော် အညတြသိုင်းသမား အတွေ့အကြုံမရှိသေးသူဟု သိထားကြသောကြောင့်ပင်။

အားလုံးက အသေခံပွဲဖြစ်လိမ့်မည်ဟု တွက်ထားသည်။

မိုးပျံဘီလူးမ ဝှာကုန်းအမည်ခံ အဆိပ်ပန်းကြောင်နက်မအနေမှာကတော့ ချမ်းလီကို သံသေမားပိုင်ရှင် သူနောက်လိုက်လာမှန်းသိနေပုံရသည်။

သို့သော်လည်း...

သူမလက်ထဲ၌ သံသေတ္တာရှိနေပြီဖြစ်၍ ချမ်းလီကိုရော ချမ်းလီနှင့် အတူလိုက်ပါလာသော ရွှေတောင်ဝှေးရသေ့ကြီးပိုင်ထွေ ချမ်းကိုပါ သူမက အမှုမထားခဲ့ပေ။

မည်သို့ဆိုစေ မိုးပျံဘီလူးမ ဗာကုန်းသည် ချမ်းလီတို့ကို အလစ်မပေးခဲ့။

သူမေ့ထားသော မျက်နှာတစ်ခြမ်းခရမ်းရောင် အမှတ်ပါသူ ရွှေအကြီးတုံးလူအား စောင့်ကြည့်နိုင်းထားခဲ့သည်။

ရွှေအတုံးလူကား စကားမပြောတတ်သော်လည်း အသိဉာဏ်ကတော့မှန်သည်။

သူ၏ အသက်အရွယ် အပိုင်အခြားအရ အသိဉာဏ်ရှိသည်။

ထို့ကြောင့်လည်း သိုင်းသမားကောင်းတစ်ဦးဖြစ်နေသည်။

သို့သော်. . .

ကွာဖုန်းယု၏ လျှင်မြန်ဖျတ်လပ်မှုကြောင့် ချမ်းလီတို့၏ လှုပ်ရှားမှုကို နောက်ယောင်ခံမရပဲ ပြန်ပြေးခဲ့လေရကား မိုးပျံဘီလူးမဗာကုန်းမှာ အမျက်ဒေါသတွေ ချောင်းချောင်း ထွက်နေပါတော့သည်။

သူတို့သည် ဝမ်းဟုံမြို့အနောက်ဘက်လှိုဏ်ကြီးတစ်ခုထဲတွင် စခန်းချနေခဲ့ခြင်းဖြစ်သည်။

"နင့်ကို ငါ အသေအချာမှာထားတယ် မဟုတ်လား အနီးကပ်မလေ့လာပါနဲ့လို့. . . ငါအသေအချာမှာထားတဲ့စကားကို နင်ဂရုမစိုက်လို့ ခုလိုဖြစ်ရတာ ခုတော့သူတို့ ငါ့ကိုပိုပြီးဂရုစိုက်လာပြီပေါ့"





မိုးပျံဘီဘူးမဗာကုန်းသည် ရွှေအတုံးလူအား စိမ်းစိမ်းကြည့်၍ပြောလိုက်၏။

ခေါက်တန့်ခေါက်ပြန်လမ်းလျှောက်ပြီး အကြံထုတ်နေလိုက်သည်။ သံသေတ္တာကိုကား လက်ကမချ။

"ကျုပ်တစ်ချက်မှားသွားပါတယ် သခင်မ"

ရွှေအတုံးလူက မျက်နှာကို ချ၍ပြောလိုက်လေသည်။

"နင့်ကိုပြောလိုက်ရင် ဒီစကားပြောမယ်ဆိုတာ ငါကြိုသိနေတယ် ဒါပဲနင်တတ်တာ ဒါမျိုးပဲ"

"သူတို့ကအတော့်ကို လျင်နေကြလို့ပါ"

"ဘာ. . သူတို့ကလျင်တာလဲ. . ငါ့ကိုဒီစကားမျိုး လာမပြောနဲ့ နင်အသုံးမကျလို့ ဟင်း. . ကိုယ်အသုံးမကျတာကတော့ ထုံမပြောဘူး သူများလျင်နေကြလို့တဲ့"

"ကျုပ်တကယ်ပြောနေတာပါ"

"အို. . . နားငြီးတယ် သွား. , သွား နင်လဲငါ့နားမှာနေဖို့မလိုတော့ဘူး ပြန်တော့"

ဟုပြောကာ မိုးပျံဘီလူးမက ရွှေအတုံးလူအားမောင်းထုတ်လိုက်ပါလေတော့၏။

ရွှေအတုံးလူက သူ့သခင်မကိုထားခဲ့ရမှာ လိုလားဟန်မတူပေကပ်၍ထိုင်နေသေးသည်။

မိုးပျံဘီလူးမဗာကုန်းက လုံးဝလက်မခံ။

"ဘာလုပ်နေတာလဲ တုံးလူ. . ဘာလဲ ငါကနင့်ကို တိုက်ထုတ်မှသွားတော့မှာလား"

ဟု မိုးပျံဘီလူးမက အော်လိုက်တော့မှ ရွှေအတုံးလူ ကုတ်

ချောင်းချောင်းနှင့် လျှိုထဲမှပြန်လည် ထွက်ခွာသွားလေ၏။

တို့နောက်. .

မိုးပျံဘီလူးမဇာကုန်းသည် စခန်းချထားရာ လျှိုအတွင်းမှ ထွက်လာခဲ့လေတော့သည်။

ဝမ်းဟုံသိုင်းပြိုင်ပွဲကြီးကား ဆက်လက်ကျင်းပနေမြဲရှိသည်။

အဆင့်မြင့် သိုင်းပညာရှင်များ ပြိုင်ဆိုင်သည့်ပွဲ ဖြစ်သဖြင့်တီးမှုတ်အားပေးခြင်းကို လိုအပ်မှသာအသုံးပြုသည်။

တိုက်ကွင်းတွင်

လက်ခုပ်တီးသံတို့သည်သာ အစဉ်လွှမ်းမိုးနေသည်။

အနောက်ဘက်တိမ်မိုးကြိုးဂိုဏ်းမှ သိုင်းသမား ဟန့်မော်နှင့် သမန်းကျားဂိုဏ်းမှ သိုင်းသမားကျွမ်းရင်တို့ကား အကျိတ်အနယ်တိုက်ခိုက်နေကြသည်။

ဘယ်သူက ဘယ်သူ့ကိုထိရှစေခဲ့သည်မသိ။

သိုင်းသမားနှစ်ယောက်စလုံး သွေးအလိမ်းလိမ်း။

မိုးပျံဘီလူးမ ဇာကုန်းသည် ပရိသတ်ထဲသို့ ရင်ကော့၍ဝင်လာခဲ့လေသည်။

တွေ့မြင်သူအားလုံးသည်လည်း သိုင်းလောက၏အကျော်အမော်များဖြစ်ကြသဖြင့် သူမကိုအလေးမထား။

နှုတ်ပင်မဆက်ကြ။

ရွှေတောင်ဝှေးရသေ့ကြီးပိုင်ဖွေ့ချမ်းတစ်ဦးသာ အနောက်ဘက်တိမ်မိုးကြိုးဂိုဏ်းချုပ် ဘွားဘွားကျုံးအန်ယင်ခေါ် ရွှေကျိုင်းထောက်သခင်မ ရန်မင်းနှင့် စကားပြောနေသည်ကို ဇာကုန်း တွေ့မြင် လိုက်ရလေသည်။ အဘွားကြီးက ရွှေကျိုင်းထောက်နှင့် ဖြစ်သည်။



ထိုစဉ်. . တိုက်ကွင်းပေါ်တွင်

"ဝှစ်"

"ဝှစ်"

"ထန်း"

"ချလ"

"ထန်း"

ဟန့်မော်၏ဓားချက်ကို ကျွမ်းရင်ကရှောင်တိမ်းလိုက်ပြီး သူ၏ဓားကိုထိုးခံလိုက်သည်။

ကျွမ်းရင်က ဆင်ထားသောသမန်းကျားသိုင်းကွက်ကို အပျက်မခံ။

"ယား"

"ဟိတ်"

"ဝှစ်"

"ဝှစ်"

ခန္ဓာကိုယ်ကို လိမ်ဖယ်လျက် လိုအပ်သောဓားချက်သုံးချက်တိတိအသုံးပြုတိုက်ခိုက်ပြီး. . .

လေထဲတွင် တစ်ပတ်ကျွမ်းထိုး၍ သိုင်းကွက်အနေအထားကိုပြင်လိုက်သည်။ အတော်လှ၏။

အမှန်မှာ. .

သူတို့သည်လည်း သိုင်းလောက၏ ဝါရင့်သိုင်းသမားများဖြစ်ကြသဖြင့် အလွန်အတုယူစရာကောင်းသော သိုင်းကွက်များဖြစ်နေသည်။

ဓားရိပ်များ ပတ်ဝန်းကျင်တစ်ခုလုံး လွှမ်းမိုးနေသည်။

သိုင်းသမားဟန့်မော်ကပါ လေထဲတွင်နှစ်ပတ်ဂျွမ်းထိုးမြှောက်လိုက်သည်။

လေထဲတွင်. .

"ထန်း" **"ထန်း"** **"ထန်း"**

ဓားဓား**ချင်းထိခတ်သွား**ကြသည်။မီးပွင့်မီးပွားများဖြာထွက်သွား၏။

"ယား" **"ဟိတ်"**

"ဟိုင်း" "ချွမ်"

"ထန်"

သိုင်းသမားများကား တစ်ယောက်ကိုတစ်ယောက် စားတော့မည့် ဝါးတော့မည့်ဟန်။

"ချွမ်"

နောက်ဆုံးဟန့်မော်၏ စင်ရော်ပျံသိုင်းကွက်အဖွင့် ကျွမ်းရင်၏လက်မှဓားသည် ကောင်းကင်သို့လွင့်စင်သွားပါလေတော့၏။

ထိုစဉ်မှာပဲ. . ဟန့်မော်၏ ဓားဦးကကျွမ်းရင်လည်မျိုတွင်ထောက်လျက်သား. . .

ဝမ်းဟုံသိုင်းပြိုင်ပွဲနာယကကြီးများက ကြော်ငြာလိုက်လေသည်။ အနောက်ဘက်တိမ်မိုးကြိုးဂိုဏ်းသား သိုင်းသမားဟန့်မော်သည် ကျွမ်းရင်အားအနိုင်ရရှိလိုက်သည့်အကြောင်းဖြစ်သည်။

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"







## အခန်း (၁၈)

## အဆိပ်မန်းကြောင်နက်မထွက်ခဲ့ပြီ

ဝမ်းဟုံသိုင်းပြိုင်ပွဲကြီးသို့ တက်ရောက်လာကြသော သိုင်းလောကသား ဂိုဏ်းပေါင်းစုံက စိတ်ဝင်တစားဖြစ်နေသည့် ပွဲစဉ်ဖြစ်သည်။

ပရိသတ်တွေက တွေးထင်သည်မှာ သိုင်းလောက ဝါရင့်သိုင်းအကျော်အမော်တစ်ဦးကို ချမ်းလီလို ဘာမှမဟုတ်သည့် အညတရသိုင်းသမားကလေးတစ်ဦးက စိန်ခေါ်တိုက်ခိုက်လာခြင်းကြောင့်စိတ်ဝင်စားနေကြခြင်းဖြစ်သည်။

မိုးပျံဘီလူးမဂ္ဂကုန်းကျတော့. . .

မိမိအားဓားခိုးလာသူမှန်း ရိပ်စားသွားသဖြင့် ဓားအတွက်သွေးကြွေးဆပ်လေသလားဟု အတွေးရောက်နေသည်။

ချမ်းလီမှာကား အကြံရှိသည်။ သူ့ဘက်တွင်. . .

သံသေဓားကိုင်ဆောင်သူကို အနိုင်တိုက်ခိုက်နိုင်သောသိုင်းကွက်တွေရှိနေသည်။

သည်သိုင်းကွက်တွေမှာ ချမ်းလီအတွက် လုံလောက်နေပြီ။

သုံးပါးလက်ာသိုင်းကွက် သုံးဆယ့်တစ်ကွက်

ကောင်းကင်သိုင်းကွက်

မြေကြီးသိုင်းကွက်နှင့်

မြေတွင်းသိုင်းကွက်

စသည့်သိုင်းကွက်သုံးဆယ့်ရှစ်ကွက်ကို ရွှေတောင်ဖေး ရသေ့ကြီးပိုင်ဖေ့ချမ်းက တက်ပေးခဲ့ပြီး နေ့စဉ်၊ ညစဉ် လေ့ကျင့်ခဲ့သည်မှာလည်း အကြိမ်ကြိမ်အခါခါ။

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

ချမ်းလီကိုမြင်လိုက်သည်နှင့် ပရိသတ်အားလုံးလိုလို လက်ခုပ်တီး၍ အားပေးခြင်းဖြင့် ကြိုဆိုသည်။

လက်ခုပ်မတီးပဲ အခြေအနေကို လေ့လာအကဲခတ်နေသူများမှာ မိုးတိမ်နီဓားသမားကြီး ကျစွန်းအန်းနှင့်မိုးတိမ်နီဂိုဏ်းသားများပင်ဖြစ်လေသည်။

"ယခုအချိန်ကစပြီး တစ်ကိုယ်တော်သိုင်းသမား မိုးပျံဘီလူးမ ဂွာကုန်းနှင့် အညတရသိုင်းသမားကလေးချမ်းလီတို့ရဲ့ သိုင်းပညာ ယှဉ်ပြိုင်ပွဲ အားစမ်းပွဲကြီး စတင်ပါပြီ"

ဟု ဖူးမင်းသမီးကြီးက ကြေငြာလိုက်သည်နှင့် အချက်ပေးမောင်းသမားက မောင်းကိုထုချလိုက်သည်။

"ဒူ. . . ဝေ. . ဝေ. . ဝေ. . . ဝေ"

"ဝုန်း"

"ဝုန်း"

သိုင်းသမားနှစ်ဦးတိုက်ကွင်းထဲသို့ ကိုယ်ဖော့ပညာကို







အသုံးပြု၍ ကျွမ်းပစ်ဝင်လာခဲ့ကြလေသည်။

မိုးပျံဘီလူးမဂွာကုန်းက အနီရောင်ဖြူထည်ကို ဖြူထားသည်။

ချမ်းလီက သူ့ဖခင်စွန်ရဲချမ်းမိန်ပေးလိုက်သော စွန်ရဲအဖြူရောင်သိုင်းသမားပိုးဝတ်စုံကို ဝတ်ထားသည်။

တိုက်ကွင်းပေါ်သို့ရောက်သည်နှင့် ချမ်းလီက. . .

သိုင်းပြိုင်ပွဲနာယကကြီးများကို ဦးညွှတ်လိုက်ပြီး. .

"နာယကကြီးများခင်ဗျာ ကျွန်ုပ်ဟာအညတရသိုင်းသမားအမည်ကိုခံယူထားပေမယ့် ကျွန်ုပ်ဖခင်က နေပြည်တော်နန်းတွင်းအထောက်တော်ကြီးစွန်ရဲချမ်းမိန်ပါ၊ ကျွန်ုပ်ဆရာကတော့ဟောဒီမြင်ကြတဲ့အတိုင်းပဲ ရွှေတောင်ဖေးရသေ့ကြီးပိုင်ဖေ့ချမ်းပါခင်ဗျာ"

ပရိသတ်ကခုမှ ချမ်းလီ၏မျိုးရိုးကို သိသွား၏။

"ဩော်. . . ဒါ့ကြောင့်စွန်ရဲအဖြူရောင်ပိုးဝတ်စုံကို ဝတ်လာတာကိုး သူ့အဖေကိုကျွန်ုပ်သိတာပေါ့"

ပရိသတ်ထဲကစကားသံ. .

မိုးပျံဘီလူးမဂွာကုန်းက. .

"ဟေ့ . . ခုမှစကားရှည်မနေနဲ့ ဒါဟောပြောပွဲမဟုတ်ဘူး သိုင်းပညာယှဉ်ပြိုင်တဲ့ပွဲ" ဟုလှမ်းအော်ပြောလိုက်၏။

ချမ်းလီကမူ ဂရုမစိုက်။

"နာယကကြီးခင်ဗျား. . ကျွန်ုပ်နဲ့အခုယှဉ်ပြိုင်တိုက်ခိုက်မယ့် သိုင်းသမားရဲ့ကိုယ်ရေးရာဇဝင်အတိအကျသိပါရစေ သူဟာ ...း ဟုသိုင်းပြိုင်ပွဲနာယကကြီးများကို နံမည်ပြောင်းလဲပြီးစာရင်းပေး

သွင်းထားတယ်လို့ ကျုပ်ထင်နေမိလို့ပါ"

ထိုစကားကြောင့် အားလုံးလှုပ်လှုပ်ရှားရှားတွေဖြစ်ကုန်၏။

နတ်မီးခိုးဘိုးဘိုးကင်းရှစ်ထွာအန်က ရှေ့ထွက်လာကာ ဗိုကုန်အား

"ဟုတ်သလား" ဟုမေး၏။

ဗိုကုန်းငြိမ်နေသည်။

ချမ်းလီက. .

"သူဟာ ကျုပ်တို့အရပ်ကိုလာတုန်းက အဆိပ်ပန်းကြောင်နက်မဖြစ်ပါတယ်" ဟုဖွင့်ချလိုက်သောအခါ. .

"ဟာ. . အဆိပ်ပန်းကြောင်နက်မဆိုပါလား"

"ဩော်. . ဒီမိန်းမကနံမည်နှစ်မျိုးနဲ့ သိုင်းသမားပဲ"

နတ်မီးခိုးဘိုးဘိုးကင်းရှစ်ထွာအန်က ဆက်မေးလိုက်လေသည်။

"သူပြောတာအမှန်ပဲလား"

မိုးပျံဘီလူးမဗိုကုန်းမှာ အဖြေရခက်နေသည်။

သိုင်းလောကနာယကကြီးများဖြစ်နေကြသဖြင့် လိမ်ညာပြောရန်မသင့်။

ထို့ကြောင့်. .

ချမ်းလီအား မျက်စောင်းထိုး၍ကြည့်လိုက်ပြီး

"ဟုတ်တယ်. . ဟုတ်တယ်"

ဟုဒေါသသံဖြင့် ဖြေလိုက်လေသည်။

ထို့နောက် ချမ်းလီက. .

"နာယကကြီးများခင်ဗျာ လွန်ခဲ့တဲ့နှစ်က အဆိပ်ပန်း





ကြောင်နက်မဟာ ကျုပ်ဆီကပစ္စည်းတစ်ခုကို တိုက်တဆိုက်ခိုးယူသွားပါတယ် အဲဒီပစ္စည်းကိုအခု ကျုပ်ဒီပွဲမှာအနိုင်တိုက်ခိုက်ယူနိုင်ခဲ့ရင် ကျုပ်ကိုခွင့်လွှတ်ဖို့ ကြိုတင်တောင်းပန်ပါရစေ"

ဟုပြောသောအခါ ဖူးမင်းသမီးကြီးက

"ခွင့်ပြုပါတယ်" ဟုပြောလိုက်လေသည်။

မိုးပျံဘီလူးမဗိုကုန်းကမူ

"ဟား. . . ဟား. . . ဟား. . . မင်းလိုသာမည အညတရဓားသမားအစုတ်ပလုတ်က ဒီစကားမျိုးပြောတာအံ့ပါရဲ့"

ဟုပြောလိုက်လေသည်။

"ကျုပ်အကြောင်းကို ခင်ဗျားက ဘယ်လောက်အထိ သိထားလို့ ဒီလိုပြောနေရတာလဲ"

"ဟား. . . ဟား. . . ဟား. . . ဟား. . သေချင်တဲ့ ကျားပဲ. . ကဲ စကားမများနဲ့ ပွဲစနေပြီ"

ဟုပြောပြီး မိုးပျံဘီလူးမဗိုကုန်းက သံသေဓားကိုဆွဲထုတ်လိုက်၏။

"ရွှမ်း"

နောက်ဟန်ချက်အမှန်နဲ့ နေရာယူလိုက်သည်။

လျင်မြန်လိုက်သည်မှာ မပြောပါနှင့်တော့။

"ဝှစ်"

"ဟူး"

လျင်မြန်ခြင်းက အရိပ်ပင်မဲ့စေ၏။

သည်မှာ ချမ်းလီကလည်း ဖခင်စွန့်ရဲ့ချမ်းမိန် ပေးလိုက်သော ဓားတမန်ကိုနောက်ကျော၌ လွယ်ထားရာမှဆွဲထုတ်လိုက်လေ

သည်။

"ရှမ်း"

ဓားရောင်တွေဖွေးဖွေးလှုပ်နေလေပြီ။

ချမ်းလီသည် ရွှေတောင်ဝှေးရသေ့ကြီးပိုင်ဟွေချမ်းကို ဓားကိုင်လျက်ကန်တော့လိုက်သည်။

ထို့နောက်. . .

သုံးပါးအလက်ာသိုင်းကွက်. .

သုံးဆယ့်တစ်ကွက်မှ ကောင်းကင်သိုင်းကွက်တွေကို ဖွင့် လိုက်သည်။

"ဝှီး"

"ဝှီး"

"ဝှီး"

တစ်နေရာတည်း လှည့်နေသည့် လေပွေလေဆင်နှာ မောင်းကြီးရှေ့တွင် ကျရောက်နေသကဲ့သို့ပင်

"ဟူး"

"ဟူး"

"ဟူး"

အရိပ်တစ်ရိပ် မိမိတို့ရှေ့၌ကျရောက်နေသည်ဟုသာ ထင်ရ၏။

သို့နှင့်. . .

လေလှိုင်းများက ဘေးပတ်ပတ်လည်ကို ပင်လယ်လှိုင်းလုံး များကဲ့သို့ တစ်လုံးပြီးတစ်လုံး. . .

မိုးပျံဘီလူးမဝှာကုန်းမှာ ဆံပင်တွေအဝတ်အစားတွေ





အားလုံးတစ်ဖတ်ဖတ်လွင့်၍ နေသည်။

ဝှာကုန်းသည် နေရာကမရွေ့အောင် ထိန်းထားရသည့် အပြင် လက်ထဲကဓား လွတ်မသွားရန် ကြိုးစားနေရသည်။

"ဝှီး"

"ဝှီး"

"ဝှီး"

"ဝှီး"

လေလှိုင်းတွေ အထပ်ထပ်ရိုက်ပုတ်ပြီး ဝုန်းခနဲပေါက်ကွဲ သည့်အသံကြီးတစ်သံနှင့်အတူ ချမ်းလီဟုထင်ရသောအရိပ်တစ် ခုသည် အထက်မိုးကောင်းကင်သို့ မြောက်တက်သွားလေသည်။

မိုးပျံဘီလူးမဝှာကုန်းက အားကျမခံလိုက်တက်သွားလေ ၏။

အတက်လမ်းကြောင်းတစ်လျှောက် ဓားသံတွေဆူညံသွား ၏။

"ထန်"

"ထန်"

"ထန်"

တစ်နေရာတွင် ဝှာကုန်းဆက်မလိုက်နိုင်ပဲ ပြန်ဆင်း လာလေ၏။

## အခန်း (၁၉)

---

### သုံးပါးလက်ာသိုင်းကွက်စွမ်းရည်

ဤတိုက်ကွက်ကို တွေ့မြင်ရပြီဆိုကတည်းက. .

ဗွာကုန်းအမျိုးသမီးသည် ချမ်းလီကိုအထင်မသေးဝံ့တော့

"ဟင်း. . ဒင်းက ငါ့လက်ထဲရောက်နေတဲ့ သံသေတ္တာကို လိုချင်တယ်ပေါ့လေ ရမယ်အားကြီး"

မိုးပျံဘီလူးမဗွာကုန်းအမည်ခံ အဆိပ်ပန်းကြောင်နက်မ စိတ်ထဲတွင် ကျိတ်၍ပြောလိုက်လေသည်။

သို့နှင့်

သူသည် ရှေ့သို့ခုန်ထွက်ကာ. .

"ယား"

"ဝှီး. . ဝှီး"

"ဖြောင်း. . ဖြောင်း"

မိုးပျံဘီလူးမ ဗွာကုန်းသည် အမျက်ဒေါသတွေကို





ထိန်းချုပ်မရသည့်အဆုံး. .

သံသေတ္တာကို ဆုပ်ကိုင်ထားသောလက်ကို စုစည်းထားသော အတွင်းအားများဖြင့် အားမာန်သွင်း၍ ခုတ်ချလိုက်လေသည်။

"ထန်"

ချမ်းလီ၏ ရင်ဝသို့သံသေတ္တာကတည့်တည့်ကြီး ပြေးဝင်သွား၏။

"ဟာ. . သွားပြီ"

ပရိသတ်ထဲက အသံတစ်သံ

သုံးပါးအလက်ာသိုင်းကွက် သုံးဆယ့်တစ်ကွက်ထဲက မြေကြီး သိုင်းကွက်တစ်ကွက်ဖြစ်သည်။

"အံ့တုမယှဉ်သာ ပံသုမြေလွှာ သိုင်းကွက်တစ်ကွက်ပါပေ"

ထောက်ပင့်၍ခံလိုက်သည်မှာ မြန်လွန်း၍မည်သို့ လှုပ်ရှားလိုက်သည်ကိုပင်မသိ. .

လက်ထဲကဓား ကန့်လန့် ခံလျက်သားဖြစ်သွားလေသည်။

"ထန်"

လက်နက်နှစ်ခု အပြင်းအထန်ထိခတ်ရာမှ ထန်ပွဲသော အသံတစ်သံပေါ်ထွက်လာသည်။

သိုင်းသမားနှစ်ယောက်စလုံး အနောက်ဘက်သို့ ခြေလှမ်း သုံးလှမ်းစီ လွင့်၍သွားလေသည်။

မိုးပျံဘီလူးမဗွာကုန်း ဤသို့ခံလိုက်ရသည်မှာ မကြုံစဖူး တုန်လှုပ်သွားလေသည်။

"ကျုပ်မှာရှိတဲ့ သိုင်းစွမ်းရည်ကို မြည်းစမ်းကြည့်မိပြီ မဟုတ်လား ကျုပ်ဆီက ခိုးသွားတဲ့သံသေတ္တာကို ကျုပ်လက်ထဲပြန်

အဝ်ဖို့သာပြင်"

"ရာရာစစ ငါလိုလူကိုမှ ပြောရက်ပလေ"

မိုးပျံဘီလူးမဝှာကုန်းအမျိုးသမီးကြီးသည် ပြောပြောဆိုဆို

"ဟိတ်"

ဟုအော်ဟစ်ကာ အလျားလိုက်ခုန်ဝင်တိုက်ခိုက် လေတော့၏။

"ဝှစ်"

"ဝှစ်"

"ဗြိုး"

"ဟူး"

"ထန်..ထန်..ထန်"

ဝှာကုန်းအမျိုးသမီးကြီး ထိုးစစ်ဆင့်နေစဉ်..

ချမ်းလီကခံစစ်ပြုလျက် နောက်သို့မသိမသာဆုတ်ပေးလိုက်သည်။

ရွှေတောင်ဝေ့းရသေ့ကြီးပိုင်ဖေ့ချမ်းက တပည့်ချမ်းလီ၏သိုင်းကွက်တွေကို မျက်ခြေမပြတ်ကြည့်နေသည်။

ကွာဖုန်းယုက ရင်ဖိုနေသည်။

ချမ်းလီအတွက် စိုးရိမ်စိတ်တွေပိုနေသည်။

စွန်ရဲမားနှင့် သံသေဘာတိုက်ခိုက်သံမှာ တဝှစ်ဝှစ် တထန်ထန်၊ တဝှန်းဝှန်း၊ တဖြောင်းဖြောင်း။

မိုးပျံဘီလူးမ ဝှာကုန်းအမည်ရှိ အဆိပ်ပန်းကြောင်နက်မသည် ချမ်းလီကို အလွယ်တကူအနိုင်တိုက်ခိုက်နိုင်လိမ့်မည်ဟု တွက်ထားလေရကား...







အခုလိုမိမိကိုယ်တိုင် တစ်ကွက်အမှားမခံဖြစ်လာရသောအခါ စိတ်ထဲစနိုးစနောင့်ဖြစ်လာသည်။

မိမိလို သံသေဘားမျိုးကိုင်ဆောင်ထားသူ သိုင်းသမား၏အခြေအနေသည် ဤသို့သောပုံမျိုး လုံးဝမဖြစ်သင့်။

"ဝှစ်"

"ဝှစ်"

"ထန်"

"ထန်"

ဝှာကုန်းအမျိုးသမီးကြီးသည် မိမိသိုင်းကွက်များကို သုံးသပ်လို၍အချိန်ဆွဲပြီး တိုက်ခိုက်နေလိုက်သည်။

အကွက်သုံးဆယ်ကျော်ပြီ

"ချမ်းလီကို ရွှေတောင်ဝေ့းရသေ့ကြီးပိုင်ဖေ့ချမ်းက အတွင်းအားတွေဖြည့်ပေးနေရော့သလား"

နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်၊ ရွှေတောင်ဝေ့းရသေ့ကြီးပိုင်ဖေ့ချမ်း၏ မျက်နှာမှာ အလွန်တည်ကြည်နေသည်။

ကွာဖုန်းယုသည်သာ လှုပ်လှုပ်ရှားရှား ပြူးပြူးကြောင်ကြောင်...

"ဗြိုး"

"ဗြိုး"

"ထန်"

မိုးပျံဘီလူးမဝှာကုန်းမှာ ချမ်းလီ၏ သုံးပါးလက်ဘသိုင်းကွက်များကို ယှဉ်ပြိုင်တိုက်ခိုက်ရာတွင် ထူးထူးခြားခြား အားကုန်၍ ယိမ်းယိုင်လာ၏။

"ဒီကောင်စုတ်ကလေး ငါ့ကို အောက်လမ်းသိုင်းပညာကို သုံးနေသလား"

သံသယစိတ်ပင်ဗုာကုန်းစိတ်အစဉ်ကို လွှမ်းမိုးလာလေသည်။

ပရိတ်သတ်ကား ဤပွဲစဉ်ကို မူလကတည်းက စိတ်ဝင်စားခဲ့လေရကား. . .

အခုလို ထူးထူးကဲကဲ အခြေအနေတွေပေါ်ပေါက်လာသော အခါ မျက်တောင်ကားမခတ် ခန္ဓာကိုယ်မလှုပ်. . .

"နာယကကြီးများကအစ ဗုာကုန်းနှင့်ချမ်းလီတို့ သိုင်းပြိုင်ပွဲကို အထူးစိတ်ဝင်စား၍ နေလေသည်။

ထိုအခိုက်. . .

မိုးပျံဘီလူးမဗုာကုန်းသည် အဆိပ်ပန်းကြောင်နက်မလည်းဖြစ်သည်နှင့်အညီ လက်တစ်ဘက်ကို ခါရမ်းလိုက်လေသည်။

"ဂုစ်"

"ဂုစ်"

"ဂုစ်"

အဆိပ်ပန်းပွင့်များ တန်းစီလျက် ပြေးထွက်သွားသည်။ အားလုံး ချမ်းလီ၏ခေါင်းပိုင်းကိုယ်ပိုင်း

ပြီးတော့. . . အောက်ပိုင်း

"ထန်"

"ထန်"

"ထန်"

ချမ်းလီသည် သုံးပါးလက်ာသိုင်းကွက်သုံးဆယ့်တစ်ကွက်ထဲ



မှ မြေတွင်းအားသိုင်းကွက်ကို ထုတ်သုံး၍ ခုခံကာကွယ်လိုက်သည်။

"ဝုန်း"

"ဝုန်း"

"ဝုန်း"

မြေကြီးများအတွင်းမှ မီးတောက်ငယ်များ ပေါက်ကွဲ ထွက်သလို တဝုန်းဝုန်းပေါ်ထွက်လာခြင်းဖြင့် အဆိပ်ပန်းလက်နက်ပုန်းများ မီးလောင်ပြာကျသွားလေသည်။

အံ့မခန်းသိုင်းကွက်များပါကလား။

ကောင်းလိုက်သည့်သိုင်းကွက်များ

ထို့နောက်

ချမ်းလီက အထက်သို့ ခုန်ပျံတက်လိုက်သည်။

"ယား"

"ဗိုး" ဗုာကုန်းသည်လည်း နောက်မကျစေရ။

"ယား" အထက်သို့ ခုန်ပျံတက်၏။

"ဂုစ်" "ဂုစ်" "ဂုစ်"

"ထန်" "ထန်" "ထန်"

ဓား ဓားချင်းထိခတ်သံများ တိုက်ကွက်ပေါ် ပြန်ရောက်လာသည်။

ချမ်းလီက စွန်ရဲဓားကို မြေမှာ စိုက်လိုက်သည်။

ဗုာကုန်းက အခွင့်အလမ်းဟု တွေးထင်ပြီး မိုးဓားဖြင့် ခုတ်ချ၏။

"ဂုစ်" "ဟူး"

"ဖျပ်"

အံ့ဩစရာပင်. . .

ချမ်းလီသည် သုံးပါးလက်ာသိုင်းကွက်များမှ ကောင်းကင်ယံ တိမ်လွှာဖမ်းစား သိုင်းကွက်ဖြင့် သံသေတ္တာကို အမိအရ လက်ဝါးနှစ်ဖက်ဖြင့် ဖမ်းလိုက်လေသည်။

ဝှာကုန်းသည် သံသေတ္တာကို ဆွဲနှုတ်နေသည်။ မရ။

လုံးဝမရတော့။

ဝှာကုန်းအမျိုးသမီးကြီးခမှ တကယ်ပဲတုန်လှုပ်လာ၏။

မျက်နှာပေါ်မှာ သွေးမရှိတော့ ဖြူဖတ်ဖြူရော်

မိုးပုံဘီလူးမဝှာကုန်းအမည်ခံ အဆိပ်ပန်းကြောင်နက်မမှာ. . . မိမိကိုယ်မိမိ အားကုန်နေမှန်း သိလာသည်။

ချမ်းလီ၏ ဖမ်းချုပ်ထားသည့် အားကိုပင်လျှင် သူမသည် ရုန်းထွက်မရဖြစ်နေသည်။

မိုးပုံဘီလူးမဝှာကုန်းသည် မိမိလက်ထဲက သံသေတ္တာကို ပြန်လည်ဆွဲယူ၍ မရလျှင်မဖြစ်၊ မရရအောင် ဆွဲယူရပေမည်။

"ဟိတ်"

"ယား"

သို့သော်. . .

ဝှာကုန်းအမျိုးသမီးကြီး မိမိတ္တာကို ဆွဲယူမရတော့ပြီ။

ထို့ကြောင့်. . .

အတွင်းအားကို အပြင့်ဆုံးစုစည်း၍ သံသေတ္တာကို ဆွဲယူလိုက်၏။

"ဝုန်း"

အားနှစ်အားဆွဲဖြတ်သကဲ့သို့ ဖြစ်သွား၏။





ဝှာကုန်းအမျိုးသမီးကြီးကား သံသေတ္တာကို လွှတ်ထွက်ပြီးသူ့အတွင်းအားနှင့်အတူ နောက်သို့ လွင့်သွားလေတော့၏။

သည်မှာ ချမ်းလီသည်လည်း သံသေတ္တာကို အရှိုးဘက်မှ လှည့်ကိုင်လိုက်ပြီး တိုက်ကွင်းအပြင်သို့ ခုန်ပျံ၍ ထွက်ခဲ့ပါလေတော့၏။

ဝမ်ဟုံသိုင်းပြိုင်ပွဲကြီးကား ဆူဆူညံညံ လှုပ်လှုပ်ရှားရှား။

* * *

## အခန်း (၂၀)

---

### မိုးတိမ်နီဂိုဏ်း၏ လှုပ်ရှားသံ

သိုင်းပြိုင်ပွဲ အနိုင်အရှုံး အကဲဖြတ်အမှတ်ပေးသူ သိုင်းပညာရှင်ကြီးများက မကြေငြာမီ. . .

ချမ်းလီတိုက်ကွင်းအတွင်းမှ ခုန်ပျံ၍ ထွက်ခွာသွားခြင်းနှင့်ပတ်သက်၍ နာယကကြီးများက ဘဝင်မကျဖြစ်နေကြသည်။

ထို့ကြောင့်. . .

ရွှေတောင်ဝေး ရသေ့ကြီးပိုင်ဖေ့ချမ်းကို နာယကကြီးများက ဆင့်ခေါ်၍ သွားတွေ့သည်။ ပိုင်ဖေ့ချမ်းက. . . .

"ကျုပ်တပည့်ချမ်းလီဟာ နာယကကြီးများကို မလေးမစားလုပ်ခဲ့တာမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် ဒီအမျိုးသမီး သူဆီက သံသေတ္တာကို ခိုးယူသွားတဲ့အတွက် သူဟာ မိုးပျံဘီလူးမဟာကုန်းကို အနိုင်တိုက်ပြီး သူ့ပစ္စည်းကို ပြန်ယူသွားရမယ်ဆိုတဲ့ အကြောင်း. . .

ချမ်းလီဟာ အခု နာယကကြီးများကို ပြိုင်ပွဲတိုက်ကွင်းပေါ်



ကို တက်လာပြီးခြင်း ခွင့်တောင်းခဲ့ပါတယ်။ ဒီလိုချမ်းလီပြုမူဆောင်ရွက်ခဲ့တဲ့အတွက် ချမ်းလီရဲ့ အမှတ်မထင်ပြုဆောင်မိတာနဲ့ ပတ်သတ်လို့ ခွင့်လွှတ်သင့်ပါတယ်" ဟု ရှင်းလင်းတင်ပြလိုက်သဖြင့် ာယကကြီးများက ချမ်းလီအား ကျေနပ်ပြီး ဖြစ်သည်။

သို့ပါလျှက်. . .

ကျစွန်းအန်းအဘိုးအိုက မကျေမနပ်ဖြစ်နေသည်။

ကျစွန်းအန်းမှာ မိုးတိမ်နီဂိုဏ်းချုပ်ကြီးတစ်ဦး ဖြစ်နေသည်။

ထို့ကြောင့် ကျစွန်းအန်းသည် လောက်ရှံထံမှ ဤသံသေ ာ: အကြောင်းကို သိရှိထားလေရကား. . .

သူများပစ္စည်းဟူသော အသိကို တွေးမိလေဟန်မတူ။

မိမိပိုင်ဓားတစ်လက်ဟု သတ်မှတ်နေသည်။

အဖိုးအိုကျစွန်းအန်းသည် သံသေဓားအကြောင်းသိတန်သလောက် သိထားသူဖြစ်သဖြင့်. . . .

ဤသံသေဓားအပေါ်တွင် အခြားသူများထက်ပို၍ တန်ဖိုးထားနေပါလေတော့၏။ ထို့ကြောင့်. . . .

ကျစွန်းအန်းသည် မိုးတိမ်နီဂိုဏ်း၏ ဂုဏ်သိက္ခာကိုပင် ေစောင့်ထိန်း မိမိတို့အလှည့် ပွဲစဉ်များကိုပင် ဂရုမစိုက်တော့. . .

"လောက်ရှံ ချွန်းနီနဲ့ ဂုစန်းအခုဟို မိုးပျံဘီလူးမဟာကုန်းရဲ့ အခြေအနေက ဘယ်လိုလဲ"

ဟု မေးလိုက်သောအခါ လောက်ရှံက ဝင်ဖြေသည်။

"မိုးပျံဘီလူးမဟာကုန်းကို သိုင်းလောကနာယကကြီးများက ခေါ်ထားတယ်လို့ ကြားပါတယ်" လောက်ရှံက ပြောလေသည်။

ချွန်းနီကလည်း. . .

"ချမ်းလီနဲ့ တိုက်ခိုက်တုန်းက အတွင်းဒဏ်ရာရသွားတယ်လို့လဲကြားပါတယ်" ဟု ဖြည့်စွက်ပြောလေသည်။

ဂှာစန်းက. . .

"ဆေးကု ပေးမလို့ထင်ပါတယ်" ဟု ပြောလေရာ

လောက်ရှံက. . .

"ဟုတ်မယ်မထင်ပါဘူး။ အတွင်းဒဏ်ရာလဲ ရမယ်မထင်ပါဘူး။ အတွင်းဒဏ်ရာရတယ်ဆိုရင် အနည်းအကျဉ်းရမှာပါ"

ဟု ပြောပြန်ရာ

မိုးတိမ်နီဂိုဏ်းချုပ်ကြီးကျစွန်းအန်းမှာ ဘယ်သူ့စကားကို အတည်ယူရမှန်းမသိဖြစ်သွားလေတော့၏။

ကျစွန်းအန်းသည် ခေါင်းကို ခါယမ်းလျက် လက်ကိုလည်း တန်းကာ. . .

"တော််ပြီဟေ့. . . တော်ပြီ မင်းတို့စကားနဲ့ မင်းတို့ ရှုတ်ကုန်ပြီ ထပ်မရှင်းနဲ့တော့ ပိုပြီးရှုတ်လာဖို့ပဲရှိတော့တယ်"

ဟု အမျက်သိုသိုနှင့် ပြောလိုက်လေသည်။

မိုးတိမ်နီဂိုဏ်းမှာ အစကတည်းက ဝမ်းဟုံတောင်ကုန်းပေါ်တွင် တက်၍ စခန်းချခဲ့သည်မဟုတ်။

မိမိတို့သွားလိုရာ သွားလို့ရသောအခြေအနေမှာ ရှိနေသည်။ ထို့ကြောင့်လည်း. . .

ကျစွန်းအန်းက ဟစ်စုံတစ်ရာကို အလေးအနက်ထားပြီးနောက် လောက်ရှံအား. . .

"လောက်ရှံ" ဟု ခေါ်လိုက်သည်။



ထိုအချိန်တွင် ချွန်းနီနှင့် ဂှာစန်းတို့မှာ စခန်းတဲအိမ်အပြင်သို့ ရောက်နေကြပြီ။

အပြင်တွင် မိုးတိမ်နီဂိုဏ်းသားများနှင့် စကားလက်ဆုံ ကျနေကြပြီဖြစ်သည်။

ဝမ်းဟုံသိုင်းပြိုင်ပွဲအတွေ့အကြုံများကို ပြန်လည်ပြောဆိုနေကြခြင်းပင်။

"ဟုတ်ကဲ့ဆရာကြီးအန်း ဘာပြောချင်လို့လဲ ပြောပါခင်ဗျာ"

ဂိုဏ်းချုပ်ကြီးကျစွန်းအန်းက တစ်စုံတစ်ရာပြောမည့်ဟန်ပြင်ပြီး ဆက်မပြောပဲ လုပ်နေသဖြင့်. . .

တပည့်ဖြစ်သူလောက်ရှံက အားမလိုအားမရဖြစ်ကာ လောဆော်လိုက်ခြင်း ဖြစ်သည်။ သည်တော့မှ. . .

ဂိုဏ်းချုပ်ကြီးကျစန်းအန်းက. . .

"ဒီလိုကွယ့်"

စကားကို အစချီလေသည်။

လောက်ရှံမှာကား သိလိုလှပြီ။

ဂိုဏ်းချုပ်ကြီးကျစွန်းအန်းက သူ့စိတ်ဆန္ဒတွေကို တပည့်လောက်ရှံအား ပြောပြလိုက်လေသည်။

တပည့်ဆိုတာမျိုးက ဆရာပြောသည်ကို နားထောင်ရသည်သာ မကျေနပ်သည်ဖြစ်စေ၊ ကျေနပ်သည်ဖြစ်စေ ပြန်လည်ချေပ၍ အချေအတင်ပြောရန်မသင့် ပြောချင်လည်း နောက်မှ အချိန်ယူ၍ အကြောင်းအကျိုးဆက်စပ်တင်ပြပြီး ပြောရမည်မဟုတ်ပါလား။

ထို့ကြောင့်. . .

လောက်ရှုံက ဂိုဏ်းချုပ်ကြီးကျစွန်းအန်းပြောသမျှ ခေါင်းညိတ်လိုက်သည်။

မိမိတို့ လက်ချွေးစင် တိုက်ဖော်တိုက်ဖက်တွေကြား ရောက်မှ ဂိုဏ်းချုပ်ကြီး ကျစွန်းအန်းပြောသမျှကို ဖောက်သည်ချလိုက်သည်။

ချွန်းနီကစ၍

"ချမ်းလီကို လိုက်တိုက်ဖို့ဆိုတာကမလွယ်ဘူး။ ဘာဖြစ်လို့လဲဆိုရင် ချမ်းလီလက်ထဲ သံသေမားရောက်နေလို့ပဲ"

ဟု ပြောလေသည်။

ဗှာစန်းက ချွန်းနီပြောနေသည်ကို ခေါင်းတညိတ်ညိတ်နှင့် ထောက်ခံရင်း. . .

"ချွန်းနီပြောတာ မှန်တယ် သံသေမားရဲ့ အစွမ်းကို တို့လဲ အမြင်ပဲ အခု မိုးပျံဘီလူးမ ဗှာကုန်းလက်ထဲက သံသေမားကို ဒီကောင်ပြန်ယူသွားနိုင်တာဟာ တို့မသိနိုင်တဲ့ လျှို့ဝှက်ချက်တစ်ခုကြောင့်ဖြစ်လိမ့်မယ်" စကားဖြင့် ဖြည့်စွက်လေသည်။

ဗှာစန်းကာ. . .

"နောက်တစ်ချက်က ချမ်းလီဟာသူတစ်ယောက်တည်းလာတာမဟုတ်ဘူး။ ရွှေတောင်ဇော့ရသေ့ကြီးပိုင်ဖေ့ချမ်း နောက်က လိုက်လာတာ" ဟု ပြောလိုက်လေရာ. . .

လောက်ရှုံက. . .

"အခုကိစ္စတွေမှာ ရွှေတောင်ဇော့ရသေ့ကြီးပိုင်ဖေ့ချမ်းရဲ့ အထောက်အကူတွေမပါဘူးလို့ မပြောနိုင်တာကတော့ အမှန်ပဲ. . ."



"ပိုင်ဖေ့ချမ်းရသေ့ကြီးဟာ သိုင်းလောကရဲ့ နာယကကြီးတစ်ဦးပဲ မဟုတ်လား။ သူ့ဩဇာတွေ ဒီပွဲမှာ မပါဘူးလို့ ပြောမလား"

ချွန်းနီက ပြောလေသည်။

"ဒီ ရသေ့ကြီးမှာ နေမီးလျှံ သိုင်းကွက်တွေရှိနေတယ်ဆိုတာကိုလဲ ကျုပ်တို့က ကရုမထားလို့ မရဘူးထင်တယ်"

ဟု ပြောနေစဉ်မှာပင် မိုးတိမ်နီဂိုဏ်းချုပ်ကြီး ကျစွန်းအန်းအနီးသို့ ရောက်ရှိလာလေသည်။

လောက်ရှုံသည် ဂိုဏ်းချုပ်ကြီးကျစွန်းအန်းကို တွေ့လိုက်ရသောအခါ ရင်ထဲထိတ်၍ သွားလေသည်။

မိမိတို့ စကားတွေက တစ်ဘက်ရန်သူကို အလေးထား၍ ပြောမိသည်မဟုတ်လား။ သို့သော်. . .

ဂိုဏ်းချုပ်ကြီးကျစွန်းအန်းက တစ်ချက်ပြုံးလိုက်ကာ

"ပိုင်ဖေ့ချမ်းမှာ နေမီးလျှံသိုင်းကွက်တွေရှိသလို ငါ့မှာလဲ အဲဒီလို အပူလွန်သိုင်းကွက်တွေကို ကောင်းကောင်းချေဖျက်နိုင်စွမ်းတဲ့ ရေခဲနှင်းမှုန်သိုင်းကွက်တွေ ရှိပါတယ် ဒီလောက် စိုးရိမ်စရာမဟုတ်ပါဘူး" ဟု ပြောပြီး သစ်မြစ်ဆုံကြီးတစ်ခုပေါ်တွင် ထိုင်လိုက်လေသည်။

လောက်ရှုံ ချွန်းနီနှင့် ဗှာစန်းတို့မှာ ဘာမျှမပြောသာတော့ တုတ်တုတ်မျှမလှုပ်။ ငြိမ်သက်လျှက်. . . .

"ဒါပေမယ့် အခုမင်းတို့ပြောတာကို ငါလက်ခံပါတယ် ငါခုနက လောက်ရှုံကို ပြောဖြစ်သွားတာကလဲ ဆန္ဒစောသွားလို့ပါ"

ဟု ဂိုဏ်းချုပ်ကြီး ကျစွန်းအန်းကပြောလာတော့မှ တပည့်သုံးယောက် ခေါင်းထောင်ဝံ့တော့သည်။

"မှန်တယ် လောလောဆယ်လိုက်တိုက်လို့ မဖြစ်သေးဘူး ပိုင်ပေါ့ချမ်းရသေးကြီးနဲ့ သူတို့လမ်းခွဲသွားတဲ့အချိန်ကျမှသာ တို့အစ် အစဉ် ကြေတာပေါ့" ထိုအခါ. . . လောက်ရှံက. . .

"ဒီအတောအတွင်း သူတို့ဘယ်သွားတယ် ဘယ်လာတယ် ဆိုတာ ဘာတွေလုပ်နေတယ်ဆိုတာကိုတော့ သိဖို့လိုလိမ့်မယ် ထင်တယ် ဂိုဏ်းချုပ်ကြီး" ဟု အကြံပေးလေသည်။

"ဒါကလွယ်ပါတယ် မင်းတို့ထဲက တစ်ယောက်ယောက် တာဝန်ယူပြီး နောက်ယောင်ခံလိုက်နေလိုက်ရုံပဲပေါ့"

"ဟုတ်ကဲ့ပါ. . . ဂိုဏ်းချုပ်ကြီး"

ထို့နောက်. . .

ဤအကြောင်းအရာကိုပဲ ဂိုဏ်းချုပ်ကြီးကျစွန်းအန်းနှင့် တပည့်သုံးယောက်အသေးစိတ် ဆက်လက်ပြောဖြစ် ကြလေသည်။

* * *





## အခန်း (၂၀)

## ဆိုင်းလောက၏ ခြေသံများ

ရောက်ရှိလာသော နေရာမှာ ယန်ဆမ်းမြို့ကလေးဖြစ် သည်။

အတန်အသင့်စည်ကားသော မြို့တစ်မြို့ ဖြစ်နိုင်သည်။

ညဦးပိုင်းအချိန်မှာတော့ လူသွားလူလာနည်းသည်။

ချမ်းလီနှင့် ကွာဖုန်းယုတို့သည် ဆိုင်းဘုတ်ရေးမထားသော လမ်းဘေး ထမင်းဆိုင်တစ်ဆိုင်သို့ ဝင်လိုက်စဉ်. . . .

လူကြီးတစ်ဦး မိမိတို့နှင့် မရှေးမနှောင်းရောက်ရှိလာသည် ကို ချမ်းလီတို့ သတိထားလိုက်မိလေသည်။

"ကျုပ်တို့ ထမင်းဆိုင်မှာ တည်းခိုလို့တော့ ရပါတယ် ဒါပေမယ့် အခန်းမကောင်းဘူး"

ဟု ဆိုင်ရှင်လင်မယားက ပြောလေသည်။ ချမ်းလီက. . .

"ရပါတယ် ကျွန်တော်တို့က တစ်ညနှစ်ညအလွန်ဆုံးတည်း ခိုကြမှာပါ" ဟု ပြောလိုက်သဖြင့်. . .

အခန်းအတွက် အဆင်ပြေသွားလေသည်။

အမှန်စင်စစ်. . .

ထမင်းဆိုင်ဆိုသော်လည်း ယခင်က တည်းခိုဆောင်ကြီး တစ်ဆောင်ဖြစ်နိုင်သည့် အခန်းဆောင်တွေအတော်များသည်။

သို့သော်လည်း. . .

ရှေးခေတ်အဆောက်အဦးကြီးတစ်ခုဖြစ်သည်။ အချို့ အစိတ်အပိုင်းများ ပျက်စီးချတ်ယွင်းနေသည်။

ဘုံဆောင်အမိုးများကြားတွင် ခိုများ အသိုက်လုပ် နေကြသဖြင့် ခိုပြီးသံများလိုလို ကြားနေရတတ်၏။

ချမ်းလီကား သံသေတားကို ဓားအိမ်မှာပဲ ထည့်သွင်း၍ နောက်ကြောတွင် လွယ်ထားသည်။

ဓားအိမ်ရှိ သုံးပါးလက်ာသိုင်းကွက် သင်္ကေတများကိုမူ ဆေးအနီဖြင့် ပြန်လည်ဖုံးကွယ်ထားသည်။

မိမိတို့ ညစာစားနေစဉ် မိမိတို့ နောက်ကဝင်လာသော ကျေးတောသား အင်္ကျီဝတ်စုံနှင့် ထိပ်ပြောင်ပြောင်လူကြီးသည် တစ်နေရာမှ မိမိတို့အား အကဲခတ်နေကြောင်း ချမ်းလီသိလိုက်သည်။

ကွာဖုန်းယုက ချမ်းလီအား လက်တို့၍ အသံကို အုပ်ကာ

"သံမဏိလက်ညှိုး ရှုတုံးဖြစ်နိုင်တယ် ချမ်းလီ"

ဟု ပြောလိုက်လေသည်။

ချမ်းလီတို့ထမင်းစားနေစဉ်မှာပဲ အသံတစ်သံကို ကြားလာရ၏။

"ဒေါက်. . . ဒေါက်"

အသံမှာ ကြမ်းပြင်ကို ကျိုင်းထောက်နှင့် ထောက်သောအသံ





ဖြစ်နေသည်။

သည်ကတည်းက. . . ချမ်းလီက ကွာဖုန်းယုအား. . .

"အနောက်ဘက် တိမ်မိုးကြိုးဂိုဏ်းချုပ် ရွှေကျိုင်းထောက် ဘွားဘွားကျုံးထန်ယင် ဖြစ်နိုင်တယ်"

ဟု ပြောလိုက်လေသည်။ မှန်သည်။

ထမင်းဆိုင်ထဲဝင်လာသူမှာ ဘွားဘွားကျုံထန်းယင်ပင် ဖြစ်နေသည်။

ထမင်းဆိုင်ရှင် လင်မယားနှစ်ဦးတို့မှာ အတွေ့အကြုံပိုရှိပုံရသည်။ ဘွားဘွားကျုံထန်းယင်ကို တွေ့လိုက်ရကတည်းက. . .

သိုင်းပညာရှင်ကြီးတွေမှန်းသိပုံရသည် တလေးတစား ဆက်ဆံ၏။ လိုအပ်သမျှအကုန်လုပ်ပေး၏။ ကွာဖုန်းယုက. . .

"ချမ်းလီ အခြေအနေမကောင်းဘူး ငါတို့နောက်ကို ဂိုဏ်းချုပ်တွေနဲ့ တစ်ကိုယ်တော်သိုင်းသမားတွေ စုပုံလိုက်နေပြီမှတ်တယ်"

ဟု ပြောလေသည်။

"ငါလဲထင်တယ် အခြေအနေအရပဲပေါ့ ကဲ မြန်မြန်စား အိပ်ခန်းကို သွားကြစို့"

ထို့နောက်. . .

ချမ်းလီနှင့် ကွာဖုန်းယု ထမင်းဖိုးရှင်းပေးပြီး အိပ်ခန်းဘက် လျှောက်လာခဲ့ကြသည်။ အမှန်မှာ. . .

ချမ်းလီတို့နှင့်အတူ ရွှေတောင်ဝှေးရသေ့ကြီး ပိုင်ပျော့ချမ်းနှင့် အတူ မြန်ရန်ပင် ရသေ့ကြီး ပိုင်ပျော့ချမ်းက. . .

အစီအစဉ်ကို ပြောင်းလိုက်သည်။

"ငါမလိုက်တော့ဘူး မင်းတို့ပဲ မြန်ကြပေတော့"

ပြောပြီး ဝမ်းဟုံသိုင်းပြိုင်ပွဲကြီးမှာ နေခဲ့သည်။

အိပ်ခန်းသို့ မရောက်မီ မန်းမဝေးမှာ လူရိပ်တစ်ရိပ် ဖြတ်သွားသည်ကို ချမ်းလီရော ကွာဖုန်းယုပါ တွေ့လိုက်သည်။

"ဘယ်လိုလဲ ချမ်းလီ ငါလိုက်သွားရမလား"

"မလိုက်နဲ့ ကွာဖုန်းယု အပိုပဲ ဒီညငါတို့သတိရှိနေဖို့ပဲလိုတယ်"

"လိုက်လာတဲ့လူတွေကမနည်းဘူး အခုဘဲ သံမဏိလက်ညှိုးရှတုံးနဲ့ ဘွားဘွားရွှေကျိုင်းယောက် ကျူထန်ယင်တို့ကို တွေ့ရတယ် မဟုတ်လား"

"ခုနကတွေ့လိုက်ရတဲ့ လူရိပ်ဟာ မိုးပျံဘီလူးမဝှာကုန်းများလားမသိဘူး"

"မပြောနိုင်ဘူး"

"မိုးတိမ်နီဂိုဏ်းသားတွေ ဝမ်းဟုံတောင်ပေါ်မှာတုန်းကငါ့တို့နောက်က လိုက်လာတာမင်းတွေလား ကွာဖုန်းယု"

"တွေ့သားပဲ ဆက်လိုက်မလာလို့သာပေါ့"

ထို့နောက်. . .

အိပ်ခန်းဆောင်ထဲရောက်လာခဲ့လေသည်။

အိပ်ခန်းဆောင်ထဲရောက်သောအခါ လူတစ်ယောက်ခေါင်းမြီးခြုံ၍ အိပ်နေသည်ကို တွေ့လိုက်ရပြန်၏။

အိပ်ခန်းဆောင်မှာ မည်သူမဆို တည်းခိုနိုင်ရုံမက။

လူများများတည်းခိုနိုင်ရန်အတွက် အခန်းကန့်မထားပဲခန်းမကြီး သဘောမျိုးလုပ်ထားလေရကား မိမိကြိုက်နှစ်သက်သည့်နေရာကို ကြိုက်သလို နေနိုင်ခွင့်ရှိသည် မဟုတ်ပါလား။





"ဒီလူက ဘာဖြစ်လို့ စောင်ကို ခေါင်းမြီးခြုံအိပ်နေရတာလဲမသိဘူး"

"ဖျားနေသလား မသိဘူး ချမ်းလီ"

"မြီးသံကြားလို့လား၊ အပြင်ဘက်မှာ ခိုတွေငြီးနေတာပါ အိပ်နေတဲ့ လူငြီးနေတာမဟုတ်ပါဘူး" ထိုအခိုက်. . .

စောင်ခေါင်းမြီးခြုံထား၍ အိပ်နေသူက စောင်ကို လှပ်လိုက်လေသည်။

အိပ်နေသူမှာ အမျိုးသားမဟုတ်၊ အမျိုးသမီးတစ်ဦး ဖြစ်သည်။ အသက်မှာလည်း ကြီးလှဟန်မတူ သူမကို ချမ်းလီသိသည်။

ရွှေတောင်ဝှေးရသေ့ကြီး ပိုင်ဟွေ့ချမ်းနှင့် ရင်းနှီးသူ ဖြစ်သည်၊ သူမ၏ ဆရာသည် ရသေ့ကြီးပိုင်ဟွေ့ချမ်းနှင့် ဂိုဏ်းတူညီအစ်ကိုများ ဖြစ်သည်ဟု ဆိုသည်။

သူမကား အခြားသူမဟုတ်၊ ကျားခြသေ့ဂိုဏ်း ရေခဲတောင်သခင်မ ရှင်ကျိဝေပင်. . .

ချမ်းလီက ရေခဲတောင်သခင်မရှင်ကျိဝေအနီးသို့ လျှောက်သွားပြီး တင်ပျဉ်ခွေထိုင်ချလိုက်သည်။

ကွာဖုန်းယုကတော့ နေရာထိုင်ခင်းချနေသည်။

"ရေခဲတောင်သခင်မရှင်ကျိဝေ မဟုတ်လား ခင်ဗျာ"

ချမ်းလီက တင်ပျဉ်ခွေထိုင်လိုက်ပြီးခြင်း နံမည်ကို ဖော်ပြ၍ မိတ်ဆွေဖွဲ့လိုက်လေသည်။

ခုလိုအချိန်. . . . လူတိုင်းကို ရန်မပြုလို၍ဖြစ်သည်။

"ကျုပ်နာမည်ကို မောင်လေးက သိနေပါလား ဘယ်သူကပြောလို့လဲ"

"အဘရသေ့ကြီးပိုင်ဖော့ချမ်း ပြောထားလို့ပါ"

"သြော်" ဟု ပြောရင်း ရေခဲတောင်သခင်မရှင်ကျိဝေက ထထိုင် လိုက်လေသည်။

"ရသေ့ကြီးပိုင်ဖော့ချမ်းက မင်းတို့နဲ့တပါတည်း ပါမလာဘူးလား"

"ဟုတ်ကဲ့ ပါမလာပါဘူး ဝမ်းဟုံတောင်ပေါ်မှာ ကျန်နေခဲ့တယ်"

ထိုအခါ. . . ရေခဲတောင်သခင်မရှင်ကျိဝေသည် တစ်စုံတစ်ခုကို အလေးအနက်ထား၍ စဉ်းစားနေလိုက်ပြီး. . . .

"သူ့မှာ အကြံအစည်တစ်ခုခုရှိနေလို့ နေမှာပေါ့. . . ဒါထက် အခုမောင်လေးလာရာ လမ်းတစ်လျှောက် ဘယ်လိုထူးခြားမှုမျိုးမှ မရှိခဲ့ဘူးလား"

ချမ်းလီက. . .

"ဘယ်လိုထူးခြားမှုမျိုးကို ဆိုလိုတာလဲအစ်မ"

ရေခဲတောင်သခင်မရှင်ကျိဝေက. . .

"နှောက်ယှက်တဲ့ လူတွေကို ပြောတာပါ မင်းတို့က ဝမ်းဟုံသိုင်းပြိုင်ပွဲလိုနေရာမျိုးမှာ သံသေတ္တာအကြောင်း ပြောပြလိုက်တယ်မဟုတ်လား"

"ဒီအကြောင်းကို သိုင်းလောကသားတွေ မသိအောင်နေခဲ့တာပါပဲ ဒါပေမယ့် မရခဲ့ဘူးလေ မိုးပျံဘီလူးမဟာကုန်းက အဆိပ်ပန်းကြောင်နက်မအသွင်နဲ့ ကျုပ်ဆီက သံသေတ္တာကို ခိုးယူပြီး. . . ဝမ်းဟုံသိုင်းပြိုင်ပွဲကြီးမှာ သံသေတ္တာစွမ်းရည်နဲ့ သူကိုယ်သူ တံခွန်စိုက်သိုင်းသမားကြီး နေရာကို ယူချင်နေလို့ကျုပ်တို့ကလဲ အချိန်မှီ ဘုပ်မိ





အောင် လိုက်လာရတာပါ"

"အခုတော့ ကိုယ့်ဓားကိုယ်ပြန်ရပြီ မဟုတ်လား"

"ဟုတ်ကဲ့ရခဲ့ပါပြီ"

ထိုစဉ်. . . ကွာဖုန်းယုအနီးသို့ ရောက်လာပြီး ချမ်းလီဘေးတွင် ထိုင်ချ လိုက်လေသည်။

"သူက ဘယ်သူလဲ"

"ကွာဖုန်းယုပါ ဂိုဏ်းတူ ညီအစ်ကိုတွေပဲပေါ့ ခင်ဗျာ"

ရေခဲတောင်သခင်မရှင်ကျိဝေက ဘာမျှ မပြောပဲ ခေါင်းတညိတ်ညိတ်လုပ်နေသည်။

စကားသံများ တိတ်ဆိတ်သွားလေသည်။ ထိုအခါ အပြင်ဘက်မှ နှိုများငြီးတွားသံများ ပို၍ကျယ်လောင်လာသလို ရှိနေသည်။

အတန်ကြာမှ ရေခဲတောင်သခင်မရှင်ကျိဝေ ချမ်းလီဘက်သို့ လှည့်လိုက်၍ . . . .

"မင်းတို့ နောက်ကို သိုင်းပေါင်းစုံက ပိုင်းလိုက်နေတယ်ဆိုတာ မင်းတို့သိလား" ဟု မေးသည်။

"ဟုတ်ကဲ့ သိပါတယ်"

"သူတို့ မင်းကို တိုက်ခိုက်ဖို့တာစူနေကြပြီ ဆိုတာရော"

"သိပါတယ်"

ထို့နောက်. . . စကားသံများ ပြန်လည်တိတ်ဆိတ်ပြီး နှိုငြီးတွားသံများ ပေါ်ထွက်လာပြန်ပါ၏။

## အခန်း (၂၂)

### သံသေတ္တာအယ်မှာလဲ

ညသည် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

နိုငြီးတွားသံတွေကလည်း တိတ်၍သွားလေသည်။

"ရှပ်" "ရှပ်" "ရှပ်"

ခြေသံတစ်သံကို ကြားလိုက်ရသည်နှင့် ချမ်းလီရော ကွာဖုန်းယုပါ ဖျတ်ကနဲ ခေါင်းထောင်ကြည့်လိုက်သည်။

ထိုစဉ်. . .

ရေခဲတောင်သခင်မရှင်ကျိဝေက ချမ်းလီအား. . .

"မောင်လေးချမ်းလီကြားလား" ဟု လှမ်းပြောသည်။

ချမ်းလီက အဖြေမပေးပဲ ငြိမ်နေလိုက်လေသည်။

ခုလို အချိန်တွင် မိမိတို့ အနေနှင့် ဘယ်သူ့ကို ယုံကြည်ရမည်နည်း။

ခန္ဓာကိုယ်ကို ငြိမ်၍နေကြသော်လည်း မျက်လုံးအစုံက အမှောင်ရိပ်မှာ အတွင်းသို့ စူးစိုက်၍ ကြည့်နေသည်။



ထို့နောက်. . .

"ရှပ်" "ရှပ်" "ရှပ်"

"ဖလက်"

ခြေသံတစ်သံကို ချမ်းလီကြားလိုက်ရသည်။ ကြားရသော ခြေသံမှာ အနီးမှ အဝေးသို့ ထွက်ခွာသွားသော အသံဖြစ်သည်။

ရေခဲတောင်သခင်မရှင်ကျိဝေ အခန်းထဲမှ အပြင်ဘက်သို့ ခုန်ပျံထွက်သွားခြင်းပင် ဖြစ်သည်။

ထိုအချိန်. . . .

ကျေးတောသားဝတ်စုံနှင့် သံမဏိလက်ညှိုးရှတုံးသည် အခန်းအနီး မှောင်ရိပ်အတွင်းသို့. . .

"ဝုစ်" "ဟူး"

ရုတ်တရက် ပြေးကပ်လိုက်လေသည်။ ကပ်လိုက်သော အရာမှာ သစ်သားထရံတစ်ခု ဖြစ်သည်။

ကျိုးပဲ့ကွဲအက်နေသော ထရံကြီးတစ်ခု ဖြစ်နေသည်။

ထရံအကွဲများကြားရှိ အပေါက်မှ မျက်လုံးတစ်လုံးတည်းဖြင့် လှမ်း၍ ကြည့်လိုက်လေသည်။

ချမ်းလီနှင့် ကွာဖုန်းယုအိပ်နေသော နေရာသို့ လှမ်းကြည့်လိုက်ခြင်းပင်။

သို့သော်. . .

သံမဏိလက်ညှိုးရှတုံးက ချမ်းလီတို့ကို မမြင်ရပေ။ သူက ချမ်းလီတို့ကိုမမြင်ရသော်လည်း သူ့ကိုမြင်နေသူကတော့ရေခဲတောင်သခင်မရှင်ကျိဝေ ဖြစ်သည်။

သံမဏိလက်ညှိုးရှတုံးသည် အခြေအနေအရပ်ရပ်ကို

ကြည့်လိုက်ပြီးနောက် အိပ်ခန်းဆောင်အတွင်းသို့ ခြေသံလုံလုံဖြင့် တိတ်တဆိတ်ဝင်လာခဲ့လေသည်။

ချမ်းလီနှင့် ကွာဖုန်းယုတို့က သံမဏိလက်ညှိုးရှတုံး၏ နောက်ကြောကို တပြိုင်တည်း ခုန်အုပ်တိုက်ခိုက်ပါလေတော့၏။

"ဟိတ်"

"ယား"

"ဝှစ်"

"ဒိုး"

"ဖြောင်း" "ဖြောင်း"

သံမဏိလက်ညှိုးရှတုံးသည် မိမိမမျှော်လင့်သော နောက်ကြောမှဝင်လာသည့် ရန်သူကို ရုတ်ချည်းလှည့်၍ ခုခံတိုက်ခိုက်ရလေ၏။

ချမ်းလီနှင့် ကွာဖုန်းယုတို့ကား လက်ဝါးစောင်းများနှင့် ရိုက်သွင်းကြသည်။ သံမဏိလက်ညှိုးရှတုံးသည် ပြေးဝင်လာသော လက်ဝါးစောင်းတွေကို လွတ်အောင်ရှောင်၍ တစ်ဘက်သို့ ရုန်းထွက်၏။

ထိုစဉ်. . . ဘွားဘွားရွှေကျိုင်းထောက်ကျုံထန်းယင်နှင့် မိုးပျံဘီလူးမ ဗုာကုန်းအမည်ခံ အဆိပ်ပန်းကြောင်နက်မတို့နှစ်ဦး ခုန်ဝင်လာကြပြန်၏။

"ဝှစ်" "ဝှစ်"

"ဟူး"

ထို့နောက်. . .

အိပ်ခန်းဆောင်ခန်းမ အမှောင်ထဲတွင် ထိပ်သီးသိုင်း





သမားကြီးများသည် ဓားများကို ထုတ်ကာ တချွမ်ချွမ်တချွင်ချွင်နှင့် တိုက်ခိုက်ကြကုန်၏။

"ချွမ်" "ချွမ်"

"ချွင်" "ချွင်"

"ထန်း"

ဓားဓားချင်းထိခတ်ရာမှ မီးပွင့်မီးပွားတွေ ဖွားခနဲ ဖွားခနဲ ထွက်၍ နေ၏။

သူတို့အားလုံးသည် အမှောင်ထဲတွင် မျက်စိကျင့်သား ရအောင် လေ့ကျင့်ထားသူများ ဖြစ်သဖြင့် မည်သူမည်ဝါတွေ့မြင်၏။ အားလုံးက ချမ်းလီကိုပဲ အသဲအမဲ တိုက်ခိုက်နေသည်။

ထို့ကြောင့် ချမ်းလီနှင့် ကွာဖုန်းယုတို့သည် လူချင်း မခွဲပဲ ကြောချင်းကပ်ကာ ဝင်လာသမျှ ဓားချက်များကို ခုခံကာကွယ် နေရ၏။

တိုက်ခိုက်လာသူများမှာ တစ်ဖွဲ့တည်းမဟုတ်ကြသည့် အတွက် ချမ်းလီတို့က ခံသာသည်။

သူတို့အချင်းချင်းကိုယ်တိုင် ရန်သူများဖြစ်နေသဖြင့် တိုက်ခိုက်ရာတွင် နောက်ကြောမလုံပဲ တိုက်ခိုက်နေကြရ၏။

"ဝှစ်"

"ဒိုး" "ဒိုး"

"ချွင်"

"ထန်" "ထန်" "ထန်"

တိုက်ပွဲအရှိန်အဟုန်ကတော့ မြင့်သည်ထက်မြင့်လာသည်။

သူတို့အားလုံးက ချမ်းလီထံမှ သံသေဓားကို လုယူရန်

တည်းဟူသော ရည်ရွယ်ချက်ဖြစ်သည်။

သို့သော်. . . အဖွဲ့ကများနေသဖြင့် လူများပြီး ပွဲမစည် ဖြစ်ဘိသကဲ့သို့ အဖွဲ့တွေများနေခြင်းကြောင့် လိုရာခရီးမရောက်ပဲ ဝေလေလေ တိုက်ပွဲ တစ်ခုသာ ဖြစ်နေလေသည်။

ချမ်းလီက ကွာဖုန်းယုအား အရင်ရှောင်ခိုင်းလိုက်သဖြင့် ကွာဖုန်းယုသည် ပြတင်းပေါက်ဘက်သို့ ခုန်ထွက်သွားလေသည်။

ထို့နောက်. . .

"ဝုစ်"

"ဟူး"

ချမ်းလီက ထိုပြတင်းပေါက်မှ ခုန်ထွက်လိုက်ပြန်သည်။

အပြင်မှာ လရောင်အလင်းရှိသည်။

နှင်းမြူတွေကားအရာရာကို ပိတ်ဖုံးထားလေသည်။

တိုက်ပွဲကားမရပ်. . .

အားလုံးအပြင်သို့ ထွက်ကာ ချမ်းလီကို တိုက်ခိုက်ကြပြန်၏။ သည်တော့မှ. . .

"ဟေ့. . . . အားလုံးရပ်လိုက်စမ်း"

ဟူသော အမိန့်ပေးသံ တစ်သံပေါ်ထွက်လာလေသည်။

တိုက်ခိုက်နေကြသူများအားလုံး အသံလာရာသို့ လှည့်ကြည့်လိုက်ကြ၏။

သူတို့ကား. . .

သံမဏိလက်ညှိုးရှုတုံး

ဘွားဘွားရွှေ့ဂျုံးတောက် ကျူထန်ယင်နှင့်

မိုးပျံဘီလူးမဂ္ဂာကုန်း အမည်ခံ အဆိပ်ပန်း ကြောင်နက်မ





တို့ ဖြစ်သည်။

သူတို့နောက်တွင်ရပ်နေသူမှာ နှစ်ဦး. . .

ရေခဲတောင်သခင်မရှင်ကျိဝေနှင့်

ရွှေတောင်ဝေ့ရသေ့ကြီး ပိုင်ဟွေ့ချမ်းပင် ဖြစ်သည်။

ပိုင်ဟွေ့ချမ်းက. . .

"မင်းတို့ ချမ်းလီကို ခုလိုဝိုင်းတိုက်ခိုက်နေတာဟာ သူ့ဆီက သံသေတ္တာကို လိုချင်ကြလို့ပဲ မဟုတ်လား" ဟု မေးလိုက်သည်။

အားလုံးအဖြေရခတ်သွားကြသည်။

သည်တော့. . . ရေခဲတောင်သခင်မရှင်ကျိဝေက. . .

"ရသေ့ကြီး ပိုင်ဟွေ့ချမ်းမေးတာကို မဖြေတာဟာ မှန်နေလို့ပဲ မဟုတ်လား၊ ဒီတော့ ကဲ မောင်လေးချမ်းလီ မင်းလက်ထဲက သံသေတ္တာကို ထုတ်ပေးလိုက်ပါ" ဟု ပြောလိုက်သဖြင့်. . .

ချမ်းလီက သူကိုင်ထားသောဓားကို ဓားလုလာသူများ ထံ မြှောက်၍ ပစ်ပေးလိုက်၏။

သုံးဦးသား ကိုယ်ဖော့ပညာသုံး၍ ခုန်ပျံဖမ်းယူကြ၏။

ရရှိသွားသူမှာကား မိုးပျံဘီလူးမဂ္ဂာကုန်း အမည်ခံ အဆိပ်ပန်း ကြောင်နက်မ ဖြစ်ပါ၏။

"ဝုန်း" "ဝုန်း" "ဝုန်း"

သုံးဦးသား မြေကြီးပေါ်သို့ နေရာအသီးသီးပြန်ကျလာသည်။ ထိုစဉ်. . .

မိုးပျံဘီလူးမဂ္ဂာကုန်းထံမှ စကားသံတစ်သံပေါ်ထွက်၍ လာလေသည်။

"သံသေတ္တာအတုကြီးပဲ" ဟူသော စကားသံ ဖြစ်၏။

ထိုအခါ သံမဏိလက်ညှိုးရှတုံးက ရသေ့ကြီးပိုင်ဖွေ့ချမ်း ဘက်သို့လှည့်ကာ. . .

"သံသေတာအစစ်ဘယ်မှာလဲ" ဟု မေး၏။

ဘွားဘွားရွှေကျိုင်းထောက်ကျူထန်ယင်ကလဲ. . .

"ပိုင်ဖွေ့ချမ်းရသေ့ကြီး သံသေတာအစစ်အခုဘယ်မှာလဲ"

မေး၏။

ရသေ့ကြီးပိုင်ကွေ့ချမ်းက မဖြေ။ ရေခဲတောင်သခင် ရှင်ကျိုဝေကသာ ရှေ့တက်၍. . .

"သံသေတာ အခုဘယ်မှာလဲလို့ ဒီမှာ မမေးပါနဲ့ သို့ လောကနာယကကြီးတွေကို သွားမေးပါ" ဟု ပြောလိုက်လေသည်။

ထို့နောက်. . .

"ဝှစ်. . .ဟူး"

"ဝှစ်. . .ဟူး"

တိုက်ခိုက်လာသူအားလုံး ပြန်လည်ထွက်ခွာသွားကြ လေတော့၏။



အခန်း (၂၃)

## နွန်ရဲ့ချမ်းမိန်နှင့် လူဆိုးတစ်သိုက်

"ခွပ်. . ." "ခွပ်. . ." "ခွပ်. . ."

အဖြူရောင်ပိုးသားဝတ်စုံနှင့် မြင်းစီးသမားတစ်ဦး မြင်းညိုကြီးတစ်စီးကို ဒုန်းစိုင်း စီး၍ လာလေသည်။

ဗျက်ကျယ်သော ခမောက်ကို ဆောင်းထားသည်။

ဆောင်မားတစ်လက်ကို နောက်ကြောတွင် သိုင်းလွယ်ထားလျှက်. . .

သူ့အသက်မှာ လေးဆယ်ကျော်ငါးဆယ့်အတွင်း. . .

လူလတ်ပိုင်းအရွယ်ဟု ဆိုနိုင်သည်။ သန်မာတောင့်တင်းနှင့် ပြည့်စုံသည်။

သိုင်းသမားတစ်ဦးဖြစ်ကြောင်းသူ၏ ဟန်ပန်အနေအထားတွေ့မြင်သည်နှင့် သိသာနိုင်သည်။

မှန်သည်။ ထိုသူကား. . .

နေပြည်တော်ဘုရင်မင်းမြတ်၏ အမှုတော်ထမ်းဖြစ်သည့်

အထောက်တော်ကြီးစွန်ရဲချမ်းမိန်ပင် မဟုတ်ပါလား။ ချမ်းမိန်သည် တောင်ကုန်းတစ်ကုန်းကို ဦးမော့၍တက်နေသည်။

လေပြေလေညှင်းကား တသုန်သုန်။

မြူနှင်းတို့က မြင်ကွင်းကို မှုန်ဝါးစေသည်။

ချမ်းမိန်သည် သူ၏ အန္တရာယ်ကို လုံးဝမသိသေး။

အန္တရာယ်များကား ချမ်းမိန်ကို စောင့်ကြို၍ နေလေသည်။

မင်းမှုထမ်းဘဝဆိုတာကတော့ သည်လိုပဲ အသက်ကို စွန့်လွှတ် ထားကြရသည်။

တိုင်းပြည်နှင့်လူမျိုးအတွက်အစကတည်းက အသက်ကို ပေးလှူထားကြရသည်မဟုတ်ပါလား။

အန္တရာယ်သည် ဤတောင်ကုန်းအဆင်းတွင် ရှိနေလေသည်။

သည်အန္တရာယ်ကိုတော့ဖြင့် ချမ်းမိန်မသိဖြစ်ခဲ့ရသည်မှာ အမှန်။ သို့သော်လည်း. . .

ညာဘက် တောအစပ်မှာ ငှက်သုံးလေးကောင် ရုတ်တရက် ပျံသွားသည်နှင့် ချမ်းမိန် အသိစိတ်ထဲမှာ စနိုးစနောင့်ဖြစ်သွားမိသည်။

ဒါမျိုးဆိုတာက ပုန်းခိုနေသူအချို့ရှိလျှင် တွေ့ရတတ်သော အစဉ်အလာတစ်ခုဖြစ်သည်ကို ဝါရင့်သိုင်းသမားတွေသာ နားလည်သည်။ ထို့ကြောင့်. . . ချမ်းမိန်က မြင်းဇက်ကြိုးကို ဆွဲဆန့်မည်အပြု။

"ဝုန်း"

မိမိခန္ဓာကိုယ်အပေါ်သို့ ပိုက်ကွန်ကြီးတစ်ခုကျလာသည်ကို တွေ့လိုက်သည်။



"ဟာ. . . ငါထင်ထားတဲ့အတိုင်းပါလား [illegible] မိပြီ"

ချမ်းမိန်သည် အတွေးစနှင့်အတူ မြင်းကို [illegible] ကြည့်လိုက်သေးသည်။

မြင်းမှာ တောင်ကုန်းအဆင်းမှာ သူ့အရှိန်ကိုသူ မထိန်းနိုင် ပိုက်ကွန်အောက်ရောက်မိလျက်သား ဖြစ်သွားလေတော့၏။

ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်သောအခါ လူရိပ်လူခြည် မတွေ့ရသေး။

ပိုက်ကွန်မှာ ချမ်းမိန်အား မြင်းပေါ်က ဖမ်းဆွဲယူ လိုက်သည့်အလား ပစ်ဖမ်းပြီး သစ်ပင်ပေါ်ဆွဲတင်၍ ချိတ်နေစေသည်။

ထို့ကြောင့်. . . မြင်းတစ်ခြား။

ချမ်းမိန်ကတစ်နေရာဖြစ်နေသည်။

ချမ်းမိန်ရောက်နေသော နေရာမှာ မြေကြီးပေါ်မှာလည်း မဟုတ်။ သစ်ပင်ပေါ်သို့လည်းမရောက်၊ လေထဲမှာ ယိမ်းယိုင်လှုပ်ရှား၍ နေလေသည်။

မကြာမီ ထောင်ချောက်ဆင်ထားသူများ ရောက်လာကြတော့မည်မှာ အမှန်။

ထို့ကြောင့်. . . ချမ်းမိန်က အလိုက်သင့် နေလိုက်ပြီး ခြေနှစ်ဘက်နှင့် လက်တစ်ဘက်တို့ကို ခန္ဓာကိုယ်လှုပ်ရှား စေနိုင်သည်အထိ အဘက်ဘက်သို့ တွန်းကန်လျက် ကျန်လက်တစ်ဘက်က နောက်ကြောရှိ ဓားကို ဆွဲထုတ်သည်။

ရုတ်တရက်ဆွဲထုတ်၍မရ။

ပိုက်ကွန်က မိမိအား ကြိုးတွေရစ်ပတ် ချည်ထားဘိသကဲ့

သို့ ရှိနေသည်။

"မိနေပြီဟေ့"

"မလွတ်စေနဲ့"

"အမြန်သွားကြစမ်း"

ခုမှ ထောင်ချောက်ဆင်သူများ၏ အသံကို ချမ်းမိန်ကြား သည်။ တစ်ဘက်တောအုပ်ထဲက အသံများဖြစ်သည်။

ထိုအချိန်တွင်မှ ချမ်းမိန်လက်ထဲဓားရောက်လာသည်။

ဓားဖြင့် ပိုက်ကွန်ကြိုးတွေကို တစ်ချောင်းချင်း ဖြတ်ရ၏။

"ဖြောက်" "ဖြောက်" "ဖြောက်"

ကြိုးသုံးချောင်းပြတ်ထွက်သွားသည်နှင့် ခေါင်းတစ်လုံးနှင့် ပခုံးတစ်ဘက်ပြူထွက်၍ ရလာသည်။

"ဟေး. . . ဟေး. . . ဟေး. . . "

"ရှပ်. . . ရှပ်. . . ရှပ်"

ရန်သူများကား မနည်းလှပါကလား။

လောလောဆယ် အမှတ်မထင် တွေ့မြင်လိုက်ရသည်ကပင် လူနှစ်ဆယ်ကျော်လောက် ရှိနေသည်။

ဘယ်လိုရန်ညိုးရန်စ ရှိသူများပါလိမ့်။

ချမ်းမိန်မှာ မတွေးတတ်အောင်ဖြစ်နေသည်။

မည်သို့ဆိုစေ ရန်သူတွေ မိမိနားမရောက်မီ ဤပိုက်ကွန် အတွင်းမှ အမြန်ဆုံးလွတ်မြောက်ရန်လိုသည်။

"ဝုန်း"

တော်သေးသည်။

ပိုက်ကွန်ထဲက အချိန်မီ ဖောက်ထွက်နိုင်ခဲ့လေသည်။





သို့သော် ချမ်းမိန်ပိုက်ကွန်အတွင်းမှ ဖောက်ထွက်ပြီး မြေကြီးပေါ်သို့ ဂျမ်းပစ်၍ ဆင်းလိုက်သောအချိန်တွင် ရန်သူများက လေးဘက်လေးတန်မှာ ရောက်နေပြီ။ ဝတ်စုံနက်များနှင့် အနက် ရောင် သိုင်းသမားများ ဖြစ်နေသည်။

အရပ်မြင့်မြင့်အနီရောင်ပုဝါကို ခေါင်းက အပင်တွေစုစည်း ထားသော သိုင်းသမားကြီးမှာကား ဤလူစုတွင် ခေါင်းဆောင် ဖြစ်ဟန် တူသည်။

သူတို့အားလုံး ချမ်းမိန်ကို အလယ်တွင် ထားပြီး စက်ဝိုင်း ပိတ်စည်းကို တစ်ဖြည်းဖြည်းကျဉ်းစေသည်။

ဤကား ထွက်ပေါက်ပိတ် တိုက်ခိုက်နည်း ဖြစ်သည်။

အလွန်ပင် စိတ်ဓာတ်အရာတွင် အောက်တန်းကျသော သိုင်းသမားများ၏ လုပ်ရပ်ဟု ဆိုနိုင်သည်။

"ဟား. . . ဟား. . . ဟား. . . ဟား. . . "

ပုဝါနီနှင့်သိုင်းသမားကြီးက စတင်၍ ဟားတိုက်ရယ်မော လိုက်လေသည်။

"မင်းတို့က ဘယ်သူတွေလဲ"

ချမ်းမိန်က မေးလိုက်သောအခါပုဝါနီ သိုင်းသမားကြီးက အဖြေကို ရုတ်တရက်မပေးပေ ဆက်လက်ရယ်မောနေပြန်သည်။

"ဟား. . . ဟား. . . ဟား. . . ဟား. . . "

"ကျုပ်မေးနေတာ မကြားဘူးလား"

သည်တော့မှ. . . ပုဝါနီသိုင်းသမားကြီးက. . .

"မင်းက မေးစရာမလိုပါဘူး။ မေးရမှာက ကျုပ်တို့ပါ"

ဟု ဆိုသည်။

သို့သော်. . . ချမ်းမိန်က အမေးမခံ။

ဓားကို ဝှေ့ရမ်းတိုက်ပြီး အနီးဆုံးရန်သူအား စတင်တိုက်ခိုက်ပါလေတော့၏။

"ဗိုး"

"ဝှစ်. . . ဝှစ်"

"ချွင်. . . ချွင်"

"ချွင်. . . ချွင်"

"ထန်း. . . ထန်း. . . ထန်း"

ရန်သူသိုင်းသမားများမှာ အမှတ်မထင် တိုက်ခိုက်လာခြင်းခံလိုက်ရသဖြင့် ကစဥ့်ကလျားဖြစ်သွားသည်။

ပုဝါနီသိုင်းသမားကြီးကမူ ဝင်၍တိုက်ခိုက်ခြင်းမပြု။

နောက်သို့ဆုတ်လိုက်ပြီး နောက်လိုက်များနှင့် လွှတ်ထားလိုက်လေသည်။

"ချွမ်. . . ချွပ်"

"ချွင်"

"ထန်း"

ချမ်းမိန်သည် သိုင်းသမားတစ်အုပ်တစ်မကြီးကို ပြန်လည်တိုက်ခိုက်၏။ ဓားရောင်များကား တိုက်ကွင်းတစ်ခုလုံးကို လင်းလက်တောက်ပနေစေသည်။

ပုဝါနီသိုင်းသမားကြီးက. . .

"တိုက်ကြစမ်း၊ ထွက်ပေါက်လုံးဝမပေးနဲ့၊ ဒါပေမယ့် အသေမတိုက်နဲ့နော် အရှင်ရအောင်ဖမ်း" ဟု အော်၍ ပြောနေသည်။

သည်မှာ. . . ချမ်းမိန်က အဆိပ်အပ် လက်နက်ပုန်းများကို





ပစ်လွှတ်၍ လမ်းဖောက်ဖွင့်လိုက်သည်။

"ဝှစ်. . . ဝှစ်. . . ဝှစ်"

"ဝှစ်. . . ဝှစ်. . . ဝှစ်"

"ဝှစ်. . . ဝှစ်. . . ဝှစ်"

"အား"

"အင့်"

ရန်သူသိုင်းသမားအချို့ အဆိပ်အပ် လက်နက်ပုန်းများထိမှန်ကာ လဲကျကုန်၏။ လဲကျရာတွင်. . .

တွန့်လိမ်ပြီး ငြိမ်သွားကျန်ရစ်၏။

ဓားခတ်သံများ ပြီးတော့ အချင်းချင်းအော်ဟစ်ဆဲဆိုသံများဖြင့် ဆူဆူညံ ၍ နေလေသည်။

"ယား"

"အင့်"

ရန်သူသိုင်းသမားအချို့ အဆိပ်အပ်လက်နက်ပုန်းများထိမှန်ကာ လဲကျကုန်၏။ လဲကျရာတွင် တွန့်လိမ်ပြီး ငြိမ်သွားကျန်ရစ်၏။ ဓားခတ်သံများ။

"ယား"

"ယိစ်. . . ထန်"

ပုဝါနီသိုင်းသမားများသည် ချမ်းမိန်၏ သိုင်းစွမ်းရည်ကို ဂရုမထားပဲ မနေနိုင် ဖြစ်လာလေပြီ၊ မှန်သည် တိုက်ပွဲအရှိန်အဟုန်မှာ ပို၍ ပြင်းထန်လာ၏။

## အခန်း (၂၄)

### မဟူရာစေသမင်းစံတွင်းကျောက်ဂူသို့

ချမ်းမိန်သည် ပြေးဝင်လာသမျှရန်သူသိုင်းသမားများကို ဓားချက်များပစ်သွင်းနေသည်။

ဘယ်ဝိုက် ညာပင့်၊ အနှုတ် အသိမ်း။ ပြီးတော့. . .

"ဝှစ်. . . ဝှစ်. . . ဝှစ်"

"အား"

"အင့်"

"အွန့်"

ကျန်လက်တစ်ဘက်က အဆိပ်အပ်လက်နက်ပုန်းတွေကို ပစ်သွင်းလိုက်ပါသေးသည်။

ထိုအခါ. . . နောက်ကျောဘက်က ရန်သူသိုင်းသမားအုပ်စုက ခုန်ဝင်၍ အမိဖမ်းရန် ကြိုးစားသည်။ သည်တော့. . .

ချမ်းမိန်က အမြင့်သို့ခုန်၍ လေပွေကျွမ်းတစ်ပတ်ပစ်၍ တိုက်ကွက် အနေအထားကို ပြောင်းလိုက်သည်။





"ဝှစ်. . . ဝှစ်"

"ဟွား"

ကောင်းလိုက်သည့် လေပွေကျွမ်း။

တိုက်ကွင်းအသစ်တွင် ရန်သူသိုင်းသမားအသစ်တွေက အသင့်။ မည်သို့ဆိုစေ၊ ချမ်းမိန်ကလည်း နန်းတွင်းသိုင်းပညာရှင်တစ်ဦးဖြစ်သည်နှင့်အညီ လက်ရည်ကျသည်မရှိ။

ကောင်းလိုက်လေသော အတွင်းအား။

သည်တော့မှ. . . ပုဝါနီသိုင်းသမားကြီးသည် ချမ်းမိန်ကို နောက်လိုက်ငယ်သားများနှင့် လွှတ်ထား၍ မရတော့မှန်း သိလာလေတော့၏။

သို့နှင့် တိုက်ကွင်းအလယ်ဗဟိုသို့ ခုန်ပျံ၍ ဆင်းလိုက်သည်။

သူ၏ ကိုယ်ဖော့ပညာက သူ့အား ငှက်တစ်ကောင်အသွင်သို့ ဆောင်စေ၏။

မြေကြီးပေါ်သို့ ခြေထောက်မိသည်နှင့် ပုဝါနီသိုင်းသမားကြီး ဓားကို ထုတ်လိုက်သည်။

"ရှမ်း"

ထို့နောက်ဓားကို ဝင်းခနဲလက်သွားအောင်မှောက်လိုက်ပြီး

"ဟိတ်. . . အားလုံးရပ်လိုက်ကြစမ်း"

ဟု အော်၍ အမိန့်ပေးလိုက်လေသည်။

ရန်သူသိုင်းသမားတွေအားလုံး မီးကို ရေနှင့်ပက်ဖြန်းလိုက်သည်ကပင် ကြာဦးမည်။

အားလုံးငြိမ်သက်၍ သွားပါလေတော့သည်။

သူတို့မျက်လုံးများက ပုဝါနီသိုင်းသမားကြီးကို မြန်လည်

ကြည့်လိုက်ကြလေသည်။

ချမ်းမိန်သည် သွေးစွန်းသောဓားကို ဆုပ်ကိုင်လျက်ရပ်နေ၏။ အဖြူရောင်ပိုးဝတ်စုံတွင် သွေးများစွန်းထင်နေလေသည်။ မိမိ၌ ထိရှထားသော ဒဏ်ရာများမှ စီးကျလာသော သွေးများလည်းဖြစ်သည်။ ပုဝါနီသိုင်းသမားကြီးက ရှေ့သို့ တစ်လှမ်းချင်းတိုးကပ်လာကာ. . .

"စွန်ရဲချမ်းမိန်ရဲ့ စကြာလေးကွက်မီးငါးချက် သိုင်းကွက်တွေက အတော်ကို ထက်နေပါလား" ဟု ပြောလိုက်သည်။

ပြောရင်းရပ်တန့်လိုက်၏။

ချမ်းမိန်က ပုဝါနီသိုင်းသမားကြီးကို အနီးကပ် အသေအချာ ကြည့်လိုက်ပြီးနောက်. . .

"ကျုပ်က ဘယ်သူများလဲလို့ လက်စသတ်တော့ မိုးတိမ်နီဂိုဏ်းချုပ် ကျစွန်းအန်းကိုး. . ." ဟု ပြောလိုက်လေသည်။

မှန်သည်။

ပုဝါနီသိုင်းသမားကြီးကား အခြားသူမဟုတ်။

မိုးတိမ်နီဂိုဏ်းချုပ် ကျစွန်းအန်းပင် ဖြစ်သည်။

သူကလည်း. . . သိုင်းလောကတွင် နေရာရလာသော သိုင်းသမား အကျော်အမော်တစ်ယောက်ပင်မဟုတ်ပါလား. . .

ယခု. . . ချမ်းမိန်အသုံးပြု၍ တိုက်ခိုက်ခဲ့သော သိုင်းကွက်များကိုပင် သူက စကြာလေးကွက် မီးငါးချက်သိုင်းကွက်များ ဖြစ်ကြောင်း ဖော်ပြနိုင်ခဲ့သည် မဟုတ်ပါလား။

"နေစမ်းပါဦး မင်းကကျုပ်ကို ထောင်ချောက်ဆင်ပြီး ဖမ်းရလောက်အောင် ကျုပ်ကို မင်းက ဘာအမြတ်ထုတ်ဦးမလို့လဲ"





"ငါက မင်းကို အရှင်ဖမ်းပြီး ဘာအမြတ်မှ မထုတ်ဘူး အသုံးချမလို့"

"ဘာချ ကျုပ်ကို အသုံးချမလို့ဟုတ်လား"

"သိပ်ဟုတ်တာပေါ့"

ထိုစကားကို ကြားလိုက်ရသောအခါ ချမ်းမိန်မှာ ဘာမျှနားမလည်ပဲ ဖြစ်နေသည်။ အမှန်တော့ မိုးတိမ်နီဂိုဏ်းချုပ် ကျစွန်းအန်းက ချမ်းမိန်ကို အဓိဖမ်းမည်။ ပြီးတော့. . .

ချမ်းမိန်ကို ပြပြီး ချမ်းလီထံမှ သံသေတ္တာနှင့် ချမ်းမိန်ကို လဲလှယ်ယူမည့် အစီအစဉ်. . :

သည်လိုကျစွန်းအန်း စီစဉ်လိုက်ရသည်ကလည်း. . .

ချမ်းလီနောက်ကို သိုင်းလောကသားတွေဝိုင်းအုံ၍ အသဲအမဲလိုက်နေကြသည့် သတင်းကိုကြားထားသောကြောင့်. . .

မိမိက အများလုပ်သလိုမလုပ်ပဲ တောလမ်းကို အသုံးပြုလိုက်ရခြင်းပင်။

ဒါကို. . . ချမ်းမိန်မသိ၊ သူသိသည်က ပုံးတိမ်နီဂိုဏ်းက ဂိုဏ်းသား လောက်ရှိုက သံသေတ္တာကို ခိုးယူရန်ကြိုးစားခဲ့ဖူးသည့် အကြောင်းပင်။

"မင်းရဲ့သား ချမ်းလီရဲ့လက်ထဲမှာ သံသေတ္တာရောက်နေပြီဆိုတာ မင်းသိတယ် မဟုတ်လား"

ကျစွန်းအန်းက အရင်ဆုံးစကားကို တောက်လိုက်သည်။

"သံသေတ္တာ ဟုတ်လား။ အဆိပ်ပန်း ကြောင်နက်မ ခိုးပြေးသွားတာ မင်းမသိဘူးလား"

သည်တော့မှ. . . မိုးတိမ်နီဂိုဏ်းချုပ် ကျစွန်အန်းက

သံသေတ္တာ၏ လက်ရှိ အခြေအနေကို ချမ်းမိန် မသိသေးကြောင်း သိလိုက်သည်။

"ဩော်. . . ဒီလိုဆိုတော့ မင်းဟာ မင်းသားရဲ့လက်ရှိ အခြေအနေကိုတောင် မသိသေးပဲကိုး" ဟု ပြောလိုက်လေသည်။

မိုးတိမ်နီဂိုဏ်းသားများကား မိမိတို့ခေါင်းဆောင်က မီးနီပြထားသဖြင့် လုံးဝမလှုပ်။ ငြိမ်သက်လျက်. . .

တောင်ကုန်းဆင်ခြေလျောနေရာမှာဟု ဆိုသော်လည်း အမြင့်ပိုင်းတစ်နေရာဖြစ်နေသည်။

လေက တဟူးဟူး. . .

ဝါးပင်များယိမ်းနွဲ့၍ တရှဲရှဲအသံများ ပေါ်ထွက်နေစေသည်။

"အဆိပ်ပန်း ကျောင်နက်မဟာ မိုးပျံဘီလူးမ ဗုံကုန်း ဆိုတာကိုလဲ မင်းသိမယ်မဟုတ်ဘူး"

"ငါက သိုင်းလောကအရှုပ်အရှင်းတွေကို နားထောင်နေချင်တဲ့လူမှ မဟုတ်ပဲ"

"ဒါပေမယ့် မင်းသားနဲ့ ပတ်သက်နေတယ်လေ၊ နားထောင်လိုက်ပါဦး"

"နားထောင်စရာမလိုဘူး ငါ့မှာ ဆောင်ရွက်စရာကိစ္စတွေ ရှိသေးတယ်"

"ဒီလိုလွယ်လွယ်နဲ့ ထွက်သွားလို့မရဘူးလေ၊ ကဲပါ နားထောင်လိုက်ပါဦး၊ တိုတိုပဲ ပြောမှာပါ၊ အခုဝမ်းဟုံသိုင်းပြိုင်ပွဲမှာ မင်းသားက မိုးပျံဘီလူးမဆီက သံသေတ္တာကို မလိမ့်တပတ်နဲ့ ပြန်လုပြေးသွားပြီ"

ထိုစကားကို ကြားလိုက်ရသောအခါ. . .





ချမ်းမိန် ဝမ်းသာသွားလေသည်  မိမိသားနှင့် ဆရာရသေ့ကြီး ပိုင်ဟွေ့ချမ်းတို့၏ ပူးပေါင်းဆောင်ရွက်မှုသည် အောင်မြင်ခဲ့ပါကလားဟုလည်း နားလည်သဘောပေါက်လိုက်၏။

"ခုလိုသတင်းကောင်းပေးတဲ့အတွက် ငါကျေနပ်ပါတယ်၊ မင်းကိုလဲ ကျေးဇူးတင်ပါတယ်"

"ပိုပြီး ကျေးဇူးတင်ရအောင် အလုပ်တစ်ခုတော့ လုပ်ပေးပါဦး"

"ငါမင်းစကားကို နားမလည်ဘူး"

"နားမလည်ဘူးလား၊ နားမလည်ရင်တော့ နားလည်အောင် လုပ်ရမှာပေါ့လေ" ဟု ပြောပြီး. . .

မိုးတိမ်နီဂိုဏ်းချုပ်ကျစွန်းအန်းက အမှတ်မထင် ချမ်းမိန်ကို ပြေးဖက်လိုက်သည်။

ထို့နောက်. . . အကြောတွေပိတ်လိုက်၏။

ချမ်းမိန်မှာ ဤကဲ့သို့ တိုက်ခိုက်လာလိမ့်မည်ဟု လုံးဝမထင်သည်က တစ်ကြောင်း ပြီးတော့. . .

သားအတွက် မင်္ဂလာသတင်းကြားသိလိုက်ရသဖြင့် မေ့သွားသည်က တစ်ကြောင်းတို့ကြောင့်. . .

ရန်သူ၏ လျှပ်တစ်ပြတ်တိုက်ခိုက်မှုကို ခံလိုက်ရခြင်းပင်။

"ဟား. . . ဟား. . . ဟား. . . ဟား. . ."

မိုးတိမ်နီဂိုဏ်းချုပ် ကျစွန်းအန်းကား အကြောပညာတွင် အလွန်ထက်မြက်သူ တစ်ဦး ဖြစ်သည်။

ဒါကို. . . ခုမှ ချမ်းမိန်သတိပြုလိုက်မိလေသည်။

ကျစွန်းအန်းသည် ချမ်းမိန်အား လိုအပ်သော အကြော

တွေကိုပိတ်၍ ဖြီးလျှင်ဖြီးချင်း. . . လူချင်းခွာလိုက်ကာ. . .

"ကဲ. . . ချမ်းမိန့်. . . အခုချိန်ကစပြီး မင်းဟာ ငါ့ရဲ့သံ့ပန်း တစ်ယောက်ဘဝကို ရောက်သွားပြီ"

"မင်းဟာ မိန်းမဉာဏ်ပဲ ရှိတဲ့ကောင်ပဲ"

"ဘာဉာဏ်ပဲဖြစ်ဖြစ် အသုံးကျရင် အသုံးချရမှာပဲ၊ ဒီတော့ သံသေဘားငါ့လက်ထဲမရောက်မချင်း မင်းကိုငါက မဟူရာသေမင်းခံတွင်းကျောက်ဂူထဲမှာ အကျဉ်းချထားရမှာပဲဟေ့"

ဟု ပြောပြီး တဟားဟားရယ်မောနေပြန်ပါ၏ တကား။

"ဟား. . . ဟား. . . ဟား. . . ဟား. . ."

ပထမပိုင်းပြီး၏။

မောင်နှင်းဆွေ



# ပင်လယ်နက်သမီးလေးသော
# သင်္ဘောသား

## ဒုတိယပိုင်း

(ဇာတ်သိမ်း)

မောင်နွင်းဆွေ

---

# ပင်လယ်နတ်သမီး၏ သံသေတား

(ဒုတိယပိုင်း ဇာတ်သိမ်း)

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

---

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန် ဖြစ်သည်။

---

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**စီစဉ်သူ**
လွင်နှင်းဆွေ ၊ စိန်နှင်းဆွေ

**ဖြန့်ချိရေး**
ပန်းလောက်ဆောင်စာပေ
အမှတ်(၁၉/၂၁) ကျောင်းလမ်း
မင်္ဂလာတောင်ညွန့်
ရန်ကုန်မြို့၊

| | |
|---|---|
| စာမူခွင့်ပြုချက် | ၅၃၃/၉၈(၁၀) |
| မျက်နှာဖုံးခွင့်ပြုချက် | ၄၈၇/၉၈(၁၁) |
| ပထမအကြိမ် | ၁၉၉၉ ခုနှစ် |
| တန်ဖိုး | ၂၀၀/- |
| အုပ်ရေ | ၅၀၀ |
| မျက်နှာဖုံးဒီဇိုင်း | ဝင်းကျော်စိုး |
| မျက်နှာဖုံးနှင့်အတွင်းရိုက် | ဦးကျော်စိန်(မြဲ-၀၂၉၀၉) ကျောက်စိမ်းအော့ဖ်ဆက် အမှတ် ၁၇၁/၃၃ လမ်း။ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ဦးနှင်းဆွေ(မြဲ-၀၉၈၃) ပန်းလက်ဆောင်စာပေ ၅၁၆/ခ၊ ပုလဲ(၄)လမ်း။ (၅)ရပ်ကွက်၊ မြောက်ဥက္ကလာ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | ပန်းလက်ဆောင်စာပေ |




## အခန်း (၁)

### မဟူရာသေမင်းစံတွင်း ကျောက်ဂူအကျဉ်းသား

မြောက်ပိုင်းပြည်နယ်အတွင်းရှိ အရပ်ဒေသတစ်ခုဖြစ်၏။

အစဉ်သဖြင့်. . . ဆီးနှင်းဖြူမှုန်တွေဝေဆိုင်း၍ လသာည ...ို ညို့ဆိုင်းအုံ့မှိုင်း၍ ရှိနေတတ်သော ပတ်ဝန်းကျင် တစ်ခု ...သည်။

လူသူအရောက်အပေါက်အလွန်နည်းသော အရပ်ဒေသ ...သည်း မှတ်ယူနိုင်သည်။

ဤသည်ကား. . ယွမ်ရှားတောင်ကုန်းဒေသပင် ဖြစ်သည်။

ဤယွမ်ရှားတောင်ကုန်းတွင် အခြေစိုက်စခန်း တည် ...က်ထားသူကား အခြားသူများမဟုတ်။

မိုးတိမ်နီဂိုဏ်းသားများပင်တည်း။

မိုးတိမ်နီဂိုဏ်းသားများ ဤယွမ်ရှားတောင်ကုန်းမြင့်ကို

၂

စခန်းချထားသည်မှာ. . . ယခုမှမဟုတ်။ ကြာခဲ့ပြီ၊ အရင့်အ
မိုးတိမ်နီဂိုဏ်းချုပ်များ လက်ထက်ကတည်းကပင်။

မိုးတိမ်နီဂိုဏ်းချုပ်ပေါင်း တစ်ဆယ့်တစ်ဦးရှိပြီ။

မိုးတိမ်နီဂိုဏ်း၏ တိုးတက်မှုအခြေအနေကတော့ အ
ဂိုဏ်းများလိုပဲ ဂိုဏ်းချုပ်ကြီးများ၏ စိတ်ဓာတ်အခြေအပေါ်တွ
တည်သည်။

ထို့ကြောင့် မိုးတိမ်နီဂိုဏ်း၏ နာမည်မှာ ပေါ်လာလိုက်
ငုပ်သွား လိုက်ချေရှိသည်။

လက်ရှိဂိုဏ်းချုပ်ကျစွန်းအန်းကား သိုင်းလောကသား
လေးစားဂုဏ်ပြုခြင်းကို ခံလာရပြီ ဖြစ်သည်။

ဤသည်မှာ အခြားအကြောင်းကြောင့်မဟုတ်၊ သူပိုင်
ထားသော ရေခဲနှင်းပွင့်သိုင်းကွက်များကြောင့်ပင်။

ယွမ်ရှားတောင်ကုန်းမြင့်တွင် မဟူရာသေမင်းခံတွ
ကျောက်ဂူကား သဘာဝကျောက်ဂူတစ်ခုဖြစ်ခဲ့သော်လည်း မိုးတိ
ဂိုဏ်းချုပ်ကြီးများ အဆက်ဆက်က ဂိုဏ်း၏ အကျဉ်းစခန်းအ
အသုံးပြုခဲ့သည်သာ များသည်။

ထို့ကြောင့်. . .

အခုတော့ မဟူရာသေမင်းခံတွင်းကျောက်ဂူသည် ဂို
ချုပ်ကြီးများ အစဉ်အဆက်. . . အသုံးပြုခဲ့သော အကျဉ်းစခ
တစ်ခုဖြစ်နေသည်။

သည်မဟူရာသေမင်းခံတွင်းကျောက်ဂူအတွင်းကို ဂို
သားတိုင်း အဝင်အထွက်မလုပ်ရ။

ဂိုဏ်းချုပ်ကျစွန်းအန်းရေခဲနှင်းပွင့်သိုင်း လေ့ကျင့်နေသ





၃

ခုနှစ်များတွင် ဤမဟူရာသေမင်းခံတွင်းကျောက်ဂူကို လုံးဝ ဝင်ခွင့်
မပြုတော့။

အချို့မိုးတိမ်နီဂိုဏ်းသားများက စပ်စုချင်သည်။

မကြည့်ရဘူးဆိုတာကိုမှ ကြည့်ချင်မြင်ချင်သလို. . .

မသွားရဘူးပြောကာမှ ပို၍သွားချင်ကြသူများဖြစ်သည်။

ထိုသို့သော ဂိုဏ်းသားများက ဤမဟူရာသေမင်းခံတွင်း
ကျောက်ဂူအတွင်းသို့ တိတ်တဆိတ်ဝင်ရောက်လေ့လာဖူးသည်။

ထိုဂိုဏ်းသားများသည် မဟူရာသေမင်းခံတွင်းကျောက်ဂူ
အတွင်း အဝင်သာ ရှိသည်။ အထွက် လုံးဝမရှိ ဖြစ်ခဲ့ရဖူးသည့်
အကြောင်းမှာ မိုးတိမ်နီဂိုဏ်းသားတိုင်းလိုလို ကြားနေရသော အဖြစ်
များဖြစ်လေရကား။

နောက်ပိုင်း. . . ဤမဟူရာသေမင်းခံတွင်း ကျောက်ဂူ
အတွင်းသို့ ဝင်ရောက် လေ့လာဝံ့သူမရှိခဲ့တော့။

တစ်နေ့တွင်. . .

မိုးတိမ်နီဂိုဏ်းသားအတွင်းမှ ကျိန်ဝမ်းမေဆိုသူ မိန်း
ကလေး တစ်ဦးသည် မဟူရာသေမင်းခံတွင်းကျောက်ဂူအတွင်း
ဝင်ရ။ ဝင်လျှင်ပြန်ထွက်လာခြင်း မရှိတော့ ဟူသောစကားများကို
ယုံကြည် လက်တွေ့သွားရောက်လေ့လာမည် ပြောလာသည်။

တစ်ညတွင် ကျိန်ဝမ်းမေသည် မဟူရာသေမင်းခံတွင်း
ကျောက်ဂူအတွင်းသို့ ဝင်ရောက်သွားခဲ့လေသည်။

ကျိန်ဝမ်းမေ မဟူရာသေမင်းခံတွင်း ကျောက်ဂူအတွင်းသို့
ဝင်ရောက်ခဲ့သည့်အကြောင်းကို. . .

မိုးတိမ်နီဂိုဏ်းသားအချို့ သိရှိထားလေရကား. . .

သူတို့အားလုံးက ကျိန်ဝမ်းမေ တစ်ယောက်တော့ မဟူ
သေမင်းခံတွင်းကျောက်ဂူထဲက ပြန်ထွက်လာတော့မည် မဟုတ်
ယုံကြည်နေကြသည်။

ကျိန်ဝမ်းမေအတွက် စိတ်မကောင်းဖြစ်နေကြရသည်။

တားနေသည့်ကြားက ဇွတ်အတင်းလုပ်သွားတော့လည်း
မိမိတို့မှာဘာတတ်နိုင်မှာလဲ. . . အနေဖြင့် နေလိုက်ရသည်။

သို့သော်. . . သူတို့တွေးထင်ထားသလိုမဟုတ်ခဲ့။

ဖြစ်လာသည်က တစ်မျိုး။

ကျိန်ဝမ်းမေသည် မဟူရာသေမင်းခံတွင်း ကျောက်
အတွင်းမှ ထူးထူးခြားခြား။ ပြန်ထွက်၍ လာလေသည်။

ကျိန်ဝမ်းမေ ဤကျောက်ဂူအတွင်းမှ ထူးထူးခြားခြား ပြ
ထွက်လာသောအခါ. . . အားလုံးက အံ့သြ၍ နေသည်။

ကျိန်ဝမ်းမေကတော့ အများနဲ့မတူ တစ်မူထူးခြား
ပါလေ၏ဟု မှတ်ချက်ချကြသည်။

မှန်သည်။ ကျိန်ဝမ်းမေမှာ သူများနှင့်မတူ တမူ ထူးခြ
နေသည်။

အကြောင်းမှုကား. . .

မဟူရာသေမင်းခံတွင်းကျောက်ဂူအတွင်းမှ အပြင်သို့
ပြန်လည် ရောက်ရှိလာသည့်နေ့ကစ၍. . . ကျိန်ဝမ်းမေသည် စကာ
လုံးဝမပြောတော့။ အအ ဘဝသို့ ရောက်ရှိခဲ့ရလေတော့သည်။

သူမကို မဟူရာသေမင်းခံတွင်း ကျောက်ဂူအတွင်း ရက်
သတ္တတစ်ပတ် ထားခဲ့ရလေကား။ ထိုရက်သတ္တတစ်ပတ်အတွင်
မည်သို့ ဖြစ်ပျက်ခဲ့သည့်အကြောင်း မိုးတိမ်နီဂိုဏ်းသားများက သိချင်







သည်ဖြစ်၍ အချို့က စာဖြင့်ရေးမေးသည်။ အချို့က လက်
ဟန်ဖြင့် မေးသည်။ ကျိန်ဝမ်းမေကမူ ပြောဖို့နေနေသာသာ
ငြိမ်းရမ်းပြနိုင်သည်ကိုပင် သူ့အဖို့လွန်လှပြီဟု မှတ်ထင်နေ ဟန်
သည်။

ဤကဲ့သို့သော မဟူရာသေမင်းခံတွင်းကျောက်ဂူအတွင်း
အထောက်တော်ကြီးစွန်ရဲချမ်းမိန်အား အကျဉ်းချထားခံရခြင်း
အကျဉ်းစခန်းထဲတွင် ထားရှိရုံမက ခြေထောက်နှစ်ဘက်ကိုပါ
တ်ကွင်းများဖြင့်. . . ဆင်များကို ထူးခတ်ထားသလို ခတ်ထား
သည်။

ထို့ကြောင့်. . .

ချမ်းမိန်သည် အကျဉ်းစခန်းထဲရောက်နေသည့် တိုင်
ောင် စိတ်လွတ်ကိုယ်လွတ် နေထိုင်လှုပ်ရှား၍မရတော့ပေ။

ထိုင်နေပါကလည်း ကသိကအောင့် လမ်းလျှောက်တော့
သည်း တချွမ်ချွမ် တချွတ်ချွတ်နှင့်. . .

တစ်ခါခါတော့. . .

သိုင်းသမားဆိုသည်မှာ ရောက်ရာနေရာတွင် ရှိသည့်အရာ
သမျှကို လိုအပ်သလို အသုံးချတတ်ရမည်ပင် ဟူသော ကျင့်စဉ်
ချမ်းမန်က သံပတ်ကွင်းများဖြင့် ထူးခတ်ထားသော အခြေ
နေကိုပဲ အတွင်းအားကျင့်စဉ်တစ်ခုအဖြစ်အသုံးပြုကာ. . .

လေ့ကျင့်နေလိုက်သည်။

ထိုစဉ်. . . ဂူပေါက်ဝဆီမှာ လူသံကြား၍ ချမ်းမိန်သည်
တွင်းအား လေ့ကျင့်စဉ်ကို ရပ်နားထားလိုက်လေသည်။

ပြီးတော့. . . . အကျဉ်းခန်းထောင့်တွင် ပြန်ထိုင်လိုက်၏။

မကြာလှပေ။

မိုးတိမ်နီဂိုဏ်းချုပ်ကြီးကျစွန်းအန်းနှင့် လောက်ရှ ချွန်းနီ တာစန်းတို့ ရောက်ရှိလာလေသည်။ ချမ်းမိန်သည် ကျစွန်းအန်း မျက်နှာချင်းမဆိုင်လို၍ မျက်နှာကို တစ်ဘက်သို့ လွှဲထားလိုက် သည်။

ကျစွန်းအန်းက သံတိုင်များအပြင်ဘက်တွင် ရပ်၍ ချမ်းမိန်အား လှမ်းပြောလိုက်သည်။

"ဒီဘက်လှည့်စမ်းပါဦး အထောက်တော်ကြီးရဲ့"

ဟု ပြောလိုက်ရာ. . .

ချမ်းမိန်သည် ဒေါသထောင်းခနဲထွက်သွားကာ ဝုန်း လှည့်၍. . .

"ခင်ဗျားကျုပ်ကို အခုလိုဘယ်တော့မှာ မပြောနဲ့"

ဟု ပြောလိုက်၏။

"အလိုမင်းက အထောက်တော်ကြီးမဟုတ်လို့လား"

"အခု မဟုတ်ဘူး၊ အထောက်တော်တစ်ယောက်ဟာ ဘ တော့မှ အခုလို အကျဉ်းသားဘဝမရောက်ရဘူး"

ကျစွန်းအန်းတို့က အချင်းချင်း တစ်ယောက်မျက်နှာ တစ် ယောက်ကြည့်ကာ ပြုံးလိုက်ကြလေသည်။

ထိုစဉ်. . . ချမ်းမိန်က မတ်တပ်ထရပ်လိုက်ပြီး. . .

"ခင်ဗျားတို့ ကျုပ်ကို ကျုပ်သားနဲ့ ပတ်သက်လို့ ဖမ်းထား တာ မဟုတ်လား"

ဟု မေးလိုက်လေသည်။





## အခန်း (၂)

## ကျောက်ဂူအတွင်းလုပ်ကြံမှုများ

"မင်းက ဒီအကြောင်းကြိုသိနေပါလား၊ မင်းကို တို့ဖမ်း သာတာမင်းသားနဲ့ ပတ်သက်လိုက်တာမှ ဘာပြောကောင်းမလဲ"

"ဒီလိုသာဆိုရင် ကျုပ်ကို ပြန်သာလွှတ်လိုက်ပါ။ ကျုပ်ကို မလွှတ်ပဲ ထားလို့ကတော့ နေပြည်တော်ဘုရင့်တပ်ဖွဲ့က ခင်ဗျားတို့ ကို ချမ်းသာခွင့်ပေးမှာ မဟုတ်ဘူး"

နေပြည်တော်ဘုရင့်တပ်ဖွဲ့ ဟူသော စကားသံကို ကြား လိုက်ရသဖြင့်. . . ကျစွန်းအန်း မျက်နှာတစ်ချက်ကွက်ခနဲ ပျက် သွားလေသည်။

အမှန်တော့ မိမိတို့မှာက ဒုစရိုက်သိုင်းလောကသားတွေ မဟုတ်ပါလား။

သို့သော်. . . ကျစွန်းအန်းက ဣန္ဒြေမပျက်နေလိုက်ကာ

၈

ဆက်ပြောသည်။

"မင်းကို ဖမ်းလာကတည်းက လွှတ်ဖို့ စိတ်ကူးလုံးဝမပါဘူး"

ထိုအခါ. . . ဘေးတွင် ရပ်နေသော လောက်ရှံက ဂိုဏ်းချုပ်ကြီးကျစွန်းအန်းအား. . .

"ဂိုဏ်းချုပ်ကြီးကလဲ သံသေတ္တာလက်ထဲရောက်လာရင်တော့ သူ့ကို လွှတ်မှာ မဟုတ်လား" ဟု စကားထောက်လိုက်သည်။

ပြီးချွန်းနီနှင့်ဗှာကုန်းတို့ဘက်လှည့်ကြည့်လိုက်သည်။

သူပြောသည့်စကားကို ထောက်ခံပေးစေလိုသည့်သဘော။

ချွန်းနီနှင့်ဗှာစန်းတို့က တစ်ပြိုင်တည်းလို ခေါင်းညိတ်လိုက်ကြလေသည်။

"သံသေတ္တာ. . . ဟုတ်တယ်၊ သံသေတ္တာငါ့လက်ထဲရောက်လာရင် သူ့ကို ပြန်လွှတ်ပေးရမယ်"

"ဒီမှာ ကျစွန်းအန်းခင်ဗျားဦးနှောက်ဟာ ဒီလောက်ပဲသေးငယ်ရသလား ကျုပ်နဲ့ကျုပ်သားမတွေ့ရတာ ဘယ်လောက်ကြာပြီလဲ၊ ကျုပ်က သူတို့ဘယ်မှာရှိတယ် ဆိုတာတောင် သိရတာမဟုတ်ဘူး။ ဒီလိုအခြေအနေမျိုးမှာ ကျုပ်ကသံသေတ္တာကို ဘယ်လိုနည်းနဲ့ယူရမှာလဲ"

"လွယ်ပါတယ်၊ မင်းကိုငါတို့က ဖမ်းထားတယ်၊ သံသေတ္တာနဲ့လာရွေးဖို့မင်းသားကို အသိပေးလိုက်ရုံပဲ သိလား. . . ချမ်းမိန်"

ထိုအခါ ချမ်းမိန်က ဘာပြန်ပြောရမည်မသိဖြစ်သွားသည်။

ထို့နောက် သူတို့ ကျောက်ဂူအတွင်းဘက်လျှို့ဝှက်ခန်းသို့ရောက်ရှိလာကြသည်။ သည်မှာ. . . ချွန်းနီက. . .

"ကျုပ်. . . ဂိုဏ်းချုပ်ကြီးကို စကားတစ်ခွန်းလောက် ပြော





၉

ရစေ" ဟု ပြောလာလေသည်။

အရက်ခွက်ကို ကိုင်၍ မော့သောက်အံ့ဆဲဆဲ ကျစွန်းအန် . . .

"ဘာများလဲ" ဟု မေးသည်။

"သံသေတ္တာကိစ္စပါ"

"ဟုတ်ပြီ. . . ပြော"

သည်တော့မှ အရက်တစ်ငုံသောက်ဖြစ်သည်။

လောက်ရှံနှင့်ဗှာကုန်းတို့သည်လည်း အမြီး ဘဲကင်၊ ဝက် များကို ဂိုဏ်းချုပ်ကြီးလက်လှမ်းမီရာနေရာသို့ တိုးရွှေ့ပေး ရင်းက ချွန်းနီစကားကို နားစွင့်နေကြသည်။

ချွန်းနီက. . .

"ဂိုဏ်းချုပ်ကြီးရဲ့ အစီအစဉ်အရဆိုရင် ကျုပ်တို့က ဒီစခန်း လူစိမ်းတွေ အဝင်ခံသလို ဖြစ်သွားမလားလို့ပါ"

ဟု ပြောလိုက်သည်။

အားလုံးတွေသွားသည် သည်အချက်ကို မတွေးမိ မှန်လိုက် . . . မိုးတိမ်နီစခန်းအတွင်း လူစိမ်းတွေ ဖိတ်ခေါ် လိုက်သလို နေမည်။ လူဆိုတာ ဉာဏ်နီဉာဏ်နက်တွေက များသားကလား။

"မင်းပြောတာလဲ မှန်တယ်"

ဂိုဏ်းချုပ်ကြီးကျစွန်းအန်းက စကားကို ခပ်လေးလေးနှင့် ခွန်းချင်းပြောလိုက်လေသည်။

လောက်ရှံက ကြားဖြတ်၍. . .

"ဆရာ ချွန်းနီက ဘယ်လိုစဉ်းစားထားလို့လဲ"

မေးသောအခါ. . . ချွန်းနီက. . .

"ဘာမှ မစဉ်းစားရသေးပါဘူး"

စကားသာပြောနိုင်သည်။

သို့သော်. . . ဟာစန်းက တူတစ်စုံကို ကိုင်ထားရာမှ. . .

"တစ်ခုတော့ရှိပါတယ်"

ပြောလေရကာ. . . အားလုံးအကြည့်များက ဟာစန်းထံ စုပေါင်းရောက်ရှိ သွားလေသည်။

"စွန်ရဲချမ်းမိန်ကို လွှတ်လိုက်ပြီး သူ့နောက်က ကျုပ်တို့ နောက်ယောင်ခံလိုက်သွားရင် မကောင်းဘူးလား၊ သူတို့သားအ ချင်း ဆိုတော့ သံသေတ္တာကို ထုတ်ပြနိုင်တယ်"

"နောက်ပြီး ချမ်းမိန်က နန်းတွင်းက ဘုရင့်အထော တော်တစ်ဦးဆိုတော့ ဒီသံသေတ္တာကို သူ့သားလက်ထဲမှာထားမှာ မဟုတ်ဘူး"

"နေပြည်တော်ကိုပဲ ဒီသံသေတ္တာကို ယူဆောင်လာပြီ နန်းတွင်း ရွှေဓားစာရင်းမှာ သွင်းမှာသေချာပါတယ် အဲဒီတော့ ကျုပ်တို့က နေပြည်တော် နန်းတွင်းကို သံသေတ္တာမရောက်ခင် အစွမ်းကုန်ကြိုးစားပြီး သံသေတ္တာကို လုယူရမှာဖြစ်ပါတယ်"

ဟာစန်းက သူ၏ အကြံအစည်ကို ရှည်ရှည်ဝေးဝေး ပြောဆို တင်ပြ၏။

အားလုံးက ဟာစန်း၏ အကြံအစည်ကို လက်ခံသည်လည်း မပြော လက်မခံဟုလည်း မဆို ငြိမ်၍ နေလေသည်။

ထိုစဉ်. . .

"ဖျောက်"

ဂိုဏ်းချုပ်ကြီးကျစွန်းအန်းက လက်ဖျောက်တီးခတ် လိုက်







လေသည်။

ပြီး. . .

"ဟုတ်ပြီ. . ." ပြော၏။

နောက်မှ သူ၏ လူယုံတော် လက်ရွေးစင်တပည့်သုံးဦးတို့ အား သူ့စိတ်ကူးကို ပြောပြ၏။

ထိုအချိန်တွင် အကျဉ်းစခန်းထဲရှိ ချမ်းမိန်မှာ ခြေသံကွင်း ကြိုးကြီးတရှုတ်တိုက်ဆွဲလျက် အတွင်းအား လေ့ကျင့်နေလေသည်။

လေ့ကျင့်နေရင်းက မိုးတိမ်နီဂိုဏ်းချုပ်ကြီး ကျစွန်းအန်းက ပြောသွားသော စကားတွေကို ပြန်လည်ကြားယောင်နေသည်။

"တွေ့ကြသေးတယ်ပေါ့ ငါ့သားက ညံ့တဲ့လူမှ မဟုတ်တာ ိကိုလာရင် အသားလွတ်လာမယ်မဟုတ်ဘူး"

"ဆရာရွှေတောင်ဝှေးရသေ့ကြီးပိုင်ပေ့ချမ်းကိုလဲ အသိ ပေးပဲ ချမ်းလီ ဒီကို လာမယ်မဟုတ်ဘူး"

"ဆရာရွှေတောင်ဝှေးရသေ့ကြီးပိုင်ပေ့ချမ်း ဒီအကြောင်း တွေ သိလို့ကတော့လား ဟင်း. . . ဒင်းတို့ မိုးတိမ်နီဂိုဏ်းမပြိုပျက်ဘဲ နေမယ်မဟုတ်ဘူးမှတ်"

ထိုအခိုက်. . .

ခြေသံကြား၍ လှည့်ကြည့်လိုက်သောအခါ ညစာထမင်း လာကျွေးသူ ဂိုဏ်းဝင်လူကြီးတစ်ယောက် ထမင်းဟင်းထည့်ထား သော ကြိမ်ဆွဲခြင်းကို လက်တစ်ဘက်က ဆွဲလျှက် စောင်းငန်းစောင်း ငန်း လျှောက်လာ၏။

အချုပ်ခန်းရှေ့သို့ ရောက်သောအခါ တစ်ခုတည်းသော ထမင်းဟင်းပန်းကန်များ အချုပ်ခန်းထဲသွင်းနိုင်ထုတ်နိုင်သော

၁၂

အပေါက်မှ လှမ်းပေးရင်း. . .

"ရော့. . . ရော့. . . မြန်မြန်ယူ"

ဟု တိုးပြတ်ပြတ်ပြောလိုက်သည်။

ချမ်းမိန်က ထမင်းဟင်းပန်းကန်များပါရှိသော ဆွဲခြင်းကို လက်တစ်ဘက်က လှမ်းယူလိုက်ပြီး ကျန်လက်တစ်ဘက်က ထမင်းပို့ လူကြီးလက်ကောက်ဝတ်ကို ဖမ်းဆွဲလိုက်လေသည်။

လူကြီးက ရုတ်တရက် ရှန်းရာ. . .

"လွှတ်. . . လွှတ်" အော်၏။

ထိုစဉ်. . . လောက်ရှုံတစ်ယောက်တည်း ရောက်လာကာ ချမ်းမိန် လက်ကို ဓားပြားဖြင့် ရိုက်ချလိုက်၏။

ပြီး သူက ချမ်းမိန်အား. . .

"ဘာလုပ်တာလဲ" မေး၏။

ချမ်းမိန်က. . .

"ရေသောက်ချင်လို့ ရေခတ်ခိုင်းမလို့. . . မင်းတို့က အစာလဲ အဝမစားရ ရေကျတော့လဲ သောက်ချင်လို့ မသောက်ရနဲ့ မဟန်လိုက်တာကွာ" ဟု ပြောလိုက်လေသည်။

လောက်ရှုံက. . .

"ကဲ. . . ကဲ၊ ထမင်းလဲ မစားနဲ့ ရေလဲ မသောက်နဲ့ပေါ့"

ဟု ပြောကာရှိသေးသည် ချမ်းမိန်က. . .

"ခွေးကောင်တွေ ခွေးလေခွေးလွင့်တွေ"

ဟု ဆိုလေသည်။

"ခင်ဗျားကို ထမင်းမကျွေး ရေမတိုက်ထားမလို့ မဟုတ်ဘူး ဟိုမှာ ကျုပ်တို့ဂိုဏ်းချုပ်ကြီးက ခင်ဗျားကို ဖိတ်လိုက်လို့"





၁၃

ချမ်းမိန်ကြောင်သွား၏။ လောက်ရှုံကို မျက်မှောင်ကျုတ်၍ ကြည့်လိုက်သည်။

"ဘာဗျ"

မယုံကြည်နိုင်သည့် မျက်လုံးအစုံဖြင့် ချမ်းမိန်က လောက်ရှုံကို စိုက်ကြည့်နေသည်။

လောက်ရှုံက. . .

"မယုံလို့လား" မေး၏။

"ယုံကြည်ဖို့ခတ်သားပဲ"

"မခတ်ပါနဲ့ ကျုပ်နောက်ကိုသာ လိုက်ခဲ့ပါ"

"ဒီခြေပတ်သံကွင်းတွေကရော"

"အဲဒါကို ဖြုတ်ပေးဖို့ ကျုပ်မှာ အခွင့်ပါမလာဘူး"

"ဒီအတိုင်းသာ လိုက်ခဲ့"

ထို့နောက်. . .

ချမ်းမိန်သည် အတွေးစိတ်ကူးအမျိုးမျိုးဖြင့် လောက်ရှုံနောက် လိုက်သွားလေ၏။

❑✦❑✦❑✦

## အခန်း (၃)

### အဆိပ်သင့်ဆိုင်းသမား

ကျောက်စားပွဲကြီးပေါ်တွင် တွေ့မြင်လိုက်ရသော အရက်အိုးနှင့် ဘဲကင်၊ ဝက်ကင်၊ အသားလုံးကြော်၊ အရွက်ကြော် စသော ပူပူနွေးနွေး အငွေ့ပင် မသေသေးသည့် အစားအသောက်များကို တွေ့လိုက်ရ၏။ ချမ်းမိန်မှာ. . . .

ရုတ်တရက်မတွေးတတ်အောင် ဖြစ်သွားသည်။

"ဒီကောင်တွေဘယ်လိုများပါလိမ့် ငါ့ကို အစားအသောက်ထဲ အဆိပ်ကျွေးပြီး သတ်တော့မှာလား"

ဟု စိတ်ထဲကျိတ်၍ တွေးနေစဉ်. . .

ဂိုဏ်းချုပ်ကြီးကျစွန်းအန်းက ချမ်းမိန်အား. . .

"ထိုင်ပါ" ပြောသည်။

ဘာပဲ ပြောပြော ထိုင်ပါဆို၍ ချမ်းမိန်ထိုင်လိုက်သည်။





"စားပါ. . . ဒီအစားအသောက်တွေအားလုံး အဆိပ် ခတ်ထားပါဘူး"

အစားအသောက်အားလုံးကို အနည်းငယ်စီ တူဖြင့်ညှပ်၍ စားပြနေသည်။ လောက်ရှုံ ချွန်နီနှင့် ဂုစန်းတို့ကလည်း စားပြသည် သောက်ပြသည်။

အမှန်မှာ. . .

ဤစားသောက်ပွဲမှာ ခုမှ စစားကြသည်မဟုတ်။

အချိန်အတော်လေးရနေပြီ။

သူတို့မျက်နှာများအရက်ဆီဖြန်နေကြပြီ။

သည်တော့လည်း. . .

သည်လိုစားကောင်းသောက်ဖွယ်နှင့် အဆက်ပြတ်နေသည် မှာ ရက်သတ္တပတ်တစ်ပတ်ပင် ကျော်လာပြီဖြစ်၍ ချမ်းမိန်သည် လည်းအရက်ကို စတင်သောက်လေသည်။ ပြီးကော့. . .

စားသောက်ဖွယ်ရာများကို ထမင်းပန်းကန်လုံး တစ်လုံး ကိုင်ပြီး ညစာထမင်းကို စတင် စားသောက်ပါလေတော့၏။

ကျစွန်းအန်းက မျက်လုံးပင့်၍ ကြည့်ကာ. . .

"ကိုယ့်ဆရာက အရက်ကို မသောက်တော့ဘူးလား၊ ဒီ အရက်က အလွန်ကောင်းတဲ့ အရက်ဗျ ထမင်းဖြေးဖြေး စားလဲရ ပါတယ် အမြီးစားလဲဝတာပါပဲ"

ဟု လှျာလေးအာလေးသံဖြင့် ပြောနေသည်။

လောက်ရှုံတို့က သူတို့အချင်းချင်းစကားတွတ်ထိုးလျှက် ချမ်းမိန်မှာ. . .

သည်လို မိမိအားရုတ်တရက်ချက်ချင်း အစားအသောက်

များခေါ်ကျွေးသည်ကို သံသယဖြစ်နေသည်။

သည်လိုအပြုအမူနောက်ကွယ်မှာ မရိုးသားမှုတစ်ခု ရှိနေမည်ဟု ချမ်းမိန်အတွေးရောက်လိုက်သည်။

ချမ်းမိန်အတွေးစိတ်ကူးမှန်၏။

စားသောက်ပြီးစီးသည်နှင့် ဂိုဏ်းချုပ်ကြီး ကျစွန်းအန်းက ချမ်းမိန်ဘက်လှည့်ကာ. . . .

"ကဲ အခုချိန်ကစပြီး ကျုပ်စကားပြောမယ် အခုပြောတဲ့ စကားဟာ စောစောကပြောခဲ့တဲ့ စကားမျိုးတော့မဟုတ်ဘူး"

ဟု ပြောလိုက်လေရာ. . .

ချမ်းမိန်သည် ကျစွန်းအန်းဘက်ဖျပ်ခနဲ လှည့်ကြည့်လိုက်သည်။

"ငါထင်တဲ့အတိုင်းပါလား၊ ဘာတွေမဟုတ်မဟပ်တွေ ပြောဦးမလဲ မသိဘူး" ဟု စိတ်ထဲက ကျိတ်၍တွေးနေဆဲ။

"အား. . ."

ခေါင်းထဲ၌ ပိုက်ခနဲ ဖြစ်သွားရလေသည်။

"ဂိုဏ်းချုပ်ကျစွန်းအန်းခင်ဗျား ဘာပြောချင်သလဲ ရှင်းရှင်းသာပြော ကျုပ်နားထောင်နေတယ်"

ချမ်းမိန်က ခပ်ထန်ထန်ပဲ ပြောလိုက်လေသည်။

"ဟော့ဒီ အရက်နဲ့ ဟော့ဒီအစားအသောက်အားလုံးမှာ ရေခဲတောင်ကင်းခြေများအဆိပ်ကို ခပ်ထားပါတယ်"

ဟု ကျစွန်းအန်းက ပြောလိုက်သောအခါမှာတော့ ချမ်းမိန်မှာ. . .

စောစောကတည်းက သံသယဖြစ်နေရသည့် အထဲအခုလို ကြားလိုက်ရသောအခါ. . .





ရင်ထဲဒိန်းခနဲ ဖြစ်ကာ အတော်ကလေး ထိတ်ထိတ်ပြာပြာ ...သွား၏။

ရေခဲတောင်ကင်းခြေများအကောင်၏ အဆိပ်မှာ အလွန် ...ပြင်းထန်သော အဆိပ်တစ်မျိုးဖြစ်သည်။

မြောက်ပိုင်းသိုင်းလောကသားများထံတွင်သာ သည်လို ...ဆိပ်မျိုးတွေ လက်ဝယ်ထားရှိတတ်ပြီး၊ မြောက်ပိုင်း သိုင်းလောက ...များ၌ပင် အလွန်ရှားပါးသော အဆိပ်မျိုးဖြစ်သည်။

ရေခဲတောင်ကင်းခြေများအဆိပ်ဖြေဆေးမှာကား ပို၍ပင် ...၏။

သည်အဆိပ်၏ အာနိသင်ကို ချမ်းမိန်ကောင်းကောင်းသိ ...သည့်အတွက် ပို၍ စိုးရိမ်သွားလေသည်။ ကျစွန်းအန်းကပင်

"ရေခဲတောင်ကင်းခြေများအဆိပ်သင့်တဲ့ လူတွေဟာ ချက် ... မသေနိုင်ပါဘူး။ အနည်းဆုံး တစ်လ၊ အများဆုံးတစ်လခွဲ အချိန် ...ဘာအတွင်းမှာ သေနိုင်တဲ့ အဆိပ်ဖြစ်တယ်" ဟု ပြောနေသည် ...။

ချမ်းမိန်သည် ကျစွန်းအန်း၏ ဆိုလိုသည့် သဘောထားကို ...နိုင်ရှိ နေသည်။

ထို့ကြောင့်. . . ချမ်းမိန်က. . .

"ခုလိုလုပ်တာ ဘာသဘောလဲ" ဟု မေး၏။

"ဖြေးဖြေးပေါ့၊ ကျုပ်ကနည်းနည်းမူးနေလို့ ဖြေးဖြေးပဲ ပြော ...လို့ပါ"

ဟု ကျစွန်းအန်းက ပြောရင်းအပေါ်အင်္ကျီအတွင်းအိတ်ထဲ ...က်တစ်ညှိုးသာသာ ပုလင်းတစ်လုံးကို ထုတ်လိုက်သည်။

ထို့နောက် ပုလင်းထဲက ဆေးလုံးငါးလုံးကို ထုတ်လိုက်
"ဒီဆေးလုံးတွေကတော့ ရေခဲတောင်ကင်းခြေများ အ
ဖြေဆေးလုံးတွေပဲ ကဲ ရော့ ရော့"

ဟုပြောကာ ဆေးလုံးသုံးလုံးကို လောက်ရှုံ၊ ချွန်းနီ
ဂွာစန်းတို့အား လှမ်းပေးလိုက်လေသည်။

သူ့လက်ထဲတွင် ကျန်နေသော ဆေးလုံးနှစ်လုံးအန
တစ်လုံးကို ယူ၍ သူ၏ပါးစပ်ထဲသို့ ပစ်ထည့်လိုက်သည်။

နောက်ဆုံးကျန်နေသော ဆေးလုံးတစ်လုံးကိုမူ လက်
လက်ညှိုးကြားတွင် ညှပ်လျက်. . .

"ဟော့ဒီ နောက်ဆုံးအလုံးကတော့ အထောက်တော်
အတွက်ပါပဲ ဒါပေမယ့်. . ." ဟု စကားစရုံပဲ ရှိသေးသည်။

ချမ်းမိန်၏ လက်တစ်ဘက်ဖျပ်ခနဲ လှုပ်ရှားသွားလေ

"ဝှစ်"

"ဟူး"

လှုပ်ရှားမှုမှာမြန်လွန်း၍ အရိပ်လှိုင်းကိုပင် မမြင်နိုင်

အမှန်စင်စစ်. . .

ချမ်းမိန်သည် ခန္ဓာကိုယ်ကို ခြေသံပတ်ကွင်းနှင့်သံကွ
ဆက်ကြိုးများ၏ အလေးကို ရှန်းကြွစေပြီး ကျစွန်းအန်းလက်
ဆေးလုံးကို လုယူလိုက်ခြင်းပင်။

သည်လိုချမ်းမိန်ဆေးလုံးလုလာလိမ့်မည်ဟု ကြိုတင်
နေသော ကျစွန်းအန်းကလည်း. . .

ချမ်းမိန်၏ လှုပ်ရှားမှုမျိုးနှင့်အတူ ပြန်လည်လှုပ်ရှားတိ
ရှောင်လိုက်လေရကား. . .





ဆေးလုံးမှာ ချမ်းမိန်လက်ထဲပါမသွားပဲ ကျစွန်းအန်း
ာက်ထဲရှိမြဲအတိုင်း ရှိလျက်ပင်။

"ဟား. . . ဟား. . . ဟား. . . ဒီလိုလုပ်လို့ ဘယ်ရမှာလဲ
ချမ်းမိန်. . ."

ချမ်းမိန်မှာ စိတ်ပျက်အားလျော့သွား၏။

"ဒီဆေးလုံးကို မင်းသောက်ချလိုက်ရင် အခုသောက်
အခုပဲ အဲဒီအဆိပ်တွေ ပြေသွားလိမ့်မယ် တစ်လတစ်လခွဲအတွင်း
ဒီဆေးလုံးကို သောက်မယ်ဆိုရင်လဲ အဆိပ်ကတော့ ပြေမှာပါ၊ ဆေး
လုံးကို လုံးဝမသောက်ဘူးဆိုရင်တော့ မင်းဟာ ဒီလောကကြီးထဲမှာ
နောက်တစ်လ တစ်လခွဲလောက်ပဲ နေရမှာပေါ့"

"နေစမ်းပါဦး အဆိပ်ဖြေဆေးလုံးအတွက် ကျုပ်ဘက်က
ဘာလိုချင်လို့လဲ သံသေတ္တာလား"

"ကျုပ်ပြောတာနားထောင် မင်းကို အခုလွှတ်ပေးလိုက်မယ်
တစ်လခွဲအချိန်ပေးမယ် သံသေတ္တာကို တစ်လခွဲအတွင်း ရအောင်
ရှာပြီး ကျုပ်ကိုလာပေး သံသေတ္တာအခုပေးလိုက်တာနဲ့ ဒီအဆိပ်ဖြေ
ဆေးကိုလဲ မင်းလက်ထဲ ရောက်လာစေရမယ်"

"ဒီလိုဆိုရင် စောစောက ခင်ဗျားပြောခဲ့သလို ကျုပ်ကို
သံသေတ္တာနဲ့ လာရွေးဖို့ ကျုပ်သားကို အသိပေးဦးမှာလား"

"အဲဒီအစီအစဉ်ကို ဖျက်လိုက်ပြီ မလုပ်တော့ဘူး"

"အပြောင်းအလဲကလဲ မြန်ပါရောလား"

"မင်းဘာမှ ပြောစရာမလိုဘူး။ အခုပြောတာကိုသာ မင်း
လုပ်မလား။ မလုပ်ဘူးလားပြောပါ"

သည်တော့လည်း. . . ချမ်းမိန်မှာ အဖြေစကားတစ်ခွန်း

အတွက် ပင်ပမ်းနေဖိသည်။

"ဘယ်လိုလဲ. . . ဘာသဘောရသလဲ"

အရေးထဲ ကျစွန်းအန်းက လောဆော်၍နေသည်။

"ဖြေး. . . ဖြေး. . . ပေါ့ဗျာ"

ပြောရင်း စိတ်ထဲတွင် ဘာပြောပြော သားနှင့်တွေ့လျှင် အဖြေတစ်မျိုး ထွက်လာစရာရှိသည်။

ရွှေတောင်ဝှေးရသေ့ကြီးပိုင်ဟွေ့ချမ်းထံတွင် ဤသို့သော အဆိပ်ဖြေဆေးမရှိဟု မပြောနိုင်။

ထို့ကြောင့်. . . ချမ်းမိန်က. . .

"ကောင်းပြီ၊ ကျုပ်ကို အခုလွှတ်ပေးလိုက်၊ ကျုပ်ကိုယ်တိုင် သံသေတ္တာကို ယူလာခဲ့မယ်၊ ခင်ဗျားကတိ မပျက်စေနဲ့"

"စိတ်ချ"

□✣□✣□✣





## အခန်း (၄)

### မျက်လှည့်ဆရာ ယုံပိုက်မောင် ကျေးရွှား

မဟူရာသေမင်းခံတွင်းကျောက်ဂူ အကျဉ်းစခန်းမှ ချမ်းမိန် ွတ်မြောက်လာခဲ့ပါသော်လည်း. . .

လွတ်မြောက်ခြင်းအစစ်မဟုတ်ပေ။

အကယ်၍များ. . .

တစ်လခွဲတည်းဟူသော အချိန်ကာလအတွင်း သားထံမှ ံသေတ္တာကို မရခဲ့လျှင်. . .

မိမိခန္ဓာကိုယ်တွင် သင့်နေပြီဖြစ်သော ရေခဲတောင် ကင်း ခြေများ အဆိပ်က ကောင်းကောင်းကြီး အစွမ်းပြချေတော့မည် ဟုတ်ပါလား။

ဘာပဲပြောပြော သားချမ်းလီကိုတော့အရင်ဆုံးတွေ့အောင် ိုက်ရှာရပေမည်။ အတွေးစိတ်ကူးနှင့်အတူ မြင်းကို ကဆုန်စိုင်း

လာခဲ့လေသည်။

"ခွပ် . . . ခွပ်"

"ခွပ် . . . ခွပ်"

"ဟီး . . . ဟီး . . . ဟီး . . . ဟီး . . ."

မိုးတိမ်နီဂိုဏ်းချုပ်ကြီးကျစွန်းအန်းက မိမိအား မဟူရ
သေမင်းခံတွင်းကျောက်ဂူအတွင်းမှ အဝင်ခရီးစဉ်အတိုင်း ယခု
အထွက်ခရီးစဉ်တွင်လည်း မျက်နှာကို အဝတ်စည်းထားသည်။ ခေါ
သံပတ်ကွင်းနှင့် သံကွင်းဆက်သံကြိုးကို ဖြုတ်လိုက်စဉ်မှာ ကတည်း
မိမိကို အကြောပိတ်ထားခဲ့သည်။

မေ့ကြောကိုပါ ပိတ်ထား လိုက်သဖြင့် . . .

မိမိအနေဖြင့် ရောက်ရှိနေသော ပတ်ဝန်းကျင်၏ အရောင်
အနံ့ကိုပင် လုံးဝခံစားနိုင်ခွင့် မရှိခဲ့ပေ။

အကြံပိုင်လိုက်လေသော ကျစွန်းအန်းပါပေ။

သတိရသဖြင့် . . . မျက်လုံးများကို ဖွင့်၍ကြည့်လိုသော
အခါ . . .

ချမ်းမိန်သည်မြို့တစ်မြို့မှ စားသောက်ဆိုင်တစ်ဆိုင်၏
တည်းခိုခန်းတစ်ခန်းသို့ ရောက်ရှိလျက် ရှိသည်ကို သိလိုက်ရလေ
သည်။ နံနက်ခင်းအလင်းရောင်ခြည်တန်းတွေက ချမ်းမိန် မျက်လုံး
ကိုပင် ကျိန်းစပ်သွားစေ၏။

ထိုစဉ် . . . တည်းခိုခန်းမှ အလုပ်သမားတစ်ဦး ရောက်ရှိ
လာကာ . .

"သြော် . . . ဆရာကြီးအိပ်ရာက နိုးနေပြီပဲ၊ ဆရာကြီး
မိတ်ဆွေစောစောကပဲ ခရီးဆက်သွားပါပြီ၊ ဆရာကြီးအိပ်ရာထ







ချင် ဒီအထုပ်ပေးလိုက်ပါဆိုလို့ ကျွန်တော်သာပေးရတာ . . ."
ပြောလေသည်။

ချမ်းမိန်မှာ ယခုအချိန်အထိ မိမိကိုယ်မိမိ ဘာဖြစ်နေသည်
. . . ယ်ရောက်နေသည် မသိသေးပေ။

သို့သော် . . .

တည်းခိုခန်းက အလုပ်သမားလေးပေးသော အထုပ်ကို
. . လိုက်စဉ် ချမ်းမိန်သည် အခြေအနေကို ရိပ်စားလိုက်ပါ၏။

အထုပ်ကို ဖြေကြည့်လိုက်သောအခါ ငွေစအချို့ကို တွေ့
. . က်ရသည်။

"သူက ဘာမှာသွားခဲ့သေးလဲငါ့တူ"

ဟု ချမ်းမိန်က စကားတစ်ခွန်းကို ထောက်စမ်းကြည့်လိုက်
. . ည်။

တည်းခိုခန်း အလုပ်သမားလေးက . . .

"ဘာမှတော့မမှာခဲ့ပါဘူး၊ ဆရာကြီးရဲ့မြင်းကို ထုတ်ပေး
. . က်ပါလို့ပဲ ပြောသွားပါတယ်" ပြောလေသည်။

ထိုအခါ . . .

ချမ်းမိန်က တစ်ချက်ပြုံးလိုက်သည်။

လက်ရှိအခြေအနေကိုလည်း ကောင်းကောင်း သဘော
. . ါက်လိုက်၏။ ခုတော့ . . .

"ခွပ် . . . ခွပ်"

"ခွပ် . . . ခွပ်"

"ခွပ် . . . ခွပ်"

ချမ်းမိန်ခရီးဆက်လာခဲ့သည် မြောက်ပိုင်းပြည်နယ် တစ်

နယ်အတွင်းသို့ ရောက်နေပြီဆိုသော အဖြစ်ကိုကား . . .

ချမ်းမိန်ကောင်းကောင်းသိလိုက်သည်။

ထို့နောက် . . . ချမ်းမိန်က အနီးဆုံးရောက်နိုင်သော တစ်မြို့ကို စုံစမ်းကြည့်ရာ . . . ဝမ်းဟုံမြို့ဟု သိလိုက်ရလေသ

ထိုမြို့တွင် လူဆိုးထိန်း ကြွေဟုန်ရှိသည်။ ကြွေဟုန် တွေ့ရန် မျှော်လင့်ချက်နှင့် လာခဲ့ခြင်းပင်။

သို့သော် . . .

ကြွေဟုန်ကို မတွေ့ခဲ့ရ သူခရီးထွက်သွားသည်မှာ ရက်ကျော်ပြီဆို၏။ ထို့ကြောင့် . . . ချမ်းမိန်သည် စိတ်ကိုတို မြင်းကို ခြေဖြင့်ဆောင့်၍ ဆောင့်၍ ထိုးကာ ကဆုန်စိုင်းလာခဲ့ ပင်။

"ပန်းကမ္ဘာစားသောက်ဆိုင်"

ဆိုင်းဘုတ်ကို ဖတ်လိုက်ရကတည်းက ချမ်းမိန်က . . .

"အတော်ကဗျာဆန်တဲ့ စားသောက်ဆိုင် နာမည်ပါလား"

ဟု တွေးပြီးဆိုင်ရှေ့တွင် မြင်းကို ဇက်သပ်၍ ရပ်လို လေရာ . . .

"ခလောက်ခွပ် . . . ခွပ်"

"ခွပ်"

မြင်းကြီးရပ်သွားသည်နှင့် . . . .

စားသောက်ဆိုင် အလုပ်သမား လူရွယ်တစ်ယော ပြေးထွက်လာကာ . . . .

"ဆရာကြီးကြွပါခင်ဗျာ၊ ကျွန်တော်တို့ဆိုင်မှာ စားသော လို့လဲ ရပါတယ်၊ တည်းခိုခန်းလဲရှိပါတယ်" ပြော၏။





"အေးဒါဆိုရင် ခဏနားလိုက်သေးတာပေါ့"

ဟု ချမ်းမိန်က ပြောပြီး မြင်းပေါ်က ဆင်းသည်။

သည်လို လူရွယ်ကလေးတွေရောက်လာပြီး ဧည့်ကြိုလုပ် လေတိုင်း မြင်းကို သူတို့မြင်းဇောင်းမှာ သတ်သတ်မှတ်မှတ် ထားပေး ရသောအစဉ်အလာရှိ၏။

ချမ်းမိန်သည် စားသောက်ဆိုင်ခန်းထဲသို့ ဝင်လာခဲ့လေ သည် စားသောက်ဆိုင်ခန်းထဲတွင် ဖောက်သည်အများကြီးဖြင့် ပြည့် နေလေပြီ စားပွဲအလွတ်ကိုပင် မတွေ့ရတော့ပေ။

ထိုစဉ် . . . စားပွဲခုံတစ်လုံးမှ နှုတ်ခမ်းမွေးကားကားနှင့် ဇာတ်သမား တစ်ယောက်လိုလူတစ်ယောက်က . . .

ရုတ်တရက်ထလာကာ ချမ်းမိန်အား . . .

"ဆရာကြီးကျုပ်ကို မှတ်မိသလား" မေး၏။

ရုတ်တရက် ချမ်းမိန်သည် နှုတ်ခမ်းမွေးလူကြီးကို မမှတ်မိ သေး။ ကြောင်အမ်းအမ်းကြည့်နေမိ၏။

ထိုစဉ် . . . နှုတ်ခမ်းမွေးလူကြီးက . . .

"ဝေတုံတောင်ကြားမှာ ကျုပ်တို့မျက်လှည့်ဇာတ်အဖွဲ့သား တွေရဲ့မြင်းလှည်းသုံးစီးကို လူဆိုးတွေလမ်းက တားပြီးအနှောင့် အယှက်ပေးတုန်းက ဆရာကြီးဝင်ကယ်ခဲ့တာလေ"

ဟု ချမ်းမိန်မှတ်မိစေနိုင်သော အဖြစ်အပျက်ကို ချပြော လိုက်တော့မှ . . .

ချမ်းမိန်သည် နှုတ်ဆက်လာသူအား . . .

"ဩော် . . . ခင်ဗျား မျက်လှည့်ဆရာကြီး ယုံပိုက်ဟင် မဟုတ်လား" ဟု မေးလိုက်သည်။

နှုတ်ခမ်းမွေးနှင့်လူကြီးက ဝမ်းသာအားရဖြင့်. . .

"ဟုတ်တယ်လေ" ဟု ပြောလာလေသည်။

"ဆရာကြီးမိန် ဟုတ်တယ်နော်"

"ဟုတ်ပါတယ် ချမ်းမိန်ပါ"

"အေးဗျာ. . . တိုက်တိုက်ဆိုင်ဆိုင်ခုမှပဲ ဆုံတော့တယ်၊ လာဗျာ ကျုပ်က ခင်ဗျားကို ကျွေးမွေးဆပ်ချင်လွန်းလို့ပါ"

ထို့နောက်. . .

မျက်လှည့်ဆရာကြီး ယုံပိုက်ဟင်ခေါ်ဆောင်သွားရာ စားပွဲသို့ လိုက်သွားပြီး ထိုးပေးသော ထိုင်ခုံတွင် ဝင်ထိုင်လိုက်လေသည်။

ယုံပိုက်ဟင်မှာ သူ၏ တပည့်လူရွယ်နှစ်ယောက်နှင့် အတူ စားသောက်နေခြင်းဖြစ်သည်။

ယုံပိုက်ဟင်က အရက်ဖန်ခွက်ကို ချမ်းမိန်ရှေ့ချပေးရင်း "အခု ဘယ်ကိုလာတာလဲ" ဟု မေးလေသည်။

ချမ်းမိန်က အဖြစ်မှန်ကို ထိန်ချန်ထားလိုက်ပြီး. . .

"ဒီဘက်မှာ ကျုပ်သားချမ်းလီရှိတယ်ဆိုလို့ လာရှာတာပါ" ဟု လိုရင်းကိုပဲ ပြောလိုက်၏။

ထိုစဉ်. . .

လမ်းတေလေ အဘိုးကြီးတစ်ဦး ဘိုသီဘတ်သီနှင့် ဝင်လာပြီး လူလွတ်သွားသော စားပွဲတွင်ဝင်၍ နေရာယူလိုက်သည်ကို ချမ်းမိန် တွေ့လိုက်သည်။

စိတ်ထဲမှာ. . .

"ဒီလမ်းတေလေအဘိုးကြီးဟာ မိုးတိမ်နီ ဂိုဏ်းသားဖြစ်နိုင်တယ်" ဟု တွေးလိုက်မိလေသည်။





"ချမ်းလီဆိုလို့ ကျုပ်ရန်ကိုးမြို့မှာ ချမ်းလီဆိုတဲ့ လူရွယ်တစ်ဦးနဲ့ တွေ့ခဲ့တယ်။ သူတစ်ယောက်ထဲမဟုတ်ဘူး။ ကွာဖုန်းယုံကဲ့ လူရွယ်တစ်ယောက်နဲ့အတူ တွေ့ရတာ"

ဟု ပြောလိုက်ကတည်းက ချမ်းမိန်မျက်နှာမှာ ချက်ချင်းဝင်းပ၍ သွားလေသည်။

ယုံပိုက်ဟင်၏ လက်မောင်းများကိုလည်း ဖမ်းဆုပ်၍ လှုပ်ကာ. . .

"ဟာ. . . အဲဒါကျုပ်သား ချမ်းလီအစစ်ပဲ၊ ရန်ကိုးမြို့မှာ အခုရှိသေးလား ယုံပိုက်ဟင်" ဟု အငမ်းမရမေးလိုက်၏။

ယုံပိုက်ဟင်က. . .

"ရှိဦးမယ်ထင်တာပဲ ကျုပ်တို့မျက်လှည့်ဇာတ်အဖွဲ့နဲ့ လိုက်မယ်လို့တောင်ပြောတာ နောက်မှ မလိုက်တော့ဘူးဆိုပြီး ကျန်နေခဲ့တာ"

"ဘယ်မှာ တွေ့တာလဲ"

"စခန်းသာတည်းခိုခန်းမှာ တွေ့ခဲ့တာ စခန်းသာက ရန်ကိုးမြို့မှာ နာမည်ကြီးတည်းခိုခန်းပါ မေးရင်ရပါတယ်"

ထို့နောက်. . .

ချမ်းမိန်သည် ယုံပိုက်ဟင်တို့ထံမှ အမြန်ဆုံးထွက်ခွာပြီး ရန်ကိုးမြို့သို့ ဦးတည်လိုက်ပါလေတော့၏။

❑✢❑✢❑✢

## အခန်း (၅)

### ခြေရာကောက်စရိုးသည်

ရန်ကုန်မြို့သို့ ရောက်ချေပြီ။

လူဝင်လူထွက်များပြီး အရောင်းအဝယ်ကောင်းသော မြို့ကလေး တစ်မြို့ဖြစ်သည်။

ချမ်းမိန်ရောက်ရှိသွားသောအခါ မြို့လယ်လမ်းမကြီး အပေါ်တွင်လူတွေ ပိတ်ဆို့နေသည်။

ရိုးရာပွဲတစ်ပွဲနှင့် ချမ်းမိန်ကြုံ၏။ အကပဒေသာအဖွဲ့များ လမ်းမတလျှောက် ကခုန်မြူးတူးနေ၏။

တီးမှုတ်သူတွေကလည်း အဆက်မပြတ်။

ချမ်းမိန်မှာ လူတွေများလွန်းသဖြင့်. . မြင်းကို မစီးဘဲ ဇက်ကြိုးကိုဆွဲပြီး ခြေကျင် လျှောက်လာခဲ့ရလေသည်။

ထိုအခိုက်. . .







ချမ်းမိန်သည် မိမိနောက်မှ လူတစ်ယောက် နောက်ယောင် ခံ၍ လိုက်လာသည်ကို ချမ်းမိန်သတိထားလိုက်မိ၏။

ဖျပ်ခနဲ လှည့်ကြည့်လိုက်သောအခါ ချမ်းမိန်တွေ့လာရ သူမှာ. . . ကျေးတောသားလူကြီးတစ်ယောက်။

ထိုလူကြီးက မျက်နှာကို လွှဲပစ်လိုက်လေသည်။

အတန်ကြာတော့ သည်လူကြီးသည်လည်း မိုးတိမ်နီဂိုဏ်း သားတစ်ဦးပင်ဖြစ်မည်ဟု ချမ်းမိန်တွေးထင်လိုက်သည်။

သို့နှင့်. . . မြင်းကို ဈေးဆိုင်တစ်ဆိုင်ရှေ့တွင် ကြိုးချည်၍ ထားခဲ့ပြီး၊ စောစောက ကျေးတောသားဝတ်စုံနှင့် လူကြီးနောက်သို့ ပြန်၍ နောက်ယောင်ခံလိုက်ခဲ့သည်။ မျက်ခြေမပြတ်သေး။

ချမ်းမိန်သည် နောက်က ထိုလူကြီး၏ နောက်ကျောပြင်ကို ငမ်းမြင်နေရသည်။

သို့သော်. . . ချမ်းမိန်သည် စိတ်သွားပိုင်းကိုယ်မပါဘဲ ဖြစ်နေသည်။

လူတွေက ရိုးရာပွဲကြည့်လိုသည့်စိတ်ဇောဖြင့် ချမ်းမိန်ရှေ့ လာနေကြလေရကား ချမ်းမိန်မှာ. . .

အချို့က ကာဆီးကာဆီး၊

အချို့က ကန့်လန့်ကန့်လန့်၊

အချို့ကျပြန်တော့

"အမယ်လေးဗျ"

မရှောင်သာတော့ပဲ ထိပ်တိုက်ဝင်တိုးမိသဖြင့် ဒေါ်ဟစ် သွားပြီးလဲပြိုကျန်နေခဲ့သည်။

ချမ်းမိန်မှာ

"မတော်လို့ပါခင်ဗျား" စကားကိုပင် လက်ဟန်မှုသာပြပြီး ခွေးတထွက်ပြေးသွားသူနောက် အသဲအမဲ လိုက်ခဲ့သည်။

ရိုးရာပွဲနှင့် အလှမ်းကွာဝေးလာသဖြင့် လမ်းပေါ် လူကြဲသွား၏။ လူကြီးမှာ အသက်သာကြီးသည် လူငယ်တစ်ယောက်နှင့်မခြား လျှင်မြန်ဖျတ်လတ်နေသည်။

"ဝှစ်...ဝှစ်"

"ဟူး"

လမ်းချိုးတစ်ချိုးတွင် ရိပ်ခနဲပျောက်သွားလေ၏။

ကိုယ်ဖော့ပညာကို အသုံးပြု၍ ပြေးသွားကြောင်းသိသာ၏။

"သေချာပြီ၊ ဒီလူကြီးဟာ သိုင်းလောကသားတစ်ယောက် ဖြစ်ရမယ် ဒင်းက ငါ့နောက်ကို ဘာကြောင့်လိုက်နေရတာလဲ"

ချမ်းမိန့်သည်လည်း မခံချင်စိတ်နှင့် ဆက်လိုက်၏။

"ဝှစ်...ဝှစ်"

"ဟူး"

လမ်းချိုးအတိုင်းအမြင့်ပိုင်းသို့ လွှားခနဲ လွှားခနဲ ပြေးလိုက်လာခဲ့လေသည်။

ဒုတ်လှေကားကြီးတစ်ခုပေါ် ပြေးတက်နေသော ကျေးတောသားဝတ်စုံနှင့် လူကြီးကို ချမ်းမိန့်တွေ့ရပြန်၏။

ထိုလှေကားပေါ် ချမ်းမိန့်တက်လိုက်သွား၏။

"ရှပ်...ရှပ်"

"ရှပ်...ရှပ်...ရှပ်"

လှေကားထစ်များမှာ မစိတ်မကြဲ တစ်ထွာကျော်တစ်ခါ နင်းလှေကားတစ်မျိုးဖြစ်သည်။ လှေကားတစ်ဆိုတာမျိုးက အဆင်း





ဖြစ်စေ အတက်ပဲဖြစ်စေ ဟန်ချက်ညီညီလှုပ်ရှားခြင်းဖြင့် ဆင်းမှ တက်မှ သို့မဟုတ်လျှင် ခလုတ်တိုက်လဲကျမည်သာ။

လှေကားထစ်တွေကို ကျော်၍နင်းတက်ရအောင်ကလည်း အမြဲကျော်နင်းတက်ရန်မလွယ်။

ထို့ကြောင့်...

ပြေးသူနှင့် လိုက်သူတစ်ယောက်နှင့် တစ်ယောက်မလှမ်းမကမ်းရှိနေကြပါလျက် လိုက်မမီအသဲယားစရာ ဖြစ်နေသည်။

လှေကားထိပ်သို့ ရောက်သွားသောအခါ ထွက်ပြေးသူ လူကြီးကို လုံးဝမတွေ့ရတော့။ ကိုယ်ရောင်ဖျောက် ထားလေသလား ဟုပင် ချမ်းမိန့်က အတွေးရောက်လိုက်မိသည်။

ရှေ့မလှမ်းမကမ်းသို့ မျှော်၍ကြည့်လိုက်သောအခါ...

တရုတ်ဘုံကျောင်းကြီးတစ်ကျောင်း...

ညာဘက်ဘေးမှာ ရေကန်ကြီးတစ်ကန်

ဘယ်ဘက်ဘေးမှာက လူနေခြံကျယ်ကြီးတွေ

ထွက်ပြေးသူသည် တရုတ်ဘုံကျောင်းဆီသို့ ပြေးသွားနိုင်စရာအချိန်မရှိ။ ရေကန်ဘက်ကိုလည်း သူရွှေ့ပြေးလိမ့်မည် မထင်။

ပြေးချင်းပြေးလျှင် လူနေခြံကျယ်ကြီးတွေဘက်ကိုသာ ပြေးပေလိမ့်မည်။ သို့သော်လည်း...

ချမ်းမိန့်ဆက်မလိုက်။

"တောက်"

မိမိကိုယ်မိမိဖြေသိမ့်သည့်အနေဖြင့် တောင်တစ်ချက်ကိုသာ ခပ်ပြင်းပြင်းခဝါထုတ်လိုက်သည်။

"အချိန်မရှိလို့သာ ပေါ့ကွာ"

စကားကိုပြောပြီး လာရာလမ်းအတိုင်း ပြန်လျှောက်လာခဲ့သည်။

အလာတုန်းကတော့ ဖောနှင့်မို့ပမ်းရမှန်းမသိ ရှိခဲ့သည်။

အခုတော့. . .

အမောသားကလား. . .

မြင်းကို အပ်ထားခဲ့သော ဈေးဆိုင်ရှေ့တွင် ထားခဲ့တုန်းက အတိုင်းတွေ့ရသည်။ သစ်သီးရောင်းသော ဆိုင်ဆိုတာခုမှ သတိထားမိသည်။

ဆိုင်ရှင်မှာ မိန်းမကြီးတပ်ဦး ဖြစ်နေကြောင်းကိုလည်း အခုမှပဲ သတိပြုမိသည်။ သတိမမူဂူမမြင်ဆိုသည်မှာ မှန်လေစွတကား။

ချမ်းမိန်က မိန်းမကြီးအား. . .

"ကျေးဇူးတင်လှပါတယ် ခင်ဗျာ" ဟု ကျေးဇူးတင်စကားကို ကျေးဇူးတရားကို အသိအမှတ်ပြုလိုက်သောအခါ. . .

မိန်းမကြီးက ဈေးရောင်းရာမှ. . .

"ရပါတယ်" ဟု ပြောသည်။

သဘောကောင်းပုံရသည်။ ဈေးသည်များတွင် သဘောကောင်းသော ဈေးသည်ရှားသည်။ သည်ဈေးသည်မိန်းမကြီးကတော့ သဘောကောင်းရှာသားပဲဟု ချမ်းမိန်တွေးမိရာမှ. . .

"ဩော်. . . ဒါထက် စခန်းသာတည်းခိုခန်းကို ဘယ်လမ်းကသွားရမှာပါလဲခင်ဗျာ"

ဟု မေးလိုက်သည်။

မိန်းမကြီးက သူ့ရှေ့ခပ်စောင်းစောင်းတစ်နေရာသို့ လက်ညှိုးထိုးကာ. . .







"ဟိုမှာလေ"

ဟု ပြောလိုက်လေသည်။

လှည့်ကြည့်လိုက်သောအခါ

"စခန်းသာ"

စားလုံးကြီးကို ထင်းခနဲ တွေ့လိုက်ရ၏။ ချမ်းမိန်မှာ မိမိ ...ယ်ကိုပင် နမော်နမဲ့နိုင်ရာ ကျနေပါကလားဟု အတွေးက ရောက် ...ိုက်မိသည်။

သစ်သီးဈေးသည် မိန်းမကြီးကို ကျေးဇူးစကားထပ်ပြော ...ီး စခန်းသာတည်းခိုရိပ်သာသို့ လာခဲ့လေသည်။

စခန်းသာတည်းခိုရိပ်သာအမှုထမ်းတစ်ဦးက လမ်းညွှန်ပြ ...ိုက်၍ တည်းခိုခန်းအုပ်ချုပ်ရေးမှူးထံ ချမ်းမိန်ရောက်၏။

"ဒီမှာ ချမ်းလီနဲ့ ကွာဖုန်းယုတို့များတည်းခိုနေပါသလား ...င်ဗျား"

ဟု ချမ်းမိန်က မေးလိုက်သည်နှင့် အုပ်ချုပ်ရေးမှူး လူဝကြီး ... မှတ်ဉာဏ်အလွန်ကောင်းပုံရသည်။

"တည်းတည်" ဟု ဖြေ၏။

ထိုအခါ. . .

ချမ်းမိန်က. . .

"သူတို့အခု. . "

ဟု စကားကို ချီရုံရှိပါသေးသည် လူဝကြီးက စကားဖြတ် ...ပြော၏။

"သူတို့အခုဒီမှာ မရှိဘူး မနေ့ကပဲပြန်ထွက်သွားကြပြီ"

ဟု ပြောလေ၏။

ချမ်းမိန်စိတ်မောသွားရပါလေတော့၏။

"သူတို့ဘယ်ကိုသွားမယ်လို့ပြောများပြောသွားသေးလား ခင်ဗျာ"

"သူတို့ကိစ္စကျုပ်ဘယ်သိမှာလဲ"

ချမ်းမိန်ဘာမှ ဆက်မပြောတော့။

ချာခနဲလှည့်ထွက်လာ၏။

"ရှပ်. . . ရှပ်"

ခြေသံကြား၍ လှည့်အကြည့် အရက်သမားကြီး တ... သူက. . .

"ကျုပ် မောင်ရင်တို့ပြောနေတာကြားလိုက်လို့ပါ။ ဟိုနေ... လူငယ်နှစ်ယောက် ကျုပ်နားမှာ ပြောသွားတာကတော့ အမော... အမျိုးတွေဆီသွားမယ်တဲ့ မှန်ကိုတွေဆိုလားပဲ"

ဟု ပြောလေရာ ချမ်းမိန်မှာ သားချမ်းလီ၏ ခြေရာ... ကောက်မိလိုက်ရသဖြင့်. . .

ဝမ်းသာလာရပြန်ပါ၏။

သို့နှင့်. . .

အရက်သမားကြီးအား ငွေစက္ကူအချို့ကို ပေးကာ. . .

"ကျေးဇူးပါပဲခင်ဗျာ"

ဟု ပြောပြီးအမြန်ဆုံး ထိုနေရာမှ ထွက်လာခဲ့ပါလေတော့၏။ အရက်သမားကြီးက လက်ပြလျက်ဝေးကျန်ရစ်လေ၏။





## အခန်း (၆)

### ပင်လယ်ဝါလှိုင်းကမ္ဘေ ဟိုအဝေး

ကောင်းကင်တခွင်တပြင်လုံးအုံ့မှိုင်းဝေရီ၍ နေလေသည်။

အနီးမြင်ထင်းသည်။ ပြတ်သားသော ပုံရိပ်များ ဖြစ်တည်... သည်။

ပိုအဝေးမြင်ကွင်းကား မပြတ်မသားဝိုးတဝါး မှုန်ရီရီ။ ...း အဝေးမြင် ကင်းတိုင်းမှာ တွေ့မြင်ရသူကို အလိုလို လွမ်းမောရီ...စေ၏။

စွန်ရဲချမ်းမိန်သည် တောင်ကုန်းတစ်ခု၏ ထိပ်ဖျား၌ မြင်း... ...က်သပ်ရပ်လိုက်လျက်မျှော်၍ ကြည့်လိုက်ခြင်းပင်. . .

ဤသည်မှာ. . .

မြောက်ပိုင်း နှင်းဖုံးတောင်တန်းဒေသဖြစ်သည်။

သည်အရပ်ရှိ ကျိုးချင်းနယ်သို့ သွားရဦးမည်။

ထိုနေရာတွင် ခရီးရှည်သွား မွန်ဂိုတွေရှိသည်။

သူတို့သည် အရပ်ဒေသတစ်ခုတွင် ယာယီစခန်းချသည် နှစ်နှင့်ချီ၍ ကြာသည်။

ချမ်းမိန့်သည် တောင်ထိပ်မှာ တဖန်မြင်းကို ထိန်း၍ ဆင်းလာခဲ့လေသည်။ မြင်းစီး၍ တောင်ကုန်းကို တက်ရာတွင် မြ ပက်လက်လန် ကျတက်သလို တောင်ကုန်းကအဆင်းတွင်လည်း မြ သည် ခြေခေါက်ပြီး လဲတက်ပြန်သည်။

ထို့ကြောင့်. . .

မြေညီမှာလိုမဟုတ် မြင်းစီးရာတွင် တောင်တက်တော ဆင်း အထူးသတိထားရသည်။ အောက်တွင် ရေများခဲစပြုပြီဖြစ် သတိထားရပြန်သည်။ လမ်းပေါ် ကျရောက်လာသော ဆီးနှင်းတွေ အေးခဲပြီး ရေခဲချပ်များ ဖြစ်နေသောကြောင့်. . . အချို့ချိုင့် ကျင်းတွေကို မသိနိုင်ရှိသည်။ ရေခဲချပ်များက ကွဲအက်ပေါက်ကွဲ မြင်းရောလူပါချိုင့်တွေ ကျင်းတွေထဲ ထိုးကျတက်သည်မဟုတ်ပါလား

အအေးခံဦးထုပ်နှင့် အပေါ်ဝတ်စုံပေါ် တဖွဲဖွဲကျလာသော ဆီးနှင်းပွင့်တွေကို ပုတ်ခါနေရသည်မှာလည်း

သည်အရပ်သည် ဒေသတွင် အလုပ်တစ်ခုဖြစ်သည်။

မည်သို့ဆိုစေ. . .

ချမ်းမိန့်သည် ဤအရပ်ဒေသနှင့် စိမ်းသူတော့ဖြင့် မဟု ပေ။ လွန်ခဲ့သော အနှစ်နှစ်ဆယ်ဝန်းကျင်က ချမ်းမိန့်သည် ဤအ သို့ လာရောက်နေထိုင်ခဲ့ဖူးသည်ပဲ။

သည်စဉ်က. . .

ချမ်းမိန့်မှာ နေပြည်တော်နန်းတွင်း အရေးတစ်ခု





ပေါက်လာခဲ့လေရာ ထိုအရေးတွင် ချမ်းမိန့်က. . .

ပါဝင်ပတ်သက်ခြင်း မရှိသော်လည်း မိမိရှိနေပါမူပါဝင် ပတ်သက်လာနိုင်စရာ အကြောင်းတွေ ရှိနေသဖြင့်. . .

ဝေးရာအရပ်သို့ ထွက်လာခဲ့ခြင်းဖြစ်သည်။ နောင်တစ်ချိန် ဘုရင်မင်းမြတ်က မိမိဘဝအနေကို သိလာမည် ဖြစ်၍. . .

ထိုအချိန်ကာလ ရောက်ကာမှ နေပြည်တော်သို့ ပြန်မည့် ဘာထားပါပေ။

ဤအရပ်သို့ ချမ်းမိန့်ရောက်ရှိလာသောအခါ. . .

မွန်ဂိုခရီးရှည်သွားအုပ်စုတွင် ဇာတ်မြုပ်နေမိလျက်သား သွားသည်။

ပထမတော့ ချမ်းမိန့်က ပြည်မတွင် မိဘများကွယ်လွန် သောအခါ. . .

တစ်ကောင်ကြွက် တစ်မျက်နှာဘဝရောက်ရှိခဲ့သဖြင့် ဤကဲ့သို့သော အနှောင်အဖွဲ့ကင်းသော ဘဝမျိုးတွင် မိမိ သွားလိုရာ ရပ်သို့ သွားနိုင်ခွင့်ရှိသည်။ သွားလည်း သွားသင့်သည်။ အရပ် ဒေသတစ်ခုတည်း၊ ဥဒ္ဓံကလေး အတွင်း၌ ငြိမ်ငြိမ်ကလေးနေသော ဘဝမျိုးကို မိမိကမလိုလား အခုလို တနယ်တကျေးသို့ စွန့်စွန့်စားစား သွားလာနေရသော ဘဝမျိုးကို အလွန်သဘောကျသည်ဟု ဆိုသည်။

လက်တွေ့အကောင်အထည်ဖော်ခဲ့သည်လည်းရှိသည်။

ဤသို့ဖြင့်. . .

ချမ်းမိန့်သည် ငေါ်ကော့ဝမ်ဆိုသော မိန်းကလေးနှင့် လူငယ် ဘဝ ချစ်မေတ္တာမျှ ခဲ့မိလေတော့သည်။သူမမှာ ခရီးရှည်သွား မွန်ဂိုမျိုးနွယ်စုတွင် အချောဆုံးအလှဆုံး မိန်းကလေးတစ်ဦး ဟု

မှတ်ယူထားခြင်း ခံရသူဖြစ်သည်။ သည်လို ထူးထူးခြားခြား ရု ချောနေ သူကလေးတွေ မိမိတို့ အုပ်စုထဲရှိနေသည်မှာ ဂုဏ်ယူ ဟု ဆိုလင့်ကစား တကယ်တမ်းကျတော့ အန္တရာယ်များသည်

ထို့ကြောင့်. . .

ငေါ်ကေ့ချမ်း အဘိုးအိုက သမီးကို ချမ်းမိန်နှင့် သဘော သည်။

ခရီးရှည်သား မွန်ကိုအုပ်စုအကြီးအကဲများကမူ မိမိတ အုပ်စုမှ မိန်းမချောလေး ငေါ်ကေ့ဝမ်ကို တပြည်သားချမ်းမိန် ပေးစားရမှာကို သဘောမတူချင်သော အခြေအနေ သည် တဝေဖုန်းဆိုသူ မွန်ကိုမျိုး နွယ်စုလူရွယ်က ငေါ်ကေ့ဝမ်နှင့် ချမ်း တို့ လူငယ်ချင်းမေတ္တာမျှ၍ လက်ထပ်ကြမည့်အရေးကိုသဘော သည်။ အကြီးအကဲများနှင့် တဝေဖုန်း အတိုက်အခံ ပြောလာသ သူ့မှာလည်း နှမချောကလေး တဝေရှင်း ရှိသည်။

သို့သော်လည်း. . . .

အရွယ်မရောက်တရောက်အရွယ် အသက်တစ်ဆယ် လေးငါးနှစ် သစ်ရွက်လှုပ်သည်ကိုပင်လျှင် ပြုံးရယ်နေတတ်သ အချိန် သူမက တပြည်သား ချမ်းမိန်အပေါ် တဘက်သတ် နေသည်ကို သိပါလျက် တဝေဖုန်းက ငေါ်ကေ့ချမ်း၏သမီး မိတ မလေးငေါ်ကေ့ဝမ်နှင့် ချမ်းမိန်လက်ထပ်ဖို့အရေးအတွက် စိတ် တစား ရှိခဲ့သည်။

"ချမ်းမိန်က သူငေါ်ကေ့ဝမ်နဲ့ လက်ထပ်ပြီးရင် ပြည် မပြန်တော့ပါဘူး။ ကျုပ်တို့နဲ့ပဲ အတူတကွနေပြီး ကျုပ်တို့အ ရဲ့ ကောင်းကျိုးမှန်သမျှ လုပ်သွားပါ့မယ်လို့ ပြောဆို ကတိပေးထာ





သူကို ငေါ်ကေ့ဝမ်နဲ့ မပေးစားဘူး။ စကားမပြောသင့်ပါဘူး"

ဟု တဝေဖုန်းက အကြောက်အကန်ပြောစဉ်. . .

ခရီးရှည်သွားမွန်ကို အကြီးအကဲထဲမှ ကျန့်အိန်းပေါင်း အဘိုးအိုက. . .

"ဟေ့ တဝေဖုန်း မင်းက ချမ်းမိန်အကြောင်းကို ဘယ်လောက်အထိ သိထားလို့လဲ သူဟာ သိုင်းအတတ်ကို တတ်နေတယ် ဆိုကတည်းက ငါ့သူ့သိုင်းပညာကို လေ့လာခဲ့တာ"

"သူ့သိုင်းပညာဟာ သာမန်အရပ်သားတွေ တတ်သင့်တာတွေလောက် အဆင့်မျိုး သိုင်းပညာမဟုတ်ဘူး။ နန်းတွင်းတော်ဝင် သိုင်းပညာ ဖြစ်နေတယ်"

"ဒါ့ကြောင့် သူဟာ မင်းပြစ်မင်းဒဏ်ကျခံရမှာ ကြောက်လို့ ထွက်ပြေးတိမ်းရှောင်ရင်း တို့အုပ်စုထဲကို ရောက်လာတာဖြစ်နိုင်တယ်၊ ဟိုအရင်ကလဲ ဒီလိုအဖြစ်မျိုး တွေ့ကြုံခဲ့ဖူးတယ်၊ ဒီလိုပဲ တို့အုပ်စုထဲက မိန်းကလေးတစ်ယောက်နဲ့ ချစ်ကြည်းကြခဲ့ဖူးတယ် အဲဒီတုန်းက တပြည်သား ကိုလူလည်ပြန်ပြေးသွားလို့ တို့ရဲ့မိန်းကလေး အသက်သေခဲ့ရတဲ့အ ကြုံခဲ့ရတဲ့ ဝေဒနာတွေ မင်းတို့သိတာ မဟုတ်ဘူး"

ဟု ပြောလေရာ. . .

တဝေဖုန်းမှာ ကျန့်အိန်းပေါင်း အဘိုးအိုအား ပြန်လည် အတိုက်အခံ လုပ်ရအောင် မသင့်ပဲ ဖြစ်လာသည်။

သို့သော်လည်း. . .

ချမ်းမိန်အပေါ်မှာကျတော့ ကျန့်အိန်းပေါင်းက အလေး အနက်ထားပုံရသည်။ နဖူးရေ ဒူးရေ ကြည့်ပြီး. . .

"ဒီလူငယ်ကတော့ အရင်တုန်းက တပြည်သားလို ရက်စက်တတ်မယ် မဟုတ်ဘူး။"

ဟု အတွေးမိဟန်တူသည်။

တစ်ထစ်တော့လျှော့ပေးသည်။

"ဒီလိုလုပ်လေ. . ."

"မင်းက ချမ်းမိန်ဆီက ကတိတစ်ခုတောင်း ဘယ်လိုကတိတောင်းရမယ်လို့ ငါမပြောချင်ဘူး မင်းတို့ သဘောပေါက်ပြီးသား"

"အေး. . . ချမ်းမိန်ဘက်က သဘောတူပါတယ် ကတိပေးပါတယ်ဆိုရင်တော့. . . . မင်းတို့သဘောပေါ့"

ဟု ပြောလေသည်။

ဤကဲ့သို့သော အခြေအနေချမ်းမိန်သည် ငေါ်ကေ့ဝမ်နှင့် ခရီးရှည်သွား မွန်ဂိုမျိုးနွယ်စုထဲ ရောက်မှန်းမသိရောက်လာခဲ့ရခြင်းပင်. . .။

သားချမ်းလီမွေးပြီး ငေါ်ကေ့ဝမ် ကွယ်လွန်သည် အထိ ချမ်းမိန်သည် မွန်ဂိုများနှင့်အတူ ရှိနေပါသေးသည်။

သို့သော်. . .

ချမ်းမိန်နေ၍မရခဲ့ ဇနီးအလိမ္မာလေး ငေါ်ကေ့ဝမ်ဆီ အမြဲသတိရ နေသည်။ လွမ်းမောတသ နေမိတော့သည်။ နောက်ဆုံးတော့ ယောက္ခမအဘိုးကြီး ငေါ်ကေ့ချမ်းအားခွင့်တောင်းကာ ခရီးရှည်သွားမွန်ဂိုအုပ်စုမှ ထွက်လာခဲ့ခြင်းပင်။

ခုတော့. . .

အတိတ်ဟောင်းပုံရိပ်တွေက ချမ်းမိန်မျက်စိထဲတွင် တရိပ်ရိပ် ပြန်လည်၍ပေါ်ပေါက်လာတော့သည်။





"ဩော် တဝေဖုန်း ဒီကောင်ကြီးဟာ ငါ့အပေါ်မှာ အတော့်ကို ကောင်းရှာခဲ့တာပဲ"

ချမ်းမိန်သည် မြင်းကြီးမောနေ၍ ဇက်ကြိုးကို လက်ဖြင့် ကိုင်ဆွဲ၍ လမ်းလျှောက်လာစဉ် နားထဲ သီချင်းသံတစ်သံကြားနေရပါ၏။

အရှေ့ဘက်မှာ ပင်ဘယ်ဝါ. . . လှိုင်းတွေကဖြာ. . . ပင်လယ်ပြာ ဟိုအဝေး. . . အလှမ်းကွာလှသေး။. . . ငါးတွေကပျံ. . . အလိုဘာသံတွေပါလိမ့်. . . အမြီးခတ်တဲ့အသံ. . . လှိုင်းပုတ်လေသန်. . . ဆူညံညံ. . . ပင်လယ်ဝါ လှိုင်းကဖွေး. . . ဟိုးအဝေး. . . ဟိုးအဝေး. . . ဟိုးအဝေး. . .

ဤတေးသီချင်းကို ဟိုတုန်းကတော့ ငေါ်ကေ့ဝမ်ဆိုပြီး ငြိုးနေတတ်သည်။ ငေါ်ကေ့ဝမ်မှာ အဆိုကောင်းအသံကြောင့်သည် မိန်းမချောလေးတစ်ဦး မဟုတ်ပါလား။

❑✢❑✢❑✢

## အခန်း (၇)

## ပြန်လည်ဆုံတွေ့ကြရာဝယ်

တွေ့မြင်လိုက်ရသော မြင်ကွင်းကို ချမ်းမိန့် မယုံမရဲ ဖြစ်သွားမိသည်။ မိမိဘက် ကြောပေး၍ ကျောက်တုံးတစ်တုံးပေါ်တွင် ထိုင်နေသော မိန်းကလေးတစ်ဦး. . .

အသက်အရွယ် ခန္ဓာကိုယ်အချိုးအဆစ် အဝတ်အစား ပြီးတော့ နက်မှောင်နေသော ဆံကေသာ ဒါတွေအားလုံး ငေါ်တေ့ဝမ်၏ ပုံရိပ်ပင် မဟုတ်ပါလား။

ပင်လယ်ဝါ လှိုင်းကဖွေး. . . ဟိုးအဝေး. . . ဟိုးအဝေး . . . ဟိုးအဝေး. . .

နောက်ဆုံးသီချင်းပိုဒ်ကို အထပ်ထပ်ဆိုနေသည်။ သီချင်းသံနဲ့ ဆိုပုံဆိုဟန်ကတော့ ငေါ်တေ့ဝမ်နဲ့ မတူဘူး မီလဲမမီဘူး။ ချမ်းမိန့်သည် ခြေကို ဖွဖွနင်း၍ လျှောက်လာခဲ့သည်။ မြင်းကို ဟို





အနောက်ခပ်လှမ်းလှမ်းတွင် ထားခဲ့သဖြင့် လွတ်လွတ်လပ်လပ် လျှောက်လာနိုင်လေသည်။

"ဠှတ်. . ."

သတိထားပြီးလျှောက်လာကာမှ သစ်ဟောင်းချောက်တစ်ခုကို တက်နင်းမိလျက်သားဖြစ်သွား၏။

"ရှပ်"

မိန်းကလေးသည် သီချင်းအဆိုကိုရပ်လိုက်သည်။

ပြီးတော့. . .

နောက်ဘက် သမင်လည်ပြန် လှည့်ကြည့်လိုက်လေသည်။

"ဟင်"

မိန်းကလေးက ဟင်တစ်လုံးကိုသာ အသံပြုသည်။ ဆက်ခနဲ ထလိုက်သည်။ ဝတ်စုံပြာကလေး၏ အောက်ဘက်ဇာနားစ ကို လက်တစ်ဘက်က မလိုက်သည်။ ချမ်းမိန့်ကလည်း. . .

ရုတ်တရက်ကြောင်အအ ဖြစ်နေသည်။ ပါးစပ်အဟောင်းသား. . . မိန်းကလေးက. . . .

"ရှင်. . . ရှင်. . . ဘယ်သူလဲ"

မေးလေသည်။

ချမ်းမိန့်မှာ ခရီးရှည်ကို ဖြတ်သန်းလာခဲ့ရသဖြင့်. . .

နှုတ်ခမ်းမွေးနှင့် ပါးမြိုင်းမွေးတွေ ရှည်ပြီး မဲနေသည်။ ဆံပင်များလည်း ရှည်လှပြီ၊ ထို့ကြောင့်. . .

သူက ငါ့ကို လူဆိုးကြီး ထင်နေသလားမသိဘူး၊ ငါကလဲ အမွေးအမျှင်တွေ မရိတ်မဖြတ်နဲ့ လူကောင်း သူကောင်း ရုပ်မပေါက်တော့ဘူး ဟု တွေးလိုက်သည်။

ထိုအခိုက် သူမက မေးခွန်းထုတ်လိုက်ခြင်းပင်. . .

"ကျုပ်. . . ချမ်းမိန့်ပါ မိန်းကလေး အရင်ဒီမှာ နေခဲ့ဖူးတဲ့ ချမ်းမိန့်ပေါ့"

ဟု ချမ်းမိန့်က အသိပေးပြောကြားလိုက်သောအခါ. . .

မိန်းကလေး၏ မျက်နှာမှာ စောစောကလို မဟုတ်ရွှင်လန်း၍ သွားပါလေတော့သည်။

သူမသည် ကျောက်တုံးပေါ်တွင် ထိုင်နေရာမှ ပေါ့ပါးစွာထရပ်လိုက်လေသည်။ ပြီးတော့ သူမက. . .

"ဩော်. . . မိန့်အစ်ကိုကြီးလား၊ အရင်ကနဲ့မတူလို့ ကျွန်မမိန့်အစ်ကိုကြီးကို မမှတ်မိတာ ခွင့်လွှတ်ပါနော်"

ဟု ဖျာဖျာသလဲ ပြောပါလေတော့၏။ သည်လိုမိန်းကလေးက လုပ်ပြလေလေ ချမ်းမိန့်မှာ ပိုပြီး ကြောင်အအ ဖြစ်လေလေ။

"နေစမ်းပါဦး မင်းကချည်းပဲ ပြောနေတယ်။ ကျုပ်က မိန်းကလေး ဘယ်သူဘယ်ဝါဆိုတာ မေးပါရစေဦး"

ဟု ခပ်ရွဲ့ရွဲ့ကလေး မေးလိုက်တော့မှ မိန်းကလေးက ချစ်စဖွယ်ပြုံးလိုက်ကာ. . .

"ဟုတ်သားပဲ ကျွန်မ ဘယ်သူဆိုတာ မပြောမိပဲကိုး. . . ဒါပေမယ့် မိန့်အစ်ကိုကြီးက ကျွန်မကို မမှတ်မိဘူး ဆိုတာကိုတော့ ကျွန်မ မကျေနပ်ဘူး"

မိန်းကလေးက သူ့နာမည်သိချက်ပါသည်ဆိုကာမှ ပဟေဠိတွေ အဖြေညှိခိုင်းနေသည်။

ချမ်းမိန့်မှာ အတော်လေး စိတ်ပျက်သွားသည်။

စိတ်ထဲတွင်မူ. . .



"ခက်တော့တာပဲ. . . ဒီမိန်းကလေးသူ့ နာမည်ပြောရမှာကို ဘာ့ကြောင့်များ အခုလောက် နှမျောတွန့်တိုနေပါလိမ့်"

ဟု တွေးလိုက်မိလေသည်။

"မိန့်အစ်ကို ကျွန်မကို တစ်ကယ်မမှတ်မိလို့လား ကျွန်မကို နောက်နေတာလား"

ခက်ချေပြီ။

ချမ်းမိန့်တစ်ယောက်တော့ဖြင့် ခက်ချေပြီ။ ချမ်းမိန့်ကလည်းသည်မိန်းကလေးကို တောထဲတောင်ထဲ လူသူကင်းရှင်းသည့်နေရာတွင် မိန်းမချောလေး တစ်ဦးကိုတွေ့သဖြင့် ငေးမောကြည့်ရှုမိသည်။ ဤမျှသာ ခံစားမှုသာရှိသည်။ သည့်ထက်မပိုခဲ့ပေ။

ထိုအခါ. . .

ချမ်းမိန့်က မိန်းကလေးကို အသေအချာ ကြည့်နေသည်။ သို့တိုင်အောင်မမှတ်မိသေး။

ထိုအခိုက်. . .

မိန်းကလေး မျက်နှာညှိုးငယ်သွား လေသည်။

သူမက ချမ်းမိန့်အပေါ် အခုလောက်မှတ်မိနေပါလျှက်ချမ်းမိန့်က မမှတ်မိရကောင်းလား အတွေးစိတ်ကူးသည်တော့မှ ချမ်းမိန့်က ရုတ်တရက်ထအော်လိုက်သည်။

ခုချိန်ထိ ချမ်းမိန့်မှာ မိန်းကလေးအပေါ် အပြတ်သားဆုံး စကားကို မပြောနိုင် ရှိနေသည်။

မိန်းကလေးက. . .

"ဟိုကောင်မလေးဆိုတာက ဘယ်သူလဲ ပြောလေ"

"တ. . . တဝေရှင်းမဟုတ်လား"

"ဟုတ်တယ်၊ ကျွန်မ တဝေရှင်း. . . လေ. . . ဒါပေမယ့် ကျွန်မ စိတ်မကောင်းဖြစ်မိတယ် မိန့်အစ်ကိုက ကျွန်မတို့ကိုကျတော့ မခင်သလိုပဲနော်"

တဝေရှင်းက ဝမ်းနည်းစကားကို ပြောလိုက်လေသည်။

သည်လိုစကားမျိုးကို ကြားရပြန်တော့လည်း ချမ်းမိန် စိတ်မကောင်းဖြစ်မိသည်မှာ အမှန်။

မှန်သည်။ တဝေရှင်းသည် တဝေဖုန်း၏ နှမလေး တစ်ယောက် ဖြစ်သည်။ ချမ်းမိန်နှင့် ဒေါ်ကေ့ဝမ်တို့ မေတ္တာမျှကာ အကြင်လင်မယားဘဝသို့ မျှော်မှန်းကြစဉ်အခါက. . .

ခရီးရှည်သွားမွန်ကို အကြီးအကဲများက သဘောတူချင်လှသည်မဟုတ်။ သူတို့လို မွန်ဂိုနွယ် တဝေဖုန်းက. . . မရမက အကြောက်အကန်ပြောမှ ခေါင်းတွေကို မညိတ်ချင်ချင် ညိတ်ချင်ချင် ညိတ်ခဲ့ရခြင်းဖြစ်သည်။ အခုလောက် မိမိအပေါ်၌ စိတ်ကောင်းတွေထားရှိခဲ့သော တဝေဖုန်း၏နှမ တဝေရှင်းကိုတော့ဖြင့် မှတ်မိသင့်သည်မဟုတ်ပါလား။ ဤသို့သော စိတ်ကူးစိတ်သန်းမျိုးကို တဝေရှင်း ထင်ပြီး စိတ်မကောင်းဖြစ်ခဲ့ရခြင်းပင်။ ထိုသို့ချမ်းမိန်က ချက်ချင်း သဘောပေါက်လိုက်သဖြင့်. . .

"ကျုပ်က တဝေရှင်းကို ရုတ်တရက်မမှတ်မိတာ ဘာကြောင့်လဲသိလား"

တဝေရှင်းက ခေါင်းခါရမ်းပြလိုက်သည်။

"တဝေရှင်းက အရင်ကနဲ့လုံးဝမတူတော့ဘူးလေ အရင်က တဝေရှင်းက အပျိုပေါက်စ"

"အခုကျတော့ကော"







"အခုကျတော့ အပျိုကြီးဖားဖားဖြစ်နေပြီလေ။ ပြီးတော့ ...းကတစ်ကယ်ချောလာတာ၊ အရင်ကနဲ့ ဘာမှမဆိုင်ဘူး၊ အလွန် ...တာပါ"

ဤသို့. . .

ဤပုံ ချမ်းမိန်က ပြောလိုက်တော့မှပဲ တဝေရှင်း ကျေနပ်သွားလေသည်။ သူတို့နှစ်ယောက်က ကြုံဆုံကြသည်မှာ စခန်းမှာ ...မြေကွက်လပ်ကြီးအနီး တောအုပ်အတွင်းဖြစ်သည်။

ပြီးတော့. . .

စမ်းချောင်းငယ်တစ်ခုအနီး တစ်နေရာဖြစ်သည်။

စမ်းချောင်းငယ်တွင်ကား ရေများတသွင်သွင် သစ်ရွက်ခြောက်ကလေးတွေ ရေစီးမှာ ဟိုတစ်ရွက်သည်တစ်ရွက် တငြိမ့်ငြိမ့်။

"ဒီမှာ တဝေရှင်း ဘာလာလုပ်နေတာလဲ"

ချမ်းမိန်က စကားလမ်းကြောင်းကို လွှဲလိုက်သည်။

"ကျွန်မ ဒီမှာလာနေကျလေ ဒီနေရာလေးကိုလဲ ကြည့်ဦး ...လ ဘယ်လောက်သာယာသလဲ"

ချမ်းမိန်က ဘေးပတ်ဝန်းကျင်ကို စောင်းငဲ့ကြည့်လိုက်သည်။

"ကျလစ်. . . ကျလစ်"

"ချွီး. . . ချွီး"

"ဖက်လက်. . . ဖက်လက်. . . ဖက်လက်"

ကျေးငှက်တွေက မြူးနေသည်။

စမ်းချောင်းငယ်ကား တသွင်သွင်။

"နေရာကတော့ သာယာပါတယ် ဒါပေမယ့် ခေတ်ကာလ

က သိပ်ကောင်းတာမဟုတ်ဘူး။ ဒီနေရာမှာ မင်းတစ်ယောက်တည်း မနေသင့်ဘူး ကဲလာ. . ."

အခုလို. . .

အကြင်နာသန်းသော စကားတွေကို ကြားလိုက်ရသော အခါ. . .

တဝေရှင်းကြည်နူး၍ သွားလေသည်။

သူမဘဝမှာက သည်အစ်ကို ချမ်းမိန်သာ ရှိခဲ့သည်ပဲ. . .

❑✣❑✣❑✣





## ကြွင်းကျန်ရစ်သော ခြေရာများ

အခုလို မိမိနှင့်အတူ လှပသော ဘဝတစ်ခုကို ချစ်လှစွာ သော ချစ်ဇနီးငေါ်ကျော့ဝမ်နှင့်အတူ တည်ဆောက်ခဲ့စဉ်အခါက ၏ အမှတ်တရသင်္ကေတ ဖြစ်ခဲ့သည်။

ဤခရီးရှည်သွား မွန်ဂိုမြင်းလှည်းကလေးကို ပြန်လည် တွေ့မြင်လာရသောအခါ ချမ်းမိန်၏ အတိတ်ပုံရိပ်များသည် ကယ်ပဲ အိပ်မက်တွေ မဟုတ်ပါလားဟု ချမ်းမိန်အတွေးရောက် ာမိပြန်၏။

အချို့ အချို့တွေကတော့ ဘဝ ဘဝတွေကို အိပ်မက်တွေပဲ ဆိုကြသည်။

အိပ်မက် ဆိုသည်မှာ ခံစားရသူ၏ စိတ်မှတ်စွဲမိစွဲရာ ဆန ်းတွေ၏ ဆင့်ပွားပုံရိပ် နိမိတ်ကောက်ကြောင်းတွေဟု အဓိပ္ပါယ် ဆိုသူက အဓိပ္ပါယ် ဖွင့်ဆိုသည်။

လူသား၏ အိပ်စက်အနားယူခြင်း အချိန်ကာလတွေမှာ

သွေးလေ လည်ပတ်လှုပ်ရှားမှု၏ ဂယက်လှိုင်း သင်္ကေတတစ်
ဖြစ်သည်ဟုလည်း မှတ်ယူကြပြန်သည်။

မည်သို့ဆိုစေ. . . အမှန်တကယ် ဖြစ်ခြင်း၊ ပျက်ခြင်း
လောကနိယာမတရား အစဉ်မှ ဖြစ်ပျက်ခဲ့ဖူးသော အတိတ်လည်း
မဟုတ် ပစ္စုပ္ပန်လည်းမမည်။ အနာဂါတ်ဟုလည်း မဆိုနိုင်သော
အကြောင်းတရား တစ်ခု မဟုတ်ဟူသောအဖြေကိုကား ကောင်းစွာ
ထုတ်ယူနိုင်ပါ၏။

မိမိနှင့် ငေါ်ကော့ဝမ်တို့၏ အတိတ်ဆိုသော ထိုဖြစ်ခြင်း
ပျက်ခြင်း၊ အကြောင်းတရားကား စင်စစ်အိပ်မက်မဟုတ်ပါချေ။

ဒါတွေကို အိပ်မက်တွေပါပဲဟုလည်း မိမိအနေနှင့် မမှတ်
ယူရက်သည်မှာ အမှန်ပါပေ။

အတိတ်ပုံရိပ်ဆိုသော အကြောင်းတရားတိုင်း၏ အစဉ်
အလာအတိုင်း ဖြစ်ပြီးသည့်နောက် ပျက်သွားခဲ့သည်ဆိုခြင်းကိုကား
ချမ်းမိန် လက်ခံသည်။

တဖြေးဖြေး ဝေး၍ ဝေး၍ မှေးမှိန်ကွယ်ပျောက်သွားသည်
ဆိုသော စကားရပ်ကိုပင် ချမ်းမိန်ဘဝင်မကျချင် မှေးမှိန်၍ သွား
သည်။ အတိတ်တစ်နေရာမှာ ဖြစ်ခဲ့ဖူးသည်။ အချိန် စကၠယန္တရားများ
ရှိခဲ့သော် ပြန်လည်သွားရောက်ကြုံဆုံခွင့် ရှိကောင်း ရှိမည်ဟုပင်. . .

ချမ်းမိန်အသိအာရုံတွင် အသက်ဝိညာဉ်တည်ရှိ ရှင်သန်
နေသည့်ကာလမှ ထိုအသက်ဝိညာဉ် ခမ်းခြောက်ကုန်ဆုံးသည့်
အချိန် ကာလအထိ အတိတ်အဖြစ်အပျက် ပုံရိပ်တွေကတော့ဖြင့်
ရှိနေဦးမည်ဟု ချမ်းမိန်ယုံကြည်နေပါ၏။

သည်တော့လည်း ချမ်းမိန်၏ ပထမအရွယ် မှတ်ဆိတ်ဖြူ





. . .သူကြီး ယွမ်ချူးဟောင်နှင့်အတူ တရုတ်ပြည်မက အနောက်ဘက်
. . .ပြင် တိဗက်နယ်ခြားရှိ ဂျူးဂါးမြို့က အစပြု၍ မိမိဘဝကို ဖော်
. . .မည်ဖြစ်သည်။

သည်တုန်းက တရုတ်ပြည်မတွင် မန်ချူးမျိုးနွယ်စုတွေ ကြီး
. . .နေသည် ဖြစ်၍ အရပ်ဒေသတွေမှာ ငြိမ်းချမ်းနေသည်မဟုတ်။

သည်တော့လည်း ဒုစရိုက်လောကသားတွေက တရား
. . .ဒ ခါးကြားပြတ်ရာ အရပ်ဒေသများတွင် သူတစ်လူ ငါတစ်မင်း
. . .သည်။

ငွေကြေးရှိသူက ငွေကြေးမရှိသူကို အနိုင်ယူသည်။ အား
. . .သူက အားနည်းသူကို နှိပ်စက်ကလူပြုသည်။ အရာရာသည်
. . .အနေအထားတွင်မရှိ ပုံသဏ္ဌာန် အမှန်မဟုတ်၊ ပုံသဏ္ဌာန်
. . .မှာ တိမ်းစောင်းယိုင်နွဲ့လျက်ရှိသည်။

သည်အခါ. . . ချမ်းမိန်တို့ ညီအစ်ကိုနှစ်ယောက်အဖို့
. . .သနာတစ်ခုနှင့် ကြုံဆုံလာသည်။ မုတ်ဆိတ်ဖြူရသေ့ကြီး ယွမ်ချူး
. . .ဟောင်နှင့် ကြုံဆုံလာရသည့်အချိန်မှာ ဖြစ်သည်။

"ဟဲ. . . မင်းတို့ညီအစ်ကို ချမ်းမိန်နဲ့ ချမ်းဖိန် အခုအချိန်
. . . တိကျပြတ်သားတဲ့ အဖြေတစ်ခုကို ထုတ်ဖို့လိုပြီ ဘာဖြစ်လို့လဲ
. . .င် ငါက အနောက်ဘက်လွင်ပြင်ကို ခရီးထွက်တော့မှာ ဟိုမှာ
. . .လောက်ကြာမယ် မကြာဘူး အမှန်ပြောမရဘူး"

"တရုတ်ပြည်မကို ငါအနေနဲ့ကတော့ ပြန်ရောက်ချင်မှလဲ
. . .က်တော့မှာ ဒီတော့ မင်းတို့ညီအစ်ကို ငါနဲ့ တပါထဲလိုက်ကြမှာ
. . .။ လိုက်ချင်လိုက်ခဲ့ ဟိုရောက်တော့မှပဲ မင်းတို့ညီအစ်ကိုကို ငါက
. . .းပညာသင်ပေးတော့မယ်လို့ ဆုံးဖြတ်ထားတယ်၊ အခုမင်းတို့

ဆုံးဖြတ်စရာပဲ လိုတော့တယ်"

မုတ်ဆိတ်ဖြူရသေ့ကြီး ယွမ်ချုးဟောင်က ပြတ်သားသော စကားကို ပြောလာသောအခါ. . . ချမ်းမိန်က ညီဖြစ်သူ ချမ်းမိန် အား. . .

"ဘယ်လိုသဘောရလဲ ငါကတော့ မုတ်ဆိတ်ဖြူရသေ့ကြီး ယွမ်ချုးဟောင်နောက်ကို တခါထဲပဲ လိုက်သွားမယ်လို့ ဆုံးဖြတ်ထား တယ်။ ညီလေး မင်းကဘယ်လို ဆုံးဖြတ်သလဲ" ဟု မေးသည်။

စင်စစ် ဤကိစ္စမှာ ချမ်းမိန်သည် ညီဖြစ်သူ ချမ်းဖိန်အား မေးစရာမလို အကြောင်းမှုကား ညီဖြစ်သူချမ်းမိန်သည်လည်း သိုင်း အကျော်အမော်တစ်ဦး၏ ဘဝကို မျှော်မှန်းခဲ့သူ ဖြစ်သောကြောင့် ပါပေ။

မှန်သည်။ သည်တုန်းကတော့လည်း သိုင်းသမားဘဝသည် အလွန် ခေတ်စား တာသွားနေသော အချိန်ကာလမျိုး မဟုတ်လား

ချမ်းမိန်တို့လို လူငယ်လူရွယ်တွေအားလုံး သိုင်းသမားဘဝ ကို ရယူချင်ကြသည်။

သိုင်းသမားဘဝဖြင့် ရပ်တည်ချင်ကြသည်။

ထို့ကြောင့် . . . . ညီဖြစ်သူ ချမ်းဖိန်ကလည်း . .

"ကျွန်တော်လဲ မုတ်ဆိတ်ဖြူရသေ့ကြီး ယွမ်ချုးဟောင်နဲ့ အတူ အနောက်ဘက်လွင်ပြင်ကို လိုက်မယ်လို့ စိတ်ကူးထားတယ် အစ်ကို" ဟု ဆန္ဒအရင်းအမှန်ကို ဖော်ထုတ်ပြောလာသည်။

သည်မှာ. . . ဖခင်နှင့် မိခင်တို့က ကြားမဝင်လျှင်မဖြစ် ကြားဝင်လာသည်။ ကြားဝင်လာသည်ဟု ဆိုရာတွင်လည်း ဖခင်က မသိကျိုးကျွန်နေခဲ့သည်။ သူ့အတွက် သားတွေ၏ ဘဝရှေ့ရေး





းဘက်ရာ တိုးတက်ကြောင်း လမ်းတွေမှာ အတားအဆီး အနှောက် ယှက် ဖြစ်စေမည်ဟု ဖခင်က အတွေးရောက်ဟန်တူသည်။

မိခင်ကြီးကတော့ သည်သားနှစ်ယောက်ကို မျက်စိအောက် ာ အပျောက်မခံနိုင်ဆိုသော မိခင်မေတ္တာစိတ်ကလည်း ရှိခဲ့သည်နှင့်

"အမေကတော့ ငါ့သားကြီးရော သားငယ်ရော အမေ့ရှေ့ ာ ဘယ်ကိုသွားတာမှ မကြိုက်တာအမှန်ပါပဲ သားတို့ရယ်"

ဟူသော စကားမျိုးကိုစပြောသည်။

သည်တော့ ချမ်းမိန်က

"ဒီလိုလဲ မဟုတ်သေးဘူး အမေ ကျွန်တော်တို့ ညီအစ်ကို ာဖေတို့အမေတို့နဲ့အတူ ဒီတောင်ယာ ပဲခင်းတွေထဲမှာ တစ်သက်လုံး အတူ နေချင်ပါတယ်။ ဒါပေမယ့် အမေရယ် ခေတ်ကာလက ကျွန်တော်တို့ကို သိုင်းသမားဘဝ တွန်းပို့နေတယ် မဟုတ်လား"

ဟု ပြောသည်။

ဖခင်ဖြစ်သူက. . .

"ဟုတ်တယ် မိန်းမရေ သားကြီးပြောတာ ဟုတ်တယ်၊ တို့ တွေဟာ တို့သားတွေကို တို့ရဲ့ တောင်ယာ ပဲခင်းထဲမှာ အမြဲထား မသင့်တာကတော့ အမှန်ပဲ"

"နောက်ပြီးတော့ကာ တစ်ရွာမပြောင်း သူကောင်းမဖြစ်တဲ့ တစ်ရွာပြောင်းတဲ့သဘောပဲ မှတ်လိုက်ပါ"

စကားမျိုးဖြင့် ဖခင်က သားတွေဘက်ကပြောခဲ့သည်။

သည်တွင် မိခင်ကြီးက သားနှစ်ယောက်ကို ကြည့်ပြီး ဘာ ဆက်ပြောရမည်မသိ ဖြစ်နေသည်။ သက်ပြင်းချနေသည်။

မိခင်ကြီး၏ ခုလိုခံစားရခြင်းမျိုးကို သည်သား နှစ်ယောက်

စလုံး မကြည့်ရက် မမြင်ရက်။

သည်တော့လည်း အစ်ကိုဖြစ်သူ ချမ်းမိန်က စပြီး ပြော
သည်။

"ဒီလိုဆိုလဲ တို့ညီအစ်ကို ဒီလိုလုပ်ကြရင် မကောင်းဘူးလေ
ညီလေး" ဟု ပြောလာသည်။

အစ်ကိုချမ်းမိန်ကို ဖခင်ရော မိခင်ပါ ငေးကြည့်သည်
ညီလေးချမ်းဖိန်ကလည်း သည်အစ်ကို မျက်နှာကိုပဲ မျှော်လင့်တ
ကြည့်လေသည်။ အစ်ကိုဖြစ်သူ ချမ်းမိန်က. . .

"ရသေ့ကြီးယွမ်နောက်ကို ညီလေးချမ်းဖိန်ပဲ လိုက်
တော့ အစ်ကိုမလိုက်တော့ဘူး။ အစ်ကို အဖေတို့အမေတို့နဲ့အ
နေခဲ့မယ်။ အဖေတို့ အမေတို့ကို အလုပ်အကျွေးလုပ်ရင်းနေခဲ့မ

ဟု ပြောသည်။

အစ်ကိုဖြစ်သူ ချမ်းမိန်သိုင်းပညာကို ဘယ်လောက်
တွယ်တာသည်ကို သိထားသော ညီဖြစ်သူ ချမ်းဖိန် မျက်နှာချက်
ပျက်ခဲ့ရသည်။

"မဟုတ်ဘူး။ အစ်ကို အစ်ကိုပြောသလိုလဲ မဟုတ်
ဘူး" ဟု ပြော၏။

"အို. . . ဘာဖြစ်လို့ မဟုတ်ရမှာလဲ အဖေတို့ အမေတို့
အသက်ကြီးပြီလေ။ အမြဲတမ်း ယာထဲဆင်းပြီး ပေါက်တူးတိုင်
ရမှာလား"

တစ်ယောက်ကို တစ်ယောက် တကယ်ချစ် တက
နားလည်ခဲ့ကြသော ညီအစ်ကိုတွေ ဆိုတော့လည်း အခုလိုအ
အနေမျိုး မပေါ်ပဲမနေ ပေါ်လာရလေတော့သည်။





"မဟုတ်ဘူး။ အစ်ကိုဒီစကားကို ကျွန်တော်တသားလုံး အမှန်
များပေါ် ရပ်ပြီး ပြောတာပါ"

ဟု ညီဖြစ်သူက ပြတ်ပြတ်သားသား ပြောလာသောအခါ
အစ်ကိုဖြစ်သူ ချမ်းမိန်မှာ မငြင်းသာ ဖြစ်ရပြန်သည်။

ဖခင်ကပါ. . .

"ဟုတ်ပါတယ်၊ သားငယ်ပြောတာ အမှန်ဆုံးပါပဲ၊ အဖေတို့
အမေတို့ကတော့ ငါ့ကိုသားတွေပဲ ဘယ်သားပဲ သိုင်းအကျော်အမော်
ဖြစ် ကျေနပ်ရမှာပါပဲ" ဟု ပြောသည်။

သည်တုန်းက မိခင်ကြီးမှာ မျက်ရည်များဝဲလျက်ရှိခဲ့သည်။

အခုတော့လည်း ချမ်းမိန်သည်သာ အနောက်ဘက်လွင်
ပြင်သို့ မုတ်ဆိတ်ဖြူရသေ့ကြီး ယွမ်ချူးဟောင်နှင့်အတူ လိုက်လာခဲ့ရ
သကောလား။

နေရာသစ် ဒေသသစ်တွင် ချမ်းမိန်မှာကား လူသစ်
တစ်ယောက်ဖြစ်လာရပါတော့၏။

❑✣❑✣❑✣

## ခရီးသွားရင်းငှက်သင့်သူ

ရေမြေသဘာဝ အကောင်ခပ်များများမှာ တရုတ်ပြည်
ကြီးနှင့်မတူကွဲပြား ခြားနားနေသည်။

အေးသည့်အခါ အလွန်အေးသည်။

ပူသည့်အချိန်ကျတော့လည်း ချွေးပြိုက်ပြိုက်ကျသ
အပူမျိုး။

သည်အထဲ သဲမုန်တိုင်းတွေက ကျလာတတ်သေးသည်

သဲမုန်တိုင်း ကျရာ၌ သာမန် သဲမုန်တိုင်းမျိုးဆိုလျှ
အကြောင်း မဟုတ်။

လွန်ကဲသဲမုန်တိုင်းတွေဆိုလျှင် ဒေသခံလူတွေကို လ
ရောက်သတ်ဖြတ်သည့် သဲတ္တဝါကြီးတစ်ကောင် ရောက်ရှိလာသည်
သို့ ထင်မှတ်ရလောက်သည်။

ဤသည်ပင်. . . ဟိုအနောက်ဘက် ကန္တာရလွင်ပြင်ကြီးသို့
မရောက်သေး၊ နယ်ခြားအစပ် ဂျူဂါးဆိုသော တောမြို့ကလေးတစ်
ကိုသာ ချမ်းမိန် ရောက်ရှိပါသေးသည်။

မှတ်ဆိတ်ဖြူရသေ့ကြီး ယွမ်ချူဟောင် တစ်ဦးသာလျှ





မှတ်ဆိတ်ဖြူ ရှိလိမ့်မည်ဟု ချမ်းမိန်အတွေးရောက်ခဲ့မိသည်။

ဂျူးဂါးကို ရောက်လာသောအခါ မှတ်ဆိတ်ဖြူတွေက အများအပြား။

ရသေ့နှင့်လူ၊ လူနှင့်ဘုန်းကြီး ဤမျှသာ ကွဲပြားခြားနားသည်။

ထို့ကြောင့်. . .

မှတ်ဆိတ်ဖြူရသေ့ကြီး ယွမ်ချူဟောင်သည် ဂျူဂါးသို့ ရောက်ရှိလာသည်နှင့် မှတ်ဆိတ်ဖြူဆိုသည့် အထူးဝိသေသမှာ အလိုလို ပျောက်သွားပြီး ရသေ့ကြီး ယွမ်ချူဟောင်ဖြစ်၍လာသည်။

ထူးခြားသည်မှာ သည်အရပ်ဒေသတွင် လူတိုင်းလိုလို ပညာရပ်ဆိုင်ရာ အတတ်ပညာ တစ်မျိုးမဟုတ် တစ်မျိုး ကျွမ်းကျွမ်းကျင်ကျင် တတ်နေကြခြင်းပင်။

ဤသူကား သိုင်းအတတ်ကို တတ်ထားသည် အခြားသူက သိုင်းမတတ်ပေမယ့် ဗေဒင်လက္ခဏာ ပညာမှာ တစ်ဖက်ကမ်းခတ် တတ်ထားသည်။

အချို့ကား လောကီပညာတွေကို တတ်မြောက်ထားသည်။

နောက် အထက်လမ်း အောက်လမ်း မှော်အတတ် စသည်ဖြင့် မျိုးစုံနေသည်။ ထို့ကြောင့်. . .

ဂျူဂါးကို ရောက်ရောက်ချင်းမှာပဲ ရသေ့ကြီးယွမ်ချူဟောင်က ချမ်းမိန်အား. . .

“ငါတပည့် ချမ်းမိန် မင်းကို ကြိုတင်မှာထားစရာရှိတယ်။ တခြားတော့မဟုတ်ပါဘူး။ ဒီအရပ်က လူတွေနဲ့ ဆက်ဆံတဲ့အခါမှာ အစစအရာရာ သီးခံခြင်းတရားနဲ့ ဆက်ဆံနေတတ်ဖို့ပါ”

"ဘာဖြစ်လို့လဲ ဆိုရင် ဒီအရပ်က လူ အတော်ခပ်များများ ဟာ ပညာတစ်ရပ်ရပ်ကို တဘက်ကမ်းခတ် တတ်ထားကြလို့ပဲ။ ဒီတော့ မတော်လို့ မိမိက ရှိင်းရှိင်းပျပျ ဆက်ဆံမိလိုက်တဲ့ လူဟာ ပန်းအတတ်၊ ကဝေအတတ်၊ မှော်အတတ် ပညာတစ်ရပ်ရပ် တတ်နေရင် အခက်အခဲ တွေ့မှာစိုးလို့ပါ။ အဲဒါကြောင့် ဟောဒီဂါထာတွေလဲ ကျက်မှတ်ထား"

ဟု ရသေ့ကြီး ယွမ်ချုံးဟောင်က သတိပေးပြော ကြားရုံမက လိုအပ်သောဂါထာတွေကို ချမ်းမိန်အားပေးထားသည်။

သည်ကြားထဲက ရသေ့ကြီး ယွမ်ချုံးဟောင်စေခိုင်းချက် အရ ရွာတစ်ရွာသို့အသွား လမ်းခုလတ်တွင် မိန်းကလေးတစ်ဦးကို တွေ့ခဲ့သည်။

လမ်းဘေးဇရပ်တစ်ဆောင်တွင် ချမ်းမိန်ဝင်ရောက်နားခိုရင်း မျက်မှန်းတန်းခဲ့မိခြင်း ဖြစ်သည်။

"ကျွန်တော့် နာမည်က ချမ်းမိန်လို့ ခေါ်ပါတယ်"

ချမ်းမိန်က လောကဝတ်အရ မိမိနာမည်ကိုပင် ထုတ်ဖော်ပြောပြခဲ့သည်။

မိန်းကလေးကလည်း

"ကျွန်မနာမည်ကတော့ ချွန်အဲ့ကောက်လို့ ခေါ်ပါတယ်"

ဟု ပြောသည်။

ထို့နောက်. . . ချွန်အဲ့ကောက်က. . .

"ချမ်းအစ်ကိုကြီး သွားမယ့်ရွာ ကျွန်မလဲ သွားရမှာပါပဲ တစ်ခရီးထဲပဲ အတူသွားကြတာပေါ့။ ကျွန်မလဲ တစ်ယောက်ထဲ မသွားရဲလို့ အဖော်မျှော်နေတာပါ။ ခုတော့. . . ကျွန်မတို့နဲ့ အတူ





သွားကြတာပေါ့နော်"

ဟု သွက်လက်ချက်ချာစွာ ပြောနေသဖြင့် ချမ်းမိန်မှာ လူမှ ဘက်ရဲ့လား နာနာဘာဝဖျားသလား အတွေးရောက်လိုက်မိပါသေး၏။

နာနာဘာဝတော့မဖြစ်နိုင် လူပဲဖြစ်ရမည်ဟု ချမ်းမိန်း တွက်သည်။

"ဒါပေမယ့်. . . ဒီမိန်းကလေး နည်းနည်းတော့ထူးတယ်"

သည်လောက်ပဲ ချမ်းမိန် စိတ်ထဲမှတ်ထားလိုက်မိသည်။

ထို့နောက်. . . . ခရီးအတူထွက်လာခဲ့ကြသည်။

တစ်လမ်းလုံး ဘယ်လိုပြဿနာမျိုးမှ မပေါ်ခဲ့။

ချွန်အဲ့ကောက်ဆိုသော မိန်းကလေးကသာ တရုတ်ပြည်မက လာခဲ့သူမှန်းသိသည်နှင့် တရုတ်ပြည်မက အကြောင်းတွေကိုပဲ အဆက်မပြတ် မေးသည်။

ချမ်းမိန်က သူမမေးသမျှဖြေခဲ့ရသည်။ သည်တော့လည်း ခရီးအတန်ငယ်ပေါက်လာသည်နှင့် ချွန်အဲ့ကောက်နှင့် ချမ်းမိန်တို့မှာ အတော်ကလေး ရင်းနှီးဖြစ်ခဲ့ရသည်။

သည်လို တရင်းတနှီးဖြစ်ခဲ့ရခြင်းသည်ပင်လျှင် ချမ်းမိန် အတွက် ပြဿနာတစ်ခုကို ဖန်တီးလိုက်သလို ဖြစ်နေသည်။

အကြောင်းမူကား. . .

ချွန်အဲ့ကောက်၏ နေအိမ်ရှေ့သို့ ရောက်သောအခါ အိမ်ခြံအတွင်းသို့ ခေတ္တခဏဝင်ရောက်ရန် ချွန်အဲ့ကောက်က ဖိတ်ခေါ်သည်ရှိရာ ချွန်အဲ့ကောက် ရေမြောင်းကို ဖြတ်အကူ ခြေတစ်ဘက်ချော်ပြီးအကျ ချမ်းမိန်က. . .

"ဟဲ့. . . ဟဲ့. . . ကျပြီ. . . ကျပြီ"

ဟု ချွန်အဲ့ကောက်၏ လက်တစ်ဘက်ကို လှမ်းဆွဲလိုက်ခြင်းကြောင့် ရင်ခွင်ထဲမွေ့ပိုက်မိလျက်သား ဖြစ်သွားခြင်းကြောင့်ပင် ဖြစ်ပါ၏။

ထိုအခြင်းအရာကို အိမ်ထဲမှ ထွက်လာသော ချွန်အဲ့ကောက်၏ အဘွားဆံဖြူအဘွားအိုလီစူပင်း တွေ့ရသည်နှင့် မျက်နှာများ ဆန့်တန်းသွားပြီး ပါးစပ်အဟောင်းသား ဖြစ်သွားကာ. . .

"အမယ်လေး. . . ဒါက ဘယ်လိုဖြစ်တာလဲဟေ့. . . ဘယ်လိုဖြစ်ကြတာလဲ . . . လာ. . . လာဒီအိမ်ထဲကိုသာ အရင်ဝင်ကြစမ်း"

ဟု ပြောပါလေတော့သည်။

ချမ်းမိန်မှာ ရင်ခွင်ထဲရောက်နေသော ချွန်အဲ့ကောက်အား အယောင်ယောင်အမှားမှား တွန်းထုတ်ရင်း. . .

"မဟုတ်ဘူး. . . ဘာမှ မဟုတ်ဘူး"

ဟု အထိတ်တလန့် ပြောလိုက်၏။

ထို့နောက်. . .

ချမ်းမိန်က ချွန်အဲ့ကောက်ဘက်လှည့်လိုက်ကာ. . .

"ချွန်မိန်းကလေး ကျွန်တော်ဒီကပဲ ပြန်ပါရစေတော့"

ဟု ပြောပြီး ပြန်အလှည့်. . .

"ဗုစ်"

"ဗုစ်"

"ဟူး"

နော်ကမှ ဆံဖြူအဘွားအို လီစူပင်း၏ အရေတွန့်လိပ်တတ်နေသည့် လက်တစ်ဘက်ဖြင့် ရုတ်တရက် ဖမ်းဆုပ် ကုတ်ဆွဲတား





း:ထားခြင်းကို ခံလိုက်ရလေတော့၏။

ဆံဖြူအဘွားအို လီစူပင်းအတွင်းအားက အလွန်ကောင်းသည်။ ချမ်းမိန်၏ သာမန်ရုန်းထွက်မှု လောက်နှင့်မရပဲ ဖြစ်နေသည်။

သို့နှင့်. . .

ချမ်းမိန်သည် ပြန်လည်ထွက်ခွာမည့် အလုပ်ကို မလုပ်တော့ပဲ ဆံဖြူအဘွားအို လီစူပင်းကိုသာ ရင်ဆိုင်လိုက်သည်။

"အဘွား. . . ကျွန်တော့်ကို ဘာဖြစ်လို့ ဆွဲထားရတာလဲ"

ဆံဖြူအဘွားအိုက ချမ်းမိန်၏ လက်ကိုတော့ ဖြေလွှတ်လိုက်သည်။

သို့သော်. . .

သူသည် ရှေ့သို့ထွက်လာကာ. . .

"မင်းဘယ်သူ ဘယ်ဝါဆိုတာကတော့ ငါမသိဘူး သိစရာလဲ မလိုဘူး ဒါပေမယ့် မင်းဟာ အခုအချိန်ကစပြီး ငါ့မြေးရဲ့ ခင်ပွန်းဖြစ်သွားပြီ မင်းငါ့အိမ်က လောလောဆယ် ဘယ်ကိုမှ မသွားရတော့ဘူး" ဟု တစ်ခွန်းချင်း ပြောပါလေတော့၏။

ရုတ်တရက် ချမ်းမိန်တွေသွားပါတော့သည်။ ထို့နောက် ချမ်းမိန်၏ ဆံဖြူအဘွားအိုအား. . .

"ဘာဖြစ်လို့ ကျွန်တော်က အဘွားမြေး ချွန်အဲ့ကောက်ကို ယူရမှာလဲ ကျွန်တော်တို့ချင်း ချစ်သူတွေမှ မဟုတ်တာပဲ"

"ချစ်သူတွေ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ မဆိုင်ဘူး။ အမိက အချက်က မင်းငါ့မြေးကို သားဖက်မယားဖက် ဖက်လိုက်လို့ဟဲ့"

"ဒီကိစ္စက မတော်တဆဖြစ်သွားတဲ့ကိစ္စပဲ အဘွားမြေးကို မေးကြည့်ပါ သူ့ခြေတစ်ဘက်ရေမြောင်းထဲ ချော်ကျပြီးလဲကျမလို့ ဖြစ်သွားလို့ ကျွန်တော်က အချိန်မီ ဝင်ဆွဲလိုက်တာပဲ"

"ဒီလိုမပြောနဲ့ ငါ့မြေးကို မေးစရာမလိုဘူး။ မေးရမှာ လမ်းပေါ် ကဖြတ်လျှောက်သွားတဲ့လူပဲ ဟိုမှာတွေ့လား"

ချမ်းမိန်လှည့်ကြည့်လိုက်သောအခါ ထင်းစည်းတစ်စည်း ထမ်းလာသော ရွာသားတစ်ယောက်. . .

"ဟော့. . . ကျောက်ဝမ်း သူတို့အခြေအနေကို မင်းမြင်တယ် မဟုတ်လား"

ကျောက်ဝမ်းဆိုသူက. . .

"မြင်ပါတယ်" ဟု ပြောပြီး ဆက်လျှောက်သွားသည်။

ဆံဖြူအဘွားအို လီစူးပင်းက ဆက်လက်၍. . .

"မောင်ရင် မင်းနာမည်က ဘယ်သူတဲ့လဲ"

"ချမ်းမိန်ပါ"

"ကဲ ချမ်းမိန်ခုချိန်ကစပြီး မင်းကိုယ်မင်း အိမ်ထောင်ရှင် ဖြစ်ပြီလို့သာ မှတ်လိုက်ပေတော့"

"ကျွန်တော်မမှတ်နိုင်ဘူး။ ဘာဖြစ်လို့ မှတ်ရမှာလဲ ဟော့. . ဟော့ ချွန်မိန်ကလေး မင်းပါးစပ်က ဘာဖြစ်လို့ ပိတ်ထားရတာလဲ အခုဟာ ကလေးကစားတဲ့ အလုပ်မဟုတ်ဘူးလေ။ မင်းပါးစပ်က အမှန်ကို အမှန်အတိုင်းပြောပြလိုက်လေ"

"ကျွန်မက ဘာပြောရမှာလဲ"

"မင်းနဲ့ငါ ဘာမှ မဟုတ်တဲ့အကြောင်းလေ"

ထိုအခါ. . .





ချွန်အဲ့ကောက် ငေးကြောင်ကြောင် လုပ်နေသည်။ ဆံဖြူ ဘွားအို လီစူးပင်း၏ မျက်နှာကြီးမှာကား ခတ်ထန်မာကြော၍ နေလေသည်။

ထိုအခိုက်. . .

ဆံဖြူအဘွားအို လီစူးပင်း အိမ်ခြံဝင်း အဝင်ပေါက်ဝတွင် သူရွာသား အများအပြား ဝိုင်းအုံ၍ လာပါလေတော့၏။

"သူ့ကို ရွာသူကြီးဆီကို ပို့လိုက်လေ။ ရွာသူကြီး ဆုံးဖြတ် ချလိုက်တော့ တစ်ခါတဲ ပြတ်သွားတာပေါ့"

"ဒါကတော့. . . ခင်ဗျားတို့ ကျွန်တော်ကို မတရားချောက် တာပဲ ကျွန်တော့်ကို မဖမ်းနဲ့ ဖမ်းစရာမလိုဘူး"

ချမ်းမိန်သည် ပြောပြောဆိုဆို ထွက်ပြေးခဲ့ပါလေတော့၏။

"ဝှစ်" "ဝှစ်"

"ဟွး"

## ကိုယ်ပွားဆိုင်းကွက်ဆိုးနက်ချက်

ရင်မဆိုင်ရဲသည်တော့မဟုတ်။ ရင်ဆိုင်ရဲသည်။ ရင်ဆိုင်လိုက်လျှင် အခြေအနေမှာ ကောင်းလာစရာ အကြောင်းမရှိ ပိုမိုဆိုးသွားမည်။ ရှုတ်ထွေးသွားမည်။

ထို့ကြောင့်. . .

ချမ်းမိန်က ရွာသားတွေကြားက ခုန်ပျံထွက်ပြေးလာရခြင်းပင်။ ချမ်းမိန်ထွက်ပြေးသွားခြင်းနှင့် ပတ်သက်၍ ဆံဖြူအဘွားအိုလီစူးပင်း အမျက်ဒေါသထွက်နေသည်။

ရှက်လည်းရှက်နေသည်။

သည်မြေးအတွက် အရှက်ရသည်ဟု သူယူဆထားသည်။ ဤအရပ် ဤဒေသတွင် ဆံဖြူအဘွားအို လီစူးပင်းကို ယှဉ်ဝံ့သူ အံတုဝံ့သူ အတော်ရှားသည်။

ဆံဖြူအဘွားအို လီစူးပင်းကို အများက သိုင်းပညာရှင်တစ်ဦးအဖြစ်သိထားသည်။ အတွင်းကျကျသိရှိထားသူကမူ စုန်းအတတ်၊ မှော်အတတ်၊ ကဝေအတတ်ကိုပါ တတ်သူ အဘွားအိုတစ်ဦးဟု သိထားသည်။





ထို့ကြောင့်လည်း အခုလို ဆံဖြူအဘွားအို လီစူးပင်းကို ကြောက်ကြလန့်ကြသည်။ ဆံဖြူအဘွားအို လီစူးပင်းနှင့်ပတ်သက်ရသည်ကို အလွန်ဝန်လေးတတ်ကြသည်။

အခုပဲကြည့်. . .

ဆံဖြူအဘွားအိုလီစူးပင်းသည် ချမ်းမိန်နောက်သို့ သက်ချပ်မကွာ ပြေးလိုက်ခဲ့လေသည်။

"ဝှစ်" "ဝှစ်"

"ဟူး"

ချမ်းမိန်သည် ကွင်းတစ်ကွင်းကိုဖြတ်ပြီး တောအုပ်တစ်အုပ်သို့ ဝင်ခိုခဲ့သည်။ ဆံဖြူအဘွားအို လီစူးပင်းသည် သံဒုတ်တောင်ဝှေး တွဲခို၍ ကောင်းကင်မှ ပျံသန်းလာဘီသကဲ့သို့ လိုက်လာသည်။

သည်နယ်မြေဒေသသည် ချမ်းမိန်၏ နယ်မြေဒေသ ဟုတ်။ ထို့ကြောင့် ချမ်းမိန်သည် လမ်းကြောကို ဆံဖြူအဘွားအို လီစူးပင်းက ကောင်းကောင်းသိသည်။

ကျောက်ချပ်ကြီး ငါးချပ်အထက်၌ ချမ်းမိန်အမှန်တကယ် မည်ဆိုတာ ဆံဖြူအဘွားအို လီစူးပင်း သိနေသည်။

သို့နှင့်. . .

ကျောက်ချပ်ကြီးငါးချပ်အထက်သို့ ခုန်ပျံ၍ တတ်လိုက်သည်။

"ဝိုး"

"ဝှစ်"

"ဟေ့. . . ကောင်လေး. . . ဝါးနုက ဝါးရင့်ကို လာပတ်ယ် မကြံနဲ့ ဒီနေရာတွေဟာ ငါ့ခြေရာတွေချည်းပဲ မင်းပြေးချင်တဲ့

နေရာကို ပြေး မလွတ်စေရဘူးမှတ်"

ဆံဖြူအဘွားအိုလီစူးပင်းက ပြောပြောဆိုဆို ရှေ့သို့ လာသည်။ ချမ်းမိန်သည် ချပ်နံ့ရံတွင် ခိုကပ်လျက်ရှိသည်။

အမြင့်ပိုင်းဖြစ်သဖြင့် လေသည် တဟူးဟူး။

ချမ်းမိန်သည် အဘွားအို မိမိအားမမြင်ပဲ မှန်းဆပြီး ဟာစ်နေသည်ဟု ထင်သဖြင့် အဘွားအိုမြင်သွားသည့် နေရာ အထွက်ပဲ ဆက်နေသည်။

အဘွားအိုက သည်နေရာက မခွာပဲ ဆက်နေပြီး အော် အော်နေသည်။

"ဘာဖြစ်လို့ထွက်မလာသေးတာလဲ သေနာကောင် မင်းပုန်းနေတဲ့နေရာဟာ လုံခြုံပြီများမှတ်နေသလား"

သည်အခါ. . .

ချမ်းမိန် စဉ်းစားလာရပြီ။

"ဒီအဘွားအို ငါရှိတဲ့ နေရာကို သိနေပါလား"

ချမ်းမိန်သည် တိမ်းရှောင်နေခြင်းထက် ရင်ဆိုင်သည် အကောင်းဆုံးဖြစ်မည်ဟု တွက်လိုက်ပြီး. . .

အဘွားအို၏ ဂူမြင်ကွင်းရှေ့သို့ ခုန်ပျံထွက်လိုက်သည်

"ဗိုး"

"ဝှစ်. . . ဟူး"

"ဟား. . . ဟား. . . ဟား. . . "

ရယ်မောသံများက ကျောက်နံရံတွေကို ရိုက်ခတ် ပဲ့တင်သံလှိုင်းတွေ ဖြစ်လာသည်။

ကျောက်ချပ်ကြီးပေါ်တွင် ချမ်းမိန်တွေ့လာရသူ





…ားအို လီစူးပင်းသည် တစ်ယောက်တည်းမဟုတ်။ အားလုံး …ယောက်ဖြစ်နေ၏။

ချမ်းမိန်မှာ အထိတ်တလန့်ဖြစ်သွား၏။ ဤကဲ့သို့သော …ဝမျိုးကို ချမ်းမိန် ဘယ်တုန်းကမှ မကြုံခဲ့ဖူး ဆံဖြူအဘွားအို …ပင်း ပုံစံတူ ပုံသဏ္ဍာန်တူ အားလုံးပေါင်း ဆယ်ဦးကို တန်းစီ …တွေ့လိုက်ရလေရကား ချမ်းမိန်သည် မိမိမျက်လုံးများကိုပင် …နေပြီလား အတွေးရောက်လိုက်မိသည်။ မျက်လုံးအစုံကို …မိုးဖြင့် ပွတ်သပ်ကြည့်သည်။

"ဘာမှမထူးခြားပါလား ဆယ်ယောက်က ဆယ်ယောက် …။ ကေန်တ ဒီအဘွားအိုတ ငါ့ကို အောက်လမ်းပညာနဲ့ တိုက် …ကြံရွယ်နေပုံရတယ်"

သိုင်းလောကတွင် ကိုယ်ပွား၍ တိုက်ခိုက်ခဲ့ဖူးသူများ ရှိ …။ ချမ်းမိန်ကြားဖူးရုံပဲ ရှိသည်။ အခုလို ကိုယ်တိုင်ကိုယ်ကျ …ခဲ့ဖူး။

"ဘယ်လိုလဲ ကောင်းလေး မင်းရဲ့ မှော်ပညာကလေးနဲ့ ငါ့ကိုအံတုလို့ ရမယ်ထင်သလား ဘယ်တော့ …ရဘူးဟေ့"

အဘွားအိုက ပြောပြောဆိုဆို သံဒုတ်တောင်ဝှေးနှင့် လှမ်း …ချလိုက်သည်။

"ဗိုး"

"ဝှစ်"

ချမ်းမိန်သည် အဘွားအိုဆယ်ဦး၏ သံဒုတ်တောင်ဝှေး …ချက်ကို ရှောင်တိမ်းရန် မလွယ်၍ အထက်လေဟာပြင် အတွင်း

သို့ ခုန်ပျံရှောင်ပြေးရပြန်သည်။

ချမ်းမိန်သည် ဝါးတစ်ရိုက်ခန့် အမြင့်သို့ မြင့်တက်သွ
ပြီးနောက် ခပ်လှမ်းလှမ်း တစ်နေရာသို့ ကျရောက်သွားသည်။

"အဘွားအို အသက်ကြီးပြီး မတရားမလုပ်နဲ့ ကျွန်တေ
အဘွားအိုရဲ့ မြေးချွန်အဲ့ကောက်နဲ့ ကျွန်တော်အရင်ကသိခဲ့တာ
မဟုတ်ဘူး။ အခုမှ လမ်းသွားရင်းသိကြတာ အခုလို ဖြစ်ရတာ
မတော်တဆဖြစ်ရတဲ့ ကိစ္စဆိုတာ အဘွားအိုသိဖို့ကောင်းပါတယ်"

"ကောင်လေး. . . စကားမရှည်နဲ့ မင်းငါ့မြေးကို ယူကို
မယ်"

"ဘာကြောင့်ယူရမှာလဲ"

"ဘာကြောင့်ယူရမှာလဲ ဆိုတာ မင်းကို ပြောထားပြီးသာ

"အဲ့ဒါ အဘွားအိုတို့ မြေးအဘွား လုပ်ကြံဖန်တီးထား
မဖြစ်နိုင်ဘူးလား"

"ပေါက်တတ်ကရတွေ မပြောနဲ့ ကောင်စုတ်လေး သေ
တော့"

"ဝှစ်" "ဝှစ်"

"ဟူး" "ဟူး"

လက်ထဲကိုင်စွဲထားသော သံဒုတ်တောင်ဝှေးကို လေမှ
မြှောက်လျက်တဝှစ်ဝှစ် တဟူးဟူး အသံများနှင့်အတူ လေထုတစ်
သည် ချမ်းမိန်အား ဝုန်းခနဲ တိုးတိုကပါလေတော့၏။

ချမ်းမိန်သည် လေတွင် လွင့်စင်၍ သွားကာ နောက်ဘ
ဝါးတစ်ရိုက် အကွာအဝေး လောက်တွင် ကျရောက်သွား၏။

ထိုစဉ်. . .





အရိပ်တစ်ရိပ် ချမ်းမိန်၏ ရှေ့သို့ ဟိုးကျလာ၏။

"ဗိုး"

"ဝှစ်"

ချမ်းမိန်သည် လဲကျနေရာမှ ထပည်အပြု ထိုးကျလာသော
ရင်ကို တွေ့မြင်လိုက်လေရာ အလွန်အမင်း ဝမ်းမြောက်၍
၏။

မုတ်ဆိတ်ဖြူ ရသေ့ကြီး ယွမ်ချူးဟောင်အား တွေ့မြင်လာ
ကြောင့် ဖြစ်သည်။ ရသေ့ကြီးယွမ်က. . . .

"လီစူးပင်း ငါ့တပည့်ချမ်းမိန်ကို ကိုယ်ပွားသိုင်းကွက်နဲ့
ိုက်ရလောက်အောင် သူက မင်းအပေါ်မှာ ဘယ်လိုအပြစ်တွေ
ပိလို့လဲ" ဟု မေးလိုက်သည်။

အဘွားအိုက ဘာမျှပြန်မပြောပဲ စိုက်ကြည့်နေဆဲ
ထိုအခါ. . .

ရသေ့ကြီးယွမ်းက ဆက်လက်၍ အဘွားအိုအား. . .

"ခေါင်းစည်းနီဆေးပုဝါနဲ့ လီစူးဝင်းကိုပဲ ငါပြောနေတာ
ကျန်တဲ့ လီစူးပင်းတွေကို ငါပြောနေတာမဟုတ်ဘူး"

ဟု ပြောလိုက်သည်နှင့် ချက်ချင်းမျက်စိရှေ့၌ပင် အပြာ
မီးခိုးတွေနှင့်အတူ ဆံဖြူအဘွားအို လီစူးပင်းပုံရိပ်များ ပျောက်
သွားပြီး. . . ရသေ့ကြီးယွမ်ပြောသော ခေါင်းစည်းအနီ
ဝါစည်းထားသော ဆံဖြူအဘွားအို လီစူးပင်းတစ်ယောက်သာ
ကျန်ရစ်၏။

"ဒီလိုလုပ်စမ်းပါ ကဲ နင်ဘာမကျေနပ်သလဲပြော"

"ကျွန်မမြေးချွန်အဲ့ကောက်ကို ပွေ့ဖက်တာ ကျွန်မကိုယ်

တိုင်တွေ့ရတယ်။ ဒါကြောင့် ချွန်အဲ့ကောက်ကို ယူဖို့ပြောတာ ဘာကြောင့် ထွက်ပြေးရတာလဲ"

ရသေ့ကြီးယွမ်းက ဟတ်ခနဲ ရယ်မောလိုက်ပြီး. . .

"သူက ထွက်ပြေးသွားမှာပေါ့ ဒီနယ်သားမှ မဟုတ်တာ ငါနဲ့ပါလာတာ ရက်ပိုင်းရှိသေးတာ ဒီနယ် ဒီအရပ်ကတော့ ထုံးစံ သူမှမသိတာ သူ့ကို နင်ခွင့်မလွှတ်လို့ရမလား" သည်တော့မှ. . .

ဆံဖြူအဘွားအို လီစူးပင် မာန်ချလိုက်သည်။

"ကျွန်မ ရသေ့ကြီးယွမ်ကို တောင်းပန်ပါတယ်"

ဟု ပြောတာနောက်သို့ ပြန်အလှည့် ရသေ့ကြီးယွမ်က. . .

"လီစူးပင်း နင်သံဒုတ်တောင်ဝှေး ရိုက်ချက် တစ်ချက် ကြောင့် ချမ်းမိန်အတွင်းဒဏ်ရာရသွားတယ်။ မဟုတ်လား။ နင် မလား ငါကုရမလား"

ထို့နောက်. . .

ချမ်းမိန်အား သစ်ပင်တစ်ပင်အောက်တွင် ထိုင်စေ သူ၏ အတွင်းအားဖြင့် သူ့ကြောင့် ရရှိခဲ့သော အတွင်းဒဏ်ရာ ကုသပေးခဲ့သည်။

အဘွားအို လီစူးပင်းပြန်သွားသောအခါ ရသေ့ကြီးယွမ် ချမ်းမိန်အား တွဲခေါ်ပြီး ပြန်လာခဲ့လေသည်။

"မင်းမှ အပြစ်မရှိပါဘူး။ အတွေ့အကြုံတစ်ခုတိုးတာ နောက်ဒီလို ကိုယ်ပွားသိုင်းကွက်မျိုးတွေ့ရင် အမိပဲ့ရိပ်ကို ရှာ တိုကခိုက်တတ်ရမယ်ကွဲ့" ဟု လည်းပြောဏ်။

❑✢❑✢❑✢





## သဲမုန်တိုင်းကြားဝယ်

အနောက်ဘက်လွင်ပြင်နယ်ခြားရှိ ဂျူဂါးမြို့ကလေးတွင်း ချမ်းမိန်ရောက်ရှိခဲ့သည်မှာ သုံးနှစ်ကျော်လာပြီ ဖြစ်သည်။

သည်အခါတွင်မူ. . .

ချမ်းမိန်သည် ရသေ့ကြီးယွမ်၏ အဆင့်မြင့်သိုင်းပညာများ သာမက ဆေးပညာ၊ ဗေဒင် နက္ခတ္တပညာများကိုပါ သင်ကြားတတ် မြောက်လာခဲ့သည်။

ထို့ကြောင့်. . .

ယခုအခါ ချမ်းမိန်သည် ဆံဖြူအဘွားအို လီစူးပင်းကဲ့သို့ သော အအောက်လမ်းဆန်ဆန် တစ်ပွဲထိုး သိုင်းပညာရှင်များနှင့်ပင် ယှဉ်ပြိုင်တိုက်ခိုက်နိုင်သော အခြေအနေမျိုးသို့ ရောက်ရှိလာခဲ့လေ သည်။

သည်အခါတွင် ရောက်လာမှ ဆံဖြူအဘွားအို လီစူးပင်း၏ မြေးချွန်အဲ့ကောက်က ချမ်းမိန်အား. . .

"အရင်က ကျွန်မ ရှင့်ကို မြင်မြင်ချင်း ချစ်ကြိုက်မိလို့ ဘမင် ကျွန်မအဘွားတွေ့ရင် ရှင်နဲ့ ကျွန်မကို အတင်းမပေးစား

ပေးစားအောင် အကွက်ဆင်ခဲ့မိတာပါ။ ကျွန်မကို ခွင့်လွှတ်ပါရှင်

ဟု သူအမှားကို ထုတ်ဖော်ပြောကြားပြီး တောင်းပန်

သည်။ သည်အကြောင်း ချမ်းမိန်က ရသေ့ကြီးယွမ်အား အသ

ပေးခဲ့သည်။ ရသေ့ကြီးယွမ်က ချမ်းမိန်အား. . .

"ဒီလို ဒီကလေးမက သူ့အဖြစ်ကို ဖွင့်ဟပြောပြီး တောင်

ပန်တာဟာလဲ တစ်နည်းအားဖြင့်တော့ ဒီကလေးမဟာ ငါ့တပည့်

အပေါ်မှာ စွဲလန်းနေတဲ့ စိတ်ရှိနေသေးလို့ အကြမ်းနည်းသုံးမရ

အဆုံးအနုနည်းကို သုံးလာတာပဲကွဲ့. ငါ့တပည့်သတိထားပေါ့ကွယ်

ဟူသော ဩဝါဒစကားမျိုးကို ပြောသည်။

"အထူးသဖြင့် ဒီအရပ် ဒီဒေသမှာ ယောကျ်ားနဲ့ မိန်း

တကယ့်အချစ်မေတ္တာစိတ်နဲ့ သက်ဝင်ပြီး အတူလက်တွဲကြကဲ့ အ

အထမျိုးနည်းတယ်။ လောကီပညာတွေသုံးပြီး အနိုင်ယူတက်ကြတာ

ကလား" ဟု လည်းပြောကြားထားသည်။

ထို့ကြောင့်. . . .

ချမ်းမိန်သည် မိန်မများနှင့် ဆက်ဆံရာတွင် အထူးသတိ

ထား၍ ဆက်ဆံရာတွင် အထူးသတိထား၍ ဆက်ဆံခဲ့သည်။

အတတ်နိုင်ဆုံး ဝေးဝေးကရှောင်ခဲ့သည်။

သည်အရပ်ကို ရောက်ပြီး သုံးနှစ်အတွင်း သဲမုန်တိုင်း

တွေအကြိမ်များစွာကျရောက်ခဲ့သည့် ဒဏ်ကို ခံခဲ့ရသည်။

အလွန်အားကြီးသော သဲမုန်တိုင်းကြီး နှစ်ကြိမ်ကျခဲ့သည်

ကိုလည်း ကြုံခဲ့ရဖူးသည်။

တစ်ကြိမ်တွင်မူ ချမ်းလီသည် ကန္တာရအတွင်း ရသေ့ကြီးယွမ်

နှင့် အတူရောက်ရှိနေသည့်အချိန်နှင့် ကြုံသွားသဖြင့် သေတွင်းနှုတ်





သို့ ပင်ရောက်ခဲ့သည်။ သည်တုန်းက သဲမုန်တိုင်းကြီးက အချိန်

တွင်းမထင်မှတ်ပဲ ကျရောက်လာခြင်း ဖြစ်သည်။

ရသေ့ကြီးယွမ်နှင့် ချမ်းမိန်တို့သည် သစ်ကုလားအုပ်

ကောင်နှင့်အတူ ရုတ်တရက်ဘာလုပ်ရမည် မသိဖြစ်နေသည်။

အမှန်တော့သည်အချိန်၌ ချမ်းလီသည် ရသေ့ကြီးယွမ်အား

ကုလားအုပ်ကြီးပေါ်တွင်တင်၍ သူကိုယ်တိုင်မူ သဲပြင်ပေါ်

က်လှမ်းလျက် သစ်ကုလားအုပ်ကြီးကို ကြိုးဖြင့် ရှေ့ကဆွဲခေါ်

ဥ်ဖြစ်သည်။

ထိုအခိုက်. . .

အရှေ့ဘက်ကောင်းကင်ပြင်ကြီးတစ်ခုလုံး ညို့မှိုင်းအုံ့ဆိုင်း

ပြီး ခရမ်းရောင်တွေ လွှမ်း၍လာ၏။

ရသေ့ကြီးယွမ်က အတွေ့အကြုံရှိသူဖြစ်သဖြင့် ခရမ်း

င်ကောင်းကင်ပြင်ကြီးကို မျှော်ကြည့်လိုက်ပြီး ချမ်းမိန်အား. . .

"ချမ်းမိန်ရေ. . . မကြာခင် သဲမုန်တိုင်းကြီး ကျတော့မယ်

ဘာလုပ်ကြမလဲ" မေးသည်။

ဤသို့သော အချိန်မျိုးတွင် လေကွယ်ရာအရပ်သို့ အမြန်

ပြေးဝင်ခိုကပ်ရမြဲ ဖြစ်သည်။

ယခုမူ. . .

လေကွယ်ရာအရပ်ကား အနီးအနားတွင်မရှိ အရှေ့ကို

ရှင်းမထူး အနောက်ဘက်ပြန်ဆုတ်လည်း လေကွယ်ရာ အရပ်သို့

က်မည့် အခြေအနေမျိုးမဟုတ်ပဲ ဖြစ်နေသည်။

"ရသေ့ကြီး ယွမ်ခင်ဗျား. . . လောလောဆယ်အရှေ့

နောက်ဘယ်ကို သွားသွား ရောက်တော့မှာ မဟုတ်ဘူး"

ဟု ပြောလိုက်သည်။

ရသေ့ကြီးယွမ်က. . .

"ဒီလိုဆိုရင် ကြိုးခွေကို ထုတ်စမ်း" ဟု ပြောပြီး သစ်ကုလားအုပ်ပေါ်က ခုန်ဆင်းလိုက်သည်။

ထို့နောက်. . .

ရသေ့ကြီးယွမ်သည် မိမိတို့ခါးတွင် ကြိုးနှင့် အခိုင်အမာချည်နှောင်သည်။ ပြီးနောက် သစ်ကုလားအုပ်ကြီးနှင့် ဆက်သွယ်ချည်နှောင် ပြန်သည်။ ထိုအချိန်မှာပဲ. . .

အရှေ့မိုးကောင်းကင်ဘက်ဆီမှ တော်လဲသံကြီးတစ်သံ အော်မြည်ရွေ့လျားလာပါလေတော့၏။

တော်လဲသံဆိုသည်မှာ မိုးခြိုးသံတစ်မျိုးဟု ဆိုရမည်လားမသိ။ သို့သော် တော်လဲသံသည် တဝုန်းဝုန်းသော အသံများ အဆက်မပြတ်ရွေ့လျားလာခြင်းပင်တည်း။

"ဝုန်း. . . ဝုန်း. . . ဝုန်း. . ."

တဝုန်းဝုန်းအော်မြည်သံကြီးမှာ အလွန်ကျယ်ပြန့်သောကန္တာရ လွင်ပြင်ကျယ်ကြီး တစ်ခုလုံးကို လွှမ်းခြုံအုပ်မိုးထားလိုက်သည့် အလားရှိ၏။ ထိုအချိန်အထိ သဲမုန်တိုင်းကြီးသည် ကျရောက်လာခြင်းမရှိသေး။

မိမိတို့အား ကောင်းကင်ရှိ နတ်ဆိုးကြီးများက ခြိမ်းခြောက်နေသည့်အလားရှိသည်။ ရသေ့ကြီးယွမ်က. . .

"ချမ်းမိန်မကြောက်နဲ့ ဒီအချိန်မှာ ကြောက်နေလို့ မရဘူး။ ကြုံဆုံလာမယ့် အဆင်ကို ကြည့်ပြီး ခုခံကာကွယ်ဖို့ပဲ ရှိတယ်"

ဟုအသေအချာမှာထားသည်။





"အတွင်းအားကို စုစည်းထားဖို့လိုတယ်" ဟု ပြောသည်။

"ဝေါ"

"ဝေါ"

"ဝေါ"

သဲမုန်တိုင်းကြီးကား ကျရောက်လာချေပြီ။ ထိုအခါ မိမိတို့၏ ခန္ဓာကိုယ်ပေါ်သို့ သဲများနှင့် ဆုပ်ကာဆုပ်ကာ ပစ်သွင်းနေသည်သို့ ရှိသည်။

မည်သို့ဆိုစေ။

ရသေ့ကြီးယွမ်နှင့် ချမ်းမိန်သည် သစ်ကုလားအုပ်ကြီးနှင့် လုံးထွေးလျက်တုံးလုံးလဲကျသွား၏။

သဲမှုန်များသည် မိမိတို့ပေါ်သို့ ကျရောက်လာသည်မှာ ချက်ချင်းပင်မြေကြီးများဖို့၍ သတ်နေဘိသကဲ့သို့ရှိ၏။

ထိုသို့ရှိလေရကား သဲမှုန်များကြားမှ တိုးထွက်ကြရပြန်၏။

ထိုအချိန်မှာပဲ. . .

နောက်ထပ်လေလှိုင်းလုံးများက ရိုက်ချလိုက်လေရာ. . .

"ဝေါ"

ဟူသောအသံကြီးနှင့်အတူ မိမိတို့အတွဲကြီးမှာ သဲများအတွင်းမှ ဖွာခနဲပွင့်လန်ကာ လေအဟုန်မှာ လွင့်ပါသွားရပြန်၏။ မိမိတို့အတွဲမှာ ကြိုးဆိုင်းများတစ်ချောင်းပြီး တစ်ချောင်းပြက်တောက်၍နေသည်။

သဲမုန်တိုင်းကြီးကားရပ်နားသည် မရှိသေးပေ။ မည်မျှကြာအောင်သဲမှုန်တိုင်းကြီး -ကျရောက်နေမည်နည်း။

ချမ်းမိန်မသိနိုင် ရသေ့ကြီးယွမ်၏ အခြေအနေကိုလည်း

မသိရတော့ ရသေ့ကြီးယွမ်သည်လည်း ချမ်းမိန်၏ အခြေအနေကို သိရမည်မထင်။

"ဝေါ"

"ဝေါ"

"ဝေါ"

သည်လို တဝေါဝေါအသံကြီးက တစ်လောကလုံးကို လွှမ်းခြုံထားသည် သို့ရှိသည်။ မည်မျှကြာရှည်စွာ သည်အသံကြီးကို ကြားနေရမည်နည်း။

သဲမုန်တိုင်း လေလှိုင်းလုံးများ ဆင့်ကာဆင့်ကာ တိုက်လေသဖြင့်သာ မိမိတို့အတွဲကြီးသည် သဲပြင်အောက်သို့ ရောက်ရှိသွားခြင်း မရှိခြင်းပင်။ သို့မဟုတ်ပါက သဲပြင်အလွှာအောက်သို့ နစ်မြုပ်ပျောက်ကွယ်သွားမည်သာတည်း။

သို့တိုင်အောင်

တစ်ချိန်တွင်မူ

"ဖြောက်"

"ဖြောင်း. . . ဖြောင်း"

တွဲသီထားသော ကြိုးများ ပြတ်တောက်ကာ ရသေ့ကြီးယွမ်ကတစ်ခြား ချမ်းမိန်က တစ်နေရာ သစ်ကုလားအုပ်ကြီးကလည်း တစ်နေရာသို့ ပြတ်တောက်ကာ တစ်ကွဲတစ်ပြားစီ ဖြစ်ကုန်ပါတော့၏။

ချမ်းမိန်သည်လည်း အမြင့်ဆုံး အဝေးဆုံး လွင့်စင်သွားသည်ကိုကား ချမ်းမိန်သိရှ်ပဲ သိလိုက်သည်။

သည်အချိန်တွင်ကား ချမ်းမိန်သည်. . .





"ဒီသဲမုန်တိုင်းကြားမှာပဲ ငါ့အသက်နဲ့ ခန္ဓာကိုယ်ဟာ အဆုံးသတ်ရတော့မှာပါလား" ဟု အတွေးရောက်လိုက်မိသည်။

တစ်ပြိုင်တည်းမှာပဲ. . .

"အမေ. . . အမေ. . . အမေ. . ."

ဟုမိခင်ကြီးကို မြည်တမ်းလိုမိပါ၏။

ထို့နောက် . . . ချမ်းမိန် သတိလစ်သွား၏။

သတိရလာသောအခါ သစ်ပင်တစ်ပင်ခြေရင်းတွင် ရောက်နေသည့် အပြစ်ကို သိလိုက်ရသည်။

လေပြင်လွင့်ကာရာမှ ဤသစ်ပင်နှင့် တိုးတိုက်ပြီကျန်ရစ်သည်ဟု ချမ်းမိန်က အတွေးရောက်လိုက်မိသည်။

သဲမုန်တိုင်းကား တိတ်ဆိတ်ငြိမ်သက်၍ သွားချေပြီတကား။

ချက်ချင်းပဲ ရသေ့ကြီးယွမ်နှင့် သစ်ကုလားအုပ်ကြီးကို ချမ်းမိန်သတိရလိုက်သည်။

ပတ်ဝန်းကျင်ကို ကြည့်လိုက်သောအခါ သစ်ပင်တွေ တောအုပ်တွေကို တွေ့လာရ၏။

"လေကွယ်နေရာကို ရောက်နေပါလား"

ပင်လယ်ထဲတွင် ကျွန်းတစ်ကျွန်းပေါ် သို့ ရောက်ရှိသည့်နှယ်ပါပေ။ မကြာလှ. . .

ရသေ့ကြီးယွမ်က သစ်ကုလားအုပ်ကြီးနှင့်အတူ တွေ့လာရန်သည်။ ချမ်းမိန်မှာ ဝမ်းသာလိုက်ရသည့်ဖြစ်ခြင်း။

❑✢❑✢❑✢

## ချမ်းမိသားစု၏ ကြမ္မာ

သဲမုန်တိုင်းကြားက သေကံမရောက်ပဲ ပြန်လည်ရောက်ရှိလာပြီးနောက် ရသေ့ကြီးယွမ်ချူးချောက်ထံသို့ တရုတ်ပြည်မကကုန်သည်တစ်ဦးရောက်ရှိလာသည်။

ထိုကုန်သည်က ရသေ့ကြီးယွမ်အား လာရောက်တွေ့ဆုံပြီး ချမ်းမိန်ကို စုံစမ်းသည်။

ချမ်းမိန်ကို တွေ့လိုက်ရသောအခါ ထိုကုန်သည်မှက. . .

"ကျုပ်နဲ့ တိုက်ရိုက်တွေ့ခဲ့ရတာတော့ မဟုတ်ဘူး။ ကြားလူတစ်ဦးက ကျုပ်ကိုပြောတာပါ။ အမျိုးသမီးကြီးတစ်ဦးလို့ ပြောတယ်။ သူ့သားချမ်းမိန်ကို ပြန်လာဖို့ပဲ ဆက်ဆက် အသိပေးပေးဖို့ မှာသွားတယ်။ ပြောတယ်"

ဟူသော စကားကို ပြောလာလေရကား ချမ်းမိန်မှာ မိခင်သာလျှင် ဖြစ်ရမည် ဆိုသည့်အကြောင်း ချက်ချင်း သိလိုက်သည်။

ရသေ့ကြီးယွမ်က. . .

"သုံးနှစ်ဆိုတဲ့ အချိန်ကာလဟာ နည်းတဲ့ အချိန်ကာလမဟုတ်သလို မင်းအတွက် ဒီသုံးနှစ်အချိန်ကာလဆိုတာလဲ သိုင်းပညာ





တွေလဲ အကျော်အမော်တစ်ဦးရဲ့ အဆင့်မျိုးကို ရောက်ခဲ့ပြီပဲ ဒီတော့ မင်း ပြန်မယ်ဆို ပြန်လို့ရပါပြီ. . ."

ဟု ပြောဆိုမှာကြားပြီး ချမ်းမိန်အား ပြန်ခွင့်ပြုလိုက်သည်။

ဤသို့ ရသေ့ကြီးယွမ် ခွင့်ပြုပြီး ရက်သတ္တတစ်ပတ်အတွင်း မှာပဲလိုအပ်သော ပြင်ဆင်မှုတွေ ပြုလုပ်သည်။

ထို့နောက်. . .

ချမ်းမိန်သည် ပြန်ခရီးကို စတင်ခဲ့ရပါလေတော့သည်။

အလာခရီးနှင့် အပြန်ခရီးသည် မကွာခြားနားဟု ဆိုသော်လည်း ချမ်းမိန်အဖို့ကတော့ အတော်လေးကွာသည်။

အလာတုန်းက ဤခရီးလမ်းတစ်လျှောက်တွေ့သမျှ အသစ်အဆန်းတွေချည်း ဖြစ်ခဲ့သည်။ အံ့ဩစရာများပါပေ။

ဒါတွေက အပြန်ခရီးကျတော့ အသစ်အဆန်းတွေ မဟုတ်တော့ ချမ်းမိန်အား မလွှမ်းမိုးနိုင်ပြီ။

ချမ်းမိန်အား အခုလွှမ်းမိုးနေသည်မှာ မိခင်၏ ပုံရိပ်ပင်ဖြစ်ပါ၏။ မိခင်ကြီးကိုယ်တိုင် မိမိအား အကြောင်းကြားလာသည်ဆို၏။ မိခင်ကြီးကို တွေ့ချင်မြင်ချင်သော စိတ်အသိတွေက လှုပ်ရှားလာ၏။

ထိုအခါ. . .

ဖခင်နှင့် ညီလေးကရော ဟူသော အသိခေါင်းထဲဝင်လာသည်။ အရင်က ဖခင်နှင့် မိခင်တို့အကြောင်း ညီလေးချမ်ဖိန်အကြောင်း ဒါတွေအားလုံး သတိမရ မဟုတ် သတိရသည်။ သို့သော် သရကျော်နှင့် ပတ်သက်၍. . .

ရသေ့ကြီးယွမ်က. . .

"မိဘကို မမေ့ရဖူး အမြဲဦးခိုက်ရတယ်။ ဘုရားလိုပဲ ပူဇော်ကတော့ နေရတယ်။ ဒါပေမယ့် ဘယ်လိုနေကြမယ် ဆိုတာမျိုးတော့ ပညာသင်နေတဲ့ အချိန်မှာ မတွေးစေချင်ဘူး"

"အထူးသဖြင့် မိသားစုအရေးကို မတွေးတာ ကောင်းတယ် အလုပ်တစ်ခုကို အောင်မြင်တဲ့အထိ လုပ်တော့မယ်ဆိုရင် မိမိခေါင်းထဲမှာ ဒီအလုပ်နဲ့ ပတ်သက်ဆက်နွယ်သမျှကိုသာ အစဉ်တွေး အမြဲစဉ်းစား ဒီအလုပ်ဟာ မုချအောင်မြင်ပြီသာမှတ်ပေတော့"

ဟူသော စကားကို ပြောခဲ့သည်။

ချမ်းမိန်မြို့သို့ ပြန်လည်ရောက်ရှိလာသောအခါ ချမ်းမိန်မှာ အလွန်အံ့ဩ၍ သွားရပါတော့သည်။

တွေ့ရသည်မှာ အိမ်ခြံဝင်းသာ မိမိတို့ ငယ်စဉ်က မွေးရှင်ချမ်းမြေ့သွာနေလာခဲ့သော အိမ်သည် မရှိတော့ပြီ မီးတောင်ကျပြီးကြွင်း ကျန်ရစ်သော ငုပ်တိုင်များသည်သာ ထိုးထိုးထောင်ထောင် ဟိုမှာ အကျိုးသည်မှာ အပဲ့သည်မှာ ငုပ်တိုသည်မှာ တုံးလုံး တွေ့ရသည်။

ခွေးတစ်ကောင်က မြာပုံကို ထိုးဆွကာ ဘုတ်နေသည်။ မိမိကြည့်နေစဉ် အချိန်ခိုက်မှာပဲ တစ်ကိုယ်လုံးပြာလူးလို့ငှက် တစ်ယောက် မီးကျွမ်းတိုင်ငုပ်ထိပ်ဖျားတွင် လာရောက်နားပြီး မိမိအား တွေ့မြင်လှစ်ခနဲ ပြန်လည်ပျံသန်း၍ သွားလေသည်။

"အဖေတို့ အမေတို့ရော ညီလေးရော... သူတို့ ဘယ် ရောက်ကုန်ပြီလဲ"

လှိုက်ခုန်လှုပ်ရှားနေသော စိတ်အစဉ်ဖြင့် အဖေအမေနှင့် ညီလေးတို့အကြောင်း တွေးလိုက်မိ၏။





ခြေသံတစ်သံအနီးသို့ ရောက်ရှိလာသည်နှင့် ချမ်းမိန်လှည့်ကြည့်လိုက်သောအခါ ရပ်ဆွေရပ်မျိုးဖြစ်ခဲ့သော ဘကြီးကျို့ထောင် တွေ့လိုက်ရလေ၏။

ကျို့ထောင် ဘကြီးက ချမ်းမိန်အား စိတ်မကောင်းစွာဖြင့် ကြည့်လိုက်သည်။ ပြီးသက်ပြင်းတစ်ချက်ကို ချသည်။

"ကျို့ထောင်ဘကြီးရယ်... ကျွန်တော် အဖေအမေနဲ့ ညီလေးတို့ရောဟင် အခုလိုဖြစ်ရတာကရော ဘယ်လိုအကြောင်း ကြောင့်ပါလဲ ကျို့ထောင်ဘကြီးရယ်" ဟု မေးလိုက်သည်။

ကျို့ထောင်ဘကြီးသည် တော်တော်နှင့် စကားမပြောနိုင်။ သက်ပြင်းကိုသာချနေသည်။ သည်အချိန်မှာပဲ ရွာထဲက မိန်းမကြီးလေးယောက် ချမ်းမိန်ကိုလာကြည့်သည်။

သူတို့သည် ချမ်းမိန်ကို လာကြည့်ရုံပဲ ကြည့်သည်။ နှုတ်ပင် မဆက် ချမ်းမိန်အဖြစ်ကို သနားလွန်းသည်နှင့် ငေးကြည့်ရုံပဲ ကြည့် ပြန်လှည့်သွားကြကုန်၏။

ကျို့ထောင်ဘကြီးကတော့ ချမ်းမိန်ကို သစ်ပင်ရိပ်သို့ ခေါ် ...ခဲ့စေပြီး...

"ချမ်းမိသားစုရဲ့ ကြမ္မာပဲလို့ ပြောရတော့မှာပဲပေါ့ ချမ်းမိန် ပြောရမယ် ဆိုရင်တော့ ဘယ်သူမပြုမိမိမှုလို့ ပြောရမလား ...ဘူး။ ဪ... ဒါနဲ့ ငါတူ ချမ်းမိန် နည်းနည်းသီးခံပြီး နား ...င်နော် ကျုပ်က ငါ့တူချမ်းမိန်တခါတည်း သဘောပေါက် နား ...ည် စေချင်လို့ပါ"

"ဟုတ်ကဲ့ ပြောပါ။ ကျို့ထောင်ဘကြီး"

ထိုအခိုက် လေတစ်ချက် ဝှေ့တိုက်လိုက်လေရာ အိမ်ပြာ

ပုံများမှ ပြာစပြာမှုန်အချို့လေဖြင့် လွင့်ပျံသွားလေသည်။

*အနံ့အသက်အချို့ကိုလည်း ရှူရှိုက်မိသည်။*

"ဖြစ်ပုံက မင်းတို့ယာခင်းက စတာလို့ ဆိုရလိမ့်မယ်
မင်းတို့ယာခင်းနောက်ဘက်ကပ်လျက် ယာခင်းရှင် တွာကိုးနဲ့ မ
အဖေ ချမ်းအဖေစင်းတို့ တစ်နေ့စကားများကြတယ်"

"ကျွန်တော်တို့ ယာခင်းတစ်ကွက်ကို သူတို့ဘက်ဆွဲ
ခြံခတ်ထားတဲ့ ကိစ္စနဲ့ စကားများကြတာမဟုတ်လား"

"မင်းဒီအကြောင်းသိနေနှင့် တာကိုးကွဲ့"

"သိဆိုဒီကိစ္စက ကြာပြီ အဖေပြောခဲ့တာလဲ ကြာပါ
တွာကိုး မိသားစုက ဂရုမစိုက်လုပ်နေတာ"

"အဲဒီကိစ္စနဲ့ပတ်သက်လို့ မင်းတို့မိသားစုနဲ့ တွာကိုးမိသ
စုအကြီးအကျယ် စကားများ ခဲ့ကြတယ်၊ ကုန်ကုန်ပြောရရင် ရွာ
ကြီးမင်းအိမ်ကို ရောက်ရောဆိုပါတော့"

"အဲဒီလိုဆိုတဲ့အခါမှာ ချမ်းမိသားစုဘက်က အနိုင်
တယ်။ အဲ့ဒီယာခင်းမြေကွက်ကို ပြန်ရတယ်။ ဖြစ်ချင်တော့ ဒီနှစ်
မှာပဲ မင်းတို့မိဘများက နေ့ချင်းညချင်း တိုးတက်လာတယ်"

"ဒီလို တိုးတတ်ကြီးပွားလာတာက မင်းအဖေ အမေနဲ့
ညီလေးတို့ရဲ့ လုံ့လဝီရိယကြောင့်ပါ။ ဒါကို တွာကိုးအဘိုးကြီးက သ
ပေးလိုက်ရတဲ့ မြေကွက်ထဲက ရတနာအိုးတစ်လုံး တူးဖော်ရသွား
ပါဆိုပြီး လူတကာကို လိုက်ပြောတယ်ကွဲ့"

"မင်းအဖေနဲ့ အမေကရော မင်းညီလေးပါ ကွာတိုး
တာကို အရေးမလုပ်ခဲ့ဘူး။ မဟုတ်တာ ဘယ်လိုပြောပြော ဘယ်
ယုံမှာမဟုတ်ဘူး အာညောင်းရင် ငြိမ်သွားလိမ့်မယ် ဆိုပြီး သီးခံနေလို





တယ်"

"မကြာဘူး တွာကိုးလဲ သူ့အကုသိုလ်နဲ့ သူဝမ်းလျောပြီး
သေပါရောလား။ ဒါပေမယ့်ဟော့. . . သူ မတရားအားမနာပဲ ပြောခဲ့
တာကို ယုံသွားတဲ့ လူတစ်ယောက်ရှိခဲ့တယ်။ အဲဒီလူက တစ်ခြား
မဟုတ်ဘူး။ ဓားပြလျှန့်ကျိုလေးပဲကွဲ့"

"ခင်ဗျာ. . ."

သည်နေရာအရောက်တွင် ချမ်းမိန်ရင်တွေခုန်၍ လာရပြီ။
ခင်ဗျာဟူသော အာမေဋိတ်သံပင် လွှတ်ခနဲ ထွက်သွားမိ၏။

"အသိဉာဏ်မရှိတဲ့ ဓားပြလျှန့်ကျိုလေးဟာ တစ်ညမှာ သူ့
အဖွဲ့နဲ့ လာပြီး မင်းအဖေ အမေနဲ့ ညီလေးဆီမှာ ရတနာတွေ ဘယ်
မှာလဲလို့ တောင်းပါရောလား"

"သူတို့က ရတနာအိုး တူးဖော်ရတယ်ဆိုတာ လုံးဝမဟုတ်
ကြောင်း ယာခင်းစိုက်လို့ စုဆောင်းရရှိတဲ့ လက်ဝတ်လက်စားနဲ့
ရှိသမျှငွေကိုပဲ ယူစေလိုကြောင်း ပြောပြီး အဲ့ဒီပစ္စည်းတွေ ထုတ်ပေး
ပေမယ့်လဲ မရဘူး"

"ဒီမှာ မင်းညီလေး ချမ်းမိန်က မခံမရပ်နိုင် ဖြစ်ပြီး ခုခံ
တိုက်ခိုက်ပါရောလေ. . မင်းအဖေလဲ မနေသာတော့ဘူးပေါ့. . .
ဒါပေမယ့် လျှန့်ကျိုလေးတို့က လူအများနဲ့ပဲ ဘယ်နိုင်မှာလဲ သားအဖ
နှစ်ယောက် အသတ်ခံလိုက်ရတယ်"

"မသေမရှင်အလောင်းကို အိမ်နဲ့အတူမီးရှို့ပစ်လိုက်တယ်
အတော့်ကို မိုက်ရိုင်းစော်ကားတဲ့ တိရစ္ဆာန်ကောင်တွေပါ ချမ်းမိန်
ရယ်. . ."

"အမေ. . . အမေ. . . ကရော ခင်ဗျာ"

ထိုစကားကို ကျို့ထောင်ဘကြီးပြောရမှာ အတော်ဝန်လေး နေပုံရသည်။ မိုးကောင်းပြင်ကို ငေးကြည့်ရင်းလေးပူ သက်ပြင်း တစ်ချက်ကို ချသည်။

သူက သည်လိုဖြစ်နေလေတော့ ချမ်းမိန့်မှာပုံပြီး မနေတတ် ပဲ ဖြစ်လာသည်။ သည်နေရာကျကာမှ ကျို့ထောင်ဘကြီး စကား ဆက်ရမှာကို ဘာကြောင့်ဝန်လေးနေရပါလိမ့်. . .

"ပြောပါ. . . ကျို့ထောင်ဘကြီး အမေဘယ်မှာလဲဟင် အမေ မရှိတော့ဘူးလား အိမ်မီးလောင်တုန်းက မီးထဲကို အမေ. . ."

ချမ်းမိန့် စကားလည်း မဆက်နိုင်ရှိ၏။

သည်တော့မှ. . .

ကျို့ထောင် ဘကြီးက. . .

"မင်းအမေကို တို့အားလုံးပြုစုစောင့်ရှောက် ထားခဲ့ပါ တယ်။ တစ်နေ့တော့ မွန်ဂိုနယ်လှည့် အဖွဲ့တစ်ဖွဲ့နဲ့ သူ ခိုးပြေးလိုက် သွားတယ်ကွဲ့ နောက်မှ သိလိုက်ရတယ်။ အဲ့ဒါကျုပ်တို့လဲ လိုက်မယ် လိုက်မယ်နဲ့ ခုထိုမလိုက်ဖြစ်သေးဘူး ပေါ့ကွယ်"

ဟု ပြောလိုက်ပါလေတော့၏။

❑✣❑✣❑✣



## နတ်ဆိုးသား သုံးဖော်

ကဗ္ဗည်းတိုင်နှစ်တိုင်ကို ယှဉ်၍ စိုက်ထူလိုက်သည်။

ဖခင်ကဗ္ဗည်းတိုင်ကို ဖခင်၏ မြေပုံရှေ့မှာ ကဗ္ဗည်းတိုင် ခုလို သေပြီးတစ်နှစ်ကျော်ကာမှ စိုက်ထူရသည့်အတွက် ရွာက တွေကို ချမ်းမိန့်အပြစ်မတင်။

သူတို့အခုလို အရိုးကောက်ပြီးမြေမြှုပ် သင်္ဂြိုလ်ပေးထား သည့်အတွက်ပါပေ။

ချမ်းမိန့်သည် ကဗ္ဗည်းတိုင်တစ်တိုင်ကို စိုက်ထူပြီး ရွှေစက္ကူ များမီးရှို့သည့် အလုပ်ကို ဆက်လုပ်၏။

ဤသို့ ရှို့ရာ ဓလေ့ထုံစံအတိုင်း လုပ်ကိုင်ဆောင်ရွက်ရင်း

"အဖေ. . . ကောင်းကင်ဘုံကိုပဲ ရောက်ရှိပါစေ အေးငြိမ်း ဘဝမှာ အနားယူနိုင်ပါစေ"

ဟု ဆုတောင်းမေတ္တာပို့ပေးသည်။

သွေးကြွေးဆပ်ရမည်ဆိုသော အကြောင်းကိုကား ချမ်းမိန်း ထုတ်မပြောသွေးကြွေးဆပ်ခြင်း မကောင်းသော အလုပ်ကို ဖနှင့်အမေတို့အား မသိစေချင်သည်မှာ အမှန်။

ထို့နောက်. . .

ကျန်ရှိသော ကဗ္ဗည်းတိုင်ကို ညီလေးချမ်းဖိန်၏ မြေပုံရွေ
မှာ စိုက်ထူသည်။

ရွှေစက္ကူချပ်များကို မီးရှို့ပေးသည်။ သည်နေရာကျတော့
ချမ်းမိန်က သွေးကြွေး ဆပ်မည့်အကြောင်း ဖွင့်ဟသည်။

"ညီလေး ချမ်းဖိန်တို့ ချမ်းမိသားစုကို မတရားရန်ပြုးရှ
ဘက်မရှိ ရက်ရက်စက်စက် ဒုက္ခပေးခဲ့တဲ့ ဓားပြကြီး လျှန့်ကျိုလေးတို့
ငါလုံးဝ အခွဲမကျေဘူး ညီလေး"

"ဒါကြောင့် ဒင်းကိုမြေလှန်ရှာပြီး ဂလုံစားချေမယ်ဆိုတာ
ငါ့ညီလေး ချမ်းဖိန်ရဲ့ မြေပုံရွေ့မှာ ငါ့ကတိသစ္စာပြုခဲ့ပါတယ် ညီလေး
ချမ်းဖိန်"

ဟုပြောလိုက်သည်။

ထိုအခိုက်နောက်ဘက်မှ ခြေသံတစ်သံပေါ်ထွက်၍ လာ
၏။

"ရှပ်" "ရှပ် . . . ရှပ် . . . ရှပ်"

ခြေသံလုံလုံလျှောက်သည့်အသံမျိုး ဖြစ်သည်။ သာမ
သိုင်းသမားမျိုးဆိုလျှင်ကား ကြားနိုင်သည့် အခြေသံမျိုးမဟုတ် သည်
ကတည်းက ချမ်းမိန်သိလိုက်သည်။

"ဒီ . . . ခြေသံဟာ ရိုးသားမှုမရှိဘူး ကျို့ထောင်ဘကြီး
ငါ့နောက်ကပ်လာတုန်းက ဒီခြေသံမျိုး မဟုတ်ဘူးလေ"

"ဓားပြကြီး လျှန့်ကျိုလေးပဲလား ဒါမှမဟုတ် သူတပည့်
လား . . . အမယ် . . . ကြားရတဲ့ခြေသံက တစ်ယောက်ထဲမဟုတ်ဘူး
သုံးလေးယောက်ရဲ့ ခြေသံမျိုးအနည်းဆုံး သုံးယောက်ရှိမယ်"





"ရှပ်" "ရှပ်"

"ရှပ်" ရှပ်"

သစ်ပင်တစ်ပင်မှ တစ်ပင်ကူးပြောင်းလာနေသည့် ခြေသံ
ဖြစ်သည်။

"ငါရောက်လာတာကြားလို့က စုံစမ်းတာ မဖြစ်နိုင်ဘူး။
းမိသားစုထဲမှာ လူကောင်းပကတိဘဝနဲ့ ကြွင်းကျန်ခဲ့တဲ့ ငါ့ကို
ရှင်မထားပဲ အပြတ်ရှင်းရအောင် လာတာပဲ ဖြစ်မယ်"

မှန်သည်။ ဒုစရိုက်လောကသားတွေက ခုလိုကျူပင်ခုတ်
ငုတ်ပင်မထားရသော အဖြစ်မျိုးတွေက အနုတက္ကမပဲ မဟုတ်ပါ
း။ ခြေသံတို့သည် ပို၍ဝေးကွာသွားသည်မဟုတ် ပို၍နီးနီးလာ
သည်။

"ဟင် . . ."

"အကြောင်းသိကြသေးတာပေါ့၊ ငါက လိုက်ရှာနေရမယ့်
လုပ်တစ်ခု သက်သာသွားတာပေါ့၊ တွေ့မယ် . . . တွေ့မယ် . .
တွေ့ကို တွေ့ရမယ် . . . "

ရန်သူတို့ကား မိမိအနီးဆုံး လက်တစ်ကမ်းသို့ ရောက်ရှိ
ချပြီ၊ မည်သူည့် လက်နက်ကို ကိုင်စွဲတိုက်ခိုက်သည်မသိ။

"ဝှစ်"

မိမိနောက်ကြောက်ဘည့်တည့် ခုတ်ချလိုက်ချေပြီ။

"ဝှစ်"

"ဟူး"

ခန္ဓာကိုယ်တစ်ကိုယ်လုံး ထိုင်လျက်သား ခုန်၍ရွေ့သည့်
သည်းဖြင့် ရွေ့ပြီး တိမ်းရှောင်လိုက်သည်။

"ဒုတ်"

ထိုအခါ ပုဆိန်လက်နက်သည် ညီလေးချမ်းဖိန် ကဗ္ဗ… တိုင်ကို သွား၍စိုက်ဝင်သွားလေသည်။

ရန်သူက ဝတ်စုံနက်ရန်သူ ဖြစ်သည်။ သူသည် ပုဆိန်… ဆွဲနှုတ်နေစဉ် ချမ်းမိန်က အတွင်းအားစုစည်းထားသည့် ညာဘ… လက်တံကို ဆန့်ထုတ်လျက်နောက်ဘက် ရိုက်ထုတ်ပစ်လိုက်လေ… ရန်သူ ဝတ်စုံနက်မှ လက်တံရိုက်ခတ်ခြင်းဖြင့်. . .

"အား. . ."

အော်ပြီးလျက် နောက်ဘက်သို့ မြောက်သွားသည်။ နော… ဘက်၌ ဓားလွတ်များ အသင့်ကိုင်စွဲထားသော ဝတ်စုံနက်နှစ်ဦးကြ… သို့ ဘုန်းခနဲ ကျရောက်သွားလေတော့၏။

ကျန်ဝတ်စုံနက် နှစ်ဦးမှာ လှုပ်ရှားမှုများ တစ်ခဏလုံ… ရပ်သွား၏။

ချမ်းမိန်၏ တုံ့ပြန်မှု ဤမျှစွမ်းလိမ့်မည်ဟု သူတို့ မျှော်လ… ထားဟန်မတူ။

"လူတစ်ယောက်ကို ဒီလိုခပ်လွယ်လွယ်နဲ့ အပြတ်ရှင်း… မရဘူးဆိုတာ မင်းတို့ သင်ခန်းစာရ သွားပြီမဟုတ်လား"

ချမ်းမိန်က လှမ်းပြောလိုက်၏။

ချမ်းမိန်က ချမ်းဖိန်ကဗ္ဗည်းတိုင်တွင် စူးစိုက်ဝင်လျ… ရှိသော ပုဆိန်ကို ဆွဲနှုတ်လိုကပြီး အသွားကို လက်ညှိုးတင်ကြည်… ကာ. . . .

"ပုဆိန်က အတော့်ကို ထက်သားပဲ"

ဟု ပြောလိုက်သည်။





ချမ်းမိန်တိုက်ခိုက်ခြင်းကို ပွဲဦးထွက်ခံလိုက်ရသော ဝတ်စုံ…က်မှာ ကျန်သုံးဦးတွင် ခေါင်းဆောင်ဖြစ်ဟန်တူသည်။

လဲကျနေရာမှ ကုန်းကျုံး၍ထလာသည်။

ချမ်းမိန်က ပုဆိန်ကို လက်ထဲဆက်လက်မကိုင်ပဲ. . .

"ရော့. . . မင်းပုဆိန်"

ပြောပြီး လှမ်းပစ်ပေးလိုက်သည်

ထို့နောက်. : .

"ချမ်းမိသားစုရဲ့ နောက်ဆုံးမျိုးဆက် ချမ်းမိန်ဆိုတာ ငါပဲ …ှန်ရဲချမ်းမိန်ပေါ့. . . မင်းတို့က ဘယ်သူတွေလဲ"

ဟု ပြောဆိုမေးမြန်းလိုက်သည်။

ခေါင်းဆောင်ဝတ်စုံနက်သည် သူ၏ ပုဆိန်ကို ဖမ်းယူလိုက် …သည်။ မိမိလက်နက် မိမိလက်ထဲ ပြန်လည် ရောက်ရှိလာသည့် …အတွက် အတော့ကို ကျေနပ်အားရသွားဟန် တူနေသည်။

ထို့နောက် သူက. . .

"ငါတို့ကို သိချင်လို့လား. . . သေမယ့်လူကမေးတာကို …ဖြေရတာကတော့ အဓိပ္ပါယ်မရှိဘူးပေါ့. . . ဒါပေမယ့် မသေခင် …သိသွားရအောင် ပြောပြမယ် ငါတို့သုံးဦးဟာ နတ်ဆိုးသားသုံးဖော် …ပဲကွ. . ."

ဟု ပြောလိုက်သည်။

"ကျုပ်သိသွားပြီ ကျုပ်ဒီမြို့ကို ပြန်ရောက်တော့ အသစ်ဖွင့် …သားတဲ့ ဝက်သိုးကြီး စားသောက်ဆိုင်ကို ရောက်တယ်။ လူမိုက်တွေ …ပါးစပ်ဖျားမှာ ကြားမိတယ်။ နတ်ဆိုးသား သုံးဖော်ဆိုတာ ပုဆိန် …ချက်ပန်း၊ ဓားပိုက်ကျဲ၊ ဓားပန်းချီလို့ ပြောနေကြသေးတယ်။"

"ဟင်း. . . ဟင်း. . . ဟင်း. . ."

"လူမိုက်တွေကတော့ မင်းတို့ကို အတော်ကြောက်ပုံ ရတယ်"

"ဘာလဲ မင်းကတို့ကို မကြောက်ဘူးဆိုတဲ့ သဘောလား"

"အရှုံးပဲ မင်းဟာ လူမိုက်လုပ်မစားနဲ့ မင်းဟာ အရှုံးပဲ ဒီမှာ ချက်ပန်း မင်းတို့ ငါ့ကိုလာသတ်တာ ဘယ်သူခိုင်းလိုက်လို့လဲ"

"ဓားပြကြီး လျှန့်ကျိုလေး"

"သူကိုယ်တိုင် ဘာကြောင့်မသတ်တာလဲ"

"မင်းကို ကြောက်လို့မထင်နဲ့ မအားလို့ မသတ်တာ နောက်ပြီး ဓားပြကြီး ကျဥ့်ကျိုကောနဲ့ ငါနဲ့ အပေးအယူတစ်ခုရှိခဲ့လို့ ဆိုပါတော့ ဘာလဲ သိချင်သလား"

ချမ်းမိန်က မဲ့ပြုံးတစ်ချက်ပြုံးလိုက်သည်။ မည်သည့် လက်နက်ကိုမျှ ကိုင်စွဲမထားလင့်ကစား သတိရှိသည်။

အကြည့်ကို အခြားနေရာမပို့ပဲ ရန်သူသုံးဦး အပေါ်၌သာ စူးစိုက်ထားသည်။ သူတို့လှုပ်ရှားမှု မှန်သမျှ သတိမလစ်မှုသာ ဖြစ်မည်။

သတိပြုနေရာမှ. . .

"မင်းပြောချင်လဲ ရတယ်၊ မပြောပဲနေလဲ ရတယ်"

ဟု လှမ်းပြောလိုက်သည်။

ဤသို့ စကားများများပြောနေသည်မှာ စင်စစ် ရန်သူ၏ ပရိယာယ်ဖြစ်သည်။ ဘယ်လို ပရိယာယ်လဲဆိုတော့ သိထားရပါမည်။







ချက်ပန်းသည် အရပ်ရှည်ရှည် ခါးကိုင်းကိုင်း ကုတ်ချောင်းချောင်းပုံ ရှိသည်။ မျက်နှာက ပြေခွေးမျက်နှာ. . . မျက်လုံးကျတော့ ...လွှမျက်လုံးသူက. . .

"ငါတို့ရဲ့ ရန်သူတစ်ယောက်ကို လျှန့်ကျိုလေးက အပြတ်...းပေးဖူးတယ်၊ တို့ကသူ့ကို တန်ရာတန်ကျေး ငွေပေးတုန်းက ...ျှန့်ကျိုလေးက ငွေကို လက်မခံဘူး"

"အချင်းချင်းတွေ ဖြစ်နေလို့ ငွေကို လက်မခံဘူးတဲ့ သူရှင်း...င်တဲ့ လူတစ်ယောက်ယောက် ရှိလာတဲ့အခါ ပြောမယ်လို့ ပြောတယ်"

"အခု. . . လျှန့်ကျိုလေးက မင်းတို့ကို ပြောလိုက်လို့ မင်း...ို့က . . . ငါ့ကို လာသတ်တာယ်ပေါ့"

"မှန်တယ်"

"ဒီလိုဆိုရင် ငါက မင်းတို့သုံးဖော်ကို စကားတစ်ခွန်း ပြောမယ်"

ပုဆိန်ချက်ပန်းက ချမ်းမိန်ထံမှ စကားကို ကြားလိုက်ရသောကြောင့် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ပိုက်ကျဲ့နှင့် ပန်ချီတို့ကမူ ချမ်းမိန်ကို စူးစိုက်ကြည့်လျက် ချမ်းမိန်က စကားကို ဖြတ်ထားသည်။

ချက်ပန်းက ချမ်းမိန်ပြောမည့်စကားကို သိလိုဟန်တူ၏။

"မင်းဘာပြောချင်သလဲ"

ချက်ပန်းသည် လက်ထဲရှိ ပုဆိန်ကို ဆုပ်ကိုင်ရင်းမေးလိုက်သည်။ ချမ်းမိန်က. . .

"ပြောချင်တာက ဒီကိစ္စဟာ မင်းတို့ကိစ္စ မဟုတ်ဘူး"

ဟု ပြောရှဲ ရှိသေးသည်။ ချက်ပန်းက. . .

"ဘာကြောင့်မဟုတ်ရမှာလဲ အကြွေးဆပ်ရတာပါ ပြော
နေမှ"

"မင်းတို့ဘာသာ ငွေပဲယူယူ အကြွေးဆပ်တယ်ပဲ ပြော
ပြော ဒီကိစ္စမင်းတို့နဲ့ မဆိုင်ဘူး၊ ဒါကြောင့် မင်းတို့ကြားညှပ် မခံစေ
ချင်ဘူး။ ဒီနေရာက လှည့်ပြန်ပါ"

ဟု ပြောလိုက်၏။

❑✣❑✣❑✣

## နတ်ဆိုး၏ သားကြီး

"ဟား. . . ဟား. . . ဟား. . . ဟား. . ."

နတ်ဆိုးသား သုံးဖော်စလုံး တတ်ညီလက်ညီ ဟားတိုက်
ရယ်မောလိုက်ကြသည်။

ရယ်မော၍အပြီး ချက်ပန်းက. . .

"နတ်ဆိုးသုံးဖော်ကိုများ မင်းလို မနေ့တစ်နေ့ကမှ သိုင်း
လောကထဲ ခြေချလာတဲ့ ကောင်က ရှောင်သွားပါတဲ့ ဟား. . .
ဟား. . . ဟား. . ."

ဟု ပြောဆိုပြီး ဆက်၍ ရယ်မောလိုက်ပြန်သည်။

ချမ်းမိန်က ချက်ပန်းတို့ လူစုကို သတိမလစ်ကြည့်နေ





ည်။ အများနှင့် တစ်ယောက်တိုက်ခိုက်ရာတွင် ဆံဖြူအဘွားအို
ဒ်စူးပင်း၏ ကိုယ်ပွားသိုင်းကွက်များကို တိုက်ခိုက်သည့်အတိုင်း
ခမိကနေရာကို ရှာတိုက်ခိုက်ရမည်ဟု ရသေ့ကြီးယွမ်က ဆိုသည်။

မှန်သည်။ အခုလည်း သူတို့သည် သုံးဦးပေါင်းစပ်မှ တစ်
းအား ဖြစ်သလို တစ်ဦးအားမှ သုံးဦးသို့ ဖြန့်စေထားသည့် အနေ
ထားတွင် ရှိသည်။

"တို့နတ်ဆိုးသုံးဖော်မှာ အခုလိုနောက်ဆုတ်သွားတယ်
ဆိုတဲ့ အစဉ်အလာမရှိဘူး။ ဟောဒီ ပုဆိန်ကလဲ သူ့ကိုထုတ်ပြီး
ကိုင်ရုံလောက်ဆိုရင် အကြောင်းမဟုတ်ဘူး။ ကိုင်ရွယ်ပြီးရင်တော့
တိုက်ခိုက်ပဲ ပြန်သိမ်းလို့မရဘူး"

ဟု ပြော၍စကားအဆုံးတွင် ချက်ပန်းက လက်ထဲရှိ ပုဆိန်
ငွေရမ်းကာ ချမ်းမိန်အား ခုတ်ချလိုက်ပြန်၏။

"ဝှစ်"

"ဟူး"

ချက်ပန်း၏ လျှပ်တပြက် တိုက်ကွက်မှာ အရှိန်ပါသည်။
ကြာက်ခမန်းလိလိ တိုက်ကွက်ဖြစ်သည်။

ခုတ်ချက်ကို မမြင်သာလောက်အောင်ပင်။

ပုဆိန်ခုတ်ချက်က ချမ်းမိန်၏ ငယ်ထိပ်တည့်တည့် တိုးဝင်
ာ၏။ ချမ်းမိန်က အလွယ်တကူ ရှောင်ပေးလိုက်သည်။ လွတ်သည်။
သော် ပွတ်ကာသီကာ ချက်ပန်းသည် ပထမ တိုက်ချက်လွတ်ထွက်
ားသည်နှင့် အရှိန်အဟုန်ကို အလိုက်သင့်သုံးပြီး နောက်တစ်ကွက်
၍ ပင့်တင်လိုက်သည့် တိုက်ကွက်ဖြစ်သည်။

"ဝှစ်"

"ဖြောင်း"

သည်တစ်ကြိမ်၌ ချမ်းမိန်က အထက် လေဟာပြင်
ခုန်ပျံ၍ တက်သွားသည်။

"အား. . ."

ကောင်းလိုက်သည့် ကိုယ်ဖော့ပညာ၊ အထက်သို့ ငှက်
ကောင်လို ပျံတက်သွားသည်။ ချက်ပန်းတို့၏ သိုင်းကွက်မှာ
အဆင့်ပျက်သွား၏။

အမှန်မှာ. . .

ချက်ပန်းသိုင်းကွက်နှစ်ကွက်အပြီးတွင် ကျန်ပိုက်ကျဲ
ပန်ချိတို့က ဆက်လက်၍ ဓားစွမ်းပြကြမည်ဖြစ်သည်။

ခုတော့. . . ဓားစွမ်းမပြရသေး။

ဓားစွမ်းကိုပြချင်ကြသည်နှင့် ချမ်းမိန်နောက်သို့ ခုန်ပျံ
သွားကြ၏။ တွေ့ပြီ။

တောင်ကုန်းဆင်ခြေလျှောမှာ ချမ်းမိန်က အပေါ်
ပိုက်ကျဲ့နှင့် ပန်ချိက အောက်မှာ၊ သူတို့၏ ဓားချက်တွေက မိုး
မိုးပေါက်တွေနှင့်မခြား တရိပ်ရိပ် တဖိတ်ဖိတ် ဓားနှစ်လက်
ဓားရိပ်များက ချမ်းမိန်တစ်ကိုယ်လုံးကို လွှမ်းခြုံ၍ ထားသည်။

"ဂုစ်"

"ဂုစ်"

"ချွင်. . . ရှမ်. . . ရှမ်"

အနှုတ်အသိမ်း အပေးအယူ အလှန်ကောင်းသည်
ထို့ကြောင့်လည်း ခင်းတို့သည် သိုင်းလောကတွင် နေရာတစ်နေရာ
နေခြင်းဖြစ်မည်။





ချမ်းမိန်သည် နောက်ကြောတွင် သိုင်းလွယ်ထားသော
ဓားကို ထုတ်ပြီး ခုခံကာကွယ်တိုက်ခိုက်၏။

"ချွင်. . . ချွင်. . . ချွင်"

"ထန်"

ဓား ဓားချင်းထိရာမှ မီးပွင့်မီးဖွားတွေ ထွက်လာသည်။
ဓားချက်ပြင်းလျှင် မီးပွင့်မီးဖွားတွေ ပိုထွက်သည်။

"ဟိတ်"

"ဟာ"

ချမ်းမိန်သည် ကျားရိုင်းမာန်ဟုန် သိုင်းကွက်ကို အသုံးပြု
၍ ခုခံကာကွယ်နေသည်။ ပြေးဝင်လာသော ဓားချက်တွေကို ခတ်
ခတ်၏။ ပက်ထုတ်ပင့်ထုတ်၏။ ဓားချက်တွေက မစဲသေး။

ထိုအချိန်၌. . .

ချက်ပန်း ဝင်မလာ၊ အနောက်၌ရပ်ကျန်ရစ်၏။ သူက
ချမ်းမိန်ကို ပွဲသိမ်းသိုင်းကွက်မဆင့်သင့်၍ ရပ်ကြည့်နေသည်ဟန်။

ပိုက်ကျဲ့နှင့် ပန်ချိတို့က တိုက်ခိုက်ရင်း ချမ်းမိန်၏ သိုင်း
ချမ်းရည်ကို သိရှိလာသည်နှင့် ရှေ့တိုးရအခက် နောက်ဆုတ်ရလည်း
ခက်သွယ်ဖြစ်နေသည်။

ထို့ကြောင့်. . .

ခုတော့မှ တိုက်ပွဲကို မာန်ဟုန်သွင်းကာ အသေအလဲ
တိုက်ခိုက်ရလေတော့၏။

အဆင့်မြင့်ပညာရှင်ချင်း တိုက်ခိုက်ရာ၌ တစ်ကွက်အမှား
ခံ၏။ တစ်ကွက်မှားလျှင် မှားသည့်အကွက်မှာ မိမိ ကိုယ်ကို ကောင်း
ကောင်း ဒုက္ခပေးသွားမည်မှာ အမှန်။

သိုင်းသမားသုံးဦး ထကာ ခုန်ကာခုန်ကာဖြင့် တောင်ကု
အထက်သို့ ပြန်ရောက်လာလေသည်။

တောင်ကုန်းအထက်တွင် လေက တဟူးဟူးတိုက်ခ
နေသည်။ သစ်ရွက်ခြောက်များနှင့် အုတ်ဂူသင်္ချိုင်းများပေါ် တ
ထားသော ပန်းခြောက် အမှိုက်သရိုက်တို့သည် လေဖြင့် လွင့်ပျံသွ
ကြ၏။

ထိုသစ်ရွက်ခြောက် ပန်းခြောက်တို့သည် သိုင်းသမားမျ
ကို ဖြတ်ကျော်သွားသည်လည်း ရှိ၏။

တိုးတိုက်သွားကြသည့်လည်း ရှိသည်။ အမှတ်မထ
အဝေးမှ ပျံသန်းလာသော ငှက်ငယ်တို့ကား နားခိုမည်ကြံပြီးကာ
တိုက်ပွဲမှ ဓားခတ်သံများ ကြားရသည်နှင့် အထိတ်တလန့်ဖြစ်က
အဝေးသို့ ပြန်လည်ထွက်ခွာသွားကြ၏။

"ချွင်. . . ချွင်. . . ချွင်"

"ထန်"

ချမ်းမိန်သည် ဒုစရိုက် သိုင်းသမားသုံးဦး၏ ဓားသိုင်းကွက်
များကို သိလို၍ ရေဝို တိုက်ခိုက်ခြင်းထက် ရေရှည်တိုက်ခိုက်ခြင်း
ကို ရည်ရွယ်တိုက်ခိုက်နေသည်။

သိုင်းကွက်သုံးဆယ်ကျော်လာသည်အထိ နတ်ဆိုးသား
သုံးဖော်က ချမ်းမိန်အား အနိုင်တိုက်ခိုက်နိုင်ခြင်း မရှိပဲ ဖြစ်နေသည်။

ချက်ပန်းက စ၍ ကျိတ်မနိုင်ခဲမရ ဖြစ်နေသည်။

အဆင့်မြင့်သိုင်းကွက်ကို ထုတ်သုံး၏။

ထိုသိုင်းကွက်မှာ. . .

"နတ်ဆိုးဓားစကြာ သိုင်းကွက်ဖြစ်သည်။ နတ်ဆိုးစကြာ





...က်ကို တည်ခင်းသူ သိုင်းသမားသည် အတွင်းအားကို လက်ရှိ
နှစ်ဆတိုးမြင့်ပြီး တိုက်ခိုက်ရသည်ဖြစ်၍ ချက်ပန်းက အတွင်း
...များကို စုစည်းလျက်ရှိသည်။

ထိုစဉ်. . .

ပိုက်ကျဲ့နှင့် ပန်ချိတို့နှစ်ဦးက ချမ်းမိန်ကို ပိတ်ဆို့တိုက်ခိုက်
...သို့မှသာ ချက်ပန်း၏ အတွင်းအားနှစ်ဆ စုစည်းချိန်ရမည်ဖြစ်

ထိုအခါ. . .

ချမ်းမိန်က ကိုယ်ဖော့ပညာဖြင့် သင်္ချိုင်းအုတ်ဂူတစ်ခုပေါ်
...နံပျံ၍ ကုတ်တက်သွား၏။

"ဟိတ်"

ပိုက်ကျဲ့တို့က ထပ်ချပ်မကွာ လိုက်ကြပြန်၏။

"ဟိတ်. . . . ဟိတ်"

"ဝှီး. . . . ဝှီ. . . "

အမှန်စင်စစ် ချမ်းမိန်၏ သိုင်းသမားတော်တို့၏ ပရိယာယ
...ည်။ သည်လိုခွင်တစ်ခွင်ကို ဖျက်ထုတ်လိုက်မှသာ မိမိလိုချင်
...တိုက်ကွက်ကို ဖော်ထုတ်နိုင်မည်။

ပိုက်ကျဲ့နှင့် ပန်ချိအပေါ်သို့ ရောက်လာတော့ ချမ်းမိန်က
...ကို ဆက်မတိုက် အောက်ဘက်သို့ ခုန်ပျံဆင်းသွားပြီး အတွင်း
...စည်းလျက်ရှိသော ချက်ပန်းအား ခြေခတ်သိုင်းဖြင့် ခတ်သွင်း
...သည်။

"ဖြောက်"

"ဖြောက်"

ချက်ပန်းသည် တစ်ဘက်သို့ လွင့်ထွက်သွား၏။

ချက်ပန်းမှာ နတ်ဆိုးဓားစကြာသိုင်းကွက်ကို တည်ခင်း[illegible] တော့ပြီ။ ထို့ကြောင့် ပုဆိန်ကို ထုတ်ကာ ခုခံတိုက်ခိုက်ရလေတော[illegible] ၏။

"ဝုပ်" "ဝုစ်"

"ဗိုး"

"ထန်"

"ချွမ်"

ကျန်နှစ်ဦးထိုးအသင်း၍ ဝိုင်းခုတ်၏။ တိုက်ပွဲသည် အ[illegible] မြင့်ဝါရင့် သိုင်းသမားကြီးများ၏ တိုက်ပွဲနှင့်မတူပဲ သာမန်တို[illegible] ပွဲအဆင့်သို့ ရောက်ရှိလာ၏။

သည်တော့မှ....

ချမ်းမိန်က ပိုက်ကဲ့နှင့် ပန်ချိတို့ နှစ်ဦးအား အငြ[illegible] ပိတ်လိုက်သည်။

"ဒုတ်...ဒုတ်...ဒုတ်...ဒုတ်"

နတ်ဆိုးနှစ်ဦးငြိမ်သွားပြီ။

ချက်ပန်းကား ခုမှ လန့်သွား၏။

သို့သော်...

အစဉ်အလာရှိခဲ့သူမို့ ရက်စိတ်က ဝင်လာသည်။

"ဘယ်လိုစိတ်ကူးရသလဲ ချက်ပန်း ကျုပ်ကို အံတုချင်[illegible] ပဲလား"

"အိုး...ချက်ပန်းကဲ့ ဘယ်သူ့ကိုမှ အနိုင်မခံဘူး"

ချက်ပန်းက စကားအဆုံးတွင် ပုဆိန်ကို အောက်ဖက်က[illegible]



[illegible]တ်တင်လိုက်၏။

ချမ်းမိန်၏ ဗိုက်မှ အူအခွေလိုက်ပွင့်ထွက်လာနိုင်သော [illegible]နိကွက်တစ်ကွက်ဖြစ်သည်။

ချမ်းမိန်သိသည်။ ရှောင်သည်။ လွတ်သည်။

လွတ်အောင် ရှောင်ရင်း မိမိအသင့် ကိုင်းဆွဲထားသော [illegible]ကို မိမိအနီးပြေးဝင်းလာသော ဒုစရိုက်ဗိုက်သား ကြေးစား [illegible]က် နတ်ဆိုးသားအကြီး ချက်ပန်း၏ ရင်ဝမှာ စိုက်ဝင်ကာ [illegible]က်ကြောမှ ဓားဦးဖောက်ထွက် လာပါလေတော့၏။

"အွန့်"

ခေါင်းမာလှသော နတ်ဆိုးသား ခုတော့ ပွဲသိမ်းရချေပြီ [illegible]ား။

❑✣❑✣❑✣

## တိုင်တာည်သော သွေးကြွေး

ချမ်းမိန်သည် ပိုက်ကဲ့နှင့် ပန်ချိတို့ လမ်းညွှန်ချက်အရ [illegible]ကျိုးမြို့သို့ ရောက်ရှိလာသည်။

"ဓားပြကြီး လန်ကျိုလေးကို ကျွန်တော်တို့ နောက်ဆုံးတွေ့ [illegible] တွာကျိုးမြို့မှာပဲ အဲ့ဒီမှာ သူဟာ ကုန်သည်ပွဲစား လန့်ကို [illegible]ဲ့ နာမည်နဲ့ လှုပ်ရှားနေတယ်။ သူကိုယ်တိုင် ထွက်မလုပ်တော့

ဘူး။ တပည့်တွေကို ခိုင်းတယ်။ သူ့တပည့်တွေထဲမှာ ဘီလူး
တိုးဟုန်ဟာ အစွမ်းအထက်ဆုံးပဲ ဒါဟာ ကျွန်တော်တို့ ပြောမှ
တာအကုန်ပဲ" ဟု ပြောခဲ့သည်။

ချမ်းမန်သည် တွာကျိုးမြို့သို့ ရောက်သောအခါ ပွဲ
လန့်ကျိဆိုသူကို လိုက်ရှာသည်။

ပွဲစားလန့်ကျိကို လိုက်ရှာနေကြောင်း မသိရလေအော
လျှို့ဝှက်ပြီး ရှာရသည် ဖြစ်၍ အခက်အခဲရှိသည်။

စားသောက်ဆိုင်တွေကို သွားရှာသည်။ လန့်ကျိဆိုသူ
တေငလ ကြီးနှင့် ဆက်သွယ်ကြည့်သောအခါ. . .

"ကုန်သည်ပွဲစားလန့်ကျိ ဒီမြို့မှာ ဘယ်တုန်းကမှ မ
ဘူး" ဟု ပြောသည်။

"ဒါဖြင့်ရင် ကုန်သည်ပွဲစားတွေ ဘယ်နှစ်ယောက်ရှိသ
ဟု ချမ်းမိန်က မေးပြန်ရာ တေလေဂိုဏ်းချုပ် ချမ်
မျက်လုံးများကို မေးကာ. . .

"ကုန်သည်ပွဲစားတွေကတော့ အများကြီးရှိတာပေါ့"
ဟု ပြောသည်။

"နာမည်ကြီးတဲ့ လူရှိလား"

"ရှိတယ်"

"သူက ဘယ်သူလဲ"

"ကျွေ့ကျောင်း"

ချမ်းမိန်သည် တေငလဂိုဏ်းချုပ်ကြီး ချမ်ဖေ့အား
မပေးတော့။

ပိုက်ကျဲ့၊ ပန်ချိုကို နှစ်ဦးနှင့် မိမိကြားတွင် လိမ်ညာမှု



ကွက်ဆင်မှုလား တစ်ခုခုဖြစ်မည်ကို သိလိုက်သည်။

"ဒီကိစ္စကတော့ ပိုက်ကျဲ့တို့နဲ့ တွေ့မှပြေလည်တော့မှာပဲ"
တွက်လိုက်သည်။

ထို့ညာ. . .

"တိမ်နီ စားသောက်ဆိုင်" သို့ ဝင်ကာညစာစားသည်။
နီစားသောက်ဆိုင် အတွင်းသို့ လူသုံးဦး ခပ်သုတ်သုတ် ဝင်လာ
သည်။

တစ်ယောက်ကို ချမ်းမိန်မသိရသော်လည်း ကျန်နှစ်
ယောက်ကိုမူ ကောင်းစွာသိသည်။ ထိုနှစ်ယောက်မှာ. . .

မကြာသေးမီကမှ မိမိအရပ်တွင် တွေ့ခဲ့ရသော နတ်ဆိုး
အငယ်နှစ်ယောက် ပိုက်ကျဲ့နှင့် ပန်ချိုတို့ပါပေ။

ချမ်းမိန်သည် မျက်နှာကို ဝှက်ထားလိုက်ပြီး သူတို့သွား
လမ်းကြောင်းကို သတိမလစ် လိုက်လံ သတိထားလိုက်သည်။

သူတို့သည် စားသောက်ဆိုင်၏ အထပ်ခိုး စားသောက်ခန်း
သို့ တက်ရောက် ပျောက်ကွယ်သွား၏။

ချမ်းမိန်သည် စားပွဲထိုးလူရွယ်အား ခေါ်ပြီး ညစာစားထား
သည့်ငွေကို ရှင်းပေးလိုက်သည်။

ငွေစအနည်းငယ် စားပွဲထိုးလူရွယ်ကို ပေးလိုက်ပြီး. . .

"ခုနအပေါ်တက်သွားတဲ့ လူတွေသိလား ရှေ့ဆုံးလူဟာ
အသိများလားလို့" ဟု ပြောလိုက်သည်။

ငွေစအပိုရလိုက်သော စားပွဲထိုး လူရွယ်က ချက်ချင်းပဲ

"နောက်က နှစ်ယောက်တော့ ကျွန်တော်မသိဘူး ရှေ့က
ကတော့ ပွဲစားကြီးကျွေ့ကျောင်းပဲ"

ဟု ပြောလာလေသည်။

ချမ်းမိန်က. . .

"ဒါဆိုရင် ငါ့အသိပဲ တက်တွေ့လိုက်ဦးမယ်"

ဟု ပြောပြီးလှေကားပေါ်သို့ တက်လာသည်။

တော်လေကိုက်ားချုပ်ကြီးချမ်ဖေ့ပြောလိုက်သော ပွဲစား ကျောင်းမှာ စားပွဲထိုး လူရွယ်ပြောကြားသည့် နာမည်နှင့် တ တည်း ကျနေသဖြင့် . . .

"ပိုက်ကျဲ့နဲ့ ပန်ချီ ငါ့ကို နာမည်လိမ်ပြောလိုက် ဖြစ်မယ်"

အတွေးနှင့် သူတို့ရှိနေသည့် အခန်း သည့်မှာဘက် ထဲ ဝင်နေလိုက်သည်။

တစ်ဘက်မှ စကားသံများကို ကြားနေရသဖြင့် ငြိ လိုက်၏။

"ဆရာကြီး လန်ကျိုကို ပြောရမယ်ဆိုရင်တော့ ချ ဆိုတဲ့ လူကို ကျွန်တော်တို့ အပြတ်ရှင်းခဲ့ပြီးပါပြီ"

ထိုစကားကြားလိုက်ရသဖြင့် ချမ်းမိန် စိတ်ဝင်စားသွ

ကျွေ့ကျောင်းကို လန်ကျိုဟု ပြောဆိုဆက်ဆံနေသ

"သြော်. . . လက်စသတ်တော့ ဒီကိစ္စမှာ ငါက အ ရတာမဟုတ်ပဲ ပိုက်ကျဲ့နဲ့ ပန်ချီတို့ အလိမ်ခံနေရတာပါလား"

ဟု ချမ်းမိန်အတွေးရောက်လိုက်မိသည်။

ပိုက်ကျဲ့စကားသံကို ဆက်ကြားရပြန်သည်။

"ဒါပေမယ့်. . . ကျွန်တော်တို့ ချမ်းမိန်နဲ့ တိုက်ခိုက် ပုဆိန်ချက်ပန်း ကျဆုံးသွားပါတယ် ဆရာလန်ကျို"







ဟု ပိုက်ကျဲ့က ပြောပြန်ပါ၏။

ထိုစဉ် စားပွဲထိုးလူရွယ်တစ်ယောက် သူတို့အခန်းသို့ သွားသဖြင့် ချမ်းမိန်သည်လည်း သည်ဘက်အခန်းမှ ပြန်ထွက် ခဲ့သည်။

"သေချာသွားပြီ ဓားမြကြီး လန်ကျိုလေးကို ခြေရာခံမိပြီ တစ်ခါ ခင်းဘယ်ပြေးမလဲ"

ဟု ရေရွတ်လိုက်ပြီးနောက်. . .

"ညီလေးရေ. . . ချမ်းမိသားစုအတွက် သွေးကြွေးဆပ် ရပြီကွ"

ဟု ထပ်မံရေရွတ်လိုက်ပြန်သည်။

သည်ည မြို့အထွက် တစ်နေရာတွင် ဓားပြကြီး လန်ကျို လေးအား နောက်ယောက်ခံလိုက်နေသော ချမ်းမိန်နှင့် တွေ့ကြရပြီ။

လန်ကျိုလေးသည် ဒုစရိုက်လုပ်ငန်း တစ်ခု စီစဉ်ရန် အ ကြောက် စားသောက်ဆိုင်တွင် ပိုက်ကျဲ့ ပန်ချီတို့နှင့် လမ်းခွဲပြီး ပြန် လာ ခုလို ချမ်းမိန်နှင့် ဆုံလာရခြင်းဖြစ်သည်။

"ခလောက်ခွပ်"

"ခလောက်ခွပ်"

လန်ကျိုလေးက မိမိနောက်မှ နောက်ယောင်ခံလိုက်လာ သည်ကို သိ၍ မြင်းကို ဇက်ကြိုးသတ်၍ ရပ်လိုက်ခြင်းဖြစ်သည်။

"မင်းက ငါ့နောက်ကို ဘာသဘောနဲ့ လိုက်လာရတာလဲ"

"လန်ကျိုလေးဆိုတာ ခင်ဗျားမဟုတ်လား ကျွေ့ကျောင်း ဆိုတာလဲ ခင်ဗျားပဲ မဟုတ်လား"

"မင်းနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်မဆိုင်တော့ မသိဘူး ကျုပ်ဘယ်သူဆိုတာ ခင်ဗျား သိလား"

"မင်းလို ကလေကချေတစ်ယောက်ကို ငါက ဘာသိစရာ လိုမှာလဲ"

"ဟင်း. . . ဟင်း. . . ဟင်း. . . ခင်ဗျားသိစရာလိုတဲ့ လူတစ်ယောက်ဆိုတာ အခုသိရမှာပါ"

လန်ကျိုလေး စိတ်လှုပ်ရှားလာဟန်တူသည်။ စိတ်လည်း ရှုတ်သွားဟန်တူ၏။

"မင်းဘယ်သူလဲ"

လန်ကျိုလေးက လက်ညှိုးထိုး၍ မေးလိုက်သည်။

"ဒီလိုမေးမှပေါ့ မှတ်ထား ကျုပ်ဟာ ချမ်းမိသားစုရဲ့ နောက်ဆုံးမျိုးဆက် ချမ်းမိန်ပဲ စွန်ရဲချမ်းမိန်"

"ဘာ. . . စွန်ရဲချမ်းမိန် မင်း. . . မင်း. . . သေပြီပဲ မင်း ချမ်းမိန်သရဲပဲ ခေါ်ရမယ်"

"ခင်ဗျားက ပိုက်ကျဲ့နဲ့ ပန်ချိပြောတဲ့ စကားကို ယုံနေတာ ပဲကိုး သူတို့က ခင်ဗျားကို လန့်လို့ ကျုပ်သေပြီပြောသွားတာ တကယ် သေသွားတာက ပုဆိန်ချက်ပန်းပဲ ကျုပ်မသေဘူး ကျုပ်ကို သူတို့ သတ်ပါသေးတယ် ဒါပေမယ့် သတ်လို့မရပါဘူး"

လန်ကျိုလေး အမျက်ဒေါသချောင်းချောင်းထွက်လာ၏။

"ခွေးသူခိုး ပိုက်ကျဲ့နဲ့ပန်ချိ ငါ့ကို လိမ်သွားတယ် တွေ့ကြ သေးတာပေါ့"

"တွေ့စရာ မလိုတော့ပါဘူး"

ဟု ချမ်းမိန်ပြော၍ စကားမဆုံးမီ. . .





"ဝှစ်. . . ဝှစ်. . . ဝှစ်"

လန်ကျိုလေးက လက်နက်ပုန်းတွေတုတ်ပစ်လိုက်သည်။

အဆိပ်အစ်လက်နက်မှုန်းများ ဖြစ်သည်။

"ဖတ်"

"ဖတ်"

"ဖတ်"

ချမ်းမိန်အလစ်ခံလိုက်ရခြင်း ဖြစ်သည်။

ထို့နောက်. . .

လန်ကျိုလေးသည် မြင်းကို ဒုန်းစိုင်း၏ မရပါ။

ချမ်းမိန်က နောက်က ပြေး၍လိုက်သွားပြီး မို့လုမိုခင် ရှိ သည်နှင့် ခုန်အုပ်၍ ဆွဲချလိုက်သည်။

"ဝုန်း"

နှစ်ယောက်သားလုံးထွေး၍ ကျသွား၏။

လန်ကျိုလေးသည် ဝုန်းခနဲ ခုန်ပျံ၍ ထလိုက်ပြန်၏။

ချမ်းမိန်သည် ထပ်ချပ်မကွာ ခုန်ပျံပြီး လေထဲသို့ ရောက်ရှိ သွား၏။

"ဝှစ်"

"ဝိုး"

"ဝုန်း"

ချမ်းမိန်သည် "နဂါးလက်ဝါး အဆိပ်ဓား" သိုင်းကွက်ဖြင့် မြေကြီးပေါ်သို့ မရောက်မီ ရိုက်ချလိုက်ပါတော့၏။

"အွန့်"

"အား. . ."

ပြင်းထန်လှသော နဂါးလက်ဝါး အဆိပ်ဓားသိုင်းကွက်က လန်ကျိလေး၏ ရင်ဝကို ပိုင်ပိုင်ကြီးထိ၍ သွားတော့၏။

"ဘုန်း"

"အား. . . ."

လန်ကျိလေးမှာ မြေကြီးပေါ်သို့ အကျ ပါးစပ်ထဲမှ သွေး စိမ်းရှင်ရှင် ထွက်ကျကာ မျက်ဖြူလန်၍ သွားၐ။

"ပင်. . . . မင်း. . ."

သူသည် စကားကို အဆုံးသတ်အောင် မပြောနိုင်တော့ပြီ ချမ်းမိန်သည် မတ်တတ်ရပ်လိုက်ပြီး. . . .

"ဓားပြကြီး လန်ကျိလေး ဒါဟာကျုပ်အမေ၊ ကျုပ်အမေ ကျုပ်ညီလေးအတွက် အထိုက်တန်ဆုံး သွေးကြွေးဆပ်လိုက်တာ"

"မင်း. . . ."

နောက်ဆုံးအသံပင် မထွက်တော့ သွေးအိုင်ထဲလဲကျသွား ပါလေတော့၏။

ချမ်းမိန် စိတ်မကောင်း အမေ့ကို ရှာရန် တဘက်သို့ လှည့် လိုက်ပြန်ပါ၏။

❑✣❑✣❑✣





## အမေရှာပုံတော်

မိမိတို့၏ ချမ်းမိသားစုအတွက် သွေးကြွေးဆပ်လိုက်ရသ ဖြင့် ချမ်းမိန်စိတ်ကျေနပ်မှုအတန်ငယ်ဖြစ်ခဲ့သည်။

အကြောင်းမှုကား. . .

ဓားမြကြီးလျှန်ကျိလေးသည် မိမိဖခင်နှင့်ညီငယ်အားသတ် ခဲ့စဉ်က အလွန့်အလွန် ရက်ရက်စက်စက်သတ်ခဲ့ခြင်းဖြစ်သည်။

လူနှစ်ယောက်ကား အရှင်လတ်လတ် မီးတိုက်၍သတ်ခဲ့ သည်ဟုဆိုနိုင်သည်။ ကျိူ့ထောင်ဘကြီးပြောပြချက်အရ ဖခင်နှင့် ညီငယ်တို့သည် ဒဏ်ရာရရုံပဲရှိသည်။ သေဆုံးခဲ့သည်မဟုတ်။ သည် အခြေအနေမှာ အိမ်ကိုမီးတင်ရှို့ပြီး သတ်လိုက်သည်မဟုတ်ပါလား။

အလွန်လူစိတ်မရှိ အရိုင်းတိရစ္ဆာန်ဆန်လှသော အပြုအမူ ရက်စက်ခြင်းပင်ဖြစ်သည်။

သည်လိုလူယုတ်မာမျိုးကို အခုလောက်သတ်ပစ်လိုက်ရ သည်ကိုပဲ . ချမ်းမိန်ကကျေနပ်လှသည်မထင်။

ညည်သို့ဆိုစေ. . .

သားစဉ်မြေးဆက် ဂလဲ့စားချေရသည့်အဖြစ်မျိုးသို့မ ရောက်ပဲ အချိန်တိုတိုအတွင်း ဂလဲ့စားချေခွင့်သွေးကြွေးဆပ်ခွင့်

ရလိုက်သည့်အတွက် ချမ်းမိန်ဖြေသာသည်။

မဖြေသာသည်မှာကား. . .

မိခင်အတွက်. . .

မိခင် လွှရှင်းဝေအတွက် ချမ်းမိန်သည် သားတစ်ယောက်ဖြစ်သည့်အလျောက် ဘယ်လိုဖြေ၍မျှ မပြေပဲဖြစ်နေသည်။

"အမေရယ်. . ."

စုဆောင်းမိသမျှ ရတနာတွေလည်း ဆုံးရှုံးရသည်။

နေအိမ်လည်း မီးတင်ရှို့ခံရသည်။ သည်လိုနေအိမ်မီးတင်ရှို့ခြင်းခံရသည့်နေရာမှာ ခင်ပွန်းသည်နှင့်ရင်သွေးသားငယ် အရှင်လတ်လတ်မီးလောင်ကျွမ်းပြီး သေဆုံးသွားရပြန်သည်။

သည်လိုမြင်ကွင်းတွေကို မိမိရှေ့မှောက် မျက်ဝါးထင်ထင်မြင်နေရသည်ဆိုတော့လည်း အမေလွှချင်းဝေသည် မည်သို့ပင်လျှင် နှလုံးသွေးပွက်ပြီး ပုံမှန်လူပ်ရှားမှုမဟုတ်ပဲ ဖောက်ပြန်လာသည့် အဖြစ်ကို မည်သို့မည်ပုံ ထိန်းချုပ်နိုင်ပါအံ့နည်း။

"ဩော်. ."

"အမေရယ်လေ. ."

ချမ်းမိန်သည် အခုတော့လည်း အမေ့အားရှာပုံဖွင့်ခဲ့ပါလေတော့၏။

ကျို့ထောင်ဘကြီးက ပြောသည်။

"မင်းအမေ ရှူးသွပ်သွားလို့ တို့ရွာသားတွေက ပြုစုစောင့်ရှောက်ထားပါတယ်"

သည့်အတွက် ချမ်းမိန်သည် ရွာကလူတွေကို ကျေးဇူးတင်၍ မဆုံးရှိသည်။





"မင်းအမေက မွန်ဂိုနယ်လှည့်အဖွဲ့တစ်ဖွဲ့နဲ့လိုက်သွားတယ် ့ယ်၊ တို့လဲလိုက်စုံစမ်းမလို့ပဲ၊ ခုထိတော့ မစုံစမ်းဖြစ်သေးဘူး"

ကျို့ထောင်ဘကြီးက စကားအကုန်ပြောလိုက်သည်။ ကျို့ းထောင်ဘကြီးနှင့်အတူ ရွာသားတွေအားလုံးကို ချမ်းမိန်အပြစ် ့တင်။ လူဆိုတာကူညီကြသည်။ စောင့်ရှောက်မှုပေးကြသည်ဆို းမယ့် အတိုင်းအတာတွေရှိသည်။ စည်းတွေဘောင်တွေ အခြေအ းနေတွေရှိပါသေးသည်။

ချမ်းမိန်က ရွာသားတွေကို အပြစ်မတင်။

"အမေ လိုက်သွားတဲ့အဖွဲ့ကိုသာ ကျွန်တော့်ကိုပြောပြပါ"

ဟုပြောသည်။

"အေးကွယ်. . မွန်ဂိုခရီးရှည်သွား အဖွဲ့တွေကလဲ အများ သား ဘယ်အဖွဲ့လဲပြောဖို့ မလွယ်ဘူး"

ပြောသူက ပြောသည်။

"မွန်ဂိုခရီးရှည်သွားအဖွဲ့သားတွေဟာ ရွာတစ်ရွာလို ကိုယ့် ့စုနဲ့ကိုယ် ကိုယ့်မိသားစုနဲ့ကိုယ်နေကြတာ။ မင်းအမေလို စိတ်မနံ့ ့ဲ့လူတစ်ယောက်တာဝန်ကို ယူနိုင်ပါ့မလား"

ပြောပြန်သည်။

"ဩော်. . လွှချင်းဝေမိန်းကလေးက သွက်သွက်ခါအောင် ရူးသွပ်နေတဲ့မိန်းကလေးမှမဟုတ်ပဲ၊ ပြောမရဘူး ပြီးတော့မွန်ဂိုတွေ ထဲမှာ မေတ္တာတရားပြည့်ဝတဲ့ လူတွေလဲရှိကြတာပဲ၊ ဆေးကုသတဲ့ သူတွေလဲအများကြီးရှိတာ၊ သူ့ကံကောင်းချင်လဲကောင်းမှာပါ"

ဟုပြောခဲ့သည်ကိုမှ ချမ်းမိန်လက်ခံသည်။

ချမ်းမိန်သည် မြောက်ပိုင်း၏ ဟိုမှာဘက်မြောက်စွန်းပိုင်း

သို့ရောက်လာခဲ့သည်။

မွန်ဂိုခရီးရှည်သွားအဖွဲ့တွေ တွေတိုင်း ချမ်းမိန်က သူတို့ကို မရမက မိတ်ဖွဲ့သည်။ ပြီးတော့ မိခင်ရလွှဲချင်းဝေ အကြောင်း မေးမြန်း စုံစမ်းသည်။

အဖွဲ့ကိုင်းလိုလိုက. . .

"ဘို့အဖွဲ့ထဲမှာ လိုက်မလားပါဘူး၊ စိတ်မနဲ့တဲ့လူလဲ မရှိပါဘူးကွဲ့"

"လူတစ်ယောက်ကို တာဝန်ယူရတာမလွယ်ဘူးလေ။ စိတ်မနဲ့တဲ့လူတစ်ယောက်ကို တာဝန်ယူရတာ ပိုလို့တောင်ဆိုးပါသေးတယ်ကွယ်"

သည်လိုစကားတွေကိုပဲ ချမ်းမိန်ကြားကြားနေရသည်။

မိခင်၏သတင်းကိုကား အစအနပင်မရခဲ့။

သည်လိုနှင့်ပဲ လတွေချီပြီး ကြာလာသည်။

"ဘယ်လောက်ကြာကြာ အမေ့ကို မဲတွေ့တွေ့အောင် ဝါရှာမယ်၊ အမေ့ကိုတွေ့ကိုတွေ့ရမယ်"

ဟူသောဆုံးဖြတ်ချက်ချလိုက်ပြီးနောက်ပိုင်း မကြာလှ။

ချမ်းမိန်သည် မိခင်၏ သတင်းကိုစရသည်။

"ကျွန်းအန်းတို့အဖွဲ့မှာ အမျိုးသမီးတစ်ဦးကို ကျပ်တွေ့တယ်၊ အဲဒီအမျိုးသမီးဟာ စိတ်မနဲ့ဘူးလို့ ပြောတယ်၊ သူ့မျက်နှာပေါက်ကလဲ မင်းရဲ့မျက်နှာပေါက်မျိုးပဲ၊ မင်းရှာနေတဲ့ မင်းအမေ ဖြစ်နိုင်စရာရှိတယ်"

ပြောလာသူကား ပိုးကုန်သည်တစ်ဦးဖြစ်သည်။

ပိုးကုန်သည်၏ သတင်းအရ ကျွန်းအန်းအဖွဲ့ခေါင်း





ဆောင်လုပ်နေသော မွန်ဂိုခရီးရှည်သွားအဖွဲ့ကို ချမ်းမိန်လိုက်လံစမ်းရလေတော့သည်။

အခုတော့ ရှာဖွေရာတွင် ပိုပြီးနီးစပ်လာသည်ဟု ဆိုရမည်သင်သည်။ အကြောင်းမှုကား ကျွန်းအန်းခေါင်းဆောင်သော မွန်ဂိုခရီးရှည်သွားအဖွဲ့ဟု အတိအကျရှာဖွေစုံစမ်းနိုင်ပြီ မဟုတ်ပါလား။

ခက်သည်မှာ သူတို့တွေက တစ်နေရာက တစ်နေရာသို့ အချိန်တိုင်းသွားလာနေကြသည်မဟုတ်။

ရွာတစ်ရွာလို ဖွဲ့စည်းထားခြင်းကြောင့်လည်း တစ်နေရာမှတစ်နေရာသို့သွားကြလာကြသည်မှာ လွယ်လှသည်မဟုတ်။

နွားတွေ၊ ဝက်တွေ၊ ကြက်တွေ၊ မျောက်တွေ၊ ကြောင်တွေ၊ ကြက်တူရွေးတွေစသည်ဖြင့် မွေးကျွေးထားသည့် သတ္တဝါတွေကအ ၀ နည်းအမျိုးမျိုးဖြင့် သယ်ယူကြရသည်။

ဆူဆူညံညံနှင့် ဇာတ်အဖွဲ့ကြီးလိုလို ဆပ်ကပ်အဖွဲ့ကြီးလိုလို။ စိတ်ပျက်စရာလည်းကောင်းသည်။ ပျော်စရာလည်းကောင်းလှသည်။

သည်လိုသွားကြလာကြရင်း ရေမြေသဘာဝကောင်းသောနေရာမျိုးရောက်သောအခါ သူတို့သည် ဆက်လက်ခရီးထွက်ခွာခြင်းမပြုပဲ နေဖြစ်သွားသည်။

သည်လိုနှင့်အခြားအခြားသောအဖွဲ့များနှင့် အဆက်သွယ်ပြတ်သွားသည့်အဖွဲ့များလဲရှိဘူး၏။

ထိုသို့သောအဖွဲ့များတွင် ကျွန်းအန်းတို့အဖွဲ့ပါဝင်နေလျှင် မခက်ပါလား။

တစ်နေ့တော့. . .

မွန်ဂိုမျိုးနွယ်တစ်ဦးနှင့် ချမ်းမိန်တွေ့သည်။

သူက စားသောက်ဆိုင်ကို ဝင်လာသည်။

"သိုးအရေခွံတွေ မြို့တက်ရောင်းပြီး ပြန်လာတာ"

ဟုပြောသည်။

"ခင်ဗျားက မွန်ဂိုမျိုးနွယ်စုဝင်တစ်ဦးလား"

ချမ်းမိန်က မျှော်လင့်တကြီးမေးလိုက်သောအခါ. .

"ဟုတ်တယ် ကျွန်တော့်နာမည်က တဝေဖုန်းပါ. . ခင်ဗျား[…] နံမည်ကရော. . ." ဟုမေးသည်။

"ကျွန်တော့်နံမည်က ချမ်းမိန်ပါ"

"ဘာကိစ္စ ဒီဘက်နယ်ကိုရောက်လာတာလဲ ဒီနယ်ဘက်မှာ[…] အလွန်အေးတာ၊ ပြည်မသားတွေလာခဲတယ်၊ လာရင်လဲ ခဏ[…] လောက်ပါပဲ"

"ကျွန်တော်က မလာလို့မဖြစ်လို့ လာရတာပါဗျာ"

"မလာလို့ မဖြစ်လို့ဟုတ်လား အရက်သောက်လိုက်ပါအုံး[…] သိပ်အေးတယ်၊ အရက်သောက်ထားမှ ဒီအအေးကိုခံနိုင်မယ်ဗျ"

"ဟုတ်ကဲ့. . ဟုတ်ကဲ့"

ချမ်းမိန်က ပြောပြောဆိုဆို အရက်ခွက်ကို ကောက်ယူကာ လက်ကျန်အရက်ကိုမော့၍ သောက်ချလိုက်လေသည်။

အရက်မှာ အလွန်ပြင်းသောအရက်များဖြစ်သည်။

သို့သော်. .

ပတ်ဝန်းကျင် သဘာဝမှာ အလွန်အေးအလွန်ချမ်းနေ[…] သဖြင့် အရက်ပြင်းလေ အချမ်းပြေအချမ်းဒဏ်ကို ခံနိုင်လေလေ





[…]ခနသည်။

ချမ်းမိန်က အမြီး အသားစွတ်ခြောက်မှ အရိုးတစ်ရိုးကို ယူ[…] သားနေရာမှ. . .

"ကျွန်တော်က ပျောက်ဆုံးနေတဲ့ ကျွန်တော့်အမေကို လိုက်[…] နေတာပါ၊ အမေက စိတ်မမှန်ဘူး၊ ဒါကြောင့် မွန်ဂိုခရီးရှည်သွား[…] တစ်ဖွဲ့နဲ့ လိုက်သွားပြီး ပျောက်ဆုံးသွားတာ"

"အခုတော့ ကျစွန်းအန်းအဖွဲ့မှာရှိနေတယ်လို့ကြားတယ်။ […]ဗျားတို့အဖွဲ့က ကျစွန်းအန်းအဖွဲ့လား ခင်ဗျာ"

ဟုပြောဆို၍ မေးလိုက်လေရာ တဝေဖုန်းက. .

"ခင်ဗျားတော်ကောင်းသွားပါပြီ၊ ကျစွန်းအန်းအဘိုးအိုခေါင်း[…]ဆောင်တဲ့ မွန်ဂိုခရီးရှည်သွားအဖွဲ့အား ကျွန်တော်တို့အဖွဲ့ပါပဲ၊ […]ဗျားအမေလွှေချင်းဝေ မဟုတ်လား၊ သူကကျွန်တော်တို့မောင်နှ[…] အတူအခုရှိပါတယ်၊ ဒါပေမယ့်. . ."

ဟုပြောလိုက်လေတော့၏။

❑✢❑✢❑✢

## အလွမ်းမကွာဝေးတဲ့စခန်းရွာကလေးမှာ

တဝေဖုန်းက ဒါပေမယ့်ဟုပြောခဲ့ခြင်းမှာ အကြောင်း
သည်။

ချမ်းမိန်၏ မိခင်လွေချင်းဝေမှာ လက်ရှိအခြေအနေအ
မကျန်းမာသောကြောင့်ဖြစ်သည်။

သည်အကြောင်းကို တဝေဖုန်းက မပြောချင်ပဲ ပြောလို
ရခြင်းဖြစ်သည်။

တဝေဖုန်းသည် ချမ်းမိန်အားမိမိတို့ စခန်းချထားသ
ကျောက်ပန်းခက်တောင်ခြေသို့ ခေါ်လာရင်း. .

"ကျွန်တော်က လွေအဒေါ်ကို မကျန်းမာဘူးဆိုတဲ့ စ
ပြောရကောင်းမကောင်း စဉ်းစားမိပါသေးတယ်ဗျာ၊ ဟိုရောက်
သိရလို့ ကျွန်တော်ကိုလွေအဒေါ် မကျန်းမာတာ ဘာဖြစ်လို့မပြေ
သလဲ မေးနေမှာစိုးပါ"

ဟုပြောလိုက်လေသည်။



သည်အချိန်အထိ စခန်းတောင်ခြေသို့ မရောက်သေး၊ မြစ်
ခုကို ကူးတို့လှေဖြင့် ဖြတ်ကူးနေရသည်။

လှေသမားက လှေနောက်တိုင်းတွေ ထိုင်ကာ အေးအေးလူ
လှော်ခတ်လျက်ရှိသည်။

မြစ်ကြောင်းမှာ ရေစီးသန်သည့် အချိန်မဟုတ်၍ တော်
သေးသည်။

သို့သော် မြစ်ရေစီးကြောင်းဆိုတာ မိမိတို့လိုသလို ဖြတ်ခြင်း
ချော်ခြင်း ပြုလုပ်ရသည်မဟုတ် ဖြစ်လေရကား. . .

လှေသမားကြီးက အလိုက်သင့်မြစ်ညာကို ထိုးကာဝိုက်ချ
၏။

"ကျွန်တော့်အမေ ခင်ဗျားတို့နဲ့ လိုက်ဖြစ်ခဲ့တဲ့အကြောင်း
နှ်တော်မသိရဘူးလား တဝေဖုန်းအစ်ကိုကြီး"

ချမ်းမိန်က မိမိထက်အသက်ကြီးသူ တဝေဖုန်းကို အစ်ကို
ကြီးဟု ခြင်ခေါ်လိုက်သည်။

တဝေဖုန်းသဘောကျသွားပုံပေါ်၏။ ပြုံးနေသည်။ စင်စစ်
ဝေဖုန်းသည် မွန်ဂိုမျိုးနွယ်စုဝင်များတွင် အလွန်သဘောထား
သွဲ့ဝသော လူတစ်ဦးဖြစ်သည်။

"မြောက်ပိုင်း မင်းတို့နယ်ဘက် ရောက်တုန်းကပဲပေါ့ကွာ"
ရင်းနှီးမှုသဘောကို ဆောင်လိုသည်နှင့် . . .

"ဩော်. . . ဒါထက် မင်းနဲ့ငါပဲ ပြောစမ်းပါကွာ တို့အသက်
းလဲ ကွာလှတာမဟုတ်ပါဘူး" ဟု ဖြတ်ပြောလိုက်။

ချမ်းမိန်ကတော့ တဝေဖုန်းကို မင်း ငါ သုံးနှုန်းပြောဆို
ခက်နေပါသေးသည်။

လွှအဒေါ်တို့နဲ့ တွေ့ပုံကဒီလိုကွ၊ ငါမှာက နှမလေးတ
ယောက်ရှိတယ်၊ သူ့နံမည်က တဝေရှင်းတဲ့၊ ဒီခလေးမလေးက
ခင်မေတ္တာအလွန်တောင်းတနေတဲ့ ခလေးမလေးပဲ"

"ဩော် အကို. . အဲလေ. . မင်းတို့မှာ အမေမရှိဘူးလာ

"မင်းငါ့ပဲပြောစမ်းပါကွာ. .,တို့က အဲဒီလိုပြောရတာ
ရတာယ် ပြည်မကတော့ တို့ကိုရိုင်းတယ်လို့ပြောချင်ပြောမှာပေါ့

"မပြောပါဘူး၊ ဆက်ပါဦးအမေနဲ့ပတ်သတ်တဲ့ အကြောင်

ချမ်းမိန်မှာ မိခင်နှင့်မတွေ့ရသေးသော်လည်း မကြာ
အမှန်တကယ် မိခင်နှင့်တွေ့ရတော့မည်မို့ ကြည်နူးပြုံးပျော်နေသည်

"ငါတို့မှာ အမေမရှိရုံမကဘူး အဖေလဲမရှိတော့ပါဘူး
အဖေကတော့ဆုံးတာ မကြာသေးဘူး၊ လူကြီးရောဂါပေါ့ အမေ
တာကြာပြီ၊ ငါ့နှမ တဝေရှင်းတစ်သက်ပဲ၊ သူအခု တစ်ဆယ့်
နှစ်လား ငါးနှစ်လားမပြောတတ်ဘူး၊ အဲဒီလောက်ရှိပြီ၊ သူ့မွေး
အမေဆုံးခဲ့ရတာ"

"ဩော်. . ဒါကြောင့် သူက အမေ့မေတ္တာတောင်းတ
တာကိုး"

"ဟုတ်တယ်. . ဒါကြောင့်လဲ လွှအဒေါ်နဲ့တွေ့တွေ့
တဝေရှင်းက အမေအရင်းနဲ့တွေ့လိုက်ရသလို ချစ်သွားတာ၊
ပဲ လွှအဒေါ်ကိုသူခေါ်လာတာ"

"အမေက လိုက်တာပဲလား"

"လွှအဒေါ် တို့နဲ့ လိုက်လာတုန်းက ငါဖြင့်စိတ်မနုံ့တဲ့
လို့ လုံးဝ မထင်ဘူး၊ အေးအေးဆေးဆေးပဲကွ၊ သူ့မှာလဲ ခင်ပွန်းသ
ရောသားရောဆုံးပြီးတွယ်တာစရာ မရှိတော့ဘူးလို့ပဲပြောတယ်





"အကြောင်းရင်းမှန်ကို ထုတ်မပြောဘူးလား"

"မပြောပြဘူး၊ အခု မင်းပြောမှငါသိရတာပါ၊ နောက် သုံး
းးလလောက်ကြာလာတော့မှ လွှအဒေါ်စိတ်မမှန်တဲ့ အကြောင်း
ရတာ၊ တို့မောင်နှမအတွက် အကြောင်းမဟုတ်တော့ဘူးလေ၊
ယောဇဉ်က အရာရာလွှမ်းမိုးခဲ့ပြီ မဟုတ်လား"

"မင်းတို့မောင်နှမကို ငါကျေးဇူးတင်ပါတယ်"

မြစ်လယ်လောက်သို့ရောက်ရှိလာခဲ့ပြီမို့ လှေသမားကြီးက
လှေကိုအထက်ဆန် မတက်တော့၊ မြစ်ပြင်ကို ကန့်လန့်ဖြတ်၍
လှော်ပါလေတော့၏။ ရေလှိုင်းဂယက်တွေက တစ်ချက်တစ်ချက်
လှေပေါ်ကို ခုန်ပျံတက်လာတတ်သည်။

လှေငယ်သည်ကား တငြိမ့်ငြိမ့်၊ တသိမ့်သိမ့်။

"စွတ်. . . ဖလတ်"

"စွတ်. . . ဖလတ်"

လှော်တက်ခတ်သံသည် ချမ်းမိန်တို့စကားသံအရပ်တွင်
ကျယ်လာသလိုရှိသည်။

တဝေဖုန်းက သူ့စကားကို ပြန်ဆက်သည်။

"ပထမပိုင်းက ကျွန်းအန်းအဘိုးအိုက တို့မောင်နှမ လွှ
အဒေါ်ကိုခေါ်လာတဲ့အတွက် သဘောကျပုံမရဘူး၊ မင်းလဲအသိပဲ
လေ တို့မွန်ဂိုမျိုးနွယ်ဝင်တွေဟာလဲ သီးသီးခြားခြားနေချင်ကြတာ"

"ဒါမျိုးကတော့ မျိုးနွယ်စုဝင်တိုင်းရဲ့ သဘောဆန္ဒမျိုးပါပဲ"

"ဒါပေမယ့် တို့မောင်နှမက လွှအဒေါ်မှ လွှအဒေါ်ဖြစ်
နေတော့ ကျွန်းအန်းအဘိုးအိုလဲ ဘာတတ်နိုင်မှာလဲ၊ လိုက်လျော
ပေးတာပါပဲ၊ ခုတော့ လွှအဒေါ်ကို သူလဲတလေးတစား ဆက်ဆံပါ

တယ်"

ချမ်းမိန်နှင့်တဝေဖုန်းတို့စကားပြောချ၍မဆုံးမှီ လှေ
သည် သည်ဘက်ကမ်းမှာ လှေဦးတက်ဆိုက်လိုက်ချေပြီ။

ကူးတို့ခမေးပြီးသားဖြစ်သဖြင့် တဝေဖုန်းက လှေသ
ကြီးကို. . .

"သွားမယ်ဗျို့" ဟု နှုတ်ဆက်ပြီး လှေပေါ်က ခုန်ဆ
လာခဲ့သည်။

ချမ်းမိန်ကမိခင်ကိုတွေ့လိုဇောဖြင့် ရှေ့ကရောက်နှင့်နေ

မြစ်ဆိပ်ကမ်းတွင် အသွားအပြန် ခရီးသည်တစ်ယော
နှစ်ယောက်စကတော့ အမြဲလိုရှိနေသည်။

"အတော်ဝေးသေးလား တဝေဖုန်း"

ချမ်းမိန်က တဝေဖုန်းကိုလှည့်မေးလိုက်သည်။

"ဟိုရှေ့မှာ ခပ်ညိုညိုသုံးခုတွေလား"

"တွေ့တယ်"

"မြောက်ဘက်က ညိုညိုက တို့စခန်းရွာပဲ"

တဝေဖုန်းပြောပုံအရဆိုလျှင် ခြေလျင်ခရီးလျှောက်ရမ
မှာ နည်းမည်မဟုတ်"

ထိုအခိုက်. . .

"ခလောက်ခွပ်. . ."

"ခလောက်ခွပ်. . ."

မြက်တွေအပြည့်အမောက်တင်လာသော မြင်းလှည်းတ
စီးလမ်းချိုးမှ ဘွားခနဲပေါ်ပေါက်ရောက်ရှိလာ၏။

"ဟာ . . တဝေဖုန်းတို့ပါလား. . မင်းဘယ်ကပြန်လာ



"သိုးအရေခွံတွေ..သွားရောင်းတာလေ"

"ဪ. . ဟုတ်သားပဲ. . ဟိုနေ့က မင်းငါ့ကိုပြောသား
ာ ဘယ်လိုလဲဈေးကောင်းပေးရဲ့လား"

"မဟုန်ဘူး ဆေးမြစ်နည်းနည်းပါသွားလို့"

"တက်လေ. . သူက ဘယ်သူလဲ"

"နောက်မှပြောမယ်. . ကဲချမ်းမိန် အပေါ်တက်"

ချက်ချင်းမြက်ခြောက်မြင်းလှည်းပေါ်သို့ ရောက်သွားကြ
၏။

"ဟဲ့. . နံပိန်မ"

မြင်းလှည်းမောင်းသမားက သူ့မြင်းကိုနံပိန်မဟု အသံပြု
ာက်ရာ ချမ်းမိန်မြင်းကိုကြည့်ဖြစ်၏။

နံပိန်သော မြင်းမ မဟုတ်၊ မြင်းမဗျာဝဖီးနေပါ၏။

"တုံးလီ"

"ဘာလဲကွ"

"လွှအဒေါ်ရဲ့သား. . ချမ်းမိန်တဲ့"

ထိုအခါ မြင်းလှည်းမောင်းနေသူ တုံးလီဆိုသူက ချမ်းမိန်
ကိုချက်ချင်းလှည့်ကြည့်လိုက်သည်။

ပြီးရှေ့ဘက်မြန်လှည့်ကာ မြင်းဇက်ကြိုးကိုဆလိုက်သည်။

"ချမ်းမိန်တဲ့လား. . အေးကွာ တို့ကခင်တတ်မင်တတ်ပါ
ာယ်"

တဝေဖုန်းက

"တုံးလီ. . ပေး မြင်းဇက်ကြိုး၊ ငါတစ်လှည့်မောင်းပေးမယ်"

ဟု ပြောလိုက်သော်လည်း . . တုံးလိက

"ရပါတယ် . . နေ . . နေ"

ပြောလေသည်။

"ခလောက်ခွပ် . ."

"ခလောက်ခွပ် . ."

တုံးလိက ဆက်၍

"လွှအဒေါ်လဲ ဒီနှစ်ထဲမကျန်းမာတဲ့အချိန်က များ

သလိုပဲနော်"

ဟုပြောလိုက်၍ ချမ်းမိန်မှာ ရင်ထဲမောသွား၏။

မိခင်အတွက် စိုးရိမ်စိတ်ပိုသွား၏။

"အမှန်ကတော့ လွှအဒေါ်ဟာ သားသမီးစိတ်ကြေ

မကျန်းမမာဖြစ်နေတာပါ။ ခုလို ချမ်းမိန်ရောက်လာတာ လွှအ

အဖို့ ကျန်းမာလာဖို့ အကြောင်းပဲပေါ့"

စကားတပြောပြော . . .

မြက်ခြောက်မြင်းလှည်းကြီးကလည်း တအီအီနှင့် . . .

တဝေဖုန်းတို့ စခန်းရွာကလေးသို့ ရောက်ရှိလာသည်။

စခန်းရွာဟု ဆိုသည့်အတိုင်း အိမ်ကြီးကြီးမရှိ၊ ပေါင်း

ပါသောမြင်းလှည်းတွေသည်သာ . .

ဟိုမှာ တစ်စီး သည်မှာတစ်စီး . . .

မြင်းလှည်းရှေ့ဖြစ်စေ၊ နောက်မှာဖြစ်စေ၊ အမိုးအကာ

အဖီများတိုးချဲ့လုပ်ထားသည်။ ထိုအမိုးအောက်တွင် ချက်ကြပြုတ်

ကြသည်"

စားကြသောက်ကြသည်။





လူကြီးတွေက ချက်ကြပြုတ်ကြပြောကြဆိုကြရှိနေပေမယ့်

လေးငယ်တွေက ပြေးကာလွှားကာ အော်ဟစ်ကာ ဆော့ကစား

ကျ်. .

ခွေးတွေ၊ ဝက်တွေ၊ ကြက်တွေက စခန်းရွာနေရာအနှံ့မှာ

သူတို့ အားလုံးထူထည်းသော ဦးထုပ်တွေဆောင်းက

ထူထည်းသော အကျီရှည်ကြီးများကို ဝတ်ထားကြသည်။

ညဘက်ပိုင်းသို့ ရောက်တော့မည်ဖြစ်၍ မီးလင်းဖိုများ

းဒုတ်များကိုပြင်ဆင်နေကြ၏။

❑ ✣ ❑ ✣ ❑ ✣

## အမေနှင့်သားသမီးများ

"အမေ"

ချမ်းမိန့်သည် မိခင်ကြီးကိုတွေ့မြင်လိုက်ရသည်နှင့်...

"အမေ"

ဟူသောမေတ္တာသက်ေတ စကားတစ်ခွန်းကို အာလု
သံကြီးဖြင့် နှစ်နှစ်ကာကာ အလေးအနက်ခေါ်လိုက်သည်။

အမေ့ကို မြင်းနို့ဆံပြုတ်တိုက်ကျွေးနေသော တဝေဖု
မိန်းကလေးသည်ပင် ချမ်းမိန့်၏ ရုတ်တရက် အမေဟုခေါ်လို
ခြင်းကြောင့် ကြောင်အမ်းအမ်း ဖြစ်၍သွားလေသည်။ ပြီး လက်
ကိုင်ထားသော မြင်းနို့ဆန်ပြုတ်ပန်းကန်နှင့် ဇွန်းခွက်ကို ကိုင်လျ
သား ထိုင်ရာမှ ထပေးလိုက်သည်။

စိတ်ထဲမှာတော့...

"ဒီလူကြီးက ဘယ်သူပါလိမ့် လွှအဒေါ်ကို အမေလို့ခေါ်
နေပါလား သူ့အမေ ဟုတ်ကော ဟုတ်ရဲ့လား"





စသည်ဖြင့် အတွေးစိတ်ကူးတွေ ခေါင်းထဲမှ ပြွတ်သိပ်၍
သွားပါလေတော့၏။

"အမေ"

"အမေ"

ချမ်းမိန့်ကမူ ဘယ်သူ့ကိုမှ မသိတော့ ဂရုစိုက်ရကောင်း
မှန်းသိတတ်သော စိတ်သည်ပင်မရှိတော့။

သုံးနှစ်ကြာမြင့်ခဲ့ပြီ မဟုတ်ပါလား။

အမေ့ လွှချင်းဝေကမူ မျက်နှာပေါ်တွင် ခံစားမှုတစ်စုံ
တစ်ရာမရှိ၊ ဗလာကွက်လပ်တစ်ခုနှင့်မခြား။

ကြောင်စီစီငေးတေးတေး မျက်လုံးများဖြင့် သားဖြစ်သူ
ချမ်းမိန့်အား စိမ်းစိမ်းစားစားကြီး စိုက်လျက်ကြည့်နေသည်မှာ
ကြောက်စရာကောင်းနေသည်။

အခြေအနေမှန်ကို ချမ်းမိန့်သိလိုက်သည်။ တဝေဖုန်းသည်
လည်း သိလိုက်သည်။

တဝေဖုန်းသည် ချမ်းမိန့်၏ ပုခုံးတစ်ဘက် ကိုအုပ်၍ ကိုင်
လိုက်သည်။

ဤသည်မှာ အမေလွှချင်းဝေအား လောလောဆယ်ဆယ်
အနားပေးလိုက်စေလိုသည့် သဘော။

ချမ်းမိန့်မှာ မိမိ မိခင်ကို တကယ်တမ်းတွေ့လာရသော်
လည်း အခုလို စိတ်မမှန်သော အခြေအနေမျိုးနှင့် တွေ့လာရခြင်း
ကြောင့် လွန်စွာစိတ်မကောင်းဖြစ်သွားရပါလေတော့သည်။

ခေါင်း ငိုက်စိုက်ချလျက် သက်ပြင်းတစ်ချက် ချကာထိုင်ရာ
မှ ထမည်အလုပ် မိခင်လွှချင်းဝေက ချမ်းမိန့်၏ လက်တစ်ဘက်ကို

လှမ်းဆွဲလိုက်၏။

ပြီး ချမ်းမိန်မျက်နှာကို ကြည့်ကာ. .

"ဟင်. . သားကြီးချမ်းမိန်ပါလား. . ."

ဟုပြောကာ သားကြီးချမ်းမိန်၏ ခန္ဓာကိုယ်အထက်ပိုင်း တစ်ပိုင်းလုံးကို ဆွဲယူ၍သူမ၏ ရင်ခွင်မှာအပ်ထားလိုက်လေ၏။

ခေါင်းကိုလက်နှင့်ဘက်နှင့်ဖက်လျက် ဆံပင်များကို သပ်ကာ. .

"အမယ်လေး သားကြီးရယ်. . အမေ မသေလို့ မင်းတွေ့ ရတာ နေနိုင်လိုက်တာ သားကြီးရယ်. . မင်းအဖေနဲ့ မင်းညီမလေး တော့ သူတို့ သူတို့လေ. ."

ဟုပြောနေရင်းကပဲ ငိုသံတွေနှောလာသည်။ ပြီးတော့ မျက်ရည်တွေကပါ ရစ်ပိုင်းသွယ်ဆင်းလာကာ စကားကိုမဆက်နိုင် ဖြစ်သွားသည်။

ချမ်းမိန်က မိခင်ရင်ခွင်ထဲမှ ပြန်ခွာလိုက်ကာ မိခင်မျက် နှာကို ကြည့်လျက်

"အမေရယ်. . ဒီအကြောင်းတွေကို ပြန်ပြောမနေပါနဲ့ တော့ ကျွန်တော်အားလုံး သိခဲ့ပြီးပါပြီ၊ ကျို့ထောင်ဘကြီးက ကျွန်တော့်ကို အားလုံးပြောခဲ့ပြီးပါပြီ"

"ပြီးတော့ . . ဟို. . လျန်ကျိုလေးဆိုတဲ့ လူ့တိရစ္ဆာန်ကြီး ကိုလဲ ကျွန်တော်မြေလှန်ရှာပြီး အဖေ၊ အမေနဲ့ ညီလေးတို့အတွက် သွေးကြွေးဆပ်ခဲ့ပြီးပါပြီ အမေရယ်"

ဤသို့ပြောလိုက်ကာမှ မိခင်ကြီးလွှေချင်းဝေသည်. .

"ဘာ. . ဘာပြောတယ် မင်းဘာပြောတယ်၊ လျန်ကျိုလေး





ားပြကြီး. . ဓားပြကြီးလျန်ကျိုလေး. . . လျန်ကျိုလေး. . ."

ဟု ကယောင်ကတမ်းပြောပြီး မူလကပုံစံအတိုင်း မျက်လုံး ျားပုတ်ခတ်ခြင်းအနည်းငယ်သာလုပ်ပြီး ငိုင်တိုင်တိုင်ငူတူတူနှင့် ်တ်မမှန်သော အခြေအနေသို့ ပြန်ရောက်သွားပြန်ပါ၏။

"အမေ"

"အမေ"

"ကျွန်တော် သားကြီးချမ်းမိန်လေ အမေရဲ့"

ဟုပြောလည်းမရတော့။

တဝေဖုန်းသည် ချမ်းမိန်အားကြည့်နေရင်းမှ အိမ်အပြင် ိ ခဏထွက်စေလိုသည့် သဘောအပြင်ဘက်မေးထိုးပြလိုက်သည်။

တဝေရှင်းကိုမူ

"ညီမလေး အခေါ်ကိုဆန်ပြုတ်တိုက်နေတာ မဟုတ်လား"

ဟု သတိပေးသည့်အနေနှင့် ပြောလိုက်သည်။

တဝေရှင်းက

"ဟုတ်ကဲ့. . အစ်ကိုကြီး"

ဟု ပြောပြီးသူ့အလုပ်သူဆက်လုပ်နေသည်။ ဆက်လုပ်နေ င်း သူမအကိုကြီးနှင့်ချမ်းမိန်တို့ အိမ်အပြင်ဘက်ထွက်သွားသည် ကို နောက်မှတစ်ချက်လှမ်းကြည့်လိုက်သည်။

စိတ်ထဲမှာလည်း. .

"လွှေအခေါ်ရဲ့သားကြီးချမ်းမိန်တဲ့ သူ့ကိုကြည့်ရတာ ာစ်မျိုးပဲ၊ ကျားကျားယားယားနဲ့ ယောကျ်ားပီသလိုက်တာ စိတ်သ ဘောထားပြည့်ဝမယ့် ရုပ်မျိုးပဲ" ဟူသောအတွေးစတွေ တန်းစီသွား လေသည်။

အိမ်ဟုဆိုသော အရာမှာ စင်စစ်မြင်းလှည်းပေါင်း
နောက်ပိုင်းတွင် ဆွဲချထားသော အဖီတဲငယ်ဟု ဆိုရပေလိမ့်မည်
မြင်းလှည်းပေါင်းမိုးအတွင်းမှာကား အိမ်အပေါ်ထပ်
မှတ်ယူနိုင်၏။

အပြင်လေဟာပြင်ဘက်သို့ ရောက်သောအခါ ချမ်းမိန့်
မြင်းလှည်းဘီးအကျိုးတစ်ခုပေါ်တွင် စိတ်ပျက်စွာထိုင်လိုက်သည်

တဝေဖုန်းသည် ချမ်းမိန့်အနီးသို့ လာရပ်လိုက်သည်
ခုထိနှစ်ယောက်စလုံး စကားတစ်ခွန်းမျှမပြော။

ခပ်လှမ်းလှမ်းတွင် မီးပုံတစ်ပုံ မီးတဖြောက်ဖြောက်
တောက်လောင်နေသည်။ မီးပုံဘေးပတ်ပတ်လည်လည်တွင် အအေး
ဒဏ်ကို ကာကွယ်သည့်အနေဖြင့် စောင်ခြုံများဖြင့် မီးလှုံနေကြသည်

ဆီးနှင်းမြူမှုန်တွေက တဖွဲဖွဲလွင့်ပျံဝေ့ဝဲနေကြသည်။

ကောင်းကင်ကြီးတစ်ခုလုံးမှာ ပြာရီမှိုင်းမြလျက် ကြယ်
ပြောက်တွေက ဟိုမှာ တစ်စု၊ သည်မှာ တစ်စု။

မှုန်ပြပြကြယ်ပြောက်ကလေးတွေရော တောက်တောက်
ပြောင်ပြောင်ကြယ်ပြောက်တွေရော တစ်မိုးလုံးဖြောက်စိတ်။

"အတော်အေးတယ်"

တဝေဖုန်းသည် ပြောပြောဆိုဆိုအသင့်ဖိုထားပြီး မီး
ခဲများ ပြာဖုန်းနေသော ထင်းမီးပုံကို လေယပ်အဖြစ် အိုးတစ်
၏ အဖုံးကိုင်ကာ လေယပ်ပေးလိုက်သည်။

မီးအပူကို မြင်လိုက်ရသောအခါ ချမ်းမိန့်မနေနိုင်။ ထင်း
မီးပုံအနီးသို့လျှောက်လာပြီး မီးလှုံသည်။

ထင်းမီးပုံမှ မီးတောက်လောင်နေသည်၊ တဖြောက်ဖြောက်







သည် တိတ်ဆိတ်ခြင်းကို ထိုးဖောက်နေသည်။

ချမ်းမိန့်သည် တဝေဖုန်းအား. .

"အမေ ဒီလိုပဲလား"

ဟု ကောက်ကာငင်ကာမေးလိုက်သည်။

"ကြာပြီ. . လေအဒေါ်ဟာ ဒီလိုပါပဲ၊ ကျွန်တော်တို့က
တော့ သိနေပြီလေ၊ လေ့အဒေါ် စကားများများပြောမယ် အလုပ်တွေ
များများ လုပ်မယ်ဆိုရင် သူမကျန်းမာလို့ပဲ ဆိုတာ သိရတယ်၊ အေး
အေးပဲနေမယ်၊ စကားလဲသိပ်မပြောဘူး၊ ပြောရင်လဲ မင်းတို့
အကြောင်းတွေဆိုရင် သူကျန်းမာနေတဲ့လက္ခဏာပဲ ဆိုတာ သိရ
ပါတယ်"

"အမေ့အတွက် စိတ်မကောင်းဘူး၊ ဘာဆက်လုပ်ရမှန်း
မသိဘူး"

"လေ့အဒေါ်ဟာ တို့မောင်နှမအတွက် မွေးစားအမေတစ်
ယောက်ဖြစ်နေပြီ ချမ်းမိန့်၊ ဒါကြောင့်လဲ လေ့အဒေါ်ကို သမား
ကောင်းတွေနဲ့ ဆေးကုသခဲ့ပြီးပါပြီ"

"ထူးခြားမှုရှိတယ် မဟုတ်လား"

"လေ့အဒေါ်စိတ်ရောဂါက အလွန်ကုရခက်တဲ့စိတ်ရော
ဂါမျိုးလို့ပြောလိုက်ကတည်းက ငါတို့မောင်နှမ စိတ်ပျက်ခဲ့ရတာပါ"

"ကုသရခက်တဲ့ စိတ်ရောဂါဆိုတော့ ကုသလို့တော့ ရသေး
သဘောပေါ့ ဟုတ်လား တဝေဖုန်း"

တဝေဖုန်းက ရုတ်တရက်အဖြေမပေးသေးပဲ လက်ဖဝါး
ဘက်ကိုပဲ မီးလှုံနေသည်။

ခုလိုချမ်းအေးသော အချိန်မျိုးမှာ စောင်ခြုံကွေးနေရသည်

ထက် မီးလှုံနေရသည်မှာ စည်းစိမ်တစ်မျိုးရှိသည်ဟု ဆိုရမည်ထင်၏။

မီးပုံအနီးထိုင်မိလျက် ထင်းသာကုန်သွားသည်။ မီးလှုံသူများမှာ မထချင်သေး၊ မီးလှုံရင်း အလုပ်အကြောင်း၊ စီးပွားရေးအကြောင်း၊ ချစ်ကြောင်း၊ ကြိုက်ကြောင်း၊ အလွမ်းဝတ္ထု၊ အသောဝတ္ထုနှင့်ရယ်မောဖွယ်အကြောင်း အကြောင်းမျိုးစုံပြောခဲ့ကြဖူးပြီ။

အတန်ကြာမှ တဝေဖုန်းက

"လေအဒေါ်ရဲ့ ကျန်းမာရေးဟာ ဒီထက်တော့ ဆိုးလာစရာအကြောင်းမရှိဘူးတဲ့ သူ့ကိုလိုအပ်တဲ့ ဆေးကိုအခုလိုအမြဲဂရုစိုက် တိုက်ကျွေးခဲ့ရင်း တဖြေးဖြေးနဲ့ ပျောက်မှန်းမသိပျောက်သွားလိမ့်မယ်လို့လဲ ပြောတယ်"

ဟု မပြောမချင် ပြောချင်ပြော၏။

ထိုအခိုက်. .

တဝေရှင်းသည် အနီရောင်စောင်ကြားကလေးကို ခြုံသိုင်းလျက် မီးပုံအနီးသို့ ရောက်ရှိလာသည်။

ပြီး သူမသည် စောင်ခြုံကလေးကိုသိမ်းကာ ထိုင်၍ ဖြူဖွေးသော လက်သွယ်ကလေးတွေကို ထုတ်၍မီးလှုံ၏။

ခုမှပဲ ချမ်းမိန်သည် တဝေဖုန်း၏ နှမငယ် တဝေရှင်းဆိုသူကို သတိပြုလိုက်မိသည်။

ငယ်ပါသေးသည်။

အခုမှ အပျိုဖြန်းကလေး။

သို့ပေမယ့် မျက်လုံးကလေးတွေကရီဝေဝေ၊ နှုတ်ခမ်းလေးကမူ ထူလန်လန်၊ ပါးမို့မို့မှာ ဖောင်းဖောင်းတင်းတင်း။





ကိုယ်လုံးကိုယ်ထည်မှာကား ရှည်သွယ်သွယ်။ အပျိုမကြီးဂုတ်သေးတော့လည်း သူ့နေရာနှင့်သူ အသားမပြည့်သေးသည့်ကိုယ်လုံးကိုယ်ထည်မျိုး ဖြစ်နေသည်။

တဝေရှင်းက အပျိုမကြီးလို နိုးကြည့်လိုက်ပေမယ့် ချမ်းမိန်ကတော့ နှမကလေးလိုပဲ သဘောထားလိုက်သည်။

စိတ်ထဲမှာကား အမေက နေရာယူထားပါ၏ တကား။

## တိတ်တခိုးအချစ်

"အဟင့်"

"အဟင့်"

"အဟင့်"

ပထမတော့ သည်အသံကို ငိုရှိုက်နေသည့် အသံဟု ချမ်း
မိန်မထင်။ နောက်မှအသေအချာ နားစွင့်လိုက်သည်။

"ငိုရှိုက်နေတဲ့အသံပါပဲ ဘယ်သူများ ဒီနေရာမှာ ပုန်းလျှိုး
ကွယ်လျှိုးငိုရှိုက်နေပါလိမ့်"

ဟုတွေးပြီး. .

ချမ်းမိန်သည် လက်ထဲအသင့်ကိုင်စွဲလျက်ရှိသော လုံ
ကို ဆ၍ကိုင်လိုက်ပြီး. . .

ငိုရှိုက်ကာနေသူကို ရှာကြည့်နေမိသည်။

"အဟင့်"

"အဟင့်"



"အဟင့်"

လူကို မမြင်ရပဲ ငိုရှိုက်သံကို ဆက်လက်ကြားနေရသဖြင့်
ာက်သို့ ဆက်လျှောက်လာခဲ့သည်။

ခြုံနွယ်ပိတ်ပေါင်းတစ်ခုကို ဖြတ်ကျော်လာသောအခါ
ာ်နေသူ ဘယ်သူဘယ်ဝါဆိုတာ ချမ်းမိန်ချက်ချင်းပဲ သိလိုက်ရပြီ။

အခြားသူကား မဟုတ်။

တဝေရှင်းမိန်းကလေး ပါပေ။

သည်မိန်းကလေး ဘာအရှုံးထနေပါလိမ့်။

ချမ်းမိန်သည် တဝေရှင်းအနီးသို့ လျှောက်သွားပြီး. .

"ဟဲ့ နင်ဒီမှာ ထိုင်ပြီး ဘာဖြစ်လို့ ငိုနေတာလဲ. . ဘာ
ာက်လို့လဲ နင့်အကိုက ဘာပြောလိုက်လို့လဲ"

မေးလိုက်သောအခါ. .

တဝေရှင်းသည် မျက်ရည်စများကို လက်ဖမိုးဖြင့် ပွတ်ချေ
သုတ်နေသည်။

ပြီး ဆံနွယ်လေးတွေ ခါရမ်းလိုက်ကာ ဣန္ဒြေဆယ်သည်။

"ဘာပစ္စည်းမှ မပျောက်ပါဘူး၊ အစ်ကိုပြောလိုက်တာ
ခဲ့တော့ရှိတယ်၊ အဲ့ဒါစိတ်မကောင်းဖြစ်လို့ ဒီမှာ လာငိုနေတာ"

ဟု တဝေရှင်းပြောလိုက်ပြီး ချမ်းမိန်အား ခပ်တွေတွေ
ကြည့်နေသည်။

"သူက ဘာပြောလိုက်လို့ နင်ကငိုနေရတာလဲ"

"အစ်ကိုကြီးချမ်းမိန်က လေ့အခေါ်ကို ပြန်ခေါ်သွားတော့
ဘဲ့လေ အဲဒါကြောင့် ကျွန်မငိုနေတာ၊ ကျွန်မက လေ့အခေါ်ကို
နိုင်တော့ဘူး မဟုတ်လား"

တဝေရှင်းပြောလာသော စကားကြောင့် ချမ်းမိန်မှ ဘာဆက်ပြောရမည်မသိ ဖြစ်သွားသည်။

သည်အကြောင်းကို မိမိစဉ်းစားသေးသည် မဟုတ်၊ အမေ ကိုကျန်းမာရေး ကောင်းလာစေရေး အတွက်သာ မိမိခေါင်းထဲ ရှိနေသည်။

သူတို့မောင်နှမကမူ မိမိရောက်ရှိလာခြင်းသည် အမေ ချင်းဝေကို လာရောက်ခေါ်ဆောင်သွားတော့မည်ဟူသော အမိပ္ပါယ် တွက်နေပုံရသည်။

မှန်တော့ မှန်သည်။

ချမ်းမိန်သည် မိခင်ကိုဘယ်နေရာ ဘယ်ဒေသမှာပဲ တွေ့ သည်ဖြစ်စေ သည်မိခင်ကိုပြန်လည် ခေါ်ဆောင်ရမည်ဖြစ်သည်။

"ဟုတ်ပါတယ်လေ ငါ့အနေနဲ့အမေ့ကို လိုက်ရှာနေတာ အမေ့ကို ခေါ်ဖို့ပဲပေါ့၊ ဒါပေမယ့် လောလောဆယ်ဆယ် ငါ့အနေ နဲ့ အမေ့ကိုခေါ်သွားဖို့နေရာ မရှိသေးဘူး တဝေရှင်း၊ ငါ့ကိုယ်ကို နေစရာနေရာ တစ်ခုရှာရဦးမှာပါ"

"ဒီလိုဆို အစ်ကိုကြီး ချမ်းမိန်လွေအဒေါ်ကို ပြန်ခေါ် သွားသေးဘူးပေါ့နော်"

"မခေါ်သေးဘူး ခေါ်မယ်ဆိုရင်တောင်မှ အမေ့ကိုတစ် ပါတည်း ခေါ်သွားလို့မဖြစ်သေးဘူး"

"လွေအဒေါ် ကျွန်မတို့နဲ့ နေတာပျော်နေပုံရပါတယ်၊ ပြန်မခေါ်ပါနဲ့နော်"

တဝေရှင်းက စကားပြောရာတွင် ခလေးဆန်ဆန် စိတ် ရောကိုယ်ပါ တက်တက်ကြွကြွ ပြောလိုက်မိလေရာ. . .





အမှတ်မထင် ချမ်းမိန်၏ လက်မောင်းကို ကိုင်မိလျက်သား ဖြစ်သွားပါလေတော့၏။

ချမ်းမိန်က မတော်သည့်အနေဖြင့် လက်ကိုမသိမသာ ...ဲလိုက်တော့မှ တဝေရှင်းသည်လည်း မိမိလက်ကို ချမ်းမိန်လက် ...ောင်းဆုပ်ကိုင်ထားခြင်းမှ ပြန်ရုတ်လိုက်သည်။

မည်သို့ဆိုစေ. .

အခုလိုတွေ့တော့ဆိုင်ဆိုင် ပြောဖြစ်ကာမှ လွေအဒေါ်အား ...း:မိန်က လောလောဆယ်ပြန်မခေါ်ဆိုသော အကြောင်းကို ...ဝေရှင်းသိလိုက်ရသည်။

အလွန်ပျော်၍သွားသည်။ မိခင်မေတ္တာပျောက်ဆုံးနေသော ...း:ကလေးမဟုတ် ပါလား။

တဝေရှင်းမှာ အပျိုဖော်ဝင်သေးသည်လည်း မဟုတ်။ ...သည်အရွယ်ကို ကလေးဟု ဆိုရလောက်အောင်ကလည်း မလွယ် ...သောအရွယ်။

သူကတော့ ကိုယ့်ကိုယ်ကို အပျိုကြီး ဖားဖားဖြစ်နေပြီဟု ...တွေးရောက်နေပုံရသည်။

မိမိတို့ ကျောက်ပန်းခက်တောင်ခြေ စခန်းရွာတွင်ကား ...ဝေရှင်း အပျိုရွယ်မရောက်သေးသော်လည်း အခြား အခြားသော ...ျိုတွေကတော့ အများအပြားရှိနေသည်။

တပြိုင်တည်းအပျိုဖော် ဝင်လာကြသူတို့ကား ရန်ရန်၊ ...ံမ်ကျွေ၊ ကျောက်မေ၊ ချင်းချင်းနှင့် ငေါ်ကျင့်ဝမ် ဆိုသော မိန်း ...လေး ငါးဦးပါပေ။

သူတို့အားလုံးချမ်းမိန်ကို စိတ်ဝင်တစား ရှိလာသောအခါ

တဝေရှင်းက မကျေမနပ် ဖြစ်လာသည်။

"ဘာမှန်းလဲ မသိဘူး မိုးကျရွှေကိုယ်လေးများ ကျနေတ

တစ်ယောက်က လာမေးလိုက် တစ်ယောက်က လာမေးလိုက်နဲ့ ဖ

ဖြေရတဲ့လူက ဒိုင်ခံ၊ မခက်ဘူးလား"

သည်လိုပြောလာသောအခါ လွှေအဒေါ်က

"ဟဲ့. . . ဟဲ့ ညည်းက အပြင်က ပြန်လာတိုင်း ပွစိ ပွ

ဘာတွေ ဖြစ်နေတာလဲ" မေးသည်။

"မပြောချင်ဘူး လွှေအဒေါ်ရယ်၊ ဟိုအပျိုမတွေလေ"

"ဘယ်အပျိုမတွေလဲ"

"ရန်ရန်၊ ဝမ်ဝမ်ကျွေ့နဲ့ ကျောက်မေရယ်၊ နောက် ချင်း

နဲ့ ငေါ်ကျင့်ဝမ်ရယ်လေ"

"သူတို့က ဘာဖြစ်နေလို့လဲ"

လွှေချင်းဝေသည် အချိန်တိုင်း စိတ်မမှန်ဖြစ်နေသ

မဟုတ်၊ စိတ်မှန်သည့်အချိန်က များသည်။ ထို့ကြောင့်လည်း တ

ရှင်းနှင့် သားအမိလိုနေရသည့် အချိန်တွေ များပြီး၊ တစ်ဦးကို တ

သံယောဇဉ် အနှောင်အဖွဲ့တွေ ဖြစ်လာရခြင်းပင်။

"သူတို့က ဘာဖြစ်ရမလဲ၊ အစ်ကိုကြီး ချမ်းမိန်အကြောင်း

ပဲ လာလာမေးကြတာပေါ့၊ မမလေး ငေါ်ကျင့်ဝမ် တစ်ယောက်

ကွကြွေ့ရတယ်၊ ကျန်တဲ့ အပျိုတွေကဖြင့် ဆတ်ဆတ်ကိုခါနေတာ

"ဩော်. . . သမီးရယ် လူပျိုကို အပျိုက စိတ်ဝင်စားမ

အပျိုကိုလဲ လူပျိုက စိတ်ဝင်စားမယ်၊ ဒါ သဘာဝပဲ မဟုတ်လာ

"သူတို့ စိတ်ဝင်စားတာက အကြောင်းမဟုတ်ဘူး၊ အ

လူပြူးမတွေက အစ်ကိုကြီး ချမ်းမိန် ရှိနေတာကို သိပ်ကျေနပ်တ





ဟုတ်ဘူးလေ"

"ဟုတ်လား ဘာပြောကြလို့လဲ"

"အစ်ကိုကြီးက တဝေဖုန်းကို မနေ့က ကျစွန်းအန်းအဘိုး

ခေါ်တာ လွှေအဒေါ်အိပ်ပျော်နေလို့ မသိလိုက်တာ"

"ဟုတ်လား ခေါ်ပြီးဘာပြောလိုက်သတဲ့လဲ"

"ထုံးစံပဲပေါ့ လွှေအဒေါ်ရယ်. . လူစိမ်းတွေကို လက်မခံ

ဘူး လက်ခံမယ်ဆိုရင် အစအဆုံးတာဝန်ယူ အဲ့ဒါတွေပဲပေါ့၊ အစ်

ကိုကြီးတဝေဖုန်းက အားလုံးကျွန်တော် တာဝန်ယူပါတယ်လို့ ပြော

ခဲ့တယ်တဲ့"

"သူတို့မှာလဲ တာဝန်ရှိတယ်လေ သမီးလေးရဲ့ ပြောသင့်

ပြောထိုက်လို့ ပြောတာပြောပါစေလေ"

"အဲ့ဒီလို အဖွဲ့လူကြီးတွေ သတိပေးနေတဲ့ အချိန်မျိုးမှာ

သူတို့က အခုလိုဆတ်ဆတ်ခါနေတာ ကောင်းမလား လွှေအဒေါ်ရဲ့

ခံစရာရှိရင် ဆတ်ဆတ်ခါတဲ့ လူမှာအနေသာကြီးရယ် ခံရမှာ ပြဿ

နာရှင်းရမှာ ကျွန်မတို့မဟုတ်လား"

လွှေချင်းဝေက ဘာမျှဆက်မပြောတော့ပဲ ပြုံးရုံပဲ ပြုံးနေ

လိုက်သည်။ စိတ်ထဲမှာတော့ဖြင့်. .

"ဒီကောင်မလေးလဲ ခုဓာလောတစ်မျိုးလေး ဖြစ်နေပါ

သလား" အတွေးမျိုးတွေး လိုက်မိသည်။

မည်သို့ဆိုစေ တဝေရှင်း၏ စကားအသွားအလာကို

လွှေချင်းဝေက လေ့လာစဉ်းစား ကြည့်သောအခါ အခြားအခြား

သော အပျိုမများထက် ငေါ်ကျင့်ဝမ်ကိုတော့ဖြင့် ဘန်းတင် ပြော

ဘတ်သည်။

ထို့ကြောင့် သည်တစ်ခါ တဝေရှင်း ချမ်းမိန်နှင့်ပတ်သ
၍ ပြောလာပါက သည်အချက်ကိုမေးလိုက်ဦးမည် အရေးတွေးမိနေ
သည်။

မကြာလှ. .

တဝေရှင်း အပြင်ကအပြန် မြင်းလှည်းဘီးကျိုးပေါ် ထို
ရင်း. .

"ဘာတွေမှန်းလဲ မသိဘူး"

စကားကိုပြောလာပြန်သည်။

"ဟော. . ဒီစကားကို ညည်းပြောပြန်ပြီ၊ ဒီတစ်ခါလဲ ချ
မိန်နဲ့ ပတ်သက်လို့ပဲလား"

ဟု လွှအဒေါ်က ကောက်ကာငင်ကာ မေးလိုက်သည်

"ဟုတ်တယ်. . . လွှအဒေါ်ရဲ့" ဟု ဖြေသည်။

"ရန်ရန်တို့ ကျောက်မေတို့က မေးလို့မဟုတ်လား"

"လွှအဒေါ်က ကျွန်မအကြောင်းသိနေသလိုပဲ"

"သိတာပေါ့ ဘာလဲ ညည်းကညည်းအစ်ကိုကြီး ချမ်းမိ
နဲ့ ဟိုငေါ်ကျင့်ဝမ်ဆိုတဲ့ မိန်းကလေးကို သဘောတူနေတယ် မဟုတ်
လား" တဝေရှင်းပြုံးရယ်နေသည်။

စိတ်ထဲမှာတော့. . .

"လွှအဒေါ်ရယ်. . ကျွန်မအစ်ကိုကြီးချမ်းမိန်ကို ဘယ်
အပျိုလက်ထဲကိုမှ မအပ်ချင်ပါဘူး၊ ကျွန်မအစ်ကိုကြီးကို ကျွန်မကြည့်
လို့ မဝသေးပါဘူး"

ဟု တိတ်တခိုးပြောနေသည်။

နှုတ်ပါးစပ်ကမူ. .





"ဟုတ်တယ်. . မမလေးငေါ်ကျင့်ဝမ်နဲ့တော့ အစ်ကိုကြီး
ချမ်းမိန်ကို သဘောတူတယ် လွှအဒေါ်"

ဟု ပြောလိုက်လေသည်။

သို့တိုင်အောင် ရင်ထဲမောကျန်သွားလေသလား တဝေရှင်း
ခံစားလို့ရ၏။

## သံယောဇဉ်

ကိုယ့်အရပ် ကိုယ့်ဒေသလည်း မဟုတ်။

ကိုယ့်မျိုးနွယ်စုလည်းမဟုတ်ဖြစ်နေခြင်းကြောင့် ချမ်းမိန်
မှာ အတတ်နိုင်ဆုံးအနေမှန်အောင် နေရသည်။

သည်လိုနေသည်ကိုပဲ အဖွဲ့လူကြီးများမှ အကြီးဆုံး ကျစွန်း
ဒန်းအဘိုးအိုက ချမ်းမိန်သည် မွန်ဂိုခရီးရှည်သွားအုပ်စုအဖွဲ့ထဲ
ရောက်ရှိနေသည်ကို ဘဝင်မကျဖြစ်နေသည်။

"တဝေဖုန်း. . . တဝေဖုန်း"

မြင်းလှည်းရှေ့မှာ လူရွယ်တစ်ယောက် ရပ်ပြီး တဝေဖုန်းကို
လှမ်းခေါ်နေခြင်းဖြစ်သည်။

တဝေဖုန်းတို့ကား မြင်းလှည်းနောက်ပိုင်း အဖီတဲအတွင်း
မှာ ညစာထမင်း ဝိုင်းစားလျက်ရှိသည်။

လွှေချင်းဝေက..

မြင်းလှည်းရှေ့မှာ ဘယ်သူလဲမသိဘူး တဝေဖုန်းတို့
အော်ခေါ်နေတယ် ဟဲ့"

ဟု ထမင်းစားရင်း ပြောလိုက်သည်။

တဝေဖုန်းက ထမင်းပန်းကန်လုံးနှင့်တူတစ်စုံကို ခုံပေါ်
လိုက်ပြီး..

"ဘယ်သူပါလိမ့် လာပြီဟေ့ လာပြီ..လာပြီ"

ပြော၍ ထသွားသည်။

မြင်းလှည်းရှေ့နှင့် မြင်းလှည်းနောက်ပိုင်း မဝေးလှသော
လည်း လေတိုက်နေသဖြင့် မြင်းလှည်းရှေ့က စကားသံကို ချမ်းမိန်
တို့ မကြားရ။

ဘာမျှမကြားရသောကြောင့်လည်း လူရွယ်တစ်ယောက်
နှင့် တဝေဖုန်းစကားပြောနေသည်ကို ပိုပြီးစိတ်ဝင်စားနေကြသည်။

တဝေဖုန်းပြန်ရောက်လာသည်၊ မျက်နှာမကောင်းချင်။

ချမ်းမိန်က..

"ဘယ်သူလဲ ဘာလာပြောတာလဲ"

မေးလိုက်သည်။

တဝေဖုန်းသည် ထမင်းဆက်စားရင်း ချမ်းမိန်အား..

"မင်းကို ကျစွန်းအန်းအဘိုးအို တွေ့ချင်လို့တဲ့..ဘာပြော
မလဲ ဘာမေးမလဲဆိုတာ မပြောဘူး၊ သွားလိုက်ပေါ့ကွာ ငါလဲလိုက်
ခဲ့ပါမယ်"





အဖွဲ့လူကြီးများကိုယ်စား ကျစွန်းအန်းအဘိုးအိုက ခေါ်
နေသဖြင့် ချမ်းမိန်ရှောင်မရ၊ သွားတွေ့ရမည်သာ ဖြစ်သည်။

သို့နှင့် ထမင်းစားသောက်ပြီး တဝေဖုန်းနှင့် ချမ်းမိန်တို့
ယောက် အဖွဲ့လူကြီးများထံသို့ လာခဲ့ကြသည်။

ပေါင်းမိုးမြင်းလှည်းသုံးစီး ဖင်ချင်းဖိုခနောက် ဆိုင်ရပ်ထား
သော အလယ်ဗဟိုရှိ အမိုးအကာအောက်သို့ လာခဲ့ရခြင်းပင်။

အဖွဲ့လူကြီးအားလုံးပေါင်း ငါးဦးရှိသော်လည်း လောလော
ယ် သုံးယောက်လောက်ပဲရှိသည်။ ကျစွန်းအန်းအဘိုးအိုသည်
းတောင်ဝှေးကြီးကို ကိုင်လျက်ရပ်စောင့်နေသည်။

ကျန်အဖွဲ့လူကြီး ဝိတ်ကြူးနှင့်ထိုးဝ တို့ကား မျက်နှာချင်း
ဆိုင် ထိုင်နေသည်။

တဝေဖုန်းနှင့် ချမ်းမိန်တို့သည် ရောက်ရောက်ချင်းပဲ အဖွဲ့
လူကြီးများကို အရိုအသေ ပြုလိုက်သည်။

အဖွဲ့လူကြီးထိုးဝက တဝေဖုန်းကိုပဲ လူရင်းဖြစ်သည့်
အလျောက် ဦးတည်လျက်..

ထိုင်ရမည့် ခုံတန်းရှည်အစုတ်တစ်ခုပေါ် လက်ညှိုးထိုးကာ

"ထိုင်"

ဟု ပြောသည်။

တဝေဖုန်းနှင့် ချမ်းမိန်တို့ နှစ်ဦးသား ခုံတန်းရှည်အစုတ်
ပေါ် ထိုင်ချလိုက်သောအခါ..

အလေးချိန်ပိုများသော တဝေဖုန်းဘက် စောင်း၍နိမ့်ဆင်း
သွားလေရကား တဝေဖုန်းသည်ပင် ရှတ်ချည်းပြော၍ ကြွလိုက်ရင်း

"မျှထိုင်လေကွာ"

ထိုးဝ ဦးကြီးက စိတ်တိုနေသည့် လေသံဖြင့် ပြောလိုက်သည်။

တဝေဖုန်းနှင့် ချမ်းမိန်တို့နှစ်ဦးမှာ လူကြီးတွေ မျက်စိစပါး မွှေးရှူးမည် စိုးရိမ်ကာမှ ကြံဖန်ပြီး မျက်စိစပါးမွှေးရှူးစရာ ဖြစ်နေသည်။

"တဝေဖုန်း"

ထိုးဝ ဦးကြီးက တဝေဖုန်းအား မေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်ကဲ့. . ပြောပါ"

"မင်းက သူ့ကိုတို့အဖွဲ့ထဲ ခေါ်ထားတာ တို့လူကြီးတွေကို လဲ အသိမပေးပါလား"

ဟု ထိုးဝ ဦးကြီးကပဲ ဦးဆောင်၍မေး၏။

တတေဖုန်းသည် ဤကိစ္စလူကြီးများအား အသိပေးလိုက်လျှင် လက်ခံမည် မဟုတ်ကြောင်း ကြိုသိနေသည်။

အကယ်၍ လက်မခံခဲ့လျှင် ချမ်းမိန်ကို ပြန်နှိုင်းရမည်သာ ဖြစ်သည်။ ချမ်းမိန်ပြန်သောအခါ သူ၏မိခင်လွှေချင်းဝေ အဒေါ် ကိုတပါတည်း ခေါ်သွားမည် ဖြစ်နေပြန်သည်။

နမငယ် တဝေရှင်းက လွှေအဒေါ်ကို သံယောဇဉ်တွယ် ငြိနေသဖြင့် ခွဲခွာနိုင်မည်မဟုတ်။

မိမိကိုယ်၌ကလည်း လွှေအဒေါ်ကို မိခင်အစား ရထားသည်သို့ ခံစားနားလည်ထားပြီး ဖြစ်သည်။

ထိုထိုသောအကြောင်းတွေကြောင့် တဝေဖုန်းက ချမ်းမိန် ရောက်ရှိလာသောအကြောင်း လူကြီးများအား မပြောပဲနေခဲ့သည်။

သို့သော်. . . .





အခုလို မိမိအား ခေါ်မေးပါမူ မည်သို့ အဖြေပေးရမည်ကို တဝေဖုန်း ကြိုတွေးထားပြီး ဖြစ်သည်။

အလုပ်တစ်ခု လုပ်လေတိုင်း မိမိအတွက် ထွက်ပေါက်တော့ ကြိုရှာထားရမည်မဟုတ်လား။

သို့နှင့်. . . . . .

တဝေဖုန်းသာ. . . . .

"လူကြီးတွေကို ကျွန်တော်မပြောပဲ သဘောတူညီချက် ယူပဲ ချမ်းမိန်ကို ခေါ်မထားပါဘူး။" ဟု ပြောလိုက်သည်။

"ဘယ်သူ့ကို ပြောလဲ"

မေးသည်။

"ဖုန်းကျူးတယ် အဘကို ကျွန်တော်ပြောပါတယ်။ သူက အားအေး အဆိုးအကောင်းအားလုံး မင်းတာဝန်ယူလို့တော့ ပြောလိုက်ပါသေးတယ် ခင်ဗျာ"

တဝေဖုန်းက ပြတ်ပြတ်သားသား ဝံ့ရဲရဲပင် ပြောလိုက်သည်။

အားလုံး ငြိမ်သွားသည်။

ဖုန်းကျူးတယ် အဘသည် ကျစ္စန်းအန်အဘိုးအို၏ လက်သာက်ဟုဆိုလင့်ကစား ကျစ္စန်းအန်းအဘိုးအိုအပေါ်တွင် ဩဇာသောင်းသူဖြစ်သည်။ သိုင်းပညာတွင်လည်း သာသည်။

ထို့ကြောင့်. . . .

ဝါးတောင်ဝှေးကြီးကိုင်ဆောင်၍ ရပ်ကြည့်လျက်ရှိသော ကျစ္စန်းအန်းအဘိုးအိုမျက်နှာသည် တဝေဖုန်းတို့ရောက်လာစဉ်က လို မာကြောကြောမဟုတ်တော့၊ ချက်ချင်းပျောင်းပျော့၍ သွားသည်။

သူကပင်. .

"ဖန်ကျူးတယ် ကတော့မရှိဘူး တောင်ပေါ်တက်နေတယ်။ သူ့ဆီမှာ မင်းခွင့်တောင်းတာ အမှန်ပဲနော်"

ဟု မေးသည်။

တဝေဖုန်းက. .

"ကျွန်တော် မလိမ်ညာပါဘူးခင်ဗျာ"

ဟု ပြောလိုက်သည်။

ထို့နောက်. .

အဖွဲ့လူကြီးများက ရယ်ကာမောကာဖြင့်ပင် တဝေဖုန်းနှင့် ချမ်းမိန်တို့နှစ်ဦးကို ပြန်လွှတ်လိုက်သည်။

အပြန်လမ်းသို့ရောက်လျှင် ချမ်းမိန်က တဝေဖုန်းအား. .

"ဖန်ကျူးတယ် အဘကို ခွင့်တောင်းခဲ့တယ်ဆိုတာ အမှန်ပဲလား တဝေဖုန်း"

တဝေဖုန်းက ရှေ့နောက်ဝဲယာ ကြည့်ရှုအကဲခတ်လိုက်ပြီး

"ဘယ်ကလာ ဟုတ်မှာလဲ မဟုတ်ဘူး ငါညာပြော လိုက်တာ. . ."

"ဖန်ကျူးတယ်အဘ တောင်ပေါ်ကဆင်းလာရင် ပြဿနာ ရှင်းရဦးမှာပေါ့"

"မရှင်းရပါဘူးကွာ ဒီမှာ ချမ်းမိန်. . ဖန်ကျူးတယ် အဘက သတိမေ့တတ်တယ်၊ ကျွန်တော် ဟိုနေ့ကလေ ဆိုတာနဲ့ သူဟာဇဝေဇဝါဖြစ်သွားရော၊ ဟေ. . ဟုတ်လား. . အေးအေး ဟုတ်မှာပေါ့ လို့အမြဲပြောတယ်၊ ဒီတော့ မေးလဲရှင်းဖို့အလွယ်ကလေးပဲကွ အေးအေးသာနေ"





ဟု တဝေဖုန်းကပြောသည်။

အိမ်သို့ရောက်သောအခါ ချမ်းမိန်က တဝေဖုန်းမည်ကဲ့သို့ ပြောလိုက်သည့်အကြောင်း မိခင်လွေချင်းဝေအား ပြောပြသည်။

တဝေရှင်းက ခလေးမို့ ဒါကိုရယ်မောစရာတစ်ခုအဖြစ်နိုင်သည်။ ရယ်မောနေသည်။

ချမ်းမိန်ကတော့ မိမိတို့အတွက် တဝေဖုန်းတို့မောင်နှမ အလုပ်တာဝန်တွေ မပိုသင့်ပဲပိုလာသည်ကို သိရပြီး ချမ်းမိန်သည် အလွန်ပင် အားတောင့်အားနာ ဖြစ်နေသည်။

ထို့ကြောင့်. . . .

ညဘက်မီးလှုံပွဲတွင် လူစုံသည်နှင့် ချမ်းမိန်က

"အမေလဲ အခုတလော ကျန်းမာတဲ့အခြေအနေများလာသို့ ပြည်မကို ပြန်မလားလို့ စဉ်းစားပါတယ်"

စကားကို ချိန်ချိန်ဆဆပြောလိုက်သည်။

ထိုအခါ. . . .

တဝေဖုန်းတို့မောင်နှမက ဖျပ်ခနဲချမ်းမိန်ကို လှည့်ကြည့်ကာ. .

"ဘို. . . မဟုတ်တာပဲ"

ပြောလိုက်သည်။ တဝေရှင်းကလည်း ချမ်းမိန်အားကြည့်ကာ. .

"မပြန်ရဘူး ဘာလို့ပြန်ရမှာလဲ လူကြီးတွေမကျေနပ်ဘူးဆိုရင်တောင် တောင်းပန်ရင်ရပါတယ်"

ဟု ငွတ်ပြောနေသည်။

သည်စကားမျိုးပြောလေတိုင်း သူတို့မောင်နှမ အခုလိုလှုပ်

လှုပ်ရှားရှား ဖြစ်မည်ဆိုတာ ချမ်းမိန် ကြိုသိနေသည်။

ချမ်းမိန်က.....

"သူတို့က အဖွဲ့ထဲလူပိုဝင်လာတာကို ဘာဖြစ်လို့ ခါးခါး သီးသီး ငြင်းနေရတာလဲ အကြောင်းတစ်ခုတော့ ရှိမယ်ထင်တယ် နော်"

ဟု ချမ်းမိန်မေးသောအခါ...

တဝေဖုန်းက.....

"အကြောင်းရှိလို့ပေါ့ကွာ"

ဟု ပြောသည်။

လေ့ချင်းဝေက ဘာမျှမပြော ဟိုလူ့မျက်နှာကြည့်လိုက် သည်လူ့မျက်နှာကြည့်လိုက် ရှိနေသည်။

တဝေဖုန်းက..

"အရင်တုန်းက ငါတို့အဖွဲ့ထဲ မင်းလိုပဲအကြောင်းအမျိုး မျိုးနဲ့ ရောက်လာကြတာပဲပေါ့၊ အဲ့ဒီလူတွေကျတော့ ငွေမဟုတ်ရင် လူ၊ လူမဟုတ်ရင် ငွေပြဿနာရှုတ်ခဲ့ကြလို့ပဲကွ"

ဟု ပြောလိုက်လေသည်။





## အမြုံးတွေအမြိုင်အဆိုင်

သည်ကနေ့ ချမ်းမိန်မြို့သို့ မတက်စဖူး တက်ရသည်။ ...ပ် သိုးအရေခွံ၊ ဆေးမြစ်ဆေးဥ စသည်ဖြင့် ထူးထွေဆန်းပြား ...ဒေသထွက် သဘာဝပစ္စည်းတွေကို မကြာခဏ မြို့တက်ရောင်း ...သာအလုပ်မှာ တဝေဖုန်းတို့ မောင်နှမအလုပ် ဖြစ်သည်။

သည်ကနေ့ဟော့ဖြင့် တဝေဖုန်းနေထိုင်မကောင်းဖြစ်နေ ...နှင့် သူ့ကိုယ်စားချမ်းမိန်က လွှက်လာခဲ့ခြင်း ဖြစ်သည်။

မိမိထွက်လာသည်ကို တဝေဖုန်းမသိ။

"သူသိလို့ မဖြစ်ဘူး၊ တဝေရှင်း နင်ကြည့်ပြောထားလိုက် ...သည်းတွေ ဘယ်သူ့ဆီမှာ ဘယ်လောက်အနည်းဆုံး ရောင်းရမယ် ...ာ ငါတစ်ခေါက်နှစ်ခေါက်လိုက်ထားလို့ သိပြီးပြီ၊ ကဲ..နင် ...တော့"

ဟု တဝေရှင်းကို ပြောပြနေစဉ် သည်ကောင်မလေးက..

"ကျွန်မလဲ လိုက်ခဲ့မယ်လေ ဒီမှာချည်း နေရတာ ပြင်းလှ
ဟု ပြောသေးသည်။

"မလိုက်နဲ့ မလိုက်နဲ့ လိုက်ချင်ရင် နောက်မှလိုက်"

ဟု ပြောပြီး အမြန်သုတ်ချေတင်ခဲ့ရသည်။

ကျောက်ပန်းခတ် တောင်ခြေစခန်းရွာအထွက် နတ်...
တွင်းလမ်းခွဲ အရောက်တွင် တောင်းတစ်လုံးဘေးချကာ အေး...
ဆေးဆေးထိုင်နေသည့်ပုံမျိုး မိန်းကလေးတစ်ဦးကို ချမ်းမိန့်တွေ့
လိုက်ရသည်။

တွေ့စကတော့ သူစိမ်းတစ်ရံစာ မိန်းကလေးတစ်ဦး...
အတွေးရောက်လိုက်မိသည်။

အနီးသို့ရောက်သောအခါတွင်မှ မိမိတို့စခန်းရွာ...
ငေါ်ကျင့်ဝမ် မိန်းကလေးဖြစ်နေကြောင်း သိလိုက်ရသည်။ ချမ်းမိန့်
မှာ ငေါ်ကျင့်ဝမ်နှင့် မျက်မှန်းတန်းမိနေသည်။

"မင်း ငေါ်ကျေ့ဝမ် မဟုတ်လား၊ ဘာထိုင်လုပ်နေတာလဲ
ဒီနေရာမျိုးဟာ လူပြတ်တဲ့နေရာလေ"

ဟု ပြောဆိုမေးမြန်းလိုက်၏။ ငေါ်ကျေ့ဝမ်က ချမ်းမိန့်
မေးသည်ကို မဖြေပဲ ကြောင်အမ်းအမ်း ပြန်ကြည့်နေသည်။

သည်တော့မှ ချမ်းမိန့်က ငေါ်ကျေ့ဝမ်ကို အသေအချာ
ပြန်ကြည့်လိုက်သည်။

"ဟင်. . မင်းဘာဖြစ်လို့လဲ"

သည်တော့မှ. .

ငေါ်ကျေ့ဝမ်က ချမ်းမိန့်ကိုမော့၍ကြည့်လိုက်ကာ. .

"ကျွန်မ ချော်လဲပြီးတော့ ဒီညာဘက်ခြေထောက်က မြ...





...လို့ပါ"

ဟု ပြောသည်။

"ဒီလိုဆို မင်း. . . လမ်းလျှောက်မရလို့ ထိုင်နေတာပေါ့
...လား"

ငေါ်ကျေ့ဝမ်က ခေါင်းညိတ်ပြလိုက်သည်။

ချမ်းမိန့်သည် နောက်ကျောတွင်ပိုးထားသော အိတ်ကြီးကို
...ချလိုက်ကာ. .

"ငါ့မှာ လိမ်းဆေးတော့ပါလာတယ်၊ လိမ်းလိုက်ပါလား၊
...ဘာ့ မင်းခွင့်ပြုမယ်ဆိုရင် ငါစမ်းသပ်ပေးမယ်၊ ဟုတ်လား"

ငေါ်ကျေ့ဝမ်သည် ပထမ ဘာလုပ်ရမည်မသိ ဖြစ်နေ
...သည်။

နောက်မှ. . . .

"ကျွန်မ လမ်းလျှောက်မရတာတော့ အမှန်ပဲ၊ အားနာလိုက်
...ချင်. ."

ဟု ပြောဆိုပြီးတွားနေသဖြင့် ချမ်းမိန့်က စိတ်မရှည်တော့
...ဟန်ဖြင့်. .

"ကဲ. . ကဲ မိန်းကလေး ငါ့ကိုယုံကြည်စမ်းပါ၊ လောလော
... ငါ့ကို သမားကောင်း တစ်ဦးလို့သာ သဘောထားလိုက်
...လား"

ဟု ပြောပြီး. . . .

အကျီအိတ်ထဲမှ လိမ်းဆေးကိုထုတ်လိုက်သည်။

ငေါ်ကျေ့ဝမ်သည် မတတ်သာသည့်အဆုံး ညာဘက်ခြေ
...က်ကို စင်းပေးလိုက်ပြီး ဘောင်းဘီစကို ထိန်းထိန်းသိမ်းသိမ်း

ဖြင့် အနည်းငယ် မပေးလိုက်သည်။

ငေါ်ကေ့ဝမ်၏ ခြေသလုံးသားကလေးမှာ ဖြူဝင်းပြီးစို

နေသည်။ ချမ်းမိန်သည် လိမ်းဆေးကို လက်ဖဝါးတစ်ဖက်တွ

အနည်းငယ် ထည့်လိုက်ပြီး ပွတ်ချေသည်။ အပူငွေ့ရသည်မှ

ငေါ်ကေ့ဝမ်၏ ခြေသလုံးမှ ခြေမျက်စိအထိ အသာပွတ်သပ်

ချပေးသည်။

အောက်မှ အပေါ်ပြန်လှန်ခြင်းမရှိ၊ အပေါ်မှသာ အော

ဘက်သို့ ပွတ်သပ်ဆွဲချပေးသည်။ နောက်တဖန် လက်ချောင်းက

များနှင့် ခြေသလုံးကြွက်သားအချို့ကို ကုတ်ကာ ကုတ်ကာ အ

ပြင်ပေးသည်။

ထိုစဉ်. .

ပါးစပ်မှ ဂါထာမန္တာန်တစ်ပုဒ်ကို ဆီမန်း မန်းသလို

ဆိုပေးနေသည်။

ငေါ်ကေ့ဝမ်မှာ အတန်ငယ်နာကျင်မှုကို ခံစားရသ

ဖြစ်၍ ကျိတ်မှိတ်ခံစားနေသည်။

အလွန်နာကျင်မှသာ. .

"အား. . . ကျွတ်. . ကျွတ်"

ဟု ငြီးတွားရှာ၏။

"ခဏလေး သီးခံလိုက်အုံးနော်။ အကြောတက်တဲ့ သဘော

ပါ၊ သက်သာသွားမှာပါ။"

ချမ်းမိန်းက တကယ့်သမားတော်၏ ဟန်ပန်မျိုးပြော

သည်။အမှန်တော့ ချမ်းမိန်သည် အနောက်ဘက်လွင်ပြင် ဂျူဂါ

တွင် ရသေ့ကြီး ယွမ်ချူးအော်ထံတွင် ဆေးပညာများကိုလည်





ကယ် လက်တွေ့ကျကျ သင်ကြားခဲ့ဖူးသည် မဟုတ်ပါလား ထမင်း

းတစ်လုံး ချက်ခန့် ကြာလာသည်နှင့်မှု ငေါ်ကေ့ဝမ် ခြေထောက်

သိသိသာသာ သက်သာ၍ လာပါလေတော့၏။

"ရလောက်ပြီ"

ချမ်းမိန်က ပြောပြောဆိုဆို ထိုင်ရာမှ ထလိုက်ပြီး လမ်း

ား အောက်ဘက်စမ်းချောင်းဆီသို့ လျှောက်သွားသည်။

ငေါ်ကေ့ဝမ်မှာ ချမ်းမိန်၏ ဆေးကုသပေးခြင်းကို အလွန်

သြ၍ သွားသည်။

"သူ့ကို ကြည့်ရတာ တကယ့်ကို သမားတော်ကြီးတစ်ဦး

ဘိုင်းပဲ ဟုတ်လား၊ မဟုတ်လားတော့ မသိဘူး။ ခြေထောက်ကို

းထောက်ကြည့်လိုက်ဦးမယ်"

ငေါ်ကေ့ဝမ်သည် တစ်ကိုယ်တည်း ပြောနေပြီးအောက်တွင်

ဘားသည့် တောင်းကို ခြေတစ်ဖက်ထောက်လျက် အားယူထရပ်

က်သည်။

"ဟယ်. . . ."

ငေါ်ကေ့ဝမ်မှာ မိမိအဖြစ်ကို မအံ့သြပဲ မနေနိုင် ဖြစ်သွား

လေတော့၏။

စောစောက လမ်းပေါ်မှာ ပုံလျက်သားလဲကျလျက် လုံးဝ

မရသော အဖြစ်မှာ ယခုလုံးဝပျောက်ကင်းသွားပြီ မဟုတ်ပါလား

"ဟုတ်ပြီ ရပ်လို့တော့ရပြီ လမ်းလျှောက်လို့ကော ရမလား

သိဘူး လျှောက်ကြည့်လိုက်စမ်းမယ်"

"တစ်လှမ်း. . . နှစ်လှမ်း. . . သုံးလှမ်း"

"ဟောတော့ ငါဘာမှ မဖြစ်သလိုပါပဲကလား ကြည့်စမ်း

သူ. . . သူတော်လိုက်တာ. . . စောစောက ငါက. . . သူ့ကို ဟု[illegible]
ဟုတ်ရဲ့လားလို့တောင် မြစ်မှားနေမိတာ တောင်းပန်ပါတယ်[illegible]

ငါကေ့ဝမ်သည် တစ်ကိုယ်တည်း ပြောနေမိ၏။

ထိုစဉ် စမ်းချောင်းတွင် ခြေလက်သန့်စင်ပြီးသော [illegible]သည် လမ်းအထက်သို့ ပြန်လည်တက်လာ၏။

ငါကေ့ဝမ် လမ်းလျှောက်နိုင်သည့် အခြေအနေကို [illegible] မြင်လိုက်သော ချမ်းမိန်သည်လည်း ဝမ်းသာသွားပြီး

"ဟော. . . သက်သာသွားပြီ မဟုတ်လား"

"ဟုတ်ကဲ့. . . သက်သာသွားပြီ ဆရာချမ်းမိန်"

ငါကေ့ဝမ်က ခပ်ရှက်ရှက်နှင့် ဆရာချမ်းမိန်ဟု [illegible] ခေါ်ရာ ခေါ်လိုက်မိပြန်ရာ. . . ချမ်းမိန်က ပြုံး၍ ကြည့်ကာ[illegible]

"ငါ့ကို ဆရာချမ်းမိန်လို့ ခေါ်တယ် ဟုတ်လား"

ဟု လှမ်းမေးလိုက်ပြီး ရယ်မောနေသည်။

"အစ်ကို. . . ချမ်းမိန်က ဆေးကုပေးလို့ ဆရာချမ်း[illegible] ခေါ်တာပဲလေ မကြိုက်ဘူးလား"

စကားအဆုံးမှာ မျက်စောင်းလေးခဲ၍ ကြည့်လိုက်[illegible]

"မင်းကြိုက်သလိုပဲ ခေါ်ပါ။ ဆရာချမ်းမိန် ခေါ်[illegible] ခေါ်ပေါ့"

"ဟင်း. . . . ဟင်း. . . . အစ်ကိုချမ်းမိန်လို့ပဲ ခေါ်ပါ[illegible]

ထို့နောက်. . . .

မြို့ဘက်သို့ အတူတကွ လျှောက်လာခဲ့သည်။ [illegible] မြစ်ဆိပ်သို့ ရောက်မည်။ မြစ်ကြောင်းကို ကုန်းတို့လှေဖြင့် ဖြတ်[illegible] ရပေဦးမည်။





"အရင်ကလဲ ဒီလမ်းကို မင်းတစ်ယောက်ထဲ လာတာပဲ [illegible]း"

"ဘာဖြစ်လို့လဲ"

"ဩော်. . . လူဆိုးလူမိုက်တွေ စောကားမှာစိုးလို့ ပြောတာ [illegible]"

"ကျွန်မ မကြောက်ပါဘူး. . . သိုင်းတတ်တယ်လေ ကျွန်မ [illegible] မွန်ဂိုခရီးရှည်သွားအဖွဲ့မှာ အရွယ်ရောက်တာနဲ့ သိုင်းပညာကို [illegible]ထားကြရတာ မဟုတ်လား"

စကားတပြောပြောနှင့် မြစ်ဆိပ်သို့ ရောက်လာသည်။ မြစ်[illegible]ရောက်သောအခါ ကူးတို့လှေက ဟိုဘက်ကမ်းရောက်နေသဖြင့် [illegible]ယောက်သား စကားပြောဖြစ်ကြပြန်သည်။

ချမ်းမိန်က အနောက်ဘက်လွင်ပြင်မှာ မိန်းကလေးတစ်ဦး [illegible] အကူအညီပေးမိသဖြင့် သူ့အဘွားက သူ့မြေးကို ကိုယ်ထိလက်[illegible]ာက်ကူညီသဖြင့် လက်ထပ်ရပါမည်ဆိုပြီး ဖမ်းထား၍ ကိုယ်လွတ်[illegible]း‌ထွက်ပြေးခဲ့ရဖူးကြောင်း အဖြစ်ကို ပြောပြလိုက်ရာ. . .

ငါကေ့ဝမ်က သ[illegible]ဘာကျပြီး ရယ်မောပါလေတော့၏။

ထို့နောက်. . . .

"ဒီလိုဆို အခုလဲ အစ်ကိုချမ်းမိန် ပြေးရဦးမယ် နော်"

ဟု ကျီစယ်နောက်ပြောင်လိုက်၏။

နှစ်ဦးသား အပြုံးတွေလှိုင်၍ နေရပါပကောလား။

## စွန့်ရဲ့ချမ်းမိန့်၏ ဘဝအစ

ငေါ်ကေ့ဝမ်နှင့် မြို့သို့အတူသွား အတူပြန်နေတာ ရှားသွားလာခဲ့ရသည့် အဖြစ်ကိုမူ ချမ်းမိန်သည် တဝေဖုန်းတို့ နှမကို မပြောပဲနေလိုက်သည်။ ဖြစ်ချင်တော့ ငေါ်ကေ့ဝမ်က သူ့အဖေတောတက်ရာမှ ရှာဖွေရရှိခဲ့သမျှ တောထွက်ပစ္စည်းက များကို မြို့တက်ရောင်းချခြင်း ဖြစ်သဖြင့် အကျိုးတူလုပ်ငန်း နေခဲ့သည်။

ထို့ကြောင့်လည်း တစ်လျှောက်လုံး အတူသွားအတူ ရသဖြင့် ခင်မင်မှုအတိုင်းအတာမှာ လိုသည်ထက်ပိုခဲ့ရသည် ဆိုရမည်။

ချက်ချင်းပဲ သူမသည် ဖခင်ကြီးငေါ်ကေ့ချမ်းနှင့် အတူ ကြောင်း မိခင်မှာကား သူမလူမှန်းမသိမီအရွယ်ကပင် ကွယ် ခဲ့ပြီ ဖြစ်ကြောင်း၊ မိခင်ဘက်ကသိုင်းပညာစွမ်းရည် ပို၍ရှိ





အကြောင်း ဖခင်ကမူသိုင်းပညာကို အခြေခံမျှသာ တတ်ကြောင်း သိုင်းပညာထက် စာပေပညာကို ပို၍ဝါသနာထုံသည့်အကြောင်း ပြောပြသည်။

အမှန်တော့လည်း ချမ်းမိန်ကိုယ်၌က သည်မိန်းကလေးနှင့် လက်ပွန်းတတီး ထိတွေ့ဖူးသည်လည်းရှိပြီး နှစ်ဦးသား သူ့အကြောင်း ကိုယ့်အကြောင်းတွေ ပြောဆိုကြနှင့် ရင်းနှီးတစ်ခုကို အချိန်ကိုက် လေးအတွင်းရရှိလိုက်သဖြင့် သည်မိန်းကလေး အပေါ် စိတ်ညွှတ် မိသည်ကတော့ ဖြစ်အမှန်ပါပေ။

ဒါကို စခန်းရွာသို့ ပြန်လည်ရောက်ရှိသည်အထိ ချမ်းမိန် က ကိုယ့်ကိုယ်ကို အမှုမဲ့အမှတ်မဲ့ နောက် အိပ်ယာဝင်တော့မှ ငေါ်ကေ့ဝမ်၏ မျက်နှာကလေးကို သည်ညက ငေါ်ကေ့ဝမ်၏ မျက်နှာကလေးကို တရိပ်ရိပ် တရေးမြင်အောင် လာခဲ့သည်။

သည်ညက ငေါ်ကေ့ဝမ်၌ စွဲလန်းသော စိတ်ကြောင့် ငေါ်ကေ့ဝမ်ကို အိပ်မက်၌ပင် မြင်မက်မိလေသလား ဆိုတာကို လည်း ချမ်းမိန် အမှတ်မထင်ရှိခဲ့သည်။

မနက်မိုးလင်းသောအခါ တဝေရှင်းက ချမ်းမိန်ကို ပြုံးစိစိ ရယ်ကျဲကျဲလုပ်နေသည်။

မိခင်ကြီး လွေချင်းဝမ်ကို မြင်းနို့ဆန်ပြုတ် တိုက်ကျွေး စဉ်မှာကတည်းက တဝေရှင်းကောင်မလေးသည် မချိုမချင်မျက်နှာ ပေးနှင့် ဖြစ်နေသည်။

သူ့အစ်ကို တဝေဖုန်းကပင်...

"ဟဲ့ကောင်းမလေး နင့်ကို ကြည့်ရတာ ဒီမနက်အချိုးကို မပြေဘူး နင်ဘာအရှုးထနေတာလဲ"

မေးလိုက်သည်။

သည်တော့မှ မချွေချောလေးက...

"ဟီး...ဟီး"

ဟု အကဲဆက်ဆက်ရယ်လိုက်ပြီး တဝေဖုန်းဘက်လှည့်ကာ

"အစ်ကိုကြီး ချမ်းမိန်ကို ကြည့်ပြီး သဘောကျနေလို့ပါ အစ်ကိုရဲ့" ဟု စကားကို ပြောချလိုက်သည်။

ချမ်းမိန်သည် လျှောကြိုးတစ်ချောင်း ကျစ်နေရာမှ တဝေရှင်းဘက်လှည့်ကြည့်လိုက်ကာ...

"ဟဲ့နင်ငါ့ကို ကြည့်ပြီး သဘောကျနေတာကိုး ငါ့မျက်နှာမှာ အိုးမဲတွေ ပေကျံနေလို့များလားဟာ"

ဟု မေးပြောပြောလိုက်သည်။

လွှချင်းဝမ်က စိတ်ကောင်းနေခိုက်နှင့်ကြံသည်နှင့်...

"ဟုတ်တာပေ့ါ... သားကြီးဆံပင်တွေကလဲ ဖရိုဖရဲ နှုတ်ခမ်းမွေးတွေကျတော့ရော ထိုးထိုးထောင်ထောင် ပါးမြိုင်းမွေးတွေလဲ ထူလှချည်း ဒါကြောင့် ငါ့သမီးလေးက ရယ်တာနေမှာပေါ့"

ဟု ဝင်ပြောသည်။

တဝေရှင်းက...

"မဟုတ်ပါဘူး။ လွှအဒေါ်ရဲ့ ညကလေ ညက ညက ပြောချင်ပါဘူး အစ်ကိုကြီး ချမ်းမိန်ရှက်သွားမှာ စိုးလို့"

ဟု ဖြတ်ပြောလိုက်လေရကား...

အားလုံးက အထိတ်တလန့် ဖြစ်သွားကြသည်။ တဝေဖုန်းက တဝေရှင်းအား...

"ဒီကောင်မလေး ဘာတွေပေါက်တက်ကရ ပြောဦးမလို့





လဲ" ဟုပင် ဟန့်တားလိုက်သေးသည်။

တဝေရှင်းက သူ့စကားစကို ပြန်ဆက်သည်။

"အစ်ကိုကြီးကလဲ ဘယ်ကလာပေါက်တတ်ကရ ပြောရမှာလဲ"

"ကဲ...ညက ဘာဖြစ်သလဲ"

ချမ်းမိန်မှာ မျက်လုံးပြူးနေသည့်စိတ်ထဲက...

"ဒီကောင်မလေး ရှုးကူးတူး ပေါတောတောနဲ့ ဘာတွေလျှောက်ပြောနေဘာလိမ့်"

ဟု အတွေးရောက်လိုက်မိ၏။

တဝေရှင်းက...

"ဟဲ...ဟဲ အစ်ကိုကြီးချမ်းမိန်လေ ညက ဟဲ...ဟဲ"

ဟု မချိုမချဉ်လုပ်နေပြန်ရာ...

တဝေဖုန်းက စိတ်မရှည်တော့ပဲ ထ၍ပင် ရိုက်မည်အပြု

"ဟယ် ဒီကောက်မလေး"

ဟုလည်း ပြောလိုက်ရာ တဝေရှင်းက ဇာတ်ပုနေရာမှ

"အစ်ကိုကြီးကလဲ ကျွန်မပြောတာကို အရင်နားထောင်စမ်းပါဦး" ဟု ပြော၏။

"ကဲ...ပြော"

"အစ်ကိုကြီးချမ်းမိန်လေ အိပ်နေရင်းနဲ့ ငေါ်ကျင့်ဝမ်လေး ရယ်တဲ့ နင်က သိပ်လှတာပဲ နတ်မိမယ်လေး တစ်ပါးလိုပဲတဲ့ ဟီဟီ ခစ်...ခစ် အဲ့ဒီလိုပြောနေတာ ကျွန်မကြားတယ်။ နောက် တခေါ ခေါနဲ့ အိပ်ပျော်နေတယ်။ ဘာတွေအိပ်မက်ပြီး ပြောနေသလဲ မသိဘူး နော်" ထိုအခါ...

ငိုအားထက် ရယ်အားသန်ကြရပါ လေတော့၏။

သည်တော့မှ တဝေဖုန်းလည်း ပြုံးကျဲကျဲနှင့် ချမ်းမိန်ကို ကြည့်ကာ. . .

"မင်းမနေ့က မြို့ဘက်သွားတုန်း ငေါ်ကေ့ဝမ်နဲ့ လမ်းမှာ တွေ့တယ် မဟုတ်လား" ဟု မေးလိုက်သည်။

ချမ်းမိန်သည် မိမိ ဖိန်ချန်ထားသော အကြောင်းအရာ တစ်ခုဖြစ်နေသဖြင့် အခုမှ အဖြစ်မှန်ကို ပြောရကောင်း၏ မကောင်း၏ ချိန်ဆနေသည်။

တဝေရှင်းက ဝင်၍. . .

"အစ်ကိုကြီး ချမ်းမိန်က မပြောလဲ ကာယကံရှင် မမလေး ငေါ်ကေ့ဝမ်က ပြောပြီးသွားပါပြီ"

ဟု ပြောလိုက်သည်။

ချမ်းမိန် မိခင် လွှေချင်းဝေမှာကား သည်မှာအခုလို နေရသည့်အကွက် စိတ်ကျေနပ်၍နေ၏။

ချမ်းမိန်က တဝေရှင်းအား. . .

"နင် ငေါ်ကေ့ဝမ်ကို ဘာတွေသွားမေးလိုက်သေးလဲ"

ဟု စိုးရိမ်တကြီးမေး၏။

"မစိုးရိမ်နေပါနဲ့ မမလေး ငေါ်ကေ့ဝမ် ပြောလိုက်တာဖြင့် စုံနေတာပဲ နားထောင်လို့လဲ သိပ်ကောင်းတာပဲ ရွှေမင်းသားလေးနဲ့ ရွှေမင်းသမီးလေးနဲ့ အကြောင်းလိုပဲ ဟဲ ဟဲ ဟဲ"

ချမ်းမိန်မှာ မိမိ ဘယ်လိုပဲ ထိန်ချန်ထားသည်ဖြစ်စေ မရတော့သည့် အခြေအနေသို့ ရောက်သွားသဖြင့်. . .

"အေး. . . ပြောတော့ ပြောတော့နှင့် ပဲပြောတော့"





ဟု ခပ်ရှက်ရှက်နှင့်ပဲ ပြောလိုက်ရပါလေတော့သည်။

သည်နေ့ကစ၍ ချမ်းမိန်နှင့် ငေါ်ကေ့ဝမ် မိန်းကလေးတို့ တစ်ဦးကိုတစ်ဦး မေတ္တာသက်ဝင်နေကြသည့် အဖြစ်ကို တဝေဖုန်းတို့ မောင်နှမက အရင်ဆုံး သိရှိခဲ့ရ လေတော့သည်။

တဝေဖုန်းက ချမ်းမိန်တို့ သားအမိကို မခွဲခွာလိုသည်နှင့် လို မိမိတို့ အဖွဲ့ထဲမှ မွန်ဂိုမျိုးနွယ်ဝင် တစ်ဦးနှင့် မေတ္တာသက်ဝင် နေသည်ကို သဘောကျနေသည်။

တဝေရှင်းကမူ တကယ့်လက်တွေ့ဘဝတွင်သာ ချမ်းမိန် နှင့် ငေါ်ကေ့ဝမ်ကို သဘောတူပါသည်ဟု ဆိုခဲ့သည်။

သူမ၏ ရင်ထဲမှာကား ချမ်းမိန်အစ်ကိုကြီးကို တစ်ပါးသူ ၏ ရင်ခွင်သို့ ရောက်ရှိမည်ကို တိတ်တဆိတ် စိုးရိမ်၍ နေသည်။

သည်လို တဝေရှင်း ကျိတ်မှိတ် ခံစားနေရသည်ကိုကား တဝေရှင်းမှလွဲ၍ မည်သူမျှ မသိခဲ့။ အားလုံးက တဝေရှင်းကို အပျို ပြီးဟု မသတ်မှတ် သဘောမထား ကလေးတစ်ယောက်ဟုပဲ သ ဘောထားသည်။ ဆက်ဆံသည်။

ထို့ကြောင့်လည်း. . .

ငေါ်ကေ့ဝမ်နှင့် ချမ်းမိန်တို့ သမီးရည်းစားဘဝ မရောက် ခင် အခြေအနေမှာတုန်းက တဝေရှင်းမှာ စိတ်လှုပ်ရှားခြင်း မရှိလှ။ သူတို့နှစ်ဦး တွေ့ဆုံချင်ကြသည့်အခါ ငေါ်ကေ့ဝမ်ကပဲ နိုင်းနိုင်း ချမ်းမိန်ကပဲ ပြောပြော တဝေရှင်းက ကြားက အကျိုးတော်ဆောင် လုပ်ပေးခဲ့သည်။

နောက်ပိုင်း သည်လို အကျိုးတော်ဆောင်ပြီး လေတိုင်း တဝေရှင်း မျက်ရည်သွယ်ခဲ့ရသည်။

တစ်နေ့မှာ လွှေအဒေါ်က တဝေရှင်းမျက်ရည်သွယ်နေသည်ကို တွေ့ရသည် ဖြစ်၍. . .

"သမီးလေး တဝေရှင်း ငိုနေတယ်။ ဟုတ်လား။ ဘာဖြစ်လို့ ငိုနေတာလဲကွယ်" ဟု မေးခဲ့သည်။

တဝေရှင်းက လွှေအဒေါ်ကို မိခင်အရင်းလို သံယောဇဉ်ကြီးမားခဲ့ပါလျက် သူမရင်ထဲရှိခံစားမှု၏ အကြောင်းရင်းကို အမှန်အတိုင်းမပြောခဲ့။

"အစ်ကိုကြီးချမ်းမိန် မမလေးငေါ်ကေ့ဝမ်နဲ့ အိမ်ထောင်ကျခဲ့ရင် ကျွန်မတို့နဲ့ လွှေအဒေါ်တို့လဲ အတူနေရတော့မှာ မဟုတ်ဘူးနော်"

ဟူသော စကားကိုသာ အလေးထား၍ ပြောလိုက်သည်။

သည်တော့. . .

လွှေအဒေါ်သည်လည်း မျက်စိလည် သွားသည်။ သည်ခလေးမ မိမိတို့သားအမိ အပေါ်တွင် သံယောဇဉ်ကြီးလှပါပေါ့ကောဟူသော အတွေးမျိုးသာ ရှိခဲ့သည်။

သူ့နှလုံးသားမှ ခံစားချက်ကို လုံးဝသိခွင့်မရခဲ့။ တကယ်တမ်းကျတော့လည်း မျှားနတ်မောင်လေး၏ဘဝမှာ တကယ်ပဲ သနားဖွယ် အဖြစ်မျိုးနှင့် ကြုံဆုံခဲ့ရသည်ဟု ဆိုရမည်သာ ဖြစ်သည်။

ထို့ကြောင့်လည်း. . .

တဝေရှင်းသည် ချမ်းမိန်နှင့် ငေါ်ကေ့ဝမ်တို့ လက်ထပ်သွားသည့် နောက်ပိုင်း. . .

စခန်းရွာမှာ အနေနည်းကသည် အားလျှင် စခန်းရွာအပြင်ဘက် ကျောက်ပန်းခတ် တောင်ခြေ တောတန်းမှာပဲ အချိန်





ုန် ခံခဲ့သည်။

အမှန်စင်စစ်. . .

ချမ်းမိန်တို့ အချစ်ဇာတ်လမ်းမှာလည်း သာယာဖြောင့်ဖြူး ှသည်တော့မဟုတ်။ အဖွဲ့လူကြီးတွေက မိမိတို့ မွန်ဂိုသွေးကို မွန်ဂို းသွေးနှင့်ပဲ အကြောင်းဆက်ပေါင်းဖက် စေချင်သည်။

ချမ်းမိန်ုိ သဘောမတူ ယုံကြည်လှသည်လည်း မရှိခဲ့ ာစာဝလျှင် ဌာနေပျံ့ချေမည့် လူတစ်ယောက်ဟု သူတို့အထင်ရှိ ည်။

တဝေဖုန်းကမူ ချမ်းမိန်တို့ဘက်မှာ ကောင်းကောင်းရပ် ည်။ သူတို့နှစ်ယောက် သာယာသော ဘဝတစ်ခုတည်ထောင်နိုင် ရေးကိုသာ အဓိကထားခဲ့သည်။

❑✣❑✣❑✣

## နေရာမှောင်းမို့ လွှန်အောင်းမေ့တာ

ချမ်းမိန်နှင့် ငေါ်ကျော့ဝမ်တို့ အကြင်လင်မယားဘဝသို့ ရောက်ရှိခဲ့သည်ဟု ဆိုသော်လည်း ဖြတ်သန်းလာခဲ့ရသော ဘဝလမ်းမှာကား သာယာဖြောင့်ဖြူးသည် မဟုတ်။

တဝေဖုန်းနှင့် ငေါ်ကျော့ဝမ်၏ ဖခင်ကြီးငေါ်ကျော့ချမ်းတို့က လက်ခံလာသည့်တိုင် မွန်ဂိုခရီးရှည်သွားအဖွဲ့လူကြီးများကသဘောတူ လက်ခံခြင်းမရှိခဲ့ ချမ်းမိန်နှင့် ငေါ်ကျော့ဝမ်တို့ လက်ထပ်တော့မည်ဟူသော အခြေအနေ နီးစပ်လာ လေလေ သူတို့က ကန့်ကွက်လာလေလေ ပြုလုပ်လာကြသည်။

အဖွဲ့လူကြီးများဘက်က မှားနေသည်ဟု ပြောရန်လည်းခက်နေသည်။

အကြောင်းမူကား. . .

သည်လို တစ်စိမ်းတရံစာရွှေ၏ သည်များနှင့် မိမိတို့ အမျိုး





းကလေးတွေ့ကြုံဆုံဖူးသည် ဇာတ်လမ်းတွေ အမြောက်အများ ့းသည်။

ရွှေစည့်သည်ကလေးတွေ အားလုံးရှေ့ပိုင်းမှာတော့ မရခင် ိုလိပ် ထိပ်ပေါ်တင် ဆက်ဆံခဲ့ကြသည်။

နောက်ပိုင်း သူတို့ အားလုံး မိမိတို့ မျိုးနွယ်စု မိန်းကလေး ကို သားတွေသမီးတွေ ရကာမှ မေ့ချန်ထားရစ်ပြီး အစာဝတော့ နပျံသည့် ငှက်လို ဆက်ဆံခဲ့ကြ သူတွေ ရှိဖူးသည်ပဲ သည် ့. . . .

သည်ပုတ်ထဲကပဲ သည်လိုပဲ အမျိုးအစားဖြစ်မည်ဟု အဖွဲ့ ီးတွေတွက်သည်မှာ မှန်သည်။

မည်သို့ဆိုစေ ကာယကံရှင်နှစ်ဦးဖြစ်ကြသော ချမ်းမိန်နှင့် ကျော့ဝမ်တို့ ကိုယ်တိုင်က လက်ခံယုံကြည်နေပြီ ဆိုသောအခါ. . .

အဖွဲ့လူကြီးတွေ အားလုံး လက်လျှော့လိုက်ရသည်။

သည်နှစ်မှာ. . . .

ချမ်းမိန် မိခင်လွေချင်းဝေ ကျန်းမာရေး အလွန်ညံ့ခဲ့သည်။

ုံးလေးကြိမ်လောက် သေတွင်းနှုတ်ခမ်းပေါ်လောက် ာက်လိုက် ဖြစ်နေသည်။

နောက်ဆုံး မိမိတို့ အရပ်ဒေသ တစ်ဝှမ်းလုံးရေတွေခဲကာ နေရာသွားသွား ရေခဲပြင်တွေချည်း ဖြစ်နေသာ အချိန်တွင် ိန်၏ မိခင်ကြီး လွေချင်းဝေ ကွယ်လွန်ခဲ့သည်။

ထိုအခါ. . .

ချမ်းမိန်တို့သည် ငေါ်ကျော့ဝမ် ဖခင်ကြီး ငေါ်ကျင့်ဝမ်က လှည်းတစ်စီးကို မင်္ဂလာလက်ဆောင်အဖြစ် ပေးသည်။

ထို့နောက်. . .

ဖခင်ကြီး ငေါ်ကျော်ချမ်းသည် မွန်ဂိုခရီးရှည်သွားအ ခွဲထွက်သွားသည်။ ဤကဲ့သို့သော အုပ်စုများ၏ အစဉ်အလာ ဓလေ့ပင် ဖြစ်သည်။

အများစုသည် အခုလို သင့်တင့်သော အရပ်ဒေသမျိုး စခန်းချ၍နေကြပြီး တစ်ဦးချင်း တစ်ယောက်ချင်း သို့မဟုတ် လင်မယားအတွဲများသည် မြင်းလှည်းတစ်စီးဖြင့် အရပ်တကာလှ လှည့်သွားလာနေသည်။

မိမိတို့ တတ်မြောက်သော ပညာရပ်များဖြင့် ကြုံသ အသက်မွေးဝမ်းကျောင်းမှု ပြုသည်။

သည်လိုနှင့် ချမ်းမိန့်တို့ လင်မယားသည် တဝေဖုန်း မောင်နှမနှင့်လည်း ဝေးကွာခဲ့ကြရသည်။

ချမ်းမိန့်သည် ငေါ်ကျော့ဝမ် အပေါ်တွင် အလွန်ချစ်သ အလွန်ကြင်နာခဲ့သည်။

မိမိ၏ သိုင်းပညာရပ်များကိုပင် မချန် သိုင်းသမားဘဝ လည်း စွန့်လွှတ်လိုက်သည်။

သည်လိုလှည့်လည် သွားလာရင်းကပဲ ချမ်းမိန့်နှင့် ငေါ်ကျော့ဝမ်တို့၏ ဘဝအိမ်ထဲသို့ သားကလေး ချမ်းလီဝင်ရောက်လာ ခြင်းပင် သားကလေး ချမ်းလီကို ငေါ်ကျော့ဝမ် မွေးဖွားသော အ မှာ အနောက်တရုတ်ပြင်လယ်ကမ်းခြေမှာ ဖြစ်သည်။

သားကလေးချမ်းလီ မွေးတာမှ ငေါ်ကျော့ဝမ်မှာ မကျ မမာ ဖြစ်ခဲ့သည်။ ရောဂါကို ချမ်းမိန့်ကုသနေသည့်ကြားကမှ ငေါ်ကျော့ဝမ်မှာ ချုပ်ငြိမ်းရက် တွယ်လွန်ခဲ့ရ ဖြစ်သည်။





သည်တော့လည်း ချမ်းမိန့်သည် ငေါ်ကျော့ဝမ်ကို အနောက် တိပင်လယ်ကမ်းခြေ တစ်နေရာမှာ ကျောက်တုံးကျောက်ခဲများ ငေါ်ကျော့ဝမ်၏ သင်္ချိုင်းကျောက်ပုံ တစ်ခုကို အကျအန လုပ်ပေး သည်။

သားဖြစ်သူချမ်းလီမှာကား အဲဒါလည်းရှုပဲ ရှိမည်။ လူ့လော အကြောင်း သူသည်ဘာမျှ မသိရသေး။

သူ့အမေ ကျောက်ဆုံးပုံသင်္ချိုင်းကိုပဲ သားငယ်ချမ်းလီသည် ရယ်ညာရယ်မသိ။

အငေးသားကြည့်နေသည်။

ချမ်းမိန့်သည် ဇနီးသည်ကိုယ်စား ရလိုက်သော သားက ချမ်းလီကလေးကို 'ပွေ့ပိုက်ကာ. . .

"မြော်. . . သားလေးရယ် အမေနဲ့ သားဘယ်သူ့ကံက အ ကျောက်ညှံ့နေသလဲ မသိပါဘူးကွာ"

ဟု ပြောခဲ့သည်။

သည်တုန်းက ချမ်းမိန့်သည ယောက္ခမကြီးက လက်ဆောင် သော မြင်းလှည်းကလေးဖြင့် ကျောက်ပန်းခတ် စခန်းရွာက သို့ တစ်ခေါက်ပြန်လှည့်လာခဲ့သည်။

ပြန်လှည့်လာသည်မှာ ယောက္ခမကြီးအား အကျိုးသင့် ကြောင်းသင့် ပြောကြားအသိပေးလို၍ ဖြစ်သည်။

တဝေဖုန်းတို့ မောင်နှမကို အရင်ပြန်လည်ဆုံတွေ့လို၍ သည်။

သို့နှင့်. . .

ချမ်းမိန့်သည် ကျောက်ပန်းခတ်တောင်ခြေ စခန်းရွာ

ကလေးမှ ထွက်ခွာသွားစဉ်က မြင်းလှည်းကလေးတစ်စီးနှင့် လူနှ
ဖြစ်၏။

ယခု. . .

ဟိုအဝေး အဝေးမှ. . . ကျောက်ပန်းခတ်စခန်းရွာက
ကို ပြန်လည်ရောက်ရှိလာတော့လည်း မြင်းလှည်းကလေး တ
ပြီးတော့. . . လူနှစ်ယောက်ပင်။

သည်လူနှစ်ယောက်မှာ ချမ်းမိန်နှင့် ငေါ်ကေ့ဝမ်မဟု
ချမ်းမိန်နှင့် ငေါ်ကေ့ဝမ်၏ ကိုယ်စားသားကလေး ချမ်းလီသာ
ပါ၏။

"ခလောက်. . . ခွပ်"

"ခလောက်. . . ခွပ်"

"ခလောက်. . . ခွပ်"

ပေါင်းမိုးအရှေ့ ပိတ်တံခါး အနောက်ပိတ်တံခါး အ
ရောင်တွေ ခြယ်ကာ ချုပန်းချုနွယ်တို့သည် ဟင်အလှခြယ်ထား
ငေါ်ကေ့ဝမ်၏ မြင်းလှည်းကလေး ကျောက်ပန်းခတ် စခန်းရွာ
သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီ။

ခုနှစ်-နှစ်တာ အချိန်ကာလသည် ဘာမျှမကြာလှ
လည်း အခြေအနေတွေကများစွာ ပြောင်းလဲခဲ့ပြီ။

စခန်းရွာအတွင်းသို့ ဝင်ရောက်လာသည်နှင့် တဝေဖု
မောင်နှမအရင်ဆုံးခရီးဦး ကြိုပြုလိမ့်မည်ဟု အတွေးရောက်
သော်လည်း. . . . အတွေးစိတ်ကူးသည် အတွေးစိတ်ကူးမှာပဲ
သည်။

အကြောင်းမူကား တဝေဖုန်းတို့မောင်နှမကို မတွေ့ရ





ကြွခွင့်ပါပေ။

တဝေဖုန်းနှင့် တဝေရှင်းတို့ မောင်နှမနှစ်ယောက်သည်
ခဲ့သဖြင့် အဝေးကျန်ဘဝများမှာ ရပ်တည်နေကြပါမည်လား။

အစ်ကိုကြီး ဖြစ်သူ တဝေဖုန်းသော်လည်းကောင်း နှမဖြစ်
တဝေရှင်းသည်လည်းကောင်း တစ်ယောက်ယောက်ကတော့ အိမ်
ထောင်ပြုလောက်ပြီဟု ချမ်းမိန် အတွေးရောက်ခဲ့သည်။

တစ်ဦးနှင့်တစ်ဦး

တစ်နေရာနှင့် တစ်နေရာ

အလှမ်းကွာဝေးခဲ့သည်မို့ တစ်ဦး၏ သတင်းစကားကို
ဦးမကြားသိခဲ့ရ။

တဝေရှင်း တစ်ယောက်အိမ်ထောင်ကျပြီလား။

သည်မိန်းကလေး ဟိုတုန်းကတော့ အပျိုဖော်ဝင် မဝင်
သား နေရာတကာအကဲခတ်လိုက်သည်မှာလည်း လွန်ပါရောလား။

"အခုလောက်ဆိုရင် တဝေရှင်းတည်ငြိမ်ရင့်ကျက်နေပြီပဲ
သားသမီးတောင်ရလောက်ပါပြီ။"

"ခလောက်. . . ခွပ်"

"ခလောက်. . . ခွပ်"

"ခလောက်. . . ခွပ်"

ကျောက်ပန်းခတ်စခန်းရွာကလေးသို့ မဝင်မီ မြက်ခင်းစိမ်း
ထင်းရှူးရိပ်တန်းတောင်ကုန်းကလေးအရောက်တွင် ချမ်းမိန်
သည် မြင်းလှည်းကို ရပ်လိုက်သည်။

"ကျွီ. . ."

"ရှပ်. . . ရှပ်. . . ရှပ်"

ထို့နောက်. . .

မြင်းလှည်းပေါ်က ချမ်းဖိန်သည် သားချစ်လီကလေး အတူ ဆင်းလာသည်။ ပြီးတော့ မိခင်လွှေချင်းဝေ၏ ဂူသင်္ချိုင်း လျှောက်သွားကာ. . . အသင့်ယူဆောင်လာသော ပန်းစည်း စည်းကို အုတ်ဂူသင်္ချိုင်းပေါ်တွင် အသာအယာတင်ထား လိုက်သည်။

"သားလေး. . . ချမ်းလီ"

"ခင်ဗျာ. . အဖေ"

"ဒီအုတ်ဂူသင်္ချိုင်းဟာ မင်းအဘွားရဲ့ အုတ်ဂူသင်္ချိုင်း ဝပ်ပြုနော် ဆုမွန်ကောင်းလဲတောင်းရတယ်"

"ဟုတ်ကဲ့ပါ အဖေ"

နှင်းပွင့်ဝေ ပျံ့ဝဲလွင့်မျောနေသည့်ကြားတွင် ချမ်းဖိန် သားအဖသည် ဝပ်ပြုခြင်း ဆုတောင်းမေတ္တာ ပို့သပေးခြင်း အ ကိုပြုပြီး တောင်ကုန်းကလေးပေါ်မှာ ပြန်ဆင်းလာသည်။

မြင်းလှည်း ပေါ်ပြန်တက်သည်။ ပြီးတော့ ကျောက် ခဲတ်စခန်း ရွာကလေးသို့ ဝင်သည်။

ယောဘုယျအမြင်မှာကတော့ ပြောင်းလဲခြင်းမရှိဟု ထ ရာပင်။

ပေါင်းမိုးပါသော မြင်းလှည်းတွေ အသေရပ်ထားကြသ မှာလည်း ဟိုအရင်က အတိုင်းပင် အဖီများဆွဲချထားပြီး ထိုအော တွင် မီးနိုးတလူလူချက်ပြုတ်စားသောက်နေကြသော မွန်ဂိုမျိုး စု မိသားစုတို့မှာလည်း မထူးခြား။

မွန်ဂိုကလေးတွေက ပြေးလွှား ဆော့ကစားနေကြသည်





ဝက်တွေ၊ ကြက်တွေ၊ မြင်းတွေ၊ နွားတွေ အလုံးအရင်းကြီး ချူတွေ အားလုံးသည် မပြောင်းလဲ သို့သော်. . .

အဖွဲ့လူကြီးပေါ်ကော့ချမ်းကိုလည်း မတွေ့ရ။

ဟံဝေဖုန်းနှင့် ဟံဝေချင်း မောင်နှမလည်း အငဝံရောက် သည်ဟု ဆို၏။

ပြော. . . ပေါ်ကော့ဝဝိန့် စန္ဒီတို့ နေရာဒေသမှာတော့ပါ သား။

## အခန်း (၈)

## နေရာဟောင်းက လွမ်းပုံမြင်

နေရာဟောင်းကို ပြန်လည်ရောက်ရပြန်တော့လည်း...

အတိတ်ပုံရိပ်တွေက ချမ်းမိန်ကို အသပ်... အသစ် ... လည်ဖြစ်စေခဲ့လေသည်။

ဦးစွာပထမတွေ့လိုက်ရသော ပြန့်ကြဲနေ သည့် မြင်းလှ... တွေ ရှက်ထည်တဲတွေ မွန်ဂိုမိသားစုတွေ။ ခွေးတွေ၊ ဝက်တွေ၊ ... တွေ မီးခိုးတလူလူထွက်နေသော မီးဖိုတွေပြီးတော့ ကောင်းက... ဆီးနှင်းမြူပုန်တွေမှာ မီးခိုးတွေကြာမြင့်စွာ ဆိုင်းထင်နေသည့် အ... အငွေ့တွေ။

ဒါတွေအားလုံး အရင်ချမ်းမိန်တွေ ဖူးမြင်ခဲ့သည့် အတိုင်း... ပင်...။

သည်တော့လည်း...

ချမ်းမိန်က မိမိချစ်ဇနီးချောကလေး ငေါ်ကော့ဝမ်ကို မွှ...



တွေထဲမှာ လိုက်ရှာနေမိသည်။

သူတို့တွေက ချမ်းမိန်ကို မသိကြတော့ပြီး သိသူခင်မင်ခဲ့သူတွေက ချမ်းမိန်ကို နှုတ်ဆက်ကြသည်။

ဤခရီးရှည်သွား မွန်ဂိုများက ချမ်းမိန်သာလျှင် မိမိတို့လူမျိုးနွယ် တာဝေရှင်းနှင့် အတူ ရောက်ရှိလာကြ၍ ကြည့်နေကြခြင်းဖြစ်သည်။

ဤသည်ပင် တာဝေရှင်းက ဘာတွေပြောပြီး ကျန်နေသည် မသိ နောက်တွင် ကျန်နေခဲ့သည်။

ချမ်းမိန် အတော်ကလေး ရောက်တော့မှ တာဝေရှင်း ပြေး၍ လိုက်လာသည်။

ချမ်းမိန်က...

"ဘာတွေပြောနေတာလဲ"

"ဟုတ်တယ်... ကျွန်မတို့ဆီမှာကတော့ ဘာမှ ပြောင်းလဲလှတယ် မရှိပါဘူး။ အကြီးအကဲတွေ အတော်များများကတော့ သေကုန်ကြပါပြီ"

"အကြီးအကဲတွေဆိုလို့ ကျုပ်နဲ့ ငေါ်ကျင့်ဝမ်လက်ထပ်တုန်းက ကန့်ကွက်ခဲ့တဲ့အဘိုးကြီး ကျန်အန်းပေါင်ရောရှိသေးရဲ့လား"

"မရှိတော့ဘူး ဟိုတစ်နှစ်ကလူကြီး ရောဂါနဲ့ပဲ ကွယ်လွန်သွားရှာတယ်"

"သူ့သားသမီးတွေရော ကျန်မှာပေါ့"

"အင်းပေါ့ ဒါပေမယ့် သူ့မှာသားတစ်ယောက်ပဲ ကျန်တာပါ သူ့သားကျန်ထန်းငှက်ကို အဖေ့ရဲ့အကြီးအကဲနေရာကို ပေးထားလိုက်တယ်လေ"

"အစဉ်အလာတစ်ခုကျနေတာပဲလေ"

"မိန်အစ်ကို သိတဲ့အတိုင်းပဲလေ"

မိမိတို့မှာ လမ်းလျှောက်ရင်း စကားပြောလာခြင်း ဖြစ်သည်။

သည်တော့...

ပွန်ဂိုမိသားစုတွေက ကိုယ့်အလုပ်ကိုယ်လုပ်နေကြပေမယ့် ချမ်းမိန်နှင့်တဝေရှင်း လမ်းလျှောက်လာသည်ကို အကဲခက်ကြည့်နေကြသည်။

လူရွယ်တစ်ယောက်ကတော့ ချမ်းမိန်အား စူးစူးစိုက်စိုက် ကြည့်ပြီး နောက်တွင် ကျန်ရစ်၏။

တဝေရှင်းက ထိုလူရွယ်အား နှုတ်ခမ်းစူ ပြလိုက်သည်ကို လည်း ချမ်းမိန် ကြေလိုက်သည်။

ထို့ကြောင့်...

ချမ်းမိန်က...

"ဘယ်သူလဲ"

ဟု လှမ်းမေးလိုက်မိ၏။

တဝေရှင်းက ရယ်ကြကြလုပ်ပြီး...

"ခုနက ပြောတဲ့ ကျန်ထန်းငွေရဲ့သား ကျန့်စေပါ"

"ဪ... အဘိုကြီးကျန်အန်းပေါင်ရဲ့ မြေးပေါ့"

"ဟုတ်တယ်၊ သူက ကျွန်မကို လိုက်ကြိုက်နေတာ ကျွန်မက မကြိုက်ဘူးပြောလို့ မကျေမနပ်ဖြစ်နေတာ"

"ဪ... ဪ.."

အခုကျွန်မက မိန်အစ်ကိုနဲ့ အတူတွဲလျှောက်လာတာကို





ဘွ့တော့ ဒေါသွနေခဲ့တာပေါ့"

"မင်းက သူ့ကို ဘာဖြစ်လို့ ပြန်မကြိုက်ရတာလဲ"

"အို... ဘာလို့ပြန်ကြိုက်ရမှာလဲ သူ့ကို ကြိုက်နေတဲ့ ကောင်းမလေး ရှိသားပဲ"

"အဲဒီကောင်မလေးကို သူက မကြိုက်လို့နေမှာပေါ့"

"တော်ပါ မိန်အစ်ကိုရယ် ဒီအကြောင်းတွေ မပြောပါနဲ့၊ ငါးနေခက်တယ်"

တဝေရှင်းက တစ်ကယ်ပဲ သည်အကြောင်းပြောချင်ဟန် မတူစကားကို ဖြတ်လိုက်သည်။

ထို့နောက်...

သူတို့မြင်းလှည်း အိမ်ကလေးသို့ ရောက်လာသည်။

အဒေါ်အဘွားကြီးက ချက်ပြုတ်နေသည်။

အဘွားကြီးက ချမ်းမိန်ကို တွေ့သောအခါမမှတ်မိ။

တဝေရှင်းက ရှင်းလင်းပြောပြတော့မှ မှတ်မိသည် မှတ်မိသည်ဆိုသည်ပင်...။

ကောင်းကောင်းမှတ်မိသည်တော့ မဟုတ်။

"အစ်ကိုကြီး ဖုန်းရော"

ဟု တဝေရှင်းက မေးသောအခါ...

အဘွားကြီးက...

"စောစောက ထွက်သွားတာပဲ အမဲလိုက်ထွက်သွားတာ ဖြစ်မှာပေါ့"

ဟု ပြောကာ သူ၏ အလုပ်လက်စအလုပ်တွေကို ဆက်လုပ်နေသည်။ တဝေရှင်းက ချမ်းမိန်စားဖို့ သစ်သီးတွေချပေးရင်း...

"ရောစားဦး"

ဟု ပြော၏။

ချမ်းမိန်ကလည်း ဤဒေသထွက်သစ်သီးတွေ မစားရသည်မှာ ကြာသည်နှင့်. . . ချက်ချင်းပဲ ကောင်ယူစားလေသည်။

စားနေရင်းက. . .

"ဒါနဲ့ ကျုပ်ယောက္ခမကြီးငေါ်ကေ့ချမ်းရှိလား"

ဟု မေးလိုက်လေရာ. . .

တဝေရှင်းက ချမ်းမိန်အန်းထိုင်ကာ. . .

"မရှိဘူး မိန်အစ်ကို သူက ဗာရင်ဆိုဒီမှာရှိခဲ့တယ် မိန်အစ်ကိုတို့သားအဖ ပြည်မကို ပြောင်းသွားကတည်းက သူလဲ သွားလိုက်လာလိုက်ပဲ"

"ကျန်းမာရဲ့လား"

"ဦးကြီးငေါ်ကေ့ချမ်းကတော့ ကျန်းမာပါတယ်။ သိပ်မကျဘူး။ သူ့သမီး မိန်အစ်ကိုရဲ့ မိန်းမ မမငေါ်ကျင်ဝမ်းကွယ်လွန်ခဲ့တဲ့ အရှေ့ဘက်ပင်လယ်ကမ်းကိုတော့ သူနှစ်တိုင်းလို သွားတယ် မိန်အစ်ကို"

သည်လိုကြားသိလိုက်ရသောအခါ. . .

ချမ်းမိန်စိတ်ထဲမကောင်းပဲ ဖြစ်သွားသည်။

"သူက သူ့သမီးကို အတော်ချစ်ရှာတာ"

ဟုပဲ ပြောလိုက်သည်။

အရှေ့ပင်လယ်က အဘိုးကြီး ငေါ်ကေ့ချမ်း သံသေတ္တာ တစ်လက်ရရှိလာပြီး. . . သူ့မြေးချမ်းလီကို ပေးရာမှ အခုလို အဖြစ်အပျက်တွေဖြစ်ပျက်လာသည့် အကြောင်းကိုကား ချမ်းမိန်က. . .





မပြောပဲ ထားလိုက်သည် လောလောဆယ် တဝေရှင်းကိုသည်း အသိမပေးချင်သောကြောင့်ပင်။

"မိန်အစ်ကို့ကို ပြောရဦးမယ်"

တဝေရှင်းက ထူးထူးခြားခြား စကားတစ်ခွန်းကို ပြောလိုက်သဖြင့်. . . ချမ်းမိန်က တဝေရှင်းကို ကြည့်လိုက်သည်။

"မိန်အစ်ကိုရဲ့ မိန်းမ မမငေါ်ကျင်ဝမ် မောင်းနှင့်ခဲ့တဲ့ မြင်းလှည်းကို ကျွန်မတို့ မောင်နှမ သိမ်းထားပါတယ်"

ဟု ပြောလိုက်လေရာ. . .

ချမ်းမိန်မှာ အလွန်ပဲ အံ့သြ၍သွားလေသည်။

"ဒီလောက်နှစ်တွေကြာနေတာ မပျက်သေးဘူးလား"

"မပျက်သေးဘူး နည်းနည်းပါးပါးပျက်စီးသွားတာကို တော့ အစ်ကိုကြီးဖုန်းက ပြင်ထားရတာပေါ့။ ဒါပေမယ့် အစ်ကိုကြီးဖုန်းဟာ ဘာဖြစ်လို့လဲ မသိဘူး။ မသုံးဘူး"

"အခုရှိလား"

"ရှိတယ် အနောက်ဘက်ပိုင်းမှာထားတယ် မိန်အစ်ကို သွားကြည့်ချင်လို့လား သွားကြည့်လေ"

သည်တော့လည်း. . .

ချမ်းမိန်စိတ်ထဲက ငေါ်ကျင်ဝမ်၏ မြင်းလှည်းကို သွားကြည့်ပြီး စိတ်ထဲဝေဒနာတွေ အသစ်ဖြစ်ရမည်ကို တွေးပြီး. . .

ဝေခွဲမရဖြစ်နေသည်။

တဝေဖုန်းကတော့. . .

"မိန်အစ်ကို သွားကြည့်ဖို့ကောင်းပါတယ် အမှတ်တရဆိုလို့ ဒီမြင်းလှည်းကလေးတစ်ခုကျန်ခဲ့တာ မဟုတ်လား"

ဟု ပြောလိုက်သောအခါ. . .

ချမ်းမိန့်ထိုင်ရာမှထ၍ လျှောက်လာခဲ့မိပါတော့၏။

တဝေရှင်းအငေးသား ကျန်နေခဲ့မည်ဖြစ်သည်။

ထိုအခိုက်. . .

မွန်ဂိုကလေးတစ်ယောက် မိမိထံ ပြေးလာပြီး. . . ဖြတ်ကျော်သွားလေရာ မိခင်က ပြေးလိုက်သွားသည်ကို တွေ့လိုက်ရ၏။

ငေါ်ကျင်ဝမ်လည်း သည်လိုဘဝမျိုးတွေမှာ ရှိခဲ့ဖူးသည် မဟုတ်ပါလား။

အတွေးစများဝေနေမိ၏။

ဆက်လျှောက်လာခဲ့ပါ၏။

❑✣❑✣❑✣



## အခန်း (၉)

## သွားတစ်လမ်း ပြန်တစ်လမ်း

မြင်းလှည်းမှာ ပေါင်းမိုးပါသော မြင်းလှည်းဖြစ်သည်၊ ရှေ့ ဘ် နောက်ပိတ်တံခါးတွေ တပ်ထားသည်။

ထိုရှေ့ပိတ်၊ နောက်ပိတ် တံခါးတွေကို အနီရောင်ခံပြီး အနက်ရောင် ကောက်ကြောင်းဖြင့် ပန်းခက်ပန်းနွယ်များကို အလှ ာပမွန်းချယ်ထား လိုက်ပါသေးသည်။

မြင်းလှည်းမောင်းသည့်အခါ လှုပ်ယိမ်း လေတိုင်း သာယာ သာအသံကို မြည်တတ်စေသော ချိတ်ကလေးတွေ ချိတ်ဆွဲ ထားခဲ့ းသည့် ကြိုးစများကိုလည်း တွေ့နိုင်ပါ၏။

အမှန်တော့. . .

ဤခရီးရှည်သွား မြင်းလှည်းများသည် ခရီးသွားနေသည့် ာချိန်၌သာ မြင်းလှည်းဖြစ်နေပြီး မြင်းကို ဖြုတ်၍စခန်းချသည်နှင့် ာမိုးအကာဖြင့် နွေးထွေးစွာ အိပ်စက်နိုင်သော အိပ်ခန်းဖြစ်ရ

လေတော့၏။

ချမ်းမိန်သည် မြင်းလှည်းကို စိုက်၍ ကြည့်နေသည်။

ဟိုတုန်းက ဟိုအခါက ဇနီးချောကလေးငေါ်ကေ့ဝမ်နှင့် ပျော်ပျော်ရွှင်ရွှင် ကြင်ကြင်နာနာ အကြောင်းဆက် ပေါင်းဖက်ခဲ့ကြသော ချစ်သူတို့၏ အိမ်ဂေဟာပင် မဟုတ်ပါကလား။

ပျော်စရာ အစုံညီ ဗိမာန်နန်း တစ်ခုဖြစ်ခဲ့ဖူးပါ။

အခုတော့လည်း. . . .

မိမိရှေ့တွင် တိတ်ဆိတ်ငြိမ်သက်လျက် မိမိအတွက် လွမ်းမောဖွယ်ရာ ကောင်းဆုံးသော အရာတစ်ခုဖြစ်၍ နေလေပြီတကား။

"ဟင်း. . . ဟင်း. . . ဟင်း. . . ဟင်း. . . "

ငေါ်ကေ့ဝမ်၏ ရယ်မောသံကို မြင်းလှည်းအတွင်းမှ ပေါ်ထွက်လာသည်ဟု ချမ်းမိန်တွေးထင်လိုက်မိ၏။

"ဟင်း. . . ဟင်း. . . ဟင်း. . . ဟင်း. . . "

"ဟော. . . ဒါသူ့ရယ်သံပဲ ဟုတ်ပါတယ် သူ့ရယ်သံပါ"

ချမ်းမိန်ကပြောပြောဆိုဆို မြင်းလှည်းနောက်ပိတ် တံခါးကို ဆွဲဖွင့်လိုက်သည်။

"တစ်. . . တစ်"

"ကျွီ"

"ဒေါက်"

"ဒေါက်"

မြင်းလှည်း နောက်ပိတ်တံခါးပတ္တာချက်များမှာ ကာလအတန်ကြာ သံချေးကိုက်နေပုံရသည်။

ပတ္တာကျပ်နေသည့် အသံ တစ်သံပေါ်ထွက်လာလေသည်။





မြင်းလှည်းပေါ် ချမ်းမိန်တက်၍ ထိုက်လိုက်လေသည်။

မြင်းလှည်းခေါင်မိုးအတွင်း၌ အခန်းကလေး တစ်ခန်းလို ...ဖြစ်နေသည်။

တောက်တိုမယ်ရ ပစ္စည်းပစ္စယအချို့ကို တင်ထားစရာစင်၊ ...ိတ်ဆွဲထားရမည့်ငုပ် စသည့်အရာများကား ခေါင်မိုးအတွင်း နေရာ...နှံ့မှာ ရှိနေသည်။

ဘုရားစင် နတ်စင်က အစ ခေါင်းမိုးအတွင်း ဖြစ်နိုင်သလို ...လုပ်ထားသည်ကို ခုမှချမ်းမိန် အသေအချာ ကြည့်ဖြစ်သည်။

မြင်းလှည်းခေါင်မိုးအတွင်းကျမ်းပြင် ပေါ်တွင် ကြိုးပြတ်...က် အချို့အဝတ်သံကြိုးမှ ထွက်ကျလျက် ဟိုတစ်လုံး သည်တစ်လုံး ...ကြနေလေသည်။

ချမ်းမိန်က ကြိုးပြတ်နေသော ပုလဲပုတီးတစ်လုံးကို ...ကောက်ယူလိုက်သည်။

"ဒီပုလဲပုတီးကုံးဟာ ငေါ်ကေ့ဝမ်ရဲ့ ပုလဲပုတီးကုန်း မဟုတ်...။ ကြည့်စမ်း ခုတော့လဲ သခင်မရှိတော့တာနဲ့ သည်ကြိုးတောင် ...တောက်နေပါပေါ့လား"

ဟု ပြောပြီး. . .

ပုလဲပုတီးကုံးအပြတ်ကို ချမ်းမိန်က လက်ဖဝါးနှစ်ဖက်မှာ ...လိုက်ပြီး ကပ်တင်နေသော ဖုံတွေသဲတွေကို မှုတ်ထုတ်လိုက်...သည်။

"ဖူး. . . ဖူး. . . "

"ငါ ဒီကိုလာခဲ့တာက ငါ့သားချမ်းလီရောက်နေသလား ...လာခဲ့တာအခုတော့လဲ သားချမ်းလီကို အရိပ်အယောင်မျှ မတွေ့

သေးဘူး၊ လွမ်းစရာတွေကသာ ငါ့ကို ဖုံးလွှမ်းလာပါလား"

ဟုပင်ချမ်းမိန်က အတွေးရောက်လိုက်မိ၏။

ပုလဲပုတီးကုံးများကို လက်မှာကိုင်ထားဆဲ။

"မိန်ကိုကို"

"မိန်ကိုကို"

ဟူသော အသံကို ချမ်းမိန်နားထဲကြားယောင်လာပြန်

"ငေါ်ကေ့ဝမ်ခေါ်သံ မဟုတ်လား"

ချမ်းမိန်ကား ရုတ်တရက်လှုပ်လှုပ်ရှားရှား ဖြစ်လာသ

ဟိုသည် လိုက်လံရှာဖွေကြည့်မိလျက်သား ဖြစ်သွားသ

"မိန်ကိုကို"

"မိန်ကိုကို"

ငေါ်ကေ့ဝမ်၏ ခေါ်သံကို ကြားလာရပြန်သည်။

"ကျွန်မက ဒီမှာပါ"

ဟု ပြောလိုက်သောအသံလာရာကို ကြည့်လိုက်သော ငေါ်ကေ့ဝမ်ကို မြင်းလှည်းခေါင်မိုးမှာ တွေ့မြင်လာရသည်။ မြ ပြတ်ထင်ထင်မဟုတ်။ အရိပ်လှိုင်းတွေ ထနေသည်။

"ငေါ်ကေ့ဝမ်"

"ငေါ်ကေ့ဝမ်"

ချမ်းမိန်သည် မိမိကိုယ်မိမိ မည်သို့ ခံစားနေရသည် မသိ ဖြစ်နေသည်။

ငေါ်ကေ့ဝမ်ဟု အထပ်ထပ်အခါခါ ခေါ်နေမိ၏။

သည်မှာ. . .

ငေါ်ကေ့ဝမ်က. . .





"ကျွန်မသားလေး ချမ်းလီအတွက် လက်ဆောင်ကောင်း စ်ခုပေးခဲ့မိတာကို ခွင့်လွှတ်ပါ မိန်ကိုကို"

"ကျွန်မ မိန်ကိုကိုတို့ သားအဖအခုလို စိတ်ဒုက္ခရောက် အောင် ဖန်တီးလိုတာမဟုတ်ပါဘူး"

"ကျွန်မသားလေး ချမ်းလီကို ချစ်လွန်းလို့သားလေး ချမ်းလီ ကြိုက်တဲ့ ဓားတစ်လက်ကို လက်ဆောင်ပေးခဲ့တာပါ"

"ပေးခဲ့တဲ့ လက်ဆောင်ဓားကိုထဲ ထူးခြားစေချင်လွန်းလို့ များနဲ့ မတူတစ်မူထူးခြားစေတဲ့ သံသေဓားကို ရွေးပေးခဲ့တာပါ"

"အခုတော့ ကျွန်မလက်ဆောင်ပစ္စည်းသံသေဓားဟာ ကိုကိုတို့သားအဖကို တစ်ကယ့်ကိုပဲ ဒုက္ခပေးနေခဲ့ပြီနော် ဒီ ွက် ကျွန်မကို ခွင့်လွှတ်ပါ မိန်ကိုကိုရယ်"

ငေါ်ကေ့ဝမ်၏ စကားသံကို ကြားနေဆဲမှာပဲ. . .

"ဟော့. . . ချမ်းမိန်"

"ချမ်းမိန်ရေ. . ."

ဟူသော အခေါ်သံကို ချမ်းမိန်ကြားလိုက်ရသည်။

ထိုအခါ. . .

ချမ်းမိန်မျက်စိထဲမှာ ရိပ်ခနဲ ဖြစ်သွားသလိုရင်ထဲမှာလည်း ာတာ ခံစားလိုက်ရသည် ထင်၏။

အတွေးစိတ်ကူးတွေက မိမိရှေ့ဝယ် ပုံရိပ်တွေပေါ်လာလေ း။ သို့မဟုတ်။

ခရီးပမ်း လာသူတစ်ဦး၏ စိတ်အနေ ဂယောက်ဂယက် လာလေသလား။

ချမ်းမိန်ကိုယ်တိုင် မသိလိုက်။

လက်ထဲတွင်ကား ပုလဲပုတီး ကုံး အပြတ်ကို ဆုပ်ထ
ဆုပ်ကိုင်ထားပါ၏။

ထိုအခိုက်. . .

မြင်းလှည်းနောက်ပိတ်တံခါးဝတွင် တဝေဖုန်း၏ မျက်မှ
ချမ်းမိန့်တွေ့ မြင်လာရပါလေတော့၏။

"ဟော့. . . ချမ်းမိန့်"

တဝေဖုန်း၏ အသံမှာ ဝမ်းသာအားရရှိလှသည်။

သည်တော့မှ. . .

ချမ်းမိန့်သည်လည်း မြင်းလှည်းပေါ်က ဆင်းလိုက်
တဝေဖုန်းကို ပွေ့ဖက်လိုက်လေသည်။ တဝေဖုန်းကလည်း ချမ်း
အား ပြန်၍ ပွေ့ဖက်ထားလိုက်သည်။

"တွေ့ရတာဝမ်းသာတယ် ချမ်းမိန့်"

"ငါလဲ ဝမ်းသာပါတယ် တဝေဖုန်း ဒါပေမယ့်"

စကားမှာ ရှေ့မဆက်။

တဝေဖုန်းက ချမ်းမိန့်စကားကို ဆက်ပေးလိုက်လေသည်

"တော်တော့ မင်းအခုမင်းရင်ထဲမှာ ဘယ်လို ခံစား
ရတယ် ဆိုတာငါနည်းလည်ပါတယ် ချမ်းမိန့်"

"ငေါ်ကျင့်ဝမ်ရဲ့ ပုလဲပုတီးကုံးလေ ကြည့်ပါဦး သိ
တောင်ပြတ်သွားပြီ"

"လောကမှာ အရာခပ်သိမ်းရွေ့လျားပြောင်းလဲကြ
ချည်းပဲ မဟုတ်လား"

"ငါတို့ရဲ့ဘဝရဲ့ ရွေ့လျားပြောင်းလဲမှုကတော့ ပိုမြန်
သလိုပဲ"





"စိတ်ထင်လို့ပါ။ ကဲ. . . လာတို့ဟိုဘက်လျှောက်ကြစို့"

တဝေဖုန်းကချမ်းမိန့်ကို မြင်းလှည်းရှေ့မှ ခေါ်ယူသွား
သည်။

မြင်းလှည်းစခန်းအပြင်ဘက် ရောက်သည်အထိ ချမ်းမိန့်
ားသံ တိတ်နေသည်။

တဝေဖုန်းက စကားစသည်။

"ချမ်းမိန့်၊ မင်းဒီကို ပြန်လာတာလား"

"မဟုတ်ပါဘူး။ ငါ့သားချမ်းလီဒီကို လာတယ်ကြားလို့
ာရှာတာ"

စကားကို အစချီကာ ချမ်းမိန့်က ကြုံဆုံခဲ့ရသည့် အဖြစ်
ျက်ကို အကျဉ်းချုံး၍ ပြောပြလိုက်လေသည်။

"ဒါကြောင့်အဘိုးကြီး ငေါ်ကေ့ချမ်း တစ်ခေါက တို့ဆီ
ရောက်လာပြီး မင်းတို့သတင်းမေးတာကို ငါကလဲ ပြောလိုက်မိ
ယ်လေ"

"အဘိုးကြီး ငေါ်ကေ့ချမ်းကို ငါတို့ဘယ်မြို့မှာ ရှိတဲ့
ကြောင်းကို ပြောလိုက်တာ မင်းကိုး"

"ငါကလဲ ပြောသင့် ပြောထိုက်တယ်ထင်လို့ မင်းတို့ရှိနေတဲ့
နေရာကို ပြောပြလိုက်မိတာပါ"

"မင်းမှာ အပြစ်တင်နိုင်တဲ့ အပြစ်မရှိပါဘူး၊ ဒီလိုဒီပုံ
ြစ်ချိန်တန်လို့ ဖြစ်ခဲ့ရတာပဲ"

"ချမ်းလီဘယ်ကိုသွားမယ် ထင်သလဲ"

"ဒီမှာမရှိရင် သူ့အဖိုးဆီကို လိုက်လာတာပဲ ဖြစ်ရမှာပေါ့"

"သူ့အဘိုးက ပြည်မကို ပြန်ရောက်နေတယ် မဟုတ်လား"

"ပြန်သွားတာ ကြာပြီ"

"ဒီအတိုင်းသာဆိုရင် အခုမင်းသားချမ်းလီကို ရှာရ...
ပဲပေါ့"

"ဟုတ်တယ် တစ်လခွဲအချိန်အတွင်း ငါသူ့ကို တွေ့မှ...
မယ်"

ချမ်းမိန်က အဆိပ်သင့်နေသည့် အကြောင်းကိုမူ ထုတ်...
မပြောသေးပါပေ။





## အခန်း (၁၀)

### မိုးတိမ်ကိုဏ်းချုပ်လေလား

သည်ညအအေးပိုသည်ဟု ဆိုသည်။

တဝေဖုန်းတို့စခန်းမှာ မီးလင်းဖို့အတွေ နေရာအနှံ့လင်း...
...နေသည်။ ချမ်းမိန်သည် တဝေဖုန်းတို့နှင့်အတူ မီးလှုံ၍ နေသည်
...ဝေရှင်းမှာ သူ့အစ်ကိုမနက်ပိုင်းက ဖမ်းလာသော ယုန်တစ်ကောင်
...ကို မီးတင်နေသည်။

တဝေရှင်းဘေးတွင် သူ့မအဒေါ်ယုံကဲ့ အဘွား ကြီးမှာ
...ောင်တစ်ထည်ပတ်လျက် မီးလှုံရင်ငိုက်မြည်း၍ နေ၏။

တဝေဖုန်းက. . .

"မင်းသားချမ်းလီကို ငါလဲလိုက်ရှာပေးပါ့မယ်"

ဟု ပြောလိုက်လေရာ. . .

ထိုစကားသံကို တဝေရှင်းကြားလိုက်သည်နှင့် လှည့်ကြည့်
...သည်။

ပြီးတော့ သူမကပါ. . .

"ကျွန်မလဲ လိုက်ရှာပေးပါရစေ အစ်ကိုကြီး"

"လုပ်ပြီ နင်က လိုက်ရှုတ်တာလား"

"ဒီလိုမပြောပါနဲ့ အစ်ကိုကြီးဖုန်းရယ်"

"သူလိုက်တော့လဲ ငါတို့ ရှာအားပိုသွားတာပေါ့"

"အားပိုကောင်းရင် တော်တာပေါ့ အားပိုစောင်းသွ
ဟုတ်ပေ့ရှိနေဦးမယ်၊ မင်းမှာ ချမ်းလီကို ရှာချိန်တစ်လခွဲပဲရှိတယ်

"တစ်လတောင်ကြာမယ်မထင်ပါဘူး တဝေဖုန်း တစ်
ဆိုတာလိုရမယ်ရပြောတာပါ"

"နေစမ်းပါဦး ချမ်းလီကို တစ်လခွဲအတွင်းမတွေ့
အောင်ရှာရမယ်လို့ မင်းကို ဘယ်သူကရာဇသံပေးလိုက်တာလဲ"

"ဒီအကြောင်းကို ငါမင်းကို နောက်မှ ပြောပါရစေကွ

"အခုဘာဖြစ်လို့မပြောနိုင်တာလဲ"

"မပြောနိုင်တဲ့ အခြေအနေတစ်ခုကြောင့်ပဲပေါ့"

ထို့နောက်. . .

"ဖျောက်. . . ဖျောက်"

"ဖျောက်"

မီးလင်းဖို မီးတောက်လောင်နေ၏။

"တုံ. . . "

အုန်မောင်းခေါက်သံ တစ်ချက်လေတွင် ပျံဝဲဖြတ်
သွားလေသည်။

ထိုစဉ်. . .

အနောက်ဘက်မြင်းလှည်းများမှ ခွေးဟောင်သံ





ပေါ်ထွက်လာ၏။

"ဝုတ်. . . ဝုတ်. . . ဝုတ်. . . ဝုတ်. . . "

"ဝေါင်း"

လှူသံများကိုလည်း ကြားလာရလေသည်။

တဝေဖုန်းက. . .

"လှူသံကြားတယ်၊ ခွေးတွေလဲ ထိုးဟောင်နေတယ်"

"ငါလိုက်သွားမယ် တဝေဖုန်း"

"အတူသွားကြမယ် မင်းတစ်ယောက်ထဲဆိုရင် လူများမှာ
စိုးလို့ပါ"

နှစ်ယောက်သားဓားကိုယ်စီဆွဲ၍ ထွက်လာခဲ့ကြသည်။

"ဝှစ်"

"ဝှစ်"

"ဟူး"

ကိုယ်ဖော့ပညာဖြင့် မြင်းလှည်းများကို ကျော်လွှားလာခဲ့
သည်။

"တဝေဖုန်းလားဟေ့"

"ဟုတ်တယ်၊ အဘ ဒီဘက်ကလှူသံကြားလို့ ဘာဖြစ်ကြ
တာလဲ"

အဘိုးကြီးတစ်ဦးက တစ်ဘက်သို့ လက်ညှိုးညွှန်ပြကာ. .

"မသင်္ကာစရာ လူစိမ်းတစ်ဦး တွေ့လို့ဟိုဘက်ကို ပြေးသွား
ပြီ"

"လာ. . . လာ. . . တဝေဖုန်း"

ချမ်းမိန်က ရှေ့ကအရင်ပြေးထွက်သွားလေသည်။

"ဝုစ်"

"ဟူး"

မြင်းလှည်းစခန်းအလွန် ချောင်းစပ်သို့ ရောက်လာသည်

မျက်နှာကို အဝတ်နက်စည်းထားသော လူတစ်ယောက်က ဆီးကြိုတိုက်ခိုက်လေသည်။

"ဝုစ်"

"ဝုစ်"

"ချွင်း. . . ချွင်"

"ချွမ်"

သိုင်းသမား၏ သိုင်းပညာမှာ အဆင့်မြင့်သည် တဝေဖုန်းနှင့်ချမ်းမိန်နှစ်ယောက်တိုက်ခိုက်သည်ပင် နောက်မဆုတ်ပဲ ကြံကြံခံလျက်ရှိနေသည်။

စွန်ရဲချမ်းမိန်က စွန်ရဲသိုင်းကွက်များကို ထုတ် သုံးသည်။

"တဝေဖုန်း မင်းနောက်ဆုတ်"

မှန်သည်။

စွန်ရဲသိုင်းကွက်တွေက တစ်ကိုယ်တော် ဓားသမားများ လျှို့ဝှက်သိုင်းကွက်တွေဖြစ်သည်။

နှစ်ယောက်ပူးပေါင်း တိုက်ခိုက်ရ သောသိုင်းကွက်မဟုတ်။

"ချွင်. . . ချွင်"

"ချလံ. . . ချလံ"

"ထပ်"

ခုမှ. . .

စွန်ရဲချမ်းမိန်၏ စွန်ရဲသိုင်းကွက်တွေက အကွက်မိလာ





သည်။ အချိတ်၊ အဆောက်၊ အပက်၊ အဝိုက်၊ အပင့်၊ အဆွဲ ဟန်ချက်ညီသည်။ လျှင်မြန်မှုက အရိပ်လိုင်းတွေထစေသည်။

"ဝုစ်"

"ဝုစ်"

"ဗိုး"

"ယား"

"ဟိုင်း"

ဓားချက်တွေက အလွန်ပြင်းထန်သည် တစ်ချက်ချက် ဗိုးနဲ့ ဟူးခနဲ ဖြတ်သွားသော ဓားချက် ဓားရှိန်များမှာ တစ်ချက်ဆိုသည်လောက် ကြောက်မခန်းလိလိ ဖြစ်နေသည်။

"ဝုစ်"

"ရွမ်း"

"ဟူး"

"အား"

မျက်နှာအဝတ်နက်စည်းထားသူ၏ ပခုံးတွင် ဓားတစ်ချက်ထိသွားလေပြီ။ ဒဏ်ရာရမှန်းသိသည်နှင့် နောက်ဘက်သို့ ခြေတစ်လှမ်းခုန်၍ ဆုတ်သွား၏။ တဝေဖုန်းသည် ချမ်းမိန်၏ သိုင်းပညာစွမ်းရည်ကို ကြည့်ပြီး အံ့သြနေသည်။

သို့သော်. . .

ရန်သူသိုင်းသမားနောက်ဆုတ်ထွက်ပြေးမည့်ပုံ မပေါ်ဒဏ်ရာရလိုက်သည့်အတွက် အခဲမကျေဖြစ်လာသည့်ဟန်။

"ဝုစ်. . . ဝုစ်"

"ချလံ"

"ယား"

"ထန်"

"ချွမ် . . . ချွမ် . . . ချွမ်"

ဓားချင်းထိခတ်ရာမှ မီးပွင့်များထွက်နေသည်မှာ ဖြာခနဲ ဖြာခနဲ။ နောက်ထပ် . . .

သိုင်းကွက်ငါးဆယ်အထိ ဆက်လက်တိုက်ခိုက်ရင်း တောင်ကုန်းပေါ်မှ ချောင်းစပ်သို့ ရောက်မှန်းမသိ ရောက်သွားလေသည်။

"ချွမ်း"

"ထန်"

ရန်သူ၏ပြန်ဓားချက်ဖြင့် ချမ်းမိန်မှာဟန်ချက် တစ်ချက်ပျက်သွားလေရကား . . .

ပျက်သွားသော ဟန်ချက်ကိုပြင်သည့်အနေဖြင့် . . .

နောက်သို့ ဂျွမ်းပစ်ပြီးဆုတ်လိုက်သည် ကောင်းလိုက်သည့် ဂျွမ်း။

လက်ထဲဓားကိုင်လျက် ကောင်းကင်သို့တစ်ပတ်လည်လျက် မြောက်တက်သွားလေသည်။

"ဖျပ်"

ပြန်ကျသည့်မှာ ကြောင်ရိုင်းတစ်ကောင်ပင်၊ အောက်ရောက်မှ ချမ်းမိန်သည် ရန်သူ၏ လက်ဝါးရိုက်ချက်ကို ခံလိုက်ရကြောင်းသိသည်။

ရင်ဝမှာ ချက်ချင်းအောင့်လာသည်။ မည်မျှသော အတိုင်းအတာအထိ ခံလိုက်ရသည်ကိုမူ ယခုအတပ်မပြောနိုင်သေး။

စိတ်ထဲမှ . . .





"မျက်နှာ အဝတ်နက်စည်းထားတဲ့ သိုင်းသမားဟာ မိုးတိမ်နီဂိုဏ်းချုပ်များလား သူ့သိုင်းကွက်တွေက အတော့်ကို အဆင့်မြင့်တယ်"

"မိုးတိမ်နီဂိုဏ်းချုပ် ကျွန်းအန်းသာ ဖြစ်ခဲ့ရင်ငါသူ့ကို အနိုင်တိုက်ဖို့ မလွယ်ဘူး သူ့ရဲ့ ရေခဲနှင်းပွင့်သိုင်းကွက်ကို ထုတ်မသုံးတာကရော ဘာကြောင့်လဲ"

ချမ်းမိန်က အချိန်ကို ဆွဲ၍ တိုက်ခိုက်နေစဉ် . . .

"ဝုန်း"

တိုက်ကွင်းအလယ်သို့ သိုင်းသမားတစ်ဦးထိုးဖောက်ဝင်လာသည်။

"ဝှစ်"

"ဝှစ်"

"ထန်း . . . ထန်"

ထိုသိုင်းသမားမှာ တဝေဖုန်းဖြစ်သည်။

အခုမှ မျက်နှာအဝတ်စည်းထားသူက သိုင်းကွက်သစ်တွေကို မခင်းတော့ပဲ ရှုန်းထွက်ပြေးရန်ဟန်ပြင်နေသည်။

"ချမ်းမိန် နောက်ဆုတ်"

"ရတယ် တဝေဖုန်း . . . မင်းဘက်ကသတိထား"

ထိုစဉ် . . .

ရန်သူ သိုင်းသမားအမြင့်ခုန်ခုန်၍ ထွက်ပြေးသွားလေသည်။ ချမ်းမိန်ကပါ အမြင့်ခုန်၍ မှီရာအပိုင်းကို ရိုက်ချလိုက်၏။

"ဝုန်း"

ရန်သူသိုင်းသမားသည် မလွတ်သာသည့်အဆုံးလေထဲ၌

ပင်တစ်ပတ်ဂျမ်းထိုး၍ ဆင်းလိုက်သည်။

ချောင်း ရေထဲသို့ ကျသွား၏။

"ဗွမ်း"

"ဗွမ်း"

သိုင်းသမားနှစ်ဦးချောင်းရေထဲ ရောက်နေသည်။ ချမ်းမိန့်က ရန်သူ၏ ရင်ဘတ်ကို လက်ဝါးတစ်ချက်ရိုက်ထည့်လိုက်သည်။

"ဝုန်း"

သည်မှာ. . .

ရန်သူသိုင်းသမားက တိမ်းရှောင်ပြီး ရေထဲမှ ခုန်ပျံတက်သွားပြန်၏။

"ဝုန်း"

သည်တစ်ကြိမ်၌ ရန်သူသိုင်းသမားသည် ချောင်း၏ ဟိုဘက်ကမ်းသို့ ရောက်ရှိပြီး တောအုပ်အတွင်းသို့ ပြေးဝင်ပျောက်ကွယ်သွားလေတော့၏။

"မလိုက်နဲ့ ချမ်းမိန့်"

တဝေဖုန်း၏အသံ။

❑✢❑✢❑✢





## အခန်း (၁၁)

## သိုင်းလောက၏ သံသရာ

"မင်းက ငါ့ကို ဘာကြောင့် ဟိုသိုင်းသမားနောက်ကို မလိုက်နိုင်းရတာလဲ"

ချမ်းမိန့်က မေးလိုက်သည်။

တဝေဖုန်းက. . .

"ဒီရန်သူက ရန်သူအစစ်မှမဟုတ်ပဲ"

ဟု ပြောလိုက်လေရာ. . .

ချမ်းမိန့်သည် တဝေဖုန်း၏ စကားကို စိတ်ဝင်တစား ဖြစ်သွားသည်။

"မင်းကလဲ ရန်သူအစစ်မဟုတ်ဘူးရယ်လို့ စကားက ခပ်ခန်းဆန်းပဲ"

"ဒီလိုပါ အစကတော့ ငါလဲ တို့အုပ်စုထဲဝင်လာတဲ့ ရန်သူလားလားထင်ပြီး လိုက်တိုက်ခိုက်ခဲ့တာပဲ ဒါပေမယ့်"

တဝေဖုန်းက စကားကို ဖြတ်ထားသည်။

ချမ်းမိန်က. . .

"ဒါပေမယ့် ဆိုတာ ဘာဖြစ်လို့လဲ"

"ဪ. . . ရန်သူက မင်းကို အယောင်လာပြတဲ့ ရန်သူ ဖြစ်နေလို့ပေါ့"

တဝေဖုန်းစကားတစ်ခွန်းကြောင့် ချမ်းမိန်မျက်နှာ ထပ် ချက်ပျက်သွားသည်။

"မင်းထင်တာမှန်နိုင်ပါတယ် သူထွက်ပြေးသွားရင် လွတ် သွားပဲ ငါတို့ကို ပြန်လှည့်တိုက်တာကိုက စဉ်းစားစရာပဲ"

"ချမ်းမိန် မင်းနောက်ကို နောက်ယောင်ခံလိုက်နေတဲ့ လူရှိ သလား"

ချမ်းမိန်က အဖြစ်အပျက်အလုံးစုံကို ထုတ်ပြောမည်အပြု

"မိန်ကိုကို ဆေးစည်းရဦးမယ်လေ" ဟု ပြောလာသော တဝေရှင်းစကားကြောင့်. . .

ချမ်းမိန်မှာ စကားကို ဆက်မရပဲ ဖြစ်သွားသည်။

ညဘက်က လာရောက် တိုက်ခိုက်သွားသော ရန်သူ၏ လက်ချက်ကြောင့် ချမ်းမိန်မှာ ရင်ဘတ်တွင် အတွင်းဒဏ်ရာ ရရှိ ခဲ့သည် မဟုတ်လား။

တဝေရှင်းသည် ညက်နေအောင် ထောင်းချေ ထားသော ဆေးရွက်စုံ ကို အဝတ်တစ်ခုတွင် အချပ်လိုက်ကပ်ပြီး ချမ်းမိန်၏ ရင်ဝကို ကပ်ကာစည်းနှောင်ပေးရမည် ဖြစ်သည်။

ထို့ကြောင့်. . .

အစ်ကိုဖြစ်သူ တဝေဖုန်းကပဲ တဝေရှင်းလက်ထဲက အဝတ်





ဆေးရွက်စုံကို လှမ်းယူကာ. . .

"ပေး. . . ပေး. . . ငါစည်းပေးလိုက်မယ်"

တဝေရှင်းမှာ ချမ်းမိန်အား အနီးကပ်ကိုယ်တိုင်ဖိပြုစု ပေး ချင်သော်လည်း အခွင့်မသာဖြစ်ရလေတော့သည်။

ဆေးစည်းထားရင်း တဝေဖုန်းက. . .

"ဒီဆေးရွက်စုံဟာ တို့တွေရိုးရာဆေးတစ်မျိုးပဲ အလွန် စွမ်းထက်တာ ဘယ်လို အတွင်းဒဏ်ရာမျိုးမဆို တစ်ရက်နှစ်ရက် လွှန်ဆုံးပဲ ကင်းကင်းရှင်းရှင်းပျောက်နိုင်တယ်"

"ဒီဒဏ်ရာမမြန်ဆုံးပျောက်မှ ခရီးထွက်နိုင်မှာ တဝေဖုန်း . . ."

ဆေးပေါင်းစုံစည်းပြီးသောအခါ တဝေဖုန်းက. . .

"ခုနက မင်းငါ့ကို ဘာပြောချင်လို့လဲ ပြောပါဦး"

"ပြောရမှာဆိုရင်အရှည်ကြီးပဲ တဝေဖုန်းရေ ဇာတ်လမ်း ကတော့ ငေါ်ကျင့်ဝမ်ရဲ့ အဖေငေါ်ကေ့ချမ်းပဲ"

"အဘိုးကြီးငေါ်ကေ့ချမ်းက ဇာတ်လမ်းစတယ် ဟုတ်လား ဝင်စားစရာပဲ"

"စိတ်ဝင်စားစရာပဲ ဆိုပါတော့"

ထိုအခါ. . .

တဝေရှင်းက ရေနွေးကြမ်းအိုးကို ချမ်းမိန်တို့ရှေ့လာချရင်း ဝင်စားစရာဆိုသော စကားကြောင့်. . . ပြန်မသွားတော့ပဲ ထိုင်ထိုင်လိုက်လေသည်။

"အရှေ့ပင်လယ်ကမ်းခြေက အပြန် ဓားတစ်လက်ပါလာ ပဲ၊ ဒီဓားဟာ ပင်လယ်ထဲက ရလာတဲ့ဓားလို့ပဲ ငါသိထားတယ်

ဒါပေမယ့် . . . ”

ချမ်းမိန်က ရေနွေးကြမ်းပန်းကန်လုံးကို ကောက်ကိုင်ပြီး တစ်ငုံသောက်ချက်လိုက်သည်။

“ဒါပေမယ့် ချမ်းလီကို ပြောသွားတာကတော့ ငေါ်ကျွန်း အုတ်ဂူသင်္ချိုင်းကို နှစ်တိုင်းသွားပြီး ဆုတောင်းမေတ္တာပို့ခဲ့တဲ့ ကာလတစ်လျှောက် မနှစ်ကတော့ ပင်လယ်ထဲက ပင်လယ် နတ်သမီးတစ်ပါးဟာ . . . ”

“မြင်းဖြူကြီးကို စီးပြီး ပင်လယ်ကမ်းခြေပေါ် တက်လာ တဲ့ . . . နောက်ပြီးသူက သူဟာ ချမ်းလီရဲ့ မိခင်ငေါ်ကျင့်ဝမ် အကြောင်း၊ ဘခင်ကြီးဆုတောင်းမေတ္တာကြောင့် အထက်ပုဂ္ဂိုလ် က သံသေတ္တာတစ်လက် လာပေးကြောင်း ချမ်းလီကို ပေးရ ကြောင်း ပြောပြီး ပင်လယ်ထဲ ပြန်ဆင်းသွားတယ်တဲ့”

သည်မှာ . . . တဝေရှင်းက အလွန်စိတ်ဝင်စားသွား လည်း . . . တဝေဖုန်းကတော့ ဘဝင်မကျဖြစ်ကာ . . .

“ဖြစ်နိုင်ရဲ့လား ချမ်းမိန်ရယ် ဒီအဘိုးကြီးသူ့သမီးအ မှာ သံယောဇဉ်ကြီးလွန်းလို့ အစွဲအလမ်းဖြစ်ပြီး ဒီဇာတ်လမ် လာတာများလား”

“ငါလဲ ဒီလိုတွေးမိတာပဲ တဝေဖုန်း၊ ဒါပေမယ့် . . . ”

“မင်း . . . ဒါပေမယ့် များလှချည်လား”

“များဆို ဒီလိုလေ သားတော်မောင်ကို သူ့အဘိုးငေါ် ချမ်းက သံသေတ္တာအကြောင်းပြောပြနေတုန်း မိုးတိမ်နီဂိုဏ်းသ လောက်ရှုံနဲ့ တစ်ကိုယ်တော်သိုင်းသမား အဆိပ်ပန်းကြောင်နတ် တို့ ဘယ်နေနိုင်တော့မှာလဲ”





ထိုနေရာ . . .

ထိုအကြောင်းသို့ ရောက်ရှိလာသောအခါ တဝေဖုန်းရော တဝေရှင်းပါ ငြိမ်ကျသွားလေသည်။

ပတ်ဝန်းကျင်မှာကား ခရီးရှည် သွား မွန်ဂိုလူမျိုးနွယ်စု များသည် မကြာမီရက်တွင်း ပြုလုပ်မည့် နိုးရာနတ် ပူဇော်ပွဲအတွက် သောက်ဖွယ်ရာများကို ကိုယ့်အစုနှင့် ကိုယ် တပင်တပမ်း ချက် ပြုတ်နေကြသည်။

အလွန်ချမ်းအေးနေသည့် တိုင်အောင် အလုပ်မနားတမ်း လုပ်ကိုင်နေသူများမှာ မျက်နှာများ တွင်ချွေးတလုံးလုံး အချို့ကတော့ မှုတ်သီဆိုနေကြသည်။

သူတို့သည် အပြင်းဖြေဆီးမှုတ်နေကြသည်မဟုတ်။ ချင်းရေးသူကရေး၍ သီချင်းတိုက်သူက သီးချင်းတိုက်၍ နေလေ သည်။

“ကဲ . . . ဆက်စမ်းပါဦး”

တဝေဖုန်းက ချမ်းမိန်၏ ဒါပေမယ့်မှာ ထစ်နေသော စကားကို ပြန်ဆက်လိုက်သည်။

တဝေရှင်းက ပဲချိုသုတ်ပန်းကန်ထဲက ပဲချိုပြုတ်ကို နှိုက် စားသည်။

“ချမ်းလီမှာ ရှိနေတဲ့ အဲဒီသံသေတ္တာကို လာနိုးကြတယ် ချမ်းလီကို သူ့အဘိုးတားတစ်လက်ပေးခဲ့တာကို ငါနောက်မှ သိရတာ ပေါ့”

“သံသေတ္တာ ဘယ်သူ့လက်ထဲပါသွားသလဲ”

တဝေဖုန်းက ဖြတ်မေးသည်။

"အဲဒီညက လောက်ရှံက ဓားကို လာခိုးတယ် မခိုးခ
ငါနဲ့ ထိပ်တိုက်တိုးတယ် ငါက သူ့ကို တိုက်ခိုက်လိုက်လို့ သူရှုံးသွ
တယ်၊ ငါဘာမှ မလုပ်လိုက်ပါဘူး သူက ဓားကို လာခိုးပေမယ့် ဘ
ဆီဓားပါမသွားဘူးလေ"

"အဲဒီကြားကပဲ ဓားကအလဲခံလိုက်ရတယ် ဘယ်သူ့ လ
ချက်လဲ မသိဘူးပေါ့ နောက်မှ အဆိပ်ပန်းကြောင်နက်မ ခိုးသွားတ
လို့ သိလာရတယ်"

"နောက်ဓားအိပ်ကျန်ခဲ့လို့ ဓားအိမ်ချင်း ပထမဆေးသ
အောက်မှာ သံသေဓားသမားကို အနိုင်တိုက်ခိုက်နိုင်တဲ့ သိုင်းကွ
သုံးဆယ့်တစ်ကွက်တွေလာရပြန်တယ် သုံးပါးလက်ဘသိုင်းကွက်တ

"အဘရွှေတောင်ဝေ့ရသေ့ကြီး ပိုင်ကွေ့ချမ်းက အဲဒီသို
ကွက်တွေကို တက်ပေးတယ် ချမ်းလီကို ထက်ပေးတာ အဲဒါနဲ့
ဝမ်ဟုံသိုင်းပြိုင်ပွဲမှာ အဆိပ်ပန်းကြောင်နက်မကို ချမ်းလီသွား
တယ်"

"တွေ့တယ် မဟုတ်လား"

"တွေ့တော့ တွေ့တယ် အဆိပ်ပန်း ကြောင်နက်မ မဟု
တော့ဘူး။ မိုးပျံဘီလူးမ ဗွာကုန်းဖြစ်နေတယ်"

"ဘာဖြစ်လို့လဲ ချမ်းမိန်"

"သူက နာမည်နှစ်မျိုးလေ သူ့ကို ချမ်းလီက အနိုင်တို
ခိုက်ပြီး သံသေဓားကို ပြန်လုခဲ့တယ် ဝမ်ဟုံသိုင်းပြိုင်ပွဲမှာ သံသေ
အကြောင်းထုတ်မပြောလို့ မဖြစ်ထုတ် ပြောလိုက်ရတော့တာပေ

"အဲဒီလို ထုတ်လဲပြောလိုက်ရော ဝမ်ဟုံသိုင်းပြိုင်ပွဲရော
လာတဲ့ သိုင်းပညာရှင်ထက်ဝက်ကျော်လောက်ဟာ ချမ်းလီနော





ျလိုက်ကြတယ် ထင်တာပဲ ခုတော့ မိုးတိမ်နီဂိုဏ်းက ငါ့ကို ချောင်း
းပြီး မဟူရာသေမင်းခံတွင်းကျောက်ဂူထဲမှာ ချုပ်ထားတယ်"

"နောက်ရေခဲတောင် တာင်းခြေများအဆိပ်သင့်စေပြီး ငါ့ကို
ကျုပ်ကိုင်တော့တာပဲ ဆိုပါတော့"

"ဩော်. . . ဒါကြောင့်မင်းက အဆိပ်ဖြေဆေးအတွက်
းလီဆီက သံသေဓား မရမဖြစ် ကြိုးစားနေရတာပဲကိုး"

ထိုစကားကို ကြားလိုက်ရသောအခါ တဝေရှင်းမှာ မျက်နှာ
ျး၍ သွားပါလေတော့သည်။

သည်ညက တဂေရှိုင်းမှာ အတော်နှင့် အိပ်မပျော်ဖြစ်
သည်။ ချမ်းမိန်၏ အခက်အခဲသည် သာမန်အခက် အခဲမျိုးမဟုတ်။
ဖြေရှင်းရခက်သော အခက်အခဲမျိုး ဖြစ်သည်။

ရေခဲတောင်ကင်းခြေများအဆိပ်ကို ဖြေတတ်သူကား
သည်ဆိုသော်လည်း အလွန်ရှားသည်။

"တကယ်လို့များ မိန်ကိုကိုဟာ သံသေဓားကို တစ်လခွဲ
တွင်းမရှာနိုင်ခဲ့လျှင် အဆိပ်သင့်ပြီး သေရတော့မည် မဟုတ်ပါ
ား"

တဝေရှင်းသည် သက်ပြင်းကို ချလိုက်သည်။
မိန်ကိုကို အတွက် မိမိဘာလုပ်ပေးရမည်နည်း။

❑✣❑✣❑✣

## အခန်း (၁၂)

---

### အဆိပ်သင့်မသင့် ဘယ်သူသိနိုင်မလဲ

ချမ်းမိမ်အတွင်းဒဏ်ရာ အနည်းငယ်ရလိုက်သဖြင့် ဆေးရုံ ထွက်ရန် နှောင့်နှေးခဲ့သည်။

ဤသို့သော် အခြေအနေကို ကြုံဆုံခဲ့ ရသည်မှာ တစ်နည်း တော့ ကောင်းသည်။

အကြောင်းမှုကား. . .

ချမ်းမိမ်သည် ယောက္ခမကြီးဒေါ်ကေ့ချမ်းနှင့် ပြန်လည် ဆုံတွေ့ လိုက်ရခြင်းကြောင့်ပင်။ သည်နေ့က ချမ်းမိမ်ကို ခရီးရှည် သွားမွန်ဂိုအုပ်စုလက်ရှိ အကြီးအကဲ ကျန်အိန်းပေါင်၏ သားကျန် ထန်းငွ ရောက်လာသည်။

သည်လူရွယ်ကို တွေ့လိုက်သောအခါ. . .

ချမ်းမိမ်က. . . .

"ဒီကောင် တဝေရှင်းကို နောက်ပိုးပိုးလို့မရတာနဲ့ ပြဿနာ





ပြုံနဲ့တူတယ်"

ဟု စိတ်ထဲကျိတ်ပြီး တွေးနေဆဲ ကျန်ထန်းငွ ချမ်းမိမ်အား တရိုတသေ ဦးညွတ်နှုတ်ဆက်ပြီး. . .

"ဦးလေးတို့နှစ်ယောက်ကို အဖေက သူ့ဆီခဏလောက် လာတွေ့ပါလို့ ပြောလိုက်ပါတယ်"

ဟု ပြောလေသည်။

ရုတ်တရက်တော့ ချမ်းမိမ်သာမက တဝေရှင်းပါ ရင်ထဲ ခုန်သွားသည်။ တဝေဖုန်းကတော့ အေးအေးဆေးဆေးပင်. . .

"ဘာကိစ္စများပါလိမ့်"

ဟုပင် ပြောသည်။

ကျန်ထန်းငွကလည်း တဝေရှင်းနှင့် မျက်နှာချင်းဆိုင်ရမှာ ကိုလေးဟန်တူသည်။ သူ့ကိုမှာလိုက်သော စကားကိုသာ ပြောပြီး ခပ်ခဲ့လှည့်ပြန်သွားလေသည်။

ချမ်းမိမ်က. . . .

"ကျန်အိန်းပေါင်က ဘာပြောချင်သလဲ မသိဘူး သွားတွေ့ လိုက်တာဝန်မလေးပါဘူး"

ဟု ပြောသည်။

မကြာမီ ချမ်းမိမ်နှင့် တဝေဖုန်းတို့ ခရီးရှည်သွား မွန်ဂိုမျိုး အုပ်စုအကြီးအကဲ ကျန်အိန်းပေါင် နေအိမ်မြင်းလှည်းဆီသို့ လျှောက် သွားကြသည်။

ကျန်အိန်းပေါင်ထံသို့ ရောက်သောအခါ ချမ်းမိမ်သည် ကျန်အိန်းပေါင်ရှေ့တွင် ထိုင်ခုံတစ်လုံးတွင် ငူငူကြီး ထိုင်လျက်ရှိ နေသော အဘိုးကြီးဒေါ်ကေ့ချမ်းကို ချမ်းမိမ်တွေ့လာရလေတော့

သည်။ သည်တော့မှ ကျန်ထန်းငူကိုလည်းကောင်း သူ့အဆ
ကျန်အိန်းပေါင်လည်းကောင်း အမျက်သိုစကားတွေ မပြောလို
သည်ကိုပဲ တော်သေးရဲ့ဟု ချမ်းမိန်က တွေးမိပြန်သည်။

ငေါ်ကေ့ချမ်းက ချမ်းမိန်ကို တွေ့မြင်လိုက်သည်နှင့် မျ
မျက်နှာပျက်စွာဖြင့် ထိုင်ရာမှ ထလာပြီး ချမ်းမိန်အား. . .

"ချမ်းမိန် မင်းငါ့မြေးချမ်းလီကို လာရှာတာဆို သူ
ဘယ်ကိုသွားတာမို့လဲ ဟိုမားလဲ ပျောက်သွားလို့ဆို"

ဟု မေးပါလေတော့သည်။

ချမ်းမိန်က. . .

"ချမ်းလီကို လာရှာတာအမှန်ပါပဲ ဟိုမားလဲပျောက်သွ
တာမှန်ပါတယ် ဒါပေမယ့် အခုဒီမား ချမ်းလီလက်ထဲ ပြန်ရော
နေနိုင်ပါတယ်"

ဟု ပြောပြီး. . . .

သံသေတား သံသရာကို တဝေဖုန်းအား ပြောပြသ
အတိုင်းရှင်းလင်းပြောပြသည်။

ခုတော့ အားလုံးက သည်သမီး ယောက္ခမနှစ်ယော
လွတ်လွတ်လပ်လပ် စကားပြောစေချင်သည့် သဘောနှင့် ရှောင်
သည်။

ချမ်းမိန်က သူ့အခုလို ရေခဲတောင် ကင်းခြေများအ
သင့်ပြီး အကျဉ်းအကြပ်ထဲ ရောက်နေသည့် အကြောင်းကိုပါ ပြော
လိုက်လေသည်။

သည်တော့မှ. . .

အဘိုးအိုငေါ်ကေ့ချမ်းသည် ဘာစိတ်ကူးစိတ်သန်းတွေ





လာသည်မသိ။

"ဒီမားဟာ ရောက်ရာအရပ်မှာ ထိတွေ့သမျှလူတွေကို
ဒုက္ခပေးတတ်တဲ့ စနေဂြိုလ်မားတစ်လက်များလား မသိဘူး"

စကားမျိုးပြောလာသည်။ ထိုစကားကို ကြားလိုက်ရသော
အခါ ချမ်းမိန် အထိတ်တလန့် ဖြစ်သွားသည်။

သံသေတားက ယခု လောလောဆယ် ချမ်းလီထံ ရောက်ရှိ
နေသည် မဟုတ်ပါလား။

"စနေဂြိုလ်မားလား. . . အဘ"

"ကျုပ်အထင်ကို ပြောရတာပါ မင်းပြောတာတွေပဲလေ
ကြားရတဲ့ သတင်းကတစ်ခု ကောင်းတာပါလို့လား"

အဘိုးအိုသည် အခုမှသူလုပ်ခဲ့သမျှဘာတစ်ခုမှ အကောင်း
မဖြစ်ပဲ ဆိုးကျိုးတွေပေးနေသဖြင့် နောင်တရနေသည်။

"ကျုပ်မှားတာပဲ ကျုပ်ဒီသံသေတားကို မြေးလက်ထဲ ထည့်
ပေးလိုက်မိတာကိုက မှားတာပဲလို့ ထင်နေမိတယ် ချမ်းမိန်"

"စိတ်မကောင်းတော့ မဖြစ်ပါနဲ့ အဘရယ် အခုကျွန်တော်
တို့သားကို လိုက်ရှာကြမှာပဲ တွေ့ကြတော့လဲ သင့်သလို စီစဉ်ကြတာ
ပေါ့"

"ချမ်းလီနောက်ကို သိုင်းလောကသားတွေ ဝိုင်းလိုက်နေကြ
တယ်ဆို"

"ဒီအတွက် စိုးရိမ်စရာမလိုပါဘူး"

"အို. . . သိုင်းလောကသားတွေ ဝိုင်းလိုက်နေပါတယ်ဆို
တာ စိုးရိမ်စရာမဟုတ်ဘူးလားကွယ်"

အဘိုးအိုအမိပ္ပါယ်ကောက်လွဲသွားပြီဆိုတာကို ချမ်းမိန်

သိလိုက်သည်။

"ပြော့. . . ကျွန်တော်ပြောချင်တာက ဒီလိုပါ ချမ်းလီလက်ထဲမှာ သံသေတ္တာရှိတေတယ် မဟုတ်လား၊ ဒီသံသေတ္တာ ချမ်းလီလက်ထဲရှိနေတဲ့ အတွက် ဘယ်လိုသိုင်းပညာရှင်မျိုးမှ မနိုင်အောင် မတိုက်ခိုက်နိုင်ပါဘူး"

"တကယ်လို့ သံသေတ္တာကို အဆိပ်ပန်းကြောင်နက်မလို ချမ်းလီဆီက တိတ်တခိုးယူသွားရင်ကော"

"အဲဒီတော့လဲ သံသေတ္တာနဲ့ တိုက်ခိုက်လာတဲ့ သိုင်းသမားကို အနိုင်တိုက်နိုက်နိုင်တဲ့ သိုင်းကွက်သုံးဆယ့်တစ်ကွက် ချမ်းလီ တတ်ထားတယ်လေ အဘရဲ့"

သည်တော့မှ အဘိုးအို ငေါ်ကေ့ချမ်းက ခေါင်းတညိတ်ညိတ်လုပ်နေပါတော့သည်။ ထို့နောက်. . .

ချမ်းမိန်တို့က ခရီးထွက်ရန် အစီအစဉ်လုပ်သည် အဘိုးအိုငေါ်ကေ့ချမ်းက ချမ်းမိန်တို့နှင့် မလိုက်ပဲ သူတစ်ယောက်ပဲ ချမ်းလီကိုလိုက်ရှာမည်ဟု ပြောသည်။ ထိုအခိုက်. . .

ခရီးရှည်သွားမွန်ဂိုအုပ်စုတွေထံသို့ လူတစ်ယောက်ရောက်လာသည် ထိုလူတစ်ယောက်က အကြီးအကဲ ကျန်အိန်းပေါင်ထံ စာတစ်စောင်ပေးသွားသည်။

စာကိုကြည့်လိုက်သောအခါ ချမ်းမိန်ထံ ပေးလာသော စာတစ်စောင်ဖြစ်သည်။

ကျန်အိန်းက သူ့ထံပေးလာ သောစာဟု သိလိုက်သည်နှင့် ဆောက်တည်ရာမရ ဖြစ်နေသည်။

သည်ကြားထဲကပဲ စာကို ဖြန့်၍ ဖတ်လိုက်သည်။





. . .နဲ့ရဲ့ချမ်းမိန်. . .

ဒါတွေကို မေ့မှားမေ့နေသလားလို့ ဒီစာကို ရေးပို့လိုက်တာ ...ယ့်အကြောင်းကို သိပါတယ်။

*ကျစွန်းအန်း*

ချမ်းမိန်သည် စာကိုဖတ်ပြီးသောအခါ အတော်ပင် ဒေါသ...ထွက်လာသည်။

"အခြေအနေ မပေးသေးလို့သာပေါ့"

တဝေဖုန်းက ချမ်းမိန်ပေးသောစာကို လှမ်းယူ၍ ဖတ်ကြည့်...လိုက်ပြီး. . .

"ဒီစာဟာ မင်းကိုခြိမ်းခြောက်တဲ့စာပဲ ဒီစာမင်းဆီကို ...ရောက်လာပုံထောက်ရင် မိုးတိမ်နီဂိုဏ်းချုပ်ကိုယ်တိုင် မင်းနောက်...ကို နောက်ယောင်ခံ လိုက်ကြည့်နေတာ ဖြစ်ရမယ်"

တဝေရှင်းကပါ. . .

"ဟိုတစ်ညက မျက်နှာအဝတ်စည်းပြီး ကျွန်မတို့စခန်းထဲ ...ရောက်လာတဲ့ လူဟာလဲ အဲဒီ မိုးတိမ်နီဂိုဏ်းချုပ်ပဲ ဖြစ်မယ်ထင်...တယ်"

"ညီမလေး ပြောတာအများဆုံး ဖြစ်နိုင်တယ်။ ဒီတော့ ...တစ်ယောက်ထဲလား၊ အဖွဲ့နဲ့လား ဆိုတာကို တို့က သိထားဖို့ ...ပါတယ်"

ချမ်းမိန်က အဒေါ်ကြီးယုံကျဲလာချပေးသော ရေနွေးကြမ်းအိုးထဲက ရေနွေးကို ပန်းကန်လုံးထဲ ငှဲ့ထည့်နေရာမှ. . .

"ငါမင်းတို့ကို ပြောစရာတစ်ခုရှိသေးတယ်"

"ဘာပြောစရာလဲ တဝေဖုန်း မင်းနဲ့ငါဘယ်လောက်သံယောဇဉ်ရှိတယ် ဆိုတာမင်းအသိဆုံးပဲ တို့မောင်နှမဟာ မင်းပြည်မမှာ ရှိနေတုန်းကလဲ အမြဲသတိရပြီး မင်းအကြောင်းပဲ ပြောနေကြတဲ့ လူတွေပါ"

"ငါလဲသဘောပေါက်ပါတယ်၊ ဒါကြောင့်လဲ ငါဘာတွေဖြစ်လာခဲ့တယ်ဆိုတာ အကုန်ပြောပြထားတာပဲ အခုပြောချင်တာက တစ်ခြားမဟုတ်ပါဘူး၊ အဆိပ်ကိစ္စပါ"

"မင်းခန္ဓာကိုယ်ထဲရောက်နေတဲ့ ရေခဲတောင်ကင်းခြေများအဆိပ်လား၊ မင်းပြောပြကတည်းက ငါလဲ မွန်ဂိုသမားတော်ကြီးရှောက်ဟူဆီမှာ ဒီအဆိပ်ဖြေဆေးအတွက် ကြိုးစားကြည့်ပါသေးတယ်"

ထိုအခါ. . .

တဝေရှင်းက. . . .

"ကျွန်မတို့မောင်နှမ အတူတူသွားတာပါ။ သမားတော်ကြီးရှောက်ဟူက လောလောဆယ်ဖြေဆေးမရှိတဲ့ အကြောင်းပြောလိုက်လို့ စိတ်မကောင်းဖြစ်နေကြတာပါ"

"ဒါပေမယ့်. . . စိတ်မကောင်းမဖြစ်နဲ့ ချမ်းမိန် မင်းအတွက် အခွင့်သာစရာလမ်းနှင့် လမ်းရှိနေတာပဲ တစ်လမ်းက ချမ်းလီကို တွေ့အောင်ရှာဖို့နဲ့ နောက်တစ်လမ်းက သမားတော်ကြီးရှောက်ဟူ ဖြေဆေးရဖို့ရယ်လေ"



ချမ်းမိန်သည် တဝေဖုန်းနှင့် တဝေရှင်း တို့မောင်နှမတို့အပေါ် ဤမျှ စေတနာမေတ္တာတရားတွေ ထားနေသည်ကို သိရ၍ ကြည်နူးနေရာမှ. . .

"အဆိပ်ကိစ္စဆိုတာက ဒီလိုပါ ငါဟာသူတို့ပြောသလို ရေခဲတောင်ကင်းခြေများအဆိပ်သင့် နေတယ်ဆိုတာဟုတ်မှ ဟုတ်ရဲ့လားဆိုတဲ့အတွေးတွေးမိလို့ပါ"

"အဆိပ်သင့်ပြီး မူးဝေလာဖူးတယ်ဆို"

"အဲဒီလို မူးတာက သူတို့ရှေ့မှာ တစ်ကြိမ်ပဲ ဖြစ်ခဲ့တာပါ၊ နောက်ပိုင်းဘာဆိုဘာမှ မဖြစ်တော့ဘူးလေ"

ချမ်းမိန်စကားကို တဝေဖုန်းက အပြန်ပြန်အလှန်လှန် လှလာသုံးသပ်ပြီး. . .

"ဟုတ်တယ်၊ ဒီလူတွေ မင်းကို တစ်ပတ်ရိုက် လိုက်တာများလား၊ စဉ်းစားစရာပဲ အခုလိုခြိမ်းခြောက်စာ ပေးလာတာကလဲ စဉ်းစားစရာပဲ အမှန်ဆိုနောက်ယောက်ခံ လိုက်ဖို့ရာမလိုဘူး၊ ခြိမ်းခြောက်စာပို့စရာလဲမလိုဘူး"

သည်ကနေ့လည်း. . .

ရေခဲတောင် ကင်းခြေများ အဆိပ်အကြောင်းနှင့် ပတ်သက်ပြီး စကားတွေ အများအပြား ပြောဖြစ်ကြသည် အဖြေကိုတော့ အတိအကျမရခဲ့။ အကယ်၍ ချမ်းမိန်မှာ အဆိပ်သင့်နေခဲ့သော် မခက်လား။

❑✢❑✢❑✢

## အခန်း (၁၃)

### ဆူဆူညံညံသိုင်းလက်သံ

စားသောက်ဆိုင်ထဲတွင် ဆူဆူညံညံ လှုပ်လှုပ်ရှားရှား စကားသံတွေ၊ ရယ်မောသံတွေ၊ ဇွန်းသံ၊ ပန်းကန်သံ၊ တူခတ်သံ အသံမျိုးစုံရောပြီး ဘာသံရယ်ခွဲခြားမရ။

သည်စားသောက်ဆိုင် အတွင်းသို့ မျက်နှာစိမ်း လူရွယ်နှစ်ယောက် ရောက်ရှိနေသည်။

သူတို့ နှစ်ယောက်ကား။ ချမ်းလီနှင့် ကွာဖုန်းယုတို့ နှစ်ယောက်ဖြစ်သည်။

အတွင်းဘက်ကျကျ စားပွဲတစ်လုံးတွင် နေရာယူ၍ စားသောက် နေကြခြင်းပင်။

"မင်းလဲငါ့နောက်ကို လိုက်မိတာနဲ့ ဘာမဆိုင်ညာမဆိုင် ဒုက္ခရောက်နေတာ ငါစိတ်မကောင်းပါဘူး"

ချမ်းလီက အရက်တစ်ငုံကို သောက်၍အပြီး ပြောလိုက်





ခြင်း ဖြစ်သည်။ ကွာဖုန်းယုက အရွက်ကြော်တစ်မျိုးကို တူဖြင့် လှမ်းညှပ်၍ သားရင်း. . .

"ချမ်းလီငါ့အတွက် စိတ်မကောင်း ဘာမှမဖြစ်နဲ့ ငါက မင်းနဲ့ လိုက်လာပြီဆိုကတည်းက ဒီလိုအခက်အခဲတွေကို အသက်နဲ့ ရင်းပြီး ကျော်ဖြတ်ရမယ်ဆိုတာ မသိတာမှမဟုတ်ပဲ ချမ်းလီရယ်"

"ဒါပေမယ့်. . . မင်းအနာအထားနဲ့ ငါ့အနေအထားမတူဘူးလေ၊ ဒီအခက်အခဲတွေကို ငါက အသက်နဲ့ရင်းပြီး ကျော်ဖြတ်ရတယ်ဆိုတာက အစီပွါယ်တစ်မျိုးလေ"

"ငါ့မှာလဲ ငါ့အစီပွါယ်နဲ့ငါပဲပေါ့"

"ဘာအစီပွါယ်လဲ"

"သိုင်းလောက အတွေ့အကြုံရလာတယ်မဟုတ်လား"

"မင်းမို့ သိုင်းလောကကြီးကို စိတ်ဝင်စားရတယ်လို့ ငါ့မြင့် ဒီသိုင်းလောကကြီးကို အချိန်ကြာလာတာနဲ့အမျှ စိတ်ပျက်လာလေလေ ပဲ"

"ပြောစမ်းပါဦး"

"တစ်ယောက်နဲ့တစ်ယောက် အကြင်နာတရားရှိကြတာမှ မဟုတ်တာ ထစ်ခနဲဆို သတ်၊ သတ်လို့ပြီးပြန်တော့ အသတ်ခံရတဲ့ လူရဲ့ အဆက်အနွယ်က ပြန်ဝလဲ့စားချေ ဝလဲ့စားချေလို့ ရအောင် သိုင်းပညာရဲ့ လျှို့ဝှက်ချက်တွေကို ကြိုးကြိုးစားစား ရှာကြ နောက်တစ်မိသားစုနဲ့ တစ်မိသားစုတွေ ရန်ညှိုးထား"

"တော်ပါတော့ ချမ်းလီ"

"တစ်ကယ်ပါ၊ တစ်ဂိုဏ်းနဲ့တစ်ဂိုဏ်း ပညာတွေမြိုင် အရှက် တစ်ကွဲအကျိုးနဲ့ဖြစ်အောင် တိုက်ခိုက်ကြနဲ့ ဒါတွေကို မင်းမို့

စိတ်ဝင်စားရတယ်လို့ အံ့ပါရော"

ကွာဖုန်းယုက အရက်တစ်ငုံကို မော့၍ သောက်ချလိုက်ပြီး ချမ်းလီကို ကြည့်ကာ ပြုံးနေသည်။ ထို့နောက် ပခုံးနှစ်ဘက် တွန့်ပြလိုက်သည်။

"ဒီအကြောင်းတွေပြောမနေပါနဲ့ ချမ်းလီ အခုတို့မှာ အဘရွှေတောင်ငွေးရသေ့ကြီး ပိုင်ကွေ့ချမ်းရဲ့ အစီအမံကို ဆက်လက် အကောင်အထည် ဖော်နေတာမဟုတ်လား"

မှန်သည်။ မိမိတို့နှစ်ယောက်မှာ အရင်ကလို ဦးတည်ရာမဲ့ လျှောက်သွားနေသည် မဟုတ် တိကျသော ဦးတည်ချက်နှင့် ရွှေတောင်ငွေးရသေ့ကြီး ပိုင်ကွေ့ချမ်းက မိမိတို့နှစ်ယောက်အား သံသေတ္တာနှင့် ပတ်သက်သော စကားကို မချွင်းမချန်အကုန်ပြောထားခဲ့ပြီး ဖြစ်သည်။

"ဒီသံသေတ္တာနဲ့ ပတ်သက်လို့ သိုင်းလောကနာယကကြီးတွေနဲ့ ငါတွေ့ပြီး ပြောခဲ့တယ် သူတို့အားလုံးဟာ သိုင်းပညာကို တစ်ဖက်ကမ်း တတ်မြောက်ရုံမကဘူး"

"သိုင်းလောကအကြောင်းကိုလဲ ရှေ့မှီနောက်မှီ အတွေးအကြံဉာဏ်ဟုသုတနဲ့ ပြည့်သူတွေဖြစ်တယ်၊ သူတို့က ဒီသံသေတ္တာဟာ လွန်ခဲ့တဲ့ အနှစ်တစ်ရာကျော်က တစ်ခါပေါ်ခဲ့ဖူးတယ်တဲ့ အဲဒီဓားလို့ပဲ ယူဆထားကြတယ်"

"အမှန်တော့ ဒီသံသေတ္တာမျိုးနှစ်လက်ရှိခဲ့ဖူးတာ ဟန်မင်းဆက်ဘုရင်တစ်ပါး လက်ထက်မှာ ရရှိခဲ့တဲ့ မြေတွင်းထွက်သံ သေတ္တာတစ်စပဲ သူက သူ့ကို သိကြားမင်းက လက်ဆောင်ပေးတာလို့ ယုံကြည်နေတယ်"





"ဒီသံသေတ္တာကို အတော်ဆုံးပန်းပဲ ဆရာကြီးတစ်ဦးဆီမှာ ...းတစ်လက်လုပ်ဖို့ စစ်သူကြီးတစ်ဦးကို ဘုရင်က ခိုင်းလိုက်တယ် ...း ပဲဆရာကြီးက ဓားတစ်လက်လုပ်ရမှာကို နှစ်လက်လုပ် ...က်တယ် ဒီအကြောင်း စစ်သူကြီးလဲသိသိချင်း ပန်းပဲဆရာကြီး ...ကိုအသွားပန်းပဲဆရာကြီး အသတ်ခံလိုက်ရပြီး သံသေတ္တာလဲ ...ဂ်ကခြင်းမလှနဲ့ ပျောက်သွားတယ်"

"ဘုရင်မင်းမြတ်က ပျောက်ဆုံးသွားတဲ့ သံသေတ္တာအတွက် ...ါသဖြစ်ပြီး စစ်သူကြီးကို ကွပ်မြက်လိုက်တယ်၊ မယုံကြည်တာလဲ ...ှာပေါ့ ပျောက်ဆုံးနေတဲ့ သံသေတ္တာကိုရှာဖွေတဲ့ အဖွဲ့တွေဖွဲ့ပြီး ...က်ရှာတယ် လူတွေသာ သေပြီးရင်းသေခဲ့တယ် ပျောက်ဆုံးသွား ... သံသေတ္တာကို မတွေ့တော့ဘူး"

"နောက်ဘုရင်တစ်ပါးလက်ထက်မှာတော့ အဲဒီဘုရင်မင်း ... ပျောက်ဆုံးသွားတဲ့ ဓားတွေကို တွေ့ရင်လဲ တွေ့တဲ့လူကိုင်ထား ...်လဲ ကိုင်ထားတဲ့လူ ဘယ်သူမဆို ဒုက္ခရောက်ပါစေသားလို့ ...ိဋ္ဌာန်ပြုခဲ့တယ်"

"ဘုရင်မင်းမြတ်ရဲ့ အဓိဋ္ဌာန်က အစွမ်းထက်နေတယ်၊ သူ ...ိဋ္ဌာန်တဲ့အတိုင်း ဖြစ်လာတယ်၊ လူတွေသေတယ်၊ ဓားကိုင်ထား ...ူကို တစ်နည်းနည်းနဲ့ အကုသိုလ်ကြိုလ်ဆိုးတွေ ဖြစ်စေခဲ့တယ်"

"ဒါကြောင့်လဲ သံသေတ္တာဘယ်လောက်ပဲ အစွမ်းထက် ...ာ် ဘယ်သူမှ ကိုင်မထားဝံ့ဘူး။ ဖျက်စီးပစ်ဖို့ကျတော့လဲ လူ့စိတ် ...ဘာအရ နှမြောသေးတယ်"

"ဒါနဲ့ပဲ အဆုံးမှာ ကိုင်ဆောင်ထားတဲ့ လူဟာပင်လယ် ...ကို ပစ်ချလိုက်တယ် ဒီဒေးမှာ စွဲကပ်နေတဲ့ဘုရင်မင်းမြတ်ရဲ့

အမိဋ္ဌာန်တန်ခိုးက မပျယ်ဘူး ဒီဓားဟာ နှစ်တရာကျော်တိုင်း. . .

"သိုင်းလောကထဲကို ပြန်ပြီး ရောက်လာတတ်တယ်၊ ဒါ

သိုင်းလောကကို ကောင်းကျိုးပေးဖို့ ရောက်လာတာမဟုတ်ဘူး။

ကျိုးပေးဖို့ ရောက်လာတာလို့ သိုင်းလောကနာယကကြီးတွေက အ

တညွတ်တည်း ပြောကြတယ်"

"ဒါကြောင့် သူတို့က ငါ့ကို ဒီသံသေဓားပင်လယ်ထဲ

ချပစ်ဖို့ တာဝန်ပေးလိုက်တယ်၊ ဒီတော့ မင်းတို့နှစ်ယောက် ဒီသံ

ဓားကိုယူပြီး အရှေ့ပင်လယ်ကမ်းခြေကို အမြန်ဆုံးယူဆောင်

ကြပေတော့. ဟိုကျမှ ငါမင်းတို့ကို လာတွေ့မယ်"

စသည်ဖြင့်. . .

အဘရွှေတောင်ဝေ့ရသေ့ကြီး ပိုင်ကျွေ့ချမ်းပြောဆို

ခဲ့ပြီမဟုတ်လား။ ဒါကို ကွာဖုန်းယုက ချမ်းလီအား အသိပေးလို

ခြင်းဖြစ်သည်။ ထို့ကြောင့် ချမ်းလီသည် အသားကင်တစ်ဖတ်

တူဖြင့် ကောက်ညှပ်ထားလိုက်ရင်း. . .

"ဟုတ်ပါတယ်၊ ဒီတာဝန်ကို ငါမေ့လို့မဖြစ်မှန်းသိပါတ

ဒါပေမယ့် တစ်ခါခါတော့ ငါတို့နှစ်ယောက် ချောင်ပိတ်မိမှာစို

နေမိတယ်၊ ငါတို့နောက်ကို ခြေရာခံလိုက်နေတဲ့ ဂိုဏ်းတွေ မ

ဘူး"

"လာစမ်းပါစေ။ အသက်နဲ့လဲပြီး ခုခံကာကွယ်တိုက်

ရမှာပဲပေါ့ အရေးကြီးတာက ညတက်တို့နှစ်ယာက်အလှည့်ကျ

တဲ့ နေရာမှာ မလစ်ဟင်းဖို့ပဲ"

သည်မှာ. . . ချမ်းလီက. . . .

"စိတ်ချပါ။ အဲဒီအတွက် မပူနဲ့ ငါပူတာကငွေပဲ ငါတို့



က်ဖို့ အတွက် သုံးစရာငွေမရှိတော့ဘူး။ ကွာဖုန်းယု"

ဟု ပြောသည်။

ထို့နောက်. . .

အတွင်းအိတ်ထဲ လက်တစ်ဘက်ဖြင့် အိတ်ရှုံ့ကလေးတစ်

ပ်ကို ထုတ်ပေးပြီး ကွာဖုန်းယုရှေ့ ချပေးထားလိုက်သည်။

"အခုစားသောက်ထားတာတွေအတွက် ငွေလုံလောက်ရဲ့

လား"

"ဒီအတွက်လောက်တော့ ကျန်ပါသေးတယ်"

"အလုပ်တစ်ခုခုဝင်လုပ်ကြတာပေါ့၊ သူများမလုပ်ချင်တဲ့

အလုပ်ဆိုရင် အလုပ်ပေါတယ်၊ ငွေလဲပိုရတတ်တယ်"

"ဘာလုပ်မယ် စိတ်ကူးထားလို့လဲ ကွာဖုန်းယုရယ်"

"အခုတော့ စိတ်ကူးတုန်းပါ"

ထိုစဉ်. . .

တစ်ဘက်ခန်းမှ ဆူဆူညံညံအသံတွေပေါ်ထွက်လာသည်။

"ဘာသံတွေလဲ"

ကွာဖုန်းယုက မိမိကိုယ်ကိုပြောသလိုလို အခြားသူတစ်

ယောက်ယောက်ကို ပြောသလိုလို အနီးစားပွဲရှိ အရက်ဆီ မျက်နှာ

အငွေ့ပျံနေသူက. . .

"အလောင်းအစားသမားတွေ ပြဿနာတက်ကုန်ပြီ ထင်

ယ်၊ သူတို့က ဒီအတိုင်းပဲ ကိုယ့်စားပွဲပေါ်မှာ ကွဲရှုစရာတွေရှိရင်

ဘက်ချထားပေါ့"

အရက်သမားကြီးစကားပင်မဆုံးသေး အလောင်းအစား

ဘက်က အရင်ဆုံးလူတွေ ပြိုကျလာလေသည်။

"ဝုန်း"

"ဝုန်း"

"ဝုန်း"

"ဒေါက်. . . ဒေါက်. . . ဒေါက်"

အံစာတုံးတွေရော၊ အံစာတုံးခွက်ကြီးရော စားသောက်ဆိုင်ခန်းဘက်သို့ လွင့်ပျံ၍လာလေသည်။ အံစာတုံးကလေးများသည် စားသောက်နေသူများကို ထိမှန်ကုန်၏။

"ဟာ. . ."

"အမယ်လေးဗျ"

အံစာခွက်ကြီးက ချမ်းလီ၏ နောက်ကြောကို ဦးတည်ပြေးဝင်လာလေသည်။ ပစ်လွှတ်လိုက်သူ၏ အတွင်းအားကို ခန့်မှန်းနိုင်၏။

"ဝှစ်"

"ဟူး"

"ဖြောင်း"

သို့သော်. . . .

အံစာခွက်ကြီး ချမ်းလီ၏ နောက်ကြောသို့ မရောက်မီ တစ်ထွာတစ်မိုက်အလိုတွင် ချမ်းလီသည် မယုံကြည်နိုင်လောက်အောင် ချာခနဲလှည့်ပြီး အတွင်းအား သုံးလက်ဝါးစောင်းဖြင့် တစ်ချက်ခုတ်ထုတ်လိုက်သည်။ အံစာခွက်ကြီးသည် လာရာလမ်းအတိုင်း ပြန်တက်သွား၏။

❑✢❑✢❑✢





## အခန်း (၁၄)

---

### သိုင်းလောကသားတို့အသံ

"ဖြောင်း"

"အား. . ."

ပြန်တက်သွားသော အံစာခွက်ကြီးက တစ်ဖက်ခန်းမှ ပြုဆင်းလာသော လူအုပ်ရှေ့ဆုံးမှ ထိပ်ပြောင်ပြောင်မဏီကို ပြင်းထန်စွာ မိတ်ဆက်လိုက်သည်။

သွေးတွေဖြာ၍ ကျလာ၏။

မျက်ခုံး မွှေး၊ နှုတ်ခမ်းမွေးနှင့် ပဖြိုင်းမွှေးတွေဖြူပြီး မျက်စုံနက်တွင် မြူလွှာ နက်ကြီးထားသည့် လူကြီးတစ်ယောက်၏ ဦးထိပ်ကွဲသွားခြင်းဖြစ်သည်။

သို့သော်. . . သူသည် ရန်သူသစ်ကို ရင်မဆိုင်နိုင်သေးသူ့အားဝိုင်း၍ တိုက်ခိုက်နေသော လူများကိုသာ သဲသဲမဲမဲ တိုက်ခိုက်နေသည်။

"ဝှစ်"

"ဝှစ်"

"ယား"

"ဖြောင်း"

အော်ဟစ်၍ တိုက်ခိုက်နေသူများမှာ ရောင်စုံဝတ်စုံများ ခန့်ထားသည်။

စား၊ ပုတ်ဆိတ်ဖြူကြီးဘက်မှ ကူညီ၍ တိုက်ခိုက်သူမှာ ယော နှင့်နှစ်ဦး။ စားသောက်ခန်းထဲမှ စားသောက်နေသူ များဝုန်းဒိုင်း လွတ်ရာပြေး၍ ရှောင်ကြတိမ်းကြကုန်၏။

ဤစားသောက်ဆိုင်တွင် ဤအဖြစ်မျိုးမှာ ဆန်းလှသည် ပင်။ အချို့က ဆိုလျှင်....

"ချကုန်ပြီဟော့၊ မဆိုင်သူတွေရှောင် အချောင်နှိုက်မယ် တော့မကြဲနဲ့၊ မဏိကွမ်းစားသွားလိမ့်မယ်"

ဟု ပျက်ချော်ချော် ပြောပြောပြေးပြေး။

ဆိုင်ရှင်နှင့် စားသောက်ဆိုင် အလုပ်သမားတွေ ဘယ် ပျောက်နေသည်မသိ။

မျက်ခုံး မွေးဖြူအဘိုးကြီးက...

"ဟေ့... ဝူကွမ်းယီ၊ မင်းရဲ့အကိုးလက်ဝါးလောက်တွေ ငါ့ရဲ့သံမဏိလက်သည်းက မဖြုံဘူးဟေ့"

"တွေ့ကြသေးတာပေါ့ ရွှတုံးရာ ငါကလဲ မင်းရဲ့သံမဏိ လက်သည်းကို ဖြုံနေတယ်မှတ်လို့လား၊ ကဲဟေ့... ရွှတုံးငါ့လူတွေကို လိမ်ညာကစားပြီး နိုင်ထားတဲ့မင်းအိတ်ထဲက ငွေတွေ အကုန်ပြန်ထားခဲ့ပေတော့"





"ဟား... ဟား... ဟား... ဟား... အလောင်း ား လုပ်တဲ့နေရာမှာ ဒီလိုလာမလုပ်နဲ့လေ ရှုံးတာနဲ့ လူကိုလိမ် ကစားတယ်ဆိုတာ ဒီမှာ ဝူကွမ်းယီ ရွှတုံးတို့ အံတိုတော့ပြီ ဟော့ဒီ ကြည့်..."

ရွှတုံးက ပြောပြောဆိုဆို ပါးစပ်ကြီးကို ဟပြလိုက်သည်။

ဉ်... ချမ်းလီနှင့် ကွာဖုန်းယုတို့ မျက်နှာများကို တစ်ဖက်သို့ ယ်ထားလိုက်ကြသည်။ ချမ်းလီက ကွာဖုန်းယုအား...

"ကွာဖုန်းယု တိုက်တိုက်ဆိုင်ဆိုင် ဒီကောင်တွေနဲ့မှ လာတိုး နေတယ်၊ တို့ကို မမြင်စေနဲ့"

"သံမဏိလက်သည်းရွှတုံးနဲ့ အရိုးလက်သည်းဝူကွမ်းယီတို့ ဟုတ်လား"

"ဟုတ်တယ်၊ လာ... လာ... တို့သူတို့မမြင်နိုင်တဲ့ နေရာကို ခဏသွားနေကြမယ်"

ချမ်းလီတို့နေရာပြောင်းနေစဉ်မှာပဲ သတ်ကွင်းတွင် ပြန် ည် တိုက်ခိုက်ကြပြန်သည်။

သည်တစ်ကြိမ်တွင် သံမဏိလက်သည်း ရွှတုံးက မိမိတို့ က်က လူသုံးဦးထဲဖြစ်သဖြင့် အဆိပ်အပ်လက်နက် ပုန်းတွေကို ပ်လွှတ်နေသည်။

"ဝှစ်"

"ဝှစ်"

"ဝှစ်"

"ဟူး... ဟူး... ဟူး..."

"ထန်... ထန်... ထန်..."

အရိုးလက်ညှိုးဝူကွမ်းယိက သူ့နောက် သူ့ဘေးရှိ တ
များထံသို့ အဆိပ်အပ်လက်နက်ပုန်းတွေ မရောက်ရလေအောင်
တရစပ်ခတ်ထုတ်၍ နေ၏။

ခပ်ထုတ်ရာတွင် အဆိပ်အပ်ပြေးလမ်း အတိုင်း
ခုန်ပျံခတ်ထုတ်နေရသဖြင့်. . . စကြာတစ်ခုလေဖြင့် လည်ပတ်
သကဲ့သို့ ဖြစ်နေသည်။

မည်သို့ ဆိုစေ. . .။

ဝူကွမ်းယိလူများသည် သံမဏိလက်ညှိုး ရှုတုံးနှင့် တ
နှစ်ဦးတို့အား ယှဉ်ပြိုင် မတိုက်ခိုက်နိုင် ဖြစ်နေသည်။

သိုင်းပညာတွင် သံမဏိလက်ညှိုးရှုတုံး၏ သိုင်းပညာ
ရည်က အရိုးလက်ညှိုးဝူကွမ်းယိ၏ သိုင်းပညာစွမ်း ရည်ထက်သာ
နေသည်။

ထို့ကြောင့်. . .

ဝူကွမ်းယိနှင့် နောက်လိုက်များသည် သံမဏိလက်
ရှုတုံးနှင့်တပည့်နှစ်ဦးအား အစွမ်းကုန် ကြိုးစားပမ်းစား တိုက်
နေရသည်။

"ဖြောင်း. . . ဖြောင်း. . ."

"ယား. . ."

"ယိစ်. . . ယိစ်"

"ဝှစ်"

"ဝှစ်"

"ဗြိုး"

"ဗြိုး"





"ဟူး. . ."

တိုက်ပွဲမှာ အရှိန်လျှော့မသွားပဲ ပို၍သာပြင်းထန်လာ
လေသည်။

ထို့နောက်. . .

ကစားဝိုင်းပိုင်ရှင် မွေးကျွေးထားသော လူမိုက်များပါ
ဝင်ရောက် တိုက်ခိုက်ပါလေတော့သည်။

တိုက်ကွင်း တိုက်ကွက်မှာ တစ်ဖြည်းဖြည်း စားသောက်ဆိုင်
ခန်းမှ အပြင်မြက်ခင်းပေါ်သို့ ရောက်ရှိသွားလေသည်။

အချိန်မှာလည်း. . .

ညဘက်သို့ ကူးပြောင်းလာပြီ ဖြစ်သဖြင့် မြင်ကွင်းမှာ
မှောင်ရီသန်း၍လာ၏။

"ထန်း"

"ထန်း"

"ယား. . ."

"ဝှစ်"

"ဝှစ်"

"ချွင်"

ထိုအခိုက်. . .

တိုက်ကွင်းအလယ်သို့ အဝါရောင် ရောင်စဉ်တန်းတစ်ခု
အထက်မှ ထိုးဆင်းကျရောက်လာလေ၏။

အနောက်ဘက်ဝတီမ်မိုး ကြိုးရွှေဂျိုင်းထောက်ဘွားဘွား
ကျံထန်းယင် ရောက်ရှိလာခြင်း ဖြစ်သည်။

"ဟာ. . . ရွှေဂျိုင်းထောက်ဘွားဘွားကျံထန်းယင် ရောက်

လာပြီဟေ့"

"ဟုတ်တယ်ဟေ့"

"ပြေးမှ ဖြစ်မယ်၊ တို့လူတွေ နောက်ဆုတ်"

"ဝှစ်"

"ဒလဲ"

"ချွမ်"

"ထပ်"

"အား. . ."

"အွန့်"

ရွှေဂျိုင်းထောက်ဘွားဘွား ကျံထန်းယင်က မည်သူ့ဘက်ကမှ ကူညီတိုက်ခိုက်ခြင်းမပြု။

ပြင်ပြင်သမျှကိုသာ အပြင်းအထန် တိုက်ခိုက်၍ နေသည်။

ရွှေဂျိုင်းထောက်ကြီးဖြင့် အတွင်းအားများ ဖြည့်သွင်းကာ ရိုက်ချလျက်ရှိသည်။

ထိုရိုက်ချက်ဖြင့် အချို့မှာ အလူး အလဲခံသွားကြရ၏။

"အား. . ."

"အီး. . . ."

"အား. . . ယား. . . ."

ရွှေဂျိုင်းထောက်ဘွားဘွားကျံထန်းယင်၏ ရွှေဂျိုင်းထောက် သိုင်းကွက်များမှာ. . . လျှို့ဝှက် ချက်သုံးချက်ရှိသည်။

ထိုလျှို့ဝှက် ချက်သုံးချက်မှာ. . . ရွှေဂျိုင်းထောက်မှ မီးတောက်မီးလျှံများကို ထတောက်စေသည့် လျှို့ဝှက်ချက်။

ရွှေဂျိုင်းထောက် ကိုင်၍ လေတွင် ဝဲပျံစေတက်သော





လျှို့ဝှက်ချက်နှင့်. . . ရွှေဂျိုင်းထောက်အတွင်းမှ အဆိပ်လက်နက်ပုန်းများ ထွက်လာစေသော လျှို့ဝှက်ချက်တို့ ဖြစ်သည်။

ကျန်လျှို့ဝှက်ချက်နှစ်ချက်ကို အသုံးအပြုပဲ ရွှေဂျိုင်းထောက်မှ မီးတောက် မီးလျှံများ ထွက်စေသော လျှို့ဝှက်ချက်တစ်ချက်ကိုသာ ထုတ်သုံး၍ တိုက်ခိုက်၏။

"ဝုန်း"

"ဝုန်း"

"အား. . ."

"အီး. . ."

"ဗိုး"

တိုက်ကွင်းအပေါ်တွင် ရွှေဂျိုင်းထောက် ဘွားဘွား ကျံထန်းယင်အား ယှဉ်ပြိုင်တိုက်ခိုက်နေသူဆို၍ သံမဏိလက်ညှိုး ရှုတုံးတစ်ဦးသာကျန်သည်။

သူသည်လည်း ရွှေဂျိုင်းထောက် ဘွားဘွား ကျံထန်းယင်ကို အနိုင်တိုက်ခိုက်နိုင်သည်မဟုတ်။

သူ့ဂုဏ်သိက္ခာကို ထိန်းသိမ်းသော အနေဖြင့်သာ ဆက်လက် ယှဉ်ပြိုင်တိုက်ခိုက်နေရခြင်းပင်။

သို့သော်. . .

ပတ်ဝန်းကျင်ကို သတိပြုလိုက်မိ သောအခါ အားလုံးလိုလို ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကြသည်ကို သံမဏိလက်ညှိုး ရှုတုံး သိသွား၏။

သို့ဖြင့်. . . သံမဏိလက်ညှိုး ရှုတုံးသည် ကောင်းကင်သို့ ခုန်ပျံကာ အနီးဆုံးသစ်ပင် တစ်ပင် အထက်သို့ တက်သွား၏။

ရွှေဂျိုင်းထောက် ဘွားဘွား ကျုံထန်းယင်က သံမဏိလက်ညှိုး ရှုတုံး နောက်သို့. . . ထပ်ချပ်မကွာ ခုန်ပျံလိုက်သွား၏။

ကိုယ်ဖော့ပညာကို သုံး၍ ခုန်ပျံသွားကြခြင်းဖြစ်၍ ငှက်များ တစ်ထောက်တစ်ထောက် နားလျက်ပျံသန်းသွားသည် သို့ပင်။

နောက်. . . ဘာသံမျှ မကြားရတော့. . စားသောက်ဆိုင်ခန်းထဲတွင်သာ ပြန်လည်လှုပ်လှုပ်ရှားရှား ဖြစ်၍လာသည်။

စားသုံးသူများ မှာ ဤသို့သော် ပွဲကြီးပွဲကောင်းကို မပြန်တမ်း စောင့်ကြည့်ခဲ့ကြသည် မဟုတ်လား။

ထိုစဉ်. . . . . .

ချမ်းမိန်နှင့် ကွာဖုန်းယုတို့နှစ်ယောက် သည်လည်း စားသောက်ဆိုင်ထဲမှ ထွက်လာခဲ့လေသည်။

သည်မှာ အရိပ်တစ်ရိပ်ဝှန်းခနဲကျလာပြန်ပါ၏။

❑✣❑✣❑✣





## အခန်း (၁၅)

## နောက်ဆက်တွဲ သံသေစားလုပွဲ

"ဟား. . . ဟား. . . ဟား. . . ဟား. . ."

မိမိတို့ ရှေ့သို့ ရောက်လာသောအရိပ်နက်မှာ အခြားသူ မဟုတ်။

စောစောကပဲ ရွှေဂျိုင်းထောက်ဘွားဘွားကျုံထန်းယင် ရှေ့မှ ထွက်ပြေးသွားသော သံမဏိလက်ညှိုးရှုတုံးဖြသည်။

သူ့တပည့်အရပ် ရှည်ရှည်နှင့် အရပ်ပုပု သိုင်းသမားနှစ်ဦးတော့ဖြင့်ပါမလာတော့ပေ။ သံမဏိလက်ညှိုး ရှုတုံးမှာ ဖွါဖွေးနေပြီဖြစ်သော မျက်ခုံးမွေး နှုတ်ခမ်းမွေးများနှင့် ပါးမြိုင်းမွေးများကြောင့် အသက်ခုနှစ်ဆယ်ကျော် အဘိုးအိုကြီး တစ်ဦးနှင့် မခြားရှိနေသည်။

သို့သော်လည်း. . . သူ၏ အသက်မှာ အလွန်ဆုံး ငါးဆယ်ကျော်ခြောက်ဆယ်ပင် သိုင်းလောကသားတစ်ဦးအဖို့ ဤအသက်၌

အရွယ်မှာ သန်တုန်းမြန်တုန်းအရွယ်ဟု ဆိုနိုင်သည်။

ပြီးတော့. . .

သည်အသက် သည်အရွယ်မျိုး၌ သိုင်းလောက၏ အတွေ့အကြုံများလည်း ပြည့်စုံသလောက် ရှိနိုင်သည်။

ဟိုတုန်းကသာဆိုလျှင် ချမ်းလီလို ငယ်ရွယ်သော သိုင်းသမားတစ်ဦးသည် သံမဏိလက်ညှိုး ရှုတုံးအား ယှဉ်ပြိုင် တိုက်ခိုက်ရန် စဉ်းစားရန်ပင် မလွယ်ပေ။

သံမဏိလက်ညှိုးသိုင်းကွက်မှာ ရှုတုံး၏ ကိုယ်ပိုင်သိုင်းကွက်ဖြစ်သည်။လက်ညှိုးတွေကို အသုံးပြု၍ တိုက်ခိုက်သော သိုင်းကွက်ထူး။

သိုင်းကွက်ဆန်းများဖြစ်သည်။

ထို့ကြောင့်လည်း. . . .

သူသည် သိုင်းလောကတွင် သံမဏိလက်ညှိုးရှုတုံးတဲ့ အမည်တွင်ကား ကျော်ကြားနေခြင်းပင်။

သူက ရယ်ကျဲကျဲလုပ်၍ ချမ်းလီကို စိုက်ကြည့်နေသည်။

မိမိတို့ရောက်ရှိနေသော နေရာမှာ စားသောက် ဆိုင်နှင့်လည်း အလှမ်းကွာဝေးနေပြီ။ ညဘက်လူသူကင်းမဲ့သော နေရာလည်း ဖြစ်သည်။

တစ်ဘက်တွင် ပျက်စီးယိုယွင်းလျက် အမိုးပျဉ်ချပ်တွေ ထိုးထိုးထောင်ထောင် ဖြစ်နေသော အိမ်ကြီးတစ်လုံး သည်သာ ပေါင်းမြက်တွေ တောထနေသော နေရာတွင် မကောင်း ဆိုးဝါး တစ်ကောင်ရပ်နေသလို ပုံစံမျိုးဖြင့် ရှိနေသည်။

သံမဏိလက်ညှိုး ရှုတုံးသည် ထိုအိမ်အိုအိမ်ပျက်ကြီးထဲ





မှ ကြွက်တစ်ကောင်လို ထွက်လာခြင်းဖြစ်သည်။

"ကောင်စုတ်ကလေး ချမ်းလီ မင်းအတော်အပြေးသန်တဲ့ အကောင်ပဲ ငါမှာ ရှာလိုက်ရတာ ဒီစားသောက်ဆိုင်ထဲ မင်းတို့နှစ်ယောက်ရောက်နေတာကို ငါမသိပါဘူး။ ဟိုအကောင်တွေ အံစာခွက်ကြီးနဲ့ ပစ်ပေါက်တုန်းက မင်းခုခံလိုက်တဲ့ နဂါးအမြီးရိုက် သိမ်း သိုင်းကွက်က် တွေ့လိုက်ရလို့ ငါမင်းတို့ ဒီရောက်နေမှန်း သိတော့တာ ဒီနဂါးအမြီးရိုက်သိမ်းသိုင်းကွက်ဟာ မင်းအဖေ စွန်ရဲ ချမ်းမိန်ရဲ့ သိုင်းကွက်တစ်ကွက်မဟုတ်လား"

ဟု ပြောနေသည်။

"ခင်ဗျားကြီး ကျုပ်တို့ကို ဘာဖြစ်လို့ လိုက်ပြီး အနှောင့်အယှက် ပေးနေချင်ရတာလဲ ကျုပ်တို့လမ်း ကျုပ်တို့သွားစမ်းပါရစေ။ ခင်ဗျားလမ်းလဲ ခင်ဗျားသွား ကျုပ်တို့လိုက်မရှုပ်ဘူး။ မယုံကြည်ဘူးလား"

ချမ်းလီက မကြောက်မရွံ့ ပြောလိုက်သည်။

"မင်းစကားသံက ထန်လှချည်လား လောလောဆယ် မင်းတို့နှစ်ယောက်ဟာ ငါ့ရဲ့သံမဏိလက်ညှိုး သိုင်းကွက်ကို သိုင်းကွက်ငါးကွက်ပြည့်အောင် ယှဉ်ပြိုင်တိုက်ခိုက်နိုင်မှာတဲ့လား"

"ဒီအကြောင်းတွေကို စကားနဲ့ ထုတ်မပြောရဘူး ဒါတွေက လက်တွေ့ပြမှာ အမှန်တရားမည်တာ လျှာဆိုတာ အရိုးမရှိဘူးလေ"

ချမ်းလီစကားကြောင့် သံမဏိလက်ညှိုးရှုတုံး အမျက်ဒေါသတွေကျိတ်မနိုင်ခဲမရ ဖြစ်သွားသည်။

တောက်တစ်ချက် ခတ်လိုက်သည်။

"တောက်"

နောက် လက်သီးတွေပါ ကျစ်ပါအောင်ဆုပ်လိုက်သည်။

"စွန်ရဲချမ်းမိန်သား မိုက်ရိုင်းတဲ့အကောင်"

"ကျုပ်အဖေနာမည်ကို ခင်ဗျားခေါ်စရာမလိုဘူး"

ထိုအခါ...

ရှုတုံးက မျက်နှာကြီးတစ်ခုလုံး ရှုံ့မဲ၍ ပြုလိုက်ပြီး...

"ခေါ်တယ် မင်းဘာပြောချင်သလဲ စွန်ရဲချမ်းမိန်ကဲ"

ထို့နောက်...

ရှုတုံးကဆက်၍...

"မင်းအဖေစွန်ရဲချမ်းမိန်ကဖြင့် မိုးတိမ်နီဂိုဏ်းချုပ် ကျွန်ုပ်အန်းလို သိုင်းသမားလိုလူမျိုးကိုတောင် နိုင်အောင် မတိုက်ခိုက်နိုင်ပဲနဲ့..."

"မတရားမပြောပါနဲ့"

"ကောင်းပြီ မင်းအဖေအခုဘယ်မှာလဲ"

ဟု သံမဏိလက်ညှိုးရှုတုံးက ရုတ်တရက်ကောက်ကာငင်ကာ မေးလိုက်သည်။

ချမ်းလီက...

"ကျုပ်အဖေလား ကျုပ်အဖေက နေပြည်တော်က ဘုရင်မင်းမြတ်ရဲ့ အထောက်တော်ကြီးလေဗျာ ဒီတော့ ခင်ဗျားတို့လို ရေမျောကမ်းတင် ကလေကချေ နေမလား နေပြည်တော်မှာပဲ နေတာပေါ့"

"ဟား...ဟား...ဟား...ဟား... တေုံးဘာမှ နားမလည်တဲ့တုံး မင်းအဖေစွန်ရဲချမ်းမိန်ကို မိုးတိမ်နီဂိုဏ်းက ဖမ်း





...ားပြီး မဟူရာသေမင်း ခံတွင်းကျောက်ဂူ အကျဉ်းစခန်းထဲမှာ ...ည့်ထားတယ်ဆိုတာ မင်းမသိသေးဘူးလား"

ထိုစကားကြောင့်...

ချမ်းလီသည် တုန်လှုပ်သွား လေသည်။ ကွာဖုန်းယုကို ...ည့်ကြည့်လိုက်သည်။

ထို့နောက်...

"သူတို့က ကျုပ်အဖေကို ဘာရန်ငြိုးနဲ့ ဖမ်းထားရတာလဲ"

"တေုံး..."

"ကျုပ်ကို တေုံး..တေုံး...မခေါ်ပါနဲ့ ကျုပ်မကြိုက်ဘူး"

"မကြိုက်ရင်လဲသေ"

ချမ်းလီမှာ တစ်ဖန်ပြန်၍ အမျက်ဒေါသ ဖြစ်ရပြန်သည်။

သို့သော်...

"ငါဒီလူကြီးကို နင်ပဲငဆပြောလို့ မဖြစ်သေးဘူး သူက ...အဖေ့အကြောင်းကို သိနေတာ သူ့ကို ချော့မေးရတော့မှာပဲ"

ဟု ချမ်းလီတွေးထင်လိုက်သည်။

"ကဲ...ကဲ...ခင်ဗျားကြီး ကြိုက်သလိုသာခေါ် အခု ...ျုပ် အဖေဘယ်မှာလဲ သတင်းအတိအကျပေးစမ်းပါ ကျုပ်ခင်ဗျား ...ို ကျေးဇူးဆပ်ပါ့မယ်"

"ဒီလိုမှပေါ့ ဟဲ...ဟဲ...ငါ မင်းအဖေ သတင်း အတိ ...ကျ ပြောမယ် သူတို့ရဲ့ မဟူရာသေမင်းခံတွင်းကျောက်ဂူရှိတဲ့ ...နေရာကိုလဲ ညွှန်လိုက်မယ် ငါ့ကို မင်းနောက်ကြောက သံသေတ္တာ ...ကိုပဲ ဖြုတ်ပြီး ငါ့လက်ထဲထည့်လိုက်"

"ဝုန်း"

ချမ်းလီက မြေကြီးကို ဖနောင့်နှင့် ပေါက်လိုက်သည်။

"ဝုန်း. . . ဝုန်း. . ."

"အို တစ်ခြားခင်းဗျားအလိုရှိတာတွေ အကုန်တောင်း ခွာကို ထုတ်ပေးဖို့ အဆင်သင့်ပဲ ဒီသံသေဓားကိုတော့ လုံးဝ လာထိနဲ့"

ပြောပြောဆိုဆို ချမ်းလီက နောက်ကြောတွင် သိုင်းလွယ် ယူလာသော သံသေဓားကို ဆွဲထုတ်လိုက်သည်။

"ရွမ်း"

ထိုစဉ်. . .

"ရှပ်"

"ရှပ်"

"ဒုတ်"

"အား. . . အိ. . . အွန့်"

ကွာဖုန်းယုမှာ နောက်ကြောမှ ဓားကို ဆွဲထုတ်ရုံပဲ ရှိသည်။

သံမဏိလက်ညှိုးရှုတုံးက အခုမှ သူ၏နာမည်ကြီး သံမဏိ လက်ညှိုး သိုင်းကွက်တွေကို ထုတ်သုံးသည်။

လောလောဆယ်မှာ ကွာဖုန်းယု ခံလိုက်ရသည်။

လှုပ်ရှားတိုက်ခိုက်မည့်အလုပ် ရှုတုံးက သံမဏိ လက်ညှိုး များဖြင့် ကွာဖုန်းယုရင်ဘတ်ရှိ နေရာသုံးနေရာကို ထောက်၍ အကြောပိတ်လိုက်ခြင်းပင်. . .

ကွာဖုန်းယုမှာ အခုတော့မှ ကျော်ကဆစ်ရပ်တစ်ရပ်ထို မလှုပ်မချောက် သံမဏိလက်ညှိုးက ချမ်းလီလက်ထဲရှိ သံသေဓားတို ခုန်ဝင်၍ ကျားကုတ်ကျားခဲ ခဲကာ ချမ်းလီအား တိုက်ခိုက်





လေတော့၏။

ချမ်းလီက သံမဏိလက်ညှိုး သိုင်းကွက်မှန်းသိ၍ လွတ် အောင်ရှောင်နေရသည်။

"ဝှစ်"

"ဝှစ်"

"ဗွိုး"

"ဖြောင်း"

"ဝှစ်"

"ဝုန်း"

ချမ်းလီသည် ရိပ်ခနဲ ရိပ်ခနဲ ပြေးပြေးဝင်လာသော သံမ ဏိ လက်ညှိုး ရှုတုံးသိုင်းကွက်များကို ခုခံနေရသည်။

"ဝုန်း"

ချမ်းလီက သံသေဓားကိုပဲ သုံးသည်။

"ဝှစ်"

"ဝှစ်"

"ဟူး"

သံမဏိလက်ညှိုး၏ သိုင်းပညာကို ချမ်းလီလိုက်မမှီမှန်း သိသည်။

သို့သော်. . .

သိုင်းသမားတို့သည် မနိုင်မှန်းသိပင်သိ သော်လည်း ကြက် ကိုက်စဉ် ရှုံးကြက်ထွက်ပြေးသလို ပြေးခဲ့သည်။

သူ တတ်စွမ်းသမျှ အစွမ်းကုန် ကြိုးကြိုးစားစား ကိုက်ထုတ်တတ်သည် ချည်းပင်။

သို့သော်. . .

သံမဏိလက်သည်း သိုင်းကွက်များကို ခုခံတိုက်ခိုက်ရသည်မှာ မလွယ်. . .

"ဝှစ်"

"ဝှစ်"

"ဟူး"

လက်ရည်ကျလာသူမှာကား သံမဏိလက်သည်း ရှုတုံး မဟုတ်ချမ်းလီ။



## အခန်း (၁၆)

### ရှုတုံး၏ ဇာတ်သိမ်း

"ဝှန်း"

"ဝှန်း"

မီးတောက်မီးလျှံတွေ မြေကြီးမှထ၍ ပေါက်ကွဲလာသည်ကို တွေ့ရသည်။ သိုင်းပညာရှင်ကို မတွေ့ရသေးပေ တိုက်ခိုက်နေသော သံမဏိလက်သည်းနှင့် စွန်ရဲချမ်းလီတို့သည် သတ်တွင်း သတ်ကွက်မှ နောက်သို့ ခုန်ဆုတ်လိုက်သည်။

"ဝှန်း"

"ဝှန်း"

"ဝှန်း"

မီးတောက်မီးလျှံတို့သည် တစ်နေရာတည်းက ပေါ်ပေါက်လာသည်မဟုတ်။ သတ်ကွင်းကို ကန့်လန့်ဖြတ်လျှောက်ပေါ်ပေါက်လာခြင်း ဖြစ်သည်။

ဤသည်မှာ တစ်နေရာမှ တစ်စုံတစ်ယောက် ယမ်းထုပ်များကို ယက်ပေါင်းကာ၍ ထင်လာသည့်ပုံမျိုးပင်။

သို့သော်. . .

*ယခုမီးတောက်မီးလျှံတို့သည်* မြေကြီးအတွင်းမှ ပွပွထကာ မီးတောက်ပေါက်ကွဲနေသည်။

သို့သော်. . . . ပေါက်ပွဲမှုမျိုးဖြင့် ပေါ်ထွက် လာသော မီးတောက်မီးလျှံများပင်။

"ဒါဟာ နေမင်းစကြာသိုင်းကွက်တွေပဲ စကေ့ အဘ ရွှေတောင်ဝေ့ရသေ့ကြီး ပိုင်ဖော့ချမ်း ထင်တယ်"

ချမ်းလီကတော့ သိုင်းပညာရှင်ကို မမြင်မတွေ့ရသေးသော်လည်း သိုင်းပညာစွမ်းရည်ကို မြင်တွေ့လိုက်သည်နှင့် သိုင်းပညာရှင်ကိုခန့်မှန်းသိရှိလိုက်သည်။

အမှန်တော့လည်း. . . . ယမ်းမီးထုပ်များကို အသုံးပြု တိုက်ခိုက်နိုင်သူမှာ သိုင်းလောကတွင် မြောက်ပိုင်းရေခဲ နှင်းတောင်မှ ကြာပန်းတစ်နိုက်သခင်မကြီး တစ်ဦးတည်းသာ တတ် ကျွမ်းထားခဲ့သည်ပဲ အခုမီးတောက်မီးလျှံတွေက ပိုပြီး ပြင်းထန်သည် ဟုလည်း ချမ်းလီထင်သည်။

"ဘာပဲပြောပြော အဘရွှေတောင်ဝေ့ရသေကြီး ပိုင်ကွေ့ချမ်း ပဲဖြစ်ရမယ်"

ဟု တွက်လိုက်သည်။

သံမဏိလက်ညှိုးရှုတုံးကလည်း သိုင်းလောကတွင် ဝါရင့်. . .ပ်ဖြစ်သည်နှင့်အညီ မိမိတို့ သတ်ကွင်းသို့ ရောက်ရှိလာသော သိုင်းပညာရှင်ကို သိနေသည်။





"ရသေ့ကြီးပိုင်ဟော့ချမ်း ဘာဖြစ်လို့ ရှေ့ထွက်မလာတာလဲ . . .သိုပုန်းလျှိုး ကွယ်လျှိုးတိုက်ခိုက်မှုမျိုးဟာ အဆင့်မြင့် သိုင်းသမား . . .တွေရဲ့ *အလုပ်မဟုတ်ဘူးလေ*"

ဟု သံမဏိလက်ညှိုးရှုတုံးက အောင်ဟစ်ပြောလိုက်သည်။

. . .သို့သော်. . . ရှုတုံး၏ စကားမဆုံးသေး

"ဝှစ်"

"ဗွီး"

လေတိုးသံတစ်သံပေါ်ထွက်၍ လာသည်နှင့် လေတိုးသံ . . .ာရာဘက် လှည့်ကြည့်လိုက်ကြလေရာ ကောင်းကင်မှ ခုန်ပျံ၍ . . .င်းလာသည့်အလား ရသေ့ကြီးပိုင်ဟော့ချမ်းသည် ဝတ်စုံများ . . .လတွင် တလွင့်လွင့်ဖြင့် ခုန်ပျံဆင်းသက်လာ၏။

ကောင်းလိုက် လေသော ကိုယ်ဖော့သိုင်းပညာ ဝါးတစ်ပြန် . . .လောက် လူတစ်ယောက် လုံးခုန်ပျံ၍ ကျလာသည်နှင့်ပင် သူ့အကျမှာ . . .ည်သာလွန်၏။

ဟန်ချက်လုံးဝမပျက်။

ကြောင်ရိုင်းတစ်ကောင်၏ လျှပ်ရှားမှုနှင့် အလွန် တူသည်။ . . .အောက်သို့ ရောက်သည်နှင့် ရသေ့ကြီး ပိုင်ဟော့ချမ်းက သူ၏ . . .လက်ထဲဆုပ်ကိုင်ထားသော ရွှေတောင်ဝေ့ဒုတ်ရှည်ကို ထပ်ပြီး . . .လေမှာ ဝှေ့ရမ်းလိုက်သည်။

"ဗွီး"

"ဗွီး"

"ဗွီး"

အနီးတွင် ရှိနေသော ရှုတုံးရော ချမ်းလီပါ ခေါင်းကဆဲပင်

တွေ ဝတ်စုံအကျီစတွေမှာ ရွှေတောင်ဝှေးဒုတ်ဝှေ့ရမ်းရာမှ ပေါ်ထက်လာသော လေဖြင့် တဖျပ်ဖျပ် ပြီးတော့ အပူငွေ့လှိုင်းတွေ ပတ်ဝန်းကျင်ကြီးတစ်ခုလုံး ဆီးနှင်းပွင့်တွေ ဝိတ်ဖုံး၍ အောက်ခြေတွင်လည်း ရေခဲတုံး ရေခဲချပ်များရှိနေပါလျက် အပူငွေ့တွေ မျက်နှာကို လာဟပ်သည်။

"ဟာ. . . ပူလိုက်တာ"

"ချွေးတွေကလဲ ထွက်လာပါလား"

တစ်ယောက်တစ်မျိုးပါးစပ်က မပြောပဲ မနေနိုင်ဖြစ်လာသည်။ ထိုအပူငွေ့ အပူလှိုင်းများကြောင့် အနီးပတ်ဝန်းကျင်ရှိ ရေခဲတုံး ရေခဲချပ်တွေ အရည်ပျော်ကုန်ကြ၏။

ထို့နောက်. . .

ရသေ့ကြီးပိုင်ဟွေ့ချမ်း ဝှေ့ရမ်းနေသော ရွှေတောင်ဝှေးဒုတ်ကြီးကို အရှိန်သတ်ကာ ရပ်လိုက်တော့မှ အပူငွေ့အပူလှိုင်းတွေ လျှော့ပြေ ကျသွားပါ လေတော့သည်။

*တိုက်ပွဲမှာ အလိုအလျှောက် ရပ်နား၍ သွားလေသည်။*

ချမ်းလီက အခါအခွင့်ရသည်နှင့် အကြော ပိတ်ခံထားရသော ကွာဖုန်းယုထံ ပြေး၍ ပိတ်ထားသော အကြော သုံးကြောကို ပြန်ဖွင့်ပေးလိုက်သည်။

သံမဏိလက်ညှိုးရှုတုံးက. . .

"ခင်ဗျားက ရသေ့အလုပ်မလုပ်ပဲ ဘာလာရှုတ်တာလဲ"

ရှုတုံးသည် ချမ်းလီနှင့် ပတ်သက်၍ ဤသတ်ကွင်းသို့ ရွှေတောင်ဝှေးရသေ့ကြီး ပိုင်ဟွေ့ချမ်း ရောက်လာမှန်းသိလျက်နှင့် မသိချင်ဟန်ဆောင်၍ မေးလိုက်လေသည်။







"ဟေ့. . . ရှုတုံး ငါကဘုန်းကြီးမဟုတ်ဘူး ရသေ့ ရသေ့ဆိုတာ သိုင်းလောက အရှုတ်အရှင်းတွေကို ဖြေရှင်းပေးဖို့ တာဝန်ရှိတယ်"

"အခု. . . ကျုပ်က ဘာတွေရှုတ်နေလို့လဲ"

"မင်းငါ့ကို ဘာဖြစ်လို့ မုံလာဥလုပ်နေချင်ရတာလဲ မင်းကို့ သိုင်းသမားတွေ သံသေတ္တာနောက် အသဲအမဲလိုက်နေကြတာ ငါမသိဘူးမှတ်လို့လား"

ထိုအခါ. . .

သံမဏိလက်ညှိုးရှုတုံးဘာပြန်မပြောပဲ ငြိမ်နေလိုက်သည်။ သူငြိမ်နေသည်မှာ မရိုးသား၊ အဆိပ်လူး ဓားပျံလက်နက်ပုန်းများကို ပစ်လွှတ်ရန် လျှို့ဝှက်ပြင်ဆင်နေခြင်းပင် ဖြစ်သည်။

"ငါက ဒီဓားကို ကိုင်ရင်ကိုင်တဲ့လူမှာ ရော သိုင်းလောကကြီးတစ်ခုလုံးရော ဘေးတွေသင့်ပြီး လူတွေအများအပြား ငသေကျေပျက်စီးမယ့် အဖြစ်ကို ကြိုသိလို့ မင်းတို့လက်ထဲမရောက်အောင် *ဘားဆီးနေရတာ*"

"ဟား. . . ဟား. . . ဟား. . . ရသေ့ကြီး ပိုင်ဟွေ့ချမ်းက ဒီသံသေတ္တာကို အပိုင်စီးပြီး သိုင်းလောကကြီးတစ်ခုလုံးရဲ့ သိုင်းရာဇာ သိုင်းဥသျှောင်လုပ်မယ့် အကြံမဟုတ်လား"

"ငါက ဘာဖြစ်လို့ သိုင်းလောကရဲ့ သိုင်းရာဇာသိုင်းဥသျှောင်လုပ်ရမှာလဲ ငါ့ကို သိုင်းလောကရဲ့ နာယကအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခိုင်းထားတာကိုပဲ ငါ့မှာ အလုပ်ပိုတွေ လုပ်နေရပြီ"

"သိပ်ရယ်စရာကောင်းတဲ့ စကားတွေပဲ ဒါဖြင့်ရင် ဒီသံသေတ္တာကို ဘာကြောင့် ခင်ဗျားက ထိန်းသိမ်းချင်နေရတာလဲ"

"ထိန်းသိမ်းရမယ် မင်းတို့အားလုံး ဒုက္ခရောက်မှာ စိုးလို့ ဒီသံသေတ္တာဟာ သိုင်းလောကကို ကောင်းကျိုးပေးဖို့ ရောက်လာတယ်မှတ်သလား"

"ခင်ဗျားမဟုတ်တာတွေ မပြောနဲ့ ရသေ့လိမ် ရသေ့ညာ"

ရွှေတောင်ငွေးရသေ့ကြီးပိုင်ဟွေ့ချမ်းအား သံမဏိလက်ညှိုးရှုတုံးက ပက်ပက်စက်စက် မကြားဝံ့မနာသာ ပြောလာသောကြောင့် ချမ်းလီက လက်ထဲကိုင်ထားသော သံသေတ္တာကို အံ့၍ ကိုင်လိုက်ပြီး ရှေ့သို့ ထွက်ရပ်လိုက်လေရာ ရွှေတောင်ငွေး ရသေ့ကြီး ပိုင်ဟွေ့ချမ်းက ချမ်းလီရှေ့ဆက်တိုးမသွားရန် ရွှေတောင်ငွေး ဒုတ်ကြီးကို မြှောက်၍ တားထားလိုက်သည်။

ထို့နောက်. . .

ရသေ့ကြီး ပိုင်ဟွေ့ချမ်းက သံမဏိလက်ညှိုးရှုတုံးဘက်လှည့်ကာ. . .

"ငါပြောတာကို မင်းမယုံဘူးလား ဒီထက်မင်းယုံကြည်အောင်လဲ ငါမပြောတတ်တော့ဘူး တစ်ခုတော့ ငါပြောမယ် အခုကိစ္စမှာ ငါက ငါ့ရဲ့စိတ်ဆန္ဒတစ်ခုထဲနဲ့တော့ လုပ်နေတာ မဟုတ်ဘူး သိုင်းလောကနာယကကြီးတွေ အားလုံးရဲ့ဆန္ဒအတိုင်း လုပ်နေတာ ရှုတုံး"

ထိုအခိုက်. . . .

အဆိပ်လူးဓားပျံ လက်နက်ပုန်း သုံးလက်တို့ကို သံမဏိလက်ညှိုး ရှုတုံးက ရသေ့ကြီးပိုင်ဟွေ့ချမ်း၏ ခေါင်းပိုင်း၊ ကိုယ်ပိုင်းနှင့် အောက်ပိုင်းဆီသို့ ပစ်သွင်းရင်း ခုန်ပျံလိုက်သည်။

"ဝှစ်"





"ဝှစ်"

"ဝှစ်"

ရွှေတောင်ငွေး ရသေ့ကြီးပိုင်ဟွေ့ချမ်းသည် လုံးဝ တိမ်းရှောင်ခြင်းမရှိ ထို့ကြောင့် ချမ်းလီနှင့် ကွာဖုန်းယုတို့ အထိတ်တလန့် ဖြစ်သွားကြရလေသည်။

ခုန်ပျံပြီး ဖမ်းယူရအောင်ကလည်း ဓားပျံက သုံးလက်။ ချမ်းလီရော ကွာဖုန်းယုပါမင်တက်မိလျှက်။

သို့သော်. . .

ရွှေတောင်ငွေး ရသေ့ကြီး ပိုင်ဟွေ့ချမ်းသည် သူ၏ ရွှေတောင်ငွေးကြီးကို ဖျပ်ခနဲ လက်နှင့်ကိုင်လိုက်သည်။

ထို့နောက်. . .

လှုပ်ရှားမှုအစဉ်ကား လျင်မြန်လွန်း၍ မမြင်လိုက်ရ အရိပ်မြေးတစ်ရိပ်သာ လှုပ်ခတ်သွား၏။

"ထန်"

"ထန်"

"ထန်"

ကောင်းလိုက်သည့် တန်ပြန်တိုက်ကွက်။

"အွန့်. . ."

"အင့်. . ."

"အား. . ."

အဆိပ်လူးဓားပျံသုံးလက်စလုံး လာရာလမ်းကြောင်း အတိုင်း ပြန်၍ လွင့်ပျံသွားရုံမက ဤတိုက်ကွက်မျိုးလာမည်အထင်နှင့် လူလရပ်တည်မှုကို ပြောင်းရွှေ့သည်အနေနှင့် ခုန်ပျံတက်သွားသည်

ပင် သံမဏိလက်ညှိုး ရှုတုံးမှာ မလွတ်ခဲ့ပေ သူ၏ အဆိပ်လူး...
ထက်နက်ပုန်း သုံးလက်က ရင်ဝနှင့် နောက်ကြောတို့သို့ ...
တစ်ဆုံးစူးနစ် ဝင်သွားပါ လေတော့၏။

"ဝုန်း"

သည်တစ်ခါတော့ဖြင့် သံမဏိလက်ညှိုး ရှုတုံးတစ်ယော...
အကျမကောင်းနိုင်သေးအိုင်ထဲလဲကျကာ အနည်းငယ်မျှ လှုပ်ရှ...
ပြီး ငြိမ်ကျသွားပါ လေတော့၏။

❑✚❑✚❑✚





## အခန်း (၁၇)

### အရှေ့ပင်လယ်ကမ်းသို့

သံမဏိလက်ညှိုးရှုတုံး သေဆုံးသွားသည့်အတွက် ရွှေ
တောင်ဖွေး ရသေ့ကြီး ပိုင်ဟွေ့ချမ်း စိတ်မကောင်းဖြစ်ရသည်။

"အဘရသေ့ကြီးက ရှုတုံးကို သေစေလိုတဲ့ စိတ်ဆန္ဒနဲ့ သတ်
ခဲ့တာမှ မဟုတ်တာပဲ သူက အဘရသေ့ကြီးကို အဆိပ်လူး ဓားပျံ
တွေနဲ့ ပစ်သွင်းခဲ့တာကို အဘရသေ့ကြီးက တန်ပြန်တိုက်ကွက်နဲ့
ခုခံလိုက်လို့ သူသေခဲ့ရတာပဲ"

ချမ်းလီက ရွှေတောင်ဖွေး ရသေ့ကြီး ပိုင်ဟွေ့ချမ်း စိတ်
သက်သာစေချင်၍ ဖြေသိမ့်စရာ စကားကို ပြောသည်။

ကွာဖုန်းယုကပါ. . .

"အမှန်တော့ သူ့စိတ်ဓာတ်ညံ့ဖျင်းခဲ့လို့ အခုလို သေဆုံး
ခဲ့ရတာလို့ပဲ ကျွန်တော်တို့ ယုံကြည်ပါတယ် အဘရသေ့ကြီး ခင်ဗျာ
း်အတွက် စိတ်မကောင်း ဖြစ်မနေပါနဲ့တော့"

ဟု ဝင်ပြောလေသည်။

အမှန်စင်စစ်. . .

ဘယ်သူမပြု မိမိမှုပင် ဖြစ်သည်။ ကိုယ်ဘဝကို ကိုယ်အ
လျှင်ဖန်တီး တည်ဆောက်နေကြရသည်မဟုတ်ပါလား။

"ဒီမားကို အမြန်ဆုံး သူ့နေရာ သူပြန်ရောက်ဖို့ လိုနေ
ချမ်းလီ ဒီမားသိုင်းလောကထဲမှာ အချိန်ကြာကြာရှိနေတာနဲ့ အ
သိုင်းလောကသားတွေက တဖြုတ်ဖြုတ်သေကြတော့မှာ သေချ
တယ်"

ရွှေတောင်ငွေး ရသေ့ကြီး ပိုင်ဟွေ့ချမ်းက ပြောလေသည်
သူကပင် ဆက်၍. . .

"အမှန်တော့ ဒီသဲသေတ္တာဟာ ကျိန်စာသင့်နေတဲ့ တ
တစ်လက်ပဲ ဒီမားကို တို့လက်ထဲက အမြန်ဆုံး ထုတ်လွှတ်ဖို့လိုတယ်"

ချမ်းလီက တစ်စုံတစ်ခုကို အလေးအနက်တွေးပြီး ရွှေ
တောင်ငွေး ရသေ့ကြီး ပိုင်ဟွေ့ချမ်းအား. . .

"ဒီသဲသေတ္တာကို ဟိုအရှေ့ပင်လယ်ထဲသွားပ်စမချပဲ ဖျက်
ဆီးပစ်လိုက်မယ်ဆိုရင် ပိုမကောင်းဘူးလား အဘရသေ့ကြီး ခင်ဗျာ"

ရွှေတောင်ငွေး ရသေ့ကြီး ပိုင်ဟွေ့ချမ်းက ချက်ချင်းခေါ်
လက်ကာပြသည်။

လက်ကာပြရင်းက. . . .

"သွားမလုပ်နဲ့ ကျိန်စာတွေ ကိုယ့်ဘက် လှည့်လာလို့ ပိုပြီး
အကျိုးနည်းနေဦးမယ် သူ့ကို ဖျက်စီးပစ်တာထက် သူ့နေရာသူပြန်
ထားလိုက်တာ အကောင်းဆုံးပဲ ချမ်းလီ"

သည်အချက်ကို ချမ်းလီက ဘဝင်မကျချင်ဖြစ်နေသည်။

"အဘရသေ့ကြီးကို ကျွန်တော် တစ်ခုမေးပါရစေ"



ချမ်းလီအမေး ကွာဖုန်းယုက ထင်းမီးပုံထဲ ထင်းအသစ်
ပစ်ထည့်နေရာမှ နားစင့်နေသည်။ မိမိတို့ရောက်ရှိသော နေရာမှ
တောအုပ် တစ်ခုအတွင်း ဖြစ်သည်။ မြို့နှင့်လည်း မဝေးကွာလှ
သော နေရာဖြစ်သည်။ ထင်းမီးဖို ဖိုထားသည်မှာ သားရဲတိရစ္ဆာန်
လာစေရန်ဖိုထားသည် မဟုတ် မြို့နှင့်မဝေးသော နေရာမျိုး ဖြစ်၍
ည်သည့် သားရဲတိရစ္ဆာန်မျိုးသော်မှ မလာ။ အအေးဓာတ်ကို
ကာကွယ်သည့် အနေဖြင့်သာ ထင်းမီးဖိုကို ဖိုထားရခြင်းဖြစ်သည်။
ရသေ့ကြီး ပိုင်ဟွေ့ချမ်းက ချမ်းလီပြောနေသော စကားကို မျှော်လင့်
စောင့်စားနေသည်။

"ကျွန်တော်က ဒီမားနဲ့ ပတ်သက်လို့ လိုတာထက်ပိုပြီး
တွေးကြည့်လို့ပါ"

"ဘယ်လိုများလဲ"

"ဒီမားကို ဖျက်ဆီးပ်စလိုက်တာက အစပြတ်သွားမယ်
ဖျက်ဆီးပဲ ပင်လယ်ထဲပစ်ချလိုက်ရင် ဒီမားဟာ တစ်နေ့ကမ်းခြေ
ပေါ်ကို ပြန်ရောက်မလာဘူးလို့ ဘယ်သူပြောနိုင်မှာလဲ"

"ချမ်းလီပြောတာမှန်ပါတယ်။ လူငယ်တစ်ယောက် အနေ
နဲ့ အခုလို တွေးမိတာကိုက ကျေနပ်စရာပါပဲ မှန်တာပေါ့ ဒီမားဟာ
တစ်နေ့ ပင်လယ်ထဲက ကုန်းပေါ်ကို ပြန်ရောက်ချင် ရောက်လာနိုင်
တာပဲပေါ့ ပင်လယ်ရေဆိုတာ လှုပ်ရှားနေတာပဲ"

"အဲဒီလို ဒီသဲသေတ္တာကုန်းပေါ်ကို ပြန်ရောက်လာရင်
အခုလိုပဲ ဒီမားနဲ့ ပတ်သက်သမျှလူတွေ တိုက်ကြခိုက်ကြ သေကြ
ကျေကြဖြစ်ဦးမှာပေါ့နော်"

"ဩော်. . . ချမ်းလီ. . . ချမ်းလီ. . . မင်းလဲ ဘဇော်တူ

သွားပါပဲလား အတော့်ကို ရှာရှာကြံကြံ တွေးတတ်တာပဲကို မှန်တယ် ချမ်းလီပြောသလိုပဲ ဖြစ်နိုင်တာပေါ့"

"ဒီလိုဆိုရင် ဒီသဲသေတ္တာကို ကျွန်တော်တို့ကပဲ အစဖြတ်တဲ့ အနေနဲ့ ဖျက်ဆီးပစ်လိုက်တာမှမကောင်းဘူးလား အဘရသေ့ကြီး ခင်ဗျာ"

ကွာဖုန်းယုက ချမ်းလီပြောနေသည့် အယူအဆကို သဘောကျ ချင်ချင်ဖြစ်နေသည်။ လူငယ်တစ်ယောက် မဟုတ်ပါလား လူငယ်ဆိုတာ လူငယ် အတွေးအကြံ အယူအဆကိုပဲ သဘောကျတတ်သည်။

ရွှေတောင်ဝေး ရသေ့ကြီး ပိုင်ဟွေ့ချမ်းသည် ချမ်းလီ သဘောပေါက်ရန် မည်သို့ ပြောရမည်မသိဖြစ်နေသည်။

အမှန်တော့. . .

သည်အကြောင်းကို အစကတည်းက ချမ်းလီတို့ လူငယ်တွေ သဘောပေါက်နားလည်လွယ်စေသော စကားကို ပြောပြသင့်သည်မှာ အမှန်ပင်. . .

"ဒါက ဒီလိုရှိပါတယ် လောကမှာ လူတွေမှာ ကံကြမ္မာဒုက္ခ ပေးစေတတ်တဲ့ အရာတွေဟာလဲ လောကမှာ သူ့အလိုလို ပေါ်ပေါက်လာတတ်သလို လူတွေဖန်တီးမှုနဲ့ ပေါ်ပေါက်လာတတ်တဲ့ အရာတွေ လဲတစ်ပုံကြီးပဲ ဘာနဲ့တူသလဲဆိုရင် လူဆိုးကြီး ဖြစ်လာမယ့် လူတစ်ယောက်ကို မိခင်တစ်ဦးက မွေးလိုက်မိတဲ့ သဘောပါပဲ"

"ဒီမိခင်ဟာ လူဆိုးကြီး ဖြစ်လာမယ့် လူမျိုးကို မွေးချင်မှ တဲ့လား မွေးလာမိတော့လဲ မွေးလာတဲ့အတိုင်း မသေမပျောက်အောင် ပြုစုပျိုးထောင် ရတော့တာပဲပေါ့"





ထိုအခါ. . .

ချမ်းလီက ရွှေတောင်ဝေး ရသေ့ကြီး ပိုင်ဟွေ့ချမ်းအခုလို ဘာပင်တပမ်း ရှင်းလင်းပြောပြနေသည်ကိုပဲ အားတုံ့အားနာ ဖြစ်ကာ. . .

"ကျွန်တော် သဘောပေါက် နားလည်သွားပါပြီ ခင်ဗျာ" စကားကို ပြောလိုက်ပါလေတော့သည်။

ထိုည နောက်နေ့အာရုဏ်ဦး ချမ်းလီနှင့် ကွာဖုန်းယုအိပ်ယာထသောအခါ ရွှေတောင်ဝေး ရသေ့ကြီး ပိုင်ဟွေ့ချမ်း မရှိတော့ ဘယ်အချိန်က ထသွားသည်ကို မသိလိုက်ပေ။

ညကလည်း သူဘယ် ကို သွားမည်လာမည် ကြိုတင် ပြောကြားထားခြင်း မရှိခဲ့။ ရွှေတောင်ဝေး ရသေ့ကြီးပိုင်ဟွေ့ချမ်း မရှိတော့သည်ကို သိလိုက်ရသော်လည်း ချမ်းလီတို့က လိုက်မရှာ။ မိမိတို့၏ ဆရာအဘရွှေတောင်ဝေး ရသေ့ကြီး ပိုင်ဟွေ့ချမ်း၏ အလေ့အထကို သိထားသည် ခရီးကိုသာ ဆက်ခဲ့ကြသည်။

ချမ်းလီတို့သည် မြောက်ပိုင်းကလှည့်ကာ တောင်ကုန်းမြင့်ကြီးများကို ဖြတ်ကျော်ကာ အရှေ့ပင်လယ်ကမ်းခြေသို့ ဦးတည်လာခဲ့ကြသည်။ လက်ထဲတွင် ငွေစကလည်း ကုန်ပြီ ဖြစ်၍ လမ်းတစ်လျှောက်လုံး သစ်သီးသစ်ဖုများကိုသာ ရှာကြံစားသောက်ခဲ့ ကြသည်။

အတောအုပ်များကို ဖြတ်သည့်အခါ တောကောင်ကလေးများကို ဖမ်းဆီးပြီး မီးကင်စားသည်။ အချို့ကို ခြောက်လှမ်းပြီး အစာခြောက်သဘောလုပ်၍ ယူဆောင်လာသည်။ လမ်းခရီးမှာ လူသူနှင့် ဝေးလေလေ ကြမ်းထန်းလာလေလေပင်။

တစ်ခါ တစ်ခါ လမ်းက အတားအဆီးအပိတ်အဆို့
ဖြစ်လာတတ်သည်။

"ချမ်းလီ ဒီရေကန်ကြီးကို တို့တွေ ကွေ့သွားလို့ မဖြစ်
ကွေ့သွားမယ်ဆိုရင် နောက်ဘက်ကို ပြန်သွားရမယ့် အခြေအနေ
ရှိတယ်"

"အကောင်းဆုံးကတော့ ဒီရေကန်ကြီးကို တို့တွေ သစ်
ဖောင်ဖွဲ့ပြီး ဖြတ်ကျော်တာပဲ ဖြစ်တယ် ချမ်းလီ"

ကွာဖုန်းယုက သူ့စိတ်ကူးကို ပြောပြသည်။ ချမ်းလီလက်
ချင်၍မရ။ အခြေအနေက သစ်တုံးဖောင်ဖွဲ့ကူးရမည့် အခြေအနေ

ထို့ကြောင့်. . .

နှစ်ယောက်သား သစ်ပင်တွေကို ခုတ်လှဲပြီး သစ်တုံးဖော
ဖွဲ့ရသည်။ နှစ်ယောက်ပဲ တက်စီးရမည့် ဖောင်ဖြစ်သဖြင့် သစ်တုံး
တွေကို ခပ်ရွယ်ရွယ်ခုတ်လှဲရသည်။ ရေကန်ကို သစ်တုံးဖောင်နှင့်
ဖြတ်ကျော်သောအခါ မိကျောင်းတွေက နောက်ကလိုက်လာသည်
မိကျောင်းသုံးကောင်ကား သဲသဲမဲမဲ လိုက်လာသည်။

ပါးစပ်ကြီး တွေကို ဟဖြလျက်လိုက်လာသည့် မြင်ကွင်းမှာ
အသဲယားစရာ ရင်တုန်စရာ။ သည်ကြားထဲ မြွေတွေက ရွံ့နွံ
ပေါ်မှာ တွန့်လိမ် တွန့်လိမ်နှင့် မိမိတို့ရှိရာကို လာနေကြသည်။

မြွေရန်ကို မကြောက် မိမိတို့ဖောင်အနီး ရောက်မလာ
အောင် မှုတ်မြှားဖြင့် မှုတ်၍ ပစ်သတ်၍ရသည်။

မိကျောင်း သုံးကောင်ရန်ကိုကား ကြောက်သည်။

"သူတို့ကို မခုခံနဲ့ ကွာဖုန်ယု တို့သစ်ဖောင်အမြန်ဆုံး ရွေ့
သွားအောင်သာတိုးဝါးကို မြန်မြန်ထိုးပေး"







ရေသေကန်ကို ဖြတ်ကျော်ရသည် အလွန်ပင်ပမ်းသည်
လရကား။

အခုလို. . .

မိကျောင်း တွေလိုက်လာသည်ကို လွတ်အောင် ဖန်တီး
သောအခါ မိမိတို့မှာ ချွေးအပြိုင်းပြိုင်း

"မြန်မြန်ဟေ့. . . . မြန်မြန်"

လူနှင့် တိရစ္ဆာန်အင်အားချင်းတူသည်ဆိုဦးတော့ လူ့အသိ
ကိုတော့ဖြင့် မိကျောင်းသုံးကောင် မှီနိုင်သည်မဟုတ်။

□✢□✢□✢

## အခန်း (၁၈)

### စောင့်ကြည့်သူများ

မြောက်ပိုင်းနှင်းဖုံးတောင်ခြေလမ်းသည် ဆီးနှင်း... တသဲသဲ ကြွေသက်ကျနေသည်။

လမ်းဘေးမှာရော၊ လမ်းမ တစ် လျှောက်မှာပါ ... များဖုံးလွှမ်းကာ အရာရာသည် ဖြူဖွေး၍ နေ၏။

ဤတောင်ခြေလမ်း ဆီးနှင်းမြူမှုန်တွေကြားတွင် ... သမားသုံးဦးသည် မြင်းကိုယ်စီဖြင့် လမ်းပေါ်တင်ကျန်ဖုံး... သည့်ဆီးနှင်းခဲ၊ ဆီးနှင်းဖတ်များကို တပင်တပန်း ဖြတ်... လာနေကြသည်။

အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးမှာ တစ်ဦး... သူတို့သည် ဆီးနှင်းခံ ဝါးခမောက်ကြီးများကို စောင်းလျက် ... ကြီးများကို တင်းကြပ်စွာဆွဲ၍ ချည်နှောင်ထား၏။

ဆောင်းအားများကို ခါးတွင်မချိတ် နောက်ကျော... စောင်း စောင်းထိုင်လွယ်၍ ထားသည်။





သူတို့သုံးဦး၏ အပြင်တန်း အသွင် အပြင်ကို တွေ့မြင် ...ရသည်နှင့် သိုင်းလောကသားများ ဖြစ်ကြောင်း သိသာ ...၏။

မှန်သည်၊ သူတို့သုံးဦးကား အခြားသူများ မဟုတ် ချမ်းမိန်၊ ...ဖုန်းနှင့် တဝေရှင်းတို့ပင် ဖြစ်သည်။

ယခု သူတို့သည်လည်း လမ်းခရီးရှည်သွား မွန်ဂိုမျိုးနွယ်စု ...ဂုမခွဲထွက်၍ လာခဲ့ခြင်းပင်။

ပထမပိုင်းက အဘိုးအိုငေါ်ကေ့ချမ်းသည် ချမ်းမိန်တို့နှင့် ...ခရီးရှည်ထွက်ကြမည် စိတ်ကူးမိကြသေးသည်။

သို့သော်လည်း. . .

တစ်ကယ်တန်း ခရီးထွက်ကြတော့မည် ဆိုသောအခါ ...ဘိုးအို ငေါ်ကေ့ချမ်းက မိမိတို့ကိုပင် ကြိုတင်အသိမပေးပဲ ခရီး ...က်သွားပြီ ဖြစ်သည်။

သူမြင်းလှည်းကို သွားရှာတော့မှ မြင်းလှည်းမရှိတော့ ...ကြောင်းသိလိုက်ရသည်။

အုပ်စုအကြီးအကဲအဘိုးကြီး ကျန့်အန်းပေါင်က. . .

“သူမနေ့က ကျုပ်ကို နှုတ်ဆက်ပြီး ထွက်သွားပြီ မင်းတို့ ...သွားရင် သူ့အတွက်မင်းတို့မှာ အနှောင့်အယှက်ဖြစ်နေမှာ စိုးလို့ ...တယ်”

ဟူသောစကားကိုသာ ပြောလာလေတော့သည်။

လူကြီးဆိုတော့လည်း. . .

သူ့စိတ်ဆန္ဒအတိုင်း လွတ်လွတ်လပ်လပ်ပဲ သွားချင်ပုံ ...ည်။ မိမိတို့ အခုလောလောဆယ် အရှေ့ပင်လယ်ကမ်းခြေသို့

ဦးတည်သွားကြမည်ဆိုသည့် အကြောင်းကိုကား သူသိပြီးဖြစ်သည်

ထို့ကြောင့်. . .

ချမ်းမိန်တို့သုံးဦးသား မူလအစီအစဉ်အတိုင်းလိုအပ်သ
အစာခြောက်ရိက္ခာ အလုံအလောက်နှင့်အတူ ခရီးထွက်ခဲ့သည်

ခရီးမထွက်မီ ညကမူ ချမ်းမိန်သည် အိပ်မရ ဖြစ်နေသ
နှင့် တောလမ်းဘက် လမ်းလျှောက်ထွက်လာစဉ် ဝါးရုံတော အော
ဘက်မှ လူရိပ် နှစ်ရိပ်တွေ့၍ အကာအကွယ်ယူပြီး ကြည့်လိုက်မိ

မိန်းကလေး တစ်ဦးနှင့် လုလင်ပျိုတစ်ဦးတို့ ဖြစ်သည်
အသေအချာကြည့်လိုက် သောအခါ မိန်းကလေးမှာ တဝေ
ဖြစ်နေသည်။ ထို့ကြောင့်လည်း လုလင်ပျိုကို အဘိုးကြီး ကျန်
ပေါင်၏ သား။ ကျန့်ထန်းငူဖြစ်မည် ဟု ချမ်းမိန်တွက်လိုက်သ
အသေအချာကြည့်လိုက်တော့လည်း သူတွေးထင်သည့်အတို
မှန်နေသည်။

သို့နှင့်. . .

ချမ်းမိန်သည် ဤကိစ္စ မိမိနှင့် ဘာမျှမသက်ဆိုင် သူ
လိုလူငယ်တွေ အရေးကိစ္စဖြစ်သည်။ သူတို့အကြောင်းသူတို့ ဆော
လိမ့်မည်ဟု တွက်သည်။ ဆက်လက်လျှောက်လာခဲ့သည်။ သည်
မှ တဝေရှင်းက ချမ်းမိန်အနောက်က. . .

"ရှပ်. . . ရှပ်. . . ရှပ်. . . ရှပ်"

"ရှပ်"

သုတ်ခြေတင်ပြေးလိုက်လာပြီး ချမ်းမိန်၏ လက်မော
တစ်ဘက်ကို ဆုပ်ကိုင်ကာ ဆောင့်ဆွဲလိုက်သည် သူမ၏မျက်နှာ
အမျက်သိုနေသည့်ဟန်။





ပြီးတော့. . .

အစ်ကို တစ်ယောက်အပေါ် စိတ်ကောက်နေသည့် ပုံမျိုး။

"ဘာဖြစ်လို့လဲ"

ချမ်းမိန်က လူကြီးပီပီ လူကြီးဆန်ဆန် မေးလိုက်သည်။

"မိန်ကိုကိုမကောင်းဘူး။ ဟိုမှာ ကျန့်ထန်းငူက ကျွန်မကို
နေရာမှာ မိန်ကိုကိုက ခေါ်ခိုင်းလိုက်တယ်လို့လာပြောပြီး ကျွန်မ
ကြားချင်တဲ့ စကားတွေ အတင်းပြော အတင်းဆိုနေတာ"

"ဟင်. . . ကျုပ်ကလဲ မင်းကို မခေါ်ခိုင်းပါလား"

"ဒီကောင်ညာပြီး ခေါ်လာတာပါလို့ ပြောနေမှ မိန်ကိုကို
ယ် အဲဒါကို မိန်ကိုကိုက တွေ့ရက်နဲ့ပ မတွေ့သလိုလုပ်ပြီး ထွက်
သွားတာလွန်တာပေါ့"

"မင်းနဲ့သူ ချစ်သူတွေ မဟုတ်ဘူးလား"

"အို. . . မဟုတ်မဟုတ် ဘယ်ကလာချစ်သူတွေရမှာလဲ
သူက ကျွန်မကို တစ်ဘက်သတ်ကြိုက်နေတာပါလို့ ပြောခဲ့ပြီကော"

ထိုအခါ. . .

ချမ်းမိန်က ဘာကိုမျှ ပြန်မပြောမိသော်လည်း တဝေရှင်း
ကလုံးတွေကို တော့ကြည့်လိုက်မိသည်။ ချမ်းမိန်ရင်ထဲ ခုန်သွားမိ
လေတော့သည်။

မိန်းကလေးတွေ အဲဒီလို အကြည့်စူးမျိုးကို သူတို့ ချစ်သူ
ားကိုသာ ကြည်တတ်ကြကြောင်း။ ချမ်းမိန်သိထားသည် မဟုတ်
လား။

ယခုည စခန်းချကြသောအခါ ချမ်းမိန်က မနေ့ညက
ဖြစ်ကို မြင်ယောင်ပြီး တဝေရှင်းကို ရဲရဲမကြည့်ဝံ့ပဲ ဖြစ်လာရ

သည်။

"ဒီကောင်မလေး ငါ့ကို ဘာဖြစ်လို့ စိတ်ဝင်စား နေရပါလိမ့်"

ချမ်းမိန်က မီးပုံအပေါ်တက်သစ်ပင်ကိုင်းတွင် ကြိုးတန်းလန်းချ၍ ရေနွေးအိုးတစ်လုံးတည်ရင်း ငူးခနဲ လေပူသက်ပြင်း တစ်ချက်မှုတ်ထုတ် လိုက်လေသည်။

ထိုစဉ်. . .

တဝေဖုန်းက လေးကိုင်းကို ပြုပြင်နေရာမှ. . .

"ချမ်းမိန်. . . မနက်ပိုင်းက ငါပြောထားတဲ့ အစီအစဉ်အတိုင်း ဒီအချိန်လောက်စရင် ကောင်းမယ်"

ဟု ပြောလိုက်သည်။

ချမ်းမိန်မှာ တဝေဖုန်းပြောလိုက်သော စကားကို ရုတ်တရက်နားမလည်သလို ငေးငိုင်၍ ကြည့်နေသည်။

တကယ်တော့. . .

တဝေဖုန်းပြောလိုက်သော စကားနှင့် ပတ်သက်သောအကြောင်းအရာကို ချမ်းမိန်လုံးဝ မေ့နေခြင်းပင်။ နောက်မှ ချမ်းမိန်သတိရသည်။ သည်နေ့စခန်းချလျှင် မိမိတို့အား နောက်ယောင်ခံ လိုက်နေသော လူများကို တန်ပြန်စောင့်ကြည့်မည့် အစီအစဉ်ဖြစ်သည်။

တဝေဖုန်းက. . .

"ချမ်းမိန်ငါပြောတာ ကြားလား"

"ဩော်. . . အင်း. . . ကြားပါတယ်၊ သွားလေသွားကြတာ ပေါ့"





ချမ်းမိန်က ပြောပြောဆိုဆိုအနီးတွင် ချထားသော သံသေခားကို ကောက်ကိုင်ပြီး ထရပ်လိုက်သည်။

သို့တိုင်အောင်. . .

ကဝေဖုန်း ချမ်းမိန်၏စိတ်ဓာတ်တက်ကြွမှုကိုအားမလိုအားမရဖြစ်နေသည်။

"မင်းကြည့်တာ စိတ်မပါသပဲ"

"စိတ်ပါပါတယ် ဘာဖြစ်လို့လဲ အလုပ်တစ်ခုခုလုပ်ရင်ခဉ်းစားရသေးတယ်လေကဝေဖုန်းရဲ့"

ဟုစကားဖောင်ဖွဲ့လိုက်တော့မှ ကဝေဖုန်းကကျေနပ်သွားဟန်တူ၏။

သူနှမငယ် တဝေရှင်းဘက်လှည့်လိုက်ကာ. . .

"ကဝေရှင်း. . . နင်လဲဒီအကြောင်းသိထားပြီးသားငါနဲ့ချမ်းမိန် ဟို ကုန်းထိပ်ပေါ်မှာ ရှိမယ် နင်က မီးမပြတ်ထည့်ပေးမအိပ်နဲ့. . . ဟုတ်လား"

"ခရီးပမ်းလာတာ အိပ်ပျော်သွားမှာ. . ."

ချမ်းမိန်က ကဝေရှင်းပြောသည်ကို သဘောကျပြီး ပြုံးလိုက်သည်။

ကဝေဖုန်းက. . .

"အိပ်မပျော်အောင်နေစမ်းပါ ကဝေရှင်းရာ. . . တစ်ညတစ်လေပဲဟာ ငါတို့လဲတစ်ညလုံးမအိပ်ပဲရှိနေမှာပါ"

"ကဲ ကဲ အိပ်လဲ သတိ ဝီရိယ နဲ့အိပ် မီး တော့မပြတ်အောင်ထည့်ထား ဒါမှ ငါတို့နောက်ကို နောက်ယောင်ခံလိုက်နေတဲ့လူတွေ ဒီနေရာကိုစုလာမှာ. . ."

တဝေရှင်းက မျက်ခုံးနှစ်ဖက်ကိုမြင့်တင်လိုက်သည်ပခုံး ဘက်ကိုလည်း တွန့်လိုက်သည်။

"ကဲ. . . လာ ချမ်းမိန်. . ."

တဝေဖုန်းက ဦးဆောင်၍ ကုန်းထိပ်ပေါ်သို့ တက်သွားသည် တောင်ကုန်းမှာ တောင်ကတုံးမဟုတ် သစ်ပင်ဝါးပင်တွေ ယှက်လိမ်၍ ပေါက်ရောက်နေသော တောင်ကုန်းမျိုး ဖြစ်သည်။

သစ်ပင်တွေကြားမှ တိုးဝှေ့ပြီး ကုန်းထိပ်သို့ တက်ခဲ့ကြသည်။ အပေါ်သို့ ရောက်သောအခါ သစ်ပင်တွေကွယ်နေသဖြင့် ဆင်ခြေလျှော ပတ်ဝန်းကျင်ကို ရှင်းရှင်းလင်းလင်းမမြင်ရ မိမိလိုက်လာခဲ့သောနေရာတွင် မှောင်မဲနေပြီ အမှောင်ထဲမှ တနေရာတွင် မှုန်ရီရဲပြီးလင်းမှိန် နေလေသည်။

တဝေရှင်း ထင်းမီးပုံကို ထင်းတွေ အဆက်မပြတ် ထည့်ပေးနေပုံရသည်။

"တဝေဖုန်းတို့ သစ်ပင်ပေါ်တက်ပြီး စောင့်ကြည့်တာပို ကောင်းမယ်"

ချမ်းမိန်က ပြောပြောဆိုဆို အမြင့်ဆုံးသစ်ပင်တစ်ပင် ပေါ်သို့ ကိုယ်ဖော့ပညာဖြင့် ခုန်ပျံ၍ တက်သွား၏။

"ဝှစ်"

"ဟူး"

❑✣❑✣❑✣





## အခန်း (၁၉)

### လာချေပြီ

ညသည်မှောင်သည် ထက်မှောင်၍လာလေသည်။ ညဥ့် နက်လာသည်နှင့် အမှုအအေးဓာတ်က ပိုကဲ၍ လာသည်။ ဆီးနှင်း ပွင့်တွေမှာလည်း ညဦးပိုင်းကထက် ပိုမိုသိပ်သည်းလာသည်။

လရောင်မှာ လရောင်နှင့်မတူ လထွက်လာသော်လည်း လဝန်းကို ပြတ်ပြတ်ထင်ထင် မတွေ့ရ။ လဝန်းရှိနေသော ကောင်းကင်ဝန်းကျင်တွင် မှုန်ရီဝိုးတဝါးအလင်းတွေ လုံးဝန်းလျက်ရှိနေသည်။

"ဖြောင်း. . . ဖြောင်း. . ."

"ဖြောက်"

"ရှိုက်. . . ရှိုက်. . . ရှိုက်"

မီးပုံထဲတွင် ထင်းတုံးတွေ အားလုံးအရှိန်ပြင်းစွာ တောက် လောင်လျက်ရှိသည်။ တဝေရှင်းသည် အစ်ကိုဖြစ်သူက ထင်းမီးပုံ မီးမပြတ်စေရဟု မှာထားသဖြင့် အိပ်ချင်နေသည့်ကြားက ညနေက

ကောက်ပုံထားသော ထင်းတွေကို မီးပုံထဲပစ်၍ ပစ်၍ထည့်နေသည်။ ထိုအချိန် အထိ တဝေရှင်းသည် ရောက်ရှိနေသော ပတ်ဝန်းကျင်တွင် ကြောက်ရမှန်းလန့်ရမှန်းမသိ။

ရင်ဘတ်ပေါ်သို့ တစ်စုံတစ်ရာ ရောက်လာပြီး တွယ်ကပ်နေတော့မှသာ အထိတ်တလန့် ဖြစ်လာ၏။

"ဘုတ်"

"အား. . ."

ဘယ်ဘက်ရင်သားပေါ်တွင် ကျရောက်တွယ်ကပ်နေသော အရာကို တဝေရှင်းငုံ့၍ ကြည့်သည်။ ယားကျိကျိအရာကား မည်းနက်သော အကောင်တစ်ကောင်ဟု သူမထင်လိုက်သည်။ ငုံ့၍ ကြည့်ရပြန်သည်။

"အမယ်လေး. . . ကင်းမြီးကောက်ကြီး"

"အား. . ."

"အား. . ."

တဝေရှင်းမှာ အဆိပ်ပြင်းသော ကင်းမလက်မည်းကောင်ကြီးတစ်ကောင် ဖြစ်နေရုံမက မိမိရင်သားပေါ်တွင် ရှုစိစိ ယားကျိကျိ ဖြစ်နေသဖြင့် ကြောက်လည်းကြောက် အသည်းကလည်းယား ခံစားချက်နှစ်မျိုး တပြိုင်တည်း ခံစားရကာ တစ်တစ်ချဉ်ချဉ်အောင်နေပါလေတော့သည်။

အခုမှခတ်ပြီ လက်ဖြင့်လည်းမကိုင်နိုင် ရုတ်တရက် ဘာလုပ်ရမည်လည်း မသိ။ တစ်နေရာတစ်တည်း ရပ်ကာလက် နှစ်ဖက်ကို တဆတ်ဆတ်ခါလျှက် တအားအား အော်နေမိလျက်သား ဖြစ်နေသည်။ သည်တွင် သူမရှေ့သို့ အရိပ်တစ်ရိပ်ထိုးကျလာသည်။





"ဝုစ်"

"ဟူး"

ထိုးကျလာသူမှာ ချမ်းမိန်

ချမ်းမိန်က တဝေရှင်း ထင်းမီးပုံဘေးတွင် တစ်ယောက်တည်းမို့ကြောက်လန့်နေမည် အထင်နှင့် လိုရမယ် ကုန်းထိပ်မှ ဆင်းလာခြင်းပင် စခန်းအနီးသို့ ရောက်ရှိလာကာ ရှိပါသေးသည်။

တဝေရှင်း၏ တစ်တစ်ချဉ်ချဉ် အော်လိုက်သော အသံက ချမ်းမိန်နားနှစ်ဘက်သို့ လာရောက်ပဲ့တင်ထပ်သည်။

"ဟာ. . . တဝေရှင်းအသံပါလား"

စိုးရိမ်စိတ်ဖြင့် ခုန်ပျံဆင်းလာခဲ့သည်။

တဝေရှင်း ရှေ့မှောက်သို့ ရောက်သောအခါ ချမ်းမန်တွေး ထင်ထားသော မားကိုင်လူဆိုးကိုကား မတွေ့။

တဝေရှင်း၏ ဘယ် ဘတ်ရင်သားပေါ်တွင် တွယ်ကပ်နေသော တောကင်းမြီးကောက် လက်မည်းကြီးကိုသာတွေ့၏။

"ဟာ. . . တောကင်းမြီးကောက်လက်မည်းကြီးပါလား နေနေ• မအော်နဲ့ မလှုပ်နဲ့ ငြိမ်ငြိမ်ကလေးနေ"

ခုမှတဝေရှင်းသည်လည်း အအော်ရပ်သွားသည် လက်တွေ့ခါရမ်းသောအလုပ်ကိုလည်း ရပ်လိုက်သည်။

သို့သော်. . .

'အသားတွေမှာ တဆတ်ဆတ်. . .'

သိုင်းပညာတက်သည်မှန်သော်လည်း အခုလိုအဖြစ်မျိုးကျတော့မိန်းမတို့ သဘောသဘာဝတွေက ထိန်းချုပ်ထားသော်လည်း မရ ဘွားခနဲပေါ်လာလေသည်။

"ငြိမ်ငြိမ်လေးနေ"

"အသက်ကို မှန်မှန်ရှူ"

"*မျက်စိတွေ မှိတ်ထား*"

ချမ်းမိန်က တဝေရှင်း၏ ညာဘက်ဘေးတွင် ရပ်လျက် အသံကို အုပ်၍ အမိန့်ပေးနေသည်။ တဝေရှင်းသည် ချမ်းမိန် ပြောသည့်အတိုင်း ငြိမ်ငြိမ်နေသည်။ အသက်ကို မှန်မှန်ရှူသည်။

မျက်စိတွေကို မှိတ်၍ထားလိုက်သည်။

ခုချိန်အထိ ချမ်းမိန်ဘာလုပ်ရမည်မသိ။ မိမိရင်သားပေါ်တွင် တောကင်းမြီးကောက် လက်မည်းကြီးသည် တလှုပ်လှုပ်။ ရွစိစိ ယားကျိကျိ

"ရွှတ်"

ရွှတ်ဆိုသော လေတိုးသံလိုလို အသံတစ်သံကို တဝေရှင်း ကြားလိုက်ရပြီးသည့်နောက် မိမိရင်သားပေါ်က တလှုပ်လှုပ် တရွရွ အရာကား လုံးဝမရှိတော့ပြီ သို့နှင့် တဝေရှင်းသည် မျက်စိနှစ်ဖက် လုံးကို အရင်ဆုံး ဖွင့်၍ ကြည့်လိုက်သည်။

ချမ်းမိန်သည် သံသေတ္တာကို ဓားအိမ်ထဲပြန်သွင်း နေလေ သည်။ ရင်ဘတ်ပေါ်တွင်တောကင်းမြီးကောက် လက်မည်းကြီးကား မရှိတော့ပြီ။

"ဟင်. . . ကင်းမြီးကောက်ကြီးရော"

"ဟိုမှာလေ"

ချမ်းမိန်ကလက်ညှိုးထိုး၍ပြသောနေရာကို ငုံ့ကြည့်လိုက် သောအခါ တဝေရှင်းသည် ခြေချောင်းကလေးအချို့ပြတ်တောက် သွားပြီး ပက်လက်လန်ကာ တလှုပ်လှုပ်ရှိနေသော တောကင်းမြီး





ကောက်လက်မည်း အကောင်ကို မိမိခြေထောက်အနီးတွင် တွေ့လိုက် ရလေသည်။

ထိုစဉ်. . .

ချမ်းမိန်ကမြေကြီးပေါ်ကျသွားသော တောကင်းမြီး ကောက်လက်မည်းကောင်ကြီးကို ခန္ဓာအပေါ်မှ ဖိညှပ်၍ကိုင်လိုက် ပြီး ထင်းပိုးပုံမီးတောက်မီးလျှံထဲပစ်ချလိုက်လေသည်။

"ခြေချောင်းလေးတွေပြတ်သွားလို့ သတ်ပစ်လိုက်တာပါ ဝန်လည်မှာစိုးလို့လေ"

"သူများအသက်သတ်တာက ပိုအပြစ်မကြီးဘူးလား"

"ကြီးတာပေါ့ ဒါပေမယ့် ဒီအပြစ်တွေကျုပ်ပဲခံလိုက်ပါ့မယ် ကျေနပ်ရဲ့လား"

တဝေရှင်းကြားချင်နေသော စကားမျိုးကိုကြားလိုက်ရသ ဖြင့် တဝေရှင်းကျေနပ်၍နေသည်။

အပြုံးတွေမျက်နှာမှာဝေနေသည်။ မျက်လွှာကိုရှက်စနိုး ဖြင့် အသာချကာ တစ်ဖက်သို့စောင်းလှည့်လိုက်မိပါ၏။

"ဝှစ်"

"ဟူး"

လေတိုးသံတစ်သံကိုကြား၍ ပြန်လှည့်ကြည့်လိုက်သော အခါ. . .

"ဟင်. . . ဘယ်ရောက်သွားပါလိမ့်"

ချမ်းမိန်ကား သူမရှေ့တွင် မရှိတော့ပြီ။

သည်တော့လည်း သူမသည် နှုတ်ခမ်းစွန်းကလေးတစ်ဖက် ကိုဖိကိုက်လိုက်ရလေတော့သည်။

ချမ်းမိန်က ကြုံတွေ့ခဲ့ရသမျှ တဝေဖုန်းကို အကုန်ပြော
လိုက်သည်။

"မင်း ကုန်းထိပ်အောက်ကိုဆင်းသွားလို့ တော်သေးတာ
ပေါ့၊ အဲဒီကောင်မလေးကတစ်မျိုး ဆင်ကိုမကြောက်၊ ပုရွက်ဆိတ်တို့
မှကြောက်တဲ့လူစား"

"ဒီလိုပဲဖြစ်တတ်ပါတယ်၊ အထူးသဖြင့် မိန်းကလေးတွေ
မှာ ဒီလိုမျိုးတွေ့ရတတ်တယ်၊ ဒါထက် အခြေအနေထူးခြားလား"

ချမ်းမိန်က စကားလမ်းကြောင်းကိုလှည့်လိုက်သည်။

တဝေဖုန်းက. . .

ခုထိတော့ ဒီတဝိုက်မှာ ဘယ်လိုထူးခြားချက်မျိုးကိုမှ
မတွေ့ရသေးဘူး၊ ဒါပေမယ့်. . ."

တဝေဖုန်းက သူ့စကားကိုမဆက်ပဲရပ်ထားသည်။

"ပြောပါဦး"

ချမ်းမိန်က သိချင်နေသည်။

"ဟိုအရှေ့ဘက်တောအုပ်ထဲက ငှက်အတွေအူတယ်
နောက် ငှက်တွေပြုတယ် ဒီလက္ခဏာဟာတစ်ခုခုပဲ"

"သေချာတယ်. . တဝေဖုန်း ရန်သူကတော့ တို့ဘက်ထို
ဦးတည်ပြီးလာနေပုံရတယ်၊ ထင်းမီးပုံအရောင်က ရန်သူကိုမြူဆော်
လိုက်တာပဲပေါ့"

"ငှက်သိုက်ပြုတယ်ဆိုတာ လူတစ်ယောက်နှစ်ယောက်မဟုတ်
တဲ့သဘောပဲ ချမ်းမိန်၊ လူတွေသိပ်များနေရင် ဘယ်လိုလုပ်မလဲ"

ထိုသို့နှစ်ယောက်သားအပြန်အလှန်စကားပြောနေစဉ်
မှာပဲ. . .





ညာဘက်တောအုပ်ထဲမှ တောတိုးသံတစ်သံကို သူကြား
လာရလေသည်။

တဝေဖုန်းက ပါးစပ်ကိုလက်ညှိုးကန့်လန့်ဖြတ်ထားလိုက်
သည်. . .

"တိုးတိုး. . ဒီကောင်တွေတို့ဆီလာနေပုံရတယ်"

"ဟုတ်တယ် ချမ်းမိန်"

"ရှပ်"

"ရှပ်. . ရှပ်"

"အမဲကောင်တော့ မဖြစ်နိုင်ဘူး"

တဝေဖုန်းကပြောလိုက်သည်။

❏✣❏✣❏✣

## အခန်း (၂၀)

## မိုးတိတ်နီ၏ကောက်ကျစ်မှု

"ဟား. . . ဟား. . . ဟား. . . ဟား. . . "

ရယ်မောသံကိုသာ ကြားနေရသည်။

လူရိပ်လူခြည်ကိုမတွေ့ရ။

သည်တော့. . .

ချမ်းမိန်နှင့် တဝေဖုန်းတစ်ယောက် မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

"ဘယ်လိုလဲ ရန်သူက တို့ထက်ပိုလျင်နေပါလား"

ဟူသောအဓိပ္ပါယ်ကိုဆောင်သည့်အကြည့်မျိုး တစ်ယောက် မျက်နှာတစ်ယောက်ကြည့်လိုက်ရုံနှင့်သိလိုက်ကြသည်။

သည်တွင်. . .

ချမ်းမိန်က ဝုန်းခနဲခုန်၍ ရှေ့သို့ထွက်ရပ်လိုက်သည်။

နောက်ကြောတွင်သိုင်းလွယ်ထားသော ဆောင်မားကိုဆွဲ ထုတ်လိုက်သည်။

"ရွှမ်း"





ချမ်းမိန်ကအပေါ်ဘက်သို့ မျက်နှာမော့ကာ. . .

"ဟေ့. . အခုရယ်မောပြနေတာ ဘယ်သူလဲ၊ ဘာဖြစ်လို့ ခိုးချောင်ခိုးဝှက်ပုန်းလျှိုးနေရတာလဲ၊ မြင်ကွင်းကိုထွက်ခဲ့လေ"

တဝေဖုန်းကပါ. . .

"အဆင့်မြင့်သိုင်းသမားတွေဆိုရင် ခုလိုအောက်တန်းကျ တဲ့အလုပ်မျိုးကို ဘယ်တော့မှမလုပ်ဘူး"

ဟုဝင်ပြောလိုက်သည်။

"ဘယ်သူလဲ ဘယ်ဝါလဲမေးနေစရာမလိုဘူး၊ ငါ့အသံကို ကြားတာနဲ့ ငါဟာမိုးတိမ်နီဂိုဏ်းချုပ်ကျစွန်းအန်းဆိုတာ မင်းတို့သိနေ ဖို့ကောင်းတယ်"

ထို့နောက်. . .

ကျစွန်းအန်းသည် ရှေ့တည့်တည့်မှ ခုန်ပျံ၍ကျရောက် လာ၏။

"ဝှစ်"

"ဝှစ်"

"ဟူး"

တစ်ချိန်တည်းမှာပဲ ချမ်းမိန်တို့ဘေးနှစ်ဖက်နှင့် နောက် ဘက်တို့မှမိုးတိမ်နီဂိုဏ်းသားလေးဦးတို့သည်လည်း. . .

အသီးသီးကျလာ၏။

"ဟင်း. . ဟင်း. . ဟင်း"

ကျစွန်းအန်းသည် ရှေ့သို့တစ်လှမ်းချင်းလှမ်း၍ ဆက် လျှောက်မလာတော့ပဲ. . .

"ဘယ်လိုလဲ စွန့်ရဲချမ်းမိန်၊ မင်းရဲ့ခန္ဓာကိုယ်ထဲက ရေခဲ

တောင်ကင်းခြေများအဆိပ်ကို သတိရပါရဲ့နော်၊ ကုန်ဆုံးလာတဲ့ နေ့ရက်တွေကလဲတစ်လကျော်လာပြီမဟုတ်လား"

"ကျုပ်ခန္ဓာကိုယ်ထဲက အဲဒီအဆိပ်ကို ကျုပ်မေ့နေတာ အမှန်ပဲ၊ အခု ခင်ဗျားပြောမှ ကျုပ်ပြန်သတိရတော့တယ်"

"ဘာလဲ. . မင်းက ရေခဲတောင်ကင်းခြေများအဆိပ်ကို ဂရုမစိုက်ဘူးလို့ဆိုလိုတာလား"

ချမ်းမိန်ကဘေးတွင်ရှိသော တဝေဖုန်းကိုတစ်ချက်ကြည့်လိုက်ပြီး. . .

"ခင်ဗျားရဲ့အဆိပ်ကို ကျုပ်ကဂရုမစိုက်ဘူးဆိုရင် ကျုပ် အခုလို ကျုပ်သားရှာပုံတော်ဖွင့်ပါ့မလား"

"မင်းသားရှာပုံတော်ဖွင့်တာက ဘာဖြစ်လို့ဒီဘက်ကို ရောက်လာကြတာလဲ၊ မင်းတို့ကိုကြည့်ရတာ ယုံကြည်စရာမရှိတော့ပါဘူး"

"ဒါတော့ ကျုပ်သားချမ်းလီဘယ်ကို သွားလို့ဘယ်ကိုလာမယ်ဆိုတာ ကျုပ်အသိဆုံးပဲလေ၊ ကျုပ်က ခင်ဗျားတို့ကို ကျုပ်နောက်ကလိုက်ပြီး စောင့်ကြည့်ခိုင်းနေတာမှ မဟုတ်ပဲ"

တဝေဖုန်ကကြားဖြစ်၍. . .

"ခင်ဗျားတို့ဆီကို အချိန်တန်လို့ သံသေတ္တာရောက်လာဖို့ အမိကပဲမဟုတ်လား၊ အခုလို ကျုပ်တို့နောက်က တကောက်ကောက်လိုက်နေတာ ကျုပ်တို့ကို စိတ်အနှောက်အယှက်ပေးနေသလိုပဲ"

"မင်းက ဘာဆိုင်လို့ ဝင်ပြောနေရတာလဲ၊ ဘာမှမဆိုင်ရင် ဘာမှဝင်ပြောစရာမလိုဘူး"





"ဒါ ကျုပ်တို့ မွန်ဂိုခရီးရှည်သွားအုပ်စုဝင်တစ်ယောက်ဆိုတာ ခင်ဗျားသိလား"

"မင်းက မွန်ဂိုခရီးရှည်သွားအုပ်စုအဖွဲ့ဝင်ကိုး၊ မင်းတို့ရဲ့လျှို့ဝှက်သံစဉ်သိုင်းဝိညဉ်သိုင်းကွက်တွေဟာ အလွန်နံမည်ကြီးပေတာပဲ. . . ကဲ. . မိတ်ဆွေကြီး တတ်တဲ့ပညာမနေသာတဲ့ ကျုပ်တပည့်တစ်ယောက်နဲ့ သိုင်းပညာဖလှယ်ကြည့်ကြရအောင်"

မိုးတိမ်နီဂိုဏ်းချုပ်ကြီးကျစွန်းအန်းက တဝေဖုန်းအား စိန်ခေါ်လိုက်ခြင်းပင်။

ချမ်းမိန်သည် တဝေဖုန်းအတွက် စိုးရိမ်ပူပန်သွားသည်။ စင်စစ် မွန်ဂိုအကြီးအကဲများသည် ကျစွန်းအန်းပြောသော 'လျှို့ဝှက်သံစဉ်သိုင်းဝိညဉ်' သိုင်းကွက်များကို ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်ထားကြသည်၊ အကြီးအကဲများကလည်း သူတို့အကြီးအကဲလုပ်ကိုင်ဆောင်ရွက်နေသည့်အချိန် ၄င်းသိုင်းကွက်များကို သင်ပေးထားသည်မဟုတ် အကယ်၍ ဤသိုင်းကွက်များကို သင်ကြားပေးလိုက်ပါက. . .

မိမိတို့အကြီးအကဲများကိုပင် ပြန်လည်တိုက်ခိုက်လာမှာစိုးသောကြောင့်ပင်ဖြစ်သည်။

"ဘယ်လိုလဲ. . . မဆီမဆိုင်ဝင်ပြောချင်တဲ့ပုဂ္ဂိုလ် ရှေ့ထွက်ပြီးဟန်ရေးတောင်မပြနိုင်တော့ဘူးလား၊ ထွက်ခဲ့စမ်းပါ၊ ကျုပ်နဲ့တိုက်ခိုက်ရမှာ မဟုတ်ပါဘူး၊ ကျုပ်တပည့်တစ်ယောက်နဲ့ပဲ သိုင်းပညာဖလှယ်မှာပါ"

တဝေဖုန်းသည် နောက်ဆုတ်၍မရတော့ ရှေ့ကိုသာတိုးရပေတော့မည်။

ဒါကို ချမ်းမိန်လည်းသိလိုက်သည်။

ထို့ကြောင့်. . .

"တဝေဖုန်. . မင်းဖြစ်ပါ့မလား"

ဟုကြိတ်မေးလိုက်သည်။

"ရပါတယ်၊ အဲဒီလျှို့ဝှက်သံစဉ်သိုင်းဝိညဉ်သိုင်းကွက် မဟုတ်ပေမယ့် တစ်ခြားအဆင့်မြင့်သိုင်းကွက် ငါ့မှာ ရှိနေသားပဲ"

ဟုပြော၍ ချမ်းမိန်စိတ်အေးသွား၏။

ထိုအခိုက်. . .

တိုက်ကွင်းပေါ်သို့ သိုင်းသမားတစ်ဦးလွှားခနဲ၊ လွှားခနဲ ခုန်ပျံလျက်တိုက်ကွင်းပေါ်သို့ ရောက်ရှိလာလေသည်။

"ဘယ်သူများလဲ အောက်မေ့တယ်၊ လောက်ရှံပါပဲလား"

ချမ်းမိန်ကလှမ်းပြောလိုက်သည်။

လောက်ရှံသည် ဝတ်စုံနက်ကြီးကိုဝတ်ထားသည်။ အောက်ခံအကျီများမှာလည်း အနက်ရောင်များပင်ဖြစ်သည်။

လောက်ရှံက. . .

"လျှို့ဝှက်သံစဉ်သိုင်းဝိညဉ်ဆရာကြီးဘာတွေ စဉ်းစားနေတာလဲ၊ ထွက်ခဲ့လေ၊ ပညာဆိုတာ မလျှို့ရဘူး၊ ထွက်ခဲ့စမ်းပါ"

"ဟား. . ဟား. . ဟား. . ဟား"

မိုးတိမ်နီဂိုဏ်းချုပ်ကြီးကျစွန်းအန်းကဟားတိုက်ရယ်မောခြင်းကြောင့်ချမ်းမိန်တို့နှစ်ဦးအား သရော်လှောင်ပြောင်လိုက်သည်။

တဝေဖုန်းသည် သူ၏ဂုဏ်သိက္ခာစော်ကားလာသည်နှင့် အမျ. .ါသယွက်လာလေတော့သည်။

သို့နှင့်. . .





တိုက်ကွင်းအလယ်သို့ ခုန်ဝင်သွားလေသည်။ သိုင်းသမား .စ်ဦးတို့သည် လက်နက်များလုံးဝမကိုင်ဆောင်။

လက်နှစ်ဘက်ကိုသာ တစ်ဘက်တစ်ချက်ဆန့်ထုတ်လိုက် .လသည်။

တဝေဖုန်းသည် ရေခဲတောင်ဖြိုသိုင်းကွက်ကို တည်ခင်း .ိုက်သည်။

ထို့နောက်. . .

သူက လောက်ရှံအား ခုန်ဝင်၍ လက်ဝါးဖြင့် ရိုက်ချလိုက်သည်။ ရိုက်ချလိုက်သောလက်ဝါးရိုက်ချက်ကို. . .

လောက်ရှံက ခါးကော့၍ ရှောင်တိမ်းလိုက်ပြီး ခြေတတ်သိုင်းကွက်ဖြင့် တဝေဖုန်း၏အောက်ပိုင်းကို ကန်သွင်းလိုက်သည်။

တဝေဖုန်းမှာ ပွဲဦးထွက် သိုင်းကွက်ငါးကွက် အနက် .ါးကွက် မြောက်သိုင်းကွက်တွင် ဝမ်းဗိုက်ပိုင်းထိ၍သွားလေသည်။

တဝေဖုန်းမှာ ချက်ချင်းပင် ဒူးနှစ်ဖက်ညွတ်ခွေကျသွားသည်။

ပြီး. . . ပါးစပ်ထဲမှ သွေးများအတောင့်လိုက် ထွက်ကျလာလေသည်။

"ဟာ"

ချမ်းမိန်သည် တိုက်ကွင်းအလယ်သို့ ခုန်ဝင်သွားကာ လောက်ရှံအား လက်ဝါးစောင်းဖြင့် ရိုက်ချလိုက်၏။

လောက်ရှံသည် တဝေဖုန်းကို ကောင်းကောင်းလက်စွန်းပြနိုင်ခဲ့သော်လည်း. . .

ချမ်းမိန်၏ စွန်ရဲသိုင်းကွက်တော့ဖြင့် မတိမ်းရှောင်နိုင်

ချင်ဝတ်ို့မိုက်မြဲပြီး. . .

နောက်ဘက်သို့လန်ကျသွားလေသည်။

"အား"

"ဟော့. . . ချမ်းမိန်ဒါကဘာဝင်လုပ်တာလဲ မင်းကိုစိန်ခေါ်ထားတာမဟုတ်ဘူး"

"ခင်ဗျားတို့တာတွေကို ကျုပ်မသိဘူးမှတ်လို့လား"

"အို. . . မင်းဘာပြောလိုက်တာလဲ"

"ခုနက လောက်လျှံတိုက်ချလိုက်တဲ့ လက်ဝါးရိုက်ချက်ထားလုံးဝမရိုးသားဘူး"

"ဘာဖြစ်လို့မရိုးသားရမှာလဲ"

"ခင်ဗျားအနောက်က ခင်ဗျားရဲ့ရေခဲနှင်းပွင့်သိုင်းကွက်နဲ့အတွင်းအားဖြည့်ပေးလိုက်တာ မဟုတ်လား"

မိုးတိမ်နီဂိုဏ်းချုပ်ကြီး ကျစ္စန်းအန်းမျက်နှာပျက် သွားလေသည်။

ထိုစဉ်. . .

ရွှေရောင်ထင်းခနဲဝင်းလက်ကာ အဝါရောင်အရိပ်တစ်ရိပ်ကျရောက်လာ၏။

"ရွှေဂျိုင်းထောက်ဘွားဘွားကျုံဆန်းယင်ပါလား"

ချမ်းမိန်ကပြောလိုက်သောအခါဘွားဘွားကျုံထန်းယင်က.

"ချမ်းမိန်. . . မင်းပြောတာမှန်တယ် ဒီကောင်မိုးတိမ်နီဂိုဏ်းချုပ်ဆိုတဲ့ ဂုဏ်ကိုမစောင့်ထိန်းပဲ အခုလို ကောက်ကျစ်ယုတ်မာရက်တယ် ကျုပ် တစ်နေရာကကြည့်နေတာ မတရားလွန်းလို့ဝင်လာတာ"





ရွှေထောက်ဘွားဘွားကျုံထန်းယင်က ပြောနေဆဲ. . .

မိုးတိမ်နီဂိုဏ်းချုပ်ကြီး ကျစ္စန်းအန်းနှင့်နောက်လိုက်များသည်ထွက်ပြေးသွားကြပါလေတော့၏။

သို့သော်. . .

လောက်ရှုံတစ်ယောက်ကား ကံဆိုးရှာ၏။ရွှေဂျိုင်းထောက်ဘွားဘွားကျုံထန်း၏ ရွှေဂျိုင်းထောက်လက်ချက်ဖြင့်လဲကျကာ. . .

ပါးစပ်မှ သွေးအတောင့်လိုက်ပျို့အံထွက်ကျလာ၏။

ပြီး. . .

"အား. . ."

ဟူသောအသံနက်ကြီးနှင့်အတူ ငြိမ်သက်သွားပါတော့၏။

ချမ်းမိန်သည် ကဝေဖုန်းထံသို့ ပြေး၍ပွေ့လိုက်၏။

"ကဝေဖုန်းမှာကား အသက်မရှိတော့ပြီ ထိုစဉ်ကဝေသည်ပါးစပ်အဟောင်းသားနှင့်ပါတကား။

❑✦❑✦❑✦

## အခန်း (၂၁)

## မိခင်၏ ကျောက်တုံးဂူသင်္ချိုင်း

ဆီးနှင်းပွင့်များစိုလူး၍နေသောသံသေတ္တာကို ကျောက်တုံးအုတ်ဂူသင်္ချိုင်းရှေ့တွင်အသာချလိုက်သည်။

ဆီးနှင်းမြူမှုန်တို့ကား ဖုံမှာ အထက်မိုးကောင်းကင်မှ အဆက်မပြတ် ကြွေကာကြွေကာမြေမှာဝဲလျက်...
ပုလဲငွေရည်စက်များ ပါတလား။အရာရာကား မြူမှုန် တွေ လိမ်းကျံထားသို့ပင်။

ချမ်းလီသည် မိခင်၏အုတ်ဂူသင်္ချိုင်း ရှေ့တွင်ရပ်လျက်ခန္ဓာကိုယ်တစ်ကိုယ်လုံးပေါ်...

ဆီးနှင်းပွင့်တွေ ဖွာခနဲကျလာတော့မှ မိခင်၏ကမ္ပည်းတိုင်ရှေ့တွင်ထိုင်ချလိုက်သည်။

ပြီးတော့ ကန်တော့လိုက်သည်။

ထိုအခါ...

ချမ်းလီနောက်တွင် ပဆစ်တုတ်ထိုင်လျက် ရှိနေသောကွာဖုန်းယုကပါမတ်ရပ်လျက်ကပဲ မိခင်ကြီး ငေါ်ကျင့်ဝမ်ကိုရည်စူး





ကျက်လက်နှစ်ဖက်ပူးကပ်၍ကန်တော့ပြန်သည်။

ထို့နောက်...

မိခင်ကြီး ငေါ်ကျင့်ဝမ်အတွက် ဆုတောင်းမေတ္တာများကို ချမ်းလီက အသံထွက်၍ရွတ်ဆိုပို့သနေသည်။

"ကျွန်ုပ်ချစ်လှစွာသော အိုမိခင်... သားဖြစ်သူကျွန်ုပ်ချမ်းလီက ကောင်းမြတ်တဲ့ဆုတောင်းမေတ္တာများကိုပို့သ နေပါတယ်"

"အို... မိခင် ကောင်းမြတ်တဲ့ဘုံဗိမာန် မှာရောက်ရှိခံစားနိုင်ပါစေ ကောင်းမြတ်တဲ့အဆင်း ကောင်းမြတ်တဲ့အသံ ကောင်းမြတ်တဲ့စည်းစိမ်ဥစ္စာ တို့ဖြင့်ပြည့်ဝကုံလုံနိုင်ပါစေ"

ဤသို့သောဆုတောင်း မေတ္တာပို့သလိုက်ရသဖြင့် ချမ်းလီမှာလွန်စွာကျေနပ်၍ သွားပါလေတော့သည်။

ထို့နောက်...

ချမ်းလီကဆက်လက်၍...

"မိခင်...ကျွန်ုပ်အား လက်ဆောင် ပေးအပ်ခဲ့တဲ့ လက်ဆောင် သံသေတ္တာမှာ အဖိုးထိုက်တန်ပြီး အစွမ်းအာနိသင်နဲ့ပြည့်စုံလှတဲ့ ဓားတစ်လက်ဖြစ်နေတာကတော့ အမှန်ဖြစ်ပါတယ် ဒါပေမယ့်...ဒီသံသေတ္တာဟာ ကျိန်စာသင့်နေတဲ့ ဓားတစ်လက်ဖြစ်နေတာကို သိရှိလာရပါတယ်"

"ဒီလိုဖြစ်လာတဲ့အတွက် ကျွန်ုပ်ကတော့ဖြင့် မိခင်ရဲ့ကျေးဇူးကို ဖယ်ရှားပစ်ဖို့ လုံးဝမကြိုးစားပါဘူး။ ကျေးဇူးအထူးတင်၍ နေပါတယ် ဒါပေမယ့် ကျိန်စာသင့်နေတဲ့ သံသေတ္တာတစ်လက်ကြောင့် လူတွေအများအပြား အသက်အိုးအိမ် စည်းစိမ်ဥစ္စာတွေထိခိုက်မပျက်စီးရအောင် ဒီသံသေတ္တာကို သူ့မူလနေရာပင်လယ်

ရေမျက်နှာပြင်မှာ ချက်ထားသိမ်းဆည်းဖို့ ယခုလို ကျွန်ုပ်ကိုယ်တိုင် ပြန်ယူဆောင်လာခြင်းဖြစ်ပါတယ်"

"ဒီအတွက် အို. . . မိခင်. . . ကျွန်ုပ်အား ခွင့်လွှတ်ပါ. . ခွင့်လွှတ်ပါ"

ဤသို့ ပြောကြားပြီးနောက် ချမ်းလီသည် စောစောက ချထားသော သံသေတ္တာကို ပြန်လည် ကောက်ယူလိုက်လေသည်။ ထို့နောက် ဓားကို နောက်ကြောတွင် လွယ်သိုင်းထားလိုက်သည်။

"ဝုန်း"

"ဝုန်း"

ပင်လယ်ကမ်းခြေဘက်ဆီမှ ပင်လယ်လှိုင်းများပုတ်ခတ်သံကို ကြားနေရချေပြီ။

"မင်းအမေက ဒီအရပ်သူတစ်ယောက်လား ချမ်းလီ"

ကွာဖုန်းယုက ရုတ်တရက်ကောက်ကာငင်ကာ မေးလိုက်လေသည် သည်မေးခွန်းကို ဖြေကြားရန် ချမ်းလီမှာ အဖြေစကားအဆင်သင့် မရှိခဲ့။ ထို့ကြောင့် သူသည် အဖြေစကားကို ရုတ်တရက် ပြန်မဖြေပဲ ကြောင်တောင်အမ်း တန်းတန်းဖြစ်သွားလေသည်။

ပြီးမှ. . .

"ငါ့အမေက ဒီအရပ်သူမဟုတ်ပါဘူး။ ငါ့အမေဟာ ခရီးရှည်သွား မွန်ဂိုအုပ်စုဝင်တစ်ယောက်ပါ။ ဒါကြောင့်လည်း အမေဟာ အဖိုးနဲ့အတူ မြင်းလှည်းကြီးတစ်စီးနဲ့ ခရီးရှည်သွားရင်း ဟောဒီအရပ်လဲရောက်လာရော အမေဟာ ကွယ်လွန်ခဲ့ရတာပါ"

"ဩော်. . . ဒါ့ကြောင့် မင်းအမေရဲ့ ဂူသင်္ချိုင်းဟာ အုတ်ဂူမဟုတ်ဘဲ ကျောက်တုံးဂူတစ်လုံး ဖြစ်နေတာကိုး"





"အဲဒါဟာ ငါ့ကို အဖိုးငေါ်ကေ့ချမ်းက ဒီကျောက်တုံးတွေကို တစ်ပင်တစ်ပမ်းရှာကြပြီး ပြုလုပ်ထားတာပါ။ အဖိုးအကြောင်း ကားစပ်မိတော့လဲ အဖိုးကို သတိရလိုက်တာ"

ဟု ပြောပြီး ချမ်းလီက ကျောက်တုံးဂူသင်္ချိုင်းကို ငေးငိုင်၍ ကြည့်နေသည်။ လေသည် တဟူးဟူး တိုက်ခတ်၍ နေလေရကား က်တပ်ရပ်လိုက်သည်နှင့် ဆံပင်တွေရော အဝတ်အစား အနားစ ျားပါ တဖျပ်ဖျပ်အသံမြည်လျက် လှုပ်ခတ်လာတတ်ပါ၏။

ပင်လယ်ပြင်ဘက်သို့ လှမ်းမျှော်၍ ကြည့်လိုက်သောအခါ င်လယ်ရေလှိုင်းလုံးတွေက ကမ်းခြေသို့ တရိတ်ရိတ်လာနေသည် သို့ ရှိသည်။ ဟိုမှာ တက်မိုးကောင်းကင်ကြီးမှာ တစ်ပိုင်းမည်း၍ ာစ်ပိုင်းဖြူကာ အပြောကျယ်လှစွာသော ဤဩဃာသ် လောကကြီး ၏ သရုပ်သဏ္ဍာန်ကို ဖော်ဆောင်နေဘိသကဲ့သို့ ရှိနေသည်။ ထိုမြင် ာင်းကြီးကို လှမ်းမျှော်၍ ကြည့်လိုက်ပြီး ချမ်းလီသည် ရင်ထဲ တစ်ဆို့ သာသဖြင့်. . .

"အ. . . မေ"

ဟု ခေါ်လိုက်မိလေသည်။

ချမ်းလီက သူ့အမေကို အမှတ်တရအမေဟု ခေါ်လိုက် သောအခါ အနားတွင်ရပ်နေသော ကွာဖုန်းယုကပါ သူ့အမေကို သည်း မြင်ယောင်ခံစားလိုရဖြန်၏။

"ငါလဲ မင်းလိုပါပဲ အဖေသာရှိပြီး အမေကွယ်လွန်ခဲ့တာ ကြာပါပြီ အမေရှိတုန်းက ငါ့အမေကလဲ ငါ့ကို အလွန်ချစ်တာ မင်း အမေလဲ မင်းကိုအလွန်ချစ်မယ်ဆိုတာ ငါကိုယ်ချင်းစာနာစိတ်နဲ့ သိပါတယ်"

"ဘယ့်နှယ် ပြောလိုက်ပါလိမ့် ကွာဖုန်းယုရယ်တို့နှစ်ယောက် စကားတစ်ပြောပြောနှင့်ပင် ပင်လယ်ကမ်းခြေဘက်သို့ ဆင်းလျှောက်လာခဲ့ကြသည်။

"အမေ့အပေါ်မှာ ငါက နွံ့ဆိုးဆိုးခဲ့တာများခဲ့ပါလားဆိုတာ ဟိုတုန်းက မစဉ်းစားခဲ့မိဘူး အခုလို ဘဝအတွေ့အကြုံရင့်ကျက်လာတော့မှ ငါ့အမေအပေါ်မှာ နွံ့ဆိုးဆိုးခဲ့တာတွေစာ အတိုင်းအတာတစ်ခုထက် ကျော်နေပါကလားလို့ သိလာရတော့တယ်"

"ဟုတ်တယ်၊ ချမ်းလီတို့တွေဟာ မိဘတွေရဲ့ မေတ္တာတရားကို ဟိုတုန်းကတည်းက သိခဲ့မယ်ဆိုရင် သိပ်ကောင်းမှာပဲ"

ကွာဖုန်းယုကလည်း ချမ်းလီနှင့် ဘ.ပအခြေခံချင်းတူနေသဖြင့် ခံစားချက်ဝေဒနာချင်းလာ့တူနေသည်။ အမြင့်ပိုင်းမှ ပင်လယ်ကမ်းသဲသောင်ခံပေါ်သို့ ဆင်းလျှောက်လာရသည်မှာ လွယ်ကူသည်မဟုတ်။ ကျောက်တုံးပြောင်ပြောင်ချောချောတွေကို ခုန်ဖို့ ကျော်လွှားနေကြရပါသေးသည်။ ကျောက်တုံးကြီးတွေက နှစ်ရှည် ကျောက်တုံးကြီးတွေဖြစ်သည်။ အပေါ်ယံကျောက်လွှာသည် ရေညှိစိမ်းများ ကပ်ညှိလျက်ရှိနေသည်မို့ သတိထားပြီး လျှောက်ကြရသည်။

"မင်းအမေက မင်းကို ဒီလောက်ချစ်နေရက်နဲ့ ဒီဓားကို လက်ဆောင်ပေးလာတယ်ဆိုတာ ဆိုးကျိုးအတွက်တော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

"ငါစဉ်းစားမိတာက ဒီဓားကို ကောင်းကျိုးအတွက် အသုံးချဖို့ ပေးလာတာပဲ ဖြစ်မယ်"

"ဒါပေမယ့်လဲ အမေသတိမထားလိုက်တဲ့ အချက်တစ်ချက်





ရှိမယ် အဲဒီအချက်တော့ တခြားမဟုတ်ဘူး ဟောဒီဓားဟာ ကျိန်စာသင့်နေတဲ့ ဓားတစ်လက်ဖြစ်နေတယ်ဆိုတဲ့ အချက်ပဲ ကွာဖုန်းယု"

"ဟုတ်လိမ့်မယ် ကြည့်လေ ဒီသံသေဓားမင်းလက်ထဲကို ရောက်လို့ နာရီပိုင်းပဲရှိသေးတယ် ရန်သူတွေက ဝိုင်းဝိုင်းလည် လာခဲ့တယ် မဟုတ်လား"

"ရန်သူပေါ့ဆိုလို့ ငါ့အဖေကို မိုးဝိမ်နိဂိုဏ်းက အကြပ်ကိုင်သားတဲ့အကြောင်းသိလိုက်ရတာ ငါစိတ်မကောင်းဘူး ကွာဖုန်းယု"

"မင်းအဖေကို မိုးတိမ်နီဂိုဏ်းက ဖမ်းထားတယ်လို့ သံမဏိလက်ညှိုးရှတုံးပြောတဲ့ စကားကရောအမှန်လို့ မင်းထင်နေလို့လား"

"သူတို့က သိုင်းလောကမှာ ဝါရင့်သိုင်းလောကသားတွေ မဟုတ်လား သိုင်းလောကမှာ အပ်ကျတာကအစသိကြတဲ့လူတွေ သူတို့ပြောတဲ့စကားကို အမှန်လို့ ထင်မိတယ် ကွာဖုန်းယု"

ကွာဖုန်းယုက သက်ပြင်းချလိုက်သည် နောက်ဆုံးကျောက်တုံးတစ်တုံးပေါ်က သဲသောင်ခုံပေါ်လွှားခနဲ ခြေချလိုက်လေတော့သည်။

"ဝှစ်"

"ဟူး"

သူ့နည်းတူ ချမ်းလီသည်လည်း သဲသောင်ခုံပေါ်သို့ ရောက်ရှိလာသည် သဲသော်ခုံပေါ်ဆက်လျှောက်လာရာ မိမိတို့နောက်တွင် ခြေရာများထင်ကျန်ရစ်လေသည်။ ပင်လယ်ပြင်မှ လေကို တိုက်ရိုက်ရှူရှိုက်ရလေတော့၏။

"ဟူး"

"ဟူး"

"ဟုး"

ကွာဖုန်းယုက ဆက်၍ ပြောသည်။

"မိုးတိမ်နီဂိုဏ်းချုပ်ကျစွန်းအန်းက သံသေတ္တာကို အသေအလဲ လိုချင်နေတဲ့လူပဲ မင်းအဖေကို ဘယ်နည်းနဲ့မှ သတ်မှာမဟုတ်ဘူး. . ."

"မဟူရာသေမင်းခံတွင်းကျောက်ဂူအကျဉ်းစခန်းထဲမှာ ချုပ်ထားခဲ့ရင်ကော"

"ဒါလဲမဖြစ်နိုင်ဘူး ဖြစ်ခဲ့ရင်တောင် တို့အခုကိစ္စဆောင်ရွက်ပြီးတာနဲ့ အဘရသေ့ကြီးဆီမှာ ခွင့်တောင်းပြီး မင်းအဖေကို သွားကယ်ကြတာပေါ့"

ထိုစကားကို ကြားလိုက်ရသောအခါ ချမ်းလီဘဝင်ကျသွားပုံရ၏။ ခေါင်းကို ညိတ်လိုက်လေသည်။



## အခန်း (၂၂)

## မြန်လည်ဆုံတွေ့ကြခြင်း

အထောက်တော်ကြီးစွန်ရဲချမ်းမိန်မှာ အရှေ့ပင်လယ်ကမ်းခြေသို့ ရောက်လုရောက်ခင်နေရာမျိုးကျကာမှ မိမိအပေါ်သစ္စာရှိလှသော တဝေဖုန်း၊ လောက်ရှုံလက်ချက်ဖြင့် ကျဆုံးခဲ့ရသည့် အတွက် ယူကျုံးမရဖြစ်နေပါတော့သည်။

တဝေရှင်းမှာကား မိဘလိုလည်း သည်အစ်ကိုသာ ဖြစ်နေရသောဘဝမို့ သည်အစ်ကိုတဝေဖုန်းခုလို မမျှော်လင့်ပါပဲ လျက်ကျဆုံးခဲ့ရသောအခါ ပို၍ပင် ယူကျုံးမရဖြစ် နေခဲ့ရသည်။

တဝေရှင်း ပါးပြင်တွင် မျက်ရည်စတို့သည် ပို၍သာ နေရ၏။

"ကျုပ်အတွက် တဝေဖုန်း သေခဲ့ရတာပါ။ ကျုပ်မှာ တာဝန်ရှိပါတယ် တဝေရှင်း ကျုပ် တဝေရှင်းကို ဘယ်တော့မှ လျစ်လျူရှု မထားဘူး မှတ်ပါ"

သည်လိုစကားမျိုး တွေကို တစ်ချိန်ချိန်မှာ ပြောဖြစ်လိမ့်

မည်ဟု ချမ်းမိန်ဘယ်တုန်းကမှ မတွေးမိခဲ့။

မိမိချစ်သော ဇနီးချော ငါကျင့်ဝမ်မှ လွဲပြီး ဘယ်မိန်းမ ဘယ်မိန်းကလေးကိုသော်မှ အစား မထိုးနိုင်ဟု ထင်ခဲ့သည်။

ထို့ကြောင့်လည်း...

သည်မိန်းကလေး တဝေရှင်း မိမိအပေါ်မှာ တစ်ဘက် သတ် အချစ်စိတ်တွေယိုဖိတ်နေသည်ကို ချမ်းမိန် မွန်ဂိုမျိုးနွယ်အုပ် စုသို့ ပြန်ရောက်ရောက်ချင်းမှာပဲ သိခဲ့သည်။

သို့သော် ချမ်းမိန်သည် သည်ကိစ္စကို မသိကျိုးကျွန် ပြုထားသည်။ သည်အရပ် သည်ဒေသကို လာခဲ့ရခြင်း အကြောင်း အရင်းတွင် မိမိ၏ အသဲနှလုံးကိစ္စ သည်လည်း ပါဝင်ပတ်သက်စရာ အကြောင်းမရှိသည်နှင့် ချမ်းမိန် သည် တဝေရှင်းကို ဖြူစင်သော မေတ္တာစိတ်နှင့်ပဲ ကြည့်ခဲ့သည် သူမကို တစ်ဘက်သတ်ချစ်နေသော ကျွန်ထန်းငူက သူမအချစ်ကို ရယူဖို့ ကြိုးစားလာသည်ကိုပင်လျှင် သိလျက်နှင့်မသိဟန်နေခဲ့သည်။

သို့သော်လည်း....ပေးလာသော ဘဝအခြေအနေက တစ်မျိုးချမ်းမိန်၏ ဘဝကို တစ်ဆစ်ချိုး ပြောင်းစေခဲ့သည်။ မိမိ အပေါ် သစ္စာရှိလှသော တဝေဖုန်း ကိုယ်တိုင်က သူ့နှမတဝေရှင်းနှင့် ချမ်းမိန်လက် ကို အတူထပ်စေပြီး ဖျစ်ညှစ်၍ ဆုပ်ကိုင်ကာ...

"ချမ်းမိန် ငါကတော့ မင်းပြင်တဲ့အတိုင်းပဲ လူ့လောကမှာ နေနိုင်တဲ့အချိန်မရှိတော့ဘူး။ ကုန်သွားပြီ ဒါကြောင့ မင်းအပေါ်မှာ ဟိုတုန်းကတည်းကနေ အခုအထိ အချစ်ကြီးချစ်နေခဲ့တဲ့ တဝေရှင်း ကို စောင့်ရှောက်လိုက်ပါနော်... ဒီအတွက် မင်းငါ့ကို ကတိပေး ပါ"





ပြောခဲ့စဉ်က...

ချမ်းမိန်သည် တဝေရှင်း၏ ရှိုက်သံကြားမှပဲ...

"တဝေဖုန်းရယ် မင်းတောင်းတဲ့ ကတိကို ငါပေးပါတယ်" ဟု ပြောခဲ့သည်။ သည်လိုပြောလိုက်စဉ်မှာပဲ

တဝေဖုန်းတစ်ယောက် ငြိမ်သက်သွားခဲ့ရသည်မှာ မဟုတ် သား။ မည်သို့ဆိုစေ...

တဝေရှင်းကား ပါးပြင်တွင် က်ရည်စတွေမခြောက်သေး။

မခြောက်သေးသော မျက်ရည်စတွေကို ချမ်းမိန်ကလက် းဖြင့် ခပ်ဖွဖွအသာအယာသုတ်ပေးရင်း

"အားလုံးပြီးဆုံးတော့မှာပါ တဝေရှင်းရယ်...မင်းပါးပြင် က မျက်ရည်စတွေကို ခြောက်သွေ့သွားပါစေ..ကောင်းခြင်း လာတွေနဲ့အစားထိုးကြပါစို့နော်"

သည်မှာ တဝေရှင်းရင်ထဲက ချုပ်တည်းထားသော ဒနာက တာကျိုးရာမှပေါ်ထွက်လာသော ရေလို အရှိန်အဟုန် လျှံထွက်လာသည်။

ပြီး တဝေရှင်းက ရှိုက်သံနှောကာ

"အခုလိုတောထဲတောင်ထဲမှာ ဖြစ်သလိုသကြိုလ်ထားခဲ့ရ ကိုကြီးအတွက် ကျွန်မရင်နာလွန်းလို့ပါ"

"ဒါလဲစဉ်းစားကြည့်မယ်ဆိုရင် တကယ့်ကိုအေးချမ်းသာ ဘဝအလှမြင်ကွင်းတစ်ခုပါပဲ တဝေရှင်း...ဒီလိုနေရာမျိုးဆို အလွန်မတန်ရောက်လာနိုင်ခဲတဲ့နေရာမျိုးပါ"

တကယ့်ကို သူတော်စင်တွေ ပျော်မွေ့တဲ့ဟေမဝန်ပါ ရှင်းရယ်...ကျုပ်တို့အားလုံး တဝေဖုန်းအတွက် ကျေနပ်ကြ

ရမှာပါ"

"မိန်ကိုကို ကျွန်မကိုဘာယ်လိုပဲ လှည့်ပြောပေမယ့်လဲ ကျွန်မကတော့ ကျေးဇူးရှင်အစ်ကိုကြီးတဝေဖုန်းအတွက် ခံစားနေရဦးမှာပါ"

"လက်ခံပါတယ်. . လူဆိုတာအသဲနှလုံးတွေ ကိုယ်စီကိုယ်ငှပါလာကြတာ မဟုတ်လား၊ လွမ်းပါ၊ ဆွေးပါ၊ တမ်းတပါ တဝေရှင်ဒီလိုလွမ်းဆွေးတမ်းတကြတဲ့နေရာမှာ အသိတရား မလွတ်သွားဖို့ပဲလိုတယ်လေ အသိတရားဆိုတာ ဘဝရဲ့ပဲ့ကိုင်တစ်ခုပါ တဝေရှင်"

သည်လိုစကားမျိုးတွေကို ပြောပြနေရသော်လည်း ပြောပြနေရသူချမ်းမိန်ကိုယ်တိုင် ရင်ထဲမှာခံစားနေရသည်။

တဝေဖုန်းနှင့်အတူလာခဲ့သော လမ်းတစ်လျှောက် ကြုံဆုံခံစားခဲ့သမျှအရာအားလုံး မျက်စိထဲမှာ ထင်းထင်းကြီးမြင်နေရ၏။

သို့နှင့်. . .

ပင်လယ်ရေပြင်ကို စတင်တွေ့မြင်လိုက်ရသည်။ ဟိုမှာဘက်သဲသောင်ခုံနှင့် မိမိတို့ကြားအပြန့်ကျယ်လှသော ကျောက်တုံးကျောက်ခဲလွင်ပြင်ကြီးကိုလည်း စိတ်ပျက်စရာကောင်းလှသောကာဆည်းနေကြောင်းတွေ့မြင်လာရ၏။

ထိုအခါ. . .

သည်အရပ်သည်ဒေသကို မိမိတစ်ကြိမ်တစ်ခါက ရောက်ခဲ့ဖူးသည်ဆိုသောအသိက ချမ်းမိန်ခေါင်းထဲရုတ်ချည်းထိုးဖောက်ဝင်ရောက်လာသည်။

"ဒီနေရာကို ငါမှတ်မိပါတယ်"





ထိုစဉ်မှာပင်. . .

တဝေရှင်းက ချမ်းမိန်ကို. . .

"မိန်ကိုကို. . . ဒီမှာလာကြည့်ပါဦး"

ပြော၍ ချမ်းမိန်ထသွားပြီး၊ တဝေရှင်းထိုင်နေသောခဲဘားမှာ မှဆိုးဒူးထောက်ထိုင်လိုက်သည်။

"ဟော့ ဒီမှာ. . ."

တဝေရှင်းက ကျောက်တုံးပေါ်က တစ်စုံတစ်ရာကို လက်ညှိုးထိုး၍ပြလေသည်။

"ဒီခြေရာဟာချမ်းလီရဲ့ ခြေရာထင်တယ်"

"သိပ်မကြာသေးဘူး လွန်ခဲ့တဲ့နာရီပိုင်းလောက်က လျှောက်သွားလို့ထင်ကျန်နေတဲ့ခြေရာပဲ မိန်ကိုကို"

သည်လိုကိစ္စမျိုးတွေမှာ တဝေရှင်းတို့လို မွန်ဂိုမျိုးနွယ်စုတွေက မိမိတို့ရိုးရာ အစဉ်အလာတွေအရ ကြိုသိရှိနေတတ်သည်။

"ဖြစ်နိုင်ပါတယ်"

ပြောပြောဆိုဆိုဆက်လျှောက်လာခဲ့သည် လေတွေက ဖျက်နှာမူရာအရပ်က အရှိန်ပြင်းပြင်းတိုက်ခတ်နေသည်။

"ဟူး. . . ဟူး. . ."

လေကိုဆန့်၍ လာခဲ့ရာမှ တဝေရှင်းက တစ်နေရာသို့ လက်ညှိုးထိုးပြကာ. . .

"ဟိုမှာ မိန်ကိုကို"

တဝေရှင်းလက်ညှိုးညွှန်၍ပြသော နေရာကို ချမ်းမိန်ကြည့်လိုက်တော့မှ. . . .

ယဉ်စာပေ

စောရောပိုက်းက သည်နေရာ သည်အရပ်မိမိရောက်ဖူးပါသည် ဆိုသောအသိ မှန်နေကြောင်း ချမ်းမိန်အတည်ပြုနိုင်ပါလေတော့သည်။ ကျောက်တုံးဂူ သချိုင်းတခုမဟုတ်ပါလား။

"အဲဒါ ငေါ်ကျင့်ဝမ်ရဲ့ ကျောက်တုံးဂူသချိုင်းပဲ တဝေရှင်း"

ဟု ချမ်းမိန်ပြောလိုက်သောအခါ ကျောက်တုံးဂူ သချိုင်းပေါ်တွင် ဆီးနှင်းပွင့်တွေ ဖုံးအုပ်လျက်ရှိသော ပန်းစည်းတစ်စည်းကို တွေ့ရပြန်၏။

"ဟင် ပန်းစည်းတစ်စည်းပါလား. . . မိန်ကိုကို. . ."

"ဟုတ်ပါရဲ့ ဘယ်သူကများ ဒီပန်းစည်းကို လာထားသွားပါလိမ့်"

စကားပင် မဆုံးသေးပေ ပန်းစည်းပေါ်သို့ အရိပ်တစ်ရိပ်ထိုးကျလာလေ၏။ မိမိတို့အရိပ်မဟုတ်ခြင်းကြောင့် နောက်ဘက်သို့ချမ်းမိန်နှင့် တဝေရှင်းတို့ လှည့်ကြည့်ဖြစ်၏။ တွေ့လာရသူမှာကား အဘအဘိုးအိုငေါ်ကေ့ချမ်းပင်တည်း။

"အဘက ဒီကို ဘယ်လိုရောက်လာတာလဲ"

"ငါ့သမီးဆီကို နှစ်တိုင်းငါရောက်ခဲ့တယ်လို့ မင်းကို ငါပြောခဲ့ပြီကော"

မှန်သည်။ ချမ်းမိန်သည် အမေးကို မေးလိုက်ပြီးကာမှ သတိရှိလာသည်။ အခုရောက်လာတာကတော့ မြေးချမ်းလီးကိုလဲတွေ့ချင်မြင်ချင်တဲ့ သဘောပါ။ မင်းတို့ရောက် ချမ်းလီကို တွေ့ပြီးပြီလား"

"မတွေ့ရသေးပါဘူး၊ အဘချမ်း. . . ဒါပေမယ့် တွေ့ရလိမ့်





မယ်လို့ ကျွန်တော်ထင်နေမိပါတယ်"

"အေးကွယ်. . . ဒီကလေးတွေ ဒီကိုလာဖို့ များတာပဲလို့ထင်ရတာပဲ"

မေးစင်းရီဝေသော မျက်လုံးများက ဟိုအဝေးသို့ ရှာဖွေနေသလို ကြည့်နေရာမှ အဘိုးအိုက ပြောနေသည်။

ခုမှ. . .

ချမ်းမိန်က သည်အဘိုးအိုကို အသေအချာကြည့်ဖြစ်သည်။ အတော့ကိုပင် အိုစာနေကြောင်းသတိပြုလိုက်မိ၏။ သူ၏ မျက်နှာပေါ်မှာ လက်မောင်းများပေါ်မှာ ဇရာ၏ အရေးအကြောင်းများကိုထင်းထင်းကြီးမြင်တွေ့လာရပါတော့၏။

ငေါ်ကေ့ချမ်း. . .

ဟူး. . . ခနဲ လေပူသက်ပြင်းတစ်ချက်ကို ရှူသွင်းမှုတ်ထုတ်လိုက်ပြီး. . .

"သံသေတ္တာကို ဒီကလေးလက်ပေးလိုက်မိတာ ငါ့အမှားဖြစ်နေပြီ ငါမှားတာပါ။ ငါမှားတာ"

"ပြီးတာလဲ ပြီးကုန်ပါပြီ အဘရယ် ရှေ့ကို ကျုပ်တို့ဆက်လုပ်ရမယ့် အလုပ်နဲ့ ဆက်သွားရမယ့်လမ်းကို ရွေးချယ်ဖို့ပဲလိုပါတယ်"

စကားကိုတော့ ကွာဖုန်းယုက ဝင်ပြောလိုက်လေသည်။

လေက တဟူး. . . ဟူး. . .။

❑✛❑✛❑✛

## အခန်း (၂၃)

## ကြုံဆုံလာသော မျက်နှာစိမ်းများ

"ဝုန်း"
"ဝုန်း"
"ဝုန်း"

လှိုင်းလုံးရိုက်ပုတ်နေသည့် အသံများအနက် ယခု မိုးကောင်းကင်ချောက်ကမ်းပါးကြီး အောက်ခြေတွင် အော်မြည်နေသော လှိုင်းလုံးရိုက်ပုတ်သံကြီးများကား အံ့တပါးဖြစ်နေသည်။

ရိုက်ပုတ်သံကြီးများမှာ ကြောက်ခမန်းလိလိ အသံကြီးများ ဖြစ်နေသည်။ မိုးကောင်းကင် ချောက်ကမ်းပါး အထက်မှ ဆူညံစွာ ကြားနေရသည်မှာ ငရဲပြည်မှ လူသတ်ဆီအိုးဆီ ပွက်သံများနှင့် မခြားပြည် ဟိန်း၍နေပါ၏။

မိုးကောင်းကင်ချောက်ကမ်းပါးအမည်ကို ရှေးရှေးက မည်သူတွေ ခေါ်ခဲ့သည်မသိ၊ ခေါ်ခဲ့သူများကို ချီးကျူးစရာပင် သည်





အမည်မှာ သည်ချောက်ကမ်းပါးကြီးနှင့် အလွန်ပဲ လိုက်ဖက် နေ၏။

ချောက်ကမ်းပါးအောက်က အပေါ်သို့ လှမ်းမျှော်ကြည့်လိုက် မည်ဆိုလျှင် ချောက်ကမ်းပါးကြီးသည် အထက်မိုးကောင်းကင်ဘမျှ မြင့်မားသီခေါင်လျက်ရှိ၏။

ချောက်ကမ်းပါးတည်ရှိရာ ကျောက်စိုင် ကျောက်သားများမှာ အထပ်ထပ် ထပ်ထားဘိသကဲ့သို့ ရှိ၏။

သက်ရင့် ကျောက်သားများဖြစ်သော်လည်း ကျောက်ထပ်ကျောက်လွှာ ကြီးများ မှာ အရောင်ကွဲပြားခြားနား၏။

အဖြူ၊ အပြာ၊ အညို၊ ရေညှိစိမ်း ရောင်စသည်ဖြင့် မတ်စောက်သည့် ချောက်ကမ်းပါးဟု ခေါ်ဆိုရမည်ထက် အတွင်းဘက်သို့ပင် ချိုင့်ဝင်ပြီးဝင်နေလေရကား။

ချောက်ကမ်းပါး ကျောက်ဆွယ်အစွန်းကြီးသည် ထီးကဲ့သို့ မိုး၍၍ နေပြန်သည်။

ဤကဲ့သို့ဖြစ်တည်နေခြင်းကြောင့် ဤနေရာတွင် ပင်လယ်ငှက်များနားခိုကာ ရာသီအလိုက်အသိုက်အကျင်းများ ပြုလုပ်ရာနေရာကမ်းပါးတစ်စုံဟုပင် မှတ်ယူနိုင်ပြန်ပါ၏။

သည်နေရာကို အရောက်သွားရန် အဘရွှေကောင်းကင်ချောက်ကမ်းပါး အထက်ဆီ သို့တက်လှမ်းလာခဲ့လေသည်။

ကျောက်ဘောင်ကြီးတစ်တောင် ပေါ်သို့ တက်နေရသည်သို့ရှိသည်။ ကုန်းမြေနှင့် တစ်ဆက်တည်း ဖြစ်တည်နေခြင်းကြောင့် ချောက်ကမ်းပါးထိပ်မရောက်လျှင် ကြောက်စရာမလိုဟု ဆိုသော်လည်း မြက်ရိုင်းတောတွေက နေရာ အနှံ့တောထနေသဖြင့် ကျောက်တောင်ကုန်းမြင့်သို့ တက်ရသည်မှာ မြက်ရိုင်းတောကြီး

တွေကို တိုးရငှေ့ရပါသေးသည်။

မြက်ရိုးတောကြီးတွေက လေယူရာ ယိမ်း၍ အငြိမ်မနေ တရှဲရှဲအသံတွေကလည်း အဆက်မပြတ် ပေါ်ထွက်လျက်ရှိသည်။

လေကလည်း လေအဆန် အတက်လမ်းကလည်း အတက် လမ်းမို့ ချမ်းလီနှင့် ကွာဖုန်းယုတို့မှာ အမောသို့ မတက်ဖြစ်နေသည်။

"ရေဗူးထဲမှာလဲ ရေကုန်းပြီ"

ကွာဖုန်းယုက ချမ်းလီကို လှမ်းပြောလိုက်သည်။ ချမ်းလီ သည် သူ၏ခါးတွင် ချိတ်ထားသော ရေအိတ်ရေဗူးကို လှုပ်ကြည့် သည်။

"သောက်ရေ ငါ့ဗူးထဲမှာတော့ နည်းနည်းကျန်သေးတယ်"

ချမ်းလီသည် ရေအိတ်ရေဗူးကိုခါးတွင် ချိတ်ထားရာမှ ဆွဲဖြုတ်လိုက်ပြီး ကွာဖုန်းယုထံ ပစ်ပေးလိုက်သည်။

"ဗိုး"

"ဘုတ်"

ရေအိတ်ရေဗူးကို လှမ်းပစ်ပေးသူက ကွာဖုန်းယုထံ ရောက် အောင်ပစ်မပေးနိုင် လက်လှမ်းမမှီသော နေရာတွင် ဘုတ်ခနဲ ကျလာသဖြင့် ကွာဖုန်းယုက တွားသွားပြီးရေအိတ်ရေဗူးကို ကောက် ကိုင်လိုက်လေသည်။ ရေနည်းနည်း ကျန်ရှိပါသေးသည်။

ရေအိတ်ရေဗူးအဆို့ရှင်ကို ဆွဲဖွင့်ပြီး အငမ်းမရမော့ သောက်မည်အပြု ကွာဖုန်းယုရေကို မသောက်ရက်။ သောက်မည် လုပ်ပြီးကာမှ ချမ်းလီဘက်ပြန်လှည့်ကာ. . .

"ချမ်းလီ. . . မင်းအရင်သောက်"

"သောက်. . . သောက်. . . မင်းအရင်သောက် မင်းက





ပိုမောနေတဲ့လူ"

ကွာဖုန်းယုမှာ ချမ်းလီထက်ဝသည် အရပ်ကလည်း ထောင်ထောင်မောင်းမောင်း ထို့ကြောင့် ပိန်ပိန်ပါးပါး သေးသေး သွယ်သွယ် ချမ်းလီထက် ကွာဖုန်းယုပို၍ မောပန်းနိုင်သည် မဟုတ် လား။

သို့သော်. . .

ကွာဖုန်းယုက သည်ခရီးစဉ်မှာ ချမ်းလီအား ခေါင်းဆောင် အရာထားခဲ့ခြင်းကြောင့် ဦးစားပေးသည်။

"ရေဗူးက မင်းလက်ထဲရောက်နေပြီပဲ၊ သောက်လိုက်ပါ"

သည်တော့မှ ကွာဖုန်းယုက သောက်ရေတပ်ငုံမော့၍ သောက်ချလိုက်သည်။ သူကလည်း မကုန်းမသောက်။ ကျန်ရှိနေ သော ရေကိုတစ်ဝက်ချိန်၍ သောက်ချလိုက်သည်။

ကျန်ရေတစ်စက်ကို ချမ်းလီအား သောက်စေသည်။

ချမ်းလီ သောက်ရေအိတ် ရေဗူးကိုမော့၍ သောက်နေစဉ် ဟိုမှာဘက်မှာက လှုပ်လှုပ် လျှောက် လှမ်းလာနေသော လူသုံးဦးကို တွေ့လိုက်သည်။

လူသုံးဦးကား. . .

ချမ်းမိန်၊ တဝေရှင်းနှင့် အဘိုးအိုငေါ်ကေ့ချမ်းတို့ပ သုံးဦး ပါပေ။ ချမ်းလီ၏ မျက်နှာတစ်ပြင်လုံး ဝမ်းသာလှိုက်လှဲခြင်း အပြုံးရိပ် တွေ ကြပက်လိုက်ဘိအလား ဖွေးဖွေးလှုပ်သွားပါလေတော့၏။

"ဟာ. . . ဟိုမှာ. . ."

ဟုသာ ချမ်းလီပြောနိုင်သည်။

ထိုအခါ. . .

ကွာဖုန်းယုကပါ လှည့်ကြည့်လိုက်သည်။

"ဟာ. . . ဦးလေးချမ်းမိန်တို့ပါလား"

ဟု ကွာဖုန်းယုက ပြောလိုက်သည်။ ကွာဖုန်းယုသည် ချမ်းမိန်ကိုပဲ တွေ့ဖူးမြင်ဖူးသည်။ တဝေရှင်းနှင့် အဘိုးအိုငေါ်ကေ့ချမ်းတို့ကို မတွေ့မြင်ဖူးသေးပေ။ သည်နောက်တော့ အချိန်မကြာမီ အတောအတွင်း ပေါင်းစည်းမိလိုက်ကြပါ လေတော့သည်။ သားအဖနှစ်ယောက်တစ်ယောက်ကို တစ်ယောက်ဖက်လိုက်ကြသည်။

"ဝမ်းသာလိုက်တာ အဖေရယ်"

"အေး. . . ငါလဲဝမ်းသာတယ်. . . သားရယ်၊ မင်းကိုလိုက်ရှာရင်း ဒီကိုရောက်လာတာ"

"အဖေ. . . ကျုပ်ကို လိုက်ရှာတာ မိုးတိမ်နီဂိုဏ်းချုပ်ကျစွန်းအန်းလက်ကို သံသေတ္တာ ပေးအပ်မလို့ မဟုတ်လား"

"အစကတော့ မင်းပြောသလိုမျိုးပါပဲ အခုတော့တစ်လခွဲကျော်လာတော့ အခြေအနေကလဲ ပြောင်းသွားပြီပေါ့"

"ဘာဖြစ်လို့လဲ. . . အဖေ"

ချမ်းလီမှာ ဖခင်နှင့် ကျစွန်းအန်းတို့၏ အကြောင်းကို မသိ၍ မေးလိုက်ခြင်းပင်။

ချမ်းမိန်က. . .

"ကျစွန်းအန်းက ငါ့ကို ထောင်ချောက်နဲ့ ဖမ်းပြီး ရေခဲကောင်းကင်ခြေမျှားအဆိပ်ပါ ဆိုပြီး ငါ့ကို အဆိပ်ခပ်လိုက်တဲ့ ပုံတစ်ပက်ရိုက်ပြီး. . ."

"ဖြေဆေးလိုချင်ရင် သံသေတ္တာကို ယူလာခဲ့ မယူလာရင် တစ်လခွဲကျော်တာနဲ့ အဆိပ်မိပြီး သေရလိမ့်မယ်လို့ ခြိမ်းခြောက်ထား



ခဲ့တယ်"

"အဲဒါနဲ့ အဖေလဲ လန့်ပြီးကျုပ်ကို လိုက်ရှာရောလား"

"အေး ဟုတ်တယ် ခုတော့ တစ်လခွဲလို့ နှစ်လရှိတော့မယ် အဆိပ်က အကြောင်းမပြပါဘူးသားရယ်"

သည်တော့ အားလုံးက ဝိုင်း၍ ပြုံးလိုက်ကြသည်။

ထို့နောက်. . .

ချမ်းမိန်က ချမ်းလီနှင့် တဝေရှင်းကို မိတ်ဆက်ပေးသည်။

ထိုအချိန်တွင်. . .

"ဟား. . . ဟား. . . ဟား. . . အခန့်သင့်လိုက်တာ ဒီသံသေတ္တာ သတင်းအနံ့ရလို့ လိုက်လာတာ အခုမှသံသေတ္တာနဲ့အတူ တွေ့လိုက်ရတာပဲကိုး"

အားလုံးရယ်မောသံနှင့်အတူ စကားပြောသံကို ကြားရသည်နှင့် လှည့်ကြည့်မိလျက်သား ဖြစ်သွားကြသည်။

ချမ်းမိန်က ရှေ့ထွက်လာကာ. . .

"ကျုပ်က သံမဏိလက်ညှိုးရှုတုံးပေ သတ်ပစ်လိုက်တုန်းက ဒီအဘွားအိုကို ဝေတနာသန့်သန့်နဲ့ ဝင်ကူညီတယ်မှတ်နေတာ ခြော် . . . ရွှေဂျိုင်းထောက် ဘွားဘွားကျုံထန်းယင်ကလဲ ဒီပုတ်ထဲက ဒီပဲပါလား"

"ဒါပေါ့ သိုင်းလောကမှာ သံသေတ္တာဆိုတာ အနှစ်တစ်ရာလောက်မှာ တစ်ကြိမ်တစ်ခါ ပေါ်လာတက်တာ ဒီအခွင့်အလမ်းလက်လွှတ်လို့ရမလား၊ ကဲ. . . ဟိုကောင်လေး ချမ်းလီမင်းနောက်ကြောက သံသေတ္တာ ငါ့ကို ပစ်ပေးလိုက်စမ်း"

ထိုအချိန်. . .

အရိပ်မည်းလေးရိပ် နောက်ဘက်မှ ခုန်ပျံ ကျရောက်လာလေသည်။ ကောင်းလိုက်လေသော ကိုယ်ဖော့ပညာ ကောင်းကင်တွင် ငှက်တွေထိုးပျံ၍ ဆင်းလာသည်နှင့်ပင် တူလှ၏။

ထိုအခါ. . .

မျက်လုံးအားလုံး အရိပ်လေးရိပ်တည်ငြိမ်သွားသည်အထိ စောင့်ကြည့်လိုက်ကြသည်။

တွေ့လိုက်ရသူတို့ကား မိုးတိမ်နီဂိုဏ်းချုပ်ကျစွန်းအန်းနှင့် နောက်လိုက်လေးဦးတို့ ဖြစ်သည်။ ကျစွန်းအန်းက ခြုံလွှာအနက်ကြီးကို လက်တစ်ဘက်ဖြင့် နောက်ဘက်ခါရမ်းလိုက်ပြီး. . .

"အဘွားဖို ကျုံထန်းယင် နောက်မှ ရောက်လာပြီး စားဦးမစားချင်နဲ့ ဒီသံသေတ္တာဟာ ခင်ဗျားနဲ့ ဘယ်လိုနည်းနဲ့မှ မပတ်သက်ဘူး။ နောက်ဆုတ်လိုက်ပါ။ ကျုပ်ရဲ့ ရေခဲနှင်းပွင့် သိုင်းကွက်ကို သိတယ် မဟုတ်လား။ မနေ့က ကျုပ်က ခင်ဗျားကို တိုက်ခိုက်ဖို့ အချိန်မရှိလို့ သိလား"

❑✦❑✦❑✦



အခန်း (၂၄)

"အနောက်ဘက်ဝ တိမ်မိုးကြိုး ရွှေဂျိုင်းထောက် ဘွားဘွားကျုံထန်းယင်ကို ဒီလိုအချိုးမျိုး ချိုးလို့မရဘူးဟေ့"

ပြောပြောဆိုဆို ရွှေဂျိုင်းထောက်ဘွားဘွားကျုံထန်းယင်က လက်ထဲကိုင်ထားသော ရွှေဂျိုင်းထောက်ကို မြှောက်၍ လေတွင် ဝှေ့ရမ်းလိုက်၏။

"ဝှီး. . . ဝှီး. . . ဝှီး. . . ဝှီး. . . "

"ဝေါ. . . ဝေါ. . . ဝေါ. . . ဝေါ. . . "

ကောင်းလိုက်သည့် အတွင်းအားတော်လဲသံကြီးတစ်ခုသံပေါ်ထွက်လာသည် ပြီးမှ ဟိုမှသည်မှ မီးပွင့်မီးခဲများ တဖွားဖွားကျလာသဖြင့် မိမိတို့ အပေါ်မကျအောင် ရှောင်တိမ်းရသဖြင့် ရုတ်ရုတ်သဲသဲပင် ဖြစ်သွားကြသည်။

ထိုအချိန်. . .

အနီရောင်ဝတ်ရုံကြီး လေတွင် တဖားဖားလွင့်ကာ ဓွမ်းပစ်

၍ လူကြီးတစ်ဦးရောက်လာသည် မရှေးမနှောင်း ဝတ်ရုံနီများပါ ပျံဝဲရောက်လာပြီး. . . တစ်နေရာတွင် တစ်စုတစ်ဝေးတည်း ရပ်လိုက်သည် သူတို့အားလုံး မျက်နှာများကို ခြေခေါင်း မျက်နှာဖုံးများ ဖုံးအုပ်ထားကြသည်။

သို့သော်. . .

ချမ်းမိန်က သူတို့ကို သိနေသည်။

"မြွေဟောက်ဂိုဏ်းချုပ်ကြီး မဟူရာဓားကွေ့လီကျိုးနဲ့ မြွေဟောက်ဂိုဏ်းသားတွေကလဲ သံသေတ္တာသတင်းကို ရလိုက်ပုံပဲ"

"သိုင်းလောကကြီး တစ်ခုလုံးရှုတ်ရှုတ်သဲသဲ ဖြစ်နေမှတော့ ကျုပ်တို့က ဒီသတင်းကို မရပဲ နေပါ့မလား အထောက်တော်ကြီးရယ်. . ."

"ဒါပေမယ့် ဒီသံသေတ္တာကို ကျုပ်တို့က ဘယ်သူ့ကိုမှ မပေးနိုင်ဘူး"

ချမ်းလီ ကဝင်ပြောလိုက်သောအခါ. . .

မြွေဟောက်ဂိုဏ်းချုပ်ကြီး မဟူရာဓား ကွေ့လျကျိုးက. . .

"ဟိတ်. . . သေနာကောင်လေး ဒီနေရာမှာ မင်းဝင်ပြောစရာ အကြောင်းမရှိဘူး"

ထိုအခါ. . .

ရွှေဂျိုင်းထောက်ဘွားဘွား ကျူထန်းယင်ရွှေဂျိုင်းထောက်ကြီးကိုနောက်တစ်ကြိမ်ဒေါ့ရမ်း၍. . .

"ဟိုကောင်လေး ပါးစပ်ကိုပိတ်ပြီး သံသေတ္တာကို ပေးစမ်း အချိန်မရှိဘူး"

"ဟား. . . ဟား. . . ဟား. . . အတော် ရယ်စရာကောင်း





တဲ့ သိုင်းလောကသားတွေပဲ သံသေတ္တာတစ်လက်ကို အလွယ်တကူ ရမယ် မှတ်သလား မသိဘူး"

မိုးတိမ်နီဂိုဏ်းချုပ်ကြီး ကျစွန်းအန်းက. . .

"အားလုံးတိတ်. . ."

ဟုပြောလိုက် သူ၏ခန္ဓာကိုယ်ကို ရဟတ်တစ်ခုလို ရစ်ပတ်ကာ မွှတ်နေစေသည်။

ထိုအခါ. . .

ပတ်ဝန်းကျင်တစ်ခုလုံး အအေးလှိုင်းများထကာ ဆီးနှင်းမိုးရွာသလို ရွာကျလာလေရကား. . .

အတွင်းအားမကောင်းသူများမှာ တစ်ကိုယ်လုံး ရေခဲချပ်များဖုံး အုပ်လျက်ရေခဲတုံးများ ဖြစ်သွားကြ၏။

သည်အချိန်. . .

မိုးတိမ်နီဂိုဏ်းချုပ်ကြီး ကျစွန်အန်း ကခုန်ပျံကာ ချမ်းလီနောက်ကြောက သံသေတ္တာကို လှမ်းယူလိုက်သည်။

သို့သော်. . .

သူ၏လက်သည် သံသေတ္တာသို့မရောက်မှီ လက်တစ်လုံးအလိုတွင် အလွန်ပြင်းထန်သော လက်ဝါးရိုက်ချက် တစ်ချက်၏ဒဏ်ကို ခံလိုက်ရ၏။

"ဖြောင်း"

"ဖြောင်း"

ဆိုသောအသံနှင့်အတူ မီးများပွင့်ထွက်သွား လေသည်။

ကောင်းလိုက်တဲ့အတွင်းအား ကျစွန်းအန်းသည် နောက်သို့ လွှမ်းပစ်၍ ရှောင်တိမ်းလိုက် ရလေသည်။

"ဘယ်သူ့လက်ဝါးမှတ်တယ် စိန့်လန့်ဂိုဏ်းချုပ်ကြီး ဝူကွမ်းယို့ရဲ့ အရိုးလက်ဝါးပဲကိုး"

ထိုအချိန်. . .

နောက်မှခပ်မှန်မှန် လျှောက်လှမ်းလာနေသူမှာကား သမန်းကျားဂိုဏ်းချုပ်ကြီး လောက်လီကျန်ဖြစ်သည်။ သူက စိန့်လန့်ဂိုဏ်းချုပ်ကြီး အရိုးလက်ဝါးဝူကွမ်းယိအား. . . .

"ဒီအချိန်မှာ ကျုပ်တို့သုံးဦးပဲရှိတယ် ကျန်တဲ့သူတွေအားလုံး ရေခဲချုပ်တွေနဲ့ ချုပ်ထားပြီးဖြစ်တယ် မကြာခင် သေမဲ့လူတွေချည်းပဲ"

စိန့်လန့်ဂိုဏ်းချုပ်ကြီး အရိုးလက်ဝါးက. . .

"သမန်းကျားဂိုဏ်းချုပ်ကြီး လောက်လီကျန်းကဘာပြောချင်တာလဲ"

"သံသေတ္တာကို ကျုပ်တို့သုံးဦး ပိုင်ဆိုင်တဲ့သဘောလုပ်ကြမယ်လေ မကောင်းဘူးလား"

နောက်ဘက်သို့ ဂျွမ်းပစ်ပြီးရှောင်သွားရသော မိုးတိမ်နီဂိုဏ်းချုပ်ကြီး ကျစွန်းအန်းက မျက်ထောက်နီကြီးဖြင့် လှမ်းကြည့်ကာ

"ဟေ့. . . အချောင်သမားနှစ်ကောင်. . . မင်းတို့ပါးစပ်တွေ အခုပိတ်ထားလိုက်စမ်း ကျုပ်ကို မင်းတို့ဘာမှတ်နေသလဲ မင်းတို့နဲ့အဆင့်တူတဲ့ သိုင်းပညာရှင်များ မှတ်နေသလား ကျုပ်သိုင်းပညာနဲ့ မင်းတို့သိုင်းပညာနဲ့ ဘာဆိုင်တာမှတ်လို့"

"ဒီချိန်မှာ ဒီစကားတွေကိုဘာဖြစ်လို့ပြောချင်ရတာလဲ"

"အရိုးလက်ဝါး ဂူကွမ်းယိ မင်းကမြေခွေးလိုကောင်ပဲ မြေခွေးဆိုတာ ဒီလိုအချောင်နိုက်တဲ့နေရာမှာအကျွမ်းကျင်ဆုံးပဲ"



ထိုစဉ်. . .

သမန်းကျားဂိုဏ်းချုပ်ကြီ လောက်လီကျန်းက. . .

"အရိုးလက်ဝါးကွမ်းယိ ပြောတဲ့အကြံဉာဏ်ကို ယက်ခံဖို့ကောင်းပါတယ် ဒီအချိန်မှာကျုပ်တို့သုံးဦးထဲကျန်တော့တာပဲ"

"လာပြန်ပြီလား ဝံပုလွေလိုအကောင် မင်းကလည်းအစွန်းအစမရှိတဲ့အကောင် ဝံပုလွေလိုအကောင် သွားစမ်းမင်းတို့ကိုငါသတ်မိလိမ့်မယ်"

"ဒီမှာ မိုးတိမ်နီဂိုဏ်းချုပ်ကြီးကျစွန်းအန်း ခင်ဗျားရဲ့ ရေခဲနှင်းပွင့်သိုင်းကွက်ကို ခင်ဗျားရဲ့အတွင်းအားတွေ ဆယ်နှစ်စာနဲ့ အသုံးအသုံးပြုလိုက်ရတယ်ဆိုတဲ့ လျှို့ဝှက်ချက်ကိုကျုပ်မသိဘူးမှတ်နေ လို့လား"

သမန်းကျားဂိုဏ်းချုပ်ကြီး လောက်လီကျန်း၏စကား. . ကြောင့် ကျစွန်းအန်း ပါးစပ်အဟောင်းသား မျက်လုံးအပြူးသား ဖြစ်သွားပါတော့၏။

"အခုအချိန်မှာ ခင်ဗျားအနေနဲ့ ရေခဲနှင်းပွင့်သိုင်းကွက်ကို အတွင်းအားဆယ်နှစ်စာ ့ အသုံးပြုတိုက်ခိုက်လို့ ပြီးတဲ့အတွက် ကျုပ်တို့နှစ်ယောက်ကိုတောင် ခင်ဗျားနိုင်အောင်တိုက်ခိုက်မဖို့လွယ်တော့ဘူး အဲဒီအကြောင်း ခင်ဗျားကောင်းကောင်း သိပါတယ်"

"ဟေ့. . . သမန်းကျ း မဟုတ်က. . . ဟုတ်ကစကားတွေနဲ့ငါ့ကိုလာမခြောက်နဲ့"

"ကျုပ်ပြောတဲ့စကားကို ခင်ဗျားမယုံဘူးလား မယုံဘူးဆိုထွက်ခဲ့လေ ကျုပ်တို့နှစ်ယောက်နဲ့တိုက်ခိုက်ကြတာပေါ့"

"တွေ့ကြသေးတာပေါ့ကွာ"

ကျစွန်းအန်းသည် အမျက်ဒေါသချောင်းချောင်းထွက်လာလာသဖြင့်ဝုန်းခနဲရှေ့ထွက်ပြီး လောက်လီကျန်းကိုလက်ဝါးတစ်ချက်ရိုက်သွင်းလိုက်လေသည်။

"ဝှီး"

"ဝှစ်"

"ဝုန်း"

ကျစွန်းအန်း၏လက်ဝါးရိုက်ကိုသမန်းကျားဂိုဏ်းချုပ်ကြီးလောက်လီချန်းက တိမ်းရှောင်လိုက်၏။

ထိုစဉ်

"ဝုန်း"

"ဖြောင်း"

စိန့်လန့်ဂိုဏ်းချုပ်ကြီး အရိုးလက်ဝါး ဝူကွမ်းယိကအပေါ်မှခုန်ပျံပြီးခေတ်သိုင်းဖြင့်ကျစွန်းအန်းလက်ကိုကန်သွင်းချလိုက်၏။

"အား"

ကျစွန်းအန်းမှာ တကယ်ပဲအတွင်းများကုန်ခန်းနေပြီဖြစ်သည်။

"ကဲဝူကွမ်းယိ ကျုပ်နဲ့ပူးပေါင်းမှာလား"

"လောက်လီကျန်းနဲ့ ကျုပ်ပူးပေါင်းပါ့မယ်"

ထို့နောက်. . .

ဝူကွမ်းယိ နှင့်လောက်လီကျန်း တို့နှစ်ယောက်သည် မိုးတိမ်နီဂိုဏ်းချုပ်ကြီး ကျစွန်းအန်း ကိုလိုက်လံတိုက်ခိုက်ကြ၏။

"ဝှစ်"

"ဝှစ်"







"ယား"

"ယိစ်"

"ဖြောင်း"

ဂိုဏ်းချုပ်ကြီးနှစ်ယောက်၏ ပူးပေါင်းသိုင်းကွက်အကွက်ငါးဆယ်တွင် မိုးတိမ်နီ ဂိုဏ်းချုပ်ကြီးကျစွန်အန်းမှာ မိုးကောင်းကင်ချောက်ကမ္ဘားကြီးအောက်သို့ ထိုးကျသွားလေတော့၏။

"ကျုပ်တို့နှစ်ယောက်ပဲကျန်တော့တယ်၊ကဲ သံသေတ္တာကိုသွားယူကြစို့"

ပြောပြောဆိုဆို နောက်ဘက်သို့လှည့်ကြည့်လိုက်သောအခါ. . .

"ဟာ. . ."

"ဟင်. . ."

ဝူကွမ်းယိနှင့် လောက်လီကျန်းတို့နှစ်ယောက်မှာ မယုံကြည်နိုင်လောက်သော မြင်ကွင်းကို မြင်နေရပြီ မဟုတ်ပါလား။

သူတို့ တွေ့လိုက်ရသည်မှာ. . .

အဘရွှေတောင်ရသေ့ကြီး ပိုင်ကွေ့ချမ်းနှင့်ချမ်းထိန်တို့သူစုကို တွေ့မြင်လိုက်ရသောကြောင့်ပင်။

"ရွှေတောင်ဝေ့ရသေ့ကြီးပါလား။"

"စိန့်လန့်ဂိုဏ်းချုပ်ကြီး အရိုးလက်ဝါး ဝူကွမ်းယိနှင့် သမန်းကျားဂိုဏ်းချုပ်ကြီး လောက်လီကျန်းတို့မှာ. . .

ရွှေတောင်ဝေ့ရသေ့ကြီးပိုင်ကွေ့ချမ်း ရှေ့သို့တစ်လှမ်းချင်းလျှောက်လာသည်ကိုကြည့်ပြီး အကြောက်ကြီး ကြောက်ကာနောက်သို့ဆုတ်သွားလေ၏။ နောက်တွင် မိုးကောင်းကင် ချောက်ကမ်းပါး

ကြီး ရှိနေသည်ကိုပင် သူတို့မေ့လျော့နေလေပြီ။

ထိုအခိုက်. . .

ရွှေတောင်ဝေးရသေ့ကြီးပိုင်ကွေ့ချမ်းက သံသေတ္တာကို မြှောက်၍. . .

"ကဲ. . . ရော့သံသေတ္တာနဲ့အတူ ပင်လယ်ကြီးထဲဆင်းကြပေတော့"

ဟုပြော၍ သံသေတ္တာကိုပစ်သွင်းလိုက်လေရကား အားလုံး လွှင့်စင်၍ ပင်လယ်ထဲသို့သက်ဆင်းသွားကြပါလေတော့သတည်း။

❑✣❑✣❑✣

ပြီးပါပြီ။

မောင်နှင်းဆွေ